ဟဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)
၏
ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန်

အစောင် ၁၄

အာယသ်တော် ၁၅း၂ မှ ၁၆း၁၂၈ အထိ

ပြန်ဆို ရေးသား တည်းဖြတ်သူ
မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

ခဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၁၄]

စူရာဟ်ဟစ်ဂျ်ရ်
ကျောက်ဆောင်ကဏ္ဍ

၁၅ း ၂ မှ ၁၅ း ၅ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂

၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂

၁၅ း ၆ မှ ၁၅ း ၈ အထိ

၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅

၁၅ း ၉

၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆

၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆

၆။ သမ္မတကြီးမအ်မူးန်၏ ဖြစ်ရပ်တစ်ခု ၆

၇။ အလ္လာဟ်အသျှင်မြတ်၏ ကုရ်အာန်ကျမ်းမြတ်ကို ထိန်းသိမ်းထားသော ကတိတော်တွင် ဟဒီးစ်တော်များကို ထိန်းသိမ်းခြင်းလည်း ပါဝင်ခြင်း ၉

၈။ တမန်တော်မြတ် ﷺ ၏ ဩဝါဒများကို ထိန်းသိမ်းစောင့်ရှောက်မှုကင်းမဲ့သည်ဟု ပြောဆိုသူသည် အမှန်စင်စစ် ကျမ်းမြတ်ကုရ်အာန်ကိုထိန်းသိမ်းမှုကင်းမဲ့သည်ဟု ပြောဆိုသကဲ့သို့ ဖြစ်ခြင်း ၁၀

၁၅ း ၁၀ မှ ၁၅ း ၁၅ အထိ

၉။ (ﺷﻴﻊ) အဘိဓါန်ရှင်းလင်းချက် ၁၂

၁၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၁၅ း ၁၆	
၁၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၃
၁၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၃
	၁၅ း ၁၇ မှ ၁၅ း ၁၈ အထိ	
၁၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၅
၁၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၅
၁၅။	အခြားပညတ်ချက်တစ်ခု	၁၆
	၁၅ း ၁၉ မှ ၁၅ း ၂၅ အထိ	
၁၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၀
၁၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၁
၁၈။	အသျှင်မြတ်၏ ဆင်ခြင်တုံတရားနှင့် ဘဝသက်တမ်း၏ လိုအပ်ချက်များအား သင့်လျော်မှန်ကန်စွာ စီမံတော်မူခြင်းအကြောင်း	၂၁
၁၉။	အဖန်ဆင်းခံများအားလုံးအတွက် သောက်သုံးရေ ရရှိရန်အလို့ငှာ ထူးခြားအံ့သြဖွယ်ရာကောင်းလှသော အသျှင်မြတ်၏ စီမံကိန်းကြီးအကြောင်း	၂၂
၂၀။	ကောင်းသောလုပ်ရပ်များတွင် ဦးဆောင်၍ လုပ်ဆောင်သူများနှင့်နောက်ဆိုင်း၍ လုပ်ဆောင်သူများတွင် အဆင့်အတန်းများ ကွာခြားသွားခြင်း	၂၆
	၁၅ း ၂၆ မှ ၁၅ း ၄၄ အထိ	
၂၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၀
၂၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၃
၂၃။	လူသား၏ ခန္ဓာကိုယ်တွင် ဝိညာဉ်သွတ်သွင်းခြင်းအကြောင်းနှင့် လူသားကို ကောင်းကင်တမန်များက ဦးချရခြင်းအကြောင်းနှင့် ပတ်သက်ပြီး လေ့လာဆန်းစစ်မှုတစ်ရပ်	၃၃
၂၄။	လူသားအား ‘စဂျ်ဒဟ်’ပြုရန် ကောင်းကင်တမန်များကို အမိန့်ပေးခဲ့သည်။ ထိုအမိန့်တွင် အီဗ်လီးစ်လည်း နောက်လိုက်အဖြစ်နှင့် ပါဝင်သတ်မှတ်ခြင်းခံရကြောင်း	၃၆

စဉ်	အကြောင်းအရာ	စာမျက်နှာ

၂၅။ 'အလ္လာဟ်အသျှင်မြတ်၏ သီးခြားဗန္ဒာဟ်များအပေါ် ရှိုက်သွာန်၏ ခြယ်လှယ်နိုင်စွမ်းမရှိ' ဟူသော အဓိပ္ပာယ် ၃၇

၂၆။ 'ဂျဟန္နမ်'၏တံခါး (၇) ပေါက်အကြောင်း ၃၇

၁၅ း ၄၅ မှ ၁၅ း ၅၀ အထိ

၂၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၉

၂၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၉

၁၅ း ၅၁ မှ ၁၅ း ၇၇ အထိ

၂၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၅

၃၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄၉

၃၁။ တမန်တော်မြတ် ﷺ အား သီးခြားဂုဏ်ပေးခံရခြင်းအကြောင်း ၄၉

၃၂။ အလ္လာဟ်အသျှင်မြတ်မှလွဲ၍ အခြားအရာများနှင့်ပတ်သက်ပြီး ကျိန်တွယ်ခြင်း... ၅၀

၃၃။ 'အဇာဗ်'ပြစ်ဒဏ်ကျရောက်ခဲ့သော မြို့ရွာများနှင့်ပတ်သက်ပြီး သံဝေဂရယူရမည့်အကြောင်း ၅၀

၁၅ း ၇၈ မှ ၁၅ း ၈၆ အထိ

၃၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၃

၃၅။ အဆ္ဟာဗေအိုင်ကာနှင့် အဆ္ဟာဗေဟိဂျ်ရ်တို့၏ ဖြစ်ရပ်အကြောင်း ၅၃

၃၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅၅

၁၅ း ၈၇ မှ ၁၅ း ၉၉ အထိ

၃၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၈

၃၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၀

၃၉။ စူရာဟ်ဖာသေဟာသည် ကျမ်းတော်မြတ်ကုရ်အာန်တစ်အုပ်လုံး၏အနှစ်ချုပ်စာမူဖြစ်ခြင်းအကြောင်း ၆၀

၄၀။ 'ကေယာမသ်'နေ့တွင် စစ်ဆေးမေးမြန်းခံရမည့် အကြောင်းအရာများ........ ၆၁

၄၁။ ပညတ်ချက်များကို ပို့ချမိန့်ကြားရာတွင် တတ်စွမ်းနိုင်သမျှသာ အဆင့်သတ်မှတ်ခြင်း........ ၆၁

၄၂။ ရန်သူများ၏ဘေးရန်ကြောင့် ဖြစ်ပေါ်သောစိတ်သောကအား ကုစားခြင်း ၆၂

စူရာဟ်နဟ်လ်
ပျားပိတုန်းကောင်ကဏ္ဍ

၁၆ း ၁ မှ ၁၆ း ၂ အထိ

၄၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၃
၄၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၄

၁၆ း ၃ မှ ၁၆ း ၈ အထိ

၄၅။ အဘိဓါန်ရှင်းလင်းချက် ၆၇
၄၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၇
၄၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၈
၄၈။ ကျမ်းတော်မြတ်ကုရ်အာန်တွင် ကား၊ ရထား၊ လေယာဉ် စသည့် အစီးအနင်း များနှင့်ပတ်သက်ပြီး ရည်ညွှန်းထားခြင်းအကြောင်း ၇၀

၁၆ း ၉

၄၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၇၃
၅၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၃

၁၆ း ၁၀ မှ ၁၆ း ၁၆ အထိ

၅၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၇၆
၅၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၇

၁၆ း ၁၇ မှ ၁၆ း ၂၃ အထိ

၅၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၃
၅၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၈၅

၁၆ း ၂၄ မှ ၁၆ း ၂၉ အထိ

၅၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၇
၅၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၉၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၁၆ း ၃၀ မှ ၁၆ း ၃၄ အထိ	
၅၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၉၂
	၁၆ း ၃၅ မှ ၁၆ း ၄၀ အထိ	
၅၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၉၅
၅၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၉၇
၆၀။	အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများတွင်လည်း အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်များ ပွင့်ပေါ်ခဲ့ပါသလော	၉၉
	၁၆ း ၄၁ မှ ၁၆ း ၄၂ အထိ	
၆၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၀၀
၆၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၀၁
၆၃။	ဟီဂျ်ရသ်ပြုခြင်းသည် ဒွနျယာလောကတွင် ချောင်လည်မှုရရှိရန် အကြောင်းခံဖြစ်နိုင်ပါသလော။	၁၀၁
၆၄။	မွေးရပ်ဌာနေကို စွန့်လွှတ်ခြင်းနှင့် ဟီဂျ်ရသ်၏ အမျိုးအစားများ၊ ၎င်းနောက်ပညတ်ချက်များ	၁၀၄
	၁၆ း ၄၃ မှ ၁၆ း ၄၄ အထိ	
၆၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၀၉
၆၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၁၀
၆၇။	'မုဂျ်သဟီဒ်'ပညာရှင်များ၏ နောက်လိုက်ခြင်းသည် 'မုဂျ်သဟီဒ်'မဟုတ်သူများအပေါ် ဝါဂျိဗ်တာဝန်ဖြစ်ခြင်း	၁၁၁
၆၈။	ကျမ်းမြတ်ကုရ်အာန်ကို နားလည်သဘောပေါက်ရန်အတွက်တမန်တော် ﷺ မြတ်၏ ဟဒီးစ်တော်များ လိုအပ်ခြင်းနှင့် ဟဒီးစ်တော်များကို ငြင်းဆန်ခြင်းသည် အမှန်စင်စစ် ကုရ်အာန်ကို ငြင်းဆန်ခြင်းဖြစ်ကြောင်း	၁၁၆
	၁၆ း ၄၅ မှ ၁၆ း ၄၇ အထိ	
၆၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၁၉
၇၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၂၀

စဉ်	အကြောင်းအရာ	စာမျက်နှာ

၇၁။ ကျမ်းမြတ်ကုရ်အာန်ကို နားလည်သဘောပေါက်ရန်အတွက် သာမန်အာရဗီစာပေ နားလည်ရုံမျှဖြင့် မလုံလောက်ခြင်းအကြောင်း ၁၂၁

၇၂။ အာရဗီဘာသာ ကဗျာစာပေများကို လေ့လာရန် အာရဗ်အမှောင်ခေတ်၏ ကဗျာများကို ဖတ်ပိုင်ခြင်းအကြောင်း၊ အကယ်၍ ထိုကဗျာများတွင် မဖွယ်ရာသည့် အကြောင်းအရာများ ပါရှိလျှင်လည်း ဖတ်ပိုင်သည့်အကြောင်း............ ၁၂၂

၇၃။ ဒွန္နယာလောက၏ 'အဓားဗ်'ပြစ်ဒဏ်သည်လည်း 'ရဟ်မသ်'ကရုဏာတော် တစ်ခုဖြစ်ခြင်း ၁၂၂

၁၆ း ၄၈ မှ ၁၆ း ၅၇ အထိ

၇၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂၅

၁၆ း ၅၈ မှ ၁၆ း ၆၀ အထိ

၇၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂၈

၇၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၂၈

၁၆ း ၆၁ မှ ၁၆ း ၆၅ အထိ

၇၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၁

၁၆ း ၆၆

၇၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၃

၇၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၃

၁၆ း ၆၇

၈၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၅

၈၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၅

၁၆ း ၆၈ မှ ၁၆ း ၆၉ အထိ

၈၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၇

၈၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၈

၈၄။ အကျိုးကျေးဇူး ၁၄၄

ခဉ်	အကြောင်းအရာ	စာမျက်နှာ

၁၆ း ၇၀

၈၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၇

၈၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄၇

၁၆ း ၇၁

၈၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၀

၈၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၁

၈၉။ ဘဝသက်တမ်းရှင်သန် ရပ်တည်မှုတွင် အဆင့်အတန်းများ ခွဲခြားထားခြင်းသည် လူသားတို့အတွက် 'ရဟ်မသ်'တစ်ခု ဖြစ်ခြင်း ၁၅၃

၉၀။ ဥစ္စာဓနကို တစ်နေရာတည်းတွင် စုစည်းထိန်းချုပ်ခြင်းကို ဆန့်ကျင်သော ကုရ်အာန်၏ ပညတ်ချက်များ ၁၅၃

၁၆ း ၇၂ မှ ၁၆ း ၇၆ အထိ

၉၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၈

၉၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၆၁

၁၆ း ၇၇ မှ ၁၆ း ၈၃ အထိ

၉၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၅

၉၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၆၈

၉၅။ နေအိမ်တည်ဆောက်ရသည့် အဓိကရည်ရွယ်ချက်မှာ ကိုယ်စိတ်နှလုံး အေးချမ်း သာယာစေရန်ဖြစ်ခြင်း ၁၇၀

၁၆ း ၈၄ မှ ၁၆ း ၈၉ အထိ

၉၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၄

၉၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၅

၁၆ း ၉၀

၉၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၆

၉၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၇

၁၀၀။ ပညတ်ချက်သုံးမျိုးနှင့် တားမြစ်ချက်သုံးမျိုး ၁၇၉

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၁၆ း ၉၁ မှ ၁၆ း ၉၁ အထိ	
၁၀၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၈၅
၁၀၂။	ကတိတည်ရန် မိန့်ဆိုခြင်းနှင့် ကတိချိုးဖောက်ခြင်းကို ရှုံ့ချခြင်း	၁၈၅
၁၀၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၈၈
၁၀၄။	ကတိချိုးဖောက်ခြင်းသည် 'ဟရာမ်'ဖြစ်ခြင်းအကြောင်း	၁၈၈
၁၀၅။	တစ်ဦးတစ်ယောက်အား လှည့်စားဖြားယောင်းရန် 'ကစမ်'ကျိန်တွယ်ခြင်းသည် အိမာန်ရုပ်သိမ်းခံရမည့် အန္တရာယ်ရှိသည့်အကြောင်း	၁၉၀
၁၀၆။	လာဘ်ပေးလာဘ်ယူခြင်းသည် ပြင်းထန်သော 'ဟရာမ်'လုပ်ရပ်နှင့် အလ္လာဟ် အသျှင်မြတ်၏ ကတိတော်ကို ချိုးဖောက်ခြင်းအကြောင်း	၁၉၀
၁၀၇။	လာဘ်ပေးလာဘ်ယူခြင်း၏ ပြည့်စုံသော ဖွင့်ဆိုချက်အကြောင်း	၁၉၁
၁၀၈။	ဒုန္နယာလောက၏ သုခနှင့် ဒုက္ခ၊ မိတ်ဖွဲ့ခြင်းနှင့် ရန်မူခြင်း စသည်တို့သည် ပျက်သုန်းသွားမည်ဖြစ်ပြီး ယင်းတို့၏ အကျိုးရလဒ်များသည် အလ္လာဟ်အသျှင် မြတ်၏ထံတော်ပါးတွင် အမြဲတမ်းတည်ရှိနေမည့် အရာများဖြစ်ခြင်း	၁၉၂
	၁၆ း ၉၇	
၁၀၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၉၃
၁၁၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ حيا ت طيبه ဟူသည်မှာ အဘယ်နည်း	၁၉၃
	၁၆ း ၉၈ မှ ၁၆ း ၁၀၀ အထိ	
၁၁၁။	အာယသ်တော်များ၏ ဆက်စပ်မှု	၁၉၅
၁၁၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၉၆
၁၁၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၉၆
၁၁၄။	အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် အားထားခြင်း သည် ရှိုက်သွာန်၏ လွှမ်းမိုးခံရခြင်းမှ ကင်းဝေးစေမည့်အကြောင်း	၁၉၈
	၁၆ း ၁၀၁ မှ ၁၆ း ၁၀၅ အထိ	
၁၁၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၀၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၁၆။	အာယသ်တော်များ၏ ဆက်စပ်မှု	၂၀၀
၁၁၇။	'နဗူဝသ်'နှင့် ပတ်သက်ပြီး ကာဖိရ်များ၏ ဒွိဟသံသယများအပေါ် အသိပေး ဖြေကြားထားခြင်း	၂၀၀
	၁၆ း ၁၀၆ မှ ၁၆ း ၁၀၉ အထိ	
၁၁၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၀၄
၁၁၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၀၅
၁၂၀။	اكراه ရှင်းလင်းဖွင့်ဆိုချက်နှင့် ခြိမ်းခြောက်မှုအကြောင်း	၂၀၆
	၁၆ း ၁၁၀ မှ ၁၆ း ၁၁၃ အထိ	
၁၂၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၁၀
၁၂၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၁၂
	၁၆ း ၁၁၄ မှ ၁၆ း ၁၁၉ အထိ	
၁၂၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၁၄
၁၂၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	
၁၂၅။	တင်ပြပါအကြောင်းအရာများတွင် သတ်မှတ်ချက်သည် 'အိဇာဗီသာ' ဖြစ်၍ 'ဟကီကီ' မဟုတ်ခြင်း	၂၁၆
၁၂၆။	နားမလည်၍ပြုသော အကုသိုလ်ဖြစ်စေ၊ သို့မဟုတ် သိရှိနားလည်၍ ပြုသော အကုသိုလ်ဖြစ်စေ 'သောင်ဗာဟ်'ပြုခြင်းဖြင့် အကုသိုလ်များ ပလပ်မည်ဟူသည် မှာ ကန့်သတ်ချက်မရှိခြင်း	၂၁၇
	၁၆ း ၁၂၀ မှ ၁၆ း ၁၂၄ အထိ	
၁၂၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၁၈
၁၂၈။	အာယသ်တော်၏ ဆက်စပ်မှု	၂၁၈
၁၂၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၂၁
၁၃၀။	တမန်တော်မြတ် ﷺ အား တမန်တော်အိဗ်ရာဟီးမ် عليه السلام ၏ လမ်းစဉ်အပေါ် လိုက်နာကျင့်သုံးရန် အမိန့်ချမှတ်ခြင်း	၂၂၂
	၁၆ း ၁၂၅ မှ ၁၆ း ၁၂၈ အထိ	
၁၃၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၂၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၃၂။	အာယသ်တော်များ၏ ဆက်စပ်မှု	၂၂၃
၁၃၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၂၅
၁၃၄။	'ဒါအ်ဝသ်သဗ်လီးက်' ၏ စည်းမျဉ်းစည်းကမ်းများနှင့် ပြည့်ဝသော လမ်းညွှန်မှုများအကြောင်း	၂၂၅
၁၃၅။	'ဒါအ်ဝသ်' ၏ စည်းမျဉ်းစည်းကမ်းများအကြောင်း	၂၂၈
၁၃၆။	'ဒါအ်ဝသ်အေလလ္လာဟ်' နှင့်ပတ်သက်၍ တမန်တော်များ၏လမ်းစဉ်	၂၃၀
၁၃၇။	မျက်မှောက်ခေတ် 'မုဂျာဒလာ' ပြုခြင်း၏ သာသနာဆိုးကျိုးများနှင့် လောကီဆိုးကျိုးများအကြောင်း	၂၄၀
၁၃၈။	အမှန်တရားကို ဖိတ်ခေါ်သူသည် တစ်ဦးတစ်ယောက်က ဒုက္ခပေးလာပါက လက်စားချေပိုင်ခွင့်ရှိသော်လည်း သည်းခံခြင်းသည် သာ၍မွန်မြတ်ခြင်း	၂၄၄
၁၃၉။	အထက်ပါအာယသ်တော်များ ကျရောက်လာခြင်းအကြောင်းအရင်းနှင့် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာကြီးများဘက်မှ အမိန့်တော်များကို လိုက်နာကျင့်သုံးခြင်းအကြောင်း	၂၄၅

ပါရာ [၁၄]

စူရာဟ်ဟာဇ်ဂျ်ရ်

ကျောက်ဆောင်ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ သျှာထာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

رُبَمَا يَوَدُّ الَّذِيۡنَ كَفَرُوۡا لَوۡ كَانُوۡا مُسۡلِمِيۡنَ ۝٢

၁၅ : ၂ ။ ။ (အစ္စလာမ်သာသနာတော်၏ ဖိတ်ခေါ်ချက်ကို) လက်မခံ သွေဖည်ငြင်းပယ်ကြကုန်သော ကာဖိရ်တို့သည် 'အကယ်၍သာ ၎င်းတို့သည် မွတ်စ္စလင်မ်များ ဖြစ်ခဲ့ကြပါလျှင် ကောင်းလေစွတကား' ဟု အကြိမ်ကြိမ်အဖန်ဖန် အာသာဆန္ဒ ထားရှိကြပေလိမ့်မည်။

ذَرۡهُمۡ يَاۡكُلُوۡا وَيَتَمَتَّعُوۡا وَيُلۡهِهِمُ الۡاَمَلُ فَسَوۡفَ يَعۡلَمُوۡنَ ۝٣

၁၅ : ၃ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ၎င်း (ကာဖိရ်) တို့အား (လက်ရှိအခြေအနေအတိုင်း) စား၍ (သောက်နေထိုင်) ကြရန်လည်းကောင်း၊ (လောကီစည်းစိမ်များ၌ နစ်မွန်း၍) အကျိုးခံစားလျက် ရှိကြရန်လည်းကောင်း၊ ၎င်းတို့၏ မျှော်လင့်ချက်သည် ၎င်းတို့အား အာရုံလွှဲပြောင်း၍ ထားရှိရန်လည်းကောင်း စွန့်လွှတ်၍ ထားပါလေ။ မကြာမီပင် ၎င်းတို့သည် (မိမိတို့၏ သွေဖည်ငြင်းပယ်မှု၏ အကျိုးကို) သိရှိကြပေမည်။

وَمَاۤ اَهۡلَكۡنَا مِنۡ قَرۡيَةٍ اِلَّا وَلَهَا كِتَابٌ مَّعۡلُوۡمٌ ۝٤

၁၅ : ၄ ။ ။ စင်စစ် ငါအသျှင်မြတ်သည် မည်သည့်မြို့ရွာကိုမျှ ၎င်းမြို့ရွာနှင့် စပ်လျဉ်း၍ သတ်မှတ်ပြဋ္ဌာန်းထားပြီး အပ်သော အချိန်ကာလ (ဆိုက်ရောက်ခြင်း) မရှိဘဲ ဖျက်ဆီးတော်မူခဲ့သည် မဟုတ်ပေ။

مَا تَسْبِقُ مِنْ أُمَّةٍ أَجَلَهَا وَمَا يَسْتَأْخِرُونَ ۝٥

၁၅ : ၅ ။ ။ မည်သည့်လူမျိုးမျှပင် မိမိတို့အဖို့ (သတ်မှတ်ထားပြီးဖြစ်သော) အချိန်ကာလထက် (စော၍) သွားနိုင်ကြမည်လည်း မဟုတ်ပေ။ (ယင်းသတ်မှတ်ထားပြီးဖြစ်သော အချိန်ကာလထက်) နောက်ချန်၍လည်း နေနိုင်ကြမည်မဟုတ်ချေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ رُبَمَا يَوَدُّ 'ကေယာမသ်' နေ့တွင် 'ဟရှရ်' ကွင်းပြင်၌ စာရင်းအင်းစစ်ဆေး၍ ကာဖိရ်များကို အမျိုးမျိုးအဖုံဖုံသော 'အဇားဗ်' ပြစ်ဒဏ်များ ကျရောက်သောအခါ) ကာဖိရ်များသည် အကယ်၍ (ငါတို့သည် ဒွန္နယာလောကတွင်) မွတ်စ္စလင်မ်ဖြစ်ခဲ့ကြလျှင် ကောင်းလေစွဟု အကြိမ်ကြိမ် မျှော်လင့်ကြပေလိမ့်မည်။ (အကြိမ်ကြိမ် မျှော်လင့်ရခြင်း၏ အကြောင်းမှာ ပြစ်ဒဏ်များ၏ ကြမ်းတမ်းမှုနှင့် ဒုက္ခများကို ကြုံတွေ့ရသည့်အတွက်ကြောင့် ဖြစ်သည်။ အစ္စလာမ်ကို လက်မခံခဲ့သည့်အတွက် ၎င်းတို့၏ ကြေကွဲမှုသည် အကြိမ်ကြိမ်အခါခါ ခံစားနေရခြင်း ဖြစ်သည်။) အသင်တမန်တော်သည် (လောကတွင် ထိုသူများ ငြင်းဆန်မှုကြောင့် သောကမဖြစ်လေနှင့်။ ၎င်းနောက်) ထိုသူများကို သူတို့၏ အခြေအနေအတိုင်းပင် ရှိစေလော့။ ထိုသူတို့ ကောင်းမွန်စွာ စားသောက်နေကြပါစေ၊ ၎င်းနောက် စည်းစိမ်ယစ်မူးနေကြပါစေ၊ ၎င်းတို့သည် (သေဆုံးသည်နှင့် တစ်ပြိုင်နက်) အမှန်တရားကို သိရှိသွားပေလိမ့်မည်။ (၎င်းနောက် ဒွန္နယာလောကတွင် ၎င်းတို့၏ ဖီဆန်မှုနှင့် ဆိုးသွမ်းမှုများ၏ ပြစ်ဒဏ် ချက်ချင်းလက်ငင်း ခံစားရမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ပြစ်ဒဏ်ပေးမည့် အချိန်ကာလကို သတ်မှတ်ထားတော်မူပြီးဖြစ်သည်။ ထိုအချိန်ကာလသည် မရောက်ရှိလာသေးပေ။) ၎င်းနောက် ငါအသျှင်မြတ်သည် (ဖီဆန်မှုကြောင့်) ဖျက်ဆီးပစ်ခဲ့သော မြို့ရွာများအားလုံးနှင့် ပတ်သက်ပြီး အချိန်ကာလတစ်ခု သတ်မှတ်တော်မူခဲ့သည်။ ၎င်းနောက် (ငါအသျှင်မြတ်၏ ဓလေ့တော်မှာ) မည်သည့်အုပ်စုမဆို သတ်မှတ်ထားသော အချိန်ကာလထက် စော၍သော်လည်းကောင်း၊ နောက်ကျ၍သော်လည်းကောင်း ပျက်စီးဆုံးရှုံးလေ့ မရှိ။ (သို့သာမက အသျှင်မြတ် သတ်မှတ်ထားတော်မူသော အချိန်နှင့်အညီသာ ပျက်စီးဆုံးရှုံးလေ့ရှိသည်။ ထို့နည်းတူစွာ ၎င်းကာဖိရ်များသည်လည်း သတ်မှတ်ထားသောအချိန် ကျရောက်လာလျှင် ပြစ်ဒဏ်ပေးခြင်း ခံရမည် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ذَرْهُمْ يَأْكُلُوا — الخ

ဤအာယသ်တော်ဖြင့် သိရှိရသည်မှာ စားခြင်း၊ သောက်ခြင်းကို မိမိတို့၏ အဓိကရည်ရွယ်ချက်ဟူ၍ သတ်မှတ်ခြင်း၊ ၎င်းနောက် လောက၏ စည်းစိမ်များတွင် ယစ်မူးလျက် သေခြင်းတရားကို မေ့လျော့

နေခြင်း၊ ရှည်လျားသော စီမံကိန်းကြီးများတွင် မွေ့လျော်နေခြင်းသည် ကာဖိရ်များ၏ လုပ်ရပ်သာလျှင် ဖြစ်နိုင်သည်။ ၎င်းတို့သည် တမလွန်၏ စာရင်းအင်းစစ်ဆေးမှု၊ ကောင်းကျိုး၊ ဆိုးကျိုးများ ခံစား၊ စံစားရမည့် အကြောင်းကို အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိကြချေ။ အီမာန်ရှင်များသည်လည်း စားခြင်း၊ သောက်ခြင်း ပြုကြသည်။ လိုအပ်သည့် အတိုင်းအတာမျှ ရိဇ္ဇာကိုလည်း ရှာဖွေကြသည်။ မိမိဘဝ အနာဂတ်အတွက် စီမံကိန်းများလည်း ဆွဲကြသည်။ သို့သော် သေခြင်းတရားနှင့် တမလွန်လောကကို လျစ်လျူရှုပြီး အထက်ပါ ကိစ္စများကို ဆောင်ရွက်လေ့ မရှိကြချေ။ ထို့ကြောင့် မိမိတို့၏ လုပ်ငန်းဆောင်တာတိုင်းတွင် 'ဟလာလ်' နှင့် 'ဟရာမ်'ကို အလေးထား ဆောင်ရွက်တတ်ကြသည်။ အကျိုးမရှိသော စီမံကိန်းကြီးများဆွဲရင်း နစ်မွန်း နေလေ့ မရှိကြချေ။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ လေးခုသော အရာသည် မိုက်မဲသော၊ နဖူးစာ မဲ့သော နိမိတ်လက္ခဏာများ ဖြစ်ကြသည်။ ၎င်းတို့မှာ-

- ⓵ မျက်ဝန်းများထဲမှ မျက်ရည်များ ယိုစီးမှုမရှိခြင်း (ဆိုလိုသည်မှာ မိမိတို့၏ အကုသိုလ် များအား မေ့လျော့မှုများကြောင့် အရှက်ရပြီး ငိုကြွေးမှုမပြုခြင်း)၊
- ⓶ စိတ်နှလုံးမာကျောခြင်း၊
- ⓷ ရှည်လျားသော မျှော်လင့်ချက်များ ထားခြင်း၊
- ⓸ ဒွန္နယာလောက၏ ရမ္မက်ထားခြင်း စသည်တို့ ဖြစ်သည်။ *[ကုရ်သုဗီးကျမ်း]*

ရှည်လျားသော မျှော်လင့်ချက်များဆိုသည်မှာ ဒွန္နယာလောကကို စွဲမက်မှုနှင့် လောဘရမ္မက်တွင် နစ်မွန်းနေခြင်း၊ ၎င်းနောက် သေခြင်းတရား၊ တမလွန်တို့နှင့်ပတ်သက်ပြီး သောကကင်းမဲ့စွာဖြင့် ရှည်လျား ကြီးမားသော စီမံကိန်းကြီးများ ရေးဆွဲနေခြင်းကို ဆိုလိုပါသည်။ သို့သော် သာသနာအတွက် အကျိုးရှိ မည့် စီမံကိန်းများ ဆွဲခြင်း၊ (သို့) အမျိုးသားရေးနှင့် အမိနိုင်ငံအတွက် အကျိုးရှိသော လုပ်ရပ်စီမံကိန်း များသည် အဆိုပါအချက်ထဲတွင် မပါဝင်ပေ။ အဘယ်ကြောင့်ဆိုသော် သာသနာရေးနှင့် အမျိုးသားရေး အတွက် ကြိုးပမ်းမှုများသည် နောင်တမလွန်နှင့် ပတ်သက်ပြီး သောကထား၍ ကြိုးပမ်းသော ကြိုးပမ်းမှု ပင်ဖြစ်သည်။ ၎င်းနောက် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ ဤအုမ္မသ်၏ အစပထမအုပ်စုသည် ပြည့်ဝသော အီမာန်နှင့် ဒွန္နယာလောကကို မခုံမင်သောကြောင့် အောင်မြင်မှုရရှိကြလိမ့်မည်။ ၎င်းနောက် ဤအုမ္မသ်၏ နောက်ဆုံးအုပ်စုသည် စေးနဲတွန့်တိုခြင်းကြောင့်လည်းကောင်း၊ ရှည်လျားသော မျှော်လင့်ချက် များ ထားရှိခြင်းကြောင့်သော်လည်းကောင်း ပျက်စီးကြလိမ့်မည်။

ဟဇရသ်အဗူဒရ်ဒါ ؓ သခင်က ဆင့်ပြန်ခဲ့သည်မှာ ၎င်းသည် 'ဒိမရှ်က်'မြို့ရှိ 'ဂျာမေ့မတ်စ်ဂျစ်ဒ်' ဝတ်ကျောင်းဆောင်၏ 'မင်န်ဗရ်'ပေါ်တွင် မတ်တတ်ရပ်၍ မိန့်ဆိုခဲ့လေသည်။ 'အို၊ ဒိမရှ်က်မြို့သူ၊ မြို့သား အပေါင်းတို့၊ အသင်တို့သည် မိမိတို့၏ ကောင်းကျိုးကို လိုလားသူ ညီနောင်တစ်ဦး၏ စကားကို နားထောင် လိုပါက နားထောင်လော့။ အသင်တို့အလျှင် မြောက်မြားစွာသော အဆင့်အတန်းမြင့်မားသောသူများ ဤလောကမှ စွန့်ခွာသွားခဲ့ကြလေပြီ။ ၎င်းတို့သည် မြောက်မြားစွာသော ဥစ္စာပစ္စည်းများကို စုဆောင်းခဲ့

ကြသည်။ ၎င်းနောက် ခံ့ညားထည်ဝါသော အဆောက်အအုံကြီးများကိုလည်း တည်ဆောက်ခဲ့ကြလေသည်။ ၎င်းနောက် ရှည်လျားလှသော စီမံကိန်းကြီးများကိုလည်း ဆွဲခဲ့ကြလေသည်။ သို့သော် ထိုသူတို့သည် ယနေ့ ပျက်စီးဆုံးရှုံးကုန်ကြပြီ။ သူတို့၏ အဆောက်အအုံများသည် သူတို့၏ 'ကဗရ်'သင်္ချိုင်းများ ဖြစ်သွားလေသည်။ ထိုသူတို့၏ ရှည်လျားလှသော မျှော်လင့်ချက်များသည်လည်း လှည့်စားဖြားယောင်းမှုသက်သက်သာ ဖြစ်ကြောင်း သိရှိရလေသည်။ (ကောင်မေ့အားဒ်) အားဒ်မျိုးနွယ်ဝင်များသည် အသင်တို့၏ အနီးအနားတွင် နေထိုင်ခဲ့ကြသည်။ ထိုသူတို့သည် မိမိတို့၏ လူအင်အားဖြင့်၊ ၎င်းနောက် အလုံးစုံသော ဥစ္စာဓနအင်အားဖြင့်၊ ၎င်းနောက် လက်နက်ခဲယမ်းမျိုးစုံဖြင့်၊ မြင်းများဖြင့် နိုင်ငံ့အဝှမ်း အင်အားဖြည့်စေခဲ့သည်။ သို့သော် ယနေ့ ထိုသူတို့၏ အင်အားဟူသမျှထဲမှ ကျန်ရှိပစ္စည်းများကို ငွေဒင်္ဂါးနှစ်ပြားခန့်ဖြင့် ကျွန်ုပ်ထံမှ ဝယ်ယူလို သူတစ်ဦးတစ်ယောက်ခန့်မျှ ရှိပါ၏လော။

ဟဇရတ်ဟစန်ဗစ္စရီ (ရဟ) သခင်မှ မိန့်တော်မူသည်မှာ အကြင်သူသည် မိမိဘဝသက်တမ်း၌ ရှည်လျားသော မျှော်လင့်ချက်များထားပါက ထိုသူ၏ 'အမလ်'ကျင့်ကြံမှုများသည် မုချဧကန် ပျက်စီးသွားပေလိမ့်မည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَقَالُوا يَا أَيُّهَا الَّذِي نُزِّلَ عَلَيْهِ الذِّكْرُ إِنَّكَ لَمَجْنُونٌ ⑥

၁၅ : ၆ ။　　။ ထို့ပြင် (အို, နဗီတမန်တော်) ၎င်း (ကာဖိရ်) တို့က (အသင့်အား) 'အို, ဆုံးမသြဝါဒ (ကုရ်အာန်ကျမ်းတော်မြတ်) ချပေးသနားတော်မူခြင်း ခံရသောသူ၊ ဧကန်စင်စစ် အသင်သည် အမှန်ပင် စိတ်ဖောက်ပြန်သူပင် ဖြစ်သည်'ဟု ပြောဆိုခဲ့ကြလေသည်။

لَوْ مَا تَأْتِينَا بِالْمَلَائِكَةِ إِنْ كُنْتَ مِنَ الصَّادِقِينَ ⑦

၁၅ : ၇ ။　　။ 'အကယ်၍ အသင်သည် သစ္စာဝါဒီ မှန်ကန်စွာ ပြောဆိုသူဖြစ်ခဲ့ပါလျှင် အဘယ်ကြောင့် အသင်သည် 'မလာအေကာဟ်' ကောင်းကင်တမန်များအား ကျွန်ုပ်တို့ထံ ခေါ်ဆောင်လာခြင်း မပြုပါသနည်း' (ဟု ပြောဆိုကြကုန်၏။)

مَا نُنَزِّلُ الْمَلَائِكَةَ إِلَّا بِالْحَقِّ وَمَا كَانُوا إِذًا مُنْظَرِينَ ⑧

၁၅ : ၈ ။　　။ (စင်စစ်) ငါအသျှင်မြတ်သည် တိကျမှန်ကန်သော စီရင်ဆုံးဖြတ်ချက်မရှိဘဲလျက် ကောင်းကင်တမန်များကို ချပေးတော်မူသည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ထို (ကောင်းကင်တမန် ဆင်းသက်ကြသော) အခါ ရွှေ့ဆိုင်းခွင့်ပေးသနားတော်မူခြင်းကို ခံရသူများလည်း ဖြစ်ကြမည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

إِلَّا بِالْحَقِّ တွင်ရှိ حق ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ 'အရှင်အား' ပြစ်ဒဏ်၏ ဆုံးဖြတ်ချက်ချခြင်း ဖြစ်သည်။ အချို့သော သဖ်စီးရ်ပညာရှင်များက حق ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ကုရ်အာန် (သို့) 'ရောက်လာသည့်' ရေအဓမ်နဖြစ်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဗယာန်နလ်ကုရ်အာန်ကျမ်းတွင် ပထမအဓိပ္ပာယ်သာလျှင် တိကျခိုင်မာကြောင်း ရေးသားထားသည်။ ထိုအဓိပ္ပာယ်ကို ဆင့်ပြန်သူမှာ ဟာဖိရသ် ဟစန်ဗစ္စရီ (ရဟ) သခင်ဖြစ်သည်။ အထက်ပါအာယသ်တော်များ၏ သဖ်စီးရ်ဖွင့်ဆိုချက်မှာ ဤအတိုင်းဖြစ်သည်။) ၎င်းနောက် မက္ကာဟ်မြို့နေ ကာဖိရ်များက (ထမန်တော်မြတ် ﷺ အား) ပြောဆိုသည်မှာ 'အို ကုရ်အာန်ကျမ်းမြတ် ချပေးခြင်းခံရသူ၊ (ကုရ်အာန်ကျမ်းတော်မြတ် ချပေးခြင်းခံရသည်ဟူသော စကားကိုလည်း အခွင့်မိုဟမ္မဒ်ကိုယ်တိုင် ကြွေးကြော်ခဲ့သည်။) အသင်သည် ('နအူဇုဗိလ္လာဟ်' ရူးသွပ်နေပါသလော။ မိမိနဗီဖြစ်ခြင်းကို မှားယွင်းစွာ အသင် ကြွေးကြော်ခဲ့သည်။ သို့မဟုတ်လျှင်) အကယ်၍ အသင်သည် (မိမိ၏ ကြွေးကြော်မှုတွင် မှန်ကန်ပါက ကျွန်ုပ်တို့ထံသို့ 'မလာအိကာဟ်' ကောင်းကင်တမန်များကို အဘယ့်ကြောင့် မခေါ်ဆောင်လာသနည်း။ ယင်းဖရစ်ရှိသာတ်များသည် ကျွန်ုပ်တို့၏ ရှေ့မှောက်တွင် အသင်မှန်ကန်ကြောင်း သက်သေထွက်ဆိုပေလိမ့်မည်။ အသျှင်မြတ် မိန့်တော်မူသည့်အတိုင်း

لَوْلَا أُنْزِلَ إِلَيْهِ مَلَكٌ فَيَكُونَ مَعَهُ نَذِيرًا

အလ္လာဟ်အသျှင်မြတ်က ဖြေကြားတော်မူသည်မှာ) ငါအသျှင်မြတ်သည် ကောင်းထင်တမန်များကို (ထိုသူတို့ တောင်းဆိုထားသည့် ပုံစံအတိုင်း) စီရင်ချက် ချတော်မူရန်အတွက်သာလျှင် စေလွှတ်တော်မူလေ့ရှိသည်။ ၎င်းနောက် (အကယ်၍ ဤအတိုင်းသာ ဖြစ်ခဲ့ပါမူ) ထိုအချိန်တွင် ဆိုင်းငံ့မှုပင် ပေးခြင်းခံရမည် မဟုတ်ပေ။ (ကောင်းကင်တမန်များ ကြွမြန်းလာသည့်အချိန်တိုင်း ၎င်းတို့သည် အီမာန်သက်ဝင်ယုံကြည်မှု မပြုခဲ့ပါမူ (ယင်းသည်လည်း ၎င်းတို့၏ အခြေအနေများအရ အတိအကျ သိရှိနိုင်သည်။) ချက်ချင်းလက်ငင်း ဖျက်ဆီးခြင်းခံရပေမည်။ စူရာဟ်အန်အာမ်၏ ပထမရုကူအ် နောက်ဆုံးအာယသ်တော်များတွင် ဤအကြောင်းအရာကို ဖော်ပြခဲ့ပြီးဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّا نَحْنُ نَزَّلْنَا الذِّكْرَ وَإِنَّا لَهُ لَحَافِظُونَ ⑨

၁၅ း ၉ ။ ကေန်စင်စစ် ငါအသျှင်မြတ်သည်ပင်လျှင် (ဤ) ဆုံးမသြဝါဒ (တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်) ကို ချပေးသနားတော်မူခဲ့လေသည်။ ထို့ပြင် ကေန်မလွဲ ငါအသျှင်မြတ်သည်ပင်လျှင် ယင်းဆုံးမသြဝါဒကို ထိန်းသိမ်းစောင့်ရှောက်တော်မူမည့် အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် ကျမ်းတော်မြတ်ကုရ်အာန် ချပေးသနားတော်မူခဲ့သည်။ ၄င်းနောက် (ဤသည်လည်း အထောက်အထားမဲ့သော စကားမဟုတ်။ ကျမ်းတော်မြတ်ကုရ်အာန်၌ 'မုအ်ဂျေဇာဟ်' တစ်ရပ်အဖြစ်တည်ရှိနေခြင်းပင်လျှင် ကောင်းကင်ကျကျမ်းဖြစ်ကြောင်း အထောက်အထားတစ်ရပ်ဖြစ်သည်။ ၄င်းနောက်ကျမ်းတော်မြတ်ကုရ်အာန်သည် 'မုအ်ဂျေဇာဟ်' တစ်ရပ်ဖြစ်ကြောင်းကို အခြားစူရာဟ်များတွင် ဤကဲ့သို့တင်ပြထားသည်။ 'မည်သူတစ်ဦးတစ်ယောက်မျှ ကျမ်းမြတ်ကုရ်အာန်၏ စူရာဟ်တစ်ပုဒ်ကဲ့သို့ ရေးသားသီကုံးနိုင်စွမ်း မရှိကြချေ။' ၄င်းနောက် ဒုတိယ 'မုအ်ဂျေဇာဟ်'မှာ) ငါအသျှင်မြတ်သည် (ကျမ်းမြတ်ကုရ်အာန်)ကို ထိန်းသိမ်းစောင့်ရှောက်တော်မူမည်။ (မည်သူတစ်ဦးတစ်ယောက်မျှ ထိုကျမ်းမြတ်တွင် လိုတိုးပိုလျှော့ပြုလုပ်၍ မရ။ အခြားကောင်းကင်ကျကျမ်းများတွင်မူ ယင်းကဲ့သို့ ဖြစ်ခဲ့သည်။ ဤသည်ပင်လျှင် ကျမ်းမြတ်ကုရ်အာန်၏ ထင်ရှားသော 'မုအ်ဂျေဇာဟ်'တစ်ရပ် ဖြစ်သည်။ ယင်းကို ပညာရှိသူ၊ မရှိသူအားလုံး နားလည်သဘောပေါက်နိုင်သည်။ ပထမ 'မုအ်ဂျေဇာဟ်'မှာ ကျမ်းမြတ်ကုရ်အာန်၏ စကားနှင့် အဓိပ္ပာယ်များ၏နက်နဲသိမ်မွေ့မှု၊ ကာရံကိုက်ညီမှုတို့ကို မည်သူတစ်ဦးတစ်ယောက်မျှ ယှဉ်ပြိုင်နိုင်စွမ်း မရှိကြချေ။ ယင်းအချက်ကို ပညာရှိများသာလျှင် နားလည်သဘောပေါက်နိုင်သည်။ သို့သော် ၄င်းကျမ်းမြတ်တွင် စိုးစဉ်းမျှလိုတိုးပိုလျှော့ မရှိခြင်းကိုမူ 'ဂျာဟိလ်'ပညာမဲ့တစ်ယောက်ပင်လျှင် တွေ့မြင်သိရှိနိုင်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

သမ္မတကြီးမအ်မူးန်၏ ဖြစ်ရပ်တစ်ခု

အေမာမ်ကုရ်သူဗီ (ရဟ) သခင်သည် တိကျခိုင်လုံသော အထောက်အထားများနှင့် သမ္မတကြီးမအ်မူးန်၏ ဖြစ်စဉ်တစ်ရပ်ကို ဆင့်ပြန်ခဲ့သည်။ ယင်းသမ္မတကြီး၏ ဓလေ့တစ်ခုမှာ တစ်ခါတစ်ရံ သူ၏အခမ်းအနားတွင် သာသနာ့ပညာ ပညတ်ချက်များနှင့် ပတ်သက်သော အမေးအဖြေ ပြုလုပ်ခြင်း၊ အငြင်းအခုံပြုလုပ်ခြင်း၊ ဆွေးနွေးတင်ပြခြင်း ကိစ္စရပ်များ ပြုလုပ်လေ့ရှိသည်။ ထိုအခမ်းအနားတွင် ပညာရှင်တိုင်းပါဝင်ခွင့်ရှိသည်။ တစ်နေ့ ထိုအခမ်းအနားတွင် ယဟူဒီပညာရှင်တစ်ဦးလည်း ရောက်ရှိလာခဲ့သည်။ ၄င်းယဟူဒီ၏ ရုပ်ဆင်းအင်္ဂါ ဝတ်စားဆင်ယင်မှုများမှာ အတော်ပင် ထူးခြားကြောင်း တွေ့မြင်ရပေသည်။ ဆွေးနွေးပွဲစတင်သောအခါ ယင်းယဟူဒီသည်လည်း အလွန်ပင် ယဉ်ကျေးသိမ်မွေ့လှပြီး ပညာသားပါသော စကားရပ်များကို ပြောဆိုလေသည်။ အခမ်းအနားပြီးဆုံးသောအခါဝယ် သမ္မတကြီး မအ်မူးန်သည် ၄င်းကိုခေါ်ယူမေးမြန်းလေသည်။ 'အသင်သည် အိစ်ရာအီလ်မျိုးနွယ်ဝင် ဖြစ်ပါသလော။' ၄င်းယဟူဒီကဟုတ်မှန်ကြောင်း ဝန်ခံသည်။ ထိုအခါ သမ္မတကြီးက ဆန်းစစ်လိုသော ဆန္ဒဖြင့် မိန့်သည်မှာ 'အကယ်၍အသင်သည် အစ္စလာမ်သာသနာကို လက်ခံလိုက်ပါက ကျွန်ုပ် အသင့်ကို အကောင်းဆုံး ဆက်ဆံပါမည်'

ထိုအခါ ၄င်းယဟူဒီက ဖြေကြားသည်မှာ 'ကျွန်ုပ်သည် ဘိုးဘွားဘီဘင်များ၏ သာသနာကို မစွန့်လွှတ်နိုင်ပါ။' ထိုသို့ စကားဖြတ်ပြီး ၄င်းယဟူဒီ ပြန်သွားခဲ့လေသည်။

တစ်နှစ်ခန့်ကြာပြီးသည့်နောက် ၄င်းယဟူဒီသည် အစ္စလာမ်သာသနာကို လက်ခံပြီး မွတ်စ္စလင်မ်အဖြစ်နှင့် သမ္မတကြီးထံသို့ ပြန်လည်ရောက်ရှိလာသည်။ ဆွေးနွေးပွဲအခမ်းအနားတွင် အစ္စလာမ့်ဓမ္မသတ်ရေးရာနှင့် ပတ်သက်ပြီး ထူးခြားပြောင်မြောက်သော တရားဓမ္မကို ဟောကြားလေသည်။ ၄င်းနောက် မိမိ၏ နက်နဲလှသော ဆန်းစစ်မှုများကိုလည်း တင်ပြလေသည်။ အခမ်းအနားပြီးဆုံးသောအခါ သမ္မတကြီးက ၄င်းကို ခေါ်ယူမေးမြန်းလေသည်။ 'အသင်သည် မနှစ်က ဤအခမ်းအနားသို့ လာရောက်ပါဝင်ခဲ့သူ မဟုတ်ပါသလော။' ၄င်းက 'မှန်ပါသည်'ဟု ပြန်လည် ဖြေကြားခဲ့သည်။ ထိုအခါ သမ္မတကြီးမအ်မူးန်က မေးမြန်းသည်မှာ 'ထိုအချိန်က အသင်သည် အစ္စလာမ်သာသနာကို လက်ခံသဘောတူရန် ငြင်းဆန်ခဲ့ပြီး ယခုတစ်ဖန် မွတ်စ္စလင်မ်ဖြစ်သွားရသည့် အကြောင်းအရင်းမှာ မည်သို့နည်း' ၄င်းက ပြန်လည်ဖြေကြားသည်မှာ 'ကျွန်ုပ်သည် ယမန်နှစ်က ဤအခမ်းအနားမှ ပြန်သွားခဲ့ပြီး ရှိရှိသမျှသော ဘာသာသာသနာများကို လေ့လာဆန်းစစ်ရန် ရည်ရွယ်ခဲ့ပါသည်။ ကျွန်ုပ်သည် စာရေးသူတစ်ဦးဖြစ်ပြီး အရေးအသား ကောင်းမွန်သူတစ်ဦး ဖြစ်ပါသည်။ ကျမ်းကြီးကျမ်းငယ်များ ရေးသားပြုစု၍ ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ကျွန်ုပ်ထုတ်ဝေခဲ့သော ကျမ်းများသည်လည်း တန်ဖိုးကြီးမားစွာ ရောင်းချရပါသည်။ ကျွန်ုပ်သည် ဆန်းစစ်ရန်အတွက် 'သောင်ရားသ်' ကျမ်း၏ အပိုင်းသုံးပိုင်းကို ရေးသားပြုစုခဲ့ပါသည်။ ၄င်းကျမ်းတွင် မြောက်မြားစွာသော နေရာများ၌ မိမိဘက်မှ လိုတိုးပိုလျှော့ ပြုလုပ်ခဲ့ပါသည်။ ၄င်းနောက် ယင်းကျမ်းကိုယူ၍ ယဟူဒီများ၏ ဝတ်ကျောင်းသို့ သွားခဲ့ပါသည်။ ယဟူဒီများသည် စိတ်ဝင်တစား ယင်းကျမ်းကို ဝယ်ယူခဲ့ပါသည်။ တစ်ဖန် ထိုနည်းအတိုင်း 'အင်န်ဂျီးလ်'ကျမ်း၏ အပိုဒ်သုံးပိုဒ်ကို လိုတိုးပိုလျှော့ပြုကာ ရေးသားခဲ့ပြီး 'နဆွာရာနီ'များ၏ ဝတ်ကျောင်းတော်သို့ သွားခဲ့ပါသည်။ အီစာအီများသည်လည်း အလွန်ပင် တန်ဖိုးထားကာ ကျွန်ုပ်ရေးသားခဲ့သော ကျမ်းကို ဝယ်ယူခဲ့ပါသည်။ တစ်ဖန် ထိုနည်းအတိုင်း 'ကျမ်းမြတ်ကုရ်အာန်'၏ အပိုဒ်သုံးပိုဒ်ကိုလည်း လှပသေသပ်စွာ ရေးသား၍ မိမိဘက်မှ လိုတိုးပိုလျှော့ပြုကာ ရောင်းချရန် ဆန္ဒဖြင့် မွတ်စ္စလင်မ်များထံ ယူဆောင်လာသောအခါ ၄င်းမွတ်စ္စလင်မ်များသည် ဦးစွာပထမ ကျွန်ုပ်ရေးသားထားသော ကျမ်းအား မှန်ကန်မှု ရှိ၊ မရှိကို စစ်ဆေးလေတော့သည်။ ကျွန်ုပ် လိုတိုးပိုလျှော့ ပြုထားသည်ကို တွေ့ရှိကြသောအခါ ၄င်းတို့သည် ကျွန်ုပ်အား ဤကျမ်းငယ်ကို ပြန်လည်ပေးအပ်လိုက်လေသည်။ ဤအဖြစ်အပျက်ကြောင့် ကျွန်ုပ်ရရှိခဲ့သော သင်ခန်းစာမှာ ၄င်းကျမ်းမြတ်ကုရ်အာန်သည် ထိန်းသိမ်းစောင့်ရှောက်ခြင်းခံရသော ကျမ်းတစ်ဆူဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ဤကျမ်းကို ထိန်းသိမ်းထားတော်မူသည်။ ဤအတွက်ကြောင့် ကျွန်ုပ် အစ္စလာမ်သာသနာကို လက်ခံခဲ့ပါသည်။

ဤအဖြစ်အပျက်ကို ဆင့်ပြန်ခဲ့သူ ကာဇီယဟ်ယားအိဗ်နိအတ်ကသန်မ်က ပြောကြားသည်မှာ 'တိုက်ဆိုင်စွာ ထိုနှစ်မှာပင် ကျွန်ုပ်ဟဂျ်ပြုရန် သွားခဲ့သည်။ 'ဟဂျ်'တွင် စုဖ်ယားန်ဗင်န် အိုယိုင်နာနှင့် တွေ့ဆုံ

ခဲ့သည်။ ကျွန်ုပ်သည် ၎င်းအား အထက်ပါဖြစ်ရပ်ကို ပြောကြားခဲ့ရာ ၎င်းက မုချစကားနှင့် ဤအတိုင်းသာ ဖြစ်သင့်သည်ဟု ပြောဆိုခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအချက်ကို ကျမ်းမြတ်ကုရ်အာန်ထဲတွင် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ထောက်ခံထားလေသည်။ ထိုအခါ ယဟူဒီပညာရှိက အဘယ်ကိုဆိုသနည်းဟု 'ကုရ်အာန်၏ မည်သည့်အာယသ်တော်တွင် ဤအကြောင်းအရာ ပါရှိသနည်း'ဟု မေးမြန်းရာ ဆုဖ်ယာန်ဗင်န် အုယိုင်နာက မိန့်ဆိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် 'တော်ရာသ်' ကျမ်းနှင့် 'အင်န်ဂျီးလ်' ကျမ်း အကြောင်းကို တင်ပြသည့်အခါတိုင်း အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူသည်မှာ-

بِمَا اسْتُحْفِظُوا مِن كِتَٰبِ اللَّهِ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ယဟူဒီများနှင့် နစ္စရာနီများအားကို 'တော်ရာသ်' ကျမ်းနှင့် 'အင်န်ဂျီးလ်' ကျမ်းအား ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ပေးခဲ့လေသည်။ သို့သော် ထိုယဟူဒီ၊ နစ္စရာနီများ၊ မိမိတို့ တာဝန်မကျေပွန်မှုကြောင့် ယင်းကောင်းကင်ကျကျမ်းများတွင် အပြောင်းအလဲများ၊ လိုတိုးပိုလျှော့ပြုခြင်းများ ဖြစ်ပေါ်ကာ ပျက်စီးခဲ့လေသည်။ ကျမ်းတော်မြတ်ကုရ်အာန်နှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် မိန့်တော်မူထားသည်မှာ-

إِنَّا لَهُ لَحَٰفِظُونَ

ဆိုလိုသည်မှာ ငါအသျှင်မြတ်ကိုယ်တော်တိုင် ယင်းကျမ်းကို ထိန်းသိမ်းစောင့်ရှောက်တော်မူမည်။ အသျှင်မြတ်ကိုယ်တော်တိုင် ကျမ်းမြတ်ကုရ်အာန်အား ထိန်းသိမ်းစောင့်ရှောက်တော်မူသောကြောင့် အစ္စလာမ်ရန်သူများသည် ကုရ်အာန်ကို ဖျက်ဆီးရန် အမျိုးမျိုးအဖုံဖုံ ကြိုးပမ်းခဲ့ကြသော်လည်း ထိုကျမ်းမြတ်တွင် 'နုက်သဟ်' တစ်လုံး 'ဇဗရ်'၊ 'ဇေရ်' တစ်ခုမျှပင် အပြောင်းအလဲ မရှိခဲ့ပေ။ တမန်တော်မြတ် ﷺ ၏ ခေတ်ကာလမှသည် ယနေ့အထိ နှစ်ပေါင်းတစ်ထောင့်လေးရာ ကျော်ခဲ့ပြီးဖြစ်သော်လည်း သာသနာရေးရာ ကိစ္စရပ်များတွင် မွတ်စလင်မ်များ၏ ပေါ့လျော့မှုများ မြောက်မြားစွာ ရှိခဲ့သော်ငြားလည်း ခေတ်တိုင်းတွင် ကျမ်းမြတ်ကုရ်အာန်ကိုသာ အာဂုံဆောင်သည့် အစဉ်အလာမှာ ဒွန္နယာ၏ အရှေ့အရပ်မှ အနောက်အရပ်အထိ တစ်ပုံစံတစ်သမတ်တည်း ရှိခဲ့ပေသည်။ ခေတ်တိုင်းတွင် သိန်း၊ သန်း၊ ကုဋေနှင့်ချီသော မွတ်စလင်မ်အမျိုးသား အမျိုးသမီး၊ လူငယ်၊ လူကြီး၊ လူလတ်ပေါင်း မြောက်မြားစွာတို့သည် ကျမ်းမြတ်ကုရ်အာန်ကို အာဂုံဆောင်၍ မိမိတို့၏ နှလုံးသားတွင်းဝယ် ထိန်းသိမ်းထားကြလေသည်။ မည်မျှပင် ကြီးကျယ်ကျော်ကြားသော အာလင်မ်ပညာရှင်ကြီး ဖြစ်နေပါစေ ကျမ်းတော်မြတ်ကုရ်အာန်ကို တစ်လုံးတစ်ပါဒမျှ အမှားဖတ်ခွင့်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အမှားဖတ်လိုက်သည်နှင့် တစ်ပြိုင်နက် အာဂုံဆောင်ထားသော ဟာဖိဇ်ကြီး၊ ငယ်တို့က ၎င်းကို အမှားဖမ်းကြမည်ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်၏ ကုရ်အာန်ကျမ်းမြတ်ကို ထိန်းသိမ်းထားသော ကတိတော်တွင် ဟဒီးစ်တော်များကို ထိန်းသိမ်းခြင်းလည်း ပါဝင်ခြင်း

ကျမ်းတော်မြတ်ကုရ်အာန်ဆိုသည်မှာ ကုရ်အာန်၏ စာသားချည်းသက်သက်ကို ဆိုလိုခြင်း မဟုတ်သကဲ့သို့ အဓိပ္ပာယ်ချည်းသက်သက်ကိုလည်း ကုရ်အာန်ဟု မဆိုနိုင်ကြောင်း ပညာရှင်များအားလုံးက တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားကြသည်။ ဆိုလိုသည်မှာ စာသားနှင့် အဓိပ္ပာယ်နှစ်ခုစလုံးကို ပေါင်းစပ်ပြီးမှသာ ကျမ်းမြတ်ကုရ်အာန်ဟု ဆိုနိုင်ပေသည်။ အကြောင်းမှာ ကုရ်အာန်၏ အဓိပ္ပာယ်နှင့် အကြောင်းအရာများသည် အခြားကျမ်းများတွင်လည်း ပါရှိပေသည်။ ထို့နောက် အစ္စလာမ့်စာပေကျမ်းဂန်များတွင် အများအားဖြင့် ကုရ်အာန်ကျမ်းမြတ်၏ အကြောင်းအရာများသာလျှင် ပါရှိလေသည်။ သို့သော် ၎င်းတို့ကို ကုရ်အာန်ဟု မဆိုနိုင်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်၏ စာသားများ ယင်းစာပေကျမ်းဂန်တွင် မပါရှိပေ။ ထို့နည်းတူစွာ အကယ်၍ တစ်ဦးတစ်ယောက်သည် ကျမ်းမြတ်ကုရ်အာန်၏ စာသားအချို့နှင့် ဝါကျအချို့ကို စာတန်းတစ်ခုသဖွယ် သို့မဟုတ် စာအုပ်တစ်အုပ်သဖွယ် ရေးသားလိုက်ပါက ယင်းကိုလည်း ကျမ်းမြတ်ကုရ်အာန်ဟု မဆိုနိုင်။ အမှန်စင်စစ် ယင်းစာတမ်း သို့မဟုတ် စာအုပ်ငယ်တွင် ကုရ်အာန်မှအပ အခြားစာသားများ မပါရှိလင့်ကစား ယင်းကို ကျမ်းမြတ်ကုရ်အာန်ဟု မှတ်ယူ၍မရ။ ဤအချက်ကို ထောက်ရှု၍ သိရှိရသည်မှာ ကျမ်းမြတ်ကုရ်အာန်ဟူသည် အလ္လာဟ်အသျှင်မြတ်၏ ထိုဗျာဒိတ်တော်ကို ဆိုလိုသည်။ ယင်းဗျာဒိတ်တော်၏ စာသားများနှင့် အဓိပ္ပာယ်များကို ထိုအသျှင်မြတ်ကိုယ်တော်တိုင်ဝင် ထိန်းသိမ်းစောင့်ရှောက်ထားတော်မူသည်။ ထပ်မံ၍ မှတ်သားစရာ သိရှိရသည်မှာ ကျမ်းမြတ်ကုရ်အာန်၏ အဓိပ္ပာယ်ကို အူရ်ဒူဘာသာ အင်္ဂလိပ်ဘာသာ စသည့် အခြားဘာသာစကားတစ်ခုခုဖြင့် အဓိပ္ပာယ်ပြန်ဆို၍ ဘာသာပြန်ချည်းသက်သက်ကို ပုံနှိပ်ထုတ်ဝေလျှင် ရှိကြသည်။ ယင်းဘာသာပြန်ကျမ်းကို အူရ်ဒူဘာသာပြန်ကုရ်အာန်၊ အင်္ဂလိပ်ဘာသာပြန်ကုရ်အာန် စသည်ဖြင့် ခေါ်တွင်ကြလေသည်။ ယင်းသို့ ခေါ်ဝေါ်သုံးနှုန်းခြင်း လုံးဝမပိုင်။ အဘယ်ကြောင့်ဆိုသော် ဘာသာပြန်ကျမ်းသည် ကုရ်အာန်မဟုတ်ပေ။ စာသားသက်သက်ကိုသာ ကုရ်အာန်ဟု မဆိုနိုင်။ အဓိပ္ပာယ်များသည်လည်း ကုရ်အာန်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းကို သိရှိပြီးနောက် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ကျမ်းတော်မြတ်ကုရ်အာန်ကို ထိန်းသိမ်းစောင့်ရှောက်မည်ဟု တာဝန်ယူထားသည့် အဓိပ္ပာယ်မှာ ကုရ်အာန်၏ စာသားများနှင့် ပတ်သက်ပြီး ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ယူထားသကဲ့သို့ အဓိပ္ပာယ်များနှင့် အကြောင်းအရာများကိုလည်း ထိန်းသိမ်းရန် တာဝန်ယူထားခြင်းပင် ဖြစ်ပေသည်။ အဓိပ္ပာယ်များ ပြောင်းလဲပစ်ခြင်း မပြုနိုင်အောင်လည်း အလ္လာဟ်အသျှင်မြတ်ကသာလျှင် စောင့်ရှောက် ထိန်းသိမ်းစောင့်ရှောက်ထားပေသည်။

ကုရ်အာန်၏ အဓိပ္ပာယ်ဆိုသည်မှာ ထိုအရာဖြစ်သည်။ ယင်းကို သင်ကြားပို့ချရန် အလ္လာဟ်အသျှင်မြတ်က တမန်တော်မြတ် ﷺ ကို စေလွှတ်တော်မူခဲ့သည်။ ဤအကြောင်းအရာနှင့် ပတ်သက်ပြီး ကျမ်းတော်မြတ်ကုရ်အာန်တွင် မိန့်ဆိုထားသည်မှာ-

لِتُبَيِّنَ لِلنَّاسِ مَانُزِّلَ اِلَيْهِمْ

ဆိုလိုသည်မှာ တမန်တော်မြတ် ﷺ ကို စေလွှတ်သည့်အကြောင်းအရင်းမှာ ဤကျမ်းမြတ်ကုရ်အာန်၏ အဓိပ္ပာယ် အလိုသဘောကို လူသားများအား ရှင်းလင်းတင်ပြရန် ဖြစ်သည်။ ယင်းကျမ်းမြတ်ကို ထိုလူသားများအတွက်သာလျှင် ပို့ချပေးခဲ့ခြင်း ဖြစ်သည်။

يُعَلِّمُهُمُ الْكِتَابَ وَالْحِكْمَةَ

ဤအာယသ်တော်၏ အလိုသဘောသည်လည်း အထက်ပါအတိုင်းပင် ဖြစ်သည်။ ဤအတွက်ကြောင့် တမန်တော်မြတ် ﷺ က မိန့်တော်မူခဲ့သည်မှာ-

اِنَّمَابُعِثْتُ مُعَلِّمًا

ငါကိုယ်တော်သည် ဆရာတစ်ဦးအဖြစ်နှင့် စေလွှတ်တော်မူခြင်း ခံရသည်။ ၎င်းနောက် တမန်တော်မြတ် ﷺ သည် ကျမ်းမြတ်ကုရ်အာန်၏ အဓိပ္ပာယ်အလိုသဘောများကို သင်ကြားပို့ချရန် စေလွှတ်ခြင်းခံရသည့်အတွက်ကြောင့် တမန်တော်မြတ် ﷺ ၏ သင်ကြားပို့ချခဲ့သော မိန့်ခြွေချက်များ၊ ကျင့်ကြံမှုများကိုပင်လျှင် 'ဟဒီးစ်'ဟု ခေါ်ဆိုပေသည်။

တမန်တော်မြတ် ﷺ ၏ ဩဝါဒများကို ထိန်းသိမ်းစောင့်ရှောက်မှု ကင်းမဲ့သည်ဟု ပြောဆိုသူသည် အမှန်စင်စစ် ကျမ်းမြတ်ကုရ်အာန်ကို ထိန်းသိမ်းမှုကင်းမဲ့သည်ဟု ပြောဆိုသကဲ့သို့ ဖြစ်ခြင်း

ယခုခေတ်သမယတွင် အချို့သောသူများသည် လူသားများအား မှားယွင်းသော အယူအဆတစ်ရပ်ကို တင်ပြနေသည်မှာ ခိုင်မာသော 'စနဒ်'အထောက်အထားများနှင့် ပြုစုတင်ပြထားသော ဟဒီးစ်ကျမ်းကြီးများသည် ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယ ကုန်လွန်ပြီး အတော်အတန်ကြာမှ ပေါ်လာသည့်အတွက်ကြောင့် ယုံကြည်လက်ခံဖွယ်ရာ မရှိပေဟု ပြောဆိုကြသည်။ ယင်းသို့သောသူများကို ဦးစွာပထမ ပြောကြားလိုသည်မှာ တင်ပြပါစကားရပ်သည် မှားယွင်းသော စကားရပ်များ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ ၏ ဩဝါဒတော်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေးမှတ်ခြင်း စသည်တို့သည် ကိုယ်တော်မြတ် ﷺ သက်ရှိထင်ရှား ရှိစဉ်က စတင်ခဲ့သော လုပ်ရပ်တစ်ခုဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ကွယ်လွန်ပြီးနောက် ကာလအတန်ကြာမှ ယင်းအလုပ်သည် ပြီးပြည့်စုံခဲ့သည်။ ထို့ပြင် 'ဟဒီးစ်' ဆိုသည်မှာ အမှန်စင်စစ် ကုရ်အာန်၏ သဖ်စီးရ်၊ ၎င်းနောက် ကုရ်အာန်၏ အဓိပ္ပာယ် အလိုသဘောများပင် ဖြစ်ပေသည်။ ယင်းကို ထိန်းသိမ်းစောင့်ရှောက်ရန် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် တာဝန်ယူထားတော်မူပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ စာသားများသာလျှင် ထိန်းသိမ်းစောင့်ရှောက်ခြင်း ခံရပြီး၊ ယင်း၏ အဓိပ္ပာယ် အလိုသဘောများ (ဟဒီးစ်တော်များကို ဆိုလိုခြင်းဖြစ်သည်။) မှာမူ ထိန်းသိမ်းစောင့်ရှောက်ခြင်း ကင်းမဲ့သည်ဟူသော စကားမှာ မည်သို့ ဖြစ်နိုင်ဖွယ်ရာ ရှိမည်နည်း။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ أَرْسَلْنَا مِن قَبْلِكَ فِي شِيَعِ الْأَوَّلِينَ ﴿١٠﴾

၁၅ း ၁၀ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် အသင်၏အလျှင် ရှေးအဆက်ဆက် လွန်လေပြီးသော အုပ်စုများတွင် (နဗီတမန်တော်များအား) အမှန်ပင် စေလွှတ်တော်မူခဲ့လေသည်။

وَمَا يَأْتِيهِم مِّن رَّسُولٍ إِلَّا كَانُوا بِهِ يَسْتَهْزِئُونَ ﴿١١﴾

၁၅ း ၁၁ ။ ။ စင်စစ် ၎င်းတို့ထံ ရစူလ်တမန်တော်တစ်ပါးပါး ရောက်ရှိလာတိုင်း ၎င်းတို့သည် ထိုရစူလ်တမန်တော်အား ပြက်ရယ်သမှု ပြုလေ့ရှိခဲ့ကြသည်သာ (ဖြစ်၏။)

كَذَٰلِكَ نَسْلُكُهُ فِي قُلُوبِ الْمُجْرِمِينَ ﴿١٢﴾

၁၅ း ၁၂ ။ ။ ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် ပြစ်မှုကျူးလွန်သူတို့၏ စိတ်နှလုံးများ၌ (၎င်းတို့ လိုလားကြသည့်အတိုင်း) ယင်းပြက်ရယ်သမှု ပြုခြင်းကို၊ သို့မဟုတ် ယင်း (ကုရ်အာန်) ကျမ်းမြတ်ကို (၎င်းတို့ ပြက်ရယ်မှုကြောင့် မယုံကြည်နိုင်ကြရန်) လမ်းဖွင့်၍ (ထည့်သွင်း) ပေးတော်မူ၏။

لَا يُؤْمِنُونَ بِهِ ۖ وَقَدْ خَلَتْ سُنَّةُ الْأَوَّلِينَ ﴿١٣﴾

၁၅ း ၁၃ ။ ။ (သို့ဖြစ်ပေရာ) ၎င်း (ကာဖိရ်) တို့သည် ယင်း (ကုရ်အာန်ကျမ်းမြတ်) ကို ယုံကြည်ကြသည်မဟုတ်ပေ။ အမှန်စင်စစ် ရှေးသူဟောင်းတို့၏ အစဉ်အလာသည် လွန်လေပြီဖြစ်ပေသည်။

وَلَوْ فَتَحْنَا عَلَيْهِم بَابًا مِّنَ السَّمَاءِ فَظَلُّوا فِيهِ يَعْرُجُونَ ﴿١٤﴾

၁၅ း ၁၄ ။ ။ အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့အဖို့ မိုးကောင်းကင်၌ တံခါးပေါက်တစ်ခုကို ဖွင့်ပေးတော်မူခဲ့ပါလျှင် သို့နောက် ၎င်းတို့သည် နေ့ကြောင်တောင်ပင် ထိုတံခါးပေါက်မှ (ဆင်း) တက် (သွားလာ) ခဲ့ကြကုန်ပေမည်။

لَقَالُوا إِنَّمَا سُكِّرَتْ أَبْصَارُنَا بَلْ نَحْنُ قَوْمٌ مَّسْحُورُونَ ﴿١٥﴾

၁၅ း ၁၅ ။ ။ (ထိုသို့သော အခါမျိုး၌လည်း) ၎င်းတို့က 'ကျွန်ုပ်တို့၏ မျက်စိများသည် လှည့်စား (ပိတ်ပင်) ထားခြင်းကို ခံခဲ့ကြရပေသည်။ ထိုမျှမက ကျွန်ုပ်တို့သည် စုန်းပြုစားခြင်းကို ခံခဲ့ကြသော လူစုပင် ဖြစ်ကြပေသည်' ဟု ပြောဆိုကြမည်မှာ အမှန်ပင် (ဖြစ်၏။)

(السَّعِير)အာယတ်၏ရှင်းလင်းချက်

အာယသ်တော် (၁၀) တွင် السَّعِير ဆိုသော နာမ်သည် سَعِيرًا ဟူသော နာမ်၏ ဗဟုဝုစ်ကိန်း ဖြစ်သည်။ အဓိပ္ပာယ်မှာ 'တစ်ဦးတစ်ယောက်၏ နောက်လိုက်၊ တစ်ဦးတစ်ယောက်ကို ကူညီသောသူ' ဟူ၍ ဖြစ်သည်။ ၎င်းနောက် အကြင်အုပ်စုကိုလည်း سَعِيرًا ဟု ခေါ်ဆိုလေသည်။ ထိုသူတို့သည် သီးခြားယုံကြည်ချက်များနှင့် အတွေးအခေါ်များအပေါ်တွင် တစ်ညီတစ်ညွတ်တည်း ရှိကြလေသည်။ အာယသ်တော်၏ အလိုသဘောမှာ ပေါ်ခ့ချင်မြတ်သည် အုပ်စုတိုင်းတွင် ရဆူလ်တမန်တော်များအား စေလွှတ်တော်မူခဲ့သည်။ ၎င်းနောက် ထိုအာယသ်တော်တွင် إِلَى ဟူသော စကားလုံး သုံးမည့်အစား فِى شِيَعِ الْأَوَّلِينَ ဟု သုံးနှုန်းပြီး အုပ်စုတိုင်း၏ တမန်တော်သည် ယင်းအုပ်စုထဲမှပင် ဖြစ်သည်ဟု ရည်ညွှန်းခြင်းဖြစ်သည်။ သို့မှသာ အုပ်စုဝင်တိုင်းသည် ထိုတမန်တော်ကို လွယ်လွယ်ကူကူ ယုံကြည်အားထားနိုင်မည် ဖြစ်သည်။ ၎င်းနောက် တမန်တော်သည်လည်း မိမိ၏ အုပ်စုဝင်များ၏ စိတ်နေသဘောထားကို ကောင်းစွာ နားလည်သဘောပေါက်၍ ၎င်းတို့ကို ပြုပြင်သွန်သင်ရာ၌ သင့်လျော်သော နည်းလမ်းများကို ရွေးချယ်နိုင်မည် ဖြစ်သည်။

အကျယ်ချဲ့ဆိုချက်အနှစ်ချုပ်

၎င်းနောက် (အို မိုဟမ္မဒ်၊ အသင်တမန်တော်သည် ထိုသူတို့၏ လိမ်လည်မှုများကြောင့် သောက မရောက်လေနှင့်။ အဘယ်ကြောင့်ဆိုသော် ဤဖြစ်ရပ်မျိုးသည် ယင်းနဗီတမန်တော်များသည်လည်း ကြုံကြိုက်ခဲ့ရပေသည်။) ပေါ်ခ့ချင်မြတ်သည် အသင်တမန်တော်၏အလျင် မြောက်မြားစွာသော တမန်တော်များကို ယခင် အမွှသ်အုပ်စုဝင်များထံသို့ စေလွှတ်ခဲ့ပေသည်။ (ထိုတမန်တော်များ၏ အခြေအနေသည်လည်း ဤသို့ ဖြစ်သည်။) အမွှသ်နောက်လိုက်များ၏ လှောင်ပြောင်သရော်ခြင်းကို မခံခဲ့ရသော တမန်တော်ဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပေ။ (ယင်းသို့ လှောင်ပြောင်သရော်ခြင်းသည် ဆိုးရွားသော လိမ်လည်ဆန့်ကျင်မှု တစ်ရပ် ဖြစ်သည်။ သို့ဖြစ်၍ ထိုယခင် အမွှသ်သားများ၏ စိတ်နှလုံးတွင် ဖြစ်ပေါ်လာသော ဤလှောင်ပြောင်သရော်ခြင်းမျိုးကို) ပေါ်ခ့ချင်မြတ်သည် ထိုဆိုးသွမ်းသော (မက္ကာပြည်မှ ကာဖိရ်များ) ၏ နှလုံးသားအတွင်း၌လည်း ထွတ်သွင်းလိုက်လေသည်။ (ထို့ကြောင့်ပင်) ဤသူများသည် ကုရ်အာန်ကျမ်းမြတ်အား အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိကြချေ။ ၎င်းနောက် ဤအစဉ်အလာသည်လည်း ယခင်ယခင် အမွှသ်များ၏ ခေတ်ကာလကတည်းကပင် ရှိခဲ့သည်။ (ဆိုလိုသည်မှာ ရှေးယခင်ကတည်းကပင် အမွှသ်နောက်လိုက်များသည် နဗီတမန်တော်များကို လိမ်လည်ဆန့်ကျင်ခဲ့ကြသည်။ ဤအတွက်ကြောင့် အသင်တမန်တော် ပူပင်သောက မရောက်လေနှင့်။)

၎င်းနောက် (၎င်းတို့၏ ရန်လိုမိုက်မဲမှုများ၏ အခြေအနေမှာ မိုးကောင်းကင်မှ ကောင်းကင်တမန်များ ဆင်းသက်လာပြီး ၎င်းတို့ကို ရှင်းပြရန် မဆိုထားနှင့်၊ ထို့ထက် သာ၍ ၎င်းတို့ကိုယ်၌ မိုးကောင်းကင်

ပေါ်သို့ စေလွှတ်ပြီး) ငါအသျှင်မြတ်သည် ၎င်းတို့အတွက် မိုးကောင်းကင်တံခါးများကို ဖွင့်လှစ်စေပြီး တစ်ဖန် နေ့အချိန်တွင် (အိပ်စက်ခြင်း၊ ငိုက်မြည်းခြင်း စသည်တို့ မရှိသော အချိန်ဝယ်) ထို (တံခါး) မှ (၎င်းတို့သည် မိုးကောင်းကင်ပေါ်သို့) တက်ရောက်ခဲ့လျှင်ပင် ၎င်းတို့ ပြောဆိုကြမည်မှာ ငါတို့၏ မျက်စိများကို လှည့်စားခြင်းခံရသည်။ (ထို့ကြောင့် ငါတို့သည် မိမိကိုယ်မိမိ မိုးကောင်းကင်ပေါ်သို့ တက်နေသည်ဟု ခံစားရခြင်းသာ ဖြစ်သည်။ ကေန်စင်စစ် မိုးပေါ်သို့ တက်နေသည်မဟုတ်ပါ။ ၎င်းနောက် ဤသို့ မျက်စိကို လှည့်စားခံရခြင်းသည် ဤအကြောင်းအရာနှင့် ပတ်သက်၍သာ ခံခဲ့ရသည်မဟုတ်။) သို့သာမက ငါတို့သည် လုံးဝ ပြုစားခြင်းခံနေရသည်။ (အကယ်၍ ငါတို့ကို ထို့ထက် သာပိုသော 'မုအ်ဂျေဇာဟ်' အံ့ဩဖွယ်ရာများ ပြသသည့်တိုင် အမှန်စင်စစ် ထိုအရာသည် 'မုအ်ဂျေဇာဟ်' မဖြစ်နိုင်ပေ။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ جَعَلْنَا فِي السَّمَاءِ بُرُوجًا وَزَيَّنَّاهَا لِلنَّاظِرِينَ ﴿١٦﴾

၁၅ း ၁၆ ။ ။ ၎င်းပြင် ကေန်မလွဲ ငါအသျှင်မြတ်သည် မိုးကောင်းကင်၌ ဂြိုဟ်၊ နက္ခတ်တာရာများကို ပြုလုပ် (ဖန်ဆင်း) တော်မူ၍ ယင်းမိုးကောင်းကင်ကို ကြည့်ရှုသူတို့အဖို့ မျက်စိပသာဒ (လှပတင့်တယ်အောင်) ဖြစ်စေတော်မူခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အထက်ပါအာယသ်တော်များတွင် ငြင်းဆန်သူများ၏ လှောင်ပြောင်မှု၊ ရန်ငြိုးထားမှုများကို တင်ပြခဲ့သည်။ ယခု ဤအာယသ်တော်များတွင် ကိုးကွယ်ရာအသျှင် တည်ရှိကြောင်း၊ တစ်ပါးတည်း တည်ရှိကြောင်း အသျှင်မြတ်၏ ဉာဏ်တော်၊ တန်ခိုးတော်များနှင့် ပတ်သက်ပြီး ရှင်းလင်းပြတ်သားသော အထောက်အထားများ၊ မိုးကောင်းကင်နှင့် မြေပထဝီ၊ ၎င်းနောက် ယင်းတို့အကြားရှိ အဖန်ဆင်းခံများ၏ အခြေအနေများကို အထောက်အထားများနှင့်တကွ တင်ပြထားလေသည်။ အကြင်အရာများနှင့် ပတ်သက်ပြီး အနည်းငယ်မျှခန့်ပင် အာရုံစူးစိုက်လိုက်ရုံဖြင့် အသိဉာဏ်ရှိသော လူတစ်ယောက်သည် ငြင်းဆိုဝံ့မည်မဟုတ်တော့ပေ။ အသျှင်မြတ်က မိန့်တော်မူသည်မှာ ၎င်းနောက် မုချကေန် ငါအသျှင်မြတ်သည် မိုးကောင်းကင်တွင် ကြီးမားသော ကြယ်တာရာများကို ဖန်ဆင်းထားလေသည်။ ၎င်းနောက် ထိုမိုးကောင်းကင်ကို ကြည့်ရှုခံစားသူများအတွက် (ကြယ်တာရာများဖြင့်) ဆင်မြန်းထားလေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

بُرُوْجًا ဆိုသော နာမ်သည် بُرْجٌ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ 'ကြီးမားသော အဆောက်အအုံ'၊ ၎င်းနောက် 'ကြီးမားသောခံတပ်' ဟူ၍ အဓိပ္ပာယ်ရလေသည်။ မုဂျာဟိဒ် (ရဟ) သခင်၊ ကသာဒါ

(ရဟ) သခင်၊ အဗူဆွာလိဟ် (ရဟ) သခင် စသည့် သဖ်စီးရ်ပညာရှင်ကြီးများသည် بُرُوج ၏ အဓိပ္ပာယ် ကို ကြီးမားသော ကြယ်တာရာများဟု ဖွင့်ဆိုထားပေသည်။ ၎င်းနောက် ဤအာယသ်တော်တွင် ကြီးမား သော ကြယ်တာရာကြီးများကို မိုးကောင်းကင်တွင် ဖန်ဆင်းထားခြင်းဆိုသည်မှာ မိုးကောင်းကင်၏ လေဟာ နယ်ထဲတွင် ဖန်ဆင်းမှုထားရှိခြင်းကို ဆိုလိုပေသည်။ ယခုခေတ်သမယ၏ ဝေါဟာရတွင် ယင်းကို လေဟာ နယ်ဟု ခေါ်ဆိုကြပေသည်။ سَمَاء ဟူသော စာသားကို မိုးကောင်းကင်သော်လည်းကောင်း၊ မိုး ကောင်းကင်၏ လေဟာနယ်ကိုသော်လည်းကောင်း၊ နှစ်မျိုးစလုံး ခေါ်ဝေါ်သုံးနှုန်းလေ့ ရှိကြသည်။ မိုးကောင်း ကင်၏ ထုထည်ကိုလည်း سَمَاء ဟူ၍ ခေါ်ဝေါ်သုံးစွဲလေ့ရှိသည်သကဲ့သို့ မိုးကောင်းကင်မှ နိမ့်သော လေဟာနယ်ကိုလည်း سَمَاء ဟူသော စာသားဖြင့် ကုရ်အာန်ကျမ်းတော်မြတ်တွင် နေရာမြောက်မြားစွာ ၌ ခေါ်ဝေါ်သုံးစွဲထားပေသည်။ ၎င်းနောက် ဂြိုဟ်နက္ခတ်နှင့် ကြယ်တာရာများသည် မိုးကောင်းကင်၏ အတွင်း၌ ရှိနေခြင်းသည်မဟုတ်။ မိုးကောင်းကင်၏အောက် လေဟာနယ်တွင် တည်ရှိနေသည်ဟူသော အချက်ကို ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်များအရလည်းကောင်း၊ ခေတ်ဟောင်းခေတ်သစ် ဇလဗေဒ ပညာရှင်များ၏ လေ့လာဆန်းစစ်မှုအရသော်လည်းကောင်း သိရှိရပေသည်။ 'အ္ဒင်န်ရှာအလ္လာဟ်' စူရာဟ်ဖုရ်ကာန်၏ အာယသ်တော်

تَبَارَكَ الَّذِي جَعَلَ فِي السَّمَاءِ بُرُوجًا وَجَعَلَ فِيهَا سِرَاجًا وَقَمَرًا مُنِيرًا

၏ သဖ်စီးရ်အကျယ်ဖွင့်ဆိုမှုကဏ္ဍတွင် အကျယ်တဝင့် တင်ပြပါမည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

وَحَفِظْنَٰهَا مِن كُلِّ شَيْطَٰنٍ رَّجِيمٍ ﴿١٧﴾

၁၅ : ၁၇ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းမိုးကောင်းကင်ကို နှင်ထုတ်ခြင်းခံရသော ရှိုက်သွာန်အသီးသီးတို့မှ ထိန်းသိမ်းစောင့်ရှောက်တော်မူသည်။

إِلَّا مَنِ ٱسْتَرَقَ ٱلسَّمْعَ فَأَتْبَعَهُۥ شِهَابٌ مُّبِينٌ ﴿١٨﴾

၁၅ : ၁၈ ။ ။ သို့ရာတွင် အကြင်ရှိုက်သွာန် (တစ်ဦးဦး) သည် တိတ်တဆိတ် (စကားကို ခိုးဝှက်စွာ) နားထောင်ခဲ့ ပါလျှင် လင်းဝင်းသော မီးတောက်မီးလျှံသည် ၎င်း၏နောက်သို့ ထပ်ကြပ်မကွာ လိုက်လာလေတော့သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မိုးကောင်းကင်ကြီးကို (ကြယ်တာရာများ၏ အကြောင်းခံဖြင့်) နှင်ထုတ်ခြင်းခံရသော ရှိုက်သွာန်၏ ရန်မှ ထိန်းသိမ်းစောင့်ရှောက်ထားတော်မူသည်။ (သို့ပါ၍ ထိုရှိုက်သွာန်သည် မိုးကောင်းကင်အထိ တက်ရောက်နိုင်စွမ်း မရှိ။) သို့သော် (ဖရစ်ရှိသာဟ်များ၏) အချို့သော စကားရပ်များကို ပုန်းလျှိုးကွယ်လျှိုး နားထောင်၍ ထွက်ပြေးလေသော် ထိုရှိုက်သွာန်၏နောက်သို့ လင်းဝင်းတောက်ပသော မီးတောက်တစ်ခု လိုက်ပေသည်။ (၎င်းနောက် ထိုမီးတောက်၏ ဒဏ်ကြောင့် ရှိုက်သွာန်သည် သေဆုံးသွားလေသည်။ (သို့မဟုတ်) သတိလစ်သွားလေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

شِہَابٌ ثَاقِبٌ

ဤအာယသ်တော်အရ သိရှိရသော အချက်တစ်ချက်မှာ ရှိုက်သွာန်များသည် မိုးကောင်းကင်အထိ တတ်ရောက်နိုင်စွမ်းမရှိပေ။ 'လအ်နသ်'ပြုခြင်းခံရသော အီဗ်လီးစ်သည် အာဒမ် عليه السلام ကို ဖန်ဆင်းစဉ် အချိန်က မိုးကောင်းကင်အထက်၌ ရှိနေခြင်းဆိုသည်မှာ၊ ၎င်းနောက် အာဒမ် عليه السلام နှင့်၊ ဟောင်ဝါ عليها السلام သခင်မတို့ကို လှည့်စားဖြားယောင်းခဲ့သည်ဆိုသော အချက်တို့မှာ အာဒမ် عليه السلام အား မြေပထဝီပေါ်သို့ စေလွှတ်တော်မမူမီအလျင်၏ အဖြစ်အပျက်များဖြစ်သည်။ ထိုအချိန် 'ဂျင်န်'များနှင့် ရှိုက်သွာန်များကို မိုးကောင်းကင်ပေါ်သို့ ဝင်ထွက်သွားလာမှုကို မတားမြစ်ထားခဲ့ပေ။ အာဒမ် عليه السلام ကို မြေပထဝီသို့ စေလွှတ်ပြီးသည့်နောက်၊ ရှိုက်သွာန်အား နှင်ထုတ်ခဲ့ပြီး နောင်ထဲပိုင်းမှ ၎င်းအား ဝင်ထွက်သွားလာမှုကို တားမြစ်ပိတ်ပင်လိုက်လေသည်။ စူရာဟ်ဂျင်န်၏ အာယသ်တော်တစ်ပိုဒ်တွင် တင်ပြထားသည်မှာ-

إِنَّا كُنَّا نَقْعُدُ مِنْهَا مَقَاعِدَ لِلسَّمْعِ فَمَنْ يَسْتَمِعِ الْآنَ يَجِدْ لَهُ شِهَابًا رَّصَدًا

ဤအာယသ်တော်ဖြင့် သိရှိရသည်မှာ တမန်တော်မြတ် ﷺ မပွင့်မီအလျင်အထိ ရှိုက်သွာန်များသည် မိုးကောင်းကင်ရှိ ဖရစ်ရှိသာဟ်များအချင်းချင်း ပြောဆိုနေသည့် သတင်းများကို တက်ရောက်နားထောင်လေ့ ရှိသည်။ ဤစကားကြောင့် ရှိုက်သွာန်များသည် မိုးကောင်းကင်အတွင်းထိ ဝင်ရောက်နားထောင်နိုင်စွမ်း ရှိသည်ဟု ယူဆ၍ မရပေ။ نَقْعُدُ مِنْهَا مَقَاعِدَ ဟူသော စာသား၏ အဓိပ္ပာယ်မှာလည်း ယင်းရှိုက်သွာန်များသည် သူခိုးများပမာ မိုးကောင်းကင်၏ လေဟာနယ်ရှိ တိမ်တိုက်များအတွင်း ပုန်းလျှိုး၍ ကောင်းကင်တမန်များ၏ စကားများကို နားထောင်ခြင်းဖြစ်သည်။ အထက်ပါအာယသ်တော်၏ စာသားများကပင် ရှင်းလင်းစွာ တင်ပြနေသည်မှာ တမန်တော်မြတ် ﷺ မပွင့်မီအလျင်လည်း 'ဂျင်န်'နှင့် ရှိုက်သွာန်တို့ကို မိုးကောင်းကင်အတွင်း ဝင်ထွက်သွားလာခွင့် မပြုထားပေ။ လေဟာနယ်အထိမျှသာ သွားရောက်၍ ပုန်းလျှိုး

ကွယ်လျှို့ သတင်းများကို ရယူကြသည်။ တမန်တော်မြတ် ﷺ ပွင့်တော်မူပြီးနောက် 'ဝဟီ' ဗျာဒိတ်တော်များကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဤကဲ့သို့ ထပ်မံ၍ တင်းကြပ်မှု ပြုလိုက်လေသည်။ အဘယ်သို့ဆိုသော် ရှိုက်သွာန်များသည် ပုန်းလျှိုးကွယ်လျှို့ မိုးကောင်းကင်ပေါ်သို့ တက်ရောက်ခဲ့ပါက ထို **شهاب ثاقب** ဟူသော မီးတောက်ဖြင့် တားမြစ်လေသည်။

မိုးကောင်းကင်အတွင်း၌ ကောင်းကင်တမန်များ၏ ပြောဆိုမှုများကို မိုးကောင်းကင်၏ အပြင်ဘက်မှ ရှိုက်သွာန်များက မည်သို့ ကြားနိုင်မည်နည်းဟူသော မေးခွန်း၏ အဖြေမှာ ဤအချက်သည် မဖြစ်နိုင်ဖွယ်ရာ အချက်မဟုတ်။ အကြောင်းမှာ မိုးကောင်းကင်၏ ထုထည်သည် ယင်း၏ အတွင်းမှ အသံများကို မကြားနိုင်လောက်အောင် အဟန့်အတား မဖြစ်။ ၎င်းနောက် အခြားတစ်ချက် ဖြစ်နိုင်ဖွယ်ရှိသည်မှာ တစ်ခါတစ်ရံ ကောင်းကင်တမန်များသည် မိုးကောင်းကင်၏ အပြင်ဘက်သို့ ထွက်လာ၍ ပြောဆိုကြသည်။ ယင်းစကားများကို ရှိုက်သွာန်များသည် နားထောင်၍ ထွက်ပြေးကြလေသည်။ ဘိုခါရီကျမ်းတွင် ဟဇရတ်အာအေရှာဟ် رضي الله عنه ၏ သခင်မထံမှ ဆင့်ပြန်ချက် လာရှိသည်။ ယင်းဆင့်ပြန်ချက်အရလည်း အထက်ပါအဆိုသည် ခိုင်မာမှုရှိကြောင်း သိရသည်။ ဆင့်ပြန်ချက်တွင် မိန့်ဆိုသည်မှာ ကောင်းကင်တမန်များသည် မိုးကောင်ကင် အောက် တိမ်တိုက်များရှိသည့် နေရာအထိ တစ်ခါတစ်ရံ လာရောက်၍ မိုးကောင်းကင်အထက်မှ သတင်း စကားများကို ပြောဆိုဆွေးနွေးကြလေသည်။ ထိုအခါ ရှိုက်သွာန်များသည် လေဟာနယ်ထဲတွင် ဖုံးကွယ် လျက် ယင်းသတင်းစကားများကို နားထောင်လေ့ရှိကြသည်။ ဤလုပ်ရပ်ကိုပင်လျှင် 'ရှေဟာဗွန်ဆာကစ်ဗ်' ဖြင့် တားဆီးပိတ်ပင်လိုက်လေသည်။ ဤအကြောင်းကို 'အင်န်ရှာအလ္လာဟ်' စူရာဟ်ဂျင်န်၏ အာယသ်တော်

اِنَّا كُنَّا نَقْعُدُ مِنْهَا مَقَاعِدَ لِلسَّمْعِ

တွင် အကျယ်တဝင့် ရှင်းလင်းတင်ပြပါမည်။

အခြားပညတ်ချက်တစ်ခု

အထက်ပါအာယသ်တော်များတွင် **شِهَابٌ ثَاقِبٌ** နှင့် ပတ်သက်၍ ကျမ်းတော်မြတ်ကုရ်အာန်၏ အမိန့်ကို သိရှိရသည်မှာ ဤမီးတောက်အား 'ဝဟီ' ဗျာဒိတ်တော်ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ရှိုက်သွာန်များအား ပစ်ရန်အတွက် ဖန်ဆင်းထားပေသည်။ ထိုမီးတောက်ဖြင့် ရှိုက်သွာန်များအား နှင်ထုတ်လေသည်။ သို့မှသာ အသင်တို့သည် ကောင်းကင်တမန်များ၏ ပြောဆိုမှုများကို မကြားနိုင်မည် ဖြစ်သည်။

ဤနေရာ၌ ခိုင်မာသော စောဒကတစ်ခု ထွက်ပေါ်လာသည်မှာ **شهاب** ဟူသော မီးတောက်များ တည်ရှိနေခြင်းသည် အသစ်အဆန်းမဟုတ်ပေ။ တမန်တော်မြတ် ﷺ မပွင့်မီအလျင်ကတည်းကပင် ကြယ် တာရာများ ကြွေကျခြင်း စသည့် ကိစ္စရပ်များအား မြင်တွေ့နေကြရသည်။ တမန်တော်ပွင့်ပြီး နောက်ပိုင်း တွင်လည်း ယင်းဖြစ်ရပ်များ တည်ရှိနေခဲ့သည်။ သို့ပါသောကြောင့် **شهاب ثاقب** ဟု ဆိုသည့် မီးတောက်

များကို ရှိုက်သွာန်များအား နှင်ထုတ်ရန် ဖန်ဆင်းထားသည်ဟူသော စကားမှာ မည်သို့ ဖြစ်နိုင်မည်နည်း။ ယင်းဖန်ဆင်းထားသည်ဆိုသော အဓိပ္ပာယ်မှာ တမန်တော်မြတ် ﷺ ၏ သီးခြားခေတ်ကာလအတွက်သာ ဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။ တင်ပြပါစောဒကသည် အပေါ်ယံအားဖြင့် ဖလော်ဆော်ဖီ အတွေးအခေါ်များ၏ အဆိုကို ထောက်ခံနေသကဲ့သို့ ဖြစ်သည်။ အကြောင်းမှာ ၎င်းတို့၏ အဆိုအရ **شهاب ثاقب** သည် နေမင်း၏ အပူရှိန်ကြောင့် ဖြစ်ပေါ်လာတတ်သည်။ မြေပထဝီမှ ပြန့်လွင့်လာသော အခိုးအငွေ့များတွင် အနည်းနှင့်အများ မီးစွဲနိုင်သော သဘာဝအပူငွေ့များ ပါရှိလာတတ်သည်။ အပေါ်လေဟာနယ်သို့ ရောက်ရှိလာသောအခါ ယင်းအခိုးအငွေ့များကို နေမင်း၏ အပူရှိန်ကြောင့်သော်လည်းကောင်း၊ သို့မဟုတ် အခြားအကြောင်းခံ တစ်စုံတစ်ခုကြောင့်သော်လည်းကောင်း အပူရှိန်သည် သာပို၍ မြင့်မားလာပြီး တောက်လောင်လေတော့သည်။ ယင်းဖြစ်ရပ်ကို တွေ့မြင်သူများက ကြယ်ကြွေသည်ဟု ထင်မြင်ယူဆကြသည်။ ထို့အတွက်ကြောင့် ကြယ်ကြွေခြင်းဟူသော ဝေါဟာရစကားဖြင့် ခေါ်ဝေါ်သမုတ်ကြသည်။ အာရဗီဝေါဟာရတွင်လည်း ယင်းကဲ့သို့ဖြစ်ရပ်ကို **اِنْقِضَاضِ كَوْكَبْ** ဟူသော စာသားဖြင့် သုံးနှုန်းထားပေသည်။

အထက်ပါစောဒက၏ အဖြေမှာ **شهاب ثاقب** ဖြစ်ရပ်နှင့် ကြယ်ကြွေခြင်း ဖြစ်ရပ်တို့သည် သီးခြားစီမဟုတ်။ မြေပထဝီမှ လွင့်ပြန့်သွားသော အခိုးအငွေ့များသည် အပူရှိန်ပြင်းထန်မှုကြောင့် တောက်လောင်သည်ဟု ဆိုခြင်းမှာလည်း ဖြစ်နိုင်ဖွယ် ရှိပေသည်။ ကြယ်တာရာတစ်ခုခု သို့မဟုတ် ဂြိုဟ်တစ်ခုခုမှ မီးတောက်များ ကျရောက်လာခြင်း ဆိုသည်မှာလည်း မဖြစ်နိုင်ဖွယ်ရာမဟုတ်။ ၎င်းနောက် ဤဖြစ်ရပ်များသည် ရှေးယခင် တမန်တော်မြတ် မပွင့်မီအလျင်ကတည်းက တည်ရှိနေခြင်းဆိုသည်မှာလည်း မှန်ပေသည်။ သို့သော် တမန်တော်မပွင့်မီအလျင်က ထိုမီးတောက်များကို သီးခြားအသုံးချခဲ့ခြင်း မရှိပေ။ တမန်တော်မြတ် ﷺ ပွင့်တော်မူပြီးမှ ယင်းမီးတောက်များကို ရှိုက်သွာန်များအား ကောင်းကင်တမန်များ၏ စကားများကို ပုန်းလျှိုးကွယ်လျှိုး နားမထောင်နိုင်ရန် ယင်းရှိုက်သွာန်များကို မောင်းထုတ်ရန် အသုံးချခဲ့ခြင်းဖြစ်သည်။

အလ္လာမာအလူစီး (ရဟ) သခင်က ရူးဟွလ်မအာနီကျမ်းတွင် ဆင့်ပြန်ချက်တစ်ရပ်ကို ရေးသားထားသည်မှာ ဟဒီးစ်ပညာရပ်၏ အေမာမ်ဖြစ်သူ ဟဇရေသ်ဇုဟ်ရီ (ရဟ) သခင်ကို တစ်ဦးတစ်ယောက်က မေးမြန်းလေသည်။ တမန်တော်မြတ် ﷺ မပွင့်မီအလျင်လည်း ကြယ်တာရာများ ကြွေခဲ့ဖူးပါသလော။ ဇုဟ်ရီသခင်က ဟုတ်မှန်ကြောင်း ဖြေကြားလေသည်။ ထိုအခါ မေးမြန်းသူက စူရာဟ်ဂျင်န်၏ အထက်တင်ပြပါ အာယသ်တော်ကို စောဒကတက်သည့်အနေနှင့် တင်ပြဖတ်ကြားရာ ဇုဟ်ရီ (ရဟ) သခင်က ဖြေကြားလေသည်။ **شهاب ثاقب** သည် ယခင်ကတည်းက ရှိခဲ့သည်။ သို့သော် တမန်တော်မြတ် ﷺ ပွင့်တော်မူပြီးနောက် ရှိုက်သွာန်များအား ပြင်းထန်စွာ ထိန်းချုပ်ရန်နှင့် ယင်းရှိုက်သွာန်များကို နှင်ထုတ်ရန်အတွက် ဤ **شهاب ثاقب** ကို အသုံးချလေသည်။

မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်တစ်ပုဒ်တွင် အိမ်ိနေအဗ္ဗာ့စ် ﷺ သခင်က တမန်တော်မြတ် ﷺ ၏ မိန့်ဆိုချက်တစ်ရပ်ကို ဆင့်ပြန်သည်မှာ ကိုယ်တော်မြတ် ﷺ သည် ဆွဟာဗာကြီးများ၏ ထိုင်ဝိုင်းတစ်ခုတွင် ရှိနေတော်မူစဉ် ကြယ်ကြွေလေသည်။ ကိုယ်တော်မြတ်က မေးမြန်းသည်မှာ အသင်တို့သည် အစ္စလာမ့်အလျင် အမှောင်ခေတ်က ဤကြယ်ကြွေခြင်းကို မည်သို့ ယူဆကြသနည်း။ သာဝကကြီးများက ဖြေကြားသည်မှာ ကျွန်ုပ်တို့သည် ကြယ်ကြွေခြင်းကို ကြည့်ရှု၍ ဤလောကတွင် ကြီးမားသော အန္တရာယ်ကြီး တစ်ရပ် ကျရောက်လာတော့မည်ဟု ယူဆလေ့ရှိကြသည်။ သို့မဟုတ် လူကြီးလူကောင်းတစ်ဦး ကွယ်လွန်တော့မည်၊ သို့မဟုတ် လူကြီးလူကောင်းတစ်ဦး ပေါ်ထွန်းလာတော့မည်ဟု ယူဆလေ့ရှိသည်။ ကိုယ်တော်မြတ်က မိန့်တော်မူသည်မှာ ဤအတွေးအခေါ်များသည် အဓိပ္ပာယ်မဲ့သော အတွေးအခေါ်များ ဖြစ်သည်။ ကြယ်ကြွေခြင်းဖြစ်ရပ်သည် တစ်ဦးတစ်ယောက် သေဆုံးခြင်း၊ သို့မဟုတ် မွေးဖွားခြင်းနှင့် မည်သို့မျှ မသက်ဆိုင်ပါ။ ဤမီးတောက်များကို ရှိုက်သွာန်အား မောင်းထုတ်ရန် ပစ်ချခြင်းဖြစ်သည်။ အချုပ်ဆိုရသော် **شهاب ثاقب** နှင့် ပတ်သက်ပြီး အတွေးအခေါ်ရှင်များ၏ အဆိုသည်လည်း ကုရ်အာန်နှင့် မဆန့်ကျင်ပါ။ ဤမီးတောက်များသည် အချို့သော ကြယ်တာရာများ၊ ဂြိုဟ်များမှ တိုက်ရိုက်ကျဆင်းလာသည်ဟု ဆိုခြင်းမှာလည်း မဖြစ်နိုင်ဖွယ်ရာ မရှိချေ။ သို့ရှိရာ ကုရ်အာန်၏ အဓိကဆိုလိုရင်းမှာမူ ပုံသဏ္ဍာန်နှစ်မျိုးစလုံးဖြင့် ဖြစ်ရှိနိုင်ကြောင်း ထင်ရှားနေပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَالْأَرْضَ مَدَدْنٰهَا وَاَلْقَيْنَا فِيْهَا رَوَاسِيَ وَاَنْۢبَتْنَا فِيْهَا مِنْ كُلِّ شَيْءٍ مَّوْزُوْنٍ ⑲

၁၅ : ၁၉ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် ပထဝီမြေကို ဖြန့်ခင်းတော်မူ၍ ယင်းပထဝီမြေ၌ လေးလံသော တောင်ကြီးများကို ချထားတော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းပထဝီမြေ၌ ခန့်မှန်း (သတ်မှတ်) ပြီးဖြစ်သော အရာဝတ္ထုတိုင်းကို ပေါက်ရောက် (ဖြစ်ထွန်း) စေတော်မူခဲ့လေသည်။

وَجَعَلْنَا لَكُمْ فِيْهَا مَعَايِشَ وَمَنْ لَّسْتُمْ لَهٗ بِرٰزِقِيْنَ ⑳

၁၅ : ၂၀ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းပထဝီမြေ၌ အသင်တို့အဖို့လည်းကောင်း၊ အသင်တို့ စားနပ်ရိက္ခာ ထောက်ပံ့ခြင်းမပြုသော သူတို့အဖို့လည်းကောင်း အသက်မွေးဝမ်းကျောင်းမှုများကို ပြုလုပ် (စီမံ၍) ထားတော်မူခဲ့လေသည်။

وَإِن مِّن شَيْءٍ إِلَّا عِندَنَا خَزَائِنُهُ وَمَا نُنَزِّلُهُ إِلَّا بِقَدَرٍ مَّعْلُومٍ ﴿٢١﴾

၁၅ : ၂၁ ။ ။ စင်စစ် မည်သည့်အရာမျိုးကိုမဆို ငါအသျှင်မြတ်ထံတော်၌ ထိုအရာဝတ္ထုသည် အစုလိုက်အပုံလိုက် (ဘဏ္ဍာတော်များ) သည် (အပြည့်) ရှိပေသည်။ သို့ရာတွင် ငါအသျှင်မြတ်သည် ထိုအရာဝတ္ထုကို သတ်မှတ်ထားသော အတိုင်းအတာ အချိန်အဆနှင့် အညီသာလျှင် ချပေးတော်မူပေသည်။

وَأَرْسَلْنَا الرِّيَاحَ لَوَاقِحَ فَأَنزَلْنَا
مِنَ السَّمَاءِ مَاءً فَأَسْقَيْنَاكُمُوهُ وَمَا أَنتُمْ لَهُ بِخَازِنِينَ ﴿٢٢﴾

၁၅ : ၂၂ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် ရေများ သယ်ဆောင်လျက်ရှိသော လေများကို စေလွှတ်တော်မူခဲ့လေသည်။ တစ်ဖန် ငါအသျှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ရွာသွန်းစေတော်မူခဲ့လေသည်။ ထို့နောက် ငါအသျှင်မြတ်သည် အသင်တို့အား ထိုရေကိုပင် တိုက်ကျွေးတော်မူခဲ့လေသည်။ စင်စစ် အသင်တို့သည် ထိုရေကို စုဆောင်းသိုလှောင်နိုင်ကြသူများ မဟုတ်ကြပေ။

وَإِنَّا لَنَحْنُ نُحْيِي وَنُمِيتُ وَنَحْنُ الْوَارِثُونَ ﴿٢٣﴾

၁၅ : ၂၃ ။ ။ ထို့ပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည်ပင်လျှင် ရှင်စေတော်မူ၍ ထိုနည်းတူစွာ ငါအသျှင်မြတ်သည်ပင်လျှင် သေစေတော်မူ၏။ ၎င်းပြင် ငါအသျှင်မြတ်သည်ပင်လျှင် အမွေစားအမွေခံ ဖြစ်တော်မူ၏။ (ကျန်ရစ်တော်မူမည့် အသျှင် ဖြစ်တော်မူ၏။)

وَلَقَدْ عَلِمْنَا
الْمُسْتَقْدِمِينَ مِنكُمْ وَلَقَدْ عَلِمْنَا الْمُسْتَأْخِرِينَ ﴿٢٤﴾

၁၅ : ၂၄ ။ ။ ထို့ပြင် ဧကန်မုချ ငါအသျှင်မြတ်သည် အသင်တို့အနက်မှ ရှေးလူဟောင်းတို့ကိုလည်း ကောင်းစွာ သိတော်မူပြီး ဖြစ်လေသည်။ ထိုနည်းတူစွာ ဧကန်မုချ ငါအသျှင်မြတ်သည် အသင်တို့အနက်မှ နောက်လာနောက်သားတို့ကို လည်း ကောင်းစွာ သိတော်မူပြီး ဖြစ်သည်။

وَإِنَّ رَبَّكَ هُوَ يَحْشُرُهُمْ إِنَّهُ حَكِيمٌ عَلِيمٌ ﴿٢٥﴾

၁၅ : ၂၅ ။ ။ ထို့ပြင် အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည်ပင်လျှင် ၎င်းတို့အားလုံး ကို ('ကေယာမသ်' နေ့တွင်) စုရုံးတော်မူမည်။ ဧကန်မလွဲ ငါအသျှင်မြတ်သည် ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်၊ (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ပွင့်ဆိုချက်အနှစ်ချုပ်

ငှင်းနောက် ငါအသျှင်မြတ်သည် မြေပထဝီကို ကျယ်ဝန်းစွာ ဖန်ဆင်းတော်မူသည်။ ၎င်းနောက် ထို (မြေပထဝီ) တွင် လေးလံလှသော တောင်ကြီးများကို ချထားတော်မူသည်။ ၎င်းနောက် ထို (မြေပထဝီ) တွင် အမျိုးမျိုးအဖုံဖုံသော (လိုအပ်သော အသီးအနှံများ) သတ်မှတ်ထားသော အတိုင်းအတာတစ်ခုဖြင့် ပေါက်ရောက်စေတော်မူသည်။ ၎င်းနောက် ငါအသျှင်မြတ်သည် အသင်တို့အတွက် ထို (မြေပထဝီ) တွင် ရှင်သန်ရပ်တည်နိုင်ရန် အကြောင်းခံများ ဖန်ဆင်းထားတော်မူသည်။ (ထိုအကြောင်းခံများတွင် အသင်တို့၏ ဘဝသက်တမ်းအတွက် လိုအပ်သော အရာအားလုံး ပါဝင်ပေသည်။ ၎င်းတို့မှာ အသင်တို့၏ စားခြင်း၊ သောက်ခြင်း၊ ဝတ်ဆင်ခြင်း၊ နေထိုင်ခြင်းများလည်း ပါဝင်ပေသည်။) ၎င်းနောက် (ဤဘဝရှင်သန်ရန် အကြောင်းခံများ၊ ဘဝသက်တမ်း၏ လိုအပ်ချက်များကို အသင်တို့ကိုသာလျှင် ပေးခဲ့သည် မဟုတ်။) ထိုသူတို့ကိုလည်း ချီးမြှင့်တော်မူခဲ့သည်။ ၎င်းတို့ကို အသင်တို့သည် ရိက္ခာမပေးနိုင်။ (ဆိုလိုသည်မှာ အပေါ်ယံအားဖြင့် အသင်တို့ထံမှ စားသောက်ဖွယ်ရာများ၊ ၎င်းနောက် မိမိဘဝရှင်သန်ရပ်တည်ရန် လိုအပ်ချက်များကို မရရှိသော အဖန်ဆင်းခံအားလုံး၊ (ظَاهِرُ အပေါ်ယံအားဖြင့်ဟု ဆိုလိုခြင်းအဓိပ္ပာယ်မှာ အိမ်တွင် မွေးထားသော ခွေးများ၊ ဆိတ်များ၊ နွားများ၊ မြင်းများ၊ လားများ စသည်တို့သည်လည်း အမှန်စင်စစ် မိမိတို့၏ အစာအစာနှင့် လိုအပ်ချက်များကို အလ္လာဟ်အသျှင်မြတ်ဘက်တော်မှသာလျှင် ရရှိကြခြင်းဖြစ်သည်။ သို့သော် အပေါ်ယံအားဖြင့် ကြည့်လျှင် ယင်းတို့၏ အစားအစာနှင့် နေထိုင်ရန်အတွက် အစီအမံများကို လူသားတို့က စီစဉ်ပေးရသည်။ ထို့ပြင်တဝ ဒုန္နယာလောက၌ ရှိရှိသမျှသော ကုန်းသတ္တဝါ၊ ရေသတ္တဝါ၊ လေသတ္တဝါများ၊ သားရဲတိရစ္ဆာန်များ စသည်တို့၏ ဘဝရှင်သန်ရန် လိုအပ်ချက်များကို မည်သည့် 'အင်န်စာန်' လူသားကမျှ မပြုနိုင်။ မရည်ရွယ်နိုင်၊ မစဉ်းစားနိုင်ကြောင်းမှာ ထင်ရှားသော အချက်ဖြစ်သည်။ ၎င်းနောက် ယင်းသတ္တဝါများသည် မည်မျှ များပြားလှသည်ဆိုသော် မည်သည့်လူသားမှ ယင်းတို့ကို မမှတ်မိနိုင်၊ မရေတွက်နိုင်ပေ) ၎င်းနောက် ငါအသျှင်မြတ်ထံတော်ပါးတွင် ရှိသော (ဘဝသက်တမ်းအတွက် လိုအပ်သော) အရာများသည် အစုလိုက်၊ အပြုံလိုက် ရှိသည်။ (ပြည့်နှက်နေပေသည်။)

ငှင်းနောက် ငါအသျှင်မြတ်သည် (မိမိ၏) သီးခြားဆင်ခြင်တုံတရားဖြင့်) ထို (အရာ) ကို သတ်မှတ်ထားသော အတိုင်းအတာတစ်ခုဖြင့် ချပေးသနားတော်မူလေ့ရှိသည်။ ၎င်းနောက် ငါအသျှင်မြတ်သည်သာလျှင် လေများကို ပို့ဆောင်ပေးတော်မူသည်။ ယင်းလေများသည် တိမ်တိုက်များအတွင်းဝယ် ရေများ ဖြည့်ပေးသည်။ တစ်ဖန် ငါအသျှင်မြတ်ကသာလျှင် မိုးကောင်းကင်မှ (မိုး) ရေကို ရွာသွန်းစေတော်မူသည်။ တစ်ဖန် ထိုရေကို အသင်တို့အား သောက်သုံးစေသည်။ ၎င်းနောက် အသင်တို့သည် (ရေ) ကို စုဆောင်းခဲ့ကြသည် မဟုတ်။ (အကြောင်းမှာ နောက်တစ်ကြိမ် မိုးရွာသည်အထိ စုဆောင်းထားသော ရေကို သုံးစွဲလျက်ရှိနေကြသည်။) ၎င်းနောက် ငါအသျှင်မြတ်သာလျှင် ရှင်စေ၊ သေစေတော်မူသည်။ ၎င်း (အားလုံး သေဆုံးသွားပြီးနောက်) ငါအသျှင်မြတ်သာလျှင် ကျန်ရှိနေတော်မူမည်။ ၎င်းနောက် ငါအသျှင်မြတ်သာလျှင် သိရှိတော်

မူသည်။ အသင်တို့အနက်မှ အတိုင်းထက်အလွန် ပြုသူများနှင့် နောက်ချန်ရစ်သူများကိုလည်း ငါအသျှင်မြတ် သိရှိတော်မူသည်။ ၄င်းနောက် ဧကန်မုချ အသင်တမန်တော်၏ မွေးမြူဖန်ဆင်းသော အသျှင်သာလျှင် ထိုသူများအားလုံးကို ('ကေယာမသ်'နေ့တွင်) စုရုံးစေတော်မူမည်။ (ဤစကားကို တင်ပြရသည့် အကြောင်းမှာ အထက်တွင် 'သောင်ဟီးဒ်'နှင့် ပတ်သက်ပြီး အတည်ပြုပြဌာန်းခဲ့သည်။ ယခု ဤအာယသ်တော်တွင် 'သောင်ဟီးဒ်'ကို ငြင်းဆန်သူအား ပြစ်ဒဏ်ခတ်ရန်အကြောင်းနှင့်ပတ်သက်ပြီး ရည်ညွှန်းထားခြင်း ဖြစ်သည်။) ဧကန်မုချ ထိုအသျှင်မြတ်သည် အမြော်အမြင်ရှိတော်မူပြီး (လူတိုင်းကို ထိုက်တန်သော အစားပေးတော်မူမည်။ ၄င်းနောက်) အကြွင်းမဲ့ သိရှိတော်မူသည်။ (အားလုံး၏ ကျင့်ကြံမှုများကို အပြည့်အဝ သိရှိတော်မူသော အသျှင် ဖြစ်တော်မူပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

အသျှင်မြတ်၏ ဆင်ခြင်တုံတရားနှင့် ဘဝသက်တမ်း၏ လိုအပ်ချက်များအား သင့်လျော်မှန်ကန်စွာ စီမံတော်မူခြင်းအကြောင်း

مِنْ كُلِّ شَيْءٍ مَوْزُوْنٍ

ဤအာယသ်တော်၏ အလိုသဘောတစ်ခုကို အထက်ပါဖွင့်ဆိုချက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ အကြောင်းမှာ ဆင်ခြင်တုံတရား ပြည့်ဝစွာဖြင့် အတိုင်းအတာတစ်ခု သတ်မှတ်၍ မြေပထဝီမှ ပေါက်ရောက်သော အရာများကို ပေါက်ရောက်စေခဲ့သည်။ အကယ်၍ ထိုအရာများ နည်းပါးသွားပါမူ သက်ရှိများ၏ ဘဝသက်တမ်းတွင် အခက်အခဲများနှင့် ရင်ဆိုင်ရပေမည်။ ၄င်းနောက် များပြားသွားမည်ဆိုလျှင်လည်း အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်။ လူသားတို့အတွက် လိုအပ်သော ဆန်စပါး၊ ဂျုံ၊ လွန်စွာ ကောင်းမွန်သော သစ်သီးဝလံ စသည်တို့သည် လူသားများနှင့် သတ္တဝါများ စားသောက်နိုင်သည့် အတိုင်းအတာထက် မြောက်မြားစွာ ပိုလျှံနေပါက ထိုအရာများသည် ပုပ်သိုးသွားမည်မှာ ဧကန်အမှန်ပင် ဖြစ်ပေသည်။ ယင်းတို့ကို သိမ်းဆည်းထားရန်လည်း မဖြစ်နိုင်ပေ။ ၄င်းနောက် စွန့်ပစ်ရန်လည်း နေရာရှိမည်မဟုတ်ပေ။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် သိရှိနိုင်သည်မှာ အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်များထဲမှ ဤအချက်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

လူသားတို့သည် မိမိတို့ဘဝသက်တမ်းအတွက် မှီခိုအားထားရသော ကောက်ပဲသီးနှံများနှင့် သစ်သီးဝလံများကို အသျှင်မြတ်က နေရာတိုင်း၌ အခမဲ့ ရရှိနိုင်လောက်အောင် များပြားစွာ ဖန်ဆင်းခဲ့ပါမူ ၄င်းနောက် အပူပန်ကင်းစွာ စားသောက်သုံးစွဲပြီးနောက်တွင်လည်း လူသားတို့ထံ အစုလိုက်အပုံလိုက် ယင်းရိက္ခာများ ပြည့်လျှံနေပါမူ ဤအချက်သည် လူသားတို့အတွက် ဘေးဒုက္ခသဖွယ် ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် သီးသန့်အတိုင်းအတာတစ်ခု သတ်မှတ်၍ အသျှင်မြတ်သည် ရိက္ခာများကို ချပေးသနားတော်မူသည်။ သို့မှသာ

လူသားကို့သည် တန်ဖိုးထား လေးစားကြမည်။ ၎င်းနောက် အချည်းနှီးဖြစ်စရာ အကြောင်းလည်း ရှိမည် မဟုတ်ပေ။ ၎င်းနောက်

مِنْ كُلِّ شَيْءٍ مَّوْزُوْنٍ

ဆိုသော စာသား၏ အခြားအလိုသဘောတစ်ခုမှာ မြေပထဝီမှ ပေါက်ရောက်သော အရာအားလုံးကို အလ္လာဟ်အသျှင်မြတ်သည် လျော်ကန်သင့်မြတ်စွာဖြင့် ဖန်ဆင်းထားတော်မူသည်။ ဤအတွက်ကြောင့် ထိုပေါက်ရောက်သော အရာများတွင် လှပတင့်တယ်မှုနှင့် ကြည်နူးဖွယ်ရာများ ရှိနေတတ်သည်။ အမျိုးမျိုး အဖုံဖုံသော သစ်ပင်ပန်းမန်များ၏ ပင်စည်များ၊ ၎င်းနောက် အကိုင်းအခက်များ၊ အရွက်များ၊ အသီးအပွင့် များနှင့် ပန်းများကို အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရောင်အဆင်းအမျိုးမျိုးနှင့် အရသာ အမျိုးမျိုးဖြင့် ဖန်ဆင်းထားလေသည်။ ၎င်းတို့၏ လျော်ကန်မှုနှင့် လှပတင့်တယ်မှု မြင်ကွင်းများအား လူသားသည် အကျိုးအမြတ်ခံစားလေသည်။ သို့သော် ယင်းအရာများ၏ နက်နဲလှသော အမြော်အမြင် ဆင်ခြင်တုံတရားများကို အကျယ်တဝင့် သိရှိခံစားနိုင်ရန်မှာမူ မည်သည့်လူသားမျှ မတတ်စွမ်းနိုင်သော အရာဖြစ်သည်။

အဖန်ဆင်းခံများအားလုံးအတွက် သောက်သုံးရေ ရရှိရန်အလို့ငှာ ထူးခြားအံ့သြဖွယ်ရာ ကောင်းလှသော အသျှင်မြတ်၏ စီမံကိန်းကြီးအကြောင်း

အာယသ်တော် وَاَرْسَلْنَا الرِّيَاحَ မှ مَآ اَنْتُمْ لَهٗ بِخٰزِنِيْنَ အထိသည် အသျှင်မြတ်၏ တန်ခိုးအာနုဘော်များ၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော စီမံကိန်းများကို ရည်ညွှန်းထားပေသည်။ ထိုစီမံကိန်းဖြင့် မြေပထဝီပေါ်တွင် သွားလာနေထိုင်ကြကုန်သော လူသားများ၊ သက်ရှိသတ္တဝါများ၊ ၎က် သတ္တဝါ၊ သားရဲတိရစ္ဆာန်များပါမကျန် အားလုံးအတွက် လိုအပ်သည့်အတိုင်းအတာနှင့်အညီ သောက်သုံးရေ ရရှိစေရန် ဤသို့ အမြော်အမြင်ကြီးမားစွာဖြင့် စီမံကိန်းကြီးတစ်ခုကို ထားရှိတော်မူသည်။ သို့ရှိရာ သက်ရှိသတ္တဝါတိုင်းသည် နေရာတိုင်း၊ အချိန်တိုင်း၌ မိမိလိုအပ်သော အတိုင်းအတာအလျောက် သောက်ရန်၊ ချိုးရန်၊ ဆေးကြောရန်နှင့် လယ်ယာဉယျာဉ်များကိုပါ ရေတိုက်ကျွေးရန် မည်သည့်အဖိုးအခမျှ မပေးရဘဲ လွယ်လင့်တကူ ရေရရှိကြပေသည်။ ရေတွင်းတူးရန် သို့မဟုတ် ရေပိုက်သွယ်တန်းရန် ကုန်ကျသော ငွေကြေး သည် လူသားတို့အနေနှင့် လွယ်ကူမှုရရှိရန် သုံးစွဲသော ငွေကြေးများပင် ဖြစ်သည်။ ရေတစ်စက်တစ်ပေါက် ၏ အဖိုးအခကိုတော့ မည်သူတစ်ဦးတစ်ယောက်မျှ ပေးဆောင်နိုင်စွမ်း မရှိကြချေ။ ယင်းရေ၏ အဖိုးအခ ကိုလည်း မည်သူတစ်ဦးတစ်ယောက်ထံမှ တောင်းခံထားခြင်း မရှိပေ။

အထက်ပါအာယသ်တော်တွင် ဦးစွာပထမ တင်ပြထားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုး အာဏာတော်ဖြင့် သမုဒ္ဒရာထဲမှ ရေကို မြေပထဝီ အနှံ့အပြားပေါ်သို့ ထူးခြားအံ့သြဖွယ်ကောင်းအောင် မည်သို့မည်ပုံ ပို့ဆောင်ပေးခဲ့သည့် စီမံကိန်းအကြောင်း တင်ပြထားပေသည်။ အဘယ်သို့ဆိုသော် ပင်လယ်

သမုဒ္ဒရာထဲတွင် အခိုးအငွေ့များကို ဖန်ဆင်းတော်မူသည်။ ထိုမှတစ်ဆင့် ယင်းတို့ကို မိုးသားများအဖြစ် ပြောင်းလဲဖန်ဆင်းလေသည်။ မိုးသားများအပေါ်မှ လေများကို တိုက်ခတ်စေသည်။ ယင်းလေဖြင့် တိမ်တိုက်ကြီးများသဏ္ဌာန် ပြောင်းလဲလာ၍ ရေများနှင့် ပြည့်လျှံနေသော တောင်ကြီးများပမာ ကြီးမားသော တိမ်တိုက်ကြီးများကို ဖန်ဆင်းတော်မူသည်။ တစ်ဖန် ရေများ ပြည့်လျှံနေသော ထိုတိမ်တိုက်ကြီးများကို လိုအပ်သော နေရာအသီးသီးသို့ ပို့ဆောင်တော်မူသည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အတိုင်း မည်သည့်မြေနေရာတွင် မည်မျှခန့် ရွာသွန်းရမည့်အလုပ်ကို ထိုလေသဘော်ကြီးများနှင့် ပမာတူသော တိမ်ထုကြီးများသည် မိုးရေများကို ရွာသွန်းပေးလေသည်။ ထိုနည်းတူစွာ ထိုသမုဒ္ဒရာထဲမှ ရေသည် မြေပထဝီအနှံ့အပြားတွင် နေထိုင်သွားလာကြကုန်သော လူသားများနှင့် သက်ရှိသတ္တဝါများအား မိမိတို့နေရာ အသီးသီး၌ လွယ်လင့်တကူရရှိသည့် ပုံသဏ္ဌာန်တွင် ထူးခြားအံ့သြဖွယ်ရာကောင်းသော အပြောင်းအလဲတစ်ခုမှာ ရေ၏ အရသာနှင့် အခြားသော ဓါတ်သဘာဝများကို ထိုသောက်သုံးရေများတွင် အလ္လာဟ်အသျှင်မြတ်က ဖန်ဆင်းပေးတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ပင်လယ်သမုဒ္ဒရာ၏ ရေကို အလ္လာဟ်အသျှင်မြတ်က မိမိ၏ နက်ရှိုင်းလှသော ဉာဏ်အမြော်အမြင်တော်ဖြင့် လွန်ကဲသော အငန်ဓါတ်ကို ထည့်သွင်းထားတော်မူသည်။ ထိုသမုဒ္ဒရာရေမှ တန်ပေါင်း ထောင်သောင်းချီသော ဆားများကို ထုတ်ယူကြသည်။ ၎င်းနောက် သုံးစွဲကြသည်။

ထိုကိစ္စရပ်တွင်လည်း အသျှင်မြတ်၏ ဉာဏ်အမြော်အမြင်တော် တစ်ရပ်မှာ ဤကြီးမားကျယ်ပြန့်လှသော ရေထုကြီးတွင် ကုဋေနှင့်ချီသော သက်ရှိသတ္တဝါများ နေထိုင်ကျက်စားလေ့ ရှိကြသည်။ ထိုရေထဲတွင်ပင် သေကြေပျက်စီးကြသည်။ ပုပ်ပွသွားကြသည်။ ၎င်းနောက် မြေပထဝီပေါ်တွင် သုံးစွဲလိုက်ကြသော ရေဆိုးများသည်လည်း နောက်ဆုံး ထိုသမုဒ္ဒရာထဲသို့ စီးတွေသွားကြသည်။ အကယ်၍ ထိုရေဆိုးများသည် မစီးတွေဘဲ ရပ်ဆိုင်းနေပါက တစ်ရက်တည်းဖြင့် ပုပ်ပွနံစော်၍ မြေပထဝီပေါ်တွင် နေထိုင်ကြသော သက်ရှိများအားလုံး ရောဂါဝေဒနာ အနာတရဖြစ်လျက် အသက်ရှင်နေထိုင်ရန်ပင် ခက်ခဲသွားပေလိမ့်မည်။ ထို့ကြောင့် အသျှင်မြတ်၏ တန်ခိုးတော်သည် ပင်လယ်သမုဒ္ဒရာရေကို လွန်ကဲစွာ ငန်အောင် ဖန်ဆင်းပြီး မြေပထဝီတစ်ခုလုံး၏ အညစ်အကြေးများအားလုံးကို ထိုသမုဒ္ဒရာထဲသို့ ရောက်စေ၍ သန့်စင်ပစ်တော်မူမည်။ အချုပ်ဆိုရသော် ဤအမြော်အမြင်ဖြင့် အလ္လာဟ်အသျှင်မြတ်သည် ပင်လယ်သမုဒ္ဒရာ၏ ရေကို လွန်ကဲစွာ ငန်စေတော်မူသည်။ ယင်းကို သောက်၍ပင် မရနိုင်ပေ။ ၎င်းရေဖြင့် ရေငတ်လည်း မပြေနိုင်ပါ။ အသျှင်မြတ်၏ တန်ခိုးတော်သည် ပင်လယ်သမုဒ္ဒရာထဲမှ ရေကို အခိုးအငွေ့များမှတစ်ဆင့် တိမ်ထုကြီးများသဏ္ဌာန် ဖန်ဆင်း၍ ရေဘဏ္ဍာတိုက်မျှသာ ဖန်ဆင်းထားခြင်းမဟုတ်ဘဲ ရေ၏ ဓါတ်သဘာဝကို ဖန်ဆင်းခြင်းမှစ၍ မိုးရွာသွန်းသည်အထိ မည်သည့်စက်ယန္တရားမှမပါဘဲ ဤသို့ အပြောင်းအလဲများကို ထိုမိုးရေတွင် ဖန်ဆင်းတော်မူသည်။ အကြောင်းမှာ ပင်လယ်ရေ၏ အငန်ဓါတ်သည် ပျောက်ကွယ်လျက် ရေချိုအဖြစ်နှင့် ရွာသွန်းလေတော့သည်။ 'စူရာဟ်မုရ်စလားသ်'တွင်လည်း ဤအကြောင်းအရာနှင့် ပတ်သက်ပြီး ညွှန်းထားသည်မှာ-

وَاَسْقَيْنٰكُمْ مَّآءً فُرَاتًا

ထိုဝါကျတွင် فُرَاتًا ဆိုသော စာသား၏ အဓိပ္ပာယ်မှာ ရေငတ်ပြေစေသော ရေချိုဟူ၍ ဖြစ်သည်။ ဝါကျ၏ အလိုသဘောမှာ ငါအသျှင်မြတ်သည် တိမ်တိုက်များကို မိမိ၏ တန်ခိုးတော်ဖြင့် အဆင့်ဆင့် ပြောင်းလဲဖန်ဆင်းတော်မူပြီး ပင်လယ်၏ ခါးသီးလှသော ရေငန်ကို အသင်တို့ သောက်သုံးရန်အတွက် ရေချိုအဖြစ် ပြုလုပ်ပေးလေသည်။ စူရာဟ်ဝါကေအာတွင်လည်း ဤအကြောင်းအရာနှင့် ပတ်သက်ပြီး မိန့်တော်မူသည်မှာ-

اَفَرَاَيْتُمُ الْمَآءَ الَّذِىْ تَشْرَبُوْنَ ءَ اَنْتُمْ اَنْزَلْتُمُوْهُ مِنَ الْمُزْنِ اَمْ نَحْنُ الْمُنْزِلُوْنَ ○ لَوْ نَشَآءُ جَعَلْنٰهُ اُجَاجًا فَلَوْلَا تَشْكُرُوْنَ ○

အသင်တို့ သောက်သုံးနေသော ရေကို တိမ်တိုက်များမှ အသင်တို့ကိုယ်တိုင် ရွာသွန်းစေခဲ့ပါသလော။ သို့မဟုတ် ငါအသျှင်မြတ်က ချပေးတော်မူခဲ့သလော ဆိုသည်ကို အသင်တို့ ဆန်းစစ်ကြလော။ အကယ်၍ ငါအသျှင်မြတ် အလိုရှိတော်မူလျှင် ထိုမိုးရေကို ရေငန်အဖြစ် ပြုလုပ်နိုင်စွမ်း ရှိတော်မူသည်။ ဘစ်ဖန် အသင်တို့သည် အဘယ်ကြောင့် ကျေးဇူးတရားကို နားမလည်ကြလေသနည်း။

အထက်ပါရှင်းလင်းချက်များအရ ကောင်းစွာ နားလည်သဘောပေါက်ကြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်အစွမ်းဖြင့် ပင်လယ်သမုဒ္ဒရာ၏ ရေငန်သည် ရေချိုအဖြစ် ပြောင်းလဲပြီး မိုးတိမ်များမှတစ်ဆင့် မြေပထဝီ နေရာအနှံ့အပြားတွင် ကောင်းမွန်တိကျသော အစီအမံများဖြင့် ပို့ဆောင်ပေးတော်မူသည်။ နေရာဒေသတိုင်းရှိ လူသားများပါမက ထိုလူသားများ စွမ်းဆောင်မပေးနိုင်သော အခြားသက်ရှိသတ္တဝါများ၏ သောက်သုံးရေလိုအပ်မှုကိုလည်း လွယ်လင့်တကူ ရရှိနိုင်ရန် အသျှင်မြတ်ကပင် စွမ်းဆောင်ပေးတော်မူလေသည်။ အဖိုးအခလည်း ပေးရန် မလိုသည့်အပြင် မဖြစ်မနေ ရရှိစေခဲ့သည်။

သို့သော် လူသားများနှင့် သက်ရှိသတ္တဝါများ၏ ရေလိုအပ်မှုပြဿနာသည် ဤမျှလောက်နှင့်ပင် ပြီးဆုံးသွားသည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် သောက်သုံးရေ လိုအပ်မှုဆိုသည်မှာ ယင်းတို့၏ နေ့စဉ်နေ့တိုင်း၊ အချိန်တိုင်း ကြုံတွေ့ရသော ပြဿနာတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ထိုနေ့စဉ်နှင့်အမျှ လိုအပ်နေသော လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် တစ်နှစ်ပတ်လုံး နေရာတိုင်း၊ နေရာတိုင်းတွင် နေ့စဉ်နေ့တိုင်းမျှ မိုးရွာသွန်းပေးလိုက်လျှင်လည်း လုံလောက်ပေသည်။ သို့သော် ဤနည်းလမ်းကို ကျင့်သုံးခြင်းဖြင့် သောက်သုံးရေ လိုအပ်ချက်ပြည့်စုံသွားမည် ဖြစ်သော်လည်း အခြားအခြားသော ဘဝရှင်သန်ရပ်တည်ရန် အကြောင်းခံများတွင်မူ အခက်အခဲများနှင့် ရင်ဆိုင်ရပေမည်။ အတွေ့အကြုံရှိသူတိုင်း ယင်းကိစ္စကို ခန့်မှန်းနိုင်ရန်မှာ မခဲယဉ်းလှပေ။ အဘယ်ကြောင့်ဆိုသော် တစ်နှစ်ပတ်လုံး နေ့စဉ်နေ့တိုင်း မိုးရွာပါက မည်သို့ ကျန်းမာရေးထိခိုက်မည်။ ငှင်းနောက် ကူးသန်းရောင်းဝယ်ရေး၊ ခရီးသွားလာရာတို့တွင် မည်မျှ နှောင့်နှေး

နေမည်ကို လူတိုင်း၊ လူတိုင်း ခန့်မှန်းနိုင်ပေလိမ့်မည်။ သောက်သုံးရေလိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် အခြားနည်းလမ်းတစ်ခုလည်း ရှိပေသေးသည်။ ယင်းမှာ တစ်နှစ်ပတ်လုံးအတွက် လုံလောက်သောရေ ရရှိရန် အချို့သောလများတွင် မိုးရွာသွန်းစေခြင်းဖြစ်သည်။ သို့သော် ဤနည်းလမ်းဖြင့်လည်း ရင်ဆိုင်ရမည့် အခက်အခဲတစ်ခုမှာ လူတိုင်းလူတိုင်းကို ခွဲတမ်းတစ်ခု သတ်မှတ်၍ မိမိတို့ခွဲတမ်းကို မိမိတို့ယူပြီး တစ်နှစ်ပတ်လုံးအတွက် ထိန်းသိမ်းစောင့်ရှောက်ထားရမည်ဖြစ်သည်။ အကယ်၍ ဤနည်းစနစ်ကို ကျင့်သုံးခဲ့ပါမူ လူတိုင်းသည် မိမိတို့၏ ရေခွဲတမ်းများကို တစ်နှစ်ပတ်လုံးအတွက် ထိန်းသိမ်းထားရန် ရေတိုင်ကီများ သို့မဟုတ် အိုး၊ ခွက်၊ ပန်းကန်များ မည်မျှရှိမည်ကို ခန့်မှန်းကြည့်ကြပါ။

ငှင်းနောက် အကယ်၍ လူတို့သည် အထက်ပါအခက်အခဲများကို ဒုက္ခခံ၍ ပြုလုပ်ကြမည်ဆိုလျှင်လည်း ကာလကြာရှည်စွာ ထိန်းသိမ်းစေရသည့်အတွက် ထိုရေများသည် ပျက်စီးသွားပေလိမ့်မည်။ သောက်ရန်၊ သုံးရန်လည်း သင့်တော်မည်မဟုတ်။ ထို့အတွက်ကြောင့် အလ္လာဟ်အရှင်မြတ်၏ ‘ကွဒ်ရသ်’ တန်ခိုးတော်သည် ထိုရေများကို ထိန်းသိမ်းထားရန်၊ လိုအပ်လာသည့်အချိန်၊ လိုအပ်သည့်နေရာတွင် လွယ်လင့်တကူ ရရှိနိုင်ရန် ထူးခြားအံ့ဖွယ်ရာကောင်းသော စီမံမှုတစ်ရပ်ကို အကောင်အထည်ဖော်ထားရှိပြီး ရွာသွန်းခဲ့သော မိုးရေများမှ ပမာဏအချို့ကို သစ်ပင်များ၊ လယ်ယာများ၊ လူသားများနှင့် အခြားသက်ရှိသတ္တဝါများက သုံးစွဲပစ်လိုက်ကြသည်။ ငှင်းနောက် အချို့သော ပမာဏသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင် စီးဆင်းဝင်ရောက်သွားသည်။ ငှင်းနောက် မြောက်မြားစွာသော ပမာဏကို ရေခဲတို့၏ သဏ္ဌာန်ဖြင့် ရေခဲပင်လယ်တွင် ငှင်းနောက် အချို့ပမာဏကို ရေခဲတောင်များသဏ္ဌာန်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားပေသည်။ ယင်းဒေသများတွင် ရေအရင်းအမြစ်ကို ညစ်ညမ်းစေမည့် အမှိုက်သရိုက်များ၊ အညစ်အကြေးများ ကျရောက်ကာ ညစ်ညမ်းသွားနိုင်ပေသည်။ အခြားပုက်များ၊ တိရစ္ဆာန်များလည်း ကျရောက်သေဆုံးနိုင်ဖွယ်ရာ ရှိသည်။ ယင်းကြောင့် ထိုရေလည်း ပျက်စီးနိုင်ဖွယ်ရာ ရှိသည်။ သို့သော် အသျှင်မြတ်၏ တန်ခိုးတော်သည် ထိုများပြားလှသော ရေအရင်းအမြစ်များကို ရေခဲတုံးများအသွင် ပြောင်းလဲပြီး ရေခဲတောင်ထိပ်များတွင် ထိန်းသိမ်းထားသည်။ ထိုမှတစ်ဆင့် တဖြည်းဖြည်းနှင့် တောင်ကြောများတွင် စိမ့်ဝင်သွားပြီး တစ်ဖန် စမ်းချောင်းများအသွင်ဖြင့် မြေပထဝီ၏ နေရာအနှံ့အပြားသို့ ရောက်ရှိသွားလေသည်။ စမ်းရေ၊ စမ်းချောင်းများ မရှိသော နေရာများတွင်လည်း မြေပထဝီ၏ ထုထည်အတွင်းမှ ရေကို လူသား၏ သွေးကြောများပမာ နေရာအနှံ့အပြား၊ ရေကြောများ စီးဆင်းစေတော်မူသည်။ ထိုရေများကို ရေတွင်းများတူး၍ ရယူနိုင်ကြပေသည်။

အချုပ်ဆိုရသော် အလ္လာဟ်အရှင်မြတ်၏ သောက်သုံးရေ ရရှိစေရန် အကြင်စီမံကိန်းကြီးတွင် မြောက်မြားစွာသော ‘နေ့အ်မသ်’ တော်များ ရှိနေလေသည်။ ဦးစွာပထမ ရေကို ဖန်ဆင်းထားခြင်းသည် ပင်လျှင် ကြီးမားသော ‘နေ့အ်မသ်’ တော်တစ်ရပ် ဖြစ်သည်။ တစ်ဖန် မိုးတိမ်များမှတစ်ဆင့် မြေပထဝီ၏ နေရာအနှံ့အပြားသို့ ပို့ဆောင်ပေးခြင်းသည် ဒုတိယ ‘နေ့အ်မသ်’ တော် ဖြစ်သည်။ တစ်ဖန် ထိုရေကို လူသားများ သောက်သုံးနိုင်ရန် ဖန်ဆင်းထားခြင်းသည် တတိယ ‘နေ့အ်မသ်’ တော်ဖြစ်သည်။ တစ်ဖန် လူသားတို့ သောက်သုံးရန် အခွင့်အရေးပေးခြင်းသည် စတုတ္ထ ‘နေ့အ်မသ်’ တော်ဖြစ်သည်။ တစ်ဖန် ထိုရေကို လိုအပ်သည့်

အဝတ်အစားအလှအပပြောက် ဉာဏ်အမြော်အမြင်တော်ဖြင့် စုဆောင်းထိန်းသိမ်းထားခြင်းသည် ပဥ္စမ 'နေ့အ်မသ်' တော်ဖြစ်သည်။ တစ်ဖန် လူသားတို့ သောက်သုံးရန်နှင့် လယ်ယာဥယျာဉ်များတွင် ရေတိုက်ကျွေးရန် အခွင့်အရေးပေးခြင်းသည် ဆဋ္ဌမ 'နေ့အ်မသ်' တော်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရေရရှိနေသော်ငြားလည်း တစ်ခါတစ်ရံ မသောက်သုံးနိုင်လောက်အောင် ဘေးဒုက္ခများနှင့်လည်း ကြုံတွေ့ရတတ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အောက်ပါအာယသ်တော်တွင် အလ္လာဟ်အရှင်မြတ်၏ ထို 'နေ့အ်မသ်' စည်းစိမ်တော်များဘက်သို့ ရည်ညွှန်းပြသထားပေသည်။

فَاَسۡقَيۡنٰكُمُوۡهُ وَمَاۤ اَنۡتُمۡ لَهٗ بِخٰزِنِيۡنَ ○

ကောင်းသော လုပ်ရပ်များတွင် ဦးဆောင်၍ လုပ်ဆောင်သူများနှင့် နောက်ဆိုင်း၍ လုပ်ဆောင်သူများတွင် အဆင့်အတန်းများ ကွာခြားသွားခြင်း

وَلَقَدۡ عَلِمۡنَا الۡمُسۡتَقۡدِمِيۡنَ مِنۡكُمۡ وَلَقَدۡ عَلِمۡنَا الۡمُسۡتَاۡخِرِيۡنَ

ဤအာယသ်တော်တွင် 'မွတ်စ်သ်က်ဒီမီးန်' နှင့် 'မွတ်စ်သအ်ခိရီးန်' ဟူသော ဝေါဟာရနှင့် ပတ်သက်ပြီး ဆွဟာဗာသာဝကများနှင့် သာဗေအီးန်များ၏ သဖ်စီးရ်အကျယ်ဖွင့်ဆိုမှုအချို့ လာရှိပေသည်။ ၎င်းတို့မှာ-

(၁) **'မွတ်စ်သက်ဒီမီးန်'** ဆိုသည်မှာ ကိုယ်တော်မြတ် ﷺ ၏ ခေတ်ကာလတွင် မွေးဖွားခဲ့ပြီးသူများကို ဆိုသည်။ 'မွတ်စ်သအ်ခိရီးန်' ဆိုသည်မှာ ထိုခေတ်ကာလတွင် မမွေးဖွားသေးသောသူများကို ဆိုလိုပေသည်။ (ကသာဒါသခင်နှင့် အစ်က်ရမဟ်သခင်တို့၏ ဖွင့်ဆိုမှု)၊

(၂) **'မွတ်စ်သက်ဒီမီးန်'** ဆိုသည်မှာ ကွယ်လွန်ပြီးသောသူများကို ဆိုလိုပေသည်။ ၎င်းနောက် 'မွတ်စ်သအ်ခိရီးန်' ဆိုသည်မှာ သက်ရှိထင်ရှားရှိနေသူများကို ဆိုလိုပေသည်။ (အိဗ်နေ အဗ္ဗားစ်နှင့် ဿွဟ်ဟာက် သခင်တို့၏ ဖွင့်ဆိုမှု)

(၃) **'မွတ်စ်သက်ဒီမီးန်'** ဆိုသည်မှာ ယခင် အုမ္မသ်များကို ဆိုလိုသည်။ ၎င်းနောက် 'မွတ်စ်သအ်ခိရီးန်' ဆိုသည်မှာ ကိုယ်တော်မြတ် ﷺ ၏ အုမ္မသ်ကို ဆိုလိုပေသည်။ (မုဂျာဟိဒ်သခင်၏ ဖွင့်ဆိုမှု)

(၄) **'မွတ်စ်သက်ဒီမီးန်'** သည် အမိန့်နာခံသူများ၊ ကောင်းမွန်သူများကို ဆိုလိုသည်။ ၎င်းနောက် 'မွတ်စ်သအ်ခိရီးန်' သည် ကျူးလွန်သူများနှင့် မေ့လျော့သူများကို ဆိုလိုသည်။ (ဟစန်နှင့် ကသာဒါသခင်တို့၏ ဖွင့်ဆိုမှု)

(၅) **'မွတ်စ်သက်ဒီမီးန်'** ဆိုသည်မှာ 'ဆွလားသ်' ဝတ်ပြုရန် စိတ်တန်းသူများ၊ သို့မဟုတ် 'ဂျိဟားဒ်' စစ်ပွဲ ဆင်နွှဲရန် ရှေ့ဆုံးမှ ပါဝင်စိတ်တန်းသူများ၊ ၎င်းနောက် အခြားကောင်းသော လုပ်ရပ်

များတွင် ဦးဆောင် ပါဝင်ဆင်နွှဲသူများကို ခေါ်ဆိုပေသည်။ ၎င်း 'မွတ်စ်သအ်ခ်ိရီးန်' ဆိုသည်မှာ ထိုလုပ်ရပ်များတွင် နောက်ဆုံးလိုင်းများတွင် ပါဝင်သူများ၊ ၎င်းနောက် ပါဝင်ရန် နောက်ကျသူများကို ခေါ်ဆိုပေသည်။ (ဟစန်ဗဆွ်ရီ သခင်၊ စအီးဒ်ဗင်န်မုစိုင်ယီဗ် သခင်၊ ကုရ်သုဗီသခင်၊ ရှအ်ဗီသခင်တို့၏ အကျယ်ဖွင့်ဆိုမှုဖြစ်သည်။)

၎င်းနောက် အထက်ပါ အကျယ်ဖွင့်ဆိုမှုများတွင် အမှန်စင်စစ် ကြီးမားသော ခြားနားမှုများမရှိပေ။ အားလုံးကို ပေါင်းစပ်၍ အဓိပ္ပာယ်ဖော်ဆောင်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ အသိဉာဏ်တော်သည် အထက်တင်ပြပါ 'မွတ်စ်သက်ဒိမီးန်' နှင့် 'မွတ်စ်သအ်ခ်ိရီးန်' အမျိုးအစားအားလုံးကို ခြုံငုံ၍ သိရှိနိုင်ပေသည်။

အေမာမ်ကုရ်သုဗီသခင်က မိမိ၏ သဖ်စီးရ်ကျမ်းတွင် ရေးသားသည်မှာ 'ဆွလာ်းသ်' ဝတ်ပြုရာတွင် ရှေ့ဆုံးတန်းတွင် ပါဝင်ခြင်း၊ ၎င်းနောက် အချိန်စောဝင်သည်နှင့် 'ဆွလာ်းသ်' ဝတ်ပြုခြင်းတို့၏ အကျိုးကျေးဇူး ကြီးမားပုံကို ဤအာယသ်တော်ဖြင့် သိရှိရပေသည်။ ထိုနည်းတူစွာ ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ အကယ်၍ လူတို့သည် 'အဇာန်' ဆိုခြင်း၏ အကျိုးကျေးဇူးကြီးမားပုံ၊ ရှေ့ဆုံးအတန်းတွင် နမာဇ်ဝတ်ပြုခြင်း၏ အကျိုးကျေးဇူးကြီးမားပုံကို သိရှိသွားပါက လူတို့သည် ရှေ့ဆုံးတန်းတွင်ပင် နမာဇ်ဝတ်ပြုရန် ကြိုးပမ်းကြလိမ့်မည်၊ နေရာမလောက်ငှသည့်အတွက် မဲနှိုက်၍ပင် နေရာချပေးရလိမ့်မည်။

ထို့ပြင် ကုရ်သုဗီသခင်သည် ၎င်းအကြောင်းအရာနှင့်အတူ ကအ်ဗ် ﷺ သခင်၏ ဘာသာပြန်မှုတစ်ရပ်ကို ဆင့်ပြန်ထားသည်မှာ ဤအုမ္မသ်တွင် အချို့သောသူများသည် ဤသို့ အရည်အချင်းများရှိသည်။ ၎င်းတို့ 'စဂ်ျဒဟ်' ဦးချသောအခါ ၎င်းတို့၏ နောက်မှလိုက်၍ 'စဂ်ျဒဟ်' ဦးချသူများအားလုံး လွတ်ငြိမ်းချမ်းသာခွင့် ချီးမြှင့်ခြင်းခံရပေသည်။ ထို့အတွက်ကြောင့် ကအ်ဗ် ﷺ သခင်သည် နောက်ဆုံးအတန်းတွင် 'ဆွလာ်းသ်' ဝတ်ပြုခြင်းကို နှစ်သက်တော်မူသည်။ အကြောင်းမှာ ရှေ့အတန်းများတွင် အလ္လာဟ်အသျှင်မြတ်၏ မွန်မြတ်သော ဗန္ဒာဟ်တစ်ဦးဦး ရှိကောင်း ရှိနိုင်ပေသည်။ ၎င်း၏ 'ဗရ်ကသ်' ကြောင့် ကျွန်တော်မျိုး လွတ်ငြိမ်းချမ်းသာခွင့် ရနိုင်သည်ဟု ဆိုပေသည်။ ၎င်းနောက် ထင်ရှားသောအချက်မှာ အဓိကအကျိုးကျေးဇူး ရရှိခြင်းသည် ရှေ့ဆုံးတန်းတွင် ဝတ်ပြုခြင်းကြောင့်ဖြစ်သည်။ ဤအချက်မှာလည်း ကုရ်အာန်နှင့် ဟဒီးစ်တော်၏ ရှင်းလင်းချက်များအရ သိရှိနိုင်ပေသည်။ သို့သော် အကြင်သူတစ်ဦးတစ်ယောက်သည် အကြောင်းတစ်ခုခုကြောင့် ရှေ့ဆုံးတန်းတွင် မပါဝင်နိုင်ပါက ထိုသူသည်လည်း ရှေ့ဆုံးတန်းတွင်ရှိသော မြင့်မြတ်သည့် ဗန္ဒာဟ်တစ်ဦးဦး၏ အကြောင်းခံဖြင့် လွတ်ငြိမ်းချမ်းသာခွင့် အကျိုးကျေးဇူးများကို ရရှိနိုင်သည်။ ၎င်းနောက် အထက်ပါအာယသ်တော်အရ 'ဆွလာ်းသ်' ဝတ်ပြုရာတွင် ရှေ့ဆုံးတန်းတွင် ပါဝင်သော အကျိုးကျေးဇူးများကို သိရှိနိုင်သကဲ့သို့ 'ဂျီဟာဒ်' စစ်ပွဲ၏ ရှေ့ဆုံးအတန်းတွင် ပါဝင်ခြင်း အကျိုးကျေးဇူးကိုလည်း သိရှိနိုင်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ خَلَقْنَا الْإِنسَانَ مِن صَلْصَالٍ مِّنْ حَمَإٍ مَّسْنُونٍ ﴿٢٦﴾

၁၅ : ၂၆ ။ ။ ထို့ပြင် ကေန်စင်စစ် ငါအသျှင်မြတ်သည် လူသားကို ပုံသွင်းပြီးဖြစ်သည့် အသံမြည်သော ရွံ့ပုပ်ခြောက်ဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်။

وَالْجَانَّ خَلَقْنَاهُ مِن قَبْلُ مِن نَّارِ السَّمُومِ ﴿٢٧﴾

၁၅ : ၂၇ ။ ။ ၎င်းပြင် ထို (လူသားတို့အား ဖန်ဆင်းတော်မမူမီ) အလျှင် 'ဂျင်န်' သတ္တဝါတို့အား လွန်စွာ ပူပြင်းလှစွာသော မီးဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်။

وَإِذْ قَالَ رَبُّكَ

لِلْمَلَائِكَةِ إِنِّي خَالِقٌ بَشَرًا مِّن صَلْصَالٍ مِّنْ حَمَإٍ مَّسْنُونٍ ﴿٢٨﴾

၁၅ : ၂၈ ။ ။ ထို့ပြင် (ပြန်လည်သတိရကြလေကုန်။) အခါတစ်ပါး၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် 'မလာအိကာဟ်' ကောင်းကင်တမန်တို့အား 'ကေန်အမှန် ငါအသျှင်မြတ်သည် လူသားကို ပုံသွင်းပြီးဖြစ်သည့် အသံမြည်သော ရွံ့ပုပ်ခြောက်ဖြင့် ဖန်ဆင်းတော်မူမည် ဖြစ်လေသည်' ဟု မိန့်ကြားတော်မူခဲ့လေသည်။

فَإِذَا سَوَّيْتُهُ وَنَفَخْتُ فِيهِ مِن رُّوحِي فَقَعُوا لَهُ سَاجِدِينَ ﴿٢٩﴾

၁၅ : ၂၉ ။ ။ တစ်ဖန် ငါအသျှင်မြတ်သည် (လူသား၏) ထိုမြေရုပ်ကို စနစ်တကျ ပြီးစီးအောင် ပြုလုပ် (ဖန်ဆင်း) တော်မူပြီးနောက် ယင်း (မြေရုပ်တွင်း) ၌ မိမိ၏ ထံတော်မှ အသက်ကို မှုတ်သွင်းတော်မူလိုက်သောအခါ 'အသင်တို့သည် ထိုလူသား၏ ရှေ့မှောက်ဝယ် ဖျပ်ဝပ်ဦးချကြလေကုန်' ဟူ၍လည်း မိန့်ကြားတော်မူခဲ့၏။

فَسَجَدَ الْمَلَائِكَةُ كُلُّهُمْ أَجْمَعُونَ ﴿٣٠﴾

၁၅ : ၃၀ ။ ။ သို့ဖြစ်ဝေရာ 'မလာအိကာဟ်' ကောင်းကင်တမန်အပေါင်းတို့သည် အားလုံးပင် အသီးသီး 'စဂျ်ဒဟ်' ဖျပ်ဝပ်ဦးချခဲ့ကြလေသည်။

إِلَّا إِبْلِيسَ أَبَىٰ أَن يَكُونَ مَعَ السَّاجِدِينَ ﴿٣١﴾

၁၅ : ၃၁ ။ ။ သို့ရာတွင် အိဗ်လီးစ်မှာမူ 'စဂျ်ဒဟ်' ဖျပ်ဝပ်ဦးချသူတို့တွင် အပါအဝင်ဖြစ်ခြင်းကို ငြင်းပယ်ခဲ့လေသည်။

قَالَ يَا إِبْلِيسُ مَا لَكَ أَلَّا تَكُونَ مَعَ السَّاجِدِينَ ﴿٣٢﴾

၁၅ : ၃၂ ။ ။ (ထိုအခါ) ထိုအသျှင်မြတ်က 'အို၊ အိဗ်လီးစ်၊ အသင်သည် ဖျပ်ဝပ်ဦးချသူတို့တွင် အပါအဝင်မဖြစ်ရန် အသင့်၌ မည်သည့်အကြောင်း ရှိပေသနည်း' ဟု မေးမြန်းတော်မူခဲ့လေသည်။

قَالَ لَمْ أَكُن لِّأَسْجُدَ لِبَشَرٍ خَلَقْتَهُ مِن صَلْصَالٍ مِّنْ حَمَإٍ مَّسْنُونٍ ﴿٣٣﴾

၁၅ : ၃၃ ။ ။ (ထိုအခါ) ယင်း (အီဗ်လီးစ်) က 'ကျွန်တော်မျိုးသည် အသျှင်မြတ်က ပုံသွင်းထားသော အသံမြည်သည့် ရွှံ့ပုပ်ခြောက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည့် လူသားအား ပျပ်ဝပ်ဦးချမည့်သူ မဟုတ်ကြောင်း' လျှောက်ထားခဲ့လေသည်။

قَالَ فَاخْرُجْ مِنْهَا فَإِنَّكَ رَجِيمٌ ﴿٣٤﴾

၁၅ : ၃၄ ။ ။ အသျှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ (အို၊ အီဗ်လီးစ်) သို့ဖြစ်လျှင် 'အသင်သည် (ယခုပင်) ဤ (ကောင်းကင်) နေရာမှ ထွက်သွားလော့' ဟု မိန့်ကြားတော်မူခဲ့လေသည်။ ဧကန်စင်စစ် အသင်သည် နှင်ထုတ်ခြင်းခံရသူဖြစ်ချေပြီ။

وَإِنَّ عَلَيْكَ اللَّعْنَةَ إِلَىٰ يَوْمِ الدِّينِ ﴿٣٥﴾

၁၅ : ၃၅ ။ ။ ၎င်းပြင် ဧကန်စင်စစ် အသင့်အပေါ်၌ အစားပေးမည့် နေ့တိုင်အောင် ကရုဏာတော်မှ ကင်းဝေးခြင်းသည် ရှိပေမည်။

قَالَ رَبِّ فَأَنظِرْنِي إِلَىٰ يَوْمِ يُبْعَثُونَ ﴿٣٦﴾

၁၅ : ၃၆ ။ ။ (ထိုအခါ) ၎င်း (အီဗ်လီးစ်) က 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ သို့ဖြစ်ပါလျှင် အသျှင်မြတ်သည် ကျွန်တော်မျိုးအား (လူသတ္တဝါအပေါင်းတို့) ရှင်ပြန်ထကြရမည့်နေ့တိုင်အောင် (သေခြင်းမှလည်းကောင်း၊ ပြစ်ဒဏ်ခတ်တော်မူခြင်းမှလည်းကောင်း) ရွှေ့ဆိုင်းခွင့်ပေးသနားတော်မူပါ' ဟု လျှောက်ထားပန်ကြားခဲ့လေသည်။

قَالَ فَإِنَّكَ مِنَ الْمُنظَرِينَ ﴿٣٧﴾

၁၅ : ၃၇ ။ ။ ထိုအခါ အသျှင်မြတ်က 'သို့ဖြစ်လျှင် ဧကန်မလွဲ အသင်သည် ရွှေ့ဆိုင်းခွင့်ပေးထားခြင်းကို ခံရသောသူတစ်ဦးပင် ဖြစ်ပေသည်။

إِلَىٰ يَوْمِ الْوَقْتِ الْمَعْلُومِ ﴿٣٨﴾

၁၅ : ၃၈ ။ ။ 'သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလ (ဆိုက်ရောက်မည်) နေ့တိုင်အောင်ပင်' (ဟူ၍ မိန့်ကြားတော်မူ၏။)

قَالَ رَبِّ بِمَا أَغْوَيْتَنِي لَأُزَيِّنَنَّ لَهُمْ فِي الْأَرْضِ وَلَأُغْوِيَنَّهُمْ أَجْمَعِينَ ﴿٣٩﴾

၁၅ : ၃၉ ။ ။ ထိုအခါ ယင်း (အီဗ်လီးစ်) က (ဤသို့) လျှောက်ထားပန်ကြားခဲ့ပြန်၏။ 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား လွဲချော်မှောက်မှားစေတော်မူခဲ့သောကြောင့်

အမှန်ပင် ကျွန်တော်မျိုးသည်လည်း ကမ္ဘာလောကတွင် (ပြစ်မှုဒုစရိုက်များကို) ယင်းလူသားတို့၏ အမြင်၌ လှပတင့်တယ်အောင် ပြုလုပ်ပါမည်။ ထို့ပြင် ဧကန်မလွဲ ကျွန်တော်မျိုးသည် ၎င်းတို့အားလုံးကိုပင် လွဲချော်မှောက်မှားအောင်လည်း ပြုလုပ်ပါမည်။'

إِلَّا عِبَادَكَ مِنْهُمُ الْمُخْلَصِينَ ﴿٤٠﴾

၁၅ : ၄၀ ။ ။ 'သို့ရာတွင် ၎င်းတို့အနက် အသျှင်မြတ် ရွေးချယ်ထားတော်မူသော အသျှင်မြတ်၏ ကျွန်များကိုမူ (ကျွန်တော်မျိုးသည်) လွဲချော်မှောက်မှားအောင် အလျှင်းပြုလုပ်နိုင်မည် မဟုတ်ပါ'ဟု လျှောက်ထားပန်ကြားခဲ့၏။

قَالَ هَٰذَا صِرَاطٌ عَلَيَّ مُسْتَقِيمٌ ﴿٤١﴾

၁၅ : ၄၁ ။ ။ (ထိုအခါ) အသျှင်မြတ်က 'ဤသည်မှာ ငါအသျှင်မြတ်ထံတော်သို့ (ရောက်စေမည့်) ဖြောင့်မတ်သော လမ်းပင်ဖြစ်သည်' ဟု မိန့်ကြားတော်မူလေသည်။

إِنَّ عِبَادِي لَيْسَ لَكَ عَلَيْهِمْ سُلْطَانٌ إِلَّا مَنِ اتَّبَعَكَ مِنَ الْغَاوِينَ ﴿٤٢﴾

၁၅ : ၄၂ ။ ။ ဧကန်စင်စစ် ငါအသျှင်မြတ်၏ ကျွန်များအပေါ်ဝယ် အသင့်၌ မည်သို့မျှပင် ဩဇာအာဏာ ရှိလိမ့်မည် မဟုတ်။ သို့ရာတွင် လွဲချော်မှောက်မှားသူတို့အနက် အသင့်စကား နားထောင်သူများ (အပေါ်တွင်မူ အသင့် ဩဇာအာဏာ) ရှိပေမည်။

وَإِنَّ جَهَنَّمَ لَمَوْعِدُهُمْ أَجْمَعِينَ ﴿٤٣﴾

၁၅ : ၄၃ ။ ။ ၎င်းပြင် ဧကန်မလွဲ 'ဂျဟန္နမ်'ငရဲဘုံသည် ၎င်းတို့အားလုံး၏ ချိန်းချက်ပြီးဖြစ်သော ဌာနပင်ဖြစ်ပေသည်။

لَهَا سَبْعَةُ أَبْوَابٍ لِكُلِّ بَابٍ مِنْهُمْ جُزْءٌ مَقْسُومٌ ﴿٤٤﴾

၁၅ : ၄၄ ။ ။ ယင်း 'ဂျဟန္နမ်'ငရဲဘုံ၌ တံခါးပေါက်ခုနစ်ပေါက်ရှိ၍ တံခါးပေါက်အသီးသီးနှင့် စပ်လျဉ်း၍ (အီဗ်လီးစ်) နောက်လိုက်များအတွက် ခွဲဝေပြီးဖြစ်သော ဝေစုဝေပုံသည် ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် ငါအသျှင်မြတ်သည် လူသားကို (ဆိုလိုသည်မှာ လူသား၏ မူလပထမ ဇစ်မြစ်ဖြစ်သည့် အာဒမ် عليه السلام ကို) အသံမြည်သော မြေမာဖြင့်၊ ထို့နောက် ဆွေးမြေ့သော ရွှံ့မြေဖြင့် ပြုလုပ်ဖန်ဆင်းထားလေသည်။ (ဆိုလိုသည်မှာ ဦးစွာပထမ ရွှံ့မြေကို ကောင်းမွန်စွာ ဆွေးမြေ့စေပြီး အနံ့အသက်ထွက်လာ

သောအခါ ယင်းကို တစ်ဖန် ခြောက်သွေ့သည်အထိ ထားပြီး ခြောက်သွေ့မာကြောသွားသောအခါ ထိလျှင် အသံမြည်သည်။ မြေနှင့် ပြုလုပ်ထားသော အိုး၊ ခွက်၊ ပန်းကန်များ ခြောက်သွေ့သောအခါ တီးခေါက်ကြည့်လျှင် အသံမြည်သကဲ့သို့ ဖြစ်သည်။ ထိုခြောက်သွေ့သော ရွှံ့မြေဖြင့် အာဒမ် عليه السلام ၏ ပုံပန်းသဏ္ဌာန်ကို ပြုလုပ်လိုက်လေသည်။ အကြင်အရာသည် 'ကွဒ်ရသ်'တန်ခိုးတော်၏ ကြီးမားသော လက္ခဏာဖြစ်သည်) ၎င်းနောက် 'ဂျင်န်'ကို (ဆိုလိုသည်မှာ 'ဂျင်န်'၏ မူရင်းဇစ်မြစ်ဖြစ်သော 'ဂျင်န်'များ၏ ဖခင်ကို) ထိုသူ့အလျင် (ဆိုလိုသည်မှာ အာဒမ် عليه السلام ၏အလျင်) မီးဖြင့် ထိုမီးသည် (ပါးလွှာလွန်းသော ကြောင့်) ပူပြင်းသောလေပမာအဖြစ် ဖန်ဆင်းခဲ့လေသည်။ (ဆိုလိုသည့်သဘောမှာ ထိုမီးတွင် မီးခိုး၏ အခိုးအငွေ့များ မရှိပေ။ ထို့ကြောင့် လေကဲ့သို့ပင် ယင်းကိုလည်း မမြင်တွေ့နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မီးဆိုသည့်အရာကို မြင်တွေ့နိုင်ခြင်းသည် ထိုမီးတွင် ပါးလွှာမှုမရှိသော ထုထည်အစိတ်အပိုင်းများ ရောနှော ပါဝင်ခြင်းကြောင့် ဖြစ်သည်။ ဤအကြောင်းအရာကို အခြားအာယသ်တော်တစ်ခုတွင် ဤသို့ မိန့်ဆိုထားပေသည်။

وَخَلَقَ الْجَانَّ مِنْ مَّارِجٍ مِّنْ نَّارٍ

၎င်းနောက် ထိုအချိန်သည် အမှတ်ရဖွယ်ရာ ကောင်းလှသည်။ အကြင်အချိန်တွင် အသင်တမန်တော်၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်က ကောင်းကင်တမန်များကို မိန့်ကြားလေသည်မှာ ငါအသျှင်မြတ်သည် လူသားတစ်ဦးကို ဖန်ဆင်းတော်မူမည်။ (လူသား၏ ရုပ်တုကို ဆိုလိုခြင်းဖြစ်သည်။) အသံထွက်သည့် မြေကြီးဖြင့် ယင်းမြေသည် ဆွေးမြေ့သော ရွှံ့မြေဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ တစ်ဖန် ငါအသျှင်မြတ်သည် ၎င်းကို (ဆိုလိုသည်မှာ ၎င်း၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို) ပြည့်ပြည့်ဝဝ ဖန်ဆင်းပြီးမြောက်လျှင်၊ ၎င်းနောက် ထိုထဲတွင် မိမိ (ဘက်တော်မှ) ဝိညာဉ်ကို ထည့်သွင်းပေးပြီးလျှင် အသင်ကောင်းကင်တမန်တို့ ၎င်း၏ ရှေ့မှောက်၌ 'စဂျ်ဒဟ်'ဦးချကြလေကုန်။ တစ်ဖန် (အလ္လာဟ်အသျှင်မြတ်သည် အာဒမ် عليه السلام ကို ဖန်ဆင်းပြီးသောအခါ) ကောင်းကင်တမန်များအားလုံးသည် (အာဒမ် عليه السلام ကို) 'စဂျ်ဒဟ်'ဦးချကြလေသည်။ သို့သော် အိဗ်လီးစ်သည် ဦးမချချေ။ ထိုစကားကို လက်မခံခဲ့ပေ။ ဦးချသူများထဲတွင် မပါဝင်ခဲ့ပေ။ (ဆိုလိုသည်မှာ 'စဂျ်ဒဟ်'ဦးမချခဲ့ပေ။) အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူသည်မှာ 'အို၊ အိဗ်လီးစ်၊ မည်သည့်အရာက အသင့်ကို တားမြစ်လေသနည်း။ အကြောင်းမှာ အသင်သည် ဦးချသူများထဲတွင် မပါဝင်ခဲ့ပေ။' အိဗ်လီးစ်က ပြောဆိုသည်မှာ 'ကျွန်ုပ်သည် လူသားကို ဦးမချနိုင်။ ယင်းလူသားကို အသျှင်မြတ်သည် အသံမြည်သော မြေမာဖြင့် ယင်းမြေကို ဆွေးမြေ့သော ရွှံ့ဖြင့် ပြုလုပ်ထားပြီး ဖန်ဆင်းထားတော်မူသည်။' (ဆိုလိုသည်မှာ ထိုလူသားသည် နိမ့်ကျသေးသိမ်သော ဝတ္ထုပစ္စည်းဖြင့် ဖန်ဆင်းခြင်း ခံရသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် လင်းဝင်းတောက်ပသော မီး၏သဘာဝဖြင့် ဖန်ဆင်းခြင်း ခံရသည်။ သို့ပါသောကြောင့် လင်းဝင်းတောက်ပသော အရာသည် မှောင်မိုက်သောအရာကို မည်သို့ ဦးချနိုင်မည်နည်း။) အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူသည်မှာ (ကောင်းပြီ။ ဤသို့ဆိုလျှင်) အသင်သည် မိုးကောင်းကင်မှ ထွက်သွားလော့။ အဘယ်ကြောင့်ဆိုသော် မုချဧကန် အသင်သည် (ဤလုပ်ရပ်ကြောင့်) နှင်ထုတ်ခြင်း

ခံရသူဖြစ်သွားလေပြီ။ မုချကေန် အသင့်အပေါ် (ငါအသျှင်မြတ်၏) 'လအ်နသ်' ကျိန်စာသည် 'ကေယာမသ်' နေ့ထိတိုင်အောင် ရှိနေမည်ဖြစ်သည်။

(အခြားအာယသ်တော်တစ်ခုတွင် လာရှိသည်မှာ-

عَلَيْكَ لَعْنَتِي

ဆိုလိုသည်မှာ 'ကေယာမသ်'နေ့ထိတိုင် အသင်သည် ငါအသျှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးနေမည်ဖြစ်သည်။ ဝန်ချတောင်းပန်ရန်လည်း အခွင့်အရေးရမည်မဟုတ်။ လက်သင့်ခံခြင်းနှင့် ကရုဏာပြုခြင်းလည်း ခံရမည်မဟုတ်။ ဤစကားကြောင့် ထင်ရှားသည်မှာ 'ကေယာမသ်' နေ့ထိတိုင် ကရုဏာထားခြင်း မခံရသူအဖို့ 'ကေယာမသ်'ဖြစ်ပြီးလျှင်လည်း ကရုဏာပြုခြင်း ခံရဖွယ်မရှိပေ။ ခံရဖွယ်ရှိနိုင်သည့် အခြေအနေကိုပင်လျှင် ငြင်းဆိုခဲ့ပြီးဖြစ်သည်။ ရှိုက်သွာန်၏ အခွင့်အရေးတစ်ခု မတောင်းဆိုမီ အလျင်ကပင် အလ္လာဟ်အသျှင်မြတ်က လိုက်လျောမည်ဟု ကတိပြုလိုက်ခဲ့သည်ကို ထောက်ရှုပြီး ဤသည်လည်း အသျှင်မြတ်၏ ကရုဏာတစ်ခုဟု သံသယမရှိရ။ အမှန်စင်စစ် ရှိုက်သွာန်၏ အလိုကို လိုက်လျောသည်ဟု ဆိုရာ၌ 'ကေယာမသ်'နေ့ထိတိုင် ၎င်းကို သက်ရှိထင်ရှား ရှိနေစေခြင်းသည် အဓိကမဟုတ်။ အမှန်စင်စစ် အလို သဘောမှာ လောကီဘဝသက်တမ်းတစ်လျှောက်လုံးတွင် ရှိုက်သွာန်သည် အလ္လာဟ်အသျှင်မြတ်၏ 'လအ်နသ်' ကျိန်စာကို 'ကေယာမသ်'နေ့ထိတိုင် ခံစားနေရမည်ကို ဆိုလိုခြင်း ဖြစ်သည်။) ရှိုက်သွာန်က ဆိုသည်မှာ (အကယ်၍ ကျွန်ုပ်သည် အာဒမ် ﷺ ကြောင့် နှင်ထုတ်ခြင်းခံရသည်ဆိုလျှင်) အသျှင်မြတ် အနေနှင့် ကျွန်ုပ် အား (မသေအောင်) 'ကေယာမသ်'နေ့ထိ အခွင့်အရေးပေးတော်မူပါ။ (သို့မှသာ အာဒမ်နှင့် ၎င်း၏ သားစဉ်မြေးဆက်အား ထိထိရောက်ရောက် ကလဲ့စားချေနိုင်မည် ဖြစ်သည်။) အသျှင်မြတ်က မိန့်တော်မူသည်မှာ (အသင်သည် အခွင့်အရေးတစ်ရပ် တောင်းဆိုနေသည်ဆိုလျှင် အသင်သွားလော့။) အသင့်အား သတ်မှတ်ထားသော အချိန်ကာလ နေ့ရက်အထိ အခွင့်အရေးပေးလိုက်လေပြီ။ ရှိုက်သွာန်က ဆိုသည်မှာ 'အို၊ ကျွန်ုပ်ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်ုပ်အား (မိမိမိ၏ စီမံမှုအမိန့်) အရ လမ်းလွဲစေတော်မူခဲ့ခြင်းကြောင့် ကျွန်တော်မျိုးသည်လည်း ကျိန်တွယ်၍ ပြောဆိုပါသည်။ ကျွန်ုပ်သည် ဤလောကတွင် ၎င်း (အာဒမ် ﷺ ၏ သားစဉ်မြေးဆက်) တို့၏ အမြင်တွင် ဖီဆန်မှုကို နှစ်သက်အောင် ဖန်တီးတင်ပြမည်။ ထို့နောက် အသျှင်မြတ်၏ ရွေးချယ်ခြင်းခံရသော ဗန္ဒာဟ်များမှအပ ၎င်းတို့ကို လမ်းမှားအောင် ပြုလုပ်မည်။ (ဆိုလိုသည်မှာ ကျွန်ုပ်၏ရန်မှ ကင်းဝေးအောင် အသျှင်မြတ်ကိုယ်တော်တိုင် ထိန်းသိမ်းစောင့်ရှောက်ထားသော သူများမှအပ) အသျှင်မြတ်က မိန့်တော်မူသည်မှာ ဤ (ရွေးချယ်မှုခံရခြင်းသည် ၎င်းတို့၏ ကောင်းမွန်သော ကျင့်ကြံမှုများနှင့် ပြည့်ဝသော အမိန့်နာခံမှုကြောင့် ဖြစ်သည်။) ဤသည် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်တစ်ခုဖြစ်သည်။ ငါအသျှင်မြတ်ထံသို့ ရောက်ရှိနိုင်သော လမ်းစဉ် ဖြစ်သည်။ (ဆိုလိုသည်မှာ ဤလမ်းစဉ်အတိုင်း လျှောက်လှမ်းပါက ငါအသျှင်မြတ်နှင့် အနီးစပ်ဆုံး သူများ ဖြစ်သွားကြလိမ့်မည်။)

မုချကေန် ငါအသျှင်မြတ်၏ (တင်ပြပါ) ဗန္ဓာဟ်များအပေါ် စိုးစိမ့်ျ အသင်ခြယ်လှယ်နိုင်စွမ်း ရှိမည်မဟုတ်။ သို့သော် လမ်းမှားနေသောသူများနှင့် ပတ်သက်ပြီး အကြင်သူတို့သည် အသင်၏ လမ်းစဉ်ကို လိုက်ပါက (၄င်းတို့အပေါ် ခြယ်လှယ်နိုင်မည်ဖြစ်သည်။) ၄င်းနောက် (အကြင်သူတို့သည် အသင့်လမ်းစဉ် အား လျှောက်လှမ်းကြပါမူ) ထိုသူတို့၏ စခန်းသည် 'ဂျဟန္နမ်'ဖြစ်သည်။ ယင်း 'ဂျဟန္နမ်'တွင် တံခါး ခုနစ်ပေါက် ရှိသည်။ တံခါးပေါက်တိုင်းမှ (ဖြတ်သန်းသွား) ရန်အတွက် သီခြားအုပ်စုများ သတ်မှတ်ထား ပေသည်။ (အချို့အုပ်စုသည် တံခါးပေါက်တစ်ခုမှ သွား၍ အခြားအုပ်စုသည် အခြားတံခါးပေါက်တစ်ခုမှ သွားမည်ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

လူသား၏ ခန္ဓာကိုယ်တွင် ဝိညာဉ်သွတ်သွင်းခြင်းအကြောင်းနှင့် လူသားကို ကောင်းကင်တမန်များက ဦးချ ရခြင်းအကြောင်းနှင့် ပတ်သက်ပြီး လေ့လာဆန်းစစ်မှုတစ်ရပ်

روح 'ရူးဟ်' ဆိုသော ဝိညာဉ်သည် ခန္ဓာထုထည်ရှိ၊ မရှိနှင့် ပတ်သက်ပြီး ရှေးယခင် ခေတ်ကာလ ကတည်းကပင် အာလင်မ်ပညာရှင်ကြီးများအကြား အကွဲအလွဲ ရှိခဲ့ကြပေသည်။ ရှိုက်ခ်အမ်ဒူရ် ရအူးဖ် မိုနာဒီသခင်က ပြောကြားသည်မှာ ယင်းအကြောင်းအရာနှင့် ပတ်သက်ပြီး ပညာရှင်များ၏ အဆိုပေါင်း တစ်ထောင်ခန့် ရှိသည်။ သို့သော် ထိုအဆိုအားလုံးသည် သုံးသပ်ချက်နှင့် ခန့်မှန်းချက်အဆင့်မျှသာ ရှိသည်။ မည်သည့်အဆိုကိုမျှ တိကျခိုင်မာသည်ဟူ၍ မဆိုနိုင်ပေ။ အေမာမ်ဂဇာလီ (ရဟ) သခင်၊ အေမာမ်ရာဇီ (ရဟ) သခင်၊ ဆူဖီပညာရှင်များနှင့် အတွေးအခေါ် ပညာရှင်အများစု၏ အဆိုမှာ ဝိညာဉ်တွင် ခန္ဓာမရှိပေ။ ရုပ်ဆင်းခန္ဓာမဲ့သော အရာတစ်ခုဖြစ်သည်။ အေမာမ်ရာဇီသခင်က ယင်းအဆိုနှင့်ပတ်သက်ပြီး အထောက် အထား (၁၂) ခု တင်ပြခဲ့လေသည်။ သို့သော် 'ဂျုမ်ဟူးရ်'ပညာရှင်များက ဝိညာဉ်တွင် အလွန်ပါးလွှာ သော ခန္ဓာထုထည်ရှိကြောင်း တင်ပြပြောဆိုလေသည်။ نفخ ဟူသည့် စာလုံး၏ အဓိပ္ပာယ်မှာ လေမှုတ် ခြင်းဟူ၍ ရသည်။ အကယ်၍ ဝိညာဉ်ကို ဂျုမ်ဟူးရ်ပညာရှင်များ၏ အဆိုအရ ပါးလွှာသော ခန္ဓာထုထည်ရှိ သည်ဟု သတ်မှတ်ပါက ၄င်းကို မှုတ်သွင်းခြင်းဆိုသည်မှာ ပေါ်လွင်စွာ သဘောပေါက်နိုင်ပေသည်။ အကယ်၍ ဝိညာဉ်ကို ရုပ်အင်္ဂါမရှိဟု သတ်မှတ်ပါက မှုတ်သွင်းခြင်းဆိုသည့် အဓိပ္ပာယ်မှာ ကိုယ်ခန္ဓာနှင့် ဆက်စပ်ဖန်ဆင်းလိုက်ခြင်းဟူ၍ အဓိပ္ပာယ်ကောက်ယူရမည်ဖြစ်သည်။ *[ဗယာနုလ်ကုရ်အာန်]*

روح ، نفس တို့နှင့် ပတ်သက်ပြီး ကာဇီစနာအုလ္လာဟ် (ရဟ) သခင်၏ ဆန်းစစ်မှုတစ်ရပ်

ဤနေရာတွင် ရှည်လျားသော တင်ပြချက်များကို လွှတ်၍ ထူးခြားသော ဆန်းစစ်မှုတစ်ရပ်ကိုသာ လျှင် တင်ပြမည်ဖြစ်သည်။ ယင်းကို သဖ်စီးရ်ရေမဇ္ဇဟာရီကျမ်းတွင် ကာဇီစနာအုလ္လာဟ်ပါနီပသ်သီး (ရဟ) သခင်က ရေးသားတင်ပြခဲ့ပေသည်။ ကာဇီဆွာဟိဗ် (ရဟ) က ပြောကြားခဲ့သည်မှာ 'ရူးဟ်'ဝိညာဉ်သည်

عَلَوِى နှင့် سفلى (အလဝီနှင့် စစ်ဖလီ) ဟူ၍ နှစ်မျိုးနှစ်စား ရှိပေသည်။ 'အလဝီ'ဝိညာဉ်မှာ ရုပ်ခန္ဓာ မရှိသော အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံတစ်မျိုးဖြစ်သည်။ ၄င်း၏ ဇစ်မြစ်ကို ပုံဖော်ရန်မှာ မဖြစ်နိုင်ပေ။ 'ကရ်ဖ်'အကြား အမြင်ရသော သူတော်စင်တို့သာလျှင် ယင်း၏ အဓိကနေရာဖြစ်သော 'အရ်ရှ်'ပလ္လင်တော်ထက်၌ ဝိညာဉ်တို့ကို တွေ့မြင်ရသည်။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်သည် 'အရ်ရှ်'ပလ္လင်တော်ထက်ပင် ပါးလွှာမှုရှိသည်။ ၄င်းနောက် 'အလဝီ'ဝိညာဉ်၏ အထက်အောက် အဆင့်အတန်းငါးခုကို အကြားအမြင်ရ ပုဂ္ဂိုလ်တို့၏ အာရုံဖြင့် ခံစားသိရှိနိုင်ပေသည်။ ထိုအဆင့်အတန်းငါးခုမှာ قلب ၊ روح ၊ سِرّ ၊ خفى ၊ اخْفٰى တို့ ဖြစ်သည်။ ၄င်းနောက် ဤအဆင့်အတန်းများသည် အမိန့်လောက (ဝိညာဉ်လောက)၏ စခန်းများဖြစ်သည်။ ယင်းနှင့် ပတ်သက်ပြီး ကျမ်းတော်မြတ်ကုရ်အာန်တွင် မိန့်ဆိုထားသည်မှာ-

قُلِ الرُّوحُ مِنْ اَمْرِ رَبِّىْ

ဟူ၍ ဖြစ်သည်။ ၄င်းနောက် 'စစ်ဖလီ'ဝိညာဉ်ဆိုသည်မှာ ပါးလွှာလှသော မီးခိုးတစ်ခု ဖြစ်သည်။ ယင်းကို လူသား၏ ခန္ဓာကိုယ်တွင် ဖွဲ့စည်းထားသော ဓါတ်ကြီးလေးပါးဖြစ်သည့် မီး၊ ရေ၊ မြေ၊ လေဖြင့် ဖန်ဆင်းထားပေသည်။ ထို 'စစ်ဖလီ'ဝိညာဉ်ကိုသာလျှင် نفس ဟု ခေါ်ဆိုပေသည်။ အလ္လာဟ်အသျှင်မြတ်သည် نفس ဆိုသော ထို 'စစ်ဖလီ'ဝိညာဉ်အား အထက်တင်ပြပါ 'အလဝီ'ဝိညာဉ်၏ ကြေးမုံသဖွယ် ဖန်ဆင်းထားပေသည်။ ပမာဆိုရသော် ကြေးမုံပြင်တစ်ချပ်အား နေဘက်သို့ ထိုးပြလိုက်ပါက ထိုနေမင်းသည် ဝေးလံလှသော အရပ်ဒေသတွင် ရှိနေပါလျက် နေမင်း၏ သဏ္ဍာန်တစ်ခုလုံးကို ထိုကြေးမုံပြင်တွင် တွေ့ရှိနိုင်သည်။ ၄င်းနောက် လင်းဝင်းတောက်ပမှုကြောင့် ထိုကြေးမုံပြင်အတွင်းမှ နေသည်လည်း လင်းဝင်းလာပေသည်။ အပူရှိန်လည်း ထွက်ပေါ်လာတတ်ပေသည်။ ယင်းအပူရှိန်သည် အဝတ်များကိုပင် လောင်ကျွမ်းနိုင်စေသည်။ ထိုနည်းတူစွာ 'အလဝီ'ဝိညာဉ်များသည် ကေန်စင်စစ် ရုပ်ခန္ဓာကင်းမဲ့မှုကြောင့် အတော်ပင် မြင့်မားလှသော နေရာ၊ အတော်ပင် ဝေးကွာလှသော နေရာတွင် တည်ရှိနေကြသည်။ သို့သော် ယင်းတို့၏ သဏ္ဍာန်သည် 'စစ်ဖလီ'ဝိညာဉ်၏ ကြေးမုံပြင်တွင် လာရောက်ထင်ဟပ်၍ ထို 'အလဝီ'ဝိညာဉ်၏ စွမ်းပကားများ၊ အခြေအနေများကို ဖြစ်ပေါ်စေသည်။ ၄င်းနောက် نفس များတွင် လာရောက်ဖြစ်ပေါ်လာသော စွမ်းရည်များကိုပင်လျှင် လူတိုင်း၏ ဝိညာဉ်အစိတ်အပိုင်းများဟု ခေါ်ဆိုလေသည်။

တစ်ဖန် نفس ဟုခေါ်ဆိုသော ထို 'စစ်ဖလီ'ဝိညာဉ်သည် 'အလဝီ'ဝိညာဉ်မှ ရရှိသော စွမ်းပကားများဖြင့် လူသား၏ ကိုယ်ခန္ဓာတွင် ဦးစွာပထမ နှလုံးသားဟူသော အစိတ်အပိုင်းနှင့် လာရောက်ဆက်နွယ်လေသည်။ ထိုဆက်နွယ်မှုကိုပင်လျှင် حيات ရှင်သန်မှုဟု ခေါ်ဆိုပေသည်။ 'စစ်ဖလီ'ဝိညာဉ်သည် ဦးစွာပထမ လူ့နှလုံးသားနှင့် လာရောက်ဆက်နွယ်မှုကြောင့် ထိုနှလုံးသားတွင် ရှင်သန်မှုတစ်ရပ်နှင့် အာရုံခံစားနိုင်မှုများ ပေါ်ပေါက်လာပေသည်။ ယင်းအာရုံခံစားမှုများကို نفس သည် 'အလဝီ'ဝိညာဉ်မှ ရရှိလေ

သည်။ ထို့နောက် 'စစ်ဖလီ'ဝိညာဉ်သည် လူ့ခန္ဓာကိုယ်တစ်ခုလုံးတွင် ပြန့်နှံ့လျက် ပါးလွှာသော သွေးကြော များတွင်ပင်လျှင် စိမ့်ဝင်သွားလေသည်။ ယင်းကို شرايين ဟု ခေါ်ဆိုပေသည်။ ဤနည်းအတိုင်း ယင်းသည် လူ့ခန္ဓာကိုယ် အနှံ့အပြားတွင် ရောက်ရှိသွားလေသည်။ ထို 'စစ်ဖလီ'ဝိညာဉ်၏ လူ့ခန္ဓာကိုယ်တွင် ပြန့်နှံ့ စိမ့်ဝင်သွားခြင်းကို نفخ روح ဟူ၍ သုံးနှုန်းထားပေသည်။ အဘယ်ကြောင့်ဆိုသော် ဤဖြစ်အင်သည် အရာဝတ္ထုတစ်ခုတွင် လေမှုတ်သွင်းလိုက်ခြင်းနှင့် ပမာတူသောကြောင့် ဖြစ်သည်။

ငင်းနောက် အထက်ပါအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် 'ရူဟ်'ဝိညာဉ်ကို မိမိဘက် တော်သို့ ဆက်နွယ်လျက် مِّن رُّوحِي ဟူ၍ မိန့်တော်မူခြင်းမှာ အဖန်ဆင်းခံများအားလုံးတွင် လူသား၏ ဝိညာဉ်သည် အမွန်မြတ်ဆုံးနှင့် အမြင့်မြတ်ဆုံးဖြစ်ကြောင်း ပေါ်လွင်စေတော်မူခြင်းကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်သည် မည်သည့်အကြောင်းခံမျှ မပါဘဲ အသျှင်မြတ်၏ အမိန့်တော်ဖြင့်သာ ဖန်ဆင်းထားသော အရာဖြစ်သည်။ ၄င်းနောက် ထိုဝိညာဉ်တွင် အလ္လာဟ်အသျှင်မြတ်၏ ထင်ရှားသော စွမ်းပကားများကို လက်ခံသဘောတူနိုင်သော အရည်အချင်း မြောက်မြားစွာ ရှိလေသည်။ လူသားမှအပ အခြားမည်သည့် သက်ရှိသတ္တဝါများ၏ ဝိညာဉ်တွင် ထိုအရည်အရည်အချင်းများ မရှိပေ။

၄င်းနောက် လူသားကို ဖန်ဆင်းထားရာတွင် မြေဓါတ်သဘာဝ များပြားလေသည်။ ဤအချက် ကြောင့်ပင် ကျမ်းတော်မြတ်ကုရ်အာန်တွင် လူသားကို မြေကြီးနှင့် ဖန်ဆင်းထားသည်ဟု ရည်ညွှန်းတော် မူထားသည်။ အမှန်စင်စစ်တွင်မူ ထိုလူသားတွင် ဓါတ်သဘာဝဆယ်ခု ရှိသည်။ ငါးခုမှာ ဤအဖန်ဆင်းခံ လောကမှ ဖြစ်၍ ကျန်ငါးခုမှာ အမိန့်လောက (ဝိညာဉ်လောက) မှ ဖြစ်သည်။ အဖန်ဆင်းခံလောကမှ ဓါတ်ကြီးများမှာ မီး၊ ရေ၊ မြေ၊ လေ ဖြစ်ပြီး ကျန်တစ်ခုမှာ ထိုဓါတ်ကြီးလေးပါးမှ ပေါ်ထွက်လာသော ပါးလွှာသည့် အခိုးအငွေ့ဖြစ်သည်။ ၄င်းကို 'စစ်ဖလီ'ဝိညာဉ် သို့မဟုတ် 'နဖ်စ်'ဟု ခေါ်ဆိုပေသည်။ ၄င်းနောက် 'အာလမိအမရ်'ဟု ခေါ်ဆိုသော ဝိညာဉ်လောကမှ ဓါတ်ကြီးငါးပါးမှာ အထက်တွင်လည်း တင်ပြခဲ့ပြီးဖြစ်သော قلب ، روح ، سِرّ ، خفى ، اخفى စသည်တို့ဖြစ်သည်။ ဤပြီးပြည့်စုံသော ဓါတ်သဘာဝများဖြင့် ဖန်ဆင်းခြင်းခံရသည့်အတွက် လူသားသည် အလ္လာဟ်အသျှင်မြတ်၏ ကိုယ်စားလှယ် အရိုက်အရာခံထိုက်သူ ဖြစ်သွားခြင်းဖြစ်သည်။ ၄င်းနောက် 'မအ်ရိဖသ်'၏ နူးရ်ရောင်ခြည်တော်နှင့် 'မုဟဗ် ဗသ်'၏ အချစ်မီးလျှံတို့ကို ခံနိုင်ရည်စွမ်းရှိသူ ဖြစ်ရပေသည်။ ၄င်း၏ ပန်းတိုင်စခန်းမှာ ရည်ညွှန်း၍ မရနိုင်သော အလ္လာဟ်အသျှင်မြတ်နှင့် ဆုံစည်းမှုအား ရရှိနိုင်ခြင်းပင် ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ-

اَلْمَرْءُ مَعَ مَنْ اَحَبَّ

လူတိုင်းလူတိုင်းသည် မိမိတို့၏ ချစ်သောသူများနှင့်အတူ (တမလွန်တွင်) ရှိနေမည်ဖြစ်သည်။ ၄င်းနောက် လူသားတွင် အလ္လာဟ်အသျှင်မြတ်၏ ထင်ရှားသော စွမ်းပကားများကို နာခံနိုင်သည့် အရည်အချင်း

ရှိမှုကြောင့် ၎င်းနောက် အလ္လာဟ်အသျှင်မြတ်နှင့် ဆုံစည်းနိုင်မှု အရည်အချင်းများ ရှိသည့်အတွက်ကြောင့် အသျှင်မြတ်၏ ဉာဏ်တော် အမြော်အမြင်အရ ဆန္ဒရှိခဲ့သည်မှာ ထိုလူသားအား ကောင်းကင်တမန်များ၏ ဦးချခြင်းခံရသူ ဖြစ်သင့်သည်။ ထို့ကြောင့် فَقَعُوا لَهُ سَاجِدِيْنَ ဟု မိန့်ဆိုထားလေသည်။

လူသားအား စဂျ်ဒဟ် ပြုရန် ကောင်းကင်တမန်များကို အမိန့်ပေးခဲ့သည်၊ ထိုအမိန့်တွင် အီဗ်လီးစ်လည်း နောက်လိုက်အဖြစ်နှင့် ပါဝင်သတ်မှတ်ခြင်း ခံရကြောင်း

စူရာဟ်အအ်ရားဖ်တွင် အလ္လာဟ်အသျှင်မြတ်က အီဗ်လီးစ်ကို တိုက်ရိုက် မိန့်တော်မူသည်မှာ-

مَامَنَعَكَ اَنْ لَّا تَسْجُدَ اِذْ اَمَرْتُكَ

(ငါအသျှင်မြတ်ကိုယ်တော်တိုင် အသင့်အား အမိန့်ပေးနေပါလျက် မည်သည့်အရာက အသင့်ကို ဦးချခြင်းမှ တားဆီးထားလေသနည်း။)

ဤအာယသ်တော်မှ သိရှိရသည်မှာ ဦးချရန် အမိန့်သည် ကောင်းကင်တမန်များနှင့်တကွ အီဗ်လီးစ်ကိုပါ ပေးခဲ့လေသည်။ ထို့ကြောင့် ဤစူရာဟ်၏ အာယသ်တော်များတွင် အပေါ်ယံသုံးသပ်ချက်အရ ဦးချရန် အမိန့်သည် ကောင်းကင်တမန်များကိုသာလျှင် သီးခြားမိန့်တော်မူခဲ့ခြင်းဖြစ်သည်။ အလိုသဘောမှာ ဤသို့လည်း ဖြစ်နိုင်သည်။ အကြောင်းမှာ ကောင်းကင်တမန်များကို တိုက်ရိုက်အမိန့်ပေးခဲ့သော်ငြားလည်း အီဗ်လီးစ်သည် ကောင်းကင်တမန်များအကြား နေထိုင်ခဲ့သူဖြစ်သည့်အတွက် ထိုအမိန့်တွင် ၎င်းလည်း ပါဝင်သွားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အာဒမ် عليه السلام အား ဂုဏ်ပေးရန် အလ္လာဟ်အသျှင်မြတ်က အမြင့်မြတ်ဆုံး ဖန်ဆင်းခံများဖြစ်သည့် ကောင်းကင်တမန်များကို အမိန့်ပေးနေသည်ဆိုသော် အခြားအဖန်ဆင်းခံများသည်လည်း ဤအမိန့်တွင် နောက်လိုက်များအနေနှင့် ပါဝင်ပတ်သက်နေသည်မှာ ပေါ်လွင်ထင်ရှားပါသည်။ ထို့ကြောင့် အီဗ်လီးစ်သည်လည်း အဖြေပေးငြင်းဆန်ရာတွင် ကျွန်တော်မျိုးအား ဦးချရန် အမိန့်မပေးခဲ့ပါဟု မဆိုခဲ့ပေ။ ထို့ကြောင့် အမိန့်မနာခံသည့် အပြစ်သည်လည်း ကျွန်တော်မျိုးတွင် မရှိဟူ၍ မဆိုခဲ့ပေ။ ၎င်းနောက် ကျမ်းမြတ်ကုရ်အာန်တွင် ဤအကြောင်းအရာကို မိန့်ဆိုထားသည်မှာ-

اَبٰی اَنْ یَّکُوْنَ مَعَ السّٰجِدِیْنَ

၎င်းနောက် اَبٰی اَنْ یَّسْجُدَ ဟူသော စာသားများအစား اَنْ یَّکُوْنَ مَعَ السّٰجِدِیْنَ ဟူ၍ ရည်ညွှန်းမိန့်ဆိုခြင်း အကြောင်းမှာလည်း အမှန်စင်စစ် ဦးချသူများသည် ကောင်းကင်တမန်များသာ ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့သော် ဖြစ်သင့်သည်မှာ အီဗ်လီးစ်သည် ကောင်းကင်တမန်များအကြား နေထိုင်သူတစ်ဦးဖြစ်ပါလျက် ထိုကောင်းကင်တမန်များနှင့်အတူ ဦးချသူများတွင် ပါဝင်ရပေမည်။ ထိုသို့ မပါဝင်သည့်အတွက်ကြောင့် ပြစ်ဒဏ်သင့်သူတစ်ဦး ဖြစ်သွားလေသည်။

'အလ္လာဟ်အသျှင်မြတ်၏ သီးခြားဗန္ဒာဟ်များအပေါ် ရှိုက်သွာနှ်၏ ခြယ်လှယ်နိုင်စွမ်းမရှိ' ဟူသော အဓိပ္ပာယ်

إِنَّ عِبَادِى لَيْسَ لَكَ عَلَيْهِمْ سُلْطَٰنٌ

ဤအာယသ်တော်အရ သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်၏ သီးခြားရွေးချယ်ခံရသော ဗန္ဒာဟ်များအပေါ် ရှိုက်သွာန်၏ လှည့်စားဖြားယောင်းမှု သက်ရောက်နိုင်မည်မဟုတ်။ သို့သော် အာဒမ် عليه السلام ၏ အကြောင်းအရာတွင် တင်ပြထားသည်မှာ အာဒမ် عليه السلام နှင့် ဟောင်ဝါသခင်မတို့ကို ရှိုင်သွာန်သည် လှည့်စားဖြားယောင်းခဲ့ပေသည်။ ထိုနည်းတူစွာ သာဝကကြီးများနှင့် ပတ်သက်ပြီး ကျမ်းတော်မြတ်တွင် မိန့်ဆိုထားသည်မှာ -

إِنَّمَا اسْتَزَلَّهُمُ الشَّيْطَٰنُ بِبَعْضِ مَا كَسَبُوا

၄င်းအာယသ်တော်အရ သိရှိရသည်မှာ သာဝကကြီးများအပေါ်လည်း ရှိုက်သွာန်၏ လှည့်စားဖြားယောင်းမှုသည် ဤနေရာတွင် သက်ရောက်ခဲ့လေသည်။ သို့ပါသောကြောင့် အထက်ပါအာယသ်တော်တွင် အသျှင်မြတ်၏ သီးခြားဗန္ဒာဟ်များအပေါ် ရှိုက်သွာန်၏ သက်ရောက်မှုမရှိနိုင်ခြင်းဟူသော အဓိပ္ပာယ်မှာ ယင်းဗန္ဒာဟ်များ၏ နှလုံးသားနှင့် အသိဉာဏ်အပေါ် ရှိုက်သွာန်၏ လှည့်စားဖြားယောင်းမှုကြောင့် 'သောင်ဗာဟ်' လုပ်နိုင်သည့် အခွင့်အရေးပင် မရနိုင်လောက်အောင်လည်းကောင်း၊ မည်သည့်အခါမျှ အမြင်မှန် မရနိုင်လောက်အောင်လည်းကောင်း လှည့်စားဖြားယောင်းနိုင်စွမ်းမရှိခြင်းကို ဆိုလိုသည်။ သို့မဟုတ် အသျှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်ကို မရရှိနိုင်လောက်အောင် ကြီးမားသော အကုသိုလ်ထဲတွင် နစ်မွန်းစေနိုင်စွမ်း မရှိခြင်းကို ဆိုလိုပေသည်။ အထက်ပါအကြောင်းအရာများသည် အာယသ်တော်နှင့် ဆန့်ကျင်ဘက်မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် အာဒမ် عليه السلام နှင့် ဟောင်ဝါ عليه السلام တို့သည်လည်း 'သောင်ဗာဟ်' လုပ်နိုင်သည့် အခွင့်အရေးကို ရရှိခဲ့ပေသည်။ ၄င်းနောက် ယင်းတို့၏ 'သောင်ဗာဟ်' ကိုလည်း အသျှင်မြတ်က လက်ခံသဘောတူတော်မူခဲ့သည်။ ထိုနည်းတူစွာ ဆွဟာဗာကြီးများသည်လည်း 'သောင်ဗာဟ်' ပြုခဲ့သည်။ ထို့နောက် ရှိုက်သွာန်၏ လှည့်ဖြားမှုကြောင့် ကျူးလွန်မိခဲ့သော အကုသိုလ်နှင့်ပတ်သက်ပြီး အသျှင်မြတ်က ခွင့်လွှတ်တော်မူခဲ့သည်။

'ဂျဟန္နမ်'၏တံခါး (၇) ပေါက်အကြောင်း

لَهَا سَبْعَةُ أَبْوَٰبٍ

အေမာမ်အဟ်မဒ်သခင်၊ အိဗ်နေဂျရီးရ်သွဗရီးသခင်နှင့် အေမာမ်ဗိုင်ဟကီသခင်တို့သည် သာဝကကြီး အလီ رضي الله عنه သခင်၏ ဆင့်ပြန်ချက်တစ်ခုကို ဆင့်ပြန်ခဲ့သည်မှာ 'ဂျဟန္နမ်'၏ တံခါး (၇) ပေါက်သည် ယင်း၏ အထက်အောက်အလွှာ ခုနစ်လွှာ၏ တံခါးပေါက်များကို ဆိုလိုခြင်းဖြစ်သည်။ ၄င်းနောက် အချို့သော ပညာရှင်များက အဆောက်အဦးများတွင် ရှိလေ့ရှိတတ်သော တံခါးပေါက်များကဲ့သို့ပင် ယူဆသည်။ သီးခြားတရားခံများအတွက် သီးခြားတံခါးပေါက်များကို သတ်မှတ်ထားခြင်းဖြစ်သည်ဟုဆိုသည်။ / *ကုရ်သုဗီး* /

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَعُيُونٍ ﴿٤٥﴾

၁၅ : ၄၅ ။ ။ ဧကန်မလွဲ သူတော်စင်၊ သူတော်မြတ်တို့မှာမူ ဥယျာဉ်များ၌လည်းကောင်း၊ စိမ့်စမ်းများ၌လည်းကောင်း ရှိကြပေမည်။

ادْخُلُوهَا بِسَلَامٍ آمِنِينَ ﴿٤٦﴾

၁၅ : ၄၆ ။ ။ ၎င်း (သူတော်စင်၊ သူတော်မြတ်) တို့အား (ကေယာမသ်နေ့တွင်) 'အသင်တို့သည် ယင်းဥယျာဉ်များသို့ (စိုးရိမ်ကြောင့်ကြမှုအပေါင်းမှ) ငြိမ်းချမ်းလျက် (ဘေးအန္တရာယ်အသွယ်သွယ်တို့မှ) ကင်းလွတ်စွာ ဝင်ရောက်ကြလေကုန်' (ဟု မိန့်ကြားတော်မူပေမည်။)

وَنَزَعْنَا مَا فِي صُدُورِهِم مِّنْ غِلٍّ إِخْوَانًا عَلَىٰ
سُرُرٍ مُّتَقَابِلِينَ ﴿٤٧﴾

၁၅ : ၄၇ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းသူတော်စင်တို့၏ စိတ်နှလုံးများတွင် (ကျန်) ရှိနေသေးသော ရန်ငြိုး၊ ရန်စကို ထုတ်ပစ်တော်မူမည်။ (၎င်းတို့သည်) သလွန်များအပေါ်၌ မျက်နှာချင်းဆိုင်ကြလျက် ညီရင်းအစ်ကိုများဖြစ်ကာ (ခင်မင်ရင်းနှီးစွာ) ရှိနေကြပေမည်။

لَا يَمَسُّهُمْ فِيهَا نَصَبٌ وَمَا هُم مِّنْهَا بِمُخْرَجِينَ ﴿٤٨﴾

၁၅ : ၄၈ ။ ။ ၎င်း (သူတော်စင်) တို့၌ ယင်းဥယျာဉ်များတွင် မည်သည့်ပင်ပန်းမှုမျှလည်း သက်ရောက်မည် မဟုတ်ပေ။ ၎င်းပြင် ထိုသူတို့သည် ယင်းဥယျာဉ်များမှ နှင်ထုတ်ခြင်းခံကြရမည်လည်း မဟုတ်ပေ။

نَبِّئْ عِبَادِي أَنِّي أَنَا الْغَفُورُ الرَّحِيمُ ﴿٤٩﴾

၁၅ : ၄၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ငါအသျှင်မြတ်၏ ကျွန်များအား ဧကန်မလွဲ ငါအသျှင်မြတ်သည် သာလျှင် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်း ပြောကြားပါလေ။

وَأَنَّ عَذَابِي هُوَ الْعَذَابُ الْأَلِيمُ ﴿٥٠﴾

၁၅ : ၅၀ ။ ။ ထို့ပြင် ဧကန်မလွဲ ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည်လည်း အလွန်ပြင်းပြ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ် ဖြစ်ကြောင်းကိုလည်း (အသင်သည် ပြောကြားပါလေ။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဧကန်မုချ အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့သူများသည် (ဆိုလိုသည်မှာ အီမာန်ရှင်များသည်) ဥယျာဉ်များနှင့် စမ်းချောင်းများတွင် (နေထိုင်လျက်) ရှိကြမည်။ (မူလပထမကတည်းက အပြစ်ကင်းစင်သူများ၊ သို့မဟုတ် ခွင့်လွှတ်ခြင်းခံရသူများ၊ သို့မဟုတ် ပြစ်ဒဏ်ခံရမှု ပြီးဆုံးသူများကို အသျှင်မြတ်က မိန့်တော်မူမည်။) အသင်တို့သည် ထို (ဥယျာဉ်နှင့် စမ်းချောင်းများ) တွင် ငြိမ်းချမ်းမှုနှင့် အေးချမ်းသာယာမှု အပေါင်းနှင့်တကွ ဝင်ရောက်ကြကုန်လော့။ (ဆိုလိုသည်မှာ ယခုလည်း မနှစ်မြို့ဖွယ်ရာများမှ ငြိမ်းချမ်းမှု ရရှိနေသကဲ့သို့ နောင်တွင်လည်း မည်သည့်အန္တရာယ် ကြောင့်ကြမှု ရင်ဆိုင်စရာ မရှိတော့ပေ။) ၎င်းနောက် (ဒွန္နယာလောကတွင် လူ့သဘာဝအလျောက် ဖြစ်ပေါ်တတ်သော) ၎င်းတို့၏ နှလုံးသားတွင်းမှ မကောင်းသော စိတ်ထားများကို ငါအသျှင်မြတ်သည် ထိုအရာများအားလုံး (သုခဘုံသို့ မဝင်ရောက်မီအလျင်ပင် သူတို့၏ နှလုံးသားထဲမှ) ကင်းဝေးစေလိုက်မည်။ အချင်းချင်း ညီနောင်များကဲ့သို့ (ချစ်ခင်စွာဖြင့်) နေထိုင်ကြလိမ့်မည်။ မျက်နှာချင်းဆိုင်၍ ပလ္လင်များပေါ်တွင် ထိုင်ကြလိမ့်မည်။ ထိုနေရာတွင် ၎င်းတို့ကို စိုးစိမျှ ဒုက္ခရောက်လိမ့်မည်မဟုတ်။ ၎င်းနောက် ထိုနေရာမှ နှင်ထုတ်ခြင်းလည်း ခံရမည်မဟုတ်။ (အို၊ မိုဟမ္မဒ်) အသင်သည် ငါအသျှင်မြတ်၏ ဗန္ဒာဟ်များကို အသိပေးလော။ ငါအသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ ၎င်းနောက် မဟာကရုဏာတော် အသျှင်လည်း ဖြစ်တော်မူသည်။ ၎င်းနောက် (အခြားသော အချက်တစ်ခုမှာလည်း) ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည် (လည်း) ကြောက်မက်ဖွယ်ရာ ကောင်းသော ပြစ်ဒဏ်ဖြစ်သည်။ (သို့မှသာ ဤအကြောင်းအရာများကို သိရှိပြီးနောက် အီမာန်နှင့် 'သက္ကဝါ' ရှောင်ကြဉ်ခြင်းကို စိတ်ဝင်စားလာမည်ဖြစ်ပြီး 'ကုဖ္ဖရ်' ငြင်းဆန်မှုနှင့် အကုသိုလ်များ ကျူးလွန်ခြင်းကို ကြောက်ရွံ့လာကြမည် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

အဗ်ဒုလ္လာဟ်ဗင်န် အဗ္ဗာစ် ﷺ သခင်က မိန့်ဆိုသည်မှာ သုခဘုံသားများ 'ဂျန္နသ်' သုခဘုံသို့ ဝင်ရောက်သည့်အခါ ၎င်းတို့၏ ရှေ့မှောက်သို့ စမ်းရေချောင်းနှစ်ခုကို ယူဆောင်လာလိမ့်မည်။ ၎င်းတို့သည် ပထမ စမ်းရေချောင်းမှ ရေကို သောက်သုံးလိုက်သောအခါ ၎င်းတို့၏ နှလုံးသားထဲမှ ဒွန္နယာလောကတွင် ဖြစ်ပေါ်ခဲ့ဖူးသော မနာလိုဝန်တိုစိတ်များ၊ နှလုံးသားထဲတွင် သဘာဝအလျောက် ကျန်ရှိတတ်သော စိတ်ရိုင်းများ အားလုံးကို ထိုစမ်းရေက ဆေးကြောပစ်လိုက်လိမ့်မည်။ ၎င်းနောက် အားလုံး၏ နှလုံးသားတွင်းဝယ် အချင်းချင်း ချစ်ခင်ကြင်နာမှုများ ပေါ်ပေါက်လာပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် တစ်ဦးနှင့် တစ်ဦး မနာလို ဝန်တိုခြင်းသည်လည်း 'အဇာဗ်' ဘေးဒုက္ခတစ်ခု ဖြစ်လေသည်။ ၎င်းနောက် 'ဂျန္နသ်' သုခဘုံ ဆိုသည်မှာ ဘေးဒုက္ခများ ကင်းဝေးရာနေရာတစ်ခု ဖြစ်သည်။ ဆွဟီးဟ်ဟဒီးစ်တော်တစ်ရပ်တွင် ဆင့်ပြန်ထားသည်မှာ အကြင်သူ၏ နှလုံးသားတွင် မွတ်စ္စလင်မ်တစ်ဦးဦးနှင့် ပတ်သက်ပြီး အနည်းငယ်မျှ

အကောက်စိတ် ရှိနေပါက ထိုသူသည် 'ဂျန္နသ်'သုခဘုံသို့ ဝင်ရောက်နိုင်မည် မဟုတ်။ အထက်ပါ ဟဒီးစ်တော်တွင် တင်ပြထားသော အကောက်စိတ်ဆိုသည်မှာ လောကီရေးရာများနှင့် ပတ်သက်သော အကောက်ကြံသည့်စိတ်၊ ယင်းစိတ်ကို မိမိ၏ သဘောဆန္ဒနှင့် ပြုခဲ့မိပါက၊ ၎င်းနောက် ယင်းစိတ်ဓါတ်ကို မွေးမြူလျက် အခွင့်အရေးကို စောင့်ဆိုင်းနေကာ အခွင့်ကြုံသည်နှင့် တစ်ပြိုင်နက် မိမိရန်သူကို ဒုက္ခပေးခြင်း၊ ၎င်းနောက် ဆုံးရှုံးနစ်နာစေသူများကို ဆိုလိုပေသည်။ လူသားတို့၏ ဗီဇသဘာဝအလျောက် ဖြစ်ပေါ်လေ့ရှိသော စိတ်ရိုင်း၊ မိမိ၏ သဘောဆန္ဒမပါဘဲ အလိုအလျောက်ဖြစ်ပေါ်တတ်သော စိတ်ရိုင်းများသည် အထက်တင်ပြပါပြစ်ဒဏ်တွင် အကျုံးမဝင်ပေ။ ထိုနည်းတူစွာ တစ်ဦးတစ်ယောက်နှင့် ပတ်သက်ပြီး ရှရီအသ်တရားတော်၏ ပညတ်ချက်အရ အကောက်ထားခြင်း၊ ယင်းစိတ်ဓါတ်များအားလုံးကို အထက်ပါအာယသ်တော်အရ 'ဂျန္နသ်'သုခဘုံသားများ၏ နှလုံးသားထဲမှ ကင်းဝေးစေမည်ဖြစ်သည်။

ဤအကြောင်းအရာနှင့် ပတ်သက်ပြီး ဟဇရသ်အလီ ؓ သခင်က မိန့်ဆိုသည်မှာ 'ကျွန်တော်မျိုး မျှော်လင့်ပါ၏။ အကြောင်းမှာ ကျွန်တော်မျိုး၊ သွလ်ဟာသခင်နှင့် ဇိုဗိုင်းရ်သခင်တို့သည် 'ဂျန္နသ်'သုခဘုံသို့ မဝင်ရောက်မီအလျင် နှလုံးသားများကို သန့်စင်ခြင်းခံရသော သုခဘုံသားများ၏ စာရင်းတွင် ပါဝင်ပေလိမ့်မည်။ အလီ ؓ သခင်၏ ရည်ညွှန်းချက်မှာ တင်ပြပါသခင်ကြီးများနှင့် ဟဇရသ်အလီ ؓ သခင်တို့အကြား ဖြစ်ပေါ်ခဲ့သော သာသနာရေးရာ အကွဲအလွဲများကို ရည်ညွှန်းခြင်းဖြစ်သည်။

لَا يَمَسُّهُمْ فِيهَا نَصَبٌ وَمَاهُمْ فِيهَا بِمُخْرَجِينَ ○

ဤအာယသ်တော်အရ 'ဂျန္နသ်'၏ ထူးခြားချက်နှစ်ချက်အား သိရှိရပေသည်။ ပထမတစ်ချက်မှာ 'ဂျန္နသ်'တွင် မည်သူမျှ မောပန်းနွမ်းနယ်ခြင်း၊ အားအင်ချည့်နဲ့ခြင်း ဖြစ်မည်မဟုတ်။ ဒွန္နယာလောကနှင့် ဆန့်ကျင်လျက်ရှိမည်။ အကြောင်းမှာ လောကတွင် လုပ်ငန်းဆောင်တာများနှင့် ပတ်သက်ပြီး ကြိုးပမ်းအားထုတ်ရသည့်အတွက် မောပန်းနွယ်နယ်ပြီး အားအင်ချည့်နဲ့လေ့ ရှိကြသည်။ ၎င်းနောက် အနားယူခြင်း၊ လည်ခြင်း၊ ပတ်ခြင်းတို့ကြောင့်လည်း မည်မျှပင် ရသမြောက်သည့် အလုပ်ဖြစ်စေကာမူ တစ်ချိန်မဟုတ် တစ်ချိန် လူသားတို့သည် မောပန်းသွားလေ့ ရှိသည်။ အားအင်ချည့်နဲ့သွားတတ်ကြသည်။

ဒုတိယထူးခြားချက်မှာ 'ဂျန္နသ်'တွင် ရရှိမည့် စည်းစိမ်များ၊ ပျော်ရွှင်ခြင်းများ၊ အနားရမှုများသည် အမြဲတစေ ရရှိနေမည်ဖြစ်သည်။ မည်သည့်အခါမျှ ထိုစည်းစိမ်များတွင် လျော့နည်းခြင်းဖြစ်မည်မဟုတ်။ ၎င်းနောက် မည်သည့်အခါမျှ သုခဘုံသားကို ထို 'နေ့အ်မသ်'စည်းစိမ်များမှ ဖယ်ရှားလိမ့်မည်မဟုတ်။ တစ်ဖန် စူရာဟ်ဆွာဒ်တွင် အမိန့်ရှိသည်မှာ-

إِنَّ هٰذَا لَرِزْقُنَا مَالَهُ مِنْ نَفَادٍ

ဆိုလိုသည်မှာ ဤသည် ငါအသျှင်မြတ်၏ ရိဇ္ဇာများဖြစ်သည်။ ယင်းတို့သည် မည်သည့်အခါမျှ ကုန်ဆုံးသွားလိမ့်မည်မဟုတ်။ တစ်ဖန် အထက်ပါအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ-

وَمَا هُمْ مِنْهَا بِمُخْرَجِينَ

ဆိုလိုသည်မှာ ထိုသုခဘုံသားများကို မည်သည့်အခါမျှ ထို 'နေအိမ်ဿ' စည်းစိမ်များ၊ အနားရမှုများမှ ဖယ်ရှားခြင်း ခံရမည်မဟုတ်။ လောကီရေးရာ ကိစ္စရပ်များတွင်မူ ယင်းနှင့် ဆန့်ကျင်လျက်ရှိသည်။ အကြောင်းမှာ လောကတွင် တစ်ဦးတစ်ယောက်က အခြားသူတစ်ဦးကို ကြီးမားသော ဆုလာဘ်များ၊ အခွင့်အရေးများ ချီးမြှင့်ခဲ့ပါက ထိုချီးမြှင့်ခြင်းခံရသူသည် အမြဲတစေ စိုးရိမ်နေရမည်မှာ တစ်ချိန်ချိန်တွင် ချီးမြှင့်ခဲ့သူသည် ဒေါသအမျက်ထွက်ခဲ့ပါက ကျွန်ုပ်အား ဤစည်းစိမ်များမှ ဖယ်ရှားနှင်ထုတ်လိုက်လိမ့်မည်။

'ဂျန္နသ်'၏ စည်းစိမ်များနှင့် ပတ်သက်ပြီး စဉ်းစားဖွယ်ရာတစ်ခုမှာ 'ဂျန္နသ်'၏ စည်းစိမ်များသည် ကုန်ဆုံးခြင်း ရှိမည်မဟုတ်။ ထိုသုခဘုံသားကိုလည်း ယင်းစည်းစိမ်များမှ ဖယ်ရှားလိမ့်မည်မဟုတ်ဟု အထက်တွင် တင်ပြထားပေသည်။ သို့သော် ထိုသုခဘုံသားသည် စည်းစိမ်များကို ခံစားရင်း ငြီးငွေ့သွားပြီး ထိုနေရာမှ ထွက်ခွာလိုခဲ့သော် မည်သို့ ရှိမည်နည်း။ ကျမ်းတော်မြတ်တွင် ထိုစဉ်းစားဖွယ်ရာ အချက်ကိုလည်း အောက်ပါစာသားများဖြင့် မိန့်ဆိုရှင်းလင်းထားပေသည်။

لَا يَبْغُونَ عَنْهَا حِوَلًا

ဆိုလိုသည်မှာ သုခဘုံသားများသည်လည်း ထို 'ဂျန္နသ်'မှ လှည့်ပြန်သွားရန် ဆန္ဒအလျဉ်း ရှိကြမည်မဟုတ်ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَنَبِّئْهُمْ عَنْ ضَيْفِ إِبْرَاهِيمَ ﴿٥١﴾

၁၅ : ၅၁ ॥ ॥ ထို့ပြင် (အို, နဗီတမန်တော်) အသင်သည် ၎င်းတို့အား (နဗီတမန်တော်) အိဗ်ရာဟီမ်၏ ဧည့်သည်တော်များနှင့် ပတ်သက်၍လည်း အကြောင်းကြားပါလေ။

إِذْ دَخَلُوا عَلَيْهِ فَقَالُوا سَلَامًا قَالَ إِنَّا مِنْكُمْ وَجِلُونَ ﴿٥٢﴾

၁၅ : ၅၂ ॥ ॥ တစ်ရံရောအခါဝယ် ထိုဧည့်သည်တော်များသည် ယင်း (နဗီတမန်တော်) အိဗ်ရာဟီမ်၏ထံသို့ ဝင်ရောက်ခဲ့ကြကုန်၏။ ထိုအခါ ယင်း (ဧည့်သည်) တို့က 'စလာမ်' 'ငြိမ်းချမ်းသာယာမှုသည် (အသင်တို့အပေါ်၌) သက်ရောက်ပါစေသား' ဟု ပြောဆိုခဲ့ကြကုန်၏။ (ထိုအခါ) ယင်း (နဗီတမန်တော်) 'အိဗ်ရာဟီမ်းက 'ကေန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား ကြောက်ရွံ့စိုးရိမ်မိပါသည်' ဟု ပြောဆိုခဲ့လေသည်။

قَالُوا لَا تَوْجَلْ إِنَّا نُبَشِّرُكَ بِغُلَامٍ عَلِيمٍ ﴿٥٣﴾

၁၅ : ၅၃ ॥ ॥ (ထိုအခါ) ယင်း (ဧည့်သည်တော်) တို့က (အို, အိဗ်ရာဟီမ်) 'အသင်သည် မကြောက်ပါလေနှင့်။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား ဉာဏ်ပညာနှင့် ပြည့်စုံသော သားတော်တစ်ပါးနှင့် ပတ်သက်၍ ဝမ်းမြောက်ဖွယ်ရာ သတင်း ပေးကြပါသည်' ဟု ပြောကြားခဲ့လေသည်။

قَالَ أَبَشَّرْتُمُونِي عَلَىٰ أَن مَّسَّنِيَ الْكِبَرُ فَبِمَ تُبَشِّرُونَ ﴿٥٤﴾

၁၅ : ၅၄ ။ ။ (ထိုအခါ) ၎င်း (နဗီတမန်တော် အိဗ်ရာဟီမ်) က 'ကျွန်ုပ်၌ အသက်အရွယ် အိုမင်းမှုသည် ဆိုက်ရောက်နေပါလျက် အသင်တို့သည် ကျွန်ုပ်အား သတင်းကောင်း ပေးကြလေသလော။ သို့ဖြစ်ပေရာ အသင်တို့သည် မည်သည့်အကြောင်းနှင့်စပ်လျဉ်း၍ သတင်းကောင်း ပေးကြပါသနည်း' ဟု ပြောဆိုမေးမြန်းခဲ့လေသည်။

قَالُوا بَشَّرْنَاكَ بِالْحَقِّ فَلَا تَكُن مِّنَ الْقَانِطِينَ ﴿٥٥﴾

၁၅ : ၅၅ ။ ။ ၎င်း (ဧည့်သည်) တို့က 'ကျွန်ုပ်တို့သည် အသင့်အား အဟုတ်အမှန် (ဖြစ်မည့် ကိစ္စ) နှင့် စပ်လျဉ်း၍ သတင်းကောင်းပေးကြခြင်းသာ ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အသင်သည် မျှော်လင့်ချက်ကင်းမဲ့သူတို့အနက်မှ မဖြစ်ပါလေနှင့်' ဟု ပြောဆိုဖြေကြားခဲ့လေသည်။

قَالَ وَمَن يَقْنَطُ مِن رَّحْمَةِ رَبِّهِ إِلَّا الضَّالُّونَ ﴿٥٦﴾

၁၅ : ၅၆ ။ ။ (ထိုအခါ) ၎င်း (နဗီတမန်တော်အိဗ်ရာဟီမ်) က 'အမှန်စင်စစ် လမ်းလွဲသူတို့မှအပ မည်သူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက် ကင်းမဲ့ပါသနည်း' ဟု ပြောဆိုခဲ့၏။

قَالَ فَمَا خَطْبُكُمْ أَيُّهَا الْمُرْسَلُونَ ﴿٥٧﴾

၁၅ : ၅၇ ။ ။ (တစ်ဖန်) ၎င်း (နဗီတမန်တော်အိဗ်ရာဟီမ်) က (ဆက်လက်၍) 'အို၊ စေလွှတ်ခြင်းခံကြရကုန်သော (ကောင်းကင်တမန်တို့) ဖြစ်ပါမူ အသင်တို့၌ (ဆောင်ရွက်ရန်) မည်သို့သော အမှုကိစ္စ ရှိနေပါသနည်း' ဟု ပြောဆိုမေးမြန်းခဲ့ပြန်၏။

قَالُوا إِنَّا أُرْسِلْنَا إِلَىٰ قَوْمٍ مُّجْرِمِينَ ﴿٥٨﴾

၁၅ : ၅၈ ။ ။ ယင်း (ကောင်းကင်တမန်) တို့က (ဤသို့) ဖြေကြားခဲ့လေသည်။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် ပြစ်မှုကျူးလွန်ကြကုန်သော လူမျိုးထံ စေလွှတ်ခြင်းကို ခံခဲ့ကြရလေသည်။

إِلَّا آلَ لُوطٍ إِنَّا لَمُنَجُّوهُمْ أَجْمَعِينَ ﴿٥٩﴾

၁၅ : ၅၉ ။ ။ သို့ရာတွင် (နဗီတမန်တော်) လူးသ်၏ အိမ်ထောင်စုသားတို့ကိုမူ ဧကန်အမှန် ကျွန်ုပ်တို့သည် ၎င်းတို့အားလုံးကို ကယ်တင်မည့်သူများပင် ဖြစ်ကြပေသည်။

إِلَّا امْرَأَتَهُ قَدَّرْنَا ۙ إِنَّهَا لَمِنَ الْغَابِرِينَ ﴿٦٠﴾

၁၅ : ၆၀ ။ ။ သို့ရာတွင် (နဗီတမန်တော်) လူးသ်၏ ကြင်ရာမှာမူ မုချ ထိုသူမသည် နောက်ကျန်ရစ်မည့် သူတို့တွင် အပါအဝင် ဖြစ်လိမ့်မည်ဟူ၍ ငါအသျှင်မြတ် သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့ပြီးဖြစ်သည် (ဟု မိန့်ဆိုထားတော်မူကြောင်း) ပြောဆိုပြန်ကြားခဲ့လေသည်။

فَلَمَّا جَآءَ اٰلَ لُوۡطِ ۣالۡمُرۡسَلُوۡنَ ﴿۶۱﴾

၁၅ : ၆၁ ။ ။ ထို့နောက် စေလွှတ်ခြင်းခံကြရကုန်သော ၎င်း (ကောင်းကင်တမန်) တို့သည် (နဗီတမန်တော်) လူ့သ်၏ အိမ်ထောင်စုသားတို့ထံ ရောက်ရှိလာခဲ့ကြသောအခါ။

قَالَ اِنَّكُمۡ قَوۡمٌ مُّنۡكَرُوۡنَ ﴿۶۲﴾

၁၅ : ၆၂ ။ ။ ထို (နဗီတမန်တော်) လူ့သ်က 'ဧကန်စင်စစ် အသင်တို့သည် သူစိမ်းများပင် ဖြစ်ကြကုန်သည်'ဟု ပြောဆိုလေသည်။

قَالُوۡا بَلۡ جِئۡنٰكَ بِمَا كَانُوۡا فِيۡهِ يَمۡتَرُوۡنَ ﴿۶۳﴾

၁၅ : ၆၃ ။ ။ ၎င်း (ကောင်းကင်တမန်) တို့က (ဤသို့) ပြောဆို ပြန်ကြားခဲ့ကြကုန်၏။ 'ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာမူ ကျွန်ုပ်တို့သည် အသင်၏ထံသို့ ၎င်းတို့ သံသယဖြစ်နေကြသော ကိစ္စကို ယူဆောင်၍ လာခဲ့ကြပါသည်။'

وَاَتَيۡنٰكَ بِالۡحَـقِّ وَاِنَّا لَصٰدِقُوۡنَ ﴿۶۴﴾

၁၅ : ၆၄ ။ ။ ထို့ပြင် 'ကျွန်ုပ်တို့သည် အသင်၏ထံသို့ (အကယ်စင်စစ်) အဟုတ်အမှန်ဖြစ်မည့် ကိစ္စကို ယူဆောင်ခဲ့ကြပါသည်။ ၎င်းပြင် ကျွန်ုပ်တို့သည် ဧကန်မလွဲ အမှန်ပြောဆိုသူများပင် ဖြစ်ကြပါသည်။'

فَاَسۡرِ بِاَهۡلِكَ بِقِطۡعٍ مِّنَ
الَّيۡلِ وَاتَّبِعۡ اَدۡبَارَهُمۡ وَلَا يَلۡتَفِتۡ مِنۡكُمۡ اَحَدٌ وَّامۡضُوۡا
حَيۡثُ تُؤۡمَرُوۡنَ ﴿۶۵﴾

၁၅ : ၆၅ ။ ။ သို့ဖြစ်ပေရာ 'အသင်သည် မိမိအိမ်သူအိမ်သားတို့ကို ညဥ့်၏ အစိတ်အပိုင်းတစ်ခုခုတွင် ခေါ်ဆောင်၍ ထွက်ခွာသွားကြပါလေ။ ၎င်းနောက် အသင်သည် ၎င်းတို့၏နောက်မှ လိုက်သွားပါလေ။ ၎င်းပြင် အသင်တို့အနက်မှ တစ်ဦးတစ်ယောက်မျှပင် (နောက်သို့) ပြန်လှည့်၍ မကြည့်ရ။ (၎င်းနောက်) အသင်တို့ (အားလုံး) သည် မိမိတို့အမိန့်ပေးခြင်း ခံရသော နေရာသို့သာလျှင် (အာရုံစူးစိုက်၍) သွားကြလေကုန်။'

وَقَضَيۡنَاۤ اِلَيۡهِ ذٰلِكَ الۡاَمۡرَ اَنَّ دَابِرَ هٰٓؤُلَاۤءِ مَقۡطُوۡعٌ مُّصۡبِحِيۡنَ ﴿۶۶﴾

၁၅ : ၆၆ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (နဗီတမန်တော်လူ့သ်) ၏ ထံသို့ 'ဧကန်စင်စစ် ထိုမြို့သားများ၏ အခြေအမြစ်သည် နံနက်မိုးလင်းချိန်၌ ဖြတ်တောက်ပြီး ဖြစ်ချေလိမ့်မည်'ဟူသော စီရင်ဆုံးဖြတ်ချက်ကို ပေးပို့တော်မူခဲ့ပြီး ဖြစ်ပေသည်။

وَجَاءَ أَهْلُ الْمَدِينَةِ يَسْتَبْشِرُونَ ﴿٦٧﴾

၁၅ : ၆၇ ။ ။ ထို့နောက်တွင် မြို့သားတို့သည် ဝမ်းမြောက်ဝမ်းသာစွာနှင့် လာခဲ့ကြလေသည်။

قَالَ إِنَّ هَٰؤُلَاءِ ضَيْفِي فَلَا تَفْضَحُونِ ﴿٦٨﴾

၁၅ : ၆၈ ။ ။ (ထိုအခါ) ယင်း (နဗီတမန်တော်) လူးသ်က 'ကေန်စင်စစ် ဤသူတို့ ငါ၏ ဧည့်သည်တော်များပင် ဖြစ်ကြပေရာ အသင်တို့သ် ငါ့အား အရှက်မခွဲကြကုန်လင့်' ဟု ပြောကြားခဲ့လေသည်။

وَاتَّقُوا اللَّهَ وَلَا تُخْزُونِ ﴿٦٩﴾

၁၅ : ၆၉ ။ ။ ထို့ပြင် 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၄င်းပြင် အသင်တို့သည် ငါ့အား ဂုဏ်ရည်သေးသိမ်အောင် မပြုလုပ်ကြကုန်လင့်' (ဟု ပြောဆိုခဲ့၏။)

قَالُوا أَوَلَمْ نَنْهَكَ عَنِ الْعَالَمِينَ ﴿٧٠﴾

၁၅ : ၇၀ ။ ။ ၎င်း (မြို့သား) တို့က 'ကျွန်ုပ်တို့သည် အသင့်အား လူခပ်သိမ်းတို့ (ကို မိမိထံ တည်းခိုစေခြင်း) မှ (အခါခါ) တားမြစ်ခဲ့ပြီးဖြစ်ကြသည် မဟုတ်လော' ဟု ပြောဆိုခဲ့ပြန်လေသည်။

قَالَ هَٰؤُلَاءِ بَنَاتِي إِن كُنتُمْ فَاعِلِينَ ﴿٧١﴾

၁၅ : ၇၁ ။ ။ (ထိုအခါ) ယင်း (နဗီတမန်တော်) လူးသ်က 'အကယ်၍ အသင်တို့သည် (ငါပြောဆိုသည့်အတိုင်း လိုက်နာပြုလုပ်မည့်သူများ ဖြစ်ကြပါလျှင် ဤငါ၏ သမီးများသည် အဆင်သင့် ရှိနေကြပေသည်' ဟု ပြောဆိုခဲ့လေသည်။

لَعَمْرُكَ إِنَّهُمْ لَفِي سَكْرَتِهِمْ يَعْمَهُونَ ﴿٧٢﴾

၁၅ : ၇၂ ။ ။ (အို၊ နဗီတမန်တော် မိုဟမ္မဒ်) အသင်၏ အသက်ဇီဝိန်၏ ကစမ်၊ ကေန်စင်စစ် ၎င်းတို့မှာ မိမိတို့၏ မူးယစ်မှု၌ပင် တွေဝေလျက် ရှိခဲ့ကြကုန်၏။

فَأَخَذَتْهُمُ الصَّيْحَةُ مُشْرِقِينَ ﴿٧٣﴾

၁၅ : ၇၃ ။ ။ သို့ဖြစ်ပေရာ (နောက်ဆုံးတွင်) နေထွက်ချိန်ဝယ် ၎င်းတို့အား ပြင်းထန်ကျယ်လောင်လှစွာသော အသံသည် ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။

فَجَعَلْنَا عَالِيَهَا سَافِلَهَا وَأَمْطَرْنَا عَلَيْهِمْ حِجَارَةً مِّن سِجِّيلٍ ﴿٧٤﴾

၁၅ : ၇၄ ॥ ॥ ထိုအခါ ငါအသျှင်မြတ်သည် ထိုမြို့ကို အထက်အောက် (လှန်ပစ်၍) ပြုလုပ်တော်မူခဲ့လေသည်။
ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ ရွှံ့စေးဖြင့် ပြုလုပ်သော ကျောက်ခဲများကို ရွာသွန်းစေတော်မူခဲ့လေသည်။

إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّلْمُتَوَسِّمِينَ ﴿٧٥﴾

၁၅ : ၇၅ ॥ ॥ ဧကန်အမှန် ဤ (အဖြစ်အပျက်) ၌ စဉ်းစားဆင်ခြင် သုံးသပ်တတ်သော သူတို့အဖို့ သက်သေလက္ခဏာ
များသည် အမှန်ပင် ရှိပေသည်။

وَإِنَّهَا لَبِسَبِيلٍ مُّقِيمٍ ﴿٧٦﴾

၁၅ : ၇၆ ॥ ॥ ထို့ပြင် ဧကန်အမှန် ၎င်း (မြို့ရွာ) သည် စည်ကားလျက်ရှိသော လမ်း၌ အမှန်ပင် တည်ရှိနေပေသည်။

إِنَّ فِي ذَٰلِكَ لَآيَةً لِّلْمُؤْمِنِينَ ﴿٧٧﴾

၁၅ : ၇၇ ॥ ॥ ဧကန်မလွဲ ဤ (အဖြစ်အပျက်) ၌ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အဖို့ သက်သေလက္ခဏာသည်
အမှန်ပင် ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် (အို၊ မိုဟမ္မဒ်) အသင်သည် ထို (သူများကို) အီဗ်ရာဟီးမ် ﷺ ၏ ဧည့်သည်တော်များ (အကြောင်း) ကိုလည်း တင်ပြလော။ (ယင်းအကြောင်းအရာသည် ထိုအချိန်က ဖြစ်ပေါ်ခဲ့သည်။) အကြင်အခါက ထို (ဧည့်သည်တော်များသည် အမှန်စင်စစ် ကောင်းကင်တမန်များ ဖြစ်ကြသည်။ ၎င်းနောက် လူသားတို့၏ ပုံသဏ္ဌာန်ဖြင့် ရောက်ရှိလာသောကြောင့် အီဗ်ရာဟီးမ် ﷺ က ၎င်းတို့ကို ဧည့်သည်များဟု ထင်မှတ်ခဲ့သည်။ ထိုသူ့ထံသို့ (အီဗ်ရာဟီးမ် ﷺ ထံသို့) ရောက်ရှိလာကြသည်။ တစ်ဖန် (ရောက်ရှိလာပြီးနောက်) ၎င်းတို့သည် **اسلام عليكم** ဟု ဆိုသည်။ (အီဗ်ရာဟီးမ် ﷺ က ၎င်းတို့ကို ဧည့်သည်များ ထင်မှတ်၍ ချက်ချင်းပင် ထိုသူတို့အတွက် စားသောက်ဖွယ်ရာများ စီစဉ်ယူဆောင်လာလေသည်။ သို့သော် ထိုသူတို့သည် ကောင်းကင်တမန်များ ဖြစ်နေသောကြောင့် စားသောက်ခြင်း မပြုခဲ့ပေ။) ထိုအခါ အီဗ်ရာဟီးမ် ﷺ က (စိတ်ထဲတွင် စိုးရိမ်မိသည်မှာ ထိုသူတို့သည် အဘယ်ကြောင့် မစားသောက်လေသနည်း။ အဘယ်ကြောင့် ဆိုသော် လူပုံသဏ္ဌာန်ဖြင့် ရောက်ရှိလာကြသော ထိုကောင်းကင်တမန်များကို လူသားများဟုပင် ထင်မှတ်ခဲ့သည်။ ၎င်းနောက် မစားမသောက်သည့်အတွက် သံသယဖြစ်မိသည်မှာ ယင်းတို့သည် အခြားအဖန်ဆင်းခံများ ဖြစ်နေပါသလော။) ပြောကြားသည်မှာ ကျွန်ုပ်သည် အသင်တို့နှင့်ပတ်သက်ပြီး စိုးရိမ်နေပါသည်။ ၎င်းတို့က ပြန်လည်ပြောကြားသည်မှာ အသင် မစိုးရိမ်ပါနှင့်။ အဘယ်

ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် (ကောင်းကင်တမန်များ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ သတင်းကောင်းတစ်ခု ယူဆောင်လာခဲ့သည်။ ၎င်းနောက်) အသင့်ကို သားတော်တစ်ပါး ရရှိမည့် သတင်းကောင်းပေးပါသည်။ အကြင်သားတော်သည် ကြီးမားသော ပညာရှင်ကြီးတစ်ဦး ဖြစ်လိမ့်မည်။ (အလိုသဘောမှာ နဗီတစ်ပါးဖြစ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လူသားများအားလုံးတွင် ပညာအရှိဆုံးသောသူမှာ နဗီများပင် ဖြစ်သည်။ ထိုသားတော်သည် အိစ်ဟားက် عليه السلام ကို ဆိုလိုခြင်းဖြစ်သည်။ အခြားအာယသ်တော်များတွင် အိစ်ဟားက် عليه السلام နှင့်တကွ ယအ်ကူးဗ် عليه السلام ၏ သတင်းကောင်းကိုပါ ပေးထားကြောင်း သိရှိရလေသည်။)

အိဗ်ရာဟီးမ် عليه السلام က ပြောကြားသည်မှာ အသင်တို့သည် ငါ၏ ဤကဲ့သို့ အိုမင်းမစွမ်း ဖြစ်နေသော အခြေအနေတွင် (သားတော်တစ်ပါး ရရှိမည့်) သတင်းကောင်းကို ပါးနေပါသလော။ သို့ပါ၍ (ဤကဲ့သို့ အခြေအနေတွင် ကျွန်ုပ်အား) မည်သို့ သတင်းကို ပေးနေပါသနည်း။ (ဆိုလိုသည်မှာ ဤဖြစ်ရပ်သည် အတော်ပင် ထူးဆန်းနေပေသည်။ 'ကွဒ်ရသ်'တန်ခိုးတော်အရ မဖြစ်နိုင်ဖွယ်ရာ ကိစ္စတစ်ခု မဟုတ်ပေ။) ထို (ကောင်းကင်တမန်များက) ပြောကြားသည်မှာ ကျွန်ုပ်တို့သည် အသင့်ကို ဖြစ်ရပ်မှန် သတင်းကို ပေးနေခြင်းဖြစ်သည်။ (ဆိုလိုသည်မှာ သားတော်တစ်ပါး မွေးဖွားမည်မှာ မုချကေန် ဖြစ်သည်) သို့ပါ၍ အသင် မျှော်လင့်ချက် မကင်းလေနှင့်။ (ဆိုလိုသည်မှာ မိမိ၏ အိုမင်းရင့်ရော်မှုကို မကြည့်လေနှင့်။ ဤသို့ သဘာဝအကြောင်းခံများကို ကြည့်ရှုခန့်မှန်းလျှင် သံသယများ၊ မျှော်လင့်ချက်ကင်းမဲ့မှုများ လွှမ်းမိုးလာတတ်ပေသည်။) အိဗ်ရာဟီးမ် عليه السلام က ပြောကြားသည်မှာ မိမိ၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကရုဏာတော်ကို လမ်းမှားသူများမှအပ မည်သူက မျှော်လင့်ချက်ကင်းနိုင်မည်နည်း။ (ဆိုလိုသည်မှာ ကျွန်ုပ်သည် တမန်တော်တစ်ပါးဖြစ်ပါလျက် လမ်းမှားသူများ၏ အချင်းလက္ခဏာများ ကျွန်ုပ်ထံတွင် မည်သို့ ရှိနိုင်အံ့နည်း။ ဤကိစ္စရပ်သည် အံ့သြဖွယ်ကောင်းသော ကိစ္စတစ်ခုဖြစ်ကြောင်း ရည်ရွယ်ပြောဆိုခြင်းမျှသာ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်မှာ မှန်ကန်ကြောင်း၊ ၎င်းနောက် ကျွန်ုပ်သည် မျှော်လင့်ချက် အပြည့်အဝရှိသည်ထက် သာပို၍ ပြည့်ဝသော ယုံကြည်ချက်လည်း ရှိသည်။ ထို့နောက် တမန်တော် အိဗ်ရာဟီးမ် عليه السلام သည် 'နဗူဝသ်'၏ အမြော်အမြင်ဉာဏ်ရှိသည့်အလျောက် သိရှိသွားသည်မှာ ထိုကောင်းကင်တမန်များ ကြွမြန်းလာသည့် အကြောင်းကိစ္စတွင် သတင်းကောင်းပါးခြင်းအပြင် အခြားကြီးမားသော ရည်ရွယ်ချက်တစ်ခုလည်း ပါရှိနေပေသည်။ ထို့ကြောင့်) ပြောဆိုသည်မှာ (အသင်တို့ ကြွမြန်းလာခြင်း အကြောင်းအရင်းတွင် အခြားကိစ္စလည်း ပါရှိနေသည်ကို ကျွန်ုပ်အနေနှင့် နိမိတ်လက္ခဏာများဖြင့် သိရှိနေသည်။) ထို့ကြောင့် (အသင်တို့ တင်ပြလော့။) 'အို့၊ ကောင်းကင်တမန်အပေါင်းတို့၊ ယခု အသင်တို့တွင် မည်သို့သော အရေးကြီးကိစ္စ ရှိနေပါသနည်း။'

ကောင်းကင်တမန်များက ပြောဆိုသည်မှာ 'ကျွန်ုပ်တို့သည် အပြစ်ရှိသော အုပ်စုတစ်စုဘက်သို့ (၎င်းတို့ကို ပြစ်ဒဏ်ပေးရန်) စေလွှတ်ခြင်းခံရသည်။ (လူးသ် عليه السلام ၏ အုပ်စုကို ဆိုလိုပေသည်။) သို့သော် လူးသ် عليه السلام ၏ မျိုးနွယ်ဝင်များအားလုံးကို ကျွန်ုပ်တို့သည် ('အဇာ:ဗ်'အပြစ်ဒဏ်မှ) ကယ်တင်ရလိမ့်မည်။

(ဆိုလိုသည်မှာ ၎င်းတို့ကို ပြစ်ဒဏ်မှ လွတ်မြောက်ရန် နည်းလမ်းပြသပေးမည်။ သို့မှသာ အပြစ်ကျူးလွန်သူများနှင့် အပြစ်မဲ့သူများ သီးခြားစီ ဖြစ်သွားနိုင်မည်။) သူ (လူးသ် عليه السلام) ၏ ဇနီးမယားမှအပ၊ ၎င်းနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့ ရွေးချယ်ထားသည်မှာ သူမသည် ထိုအပြစ်ရှိသူများအုပ်စုထဲတွင် ကျန်ရှိနေလိမ့်မည်။ (၎င်းနောက် ထိုအပြစ်ရှိသူများနှင့်အတူ ပြစ်ဒဏ်ခံရမည်။) တစ်ဖန် ထိုကောင်းကင်တမန်များသည် (လူးသ် عليه السلام ၏) မျိုးနွယ်စုများထံသို့ ရောက်ရှိလာသောအခါ (၎င်းတို့သည် မနုဿလူသားအသွင်ဖြင့် လာရောက်ကြသောကြောင့် ယင်းမျိုးနွယ်က) ပြောဆိုသည်မှာ 'အသင်တို့သည် သူစိမ်းသူရံစာများဟု (ထင်မှတ်ရသည်။ အသင်တို့သည် မြို့သူမြို့သားများက အသင်တို့ကို မည်သို့ ဆက်ဆံမည်ကို တွေ့မြင်ကြရလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဤအုပ်စုသည် သူစိမ်းသူရံစာများကို ဒုက္ခပေးလေ့ ရှိကြသည်။) ကောင်းကင်တမန်များက ပြောဆိုကြသည်မှာ '(ကျွန်ုပ်တို့သည် လူသားများမဟုတ်ပါ။) ကျွန်ုပ်တို့သည် (ကောင်းကင်တမန်များ ဖြစ်ကြသည်။) အသင်တို့ထံသို့ ထိုအရာများကို (ဆိုလိုသည်မှာ 'အဇာဗ်'ပြစ်ဒဏ်ကို) ယူဆောင်လာကြသည်။ ယင်းအရာနှင့် ပတ်သက်ပြီး လူတိုသည် သံသယရှိကြသည်။ ၎င်းနောက် ကျွန်ုပ်တို့သည် အသင်တို့ထံသို့ ဧကန်မုချ ကျရောက်လာမည့် အရာများ (ဆိုလိုသည်မှာ ပြစ်ဒဏ်များ) ယူဆောင်၍ လာလေသည်။ ၎င်းနောက် ကျွန်ုပ်တို့သည် (ထိုသတင်းများကို ပေးရာတွင်) လုံးဝ မှန်ကန်တိကျကြပေသည်။ သို့ပါ၍ အသင် (လူးသ် عليه السلام) သည် ညအချိန်တွင် မိမိအိမ်သူအိမ်သားများကို ခေါ်ဆောင်၍ (ဤနေရာမှ) ထွက်သွားလော။ ၎င်းနောက် အသင်သည် အားလုံး၏အနောက်မှ နေသွားလော။ (သို့မှသာ တစ်ဦးတစ်ယောက်မျှ ကျန်ရှိနေလိမ့်မည်မဟုတ်။ လှည့်ပြန်သွားမည်လည်း မဟုတ်။ ၎င်းနောက် အသင်၏ အရှိန်အဝါကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ နောက်သို့ လှည့်ကြည့်မည်လည်း မဟုတ်။ ယင်းသို့လည်း တားမြစ်ခံထားကြရသည်။) ၎င်းနောက် အသင်တို့အနက် မည်သူမျှ နောက်လှည့်၍လည်း မကြည့်ရ။ (ဆိုလိုသည်မှာ အားလုံး မြန်မြန်ဆန်ဆန် ထွက်သွားကြလော့။) ၎င်းနောက် အသင်တို့အား (သွားရန်) ညွှန်ကြားထားသည့်နေရာသို့ အားလုံးထွက်ခွာကြလော။

(ဒွရ်ရေမန်စူးရ်ကျမ်းတွင် ဆွဒ်ဒီကျမ်း၏ အကိုးအကားဖြင့် ဆင့်ပြန်ထားသည်မှာ ၎င်းတို့ကို ထွက်ခွာနိုင်သော နေရာသည် 'ရှားမ်'နိုင်ငံဖြစ်သည်။ ယင်းဘက်သို့ ဟိဂျ်ရသ်ပြုရန် ၎င်းတို့အား အမိန့်ပေးလေသည်။) ၎င်းနောက် ငါအသျှင်မြတ်သည် (ထိုကောင်းကင်တမန်များ၏ အကြောင်းခံဖြင့်) လူးသ် عليه السلام ထံပါးသို့ ဤအမိန့်ကို ပို့ဆောင်ခဲ့လေသည်။ အကြောင်းမှာ မိုးလင်းသည်နှင့် တစ်ပြိုင်နက် ၎င်းတို့ကို အမြစ်ပြတ်ချေမှုန်း ဖျက်ဆီးပစ်မည်။ (ဆိုလိုသည်မှာ ၎င်းတို့သည် လုံးဝဥဿုံ ပျက်စီးသွားမည် ဖြစ်သည်။ ဖရစ်ရှ်သာဟ်များ၏ ယင်းသို့ ပြောဆိုမှုများသည် အမှန်စင်စစ် ရှေ့တွင် တင်ပြမည့် အကြောင်းအရာများ၏ နောက်ပိုင်းမှ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ယင်းပြောဆိုမှုများကို ဖြစ်ရပ်များ မတင်ပြမီအလျင် တင်ပြရသည့် အဓိကအကြောင်းအရင်းမှာ အမိန့်မနာခံသူများအပေါ် 'အဇာဗ်'အပြစ်ဒဏ် ကျရောက်ခြင်း၊ ၎င်းနောက် နာခံသူများသည် အောင်မြင်မှုရခြင်းဆိုသည့် အချက်အား အရေးတကြီး စောလျင်စွာ သိရှိနိုင်ရန်ဖြစ်သည်။ လူးသ် عليه السلام ၏ မျိုးနွယ်စုဖြစ်ရပ်မှာ ဤသို့ဖြစ်သည်။) ၎င်းနောက် မြို့သူမြို့သားများသည်

(လူးသ် ﷺ ထံသို့ ချောမောလှပသော လူရွယ်များ ရောက်ရှိလာသည့် သတင်းကို ကြား၍) လွန်စွာ ပျော်ရွှင်လျက် (မိမိတို့၏ မကောင်းသော ရည်ရွယ်ချက်၊ ပျက်ပြားသော စိတ်ဓါတ်ဖြင့် လူးသ် ﷺ ၏ အိမ်သို့ ရောက်ရှိလာကြလေသည်။) လူးသ် ﷺ က (ယခုအထိ ကောင်းကင်တမန်များကို မနုဿလူသားများဟု သတ်မှတ်ကာ မိမိ၏ ဧည့်သည်များဟု ယူဆနေပေသည်။ မျိုးနွယ်စုများ၏ မကောင်းသော ရည်ရွယ်ချက်များကို ရိပ်စားမိ၍ ပြောဆိုသည်မှာ) ဤသူတို့သည် ကျွန်ုပ်၏ ဧည့်သည်များဖြစ်သည်။ (၎င်းတို့ကို ဒုက္ခပေး၍) ကျွန်ုပ်အား (အများသူငှာရှေ့တွင်) အရှက်ရအောင် မပြုလေနှင့်။ (အဘယ်ကြောင့် ဆိုသော် ဧည့်သည်ကို သိက္ခာချခြင်းသည် အိမ်ရှင်ကို သိက္ခာချခြင်းပင် ဖြစ်သည်။ အကယ်၍ အသင်တို့ သည် ထိုတိုင်းတစ်ပါးသားများကို ကာရံထားမည်ဆိုလျှင်လည်း အနည်းနှင့်အများ ကျွန်ုပ်ကို အလေးထား သင့်သည်။ ကျွန်ုပ်သည် အသင်တို့၏ တစ်မြို့တည်းသားဖြစ်သည်။ ထို့ပြင်တဝ အသင်တို့ ရည်ရွယ်လျက် ရှိသော ကိစ္စရပ်သည် အလ္လာဟ်အသျှင်မြတ်၏ အမျက်ဒေါသစူးရှစေမည့် အကြောင်းခံ ကိစ္စရပ်တစ်ခု ဖြစ်သည်။)

အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့ကြလော။ ၎င်းနောက် ကျွန်ုပ်ကို (ထိုဧည့်သည် များရှေ့တွင်) အရှက်ရအောင် မပြုလေနှင့်။ (ယင်းကြောင့် ဧည့်သည်တော်များသည် ကျွန်ုပ်အား မိမိ၏ မျိုးနွယ်စုများအကြား ဂုဏ်သိက္ခာမရှိသူ တစ်ယောက်ဟု ထင်မှတ်ကြပေလိမ့်မည်။) မျိုးနွယ်ဝင်များက ပြောဆိုသည်မှာ (ဤအရှက်ရမည့်ကိစ္စသည် ကျွန်ုပ်တို့ဘက်မှ ပြုသည်မဟုတ်။ အသင်သည်သာ ကိုယ်တိုင် ဖန်တီးခြင်းဖြစ်သည်။ အကြောင်းမှာ ၎င်းတို့ကို ဧည့်သည်အဖြစ် လက်ခံခဲ့လေသည်။) ကျွန်ုပ်တို့သည် အသင့်အား နေရာအနှံ့အပြားမှ လူတကာ (ကို ဧည့်သည်အဖြစ် လက်ခံခြင်း) မှ (အကြိမ်ကြိမ်) မတားမြစ် ခဲ့ပါသလော။ (အသင်သည် ၎င်းတို့ကို ဧည့်သည်အဖြစ် မသတ်မှတ်ခဲ့ပါက အရှက်တကွဲ အကျိုးနည်း ဖြစ်မည်လည်း မဟုတ်။) လူးသ် ﷺ က ပြောဆိုသည်မှာ (ဤညံ့ဖျင်းသော လုပ်ရပ်ကို လုပ်ရန် မည်မျှ အရေးကြီးနေပါသနည်း။ ယင်းလုပ်ရပ်ကြောင့် ကျွန်ုပ်သည် မည်သူ့ကိုမျှ ဧည့်သည်အဖြစ် လက်ခံရန် အခွင့်မရှိလေသနည်း။ ဆိုလိုသည်မှာ မိမိတို့၏ ကာမရမ္မက်ကို ဖြည့်ဆည်းရန်) ငါ၏ (ချွေးမ) သမီးများ (အသင်တို့အိမ်တွင်) ရှိနေကြသည်။ အကယ်၍ အသင်တို့သည် ငါ၏ စကားအတိုင်း လိုက်နာကာ (လူ ရည်မွန်များကဲ့သို့ မိမိတို့၏ ဇနီးမယားများဖြင့် မိမိတို့၏ ဆန္ဒကို ဖြည့်ဆည်းကြလော့။ သို့သော် ၎င်းတို့ သည် မည်သူ့စကားမျှ နားမထောင်ကြပေ။) အသင်၏ အသက်ဇီဝိန်၏ ကစမ်၊ ထိုသူတို့သည် မိမိတို့၏ ရမ္မက်တွင် ယစ်မူးနေကြသည်။ ထိုသို့ဖြင့် နံနက်နေထွက်လာသောအခါ စူးရှပြင်းထန်သော အသံတစ်သံ သည် ၎င်းတို့အပေါ် သက်ရောက်လာလေသည်။ (ဤသည် مُشْرِقِيْنَ ဟူသော စာသား၏ အဓိပ္ပာယ် ဖြစ်သည်။ ဤစာသားအလျှင် مُصْبِحِيْنَ ဟူ၍ အာယသ်တော်တွင် တင်ပြထားသည်။ ယင်း၏ အဓိပ္ပာယ်မှာ မိုးလင်းလု ဆဲဆဲအချိန်ကို ခေါ်ဆိုသည်။ ဤစာသားနှစ်ခုစလုံးအား ပေါင်းစပ်၍ အဓိပ္ပာယ်ဖော်မည်ဆိုလျှင်

ဤဖြစ်ရပ် သည် နံနက်မိုးသောက်ချိန်မှ အစပြု၍ 'အစ်ရှ်ရားကဲ့' (နေထွက်) အချိန်တွင် ပြီးဆုံးသွားသည်) တစ်ဖန် (ထိုစူးရှသောအသံဖြစ်ပေါ်ပြီးနောက်) ငါအသျှင်မြတ်သည် ထိုရပ်ရွာများ (၏ မြေကို လှန်ပစ်ပြီး ယင်း) ၏ အပေါ်လွှာကို အောက်သို့ ပို့လိုက်လေသည်။ (၎င်းနောက် ယင်းမြေ၏ အောက်လွှာကို အပေါ်သို့ လှန်လိုက်သည်။) ထို့နောက် ၎င်းတို့၏အပေါ် ခဲမိုးများ စတင်ရွာသွန်းစေသည်။ ဤဖြစ်ရပ်တွင် အမြော်အမြင်ရှိသူများအတွက် မြောက်မြားစွာသော (သံဝေဂရဖွယ်ရာ) အမှတ်အသားများ ရှိသည်။ (ပမာဆိုရသော် ပထမအချက်မှာ မကောင်းသော လုပ်ရပ်၏ ရလဒ်သည် မကောင်းမှုပင် ဖြစ်သည်။ အကယ်၍ ရက်အနည်းငယ် အခွင့်အရေးရခဲ့လျှင်လည်း ဒုက္ခမတွေ့နိုင်ဟု အထင်မမှားရပေ။ ဒုတိယအချက်မှာ အစဉ်အမြဲ သာယာအေးချမ်းမှု၊ ဂုဏ်သိက္ခာရှိမှုတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင် ယုံကြည်မှု၌သာ ရှိသည်။ ၎င်းနောက် ထိုအသျှင်မြတ်၏ အမိန့်နာခံခြင်းတွင်သာ ရှိသည်။ တတိယအချက်မှာ အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်ကို လူသားတို့၏ စွမ်းပကားဖြင့် နှိုင်းယှဉ်စဉ်းစား၍ အထင်မမှားသင့်ပေ။ အလ္လာဟ်အသျှင်မြတ်၏ နိုင်နင်းတော်မူသော 'ကွဒ်ရသ်'တန်ခိုးတော်အောက်တွင်သာ အရာခပ်သိမ်းသည် တည်ရှိနေသည်။ ထိုအသျှင်မြတ်သည် ပေါ်လွင်ထင်ရှားသော အကြောင်းခံများနှင့် ဆန့်ကျင်၍လည်း မိမိအလိုတော်ရှိသည့်အတိုင်း ပြုစွမ်းနိုင်တော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တမန်တော်မြတ် ﷺ အား သီးခြားဂုဏ်ပေးခံရခြင်းအကြောင်း

အာယသ်တော်တွင် لَعَمْرُكَ ဟူသော စာသားနှင့် ပတ်သက်ပြီး ရှုးဟွလ်မအာနီကျမ်းတွင် သဖ်စီးရ် ပညာရှင်များ၏ အဆိုကို ရေးသားတင်ပြထားသည်မှာ لَعَمْرُكَ ဟူသော စာသားသည် တမန်တော်မြတ် ﷺ ကို ရည်ညွှန်းမိန့်ဆိုခြင်း ဖြစ်သည်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ်၏ ဘဝ သက်တမ်းကို ကျိန်တွယ်၍ ပြောဆိုနေခြင်းဖြစ်သည်။ ဗိုင်ဟကီ (ရဟ) သခင်က 'ဒလာအိလွလ်နုဗူဝသ်' ကျမ်းတွင် ၎င်းနောက် အဗူနအီးမ်နှင့် အိဗ်နေမရ်ဒဝိယဟ်သခင်တို့သည်လည်း အဗ်ဒွလ္လာဟ်ဗင်နုအဗ္ဗာစ် ؓ သခင်၏ အဆိုကို ဆင့်ပြန့်ခဲ့ကြသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ရှိရှိသမျှသော အဖန်ဆင်းခံအားလုံးနှင့် လောကအားလုံးတွင် တမန်တော်မြတ် ﷺ ထက် သာပို၍ မည်သူ့ကိုမျှ ဂုဏ်သိက္ခာ၊ အဆင့်အတန်းများ ချီးမြှင့်ခြင်း မရှိခဲ့ပေ။ ဤအချက်ကြောင့်ပင် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်တမန်တော်၊ မည်သည့်ကောင်းကင်တမန်တော်၏ ဘဝသက်တမ်းနှင့် ပတ်သက်ပြီး ကစမ်ကျိန်တွယ်၍ မိန့်ဆိုတော်မူခဲ့ခြင်းမရှိပေ။ ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ ၏ အသက်ဇီဝိန်၊ ဘဝသက်တမ်းနှင့် ပတ်သက်ပြီး ကျိန်တွယ်၍ မိန့်ဆိုခဲ့လေသည်။ ဤသည်ပင်လျှင် တမန်တော်မြတ် ﷺ အား အတိုင်းအဆမရှိ ဂုဏ်ပေးခြင်းတစ်ရပ် ဖြစ်လေသည်။

အလ္လာဟ်အသျှင်မြတ်မှလွဲ၍ အခြားအရာများနှင့် ပတ်သက်ပြီး ကျိန်တွယ်ခြင်း

အလ္လာဟ်အသျှင်မြတ်၏ နာမတော်၊ ဂုဏ်တော်များမှအပ အခြားအရာများဖြင့် ကျိန်တွယ်ခြင်းသည် မည်သူတစ်ဦးတစ်ယောက်အတွက်မျှ မပိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ကစမ်ကျိန်တွယ်ခြင်းဆိုသည်မှာ အားလုံးထက်ပို၍ ကြီးကျယ်မြင့်မြတ်သူအား တိုင်တည်၍ ကျိန်တွယ်ရလေသည်။ ၄င်းနောက် အားလုံးထက်ပို၍ ကြီးကျယ်မြင့်မြတ်သူမှာ အလ္လာဟ်အသျှင်မြတ်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက် ရှိသည်။ ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ မိမိတို့၏ မိဘနှစ်ပါး၊ ၄င်းနောက် ရုပ်ထုများ၏ အမည်ဖြင့် ကျိန်တွယ်ခြင်း မပြုလေနှင့်။ အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သည့် အရာကိုမျှ ကျိန်တွယ်ခြင်းမပြုရ။ အသျှင်မြတ်၏ နာမတော်ကို ကိုင်တွယ်ကျိန်ဆိုခြင်းသည်လည်း အသင်တို့၏ မှန်ကန်သော စကားများအတွက်သာ ဖြစ်ရမည်။ *[အဗူဒါဝူဒ်၊ နစာအီ။]*

ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတွင်လည်း ဆင့်ပြန့်ထားသည်မှာ တစ်ခါက တမန်တော်မြတ် ﷺ သည် ဟဇရသ်အုမရ်ဗင်နခတ္တာဗ် ؓ သခင်ကို မိမိ၏ ဖခင်အမည်ဖြင့် ကျိန်တွယ်နေသည်ကို မြင်တွေ့ခဲ့သည်။ ထိုအခါ ကိုယ်တော်မြတ် ﷺ က အော်ဟစ်၍ မိန့်ကြားသည်မှာ သတိမူလော့။ အလ္လာဟ်အသျှင်မြတ်သည် ဖခင်များ၏ အမည်ဖြင့် ကျိန်တွယ်ခြင်းကို တားမြစ်တော်မူသည်။ အကြင်မည်သူမဆို ကျိန်တွယ်လိုပါက အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် ကျိန်တွယ်လော့။ သို့မဟုတ် ဆိတ်ဆိတ်နေလော့။

[ကုရ်သုဗီကျမ်း၊ မာအီဒဟ်ကျမ်း။]

သို့သော် ဤပြဋ္ဌာန်းချက်သည် အဖန်ဆင်းခံများအတွက် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အဖန်ဆင်းခံများထဲမှ အမျိုးမျိုးသော အရာများ၏ အမည်ဖြင့် ကျိန်တွယ်မိန့်ဆိုလေ့ ရှိသည်။ ဤပြဋ္ဌာန်းချက်သည် အလ္လာဟ်အသျှင်မြတ်အတွက်သာ သီးခြားဖြစ်သည်။ ယင်းသို့ ကျိန်တွယ်ရခြင်း၏ ရည်ရွယ်ချက်မှာလည်း ထိုအရာများကို သီးခြားဂုဏ်ပေးခြင်း၊ ၄င်းနောက် ကြီးမားသော ဂုဏ်ကျေးဇူးများအား တင်ပြရန်အတွက် ဖြစ်သည်။ ထို့နောက် အဖန်ဆင်းခံများအတွက် အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ကျိန်တွယ်ပြောဆိုမှုမှ တားမြစ်ထားခြင်းအကြောင်းကို ဤနေရာတွင် တင်ပြထားခြင်း မရှိ။ အဘယ်ကြောင့်ဆိုသော် ယင်းအကြောင်းကိစ္စကို တင်ပြခြင်းသည် အသျှင်မြတ်၏ 'ကလာမ်'ဗျာဒိတ်တော်နှင့် လျော်ကန်အပ်စပ်မှု မရှိခြင်းကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည် မိမိ၏ အဖန်ဆင်းခံတစ်ဦးဦးကို အကြီးကျယ်ဆုံး၊ အမြင့်မြတ်ဆုံးဟူ၍ မည်သို့ မှတ်ယူမည်နည်း။ အကြီးကျယ်ဆုံးဟူသော ဂုဏ်ပုဒ်မှာ အလ္လာဟ်အသျှင်မြတ်၏ ဇာတိတော်အတွက်သာလျှင် သီးသန့်ဖြစ်ပေသည်။

'အဇာဗ်'ပြစ်ဒဏ် ကျရောက်ခဲ့သော မြို့ရွာများနှင့် ပတ်သက်ပြီး သံဝေဂရယူရမည့်အကြောင်း

إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّلْمُتَوَسِّمِينَ وَإِنَّهَا لَبِسَبِيلٍ مُّقِيمٍ

ဤအာယသ်တော်တွင် အသျှင်မြတ်သည် ထိုမြို့ရွာများ၏ တည်နေရာကို ညွှန်ပြထားလေသည်။ အကြင်နေရာသည် အာရဗ်နိုင်ငံမှ ရှားမ်နိုင်ငံဘက်သို့ သွားသော လမ်းတွင် တည်ရှိပေသည်။ ထို့ပြင်တဝ

မိန့်တော်မူသည်မှာ ဤအကြောင်းအရာများတွင် အမြော်အမြင်ရှိသူများအတွက် အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးအာနုဘော်များနှင့် ပတ်သက်ပြီး ကြီးမားသော လက္ခဏာများ ရှိပေသည်။ အခြား အာယသ်တော်တစ်ခုတွင် ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး မိန့်တော်မူထားသည်မှာ-

لَمْ تُسْكَنْ مِنْ بَعْدِهِمْ اِلَّا قَلِيْلًا

အလိုသဘောမှာ အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်ခဲ့သည့်အတွက် ထိုမြို့ရွာများသည် ပျက်သုန်းသွားပြီးနောက် အချို့သော မြို့ရွာများမှအပ တစ်ဖန်ပြန်လည် စည်ကားနိုင်ခြင်း မရှိတော့ပေ။ အကြောင်းအရာအားလုံးကို ခြုံငုံကြည့်ရှုလျှင် သိရှိနိုင်သည်မှာ အလ္လာဟ်အသျှင်မြတ်သည် ထိုမြို့ရွာများနှင့် အဆောက်အအုံများကို နောင်လာနောက်သားတို့အတွက် သံဝေဂရဖွယ်ရာ အမှတ်အသားတစ်ခုအဖြစ် ထားရှိတော်မူသည်။ ထို့ကြောင့်ပင် တမန်တော်မြတ် ﷺ သည် ထို 'အဇာဗ်'အပြစ်ဒဏ် ကျရောက်ခဲ့သော နေရာများမှ ဖြတ်သန်းသွားလာသောအခါ အသျှင်မြတ်ကို ကြောက်ရွံ့သည့်စိတ်ဖြင့် တမန်တော်မြတ် ﷺ ၏ ပုံသဏ္ဌာန်သည် ပြောင်းလဲသွားလေ့ ရှိသည်။ ဦးခေါင်းကို တွင်တွင်ငုံ့၍ သွားလေ့ရှိသည်။ ၎င်းနောက် မိမိ၏ အစီးအနင်းကိုလည်း ထိုနေရာမှ လျင်မြန်စွာ ဖြတ်သန်းနိုင်အောင် ကြိုးစားပမ်းစား မောင်းနှင်လေ့ ရှိသည်။ တမန်တော်မြတ် ﷺ ၏ ဤလုပ်ရပ်ကြောင့် စွန္နသ်တော်တစ်ခု ပေါ်ထွန်းခဲ့သည်မှာ အသျှင်မြတ်၏ 'အဇာဗ်'ပြစ်ဒဏ် ကျရောက်ခဲ့သော နေရာများတွင် သွားရောက်၍ ပွဲလမ်းသဘင်ပုံစံမျိုးဖြင့် လေ့လာ ကြည့်ရှုခြင်းသည် စိတ်နှလုံးသား မာကျောသောသူများ၏ လုပ်ရပ်ဖြစ်သည်။ အမှန်စင်စစ် ထိုနေရာများကို ကြည့်ရှု၍ သံဝေဂရယူမည့် နည်းလမ်းမှာ ထိုနေရာများသို့ ရောက်သည့်အခါတိုင်း အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံသော 'ကွဒ်ရသ်'တန်ခိုးတော်ကို ခံစားနားလည်ခြင်း၊ ၎င်းနောက် ထိုအသျှင်မြတ်၏ 'အဇာဗ်' အပြစ်ဒဏ်ကို ကြောက်ရွံ့ရိုကျိုးခြင်းများ ဖြစ်ပေါ်လွှမ်းမိုးလာရမည်။

အပေါ်မြေလွှာတစ်ထပ်ကို လှန်ပစ်ခြင်းခံခဲ့ရသော တမန်တော်လူးသ် عليه السلام ၏ မြို့ရွာများသည် ကျမ်းမြတ်ကုရ်အာန်၏ အဆိုအရ အာရဗ်နိုင်ငံမှ 'ရှားမ်'နိုင်ငံသို့ သွားသော လမ်းတွင် တည်ရှိလေသည်။ 'အွရ်ဒွန်'အရပ်ဒေသတွင် တည်ရှိသော ထိုနေရာသည် ယနေ့လည်း ပင်လယ်ရေမျက်နှာပြင်၏ အောက် အလွန်ပင် နက်ရှိုင်း၍ ကြီးမားသော လွင်တီးခေါင်ပြင်ကြီးတစ်ခုအဖြစ်နှင့် တည်ရှိနေပေသည်။ ယင်းဒေသ ၏ ကြီးမားသော ဧရိယာတစ်ခုတွင် ပင်လယ်ရေကဲ့သို့သော ရေတစ်မျိုးသည် လွှမ်းမိုးလျက်ရှိသည်။ ထိုရေတွင် မည်သည့်ငါး၊ ဖား စသည့် သတ္တဝါမျှ အသက်ရှင်နေထိုင်နိုင်စွမ်း မရှိကြချေ။ ထို့ကြောင့် ထိုရေကန်ကြီးကို ပင်လယ်သေဟုလည်းကောင်း၊ လူးသ်ပင်လယ်ဟုလည်းကောင်း ခေါ်ဝေါ်သမုတ်ကြလေသည်။ လေ့လာ ဆန်းစစ်ချက်အရ သိရှိရသည်မှာ အမှန်စင်စစ် ထိုရေတွင် ရေဓါတ်သဘာဝ အလွန်ပင် နည်းပါးပြီး ဆီကဲ့သို့ သော ဓါတ်သဘာဝ အလွန်ပင် များပြားလေသည်။ ထို့ကြောင့် ဤရေတွင် ရေသတ္တဝါများ အသက်ရှင်လျက် မနေနိုင်ကြပေ။ ယခုခေတ်ကာလတွင် ရှေးဟောင်းအမှတ်အသားများ ထိန်းသိမ်းရေးအဖွဲ့အစည်းမှ ထိုနေရာ တွင် လူနေအဆောက်အအုံများ၊ တည်းခိုခန်းများ စသည်တို့ပင် ဆောက်လုပ်လိုက်ကြပေသည်။ ၎င်းနောက်

တမလွန်ကို မေ့လျော့နေသော၊ ဒုနိယာလောက၏ အကြောင်းခံများကို မှီခိုအားထားသော အတွေးအခေါ် ရှင်များသည် ယခုခေတ်သမယတွင် ထိုနေရာကို အပန်းဖြေစခန်းတစ်ခုအသွင် ပြုလုပ်လိုက်ကြပေပြီ။ လူတို့ သည် ထိုနေရာကို ပွဲလမ်းသဘင်ပမာ သွားရောက်ကြည့်ရှုကြသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် ဤကဲ့ သို့သော ပေါ့လျော့မှုများနှင့် ပတ်သက်ပြီး သတိပေးထားသည်မှာ–

إِنَّ فِي ذَٰلِكَ لَآيَةً لِّلْمُؤْمِنِينَ

အလိုသဘောမှာ ကောန်စင်စစ် ၎င်းဖြစ်ရပ်များနှင့် နေရာဌာနများသည် အတွေးအခေါ် အမြော်အမြင် ရှိသော သူတိုင်းအတွက် သံဝေဂရဖွယ်ရာ ဖြစ်သည်။ သို့သော် ထိုသံဝေဂရဖွယ်ရာများမှ အကျိုးအမြတ် ရရှိခံစားနိုင်သူများမှာ အီမာန်ရှင်များသာ ဖြစ်သည်။ အခြားသောသူများသည် ၎င်းနေရာဌာနများကို ကြည့်၍ ရှုမျှော်ရာနေရာတစ်ခုမျှသာ မှတ်ယူကာ လှည့်ပြန်သွားလေ့ ရှိကြသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِن كَانَ أَصْحَابُ الْأَيْكَةِ لَظَالِمِينَ ﴿٧٨﴾

၁၅ : ၇၈ ။ ။ ထို့ပြင် 'အိုင်ကဟ်' (တောအုပ်) ၌ နေထိုင်သောသူတို့သည်လည်း ကောန်အမှန် မတရားကျူးလွန်သော သူများပင် ဖြစ်ခဲ့ကြကုန်၏။

فَانتَقَمْنَا مِنْهُمْ وَإِنَّهُمَا لَبِإِمَامٍ مُّبِينٍ ﴿٧٩﴾

၁၅ : ၇၉ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်းတို့အား လက်စားချေတော်မူခဲ့၏။ ကောန်အမှန် ထိုမြို့ရွာနှစ်ခု စလုံးသည် ထင်ရှားသော လမ်းမပေါ်၌ အမှန်ပင် ရှိနေကြပေသည်။

وَلَقَدْ كَذَّبَ أَصْحَابُ الْحِجْرِ الْمُرْسَلِينَ ﴿٨٠﴾

၁၅ : ၈၀ ။ ။ ၎င်းပြင် ကောန်မလွဲ 'ဟစ်ဂျ်ရ်'(၎င်းသည် 'ဆမူဒ်' လူမျိုးတို့၏ ဗဟိုမြို့ကြီးဖြစ်သည်။) ၌ နေထိုင်ကြသော သူတို့သည်လည်း စေလွှတ်ခြင်းခံကြရကုန်သော ရစူလ်တမန်တော်များအား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြလေသည်။

وَآتَيْنَاهُمْ آيَاتِنَا فَكَانُوا عَنْهَا مُعْرِضِينَ ﴿٨١﴾

၁၅ : ၈၁ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အား မိမိ၏ သက်သေလက္ခဏာတော်များကို ပေးသနားတော်မူခဲ့ လေသည်။ သို့ပါလျက် ၎င်းတို့သည် ယင်းသက်သေလက္ခဏာတော်များကို လျစ်လျူရှုခဲ့ကြကုန်၏။

وَكَانُوا يَنْحِتُونَ مِنَ الْجِبَالِ بُيُوتًا آمِنِينَ ﴿٨٢﴾

၁၅ : ၈၂ ॥ ॥ ထို့ပြင် ၎င်းတို့သည် တောင်များကို အိမ်များအဖြစ် ဖောက်ထွင်း၍ ဘေးရန်ကင်းငြိမ်းစွာ နေထိုင်ခဲ့ကြကုန်၏။

فَأَخَذَتْهُمُ الصَّيْحَةُ مُصْبِحِينَ ﴿٨٣﴾

၁၅ : ၈၃ ॥ ॥ ထို့နောက် (နောက်ဆုံးတွင်) ၎င်းတို့အား နံနက်မိုးလင်းချိန်တွင် ပြင်းထန် ကျယ်လောင်လှစွာသော အသံသည် ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။

فَمَا أَغْنَىٰ عَنْهُمْ مَا كَانُوا يَكْسِبُونَ ﴿٨٤﴾

၁၅ : ၈၄ ॥ ॥ ထိုအခါ ၎င်းတို့ ရှာဖွေဆည်းပူးခဲ့သမျှတို့သည် ၎င်းတို့အဖို့ လုံးဝ အသုံးမဝင်တော့ချေ။

وَمَا خَلَقْنَا السَّمَاوَاتِ وَالْأَرْضَ وَمَا
بَيْنَهُمَا إِلَّا بِالْحَقِّ ۗ وَإِنَّ السَّاعَةَ لَآتِيَةٌ ۖ فَاصْفَحِ الصَّفْحَ الْجَمِيلَ ﴿٨٥﴾

၁၅ : ၈၅ ॥ ॥ စင်စစ် ငါအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်နှင့် မြေပထဝီစပ်ကြား၌ ရှိရှိသမျှတို့ကိုလည်းကောင်း၊ (အကြောင်းမဲ့ မဟုတ်) မှန်ကန်သော ရည်ရွယ်ချက်နှင့်တကွ ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် (ငါအသျှင်မြတ် သတ်မှတ်ထားတော်မူသော) 'ကေယာမသ်'နေ့သည် ဧကန်မလွဲ မုချ ဆိုက်ရောက်လာမည်ဖြစ်၏။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့၏ နှောင့်ယှက်မှုများကို) ကောင်းမွန် ယဉ်ကျေးစွာ ခွင့်လွှတ်ပါလေ။

إِنَّ رَبَّكَ هُوَ الْخَلَّاقُ الْعَلِيمُ ﴿٨٦﴾

၁၅ : ၈၆ ॥ ॥ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည်ပင်လျှင် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အဆ်ဟာဗေအိုင်ကာနှင့် အဆ်ဟာဗေဟိဂျ်ရ်တို့၏ ဖြစ်ရပ်အကြောင်း

၎င်းနောက် ထိုတောတွင်းသားများသည် (ဆိုလိုသည်မှာ တမန်တော် ရှုအိုက်ဗ် ﷺ ၏ အမျိုးသည်လည်း) အလွန်တရာ ညည်းပန်းသူများ ဖြစ်ကြသည်။ သို့ပါ၍ ငါအသျှင်မြတ်သည် ထိုသူတို့ကို (လည်း) အရေးယူတော်မူခဲ့သည်။ (၎င်းနောက် ထိုသူတို့ကို 'အအေးဗ်'ပြစ်ဒဏ်ပေး၍ ဖျက်ဆီးစေခဲ့လေ

သည်။) ၎င်းနောက် (ထိုအုပ်စု) နှစ်ခုစလုံး၏ မြို့ရွာများသည် ထင်ရှားသော လမ်းများအပေါ် (တည်ရှိ) ခဲ့သည်။ (၎င်းနောက် 'ရှာမ်' နိုင်ငံသို့ သွားသော လမ်းတွင် ယင်းတို့ကို တွေ့မြင်ရမည်။) ၎င်းနောက် 'အဆ်ဟာဗေဟိဂျ်ရ်' တို့သည် (ယခုပင်) တမန်တော်များကို ငြင်းဆိုခဲ့ကြသည်။ (အဘယ်ကြောင့်ဆိုသော် တမန်တော်ဆွာလေဟ် ﷺ ကို လိမ်လည်ခဲ့ကြသည်။ ၎င်းနောက် တမန်တော်များအားလုံး၏ သာသနာ ဖစ်မြစ်မှာ အတူတူပင်ဖြစ်သောကြောင့် တမန်တော်တစ်ပါးကို လိမ်လည်ငြင်းဆန်ခြင်းသည် တမန်တော် အားလုံးကို လိမ်လည်ငြင်းဆန်ခြင်းပမာ ဖြစ်သည်။) ၎င်းနောက် ငါအသျှင်မြတ်သည် ၎င်းတို့ကို မိမိ (ဘက်တော်မှ) အထောက်အထားများ ချီးမြှင့်ခဲ့သည်။ (ယင်းအထောက်အထားများဖြင့် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိကြောင်းနှင့် တမန်တော်ဆွာလေ့ဟ် ﷺ ၏ 'နဗူဝသ်' ကို သိရှိနိုင်ပေသည်။ ဥပမာ- အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်း နိမိတ်လက္ခဏာများနှင့် အကြင်ကုလားအုတ်မသည် တမန်တော်ဆွာလေ့ဟ် ﷺ ၏ 'မုအ်ဂျေဇာဟ်' တော်ဖြစ်သည်။) သို့ဖြစ်ပေရာ ထိုသူတို့သည် ယင်း (နိမိတ် လက္ခဏာများ) ကို သွေဖည်ခဲ့ကြသည်။ ၎င်းနောက် ထိုသူတို့သည် တောင်များကို ထွင်း၍ အိမ်အဖြစ် ပြုလုပ်နေထိုင်ကြသည်။ (ထိုသူတို့သည် အမျိုးမျိုးသော ဘေးဒုက္ခများမှ) အေးချမ်းစွာ နေထိုင်ခဲ့ကြသည်။

ဤသို့ဖြင့် ထိုသူတို့ကို နံနက်မိုးသောက်ချိန် (ဝေလီဝေလင်းအချိန်၌သော်လည်းကောင်း၊ သို့မဟုတ် နေ့အချိန်တွင်သော်လည်းကောင်း) စူးရှပြင်းထန်သော အသံတစ်သံ ကျရောက်လာခဲ့သည်။ ဤတွင် ထိုသူ တို့၏ (လောကီ) အတတ်ပညာရပ်များသည် ထိုသူတို့အတွက် အသုံးမဝင်ခဲ့ပေ။ (ပြစ်ဒဏ်မှ မကာကွယ် နိုင်ခဲ့ပေ။ ထိုခိုင်မာသော အဆောက်အဦးကြီးများထဲတွင်ပင် 'အဇားဗ်' အပြစ်ဒဏ်ကြောင့် သေဆုံးကုန် ကြသည်။ ထိုဘေးဒုက္ခကျရောက်လာမည်ဟုလည်း မထင်မှတ်ခဲ့ပေ။ အကယ်၍ ထင်မှတ်ခဲ့ပါလျှင် မည်သို့ ပြုစွမ်းနိုင်မည်နည်း။)

၎င်းနောက် (အို၊ မိုဟမ္မဒ်) ထိုသူတို့၏ ရန်ငြိုးထားမှု၊ ဆန့်ကျင်မှုတို့ကြောင့် အသင် ပူဆွေးသောက မရောက်လေနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုကိစ္စရပ်များနှင့် ပတ်သက်ပြီး တစ်နေ့ ဆုံးဖြတ်စီရင်တော် မူမည်။ ထိုနေ့သည် 'ကေယာမသ်' နေ့ဖြစ်သည်။ ထိုနေ့ ရောက်ရှိလာမည့်အကြောင်းကို ငါအသျှင်မြတ်သည် အသင်တမန်တော်အား သတင်းပေးတော်မူသည်။) ငါအသျှင်မြတ်သည် မိုးကောင်းကင်များကို ၎င်းနောက် မြေပထဝီများကို၊ ၎င်းနောက် ထိုနှစ်ခုကြား တည်ရှိသော အရာများကို အကျိုးအကြောင်းမရှိဘဲ ဖန်ဆင်း ထားသည်မဟုတ်။ သို့သာမက ထိုအရာများကို ဖန်ဆင်းထားသော အကြောင်းအရင်းမှာ ယင်းအရာ များကို ကြည့်ပြီး စကြဝဠာကြီးတစ်ခုလုံးကို ဖန်ဆင်းတော်မူသော အသျှင်မြတ်အား သိရှိနိုင်ရန်နှင့် ထို အသျှင်မြတ်၏ တစ်ပါးတည်း တည်ရှိခြင်းနှင့် မြင့်မြတ်တော်မူခြင်းတို့ကို အထောက်အထားပြသရန် ဖြစ် သည်။ ထိုအသျှင်မြတ်၏ အမိန့်ပညတ်ချက်များကို နာခံစေရန်ဖြစ်သည်။ ထို့ပြင် ထိုအထောက်အထားများ ကို တင်ပြပြီးသည့်နောက် မနာခံသူများအား 'အဇားဗ်' ပြစ်ဒဏ်သင့်စေမည် ဖြစ်သည်။) ၎င်းနောက် (လောကတွင်မူ ပြည့်ဝသော 'အဇားဗ်' အပြစ်ဒဏ်ကို ခံစားရမည်မဟုတ်။ ထို့ကြောင့် ပြည့်ဝသော ပြစ်ဒဏ် များကို ခံစားနိုင်စေရန် 'ကေယာမသ်' ကို သတ်မှတ်ထားတော်မူလေသည်။ သို့ဖြစ်ပေရာ) မုချဧကန်

'ကေယာမသ်'နေ့သည် ဆိုက်ရောက်လာလိမ့်မည်။ (ထိုကေယာမသ်နေ့တွင် လူတိုင်းသည် မိမိတို့ ပြုကျင့်ခဲ့သမျှကို ခံစားစံစားကြရလိမ့်မည်။) သို့ဖြစ်ပေရာ အသင်တမန်တော်သည် (စိုးစဉ်းမျှ ပူပင်သောကမထားလေနှင့်။ သို့သာမက) ကောင်းမွန်စွာပင် (၄င်းတို့၏ ဆိုးသွမ်းမှုများကို) ခွင့်လွှတ်လော့။ (ခွင့်လွှတ်ခြင်းဆိုသည့် အလိုသဘောမှာ ယင်းကိစ္စနှင့် ပတ်သက်ပြီး သောကမရောက်လေနှင့်။ ၄င်းနောက် ကောင်းမွန်စွာဆိုသည့် အလိုသဘောမှာ ညည်းညူတိုင်တန်းခြင်းလည်း မပြုလေနှင့်။ အဘယ်ကြောင့်ဆိုသော်) စင်စစ်မုချ အသင်တမန်တော်၏ အသျှင်သခင်သည် ကြီးမားသော ဖန်ဆင်းရှင် (ဖြစ်တော်မူသည်။) အလွန်တရာ အကြွင်းမဲ့ သိရှိတော်မူသော အသျှင် (လည်း) ဖြစ်တော်မူသည်။ (အခြေအနေအရပ်ရပ်ကို သိရှိတော်မူသည်။ အသင်တမန်တော်၏ ခန္တီတရားကိုလည်း သိရှိတော်မူသည်။ ထိုသူတို့၏ ဆိုးသွမ်းမှုတို့လည်း သိရှိတော်မူပေသည်။ ထို့ကြောင့် ထိုသူတို့ကို အပြည့်အဝ အပြစ်ပေးတော်မူမည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ایکہ ဆိုသည်မှာ ထူထပ်လှသော တောကြီးကို ခေါ်ဆိုပေသည်။ အချို့ပညာရှင်များ၏ အဆိုအရ 'မဒ်ယန်' မြို့အနီးရှိ တောကြီးကို ခေါ်သည်။ ထို့ကြောင့် **ایکہ** ဟူသော အသုံးအနှုန်းသည် 'မဒ်ယန်'မြို့သားများ၏ ဂုဏ်ပုဒ်တစ်ခု ဖြစ်သည်။ အချို့ပညာရှင်များက ပြောဆိုကြသည်မှာ **اصحاب ایکہ** နှင့် **اصحاب مدین** သည် သီးခြားအုပ်စုနှစ်စု ဖြစ်သည်။ အုပ်စုတစ်စု ပျက်စီးပြီးနောက် အခြားအုပ်စုတစ်စုဘက်သို့ ရှုအိုက်ဗ် ﷺ သည် စေလွှတ်ခြင်းခံရလေသည်။

ရူဟွလ်မအာနီသဖ်စီးရ်ကျမ်းတွင် အိဗ်နေအစာကိရ်မှတစ်ဆင့် မရ်ဖူးအ်ဟာဒီးစ်တော်တစ်ရပ်ကို ဆင့်ပြန်ထားသည်မှာ-

اِنَّ مَدْ يَنَ وَاَصْحَابَ الاَ يْكَةِ اُمَّتَانِ بَعَثَ اللهُ تَعَالٰى اِلَيْهِمَا شُعَيْبًا

(မဒ်ယန်နှင့် အဆ္ဟာဗိအိုင်ကဟ်တို့သည် မျိုးနွယ်အုပ်စုနှစ်စု ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့ဘက်သို့ ဟဇရသ်ရှုအိုက်ဗ် ﷺ အား စေလွှတ်တော်မူခဲ့သည်။)

၄င်းနောက် ဟိဂျ်ရ်ဆိုသည်မှာ တောင်ခြေဒေသတစ်ခု ဖြစ်သည်။ အကြင်ဒေသသည် အာရဗ်နိုင်ငံနှင့် ရှားမ်နိုင်ငံတို့၏ အကြား တည်ရှိလေသည်။ ထိုဒေသတွင် စမူးဒ်မျိုးနွယ်ဝင်များ နေထိုင်ကြလေသည်။ ဤစူရာဟ်၏ အစပိုင်းတွင် မက္ကာဟ်မြို့၏ ကာဖိရ်များသည် တမန်တော်မြတ်ကို အပြင်းအထန် ရန်ငြိုးထားခဲ့ကြပုံ၊ အပြင်းအထန် ငြင်းဆန်ခဲ့ကြပုံတို့ကို တင်ပြထားပေသည်။ ဆက်လက်ပြီး ကိုယ်တော်မြတ်အား ၄င်းဘေးရန်များမှ ဖြေသိမ့်စေသည့် အကြောင်းအရာများကို တင်ပြထားလေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ اٰتَيْنٰكَ سَبْعًا مِّنَ الْمَثَانِيْ وَالْقُرْاٰنَ الْعَظِيْمَ ﴿٨٧﴾

၁၅ : ၈၇ ။ ။ ၎င်းပြင် ကျွန်ုပ်တို့ မလွဲ ငါအသျှင်မြတ်သည် အသင့်အား အဖန်တလဲလဲ (ဖတ်ရွတ်) သော အာယသ်တော် ခုနစ်ပါးကိုလည်းကောင်း၊ ကြီးကျယ်မြင့်မြတ်လှစွာသော ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။

لَا تَمُدَّنَّ عَيْنَيْكَ اِلٰى مَا مَتَّعْنَا بِهٖٓ اَزْوَاجًا مِّنْهُمْ وَلَا تَحْزَنْ عَلَيْهِمْ وَاخْفِضْ جَنَاحَكَ لِلْمُؤْمِنِيْنَ ﴿٨٨﴾

၁၅ : ၈၈ ။ ။ ငါအသျှင်မြတ်သည် ယင်း (ကာဖိရ်) တို့အနက်မှ အမျိုးမျိုးအစားစားတို့အား အကျိုးခံစားခွင့် ပေးတော်မူခဲ့သော ဥစ္စာပစ္စည်းများဘက်သို့ မိမိ၏ မျက်စိအစုံဖြင့် လှည့်၍ပင် အသင် မကြည့်ပါလေနှင့်။ ထို့ပြင် အသင်သည် ၎င်းတို့နှင့် ပတ်သက်၍ ဝမ်းနည်းပူဆွေးခြင်းကိုလည်း မပြုပါလေနှင့်။ ထို့ပြင် အသင်သည် မိမိ၏ ပခုံးကို မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အဖို့ နှိမ့်ချပါလေ။ (တစ်နည်း) ၎င်းတို့အား သနားကြင်နာပါလေ။

وَقُلْ اِنِّيْٓ اَنَا النَّذِيْرُ الْمُبِيْنُ ﴿٨٩﴾

၁၅ : ၈၉ ။ ။ ထို့ပြင် အသင်သည် ၎င်း (ကာဖိရ်) တို့အား 'ကျွန်ုပ်အမှန် ငါသည် ထင်ရှားစွာ သတိပေးနှိုးဆော်သူပင် ဖြစ်သည်' ဟု (အတိအလင်း) ပြောကြားပါလေ။

كَمَآ اَنْزَلْنَا عَلَى الْمُقْتَسِمِيْنَ ﴿٩٠﴾

၁၅ : ၉၀ ။ ။ ငါအသျှင်မြတ်သည် အစိတ်စိတ်အပိုင်းပိုင်း ပြုလုပ်ခဲ့ကြသော သူတို့အပေါ်၌ (ပြစ်ဒဏ်) ချပေးတော်မူသကဲ့သို့ပင် (၎င်းတို့အပေါ်၌လည်း ချပေးတော်မူမည်။)

الَّذِيْنَ جَعَلُوا الْقُرْاٰنَ عِضِيْنَ ﴿٩١﴾

၁၅ : ၉၁ ။ ။ အကြင်သူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အစိတ်စိတ်အပိုင်းပိုင်း ပြုလုပ်ခဲ့ကြလေသည်။

فَوَرَبِّكَ لَنَسْـَٔلَنَّهُمْ اَجْمَعِيْنَ ﴿٩٢﴾

၁၅ : ၉၂ ။ ။ သို့ဖြစ်ပေရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကျိန်ဆို၍ ကျွန်ုပ်အမှန် ငါအသျှင်မြတ်သည် ၎င်းတို့အားလုံးကို မုချစစ်ဆေး မေးမြန်းတော်မူမည်။

عَمَّا كَانُوا يَعْمَلُونَ ﴿٩٣﴾

၁၅ : ၉၃ ။ ။ ၎င်းတို့ကျင့်မူလျက် ရှိကြကုန်သော အမှုကိစ္စများနှင့် စပ်လျဉ်း၍။

فَاصْدَعْ بِمَا تُؤْمَرُ وَأَعْرِضْ عَنِ الْمُشْرِكِينَ ﴿٩٤﴾

၁၅ : ၉၄ ။ ။ သို့ဖြစ်ပေရာ (အို, နဗီတမန်တော်) အသင်သည် မိမိအမိန့်ပေးခြင်း ခံရသော အကြောင်းအရာကို အတိအလင်း ကြေညာပါလေ။ ၎င်းပြင် အသင်သည် မုရှ်ရစ်က် (အခြားအရာများကို အသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်သောသူ) တို့အား (အလျဉ်းဂရုမစိုက်ဘဲ) လျစ်လျူရှု၍ ထားပါလေ။

إِنَّا كَفَيْنَاكَ الْمُسْتَهْزِئِينَ ﴿٩٥﴾

၁၅ : ၉၅ ။ ။ စကန်အမှန် ငါအသျှင်မြတ်သည် (အကြင်) ပြက်ရယ်သမှု ပြုကြသူတို့အား အသင့်ကိုယ်စား (အရေးယူရန်) လုံလောက်တော်မူ၏။

الَّذِينَ يَجْعَلُونَ مَعَ اللَّهِ إِلَٰهًا آخَرَ ۚ فَسَوْفَ يَعْلَمُونَ ﴿٩٦﴾

၁၅ : ၉၆ ။ ။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားကိုးကွယ်ရာများကိုလည်း (တွဲဖက်ကိုးကွယ်ခြင်းကို) ပြုလုပ်ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် မကြာမီပင် (မိမိတို့ ပြုလုပ်ခဲ့ကြသော ရှရစ်က်၏ အကျိုးကို) သိရှိကြပေမည်။

وَلَقَدْ نَعْلَمُ أَنَّكَ يَضِيقُ صَدْرُكَ بِمَا يَقُولُونَ ﴿٩٧﴾

၁၅ : ၉၇ ။ ။ ထို့ပြင် ၎င်းတို့၏ ပြောဆိုမှုကြောင့် အသင်၏ စိတ်နှလုံး ကျဉ်းကြပ်သည်ကို စကန်မုချ ငါအသျှင်မြတ်သည် ကောင်းစွာ သိရှိတော်မူပေသည်။

فَسَبِّحْ بِحَمْدِ رَبِّكَ وَكُن مِّنَ السَّاجِدِينَ ﴿٩٨﴾

၁၅ : ၉၈ ။ ။ သို့ဖြစ်ပေရာ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို ချီးမွမ်းထောပနာ ပြုခြင်းနှင့်အတူ (ထိုအသျှင်မြတ်၏) ဂုဏ်တော်ကိုလည်း ထင်ရှားစေပါလေ။ ၎င်းပြင် အသင်သည် (ထိုအသျှင်မြတ်အား) ပျပ်ဝပ်ဦးချသူတို့တွင် အပါအဝင် ဖြစ်ပါလေ။

وَاعْبُدْ رَبَّكَ حَتَّىٰ يَأْتِيَكَ الْيَقِينُ ﴿٩٩﴾

၁၅ : ၉၉ ။ ။ ထို့ပြင် အသင်သည် မိမိထံသို့ မုချမလွဲ ဖြစ်လာမည့်ကိစ္စ (တစ်နည်း) သေခြင်းတရား ဆိုက်ရောက်လာသည့်တိုင်အောင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို ဝတ်ပြုလျက်ပင် ရှိနေပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငင်းနောက် (အသင်တမန်တော်သည် ထိုသူတို့၏ လုပ်ရပ်များကို မကြည့်လေနှင့်။ ပူဆွေးသောက ရောက်လိမ့်မည်။ ငါအသျှင်မြတ်အနေနှင့် အသင်တမန်တော်အား မည်သို့မည်ပုံ နူးညံ့ပျော့ပြောင်းစွာ ဆက်ဆံသည်။ မည်သို့ အဆင့်အတန်းများ ချီးမြှင့်သည်ကိုသာ ကြည့်ရှုလော့။) ငါအသျှင်မြတ်သည် အသင့်အား (ကြီးမားသော 'နေ့အ်မသ်'တော်တစ်ရပ် ဆိုလိုသည်မှာ) အာယသ်တော်ခုနစ်ခု ချီးမြှင့်ခဲ့သည်။ ၎င်းကို (ဝတ်ပြုရာတွင်) ထပ်ဖန်တလဲလဲ ဖတ်ရသည်။ ၎င်းနောက် ထို (အာယသ်တော်များတွင် ပြည့်စုံထည်ဝါသော အကြောင်းအရာများ ပါရှိသောကြောင့် ထိုအာယသ်တော်များ ချီးမြှင့်ခြင်းကို) မြင့်မြတ်သော ကျမ်းတော်မြတ်ကုရ်အာန် ချီးမြှင့်ခဲ့သည် (ဟူ၍ ခိုင်းနှိုင်း ပြောဆိုနိုင်သည်။ စူရာဟ်ဖာသေဟာကို ဆိုလိုခြင်း ဖြစ်သည်။ ယင်းစူရာဟ်၏ ထွတ်မြတ်မှုကြောင့် 'အွမ်မွလ်ကုရ်အာန်'ဟုလည်း ယင်းကို အမည်မှည့်ထားသည်။ သို့ပါ၍ အသင်တမန်တော်သည် ပျော်ရွှင်အေးချမ်းနိုင်ရန် အလို့ငှာ ထိုချီးမြှင့်ခဲ့သော 'နေ့အ်မသ်'တော်များနှင့် ချီးမြှင့်တော်မူသော အသျှင်မြတ်ဘက်သို့ ကြည့်ရှုလော။ ထိုသူတို့၏ ရန်လုပ်မှု၊ ဆန့်ကျင်မှုတို့ကို မျက်ကွယ်ပြုလော့။ ၎င်းနောက်) အသင်တမန်တော်သည် မိမိ၏ မျက်လွှာကို ပင့်၍ ထိုအရာများဘက်သို့ မကြည့်လေနှင့်။ (ဝမ်းနည်း၍သော်လည်းကောင်း၊ အမျက်ဒေါသထွက်၍သော်လည်းကောင်း မကြည့်လေနှင့်။) အကြင်အရာများကို ငါအသျှင်မြတ်သည် ကာဖိရ်များအား (ယဟူဒီ၊ နဆွ်ရာနီ၊ မဂျူစီများနှင့် မုရှ်ရစ်က်များအား) သုံးစွဲရန် ချီးမြှင့်ထားတော်မူသည်။ (၎င်းနောက် ထိုအရာများသည် ၎င်းတို့အပါးမှ အလျင်အမြန် ကင်းကွာသွားလိမ့်မည်။) ၎င်းနောက် ထို (သူတို့၏ ငြင်းဆန်မှုအခြေအနေ) အပေါ်ဝယ် (စိုးစဉ်းမျှ) ပူဆွေးသောက မရောက်လေနှင့်။ (အမျက်ဒေါသဖြင့် မကြည့်ရှုလေနှင့်ဆိုသည့် အလိုသဘောမှာ ထိုသူတို့သည် အသျှင်မြတ်၏ ရန်သူများဖြစ်သည့်အတွက်ကြောင့် အလ္လာဟ်အသျှင်မြတ်အတွက် ဒေါသအမျက်ထွက်ရခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ အကြောင်းမှာ ဤ 'နေ့အ်မသ်'စည်းစိမ်များသည် ကာဖိရ်များထံ၌ မရှိနေသင့်ဟူ၍ ဖြစ်သည်။ ထိုစာဒက၏ အဖြေကို مَتَّعْنَا ဟူသော စာသားတွင် ရည်ညွှန်းမိန့်ဆိုထားသည်မှာ ဤစည်းစိမ်များသည် အလွန်ကြီးကျယ်သော 'နေ့အ်မသ်'စည်းစိမ်များမဟုတ်။ အကယ်၍ ဟုတ်မှန်ခဲ့လျှင်လည်း အသျှင်မြတ်၏ အမျက်ဒေါသ စူးရှခြင်း ခံရသူများထံတွင် ရှိနေမည်မဟုတ်။ ဤစည်းစိမ်များသည် ပျက်စီးမည့်အရာများသာ ဖြစ်သည်။ အလျင်အမြန် ၎င်းတို့ထံပါးမှ စွန့်ခွာသွားကြလိမ့်မည်။

၎င်းနောက် အသင်တမန်တော်သည် ဝမ်းနည်းသော အကြည့်ဖြင့် မကြည့်လေနှင့်ဆိုသည့် အလိုသဘောမှာ လောကီစည်းစိမ်များသည် ထိုကာဖိရ်များကို အီမာန်လက်ခံခြင်းမှ တားဆီးနေပေသည်။ အကယ်၍ ဤစည်းစိမ်များမရှိပါက အီမာန်လက်ခံကောင်း လက်ခံနိုင်လိမ့်မည်ဟူ၍ ပူဆွေးသောကရောက်နေခြင်းကို ဆိုလိုခြင်းဖြစ်သည်။ အဖြေသည် لَا تَحْزَنْ ဟူသော စာသားတွင် ရှိသည်။ အနက်အဓိပ္ပာယ်မှာ ထိုသူတို့၏ အကျင့်ဗီဇတွင် အလွန်တရာ ရန်ငြိုးများရှိသည်။ ၎င်းတို့ကို မျှော်လင့်ချက်ထား၍မရချေ။ ဝမ်းနည်းပူဆွေးခြင်း

ဆိုသည်မှာ မျှော်လင့်ချက်အတိုင်း ဖြစ်မလာသောကြောင့် ဖြစ်ရသည်။ မျှော်လင့်ချက်ပင် မရှိသော အရာများအတွက် ဝမ်းနည်းပူဆွေးနေခြင်းမှာ အဓိပ္ပာယ်မရှိပေ။ ၎င်းနောက် ထိုကာဖိရ်များ၏ စည်းစိမ်များကို လောဘ ရမ္မက်ဖြင့် ကြည့်ရှုခြင်းဆိုသည်မှာမူ တမန်တော်မြတ် ﷺ ၏ သီလသမာဓိအရ ဖြစ်နိုင်ဖွယ်ရာ မရှိ။ အချုပ်ဆိုရသော် အသင်တမန်တော်သည် မည်သည့်နည်းနှင့်မဆို ထိုကာဖိရ်များနှင့် ပတ်သက်ပြီး သောကဗျာပါဒ မများလေနှင့်။) ၎င်းနောက် မွတ်စ္စလင်မ်များအပေါ်ဝယ် အကြင်နာတရား ထားရှိလော့။ (ဆိုလိုသည်မှာ အကျိုးရှိရန် သောကထားခြင်း၊ ၎င်းနောက် အကြင်နာတရား ထားသင့်သောသူများသည် မွတ်စ္စလင်မ်များပင် ဖြစ်သည်။ အကျိုးလည်း ရှိနိုင်သည်။) ၎င်းနောက် (ကာဖိရ်များအတွက် သောက ထားခြင်းသည် မည်သို့မျှ အကျိုးရလဒ်မရှိနိုင်။ ထို့ကြောင့် ၎င်းတို့ကို အလေးမထားလေနှင့်။ သို့သာမက အသင်တမန်တော်၏ အဓိကတာဝန်ဖြစ်သော 'သဗ်လီးဂ်'အမိန့်တော်များ ပို့ချခြင်းကိုသာ ဇာစိုက်မတ်မတ် ဆောင်ရွက်လော့။ ၎င်းနောက် ဤသို့သာ) ပြောဆိုလော့။ ငါတမန်တော်သည် အတိအလင်း (အသင်တို့ကို အသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်မှ) ခြိမ်းခြောက်သူတစ်ဦးဖြစ်သည်။ (၎င်းနောက် အသျှင်မြတ်၏ ဘက်တော်မှ အသင်တို့ကို သတင်းပေးမည်မှာ ငါအသျှင်မြတ်၏ တမန်တော်ခြိမ်းခြောက်ခဲ့သော အကြင် 'အဇားဗ်'အပြစ်ဒဏ်အား အသင်တို့အပေါ်သို့ တစ်ချိန်မဟုတ် တစ်ချိန် မုချဧကန် ကျရောက်စေမည်။)

ငါအသျှင်မြတ်သည် မည်ကဲ့သို့ (ထို 'အဇားဗ်'အပြစ်ဒဏ်အား) ထိုသူတို့အပေါ် (လွန်လေပြီးသော ကာလ များတွင်) ကျရောက်စေခဲ့သည်။ အကြင်သူတို့သည် (အသျှင်မြတ်၏ ပညတ်တော်များအား) အပိုင်းပိုင်း ပြုလုပ်ခဲ့သည်။ (ဆိုလိုသည်မှာ ကောင်းကင်ကျမ်းဂန်များကို အပိုင်းပိုင်းခွဲ၍ သူတို့၏ သဘောဆန္ဒနှင့် ကိုက်ညီသော အပိုင်းများကို လက်သင့်ခံကြသည်။ သဘောဆန္ဒနှင့် မကိုက်ညီသော အပိုင်းများကို ငြင်းဆန် လိုက်ကြသည်။ လွန်လေခဲ့သော ယဟူဒီနှင့် နဆွ်ရာနီများကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့သည် နဗီတမန် တော်များကို ဆန့်ကျင်ခဲ့သည့်အတွက်ကြောင့် 'အဇားဗ်'အပြစ်ဒဏ်များ သင့်ခဲ့ကြသည်။ ဥပမာ- မျောက်ရုပ်၊ ဝက်ရုပ်များအသွင် ရုပ်ပြောင်းသွားခြင်း၊ ချုပ်နှောင်ခံရခြင်း၊ အသက်ခံရခြင်းနှင့် သေးသိမ်ခဲ့ကြခြင်း စသည် တို့သည် ထင်ရှားသော ဖြစ်ရပ်များဖြစ်သည်။ ဆိုလိုသည့်သဘောမှာ 'အဇားဗ်'ပြစ်ဒဏ်ကျရောက်ခြင်း သည် မဖြစ်နိုင်ဖွယ်ရာ ကိစ္စတစ်ခုမဟုတ် ယခင်ကလည်း ဖြစ်ခဲ့ဖူးသည်။ အကယ်၍ ထိုဖြစ်ရပ်များ အသင်တို့အပေါ်သို့လည်း ကျရောက်လာပါက အံ့သြဖွယ်ရာကိစ္စတစ်ခု မဟုတ်။ ထိုပြစ်ဒဏ်ကျရောက်ခြင်း သည် လောကီတွင်လည်း ဖြစ်နိုင်သည်။ တမလွန်တွင်လည်း ဖြစ်နိုင်သည်။ အထက်ပါတင်ပြချက်အရ ရှင်းလင်းပြတ်သားစွာ သိရှိနိုင်သည့်အချက်မှာ ယခင်အုမ္မသ်များသည် တမန်တော်များကို ဆန့်ကျင်ခဲ့သည့် အတွက် 'အဇားဗ်'အပြစ်ဒဏ်သင့်ခဲ့သလို မျက်မှောက်ခေတ်ရှိ လူများသည်လည်း 'အဇားဗ်'ပြစ်ဒဏ်သင့် မည်ဖြစ်သည်။ သို့ပါ၍ (အို၊ မိုဟမ္မဒ် ﷺ) အသင်တမန်တော်၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင် မြတ်၏ ကစမ်၊ ငါအသျှင်မြတ်သည် ထိုသူများအားလုံး (ရှေးယခင်ခေတ်နှင့် မျက်မှောက်ခေတ်ရှိ လူများ အားလုံးကို) ၎င်းတို့၏ ကျင့်ကြံမှုများနှင့် ပတ်သက်ပြီး ('ကေယာမသ်'နေ့တွင်) မုချဧကန် စစ်ဆေး အရေးယူတော်မူမည်။ (တစ်ဖန် လူတိုင်းလူတိုင်းကို ထိုက်တန်သော အစားပေးတော်မူမည်။) အချုပ်ဆို

ရသော် အသင်တမန်တော်အား (ပို့ချရန်) တာဝန်ပေးထားသော အမိန့်ကို ရှင်းလင်းပြတ်သားစွာ တင်ပြလော့။ ၎င်းနောက် (အကယ်၍ မလိုက်နာခဲ့ပါမူ) ထိုမုရှိရစ်ကမ်များ၏ (မလိုက်နာခြင်းကို လုံးဝ) အလေးမထားလေနှင့်။

(ဆိုလိုသည်မှာ သောကမရောက်လေနှင့်။ အထက်တွင် တင်ပြသကဲ့သို့ لَا تَحْزَنْ ဆန့်ကျင်သူများသည် အတော်ပင် များပြားလေသည်ဟု လူ့ဗီဇသဘာဝအလျောက် မစိုးရိမ်လေနှင့်။ အဘယ်ကြောင့်ဆိုသော်) ဤသူတို့သည် (အသင်တမန်တော်နှင့် အလ္လာဟ်အသျှင်မြတ်အား ဆန့်ကျင်သူများ ဖြစ်ကြသည်။ အသင် တမန်တော်အား) ပြက်ရယ်ပြုကြသည်။ (ထို့နောက်) အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်တွဲပြီး အခြားကိုးကွယ်ရာများ သတ်မှတ်ထားရှိကြသည်။ ထိုသူများ (၏ ဆိုးသွမ်းမှုနှင့် နှောင့်ယှက်မှု) မှ အသင်တမန်တော်ကို (ထိန်းသိမ်းစောင့်ရှောက်ရန်၊ ၎င်းနောက် အစားပေးရန်) ငါအသျှင်မြတ်သည်ပင် လုံလောက်ပေသည်။ သို့ဖြစ်ပေရာ ထိုသူတို့သည် မကြာမီ သိရှိသွားကြလိမ့်မည်။ (ပြက်ရယ်ပြုခြင်းနှင့် ယှဉ်ထားကိုးကွယ်ခြင်းတို့၏ ရလဒ်သည် မည်သို့ ဖြစ်မည်နည်း။ အချုပ်ဆိုရသော် အစားပေးရန် ငါအသျှင်မြတ်သည်ပင် လုံလောက်သည်ဟုဆိုလျှင် အခြားစိုးရိမ်ဖွယ်ရာ အဘယ်မှာ ရှိတော့အံ့နည်း။) ၎င်းနောက် မုချကေန် ၎င်းတို့၏ (ငြင်းဆိုမှုနှင့် ပြက်ရယ်ပြုခြင်း) စကားရပ်များကြောင့် အသင်တမန်တော် စိတ်ထိခိုက်ရသည်ကို ငါအသျှင်မြတ် သိတော်မူသည်။ (ဤသည်မှာလည်း ဖြစ်ရိုးဖြစ်စဉ် ကိစ္စတစ်ခုဖြစ်သည်။) သို့ပါ၍ (ယင်းအချက်ကို ကုစားရန် နည်းလမ်းမှာ ဤသို့ဖြစ်သည်။) အသင်တမန်တော်သည် မိမိကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ သန့်ပြန့်စင်ကြယ်မှု၊ ၎င်းနောက် ချီးမွမ်းထောပနာပြုခြင်းတို့ကို ပြုလုပ်နေလော့။ ၎င်းနောက် ဝတ်ပြုသူများနှင့်အတူ ရှိနေလော့။ ၎င်းနောက် မိမိကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ခဝပ်ကိုးကွယ်မှုပြုနေလော့။ ကွယ်လွန်အနိစ္စရောက်သည့်အချိန်အထိ (ဤအခြေအနေအတိုင်း) (ဆိုလိုသည်မှာ 'ဇိကိရ်'ဘဝနာ စီးဖြန်း ခြင်းနှင့် ခဝပ်ဆည်းကပ်ခြင်းများတွင် မွေ့လျော်လျက်ရှိနေလော့။ အဘယ်ကြောင့်ဆိုသော် အသျှင်မြတ်ကို သတိရဏာသခြင်းနှင့် ခဝပ်ဆည်းကပ်ခြင်းသည် ဟမလွန်တွင် အကျိုးစဝါးဗ်များ ရရှိနိုင်သည့်အပြင် ဒွန္နယာလောကတွင်လည်း လူသားသည် ထိုအရာများဘက်သို့ အာရုံထားခြင်းဖြင့် ပူဆွေးသောက ဘေးဒုက္ခများ ပေါ့လျော့သွားမည်ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ဖာသေဟာသည် ကျမ်းတော်မြတ်ကုရ်အာန်တစ်အုပ်လုံး၏ အနှစ်ချုပ်မှာ မှုဖြစ်ခြင်းအကြောင်း

အထက်ပါအာယသ်တော်များတွင် စူရာဟ်ဖာသေဟာကို قُرْآنٌ عَظِيمٌ မြင့်မြတ်သော ကျမ်းမြတ်ကုရ်အာန်ဟူ၍ ရည်ညွှန်းမိန့်ဆိုထားသည့်သဘောမှာ တစ်နည်းအားဖြင့် စူရာဟ်ဖာသေဟာသည် ကျမ်းတော်မြတ်တစ်အုပ်လုံးသကဲ့သို့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်၏ အလုံးစုံသော နိယာမတို့သည် ထိုစူရာဟ်ထဲတွင် ပါဝင်နေပေသည်။

'ကေယာမသ်'နေ့တွင် စစ်ဆေးမေးမြန်းခံရမည့် အကြောင်းအရာများ

အထက်ပါအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဇာတိတော်အား ကျိန်တွယ် မိန့်ဆိုခဲ့ပေသည်။ အကြောင်းမှာ ရှေးယခင်အွမ္မသ်များနှင့် နောင်လာမည့် အွမ္မသ်များအားလုံးကို မုချကေန် စစ်ဆေးမေးမြန်းတော်မူမည်။ ဆွဟာဗာကြီးများက တမန်တော်မြတ် ﷺ ကို မေးမြန်းလျှောက်ထားကြသည်။ ထို 'ကေယာမသ်' နေ့တွင် စစ်ဆေးမေးမြန်းမည့် အကြောင်းအရာမှာ အဘယ်နည်း။ ကိုယ်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'လာအိလာဟ အိလလ္လာ' ဖတ်ရွတ်ခြင်းနှင့် ပတ်သက်ပြီး မေးမြန်းမည်ဖြစ်သည်။ သဖ်စီးရ် ကုရ်သုဗီးကျမ်းတွင် ဤဟဒီးစ်တော်ကို ဆင့်ပြန်၍ ဖွင့်ဆိုထားသည်မှာ ကျွန်ုပ်တို့ထံပါးတွင် အထက်ပါ ဟဒီးစ်တော်၏ အလိုသဘောသည် 'ကလေမာဟ်' တော်တွင် ပါရှိသော အသွင်ပြင်လက္ခဏာများကို ဝန်ခံ ကတိပြုပြီး အပြည့်အဝ အကောင်အထည်ဖော် ကျင့်ကြံခြင်းကို ဆိုလိုပေသည်။ နှုတ်လျှာဖြင့် ရွတ်ဆို ခြင်းကို အဓိကထားခြင်းမဟုတ်။ အဘယ်ကြောင့်ဆိုသော် မုနာဖစ်က်သာသနာ့အရေခြုံများသည်လည်း နှုတ်လျှာသက်သက်ဖြင့် ရွတ်ဆိုဝန်ခံခဲ့ကြသည်။ ဟစန်ဗဆွ်ရီ (ရဟ) သခင်က မိန့်ဆိုခဲ့သည်မှာ အီမာန် ဟူသည် သီးခြားပုံဖော်ထားသော ပုံသဏ္ဌာန်တစ်ခုကို အကောင်အထည်ဖော်ခြင်း၊ ၎င်းနောက် သာသနာဟူ သည် မျှော်လင့်ချက်များထားရှိမှုဖြင့် မပြည့်စုံနိုင်ပါ။ သို့သာမက အီမာန်ဟူသည်မှာ နှလုံးသားအတွင်းသို့ သွတ်သွင်းခံရသော ယုံကြည်ချက်ကို ဆိုလိုပေသည်။ ထို့နောက် ယင်းယုံကြည်ချက်အား 'အမလ်' ကျင့်ကြံ မှုများဖြင့် ပုံဖော်ပေးရမည်။ ဟဒီးစ်တော်တစ်ရပ်တွင် ဇိုက်ဒ် ဗင်န်အရ်ကာမ် ؓ က ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်။ အကြင်မည်သူမဆို စိတ်ထားဖြူစင်စွာဖြင့် 'လာအိလာဟအိလလ္လာ' ရွတ်ဆိုခဲ့ပါက မုချကေန် ထိုသူသည် သုခဘုံသို့ ဝင်ရမည်။ ဆွဟာဗာများက မေးလျှောက်ကြသည်မှာ 'အို၊ တမန်တော်၊ 'ကလေမာဟ်' ဖတ်ရာတွင် စိတ်ထားဖြူစင်မှုဆိုသည်မှာ မည်သို့နည်း။' ကိုယ်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'ဤကလေမာဟ်တော်သည် လူသားတို့အနေနှင့် အလ္လာဟ်အသျှင်မြတ် တားမြစ် ထားသော အရာများ၊ မလုပ်ပိုင်သော အမှုကိစ္စများမှ တားဆီးနိုင်ခဲ့ပါက ဤသည်ပင်လျှင် 'အိခ်လားစ်' စိတ်ထားဖြူစင်ခြင်း ဖြစ်သည်။ *[ကုရ်သုဗီးကျမ်း]*

ပညတ်ချက်များကို ပို့ချမိန့်ကြားရာတွင် တဇော်စွမ်းနိုင်သမျှသာ အဆင့်သတ်မှတ်ခြင်း

فَاصْدَعْ بِمَا تُؤْمَرُ

ဤအာယသ်တော် မကျရောက်မီအလျှင် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာကြီးများသည် ပုန်းလျှိုး ကွယ်လျှိုး 'အေဗာဒသ်' ခဝပ်ကိုးကွယ်မှုများ 'သေလာဝသ်' ဖတ်ရွတ်ခြင်းများကို ပြုကြရသည်။ ၎င်းနောက် ပညတ်ချက်များကို ပို့ချမိန့်ကြားရာတွင်လည်း တိတ်တဆိတ် ပြုကြရသည်။ တစ်ဦးစနှစ်ဦးစ စသည်ဖြင့် စည်းရုံးပြောဆိုရသည်။ အဘယ်ကြောင့်ဆိုသော် ပေါ်လွင်ထင်ရှားစွာ ပို့ချပြောဆိုခြင်းဖြင့် ကာဖိရ်များ၏

အန္တရာယ်မှ စိုးရိမ်ရသည်။ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ပြက်ရယ်ပြုသူများ၊ အန္တရာယ်ပြုသူ ကာဖိရ်များ၏ ရန်မှ ထိန်းသိမ်းစောင့်ရှောက်တော်မူမည်ဟု တာဝန်ယူထားတော်မူသည်။ ထို့ကြောင့် ထိုအချိန်မှစ၍ အန္တရာယ်ကင်းစွာဖြင့် 'သေလာဝသ်'ပြုခြင်း၊ 'အေဇာဒသ်'ပြုခြင်းနှင့် ပို့ချဟောကြားခြင်း စသည်တို့ကို ပေါ်လွင်ထင်ရှားစွာ စတင် ကျင့်ဆောင်လေတော့သည်။

إِنَّا كَفَيْنَٰكَ ٱلْمُسْتَهْزِءِينَ

ဤအာယသ်တော်တွင် တင်ပြထားသောသူများ၏ ခေါင်းဆောင်ငါးဦး ရှိလေသည်။ ၎င်းတို့မှာ အားဆ်ဗင်န်ဝါအိလ်၊ အဆ်ဝဒ်ဗင်န်အလ်မွတ်သွလစ်ဗ်၊ အဆ်ဝဒ်ဗင်န်အဗ်ဒေယဂူးစ်၊ ဝလီးဒ်ဗင်န်မိုဂီးရာဟ်၊ ဟာရစ်ဗင်န်သွလာသွေလာဟ် တို့ ဖြစ်သည်။ ဤငါးဦးစလုံးသည် တမန်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇာဟ်' တော်ဖြင့် တမန်တော်ဂျိဗ်ရာအီးလ် عليه السلام ၏ ရည်ညွှန်းချက်အရ တစ်နေရာတည်းတွင် သေဆုံးပျက်စီးကြကုန်သည်။ ဤဖြစ်ရပ်အရ 'ဒအ်ဝသ်သဗ်လီးဂ်'နှင့် ပတ်သက်ပြီး သိရှိရသော အချက်တစ်ချက်မှာ အကယ်၍ တစ်ဦးတစ်ယောက်သည် ဤသို့သော နေရာဌာန (သို့မဟုတ်) ဤသို့ အခြေအနေမျိုးတွင် ဆိုက်ရောက်လျက် ရှိမည်။ ယင်းနေရာဌာနနှင့် အခြေအနေတွင် မှန်သောစကားကို ထင်ရှားပေါ်လွင်စွာ ပြောဆိုခြင်းဖြင့် အများသူငှာအား အကျိုးကျေးဇူး သက်ရောက်မည်ဟု မျှော်လင့်ချက်မရှိ။ ၎င်းနောက် မိမိကိုယ်၌လည်း ဘေးဒုက္ခနှင့် ကြုံတွေ့ရမည်ကို စိုးရိမ်ရပါမူ ထိုနေရာဌာနနှင့် ထိုအခြေအနေမျိုးတွင် 'ဒအ်ဝသ်သဗ်လီးဂ်' လုပ်ငန်းကို ပုန်းလျှိုးကွယ်လျှိုး ပြုလုပ်ပိုင်ခွင့် ရှိသည်။ ထင်ရှားပေါ်လွင်စွာ ပြုလုပ်နိုင်သည့် အခါမှသာ ထိန်ချန်ခြင်းမရှိဘဲ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား ဆောင်ရွက်ရမည်ဖြစ်သည်။

ရန်သူများ၏ ဘေးရန်ကြောင့် ဖြစ်ပေါ်သော စိတ်သောကအား ကုစားခြင်း

وَلَقَدْ نَعْلَمُ မှ فَسَبِّحْ အထိ တင်ပြထားသော အာယသ်တော်များအရ သိရှိရသည်မှာ 'လူသားသည် ရန်သူများ၏ စကားများကြောင့် ပူဆွေးသောကရောက်ကာ စိတ်ဒုက္ခရောက်နေခဲ့ပါလျှင် ယင်း၏ ဝိညာဉ်ကုထုံးမှာ အလ္လာဟ်အသျှင်မြတ်၏ 'သတ်စ်ဗီးဟ်'ဘာဝနာစီးဖြန်းခြင်းနှင့် ခဝပ်ဆည်းကပ်မှုများတွင် မွေ့လျော်နေခြင်း ဖြစ်သည်။ အသျှင်မြတ်ကိုယ်တော်တိုင် ဘေးဒုက္ခကို ကင်းဝေးစေတော်မူလိမ့်မည်။'

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်နဟ်လ်

ပျားပိတုန်းကောင်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اَتٰۤى اَمْرُ اللّٰهِ فَلَا تَسْتَعْجِلُوْهُ ؕ سُبْحٰنَهٗ وَتَعٰلٰى عَمَّا يُشْرِكُوْنَ ①

၁၆ : ၁ ။ ။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည် ရောက်ရှိလာခဲ့ချေပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် ယင်းအမိန့်တော်ကို အလျင်စလို မတောင့်တကြကုန်လင့်။ ထိုအသျှင်မြတ်သည် ၎င်း (မုရှ်ရစ်က်) တို့၏ တွဲဘက်နိုင်းယှဉ် ကိုးကွယ်မှုတို့မှ သန့်ရှင်းစင်ကြယ် မြင့်မြတ်လှတော်မူပေသည်။

يُنَزِّلُ الْمَلٰٓئِكَةَ بِالرُّوْحِ مِنْ اَمْرِهٖ عَلٰى مَنْ يَّشَآءُ
مِنْ عِبَادِهٖۤ اَنْ اَنْذِرُوْۤا اَنَّهٗ لَاۤ اِلٰهَ اِلَّاۤ اَنَا فَاتَّقُوْنِ ②

၁၆ : ၂ ။ ။ ထိုအသျှင်မြတ်သည် မိမိ၏ အမိန့်တော်ဖြင့် မိမိကျွန်များအနက်မှ အလိုရှိတော်မူသော သူများထံသို့ 'မလာအေ့ကာဟ်' ကောင်းကင်တမန်တော်များအား (ဝဟီ) အမိန့်တော်နှင့်တကွ ဆင်းသက် (လာရောက်) စေတော်မူ၏။ (ထိုအမိန့်တော်မှာ) 'အသင် (နဗီတမန်တော်) တို့သည် ကေန်စင်စစ် ငါအသျှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာ (အသျှင်) အလျှဉ်းမရှိကြောင်း၊ ငါအသျှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြရမည်'ဟု (လူတို့အား) သတိပေး နှိုးဆော်ကြလေကုန် (ဟူ၍ ဖြစ်သည်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤစူရာဟ်၏ အမည်နာမကို 'စူရာဟ်သွလ်နဟ်လ်'ဟု ပေးထားခြင်းမှာ ဤစူရာဟ်တွင် 'နဟ်လ်' ဟု ခေါ်သည့် ပျားများအကြောင်း၊ အသျှင်မြတ်၏ ထူးခြားအံ့သြဖွယ်ရာကောင်းသော 'ကွဒ်ရသ်'တန်ခိုးတော်၏ စွမ်းဆောင်မှုများအကြောင်းကို တင်ပြထားခြင်းကြောင့် ဖြစ်သည်။ ဤစူရာဟ်၏ အခြားအမည်မှာ 'စူရာဟ်နိအမ်'ဖြစ်သည်။ *[ကုရ်သုဗီးကျမ်း]*

'နိအမ်'ဆိုသည်မှာ 'နေ့အ်မသ်'၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ဤစူရာဟ်တွင် အလ္လာဟ်အသျှင်မြတ်၏ ကြီးမားသော 'နေ့အ်မသ်'တော်များအကြောင်း အထူးတလည် တင်ပြထားခြင်းကြောင့် ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် (ဆိုလိုသည်မှာ ကုဖွ်ရ်ငြင်းဆန်ခြင်း၏ ပြစ်ဒဏ်သည် မကြာမီ အတွင်း ဆိုက်ရောက်လာမည်။ သို့ပါ၍ အသင်တို့သည် ထိုအချိန်နှင့် ပတ်သက်ပြီး (ငြင်းဆန်သော သဘောဖြင့်) အလျင်မလိုကြလေနှင့်။ (သို့သာမက တစ်ပါးတည်းသော အသျှင်မြတ်ကို ရွေးချယ်ကြလေကုန်။ ၎င်းနောက် ထိုအသျှင်မြတ်၏ ဇာတိတော်နှင့် ပတ်သက်ပြီး နားထောင်ကြလေကုန်။) ထိုအသျှင်မြတ်သည် လူအများ တုဖက်နိူင်းယှဉ် ကိုးကွယ်ခြင်းမှ ကင်းစင်တော်မူသည်။ မြင့်မြတ်တော်မူသော အသျှင်ဖြစ်သည်။ ထိုအလ္လာဟ်အသျှင်မြတ်သည် ကောင်းကင်တမန်များ (၏ အနွယ်ဝင် တမန်တော်ဂျိဗ်ရာအီးလ် ﷺ ကို 'ဝဟီ' ဗျာဒိတ်တော်များကို ပေး၍ မိမိ၏ ဗန္ဒာဟ်များထဲမှ နှစ်သက်တော်မူသော ဗန္ဒာဟ်များအပေါ် (ဆိုလိုသည်မှာ နဗီတမန်တော်များအပေါ်) ချပေးသနားတော်မူလေသည်။ (၎င်းနောက် အမိန့်တော်မှာ) ဤသို့ (ဖြစ်သည်။) လူသားများကို သတိပေးလော။ ငါအသျှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သော အသျှင်မရှိ။ ထို့ကြောင့် ငါအသျှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြကုန်လော့။ (ဆိုလိုသည်မှာ မည်သူ့ကိုမျှ ငါအသျှင်မြတ်နှင့် တုဖက်နိူင်းယှဉ်ခြင်း မပြုကြလေနှင့်။ သို့မဟုတ်က ပြစ်ဒဏ်သင့်လိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

ဤစူရာဟ်တော်အား မည်သည့်သီးခြားနိဒါန်းနှင့်မျှ အစပြုခြင်းမရှိဘဲ ပြင်းထန်သော ရာဇသံနှင့် ကြောက်မက်ဖွယ်ရာကောင်းသော ခေါင်းစဉ်ဖြင့် အစပြုထားလေသည်။ အကြောင်းမှာ မုရှ်ရစ်က်များ ပြောဆိုလေ့ရှိကြသည်မှာ 'တမန်တော်မြတ် ﷺ သည် ကျွန်ုပ်တို့အား 'ကေယာမသ်' နေ့နှင့် ပတ်သက်ပြီး ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်' အပြစ်ဒဏ်များနှင့် ပတ်သက်ပြီး အမြဲတစေ ပြောကြား ခြောက်လှန့်နေလေ့ရှိသည်။ ၎င်းနောက်၌ အလ္လာဟ်အသျှင်မြတ်သည် သူ့ကို လွှမ်းမိုးစေမည်ဖြစ်ပြီး ဆန့်ကျင်သူများကို ပြစ်ဒဏ်ခတ်မည်ဟု ကတိပေးထားသည်ဟူ၍လည်း ပြောဆိုလေ့ရှိသည်။ သို့သော် ကျွန်ုပ်တို့သည် ထိုစကားများ အကောင်အထည်ပေါ်လာသည်ကို မတွေ့မြင်ကြရ။ ယင်းမုရှ်ရစ်က်များ၏ စကားရပ်များကို ဖြေကြားသည့်အနေနှင့် မိန့်တော်မူခဲ့သည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် ကျရောက်လာနေပြီ။ အသင်တို့အလျင် မလိုကြနှင့်။

ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်က မိမိ၏ တမန်တော်ကို ပေးထားသော ကတိတော်ကို ဆိုလိုခြင်းဖြစ်သည်။ ထိုကတိတော်အရ ရန်သူများကို ရှုံးနိမ့်စေမည်ဖြစ်သည်။ ၎င်းနောက် မွတ်စ္စလင်မ်များကို အောင်နိုင်ခြင်း၊ အကူအညီပေးခြင်းနှင့် ဂုဏ်သိက္ခာများ ရရှိစေမည်ဖြစ်သည်။ အထက်ပါအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ကြောက်မက်ဖွယ်ရာကောင်းသော ခေါင်းစဉ်ဖြင့် မိန့်တော်မူသည်မှာ အသျှင်မြတ်၏ အမိန့်တော် ကျရောက်လာလေပြီ။ ဆိုလိုသည်မှာ မကြာမီအချိန်အတွင်း ကျရောက်လာတော့မည်။ ယင်းကို အသင်တို့ မကြာမီအချိန်အတွင်း တွေ့ရှိကြရလိမ့်မည်။

အချို့ပညာရှင်များ၏ အဆိုအရ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဆိုသည်မှာ 'ကေယာမသ်' နေ့ကို ဆိုလိုခြင်းဖြစ်သည်။ ဆိုက်ရောက်လာလေပြီဟူသော အဓိပ္ပာယ်မှာလည်း

မကြာမီ ဆိုက်ရောက်တော့မည်ဟူ၍ ဖြစ်သည်။ ထို့နောက် ဤဒွနိယာလောက၏ သက်တမ်းကို ခြုံငုံ၍ ကြည့်ရှုမည်ဆိုလျှင် 'ကေယာမသ်'နေ့သည် အတော်ပင် နီးကပ်လာနေသည်ကို ထင်ရှားစွာ သိမြင်နိုင်ပေသည်။

[ဖဟ်ရေမုဟီးသ်ကျမ်း]

အထက်ပါအာယသ်တော်၏ ဒုတိယဝါကျတွင် မိန့်တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်သည် တုဖက်နှိုင်းယှဉ်ခြင်းမှ ကင်းစင်တော်မူသည်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ကို မှားယွင်းသည်ဟု သတ်မှတ်နေကြသောသူတို့သည် ငြင်းဆန်သူ ရှရစ်ကဲပြုလုပ်သူများ ဖြစ်ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့၏ ရှရစ်ကဲပြုလုပ်ခြင်းမှ ကင်းစင်တော်မူသည်။ *[ဖဟ်ရ်ကျမ်း]*

အထက်ပါအာယသ်တော်၏ အနှစ်ချုပ်အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် ပြင်းထန်သောရာဇသံဖြင့် 'သောင်ဟီးဒ်'တရားဘက်သို့ ဖိတ်ခေါ်နေခြင်းဖြစ်သည်။ ဒုတိယအာယသ်တော်တွင် ဆင့်ပြန်မှုအထောက်အထားဖြင့် 'သောင်ဟီးဒ်'တရားကို အတည်ပြုထားသည်။ ဆိုလိုသည်မှာ ကမ္ဘာဦးလူသား အာဒမ် عليه السلام မှစ၍ နောက်ဆုံးတမန်တော် ﷺ အထိ နေရာအနှံ့အပြားတွင် ပွင့်လေခဲ့သမျှသော တမန်တော်များသည် ဤ 'သောင်ဟီးဒ်'တရားနှင့် ပတ်သက်သည့် ယုံကြည်ချက်များကိုသာလျှင် တင်ပြခဲ့ပေသည်။ အမှန်စင်စစ် ယင်းတမန်တော်များသည် တစ်ဦးနှင့်တစ်ဦး၏ အခြေအနေ၊ ၎င်းနောက် သင်ကြားပို့ချမှုတို့ကို ထင်ရှားသော အကြောင်းခံများဖြင့် သိရှိခဲ့ကြသည်မဟုတ်။ အလေးထား၍ စဉ်းစားကြလေကုန်။ တစ်သိန်းနှစ်သောင်းကျော်သော အမြော်အမြင်ရှိ ပုဂ္ဂိုလ်ကြီးများသည် သီးခြားအချိန်ကာလများ၊ သီးခြားနိုင်ငံများ၊ သီးခြားနေရာဒေသများတွင် ပေါ်ထွန်းခဲ့သော်လည်း အားလုံးသည် တစ်ညီတစ်ညွတ်တည်း စကားတစ်ခွန်းတည်းကိုသာ တင်ပြပြောဆိုခဲ့ကြသည်။ သို့ပါ၍ မည်သူမဆို လွယ်လင့်တကူ နားလည်သဘောပေါက်နိုင်သည်မှာ ထိုပုဂ္ဂိုလ်တို့ ပြောဆိုခဲ့ကြသော စကားသည် မှားယွင်းနိုင်စရာ အကြောင်းမရှိ။ ထို့ကြောင့် အီမာန်လက်ခံရန် အထက်ပါအထောက်အထားတစ်ခုတည်းဖြင့် လုံလောက်နေလေသည်။

ဒုတိယအာယသ်တော်တွင် ပါရှိသော 'ရူးဟ်'ဟူသော စာသား၏ အဓိပ္ပာယ်မှာ အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်၏ ဖွင့်ဆိုချက်အရ 'ဝဟီ'ဗျာဒိတ်တော်ဟူ၍ အဓိပ္ပာယ်ရသည်။ ၎င်းနောက် အချို့သော သဖ်စီးရ်ပညာရှင်များက ယင်း၏ အဓိပ္ပာယ်ကို 'ဟောဒါယသ်'ဟု ဖွင့်ဆိုထားသည်။ *[ဖဟ်ရ်ကျမ်း]*

ဤအာယသ်တော်တွင် 'သောင်ဟီးဒ်'တရားနှင့် ပတ်သက်ပြီး ဆင့်ပြန်မှုအထောက်အထားများဖြင့် တင်ပြခဲ့ပြီးသည့်နောက် ရှေ့လာမည့်အာယသ်တော်များတွင်လည်း ထို 'သောင်ဟီးဒ်'တရား၏ ယုံကြည်ချက်များကိုပင်လျှင် အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'စည်းစိမ်တော်များဖြင့် ထောက်ရှုပြသကာ ဉာဏ်အမြော်အမြင်ဖြင့် စဉ်းစားတွေးခေါ်နိုင်အောင် ပြဋ္ဌာန်းတော်မူထားလေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

خَلَقَ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ ۗ تَعٰلٰى عَمَّا يُشْرِكُوْنَ ﴿٣﴾

၁၆ : ၃ ॥ ॥ ထိုအသျှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း မှန်ကန်သော ရည်ရွယ်ချက်နှင့်တကွ ဖန်ဆင်းတော်မူခဲ့လေသည်။ ထိုအသျှင်မြတ်သည် ၎င်းတို့ တွဲဖက်နိူင်းယှဉ် ကိုးကွယ်လျက် ရှိကြသည်တို့ထက် မြင့်မြတ်လှတော်မူပေသည်။

خَلَقَ الْاِنْسَانَ مِنْ نُّطْفَةٍ فَاِذَا هُوَ خَصِيْمٌ مُّبِيْنٌ ﴿٤﴾

၁၆ : ၄ ॥ ॥ ထိုအသျှင်မြတ်သည် လူသားကို ကာလလရေကြည်တစ်စက်ဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်။ သို့ဖြစ်ပါလျက် ၎င်းတို့သည် (အသျှင်မြတ်အား) ရတ်တရက် ထင်ရှားသော အန်တုသူ ဖြစ်လာ၏။

وَالْاَنْعَامَ خَلَقَهَا ۚ لَكُمْ فِيْهَا دِفْءٌ وَّمَنَافِعُ وَمِنْهَا تَاْكُلُوْنَ ﴿٥﴾

၁၆ : ၅ ॥ ॥ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အဖို့ ခြေလေးချောင်းတိရစ္ဆာန်များကိုလည်း ဖန်ဆင်းတော်မူခဲ့၏။ အသင်တို့အဖို့ ယင်း (တိရစ္ဆာန်) တို့၌ အနွေးထည်သည်လည်းကောင်း၊ အခြားအကျိုးကျေးဇူးများသည်လည်းကောင်း ရှိပေသည်။ ထို့ပြင် အသင်တို့သည် ယင်း (တိရစ္ဆာန်) တို့အနက်မှပင် (စားဖွယ်ရာများကို) စားသုံးကြကုန်၏။

وَلَكُمْ فِيْهَا جَمَالٌ حِيْنَ تُرِيْحُوْنَ وَحِيْنَ تَسْرَحُوْنَ ﴿٦﴾

၁၆ : ၆ ॥ ॥ ၎င်းပြင် အသင်တို့အဖို့ ယင်းခြေလေးချောင်းတိရစ္ဆာန်များတွင် အသင်တို့သည် (၎င်းတို့ကို) ညနေချမ်းတွင် စားကျက်မှ (အိမ်သို့) ပြန်သွင်းလာကြသော အချိန်၌လည်းကောင်း၊ အသင်တို့သည် နံနက်ယံတွင် စားကျက်သို့ လွှတ်ကြသော အချိန်၌လည်းကောင်း နှစ်လိုဖွယ်အကြောင်းလည်း ရှိပေသည်။

وَتَحْمِلُ اَثْقَالَكُمْ اِلٰى بَلَدٍ لَّمْ تَكُوْنُوْا بٰلِغِيْهِ اِلَّا بِشِقِّ
الْاَنْفُسِ ۗ اِنَّ رَبَّكُمْ لَرَءُوْفٌ رَّحِيْمٌ ﴿٧﴾

၁၆ : ၇ ॥ ॥ ထို့ပြင် ယင်းခြေလေးချောင်းတိရစ္ဆာန်များသည် အသင်တို့၏ ဝန်စည်စလယ်များကို အသင်တို့ အလွန်အမင်း ခဲယဉ်းပင်ပန်းစွာသာလျှင် ရောက်ရှိနိုင်ကြသော မြို့ရွာသို့ သယ်ပိုး (၍ ပို့ဆောင်) ခြင်းကိုလည်း ပြုလုပ်ကြကုန်၏။ ဧကန်စင်စစ် အသင်တို့၏ အသျှင်မြတ်သည် အမှန်ပင် အလွန်တရာ နူးညံ့သိမ်မွေ့တော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

وَّالْخَيْلَ وَالْبِغَالَ
وَالْحَمِيْرَ لِتَرْكَبُوْهَا وَزِيْنَةً ۗ وَيَخْلُقُ مَا لَا تَعْلَمُوْنَ ﴿٨﴾

၁၆ : ၈ ။ ။ ၄င်းပြင် (ထိုအသျှင်မြတ်သည်ပင်လျှင်) မြင်း၊ လားနှင့် မြည်းတိရစ္ဆာန်များကိုလည်း အသင်တို့သည် ၄င်းတို့ကို စီးနင်းကြရန်နှင့် (အသင်တို့အဖို့) လှပတင့်တယ် ခန့်ညားမှုရှိစေရန် (ဖန်ဆင်းတော်မူခဲ့ပေသည်။) ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် အသင်တို့ မသိကြသော (မြောက်မြားစွာသော) အရာများကိုလည်း ဖန်ဆင်းတော်မူလေသည်။

အဘိဓါန်ရှင်းလင်းချက်

خَصِيْمٌ ဟူသော နာမ်သည် خصومت ဟူသော ကြိယာဝိသေသနမှ လာသည်။ အဓိပ္ပာယ်မှာ ရန်လိုသူဟူ၍ ဖြစ်သည်။ انعام ဟူသော နာမ်သည် نَعَم ဟူသော နာမ်၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ခြေလေးချောင်းသတ္တဝါများမှ ကုလားအုတ်၊ နွား၊ ဆိတ် စသည်တို့ကို ခေါ်ဆိုသည်။ دِفْءٌ ၏ အဓိပ္ပာယ်မှာ အပူဓါတ်၊ ၄င်းနောက် အပူဓါတ်ရယူရသော အရာဖြစ်သည်။ အမွေးအမျှင်ကို ဆိုလိုခြင်းဖြစ်သည်။ ၄င်းဖြင့် အနွေးထည်များ ချုပ်လုပ်လေ့ရှိကြသည်။

تُرِيْحُوْنَ သည် رَوَاحٌ မှ ၄င်းနောက် تُسْرَحُوْنَ သည် سَرَاحٌ မှ လာသော ကြိယာများ ဖြစ်သည်။ နံနက်အချိန် တိရစ္ဆာန်များ စားကျက်သို့ သွားခြင်းကို سَرَاحٌ ဟုခေါ်၍ ညနေချိန် အိမ်သို့ ပြန်လာခြင်းကို رَوَاحٌ ဟု ခေါ်ဆိုပေသည်။ شِقِّ الْاَنْفُسِ အသက်နှင့် ရင်း၍ ကြိုးပမ်းခြင်းကို ဆိုလိုခြင်းဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အလ္လာဟ်အသျှင်မြတ်သည်) မိုးကောင်းကင်များနှင့် မြေပထဝီကို ဉာဏ်အမြော်အမြင်တော်ဖြင့် ဖန်ဆင်းထားတော်မူသည်။ ထိုအသျှင်မြတ်သည် တုဖက်နှိုင်းယှဉ်ခြင်းမှ ကင်းစင်တော်မူသည်။ (၄င်းနောက်) လူသားကို သုတ်ရည်တစ်စက်ဖြင့် ဖန်ဆင်းထားတော်မူသည်။ တစ်ဖန် ထိုလူသားသည် ပြောင်ပြောင်တင်းတင်း (အလ္လာဟ်အသျှင်မြတ်၏ ဇာတိတော်၊ ဂုဏ်တော်များကိုပင်) အငြင်းပွားလေတော့သည်။ (ဆိုလိုသည်မှာ လူသားများထဲမှ အချို့သည် ဤသို့ ဖြစ်ရှိသွားခဲ့သည်။ အလိုသဘောမှာ ငါအသျှင်မြတ်၏ ဘက်တော်မှ ဤ 'နေ့အမ်မသ်' စည်းစိမ်တော်များ ချီးမြှင့်ထားသည်။ ၄င်းနောက် လူသားများဘက်မှ ဤကဲ့သို့သော ကျေးဇူးကန်းခြင်းများ ပြုကြသည်။) ၄င်းနောက် ထိုအသျှင်မြတ်သည်သာလျှင် ခြေလေးချောင်း သတ္တဝါများကို ဖန်ဆင်းထားသည်။ ထို (သတ္တဝါ) များတွင် အသင်တို့အတွက် ဆောင်းရာသီတွင် အသုံးဝင်မည့်အရာများ ရှိသည်။ (တိရစ္ဆာန်များ၏ အမွေးအမျှင်များနှင့် သားရေများဖြင့် လူသားတို့၏ ခြုံထည်များ၊ အဝတ်ထည်များ ရက်လုပ်ကြသည်။) အခြားအကျိုးရှိသော အရာများလည်း ရှိသည်။ (နို့၊ စီးနင်းခြင်း၊ ဝန်ထမ်းခြင်း စသည်တို့) ၄င်းနောက် (သတ္တဝါများ) တွင် (စားသုံးနိုင်သော သတ္တဝါများကို) စားသုံးခြင်း

လည်း ပြုကြသည်။ ၄င်းနောက် ထို (သတ္တဝါ) များကြောင့် အသင်တို့တွင် ထည်ဝါမှုလည်း ရှိသည်။ နေဝင်ချိန် (တောမှ အိမ်သို့) ခေါ်ဆောင်လာကြသည်။ ၄င်းနောက် နေထွက်ချိန် (အိမ်မှ တောထဲသို့) လွှတ်လိုက်ကြသည်။ ၄င်းနောက် ထို (သတ္တဝါ) များသည် အသင်တို့၏ ဝန်ထုတ်ဝန်ပိုးများကို (ထမ်း၍) ထိုမြို့ရွာများသို့ သယ်ဆောင်ပေးကြသည်။ အကြင်မြို့ရွာများအထိ အသင်တို့သည် အသက်နှင့် ရင်း၍ ပင် ကြိုးပမ်း သွားရောက်နိုင်ကြသည် မဟုတ်။ ကေန်အမှန် အသင်တို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အလွန်တရာ ကြင်နာတော်မူသော အသျှင်နှင့် ကရုဏာတော်ရှင် ဖြစ်တော်မူသည်။ (အကြောင်းမှာ အသင်တို့ကို ချီးမြှင့်ရန် အမျိုးမျိုးအဖုံဖုံသော အရာများကို ဖန်ဆင်းထားတော်မူသည်။) ၄င်းနောက် မြင်း၊ မြည်းနှင့် လားတို့ကိုလည်း ဖန်ဆင်းထားတော်မူသည်။ သို့မှသာ အသင်တို့ စီးနင်းနိုင်မည်။ ထို့နောက် တင့်တယ်မှုရှိရန်လည်း ဖြစ်သည်။ ၄င်းနောက် ထိုအသျှင်မြတ်သည် ဤသို့သော အရာများ (အသင်တို့ စီးနင်းရန်အတွက်) ဖန်ဆင်းတော်မူသည်။ ယင်းအရာများကို အသင်တို့ သိရှိကြသည်ပင်မဟုတ်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဤအာယသ်တော်များတွင် စကြဝဠာအတွင်းရှိ ဖန်ဆင်းထားတော်မူသော ကြီးမားသည့် အထောက်အထားများဖြင့် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်း အတည်ပြုပြဋ္ဌာန်းလေသည်။ ဦးစွာပထမ အစောဆုံး ဖန်ဆင်းခံရသော မိုးကောင်းကင်နှင့် မြေပထဝီအကြောင်းကို တင်ပြထားလေသည်။ ထို့နောက်တွင် လူသားကို ဖန်ဆင်းမည့်အကြောင်း တင်ပြထားလေသည်။ ထိုလူသားကို အသျှင်မြတ်သည် စကြဝဠာတစ်ခုလုံး၏ အပြုစုခံတစ်ယောက်အနေနှင့် ဖန်ဆင်းထားသည်။ ထိုလူသား၏ အစသည် သေးသိမ်လှသော အရည်စက်တစ်စက်နှင့် ဖြစ်ကြောင်း တင်ပြထားပြီး မိန့်တော်မူသည်မှာ-

فَإِذَا هُوَ خَصِيمٌ مُّبِينٌ

ဆိုလိုသည်မှာ ချို့တဲ့စွာ ဖန်ဆင်းခံရသော ထိုလူသားသည် အားအင်များနှင့် ပြောဆိုနိုင်စွမ်း ချီးမြှင့်ခြင်းခံရသောအခါဝယ် အလ္လာဟ်အသျှင်မြတ်၏ ဇာတီတော်၊ ဂုဏ်တော်များကိုပင် အငြင်းဝင်လေတော့သည်။ ထိုလူသား၏နောက် အကြင်အရာများ၏ ဖန်ဆင်းခြင်းနှင့် ပတ်သက်ပြီး တင်ပြထားလေသည်။ ယင်းအရာများကို သီးခြားလူသားများ၏ အကျိုးအတွက် ဖန်ဆင်းထားတော်မူသည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ ပထမဦးဆုံး မိန့်မြွက်ခြင်းခံရသူများမှာ အာရဗ်လူမျိုးများဖြစ်သည့်အတွက် ၄င်းနောက် ထိုအာရဗ်လူမျိုးတို့၏ အဓိက အသက်မွေးဝမ်းကျောင်းမှုမှာ ခြေလေးချောင်းသတ္တဝါများဖြစ်သော ကုလားအုတ်၊ နွား၊ ဆိတ် စသည်တို့ကို မွေးမြူခြင်းဖြစ်သည့်အတွက်ကြောင့် ဦးစွာပထမ ထိုသတ္တဝါများအကြောင်းကိုပင် တင်ပြထားလေသည်။

وَالْأَنْعَامَ خَلَقَهَا

တစ်ဖန် ထိုသတ္တဝါများမှ ရရှိသော အကျိုးကျေးဇူးများအနက် အကျိုးကျေးဇူးနှစ်ခုကို အထူးတလည် တင်ပြထားပေသည်။ တစ်ခုမှာ

لَكُمْ فِيهَا دِفْءٌ

ဆိုလိုသည်မှာ ထိုသတ္တဝါများ၏ အမွေးအမျှင်ဖြင့် မိမိတို့၏ အဝတ်ထည်များ၊ သားရေဖြင့် ခြုံထည်များနှင့် ဦးထုတ်များ ချုပ်လုပ်၍ ဆောင်းရာသီတွင် နွေးထွေးမှု ရယူကြသည်။ ဒုတိယအကျိုးကျေးဇူးမှာ

وَمِنْهَا تَأْكُلُونَ

အလိုသဘောမှာ ထိုသတ္တဝါများကို 'ဇဗာဟ်' ပြု၍ မိမိတို့၏ အစားအစာပြုလုပ်နိုင်ကြသည်။ ထိုသတ္တဝါများကို အရှင်ထား၍ နို့နှင့် အခြားအကျိုးရှိသော အစားအစာများလည်း ပြုလုပ်နိုင်သည်။ နို့၊ ဒိန်၊ ထောပတ်။ ဒိန်ခဲ ထိုအရာများဖြင့် ပြုလုပ်ရသော အခြားအစားအစာများအားလုံးလည်း ထိုထဲတွင် ပါဝင်ပေသည်။ ၎င်းနောက် အခြားအကျိုးကျေးဇူးများနှင့် ပတ်သက်၍လည်း တင်ပြထားသည်မှာ وَمَنَافِعُ အလိုသဘောမှာ ထိုသတ္တဝါများ၏ အသား၊ သားရေ၊ အရိုးနှင့် အမွေးအမျှင် စသည်တို့နှင့် ပတ်သက်ပြီး မြောက်မြားစွာသော အကျိုးကျေးဇူးများကို လူသားတို့အတွက် ဖန်ဆင်းထားသည်။ မြောက်မြားစွာသော အကျိုးကျေးဇူးများဟူ၍ ခြုံငုံမိန့်ဆိုထားခြင်းမှာ လူသားတို့၏ ဆန်းသစ်တီထွင်ထားသည့် အရာများဘက်သို့ ရည်ညွှန်းမိန့်ဆိုထားခြင်းဖြစ်သည်။ ယင်းအရာများကို တိရစ္ဆာန်များ၏ ခန္ဓာကိုယ်အစိတ်အပိုင်းမှ ထုတ်ယူပြီး လူသားတို့၏ အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးနှင့် အခြားအသုံးဝင်သည့် ပစ္စည်းများကို ယနေ့ခေတ်အထိ ဆန်းသစ်တီထွင်ခဲ့ကြသည်။ နောင် 'ကေယာမသ်' နေ့အထိလည်း ဆန်းသစ် တီထွင်နေကြမည်ဖြစ်သည်။ ထို့နောက် ထိုသတ္တဝါများနှင့် ပတ်သက်ပြီး အခြားအကျိုးကျေးဇူးတစ်ခုကိုလည်း အာရဗ်လူမျိုးတို့၏ ဓလေ့စရိုက်နှင့်အညီ တင်ပြထားသည်မှာ ထိုသတ္တဝါများသည် အသင်တို့အတွက် ထည်ဝါမှု၊ တင့်တယ်မှုတို့၏ အကြောင်းခံတစ်ရပ် ဖြစ်သည်။ အထူးသဖြင့် နေဝင်ချိန် စားကျက်မှ တင်းကုပ်သို့ ပြန်လာသောအခါ သို့မဟုတ် မိုးသောက်ချိန်၊ တင်းကုပ်မှ စားကျက်သို့ သွားသောအခါ ထိုနွားအုတ်၊ ဆိတ်အုပ်ပိုင်ရှင်တို့သည် မိမိတို့၏ ထည်ဝါမှုကို ယင်းနွားအုတ်၊ ဆိတ်အုတ်တို့ဖြင့် ပြသလေ့ရှိကြသည်။

အာယသ်တော်များ၏ နောက်ဆုံးတွင် သတ္တဝါများနှင့် ပတ်သက်ပြီး အခြားသော အကျိုးထူးတစ်ရပ်ကိုလည်း တင်ပြထားပေသည်။ ၎င်းမှာ ထိုသတ္တဝါများသည် အသင်တို့၏ ၎င်းဝန်ထုပ်ဝန်ပိုးများကို ထမ်းရွက်ကာ ဝေးလံခေါင်ဖျားသော အရပ်ဒေသများသို့ ပို့ဆောင်ပေးကြသည်။ ယင်းသို့ ပို့ဆောင်ရာတွင် အသင်တို့ကိုယ်တိုင် မိမိအသက်နှင့်ပင် ရင်း၍ ကြိုးစားပို့ဆောင်လျှင်လည်း ဖြစ်နိုင်ဖွယ်ရာ မရှိပေ။ ကုလားအုတ်နှင့် နွားများသည် အထူးသဖြင့် ဤတာဝန်ကို လူသားတို့အတွက် ထမ်းရွက်ပေးကြသည်။ တိုးတက်ပြောင်းလဲသော မျက်မှောက်ခေတ်တွင်ပင် ရထားများ၊ ကားများ၊ လေယာဉ်ပျံများ၏ ဝန်ဆောင်မှုများ ရှိနေပါလျက် ထိုသတ္တဝါများသည် လူတို့အတွက် အသုံးဝင်နေဆဲဖြစ်သည်။ မြောက်မြားစွာသော နေရာဒေသများတွင် လူသားတို့ ဆန်းသစ်တီထွင်ထားသော အထက်ပါအစီးအနင်းများသည် ဝန်ဆောင်ရာတွင် အသုံးမတည့်သည်လည်း ရှိပေသည်။ ထိုသို့သော နေရာများတွင် ၎င်းတိရစ္ဆာန်များကိုပင် မိမိတို့၏ လုပ်ငန်းဆောင်တာများအတွက် အသုံးချကြရသည်။

ကုလားအုတ်နှင့် နွား စသည်တို့ကို ဝန်တင်ဆောင်သည့် လုပ်ငန်းအကြောင်း တင်ပြပြီးသည့်နောက် ထိုခြေလေးချောင်းတိရစ္ဆာန်များအကြောင်းကိုလည်း ဆက်လက်တင်ပြခြင်းမှာ လျော်ကန်လှပေသည်။ ယင်းခြေလေးချောင်းသတ္တဝါတို့ကို စီးနင်းရန်နှင့် ဝန်တင်ဆောင်ရန်အတွက်သာလျှင် ဖန်ဆင်းထားတော်မူသည်။ ယင်းတို့၏ နို့နှင့် အသားမှ လူသားတို့သည် အကျိုးအမြတ်ရယူခံစားလေ့ မရှိ။ အဘယ်ကြောင့်ဆိုသော် ယင်းသတ္တဝါတို့၏ နို့နှင့် အသားကို စားသုံးခြင်းသည် စာရိတ္တပျက်ပြားမည့် အန္တရာယ်ရှိသည့်အတွက် ရှရီအသ်တရားတော်အရ တားမြစ်ထားလေသည်။ အသျှင်မြတ်က ဤသို့ မိန့်ထားတော်မူသည်။

وَالْخَيْلَ وَالْبِغَالَ وَالْحَمِيرَ لِتَرْكَبُوهَا وَزِينَةً

အလိုသဘောမှာ ငါအသျှင်မြတ်သည် အသင်တို့ စီးနင်းရန်အတွက် မြင်း၊ မြည်းနှင့် လားတို့ကို ဖန်ဆင်းထားတော်မူသည်။ စီးနင်းရန်ဆိုသည့် စကားရပ်တွင် ဝန်တင်ဆောင်မှုလည်း ပါဝင်ပေသည်။ ၎င်းနောက် ထိုသတ္တဝါများကို အသင်တို့၏ တင့်တယ်မှုရရှိရန်အလို့ငှာလည်း ဖန်ဆင်းထားတော်မူသည်။ တင့်တယ်မှုရရှိရန်ဆိုသည့် အဓိပ္ပာယ်မှာ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ထိုမြင်းအုပ်၊ လားအုပ်များကို ပိုင်ဆိုင်သော ပိုင်ရှင်တို့၏ ဂုဏ်ပကာသန ထည်ဝါမှုများကို ဆိုလိုခြင်း ဖြစ်သည်။

ကျမ်းတော်မြတ်ကုရ်အာန်တွင် ကား၊ ရထား၊ လေယာဉ် စသည့် အစီးအနင်းများနှင့် ပတ်သက်ပြီး ရည်ညွှန်းထားခြင်းအကြောင်း

အထက်ပါနောက်ဆုံးအာယသ်တော်တွင် အစီးအနင်းနှင့် ပတ်သက်သည့် သတ္တဝါသုံးမျိုး၊ မြင်း၊ မြည်း၊ လား စသည်တို့ကို အထူးတလည် တင်ပြပြီးသည့်နောက် အခြားသော အစီးအနင်းများနှင့် ပတ်သက်၍လည်း အနာဂတ်ကာလကို ညွှန်ပြသော ကြိယာ (စာသား) ဖြင့် မိန့်တော်မူထားသည်မှာ-

وَيَخْلُقُ مَا لَا تَعْلَمُونَ

ဆိုလိုသည်မှာ အသင်တို့ မသိသေးသော အရာများကိုလည်း အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းတော်မူမည်ဟူ၍ ဖြစ်သည်။ ဤအာယသ်တော်၏ အလိုသဘောတွင် ရှေးယခင်ခေတ်က မရှိခဲ့သော မစဉ်းစားဘူးခဲ့ကြသော အစီးအနင်းများဖြစ်သည့် ရထား၊ ကား၊ လေယာဉ် စသည့်ခေတ်သစ် အစီးအနင်းများအားလုံး ပါဝင်ပေသည်။ မျက်မှောက်ခေတ်ကာလအထိ ဆန်းသစ်တီထွင်ခဲ့ကြသော အစီးအနင်းများအပြင် နောင်အနာဂတ်တွင် တီထွင်ဖြစ်ပေါ်လာမည့် အစီးအနင်းများလည်း ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့၏ ဆန်းသစ်တီထွင်ခြင်းဆိုသည်မှာ အမှန်စင်စစ် အကြွင်းမဲ့ ဖန်ဆင်းရှင်၏ အစွမ်းတန်ခိုးများပင် ဖြစ်သည်။ ၎င်းတီထွင်မှုများတွင် ခေတ်ဟောင်း၊ ခေတ်သစ်သိပ္ပံပညာရပ်များ၏ ပါဝင်ပတ်သက်မှုသည် ဤမျှခန့်သာ ရှိသည်။ အဘယ်မျှဆိုသော် အသျှင်မြတ်၏ တန်ခိုးတော်ဖြင့် ဖန်ဆင်းထားသော သဘာဝတွင်းထွက်ပစ္စည်းများကို အသျှင်မြတ်ကပင် ချီးမြှင့်ထားသော အသိဉာဏ်စွမ်းအားတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်း

၍ အမျိုးမျိုးအဖုံဖုံသော စက်ယန္တရားများကို တီထွင်ကြသည်။ တစ်ဖန် ထိုယန္တရားများတွင် အသျှင်မြတ်ကပင် ချီးမြှင့်ထားသော လေ၊ ရေ၊ မီး စသည်တို့ဖြင့် လျှပ်စစ်စွမ်းအားများကို ဖန်တီးကြသည်။ သို့မဟုတ် အသျှင်မြတ်ကပင် သဘာဝအလျောက် ချီးမြှင့်ထားသော ရတနာသိုက်များအနက်မှ ရေနံကို ထုတ်ယူ၍ အစီးအနင်းများတွင် အသုံးပြုကြလေသည်။ ခေတ်ဟောင်းခေတ်သစ် သိပ္ပံပညာရပ်များကို ပေါင်းစပ်၍ သံနှင့် ကြေးကဲ့သို့သော သဘာဝကုန်ကြမ်းများ မတီထွင်နိုင်ပါ။ အလူမီနီယံကဲ့သို့သော ပေါ့ပါးသည့် တွင်းထွက်ပစ္စည်းမျိုးလည်း မတီထွင်နိုင်ပါ။ သစ်ကိုလည်း မပြုလုပ်နိုင်ပါ။ လေနှင့်ရေကိုလည်း မဖန်ဆင်းနိုင်ပါ။ သိပ္ပံပညာရပ်၏ စွမ်းပကားဟူသည်မှာ အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းထားသော သဘာဝအင်အားများကို အသုံးချသည့် နည်းလမ်းမျှသာဖြစ်သည်။ လောကတွင်ရှိရှိသမျှသော တီထွင်မှုများအားလုံးသည် အထက်ပါအသုံးချသည့် နည်းလမ်း၏ အကျယ်ဖွင့်ဆိုချက်များသာ ဖြစ်သည်။ ထို့ကြောင့် အနည်းငယ်မျှ စဉ်းစားတွေးခေါ်လိုက်ရုံနှင့်ပင် သိနိုင်သည်မှာ ဆန်းသစ်တီထွင်မှုအားလုံးသည် အကြွင်းမဲ့ဖန်ဆင်းရှင်၏ စွမ်းပကားများပင် ဖြစ်လေသည်ဟူသော အချက်ကို ငြင်းနိုင်မည်မဟုတ်ပေ။

ဤနေရာတွင် အထူးပင် စဉ်းစားသင့်သော အချက်တစ်ချက်မှာ ပထမအာယသ်တော်များတွင် တင်ပြခဲ့သော အသျှင်မြတ် ဖန်ဆင်းထားသော အရာများနှင့် ပတ်သက်ပြီး အတိတ်ကာလပြ ကြိယာ خَلَقَ ဖြင့် သုံးနှုန်းထားပေသည်။ ထို့နောက် လူတို့ သိရှိသော အစီးအနင်းများအကြောင်း တင်ပြပြီးသည့်နောက် အနာဂတ်ကာလပြ ကြိယာဖြင့် يَخْلُقُ ဟု မိန့်တော်မူသည်။ အဆိုပါကာလပြကြိယာကို ပြောင်းလဲသုံးနှုန်းခြင်းသည် မနုဿလူသားတို့ မတီထွင်သေးသော အစီးအနင်းများနှင့် မျက်မှောက်ခေတ်တွင် မရှိသေးသော အခြားသော အရာဝတ္ထုများနှင့် ပတ်သက်ပြီး ရည်ညွှန်းခြင်းဖြစ်သည်။ နောင်လာမည့် အနာဂတ်ကာလတွင် မည်သို့သော အစီးအနင်းများ ဖြစ်ပေါ်လာမည်။ မည်သို့သော အရာဝတ္ထုများ တီထွင်ကြမည်ကို အလ္လာဟ်အသျှင်မြတ်၏ အသိဉာဏ်တော်တွင် သိရှိနေပြီးဖြစ်သည်။ ထိုအသိဉာဏ်တော်ကို အထက်ပါ တိုတောင်းလှသော ဝါကျဖြင့် ဖော်ကျူးခြင်းဖြစ်သည်။

နောင်အနာဂတ်ကာလတွင် ပေါ်ထွန်းလာမည့် ဆန်းသစ်တီထွင်မှုများအားလုံးကို တစ်ခုချင်းစီ အမည်နာမများဖြင့် တင်ပြလိုပါကလည်း တင်ပြနိုင်တော်မူသည်။ သို့သော် ထိုရှေးယခင်ခေတ်တွင် အကယ်၍ ရထား၊ ကား၊ လေယာဉ် စသည် အသုံးနှုန်းများကို သုံးနှုန်းမိန့်ဆိုခဲ့ပါမူ လူသားတို့သည် သဘောမပေါက်သည့်အပြင် မည်သည့်အကျိုးမှလည်း ရှိနိုင်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ဤဆန်းသစ်သော အရာများနှင့် ပတ်သက်ပြီး စဉ်းစားတွေးခေါ်ရန်မှာ ရှေးယခင်လူသားတို့အဖို့ လွယ်ကူမည်မဟုတ်ပေ။ ၎င်းနောက် ဤဆန်းသစ်သော အမည်နာမများသည်လည်း ထိုခေတ်အခါက သုံးစွဲလေ့ရှိမည်မဟုတ်။ ထို့ကြောင့် မည်သို့မျှ သဘောပေါက်နိုင်မည်လည်း မဟုတ်ပေ။

(ကျမ်းပြုစုသူက ပြောဆိုသည်မှာ) ကျွန်ုပ်၏ ဖခင် ဟဇရသ်မောင်လာနာမိုဟမ္မဒ်ယာစီးန် (ရဟ) က ပြောကြားခဲ့သည်။ ကျွန်ုပ်တို့၏ ဆရာသခင်ကြီး ဟဇရသ်မောင်လာနာ မိုဟမ္မဒ်ယအ်ကူးဗ်နာနောင်သဝီ (ရဟ) သခင်က ပြောကြားခဲ့သည်မှာ ကျမ်းတော်မြတ်ကုရ်အာန်တွင် ရထားနှင့် ပတ်သက်၍ အကြောင်းအရာ

ပါရှိလေသည်။ ထို့နောက် ဤအာယသ်တော်ဖြင့် အထောက်အထား တင်ပြခဲ့သည်။ ထိုအချိန်က ကားများ သုံးစွဲလေ့ မရှိသေးပေ။ လေယာဉ်ပျံလည်း မတီထွင်ရသေးပေ။ ထို့ကြောင့် ရထားအကြောင်းသာလျှင် တင်ပြလေသည်။

ဓမ္မသတ် ॥ ॥ ကျမ်းတော်မြတ်ကုရ်အာန်တွင် ဦးစွာပထမ **اَنْعَام** ဟူသော ကုလားအုတ်၊ နွား၊ ဆိတ်များအကြောင်း တင်ပြခဲ့လေသည်။ ထို့နောက် ယင်းတို့၏ အကျိုးကျေးဇူးများထဲမှ အကျိုးထူးတစ်ရပ် ဖြစ်သော အသားစားနိုင်ခြင်းဟူသည့် အကြောင်းကို တင်ပြထားသည်။ တစ်ဖန် သီးခြားတင်ပြသည်မှာ-

وَالْخَيْلَ وَالْبِغَالَ وَالْحَمِيْرَ

ယင်းသတ္တဝါများ၏ အကျိုးကျေးဇူးများထဲမှ စီးနင်းနိုင်ခြင်းဆိုသည့် အကြောင်းကို တင်ပြထားခြင်း မရှိ။ ဤသည်ကို ထောက်ထား၍ သိရှိနိုင်သည်မှာ မြင်း၊ မြည်းနှင့် လားသားတို့သည် 'ဟလာလ်' မဖြစ်။ မြည်းအသားနှင့် လားအသားသည် 'ဟရာမ်' ဖြစ်ကြောင်း ဂျမ်ဟူးရ် ဖိကာဟ်ဓမ္မသတ်ပညာရှင်များ အားလုံး တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားသည်။ အခြားဟဒီးစ်တော်တစ်ရပ်တွင်လည်း မြည်းသားနှင့် လား အသားအား 'ဟရာမ်' ဖြစ်ကြောင်း အတိအလင်း ဆင့်ပြန်ထားလေသည်။ သို့သော် မြင်းအသားနှင့် ပတ်သက်ပြီး ဆင့်ပြန်ချက်နှစ်ရပ် ဆန့်ကျင်လျက်ရှိပေသည်။ ဆင့်ပြန်ချက်တစ်ရပ်တွင်မူ 'ဟလာလ်' ဟု ဆိုထားကာ အခြားတစ်ရပ်တွင်မူ 'ဟရာမ်' ဟု ဆိုထားသည်။ ထို့ကြောင့် ဓမ္မသတ်ပညာရှင်များ၏ ထံပါး တွင် ဤဓမ္မသတ်နှင့် ပတ်သက်ပြီး အဆိုများ ကွဲလွဲနေပေသည်။ အချို့က 'ဟလာလ်'၊ အချို့က 'ဟရာမ်' ဟု ဆိုကြသည်။ အေမာမ်အဗူဟာနီဖာ (ရဟ) သခင်က ဤဆင့်ပြန်ချက် ကွဲလွဲမှုများကြောင့် မြင်းအသားကို မြည်းသားနှင့် လားသားကဲ့သို့ 'ဟရာမ်' ဟူ၍ မဆိုထားပေ။ သို့သော် 'မက္ကရူးဟ်' ဟု သတ်မှတ်လေသည်။

[အဟ်ကာမွလ်ကုရ်အာန် (ဂျဆ္ဆွာဆ်) ကျမ်း]

ဒမ္မသတ် ॥ ॥ အထက်ပါအာယသ်တော်အရ လှပတင့်တယ်မှု ပြုပိုင်ခွင့်ရှိကြောင်း သိရှိရပေသည်။ အချင်းချင်းဂုဏ်ပြိုင်ခြင်း၊ မာန်မာနထားခြင်းသည် 'ဟရာမ်' ဖြစ်သည်။ ဤအချက်နှစ်ချက်၏ ခြားနားမှုမှာ လှပတင့်တယ်မှုပြုခြင်းသည် စိတ်နှလုံးကြည်နူးစေရန် သို့မဟုတ် အလ္လာဟ်မြတ်၏ 'နေ့အ်မသ်' စည်းစိမ်တော်များကို ဖော်ကျူးခြင်းဖြစ်သည်။ စိတ်ထဲတွင် မိမိသည် ဤ 'နေ့အ်မသ်' တော်များကို ရထိုက်သူ ဟူ၍ မယူဆပေ။ အခြားသူများကိုလည်း သေးသိမ်သည်ဟု မယူဆပေ။ အလ္လာဟ်မြတ်၏ ချီးမြှင့်မှုနှင့် ဆုလာဘ်များဟူ၍ပင် မှတ်ယူလေ့ရှိသည်။ ၎င်းနောက် အချင်းချင်း ဂုဏ်ပြိုင်ခြင်း၊ မာန်မာနထားခြင်း ဆိုသည်မှာ မိမိကိုယ်မိမိ ထို 'နေ့အ်မသ်' တော်နှင့် ထိုက်တန်သူဟု ယူဆခြင်း၊ အခြားသူများအား သေးသိမ် သည်ဟု ယူဆခြင်း စသည်တို့ တွေ့ရှိရမည်။ ယင်းအချက်သည် 'ဟရာမ်' ဖြစ်သည်။

[ဗယာနွလ်ကုရ်အာန်ကျမ်း]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَعَلَى اللّٰهِ قَصْدُ السَّبِيْلِ وَمِنْهَا جَآئِرٌ وَلَوْ شَآءَ لَهَدٰىكُمْ اَجْمَعِيْنَ ۝

၁၆ : ၉ ။ ။ စင်စစ် မှန်ကန်ဖြောင့်မတ်သော လမ်းကို ပြသတော်မူရန်မှာ အလ္လာဟ်အသျှင်မြတ်အပေါ်၌သာလျှင် တည်ရှိပေသည်။ စင်စစ် ထိုလမ်းများအနက် ကွေ့ကောက်သော လမ်းများသည်လည်း ရှိ၏။ သို့ရာတွင် အကယ်၍သာ ထိုအသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် အမှန်ပင် အသင်တို့အားလုံးကို တရားလမ်းမှန်သို့ ပို့ဆောင်တော်မူပြီးဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငင်းနောက် (အထက်တင်ပြပါအာယသ်တော်များအရ) ဖြောင့်မတ်မှန်ကန်သော လမ်း (ဒီနံသာသနာ၏ ဖြောင့်မတ်မှန်ကန်သောလမ်းကို သိရှိရသည်။ ယင်းလမ်းဖြင့် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးသို့ ရောက်ရှိနိုင်သည်။ ငင်းနောက် အချို့သော လမ်းများသည် (သာသနာနှင့် ဆန့်ကျင်သော လမ်းများသည်) ကွေ့ကောက်နေပေသည်။ (ယင်းလမ်းကြောင်းမှ အလ္လာဟ်အသျှင်မြတ်ထံတော်ပါး ရောက်ရှိရန်မှာ မဖြစ်နိုင်ပေ။ သို့ပါ၍ အချို့သည် ဖြောင့်မတ်မှတ်ကန်သောလမ်းတွင် လျှောက်လှမ်းပြီး အချို့သည် ကွေ့ကောက်သောလမ်းတွင် လျှောက်လှမ်းလေသည်။) ငင်းနောက် အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိလျှင် အသင်တို့အားလုံးကို (ပန်းတိုင်) ရည်ရွယ်ချက်များသို့ ပို့ဆောင်ပေးနိုင်တော်မူသည်။ (သို့သော် ထိုအသျှင်မြတသ်ည် ဖြောင့်မတ်မှန်ကန်သော လမ်းအား လိုလားသူများကိုသာလျှင် ပို့ဆောင်ပေးတော်မူသည်။

وَالَّذِيْنَ جَاهَدُوا فِيْنَا لَنَهْدِيَنَّهُمْ سُبُلَنَا

ထို့ကြောင့် အသင်တို့သည် ယင်းအထောက်အထားများနှင့် ပတ်သက်ပြီး စဉ်းစားတွေးခေါ်သင့်လေသည်။ ငင်းနောက် အမှန်တရားကို ရှာဖွေသင့်သည်။ သို့မှသာ အသင်တို့သည် ရည်ရွယ်ချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်ပါအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ ကြီးမားသော 'နေ့အ်မသ်'တော်များအကြောင်း တင်ပြ၍ 'သောင်ဟီးဒ်'တရားနှင့် ပတ်သက်ပြီး ဉာဏ်အမြော်အမြင်ဖြင့် စဉ်းစားတွေးခေါ်နိုင်သော အထောက်အထားများကို စုဆောင်းကာ တင်ပြထားသည်။ လာမည့်အာယသ်တော်များတွင်လည်း ထို 'နေ့အ်မသ်'တော်များအကြောင်းကိုပင် တင်ပြလိမ့်မည်။ ကြားတွင် စကားညတ်အနေနှင့် ဤအကြောင်းအရာများကို သတိပေးနှိုးဆော်ထားလေသည်။ ငင်းတို့မှာ အလ္လာဟ်အသျှင်မြတ်သည် ရှေးယခင်ကတည်းက မိမိကတိတော်ရှိခဲ့သည့်အတိုင်း လူသားများကို ထိုအသျှင်မြတ်ထံတော်ပါးသို့ ရောက်ရှိနိုင်မည့် ဖြောင့်မတ် မှန်ကန်သော လမ်းကို ရှင်းလင်းတင်ပြရန် တာဝန်ယူထားတော်မူသည်။ ထို့ကြောင့် မိမိ၏ 'နေ့အ်မသ်'

စည်းစိမ်များကို တင်ပြပြီး အလ္လာဟ်အသျှင်မြတ် တည်ရှိကြောင်းနှင့် တစ်ပါးတည်းတည်ရှိတော်မူကြောင်း အထောက်အထားများအား စုဆောင်းတင်ပြနေခြင်းဖြစ်သည်။

သို့သော် အချို့သူများသည် ဆန့်ကျင်၍ မှားယွင်းကွေ့ကောက်သော လမ်းများကို ရွေးချယ်ကြသည်။ ထိုသူတို့သည် အသျှင်မြတ်၏ ရှင်းလင်းပြတ်သားသော အထောက်အထားများဖြင့် မည်သို့မျှ အကျိုးအမြတ် မရယူနိုင်ကြပေ။ သို့သာမက လမ်းမှားမှုတွင်သာ နစ်မွန်းလျက်ရှိနေကြသည်။

တစ်ဖန် မိန့်တော်မူသည်မှာ အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိပါက အားလုံးကို အဓမ္မ လမ်းမှန်ပေါ်ရောက်အောင် တွန်းပို့နိုင်သည်။ သို့သော် မိမိ၏ ဉာဏ်အမြော်အမြင်တော်အရ အဓမ္မ ပို့ဆောင်ခြင်းသည် မသင့်တော်ဟု ယူဆသည်။ လမ်းမှန်လမ်းမှား နှစ်ခုစလုံးကို ရှေ့မှောက်တွင် ချပြ၍ လျှောက်လှမ်းသူအား နှစ်သက်ရာလမ်းကို ရွေးချယ်လျှောက်လှမ်းနိုင်ခွင့် ပြုထားသည်။ ဖြောင့်မတ်မှန်ကန်သော လမ်းသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးနှင့် 'ဂျန္နသ်' သုခဘုံသို့ ပို့ပေးဆောင်ပေးမည်။ ၄င်းနောက် ကွေ့ကောက်သောလမ်းသည် 'ဂျဟန္နမ်' သို့ ပို့ဆောင်ပေးမည်။ ထို့နောက် လူသားကို မိမိနှစ်သက်ရာ လမ်းအား ရွေးချယ်နိုင်သည့် အခွင့်အရေးလည်း ပေးထားတော်မူသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

هُوَ الَّذِىٓ اَنْزَلَ مِنَ السَّمَآءِ مَآءً لَّكُمْ مِّنْهُ
شَرَابٌ وَّمِنْهُ شَجَرٌ فِيْهِ تُسِيْمُوْنَ ⑩

၁၆ : ၁၀ ။ ။ ထိုအသျှင်မြတ်သည်ပင်လျှင် (အသင်တို့အဖို့) မိုးကောင်းကင်မှ ရေကို ရွာသွန်းစေတော်မူခဲ့၏။ ၄င်းရေမှပင် အသင်တို့သည် သောက်သုံးကြကုန်၏။ ၄င်းပြင် ထိုရေကြောင့်ပင် (သစ်ပင်၊ မြက်ပင်များ အစရှိသည့် အမျိုးမျိုးသော) အပင် (များ) သည် ပေါက်ရောက်လေသည်။ အသင်တို့သည် ထိုအပင်များ၌ပင် (တိရစ္ဆာန်များကို ကျက်စားရန် လွှတ်၍) ထိန်းကျောင်းကြပေသည်။

يُنْۢبِتُ لَكُمْ بِهِ
الزَّرْعَ وَالزَّيْتُوْنَ وَالنَّخِيْلَ وَالْاَعْنَابَ وَمِنْ كُلِّ
الثَّمَرٰتِ ۗ اِنَّ فِىْ ذٰلِكَ لَاٰيَةً لِّقَوْمٍ يَّتَفَكَّرُوْنَ ⑪

၁၆ : ၁၁ ။ ။ ထိုအသျှင်မြတ်သည် အသင်တို့၏ အကျိုးငှာ ထိုရေဖြင့် ကောက်ပဲသီးနှံများ၊ သံလွင်ပင်များ၊ စွန်ပလွံပင်များ၊ စပျစ် (ပင်) များနှင့် သစ်သီးဝလံမျိုးစုံတို့ကို ပေါက်ရောက်စေတော်မူ၏။ ဧကန်စင်စစ် ဤသည်၌ စဉ်းစားဆင်ခြင်သုံးသပ်သူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာသည် ရှိချေသည်။

وَسَخَّرَ لَكُمُ الَّيْلَ وَالنَّهَارَ وَالشَّمْسَ وَالْقَمَرَ وَالنُّجُوْمُ مُسَخَّرٰتٌۢ بِاَمْرِهٖ اِنَّ فِیْ ذٰلِكَ لَاٰیٰتٍ لِّقَوْمٍ یَّعْقِلُوْنَ ﴿۱۲﴾

၁၆ : ၁၂ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် အသင်တို့အကျိုးငှာ 'နေ့'နှင့် 'ညဉ့်'ကိုလည်းကောင်း၊ 'နေ'နှင့် 'လ'တို့ကိုလည်းကောင်း အမိန့်တော်ကို လိုက်နာစေတော်မူခဲ့၏။ ထို့ပြင် ကြယ်၊ နက္ခတ်တာရာတို့သည်လည်း ထိုအသျှင်မြတ်၏ အမိန့်တော်နှင့် လိုက်နာစေခြင်းကို ခံခဲ့ကြရပြီးဖြစ်၏။ ကေန်စင်စစ် ဤသည့်၌ နားလည်ကြကုန်သော သူတို့အဖို့ သက်သေလက္ခဏာများသည် အမှန်ပင် ရှိကြပေသည်။

وَمَا ذَرَاَ لَكُمْ فِی الْاَرْضِ مُخْتَلِفًا اَلْوَانُهٗ اِنَّ فِیْ ذٰلِكَ لَاٰیَةً لِّقَوْمٍ یَّذَّكَّرُوْنَ ﴿۱۳﴾

၁၆ : ၁၃ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အကျိုးငှာ ပထဝီမြေ၌ ဖန်ဆင်းထားတော်မူသော အရာများကိုလည်း (အမိန့်ကို လိုက်နာစေတော်မူခဲ့လေသည်။) ထိုအရာဝတ္ထုများ၏ အသွေးအရောင် (တို့မှာ တစ်ခုနှင့်တစ်ခု မတူ) ကွဲပြားခြားနား လျက်ပင် ရှိကြပေသည်။ ကေန်မုချ ဤသည်တို့၌လည်း တရားကျသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာသည် ရှိချေသည်။

وَهُوَ الَّذِیْ سَخَّرَ الْبَحْرَ لِتَاْكُلُوْا مِنْهُ لَحْمًا طَرِیًّا وَّتَسْتَخْرِجُوْا مِنْهُ حِلْیَةً تَلْبَسُوْنَهَا وَتَرَی الْفُلْكَ مَوَاخِرَ فِیْهِ وَلِتَبْتَغُوْا مِنْ فَضْلِهٖ وَلَعَلَّكُمْ تَشْكُرُوْنَ ﴿۱۴﴾

၁၆ : ၁၄ ။ ။ စင်စစ်မှာမူ ထိုအသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည် ပင်လယ်သမုဒ္ဒရာမှ လတ်ဆတ်သော အသားကို အသင်တို့ စားသုံးကြရန်နှင့် မိမိတို့ ဆင်ယင်ကြသော လက်ဝတ်လက်စားများကို ထုတ်ယူ (ဆင်ယင်သုံးစွဲ) ကြရန်အလို့ငှာ ထိုပင်လယ်သမုဒ္ဒရာကို နိုင်နင်းစေတော်မူခဲ့၏။ ၎င်းပြင် အသင်သည် သင်္ဘောများကို ထိုပင်လယ်သမုဒ္ဒရာ၌ ရေကို ခွဲ၍ သွားလာလျက်ရှိသည်ကို တွေ့မြင်ရလေသည်။ ထို့ပြင် အသင်တို့သည် (ပင်လယ်ခရီး သွားလာခြင်းအားဖြင့်) ထိုအသျှင်မြတ်၏ ကျေးဇူးတော် (တည်းဟူသော ဥစ္စာပစ္စည်း) ကို ရှာဖွေကြရန်အလို့ငှာလည်းကောင်း၊ အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်၏) ကျေးဇူးတော်များကို သိတတ်ကြရန်အလို့ငှာလည်းကောင်း (ထိုပင်လယ်သမုဒ္ဒရာကို နိုင်နင်းစေတော်မူခဲ့ခြင်း) ဖြစ်ပေသည်။

وَأَلْقَىٰ فِي الْأَرْضِ رَوَاسِيَ أَن تَمِيدَ بِكُمْ وَأَنْهَارًا وَسُبُلًا لَّعَلَّكُمْ تَهْتَدُونَ ﴿١٥﴾

၁၆ : ၁၅ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် ပထဝီမြေ၌ ထိုပထဝီမြေသည် အသင်တို့နှင့်တကွ လှုပ်ရှား (ယိမ်းယိုင်) ခြင်းမပြုရန် (ကျောက်ဆူးအဖြစ်) တောင်များကို ချထားတော်မူခဲ့လေသည်။ ထို့ပြင် အသင်တို့လမ်းရှာ၍ (လိုရာပန်းတိုင်သို့ ရောက်ရှိ) တွေ့နိုင်ကြရန်အလို့ငှာ မြစ်ချောင်းများကိုလည်းကောင်း (ပြုလုပ်တော်မူခဲ့လေသည်။)

وَعَلَامَاتٍ ۚ وَبِالنَّجْمِ هُمْ يَهْتَدُونَ ﴿١٦﴾

၁၆ : ၁၆ ။ ။ ထို့ပြင် အမှတ်သညာ မှတ်တိုင်များကိုလည်း (ပြုလုပ်တော်မူခဲ့၏။) ထို့ပြင် ကြယ်၊ နက္ခတ်တာရာများဖြင့်လည်း (လူတို့သည်) လမ်းများကို ရှာတွေ့ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို (အလ္လာဟ်အသျှင်မြတ်သည်) အသင်တို့ (အကျိုး) အတွက် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေသည်။ ထိုမှ အသင်တို့ သောက်သုံးရန် ရရှိသည်။ ၎င်းနောက် ထို (ရေ၏ အကြောင်းခံ) ဖြင့် သစ်ပင် (များ ပေါက်ရောက်လေသည်။) ၎င်းတွင် အသင်တို့သည် (မိမိတို့၏ တိရစ္ဆာန်များကို) ကျက်စားရန် စေလွှတ်ကြသည်။ (၎င်းနောက်) ထို (ရေ) ဖြင့် အသင်တို့ (အကျိုး) အတွက် လယ်ယာများ (၎င်းနောက်) ဇိုင်သွန်ပင်များ၊ စွန်ပလွံပင်များ၊ စပျစ်ပင်များ၊ အမျိုးမျိုးသော သစ်သီးဝလံများ (မြေပထဝီမှ) ပေါက်ရောက်စေသည်။ မုချဧကန် ထို (တင်ပြပါအရာများ) တွင် စဉ်းစားတွေးခေါ်သူများအတွက် (အလ္လာဟ်တစ်ပါးတည်း တည်ရှိကြောင်း) အထောက်အထားများ ရှိနေလေသည်။ ၎င်းနောက် ထို (အလ္လာဟ်အသျှင်မြတ်) သည် အသင်တို့အကျိုးအတွက် နေ့နှင့် ည၊ ၎င်းနောက် နေနှင့် လကို (မိမိ၏ တန်ခိုးတော်ဖြင့်) ထိန်းချုပ်ထားတော်မူသည်။ ၎င်းနောက် (ထိုနည်းတူစွာ အခြားသော) ကြယ်တာရာများကို (လည်း) ထိုအသျှင်မြတ်၏ အမိန့်တော်နှင့် (တန်ခိုးတော်ဖြင့်) ထိန်းချုပ်ထားတော်မူသည်။ ဧကန်မုချ ထို (တင်ပြပါအကြောင်းအရာများ) တွင် (လည်း) အသိဉာဏ်ရှိသောသူများအတွက် (အသျှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်း) အချို့အထောက်အထားများ တည်ရှိနေသည်။ ၎င်းနောက် (ထိုနည်းတူစွာ) အကြင်အရာများကိုလည်း ('ကွဒ်ရသ်'တော်ဖြင့်) ထိန်းချုပ်ထားတော်မူသည်။ ယင်းအရာများကို အသင်တို့ (အကျိုးအတွက်) ဤသို့ ဖန်ဆင်းထားသည်မှာ ယင်းအရာများ၏ အမျိုးအစားများသည် (ဆိုလိုသည်မှာ မျိုးရိုးဇီဇများ၊ ပုံသဏ္ဌာန်များ) ကွဲပြားခြားနားလျက်ရှိသည်။ (ထိုအမျိုးအစားများတွင် သက်ရှိသတ္တဝါများ၊ သစ်ပင် ပန်းပင်များ၊ တွင်းထွက်သဘာဝပစ္စည်းများ၊ ပေါင်းစပ်ထားသော ဝတ္ထုပစ္စည်းများနှင့် မပေါင်းစပ်ထားသော ဝတ္ထုပစ္စည်းများအားလုံး ပါဝင်ပေသည်။) မုချဧကန် ထို (တင်ပြပါအရာများ) တွင် (လည်း) အမြော်အမြင်ရှိသူများအတွက် (သောင်ဟီးဒ်) တရား၏ အထောက်အထားများ ရှိနေသည်။

ငှင်းနောက် ထို (အလ္လာဟ်) အသျှင်မြတ်သည် ပင်လယ်သမုဒ္ဒရာကို (လည်း 'ကွဒ်ရသ်' တန်ခိုးတော်ဖြင့်) ထိန်းချုပ်ထားတော်မူသည်။ ထိုသမုဒ္ဒရာအတွင်းမှ လတ်ဆတ်သော အသားများ (ဆိုလိုသည်မှာ ငါးများကို ဖမ်းယူ၍) စားသုံးနိုင်ရန်အတွက် ငှင်းနောက် ထိုထဲမှ (ပုလဲ) ရတနာများ ထုတ်ယူ၍ အသင်တို့ (အမျိုးသားအမျိုးသမီးအားလုံး) ဆင်မြန်းနိုင်ရန်အတွက် ငှင်းနောက် (ထိုသမုဒ္ဒရာ၏ အခြားသော အကျိုးကျေးဇူးတစ်ခုမှာ) အသင်တို့သည် လှေ၊ သင်္ဘောများကို (သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ဥပမာ- သင်္ဘောကြီးများကို အသင်တို့) တွေ့ရှိနိုင်ပေသည်။ ထို (သမုဒ္ဒရာကို 'ကွဒ်ရသ်' တန်ခိုးတော်ဖြင့် ထိန်းချုပ်ထားရသည့် အခြားအကြောင်း အရင်းတစ်ခုမှာလည်း) သို့မှသာ အသင်တို့သည် (ထိုသင်္ဘောကြီးများတွင် ရောင်းကုန်ပစ္စည်းများ တင်ဆောင်၍ ခရီးသွားလာနိုင်မည်။ ငှင်းနောက် ထိုရောင်းဝယ်ဖောက်ကားမှု အကြောင်းခံဖြင့်) အလ္လာဟ်အသျှင်မြတ်၏ ရိဇ္ဇိရိက္ခာကို ရှာဖွေနိုင်ကြမည်။ ငှင်းနောက် (ထိုအကျိုးကျေးဇူးများကို ထောက်ရှု၍ အသျှင်မြတ်ကို) ကျေးဇူးဥပကာရ တင်ရှိနိုင်မည်ဖြစ်သည်။ ငှင်းနောက် ထိုအသျှင်မြတ်သည် မြေပထဝီပေါ်တွင် တောင်များကို ထားရှိတော်မူသည်။ သို့မှသာ ထို (မြေပထဝီသည်) အသင်တို့အား မလှုပ်ရမ်းနိုင်မည်ဖြစ်သည်။ ငှင်းနောက် ထိုအသျှင်မြတ်သည် (သေးငယ်သော) မြစ်ချောင်းများနှင့် လမ်းများကို ဖန်ဆင်းပေးထားသည်။ သို့မှသာ (ထိုလမ်းများမှတစ်ဆင့် မိမိတို့၏) ပန်းတိုင်စခန်းကို ရောက်ရှိနိုင်မည်ဖြစ်သည်။ ငှင်းနောက် (ထိုလမ်းများကို မှတ်သားရန်) မြောက်မြားစွာသော အမှတ်အသားများလည်း ဖန်ဆင်းထားတော်မူသည်။ (ဥပမာ- တောင်၊ သစ်ပင်၊ အဆောက်အဦးများ စသည်တို့ဖြင့် လမ်းများကို မှတ်သားနိုင်ကြမည်။ အကယ်၍ မြေမျက်နှာပြင်တစ်ခုလုံးသည် တစ်ပုံစံတည်း တစ်သမတ်တည်း ရှိနေပါက သွားလာရာလမ်းများကို မှတ်မိနိုင်မည်မဟုတ်ပေ။) ငှင်းနောက် ကြယ်တာရာများဖြင့်လည်း လူတို့သည် လမ်းများကို မှတ်သားလေ့ ရှိကြသည်။ (ယင်းအချက်သည် ပေါ်လွင်ထင်ရှားသော အချက်တစ်ချက် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

مِنْهُ شَجَرٌ فِيْهِ تُسِيْمُوْنَ

شَجَر ဆိုသော စာသားကို များသောအားဖြင့် သစ်ပင်အတွက် သုံးနှုန်းထားလေ့ရှိသည်။ ပင်စည်ရှိသော သစ်ပင်ကို ဆိုလိုခြင်းဖြစ်သည်။ တစ်ခါတစ်ရံ မြေပထဝီပေါ်တွင် ပေါက်ရောက်သော အပင်တိုင်းကိုလည်း **شَجَر** ဟု သုံးနှုန်းလေ့ရှိသည်။ မြက်ပင်၊ ပေါင်းပင်များလည်း ထိုထဲတွင် ပါဝင်ပေသည်။ တင်ပြပါ အာယသ်တော်၏ **شَجَرٌ** ဟူသော စာသား၏ အဓိပ္ပာယ်မှာလည်း အပင်များအားလုံးကို ဆိုလိုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအာယသ်တော်တွင် တိရစ္ဆာန်များ ကျက်စားသည့်အကြောင်း ပါရှိနေသောကြောင့် ဖြစ်သည်။ တိရစ္ဆာန်များ ကျက်စားလေ့ရှိသော အပင်များသည် အများအားဖြင့် မြက်ပင်၊ ပေါင်းပင်များသာလျှင် ဖြစ်သည်။

تُسِيْمُوْنَ သည် اَسَامَتْ ဟူသော ကြိယာဝိသေသနမှ ထွက်ပေါ်လာသော စာလုံးဖြစ်သည်။ တိရစ္ဆာန်များကို စားကျက်သို့ စေလွှတ်ခြင်းဟု အဓိပ္ပာယ်ရသည်။

اِنَّ فِيْ ذَالِكَ لَاٰ يَةً لِقَوْمٍ يَّتَفَكَّرُوْنَ

ဤအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များ၊ ၎င်းနောက် ထူးခြားအံ့သြဖွယ်ရာကောင်းသော ဉာဏ်အမြော်အမြင်တော်များနှင့်တကွ စကြဝဠာကြီးအား ဖန်ဆင်းထားပုံတို့ကို တင်ပြထားပေသည်။ ယင်းအကြောင်းအရာများနှင့် ပတ်သက်ပြီး စဉ်းစားတွေးခေါ်သူများသည် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်းကို တွေ့မြင်နေရသကဲ့သို့ အထောက်အထားများအား မြင်တွေ့နိုင်မည်ဖြစ်သည်။ ထို့ကြောင့် 'နေအ်မသ်'တော်များအကြောင်း တင်ပြပြီးတိုင်း အကြိမ်ကြိမ်အဖန်ဖန် စဉ်းစားတွေးခေါ်ကြရန် သတိပေးနှိုးဆော်ထားတော်မူသည်။ ဤအာယသ်တော်၏ အဆုံးတွင်လည်း မိန့်ဆိုထားသည်မှာ တင်ပြပါအကြောင်းအရာများတွင် စဉ်းစားတွေးခေါ်သူများအတွက် အထောက်အထားများ တည်ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် လယ်ယာနှင့် သစ်ပင်၊ ပန်းမန်များ စသည်တို့ကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဉာဏ်အမြော်အမြင်တော်ဖြင့် ဖန်ဆင်းထားမှုနှင့် ပတ်သက်ပြီး အနည်းငယ် စဉ်းစားတွေးခေါ်သင့်ပေသည်။ ယင်းမှာ သစ်စေ့၊ မျိုးစေ့ စသည်တို့ကို မြေကြီးထဲ ထည့်၍ ရေလောင်းလိုက်ရုံမျှဖြင့် အလိုအလျောက် ကြီးမားသော သစ်ပင်ကြီးတစ်ပင် မပေါက်ရောက်နိုင်ပေ။ အရောင်အဆင်းအမျိုးမျိုးရှိသော ပန်းများလည်း မပူးပွင့်နိုင်ပေ။ ယင်းကိစ္စရပ်များတွင် လယ်ရှင်၊ မြေရှင်တို့၏ စွမ်းဆောင်မှုနှင့်လည်း မည်သို့မျှ ပတ်သက်မှုမရှိပေ။ ဤဖြစ်ပေါ်လာသည့် အကြောင်းအချင်းအရာအားလုံးသည် အဆုံးမရှိသော တန်ခိုးတော်ရှင်၏ စွမ်းဆောင်မှုများနှင့် ဉာဏ်အမြော်အမြင်တို့ဖြင့်သာ ပတ်သက်လေသည်။ ၎င်းနောက် နေ့နှင့် ည ၎င်းနောက် ကြယ်တာရာများ စသည်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့်အညီ လှည့်ပတ် ရွေ့လျားနေကြခြင်းအကြောင်းကို နောက်ဆုံးတွင် တင်ပြမိန့်ဆိုထားလေသည်။ တစ်ဖန်

اِنَّ فِيْ ذَالِكَ لَاٰ يَةً لِّقَوْمٍ يَّعْقِلُوْنَ

အလိုသဘောမှာ ထိုအရာဝတ္ထုများတွင် အသိဉာဏ်ရှိသူများအတွက် အထောက်အထားအချို့ ရှိနေသည်ဟု ရည်ညွှန်းတော်မူသည်။ အလိုသဘောမှာ ထိုအရာဝတ္ထုများသည် အလ္လာဟ်အသျှင်မြတ်၏ ထိန်းချုပ်မှုအောက်တွင် ရှိနေကြောင်းကို အနည်းငယ်မျှ စဉ်းစားတွေးခေါ်ရုံဖြင့် ပေါ်လွင်ထင်ရှားစွာ တွေ့ရှိနိုင်မည်။ ဆိုလိုသည်မှာ အသိဉာဏ်အနည်းငယ်ရှိရုံမျှဖြင့် သဘောပေါက်နိုင်လိမ့်မည်။ ခက်ခဲနက်နဲစွာ စဉ်းစားတွေးခေါ်ရန် မလိုပေ။ အဘယ်ကြောင့်ဆိုသော် သစ်ပင်ပန်းမန်များ ပေါက်ရောက်စေသည့် အကြောင်းတွင်မူ အပေါ်ယံအားဖြင့် လူသားတို့၏ စွမ်းဆောင်မှု အနည်းနှင့်အများ ပါဝင်ပတ်သက်နေလေသည်။ သို့သော် နေ့နှင့်၊ နေနှင့် လ၊ ၎င်းနောက် ကြယ်တာရာများ ရွေ့လျားသွားလာမှုတွင် လူသားတို့ မည်သို့မျှ ပါဝင်ပတ်သက်နိုင်ခြင်း မရှိပေ။

ထို့နောက် မြေပထဝီမှ ပေါက်ရောက်သော ကွဲပြားခြားနားသော အမျိုးအစားများနှင့် ပတ်သက်ပြီး တင်ပြမိန့်ဆိုကာ တစ်ဖန် မိန့်တော်မူထားသည်။

إِنَّ فِي ذَٰلِكَ لَآيَةً لِّقَوْمٍ يَذَّكَّرُونَ

အလိုသဘောမှာ ဤအကြောင်းအချင်းအရာများတွင် ဆုံးမသြဝါဒတရား ရသူများအတွက် အထောက်အထားများ ရှိနေသည်။ ဆိုလိုသည့်သဘောမှာ ဤအကြောင်းအရာများတွင်လည်း ခက်ခဲနက်နဲစွာ စဉ်းစားတွေးခေါ်ရန် မလိုပေ။ အထောက်အထားများသည် ပေါ်လွင်ထင်ရှားလျက်ရှိသည်။ သို့သော် အရေးကြီးသည့်အချက်မှာ ယင်းအကြောင်းအရာများကို အာရုံစူးစိုက်ကြည့်ရှုလေ့လာရမည်။ ၎င်းနောက် ဆုံးမသြဝါဒ တရား ရယူရမည်ဖြစ်သည်။ သို့မဟုတ်ပါက အသိဉာဏ်မရှိ၊ သောကမရှိသူ တစ်ယောက်သည် မည်သည့် အရာကိုမျှ အလေးမထားပါက ယင်းသို့သောသူအတွက် မည်သည့်အကျိုးသက်ရောက်မှုမျှ ရှိနိုင်မည်မဟုတ်။

سَخَّرَ لَكُمُ اللَّيْلَ وَالنَّهَارَ

နေ့နှင့် ညကို ထိန်းချုပ်ထားသည်ဆိုသည့် အလိုသဘောမှာ လူသားတို့အတွက် အသုံးဝင်အောင် မိမိ၏ 'ကွဒ်ရသ်'တန်ခိုးတော်ဖြင့် ထိန်းချုပ်ထားခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ညကို အိပ်စက်အနားယူနိုင်ရန်အတွက် ၎င်းနောက် လုပ်ငန်းဆောင်တာများ ပြင်ဆင်လုပ်ကိုင်နိုင်ရန်အတွက် ဖြစ်သည်။ ယင်းတို့ကို ထိန်းချုပ်ထားသည်ဆိုသည့် အဓိပ္ပာယ်မှာ လူသားတို့၏ အမိန့်အတိုင်း နေ့နှင့် ညတို့သည် ပြောင်းလဲရွေ့လျား နေရမည်ဟု ဆိုလိုခြင်းမဟုတ်။

هُوَ الَّذِي سَخَّرَ الْبَحْرَ لِتَأْكُلُوا

မိုးကောင်းကင်နှင့် မြေပထဝီရှိ အဖန်ဆင်းခံများအကြောင်း၊ ၎င်းနောက် ထိုအဖန်ဆင်းခံများဖြင့် လူသားတို့ အကျိုးအမြတ်ရရှိကြပုံ အကြောင်းတို့ကို တင်ပြပြီးသည့်နောက် ကျယ်ဝန်းလှသော ပင်လယ် သမုဒ္ဒရာကြီးထဲတွင် အလ္လာဟ်အသျှင်မြတ်၏ ဉာဏ်အမြော်အမြင်တော်ဖြင့် လူသားတို့အတွက် အကျိုးရှိစေမည့် အရာဝတ္ထုများ ဖန်ဆင်းထားပုံကို တင်ပြထားပေသည်။ ၎င်းနောက် ထိုသမုဒ္ဒရာထဲတွင် လူသားတို့၏ အစာအဟာရအတွက် မည်သို့ ကောင်းမွန်သော အစီအမံများ စီမံထားပုံကို တင်ပြထားသည်။ လူသားတို့ အတွက် လတ်ဆတ်သော ငါးများကို ထိုထဲမှ ရရှိစေသည်။

لِتَأْكُلُوا مِنْهُ لَحْمًا طَرِيًّا

ဤစာသားတွင် ငါးကို လတ်ဆတ်သော အသားဟု ရည်ညွှန်းတင်ပြထားခြင်းမှာ အခြားသတ္တဝါ များကဲ့သို့ ငါးကို 'ဇဗာဟ်'ပြုရန် မလိုသည့်အတွက် ထိုငါးသည် အသင့်စားသုံးနိုင်သော အသားပမာ ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

وَتَسْتَخْرِجُوا مِنْهُ حِلْيَةً تَلْبَسُونَهَا

ဤစာသားများတွင် ပင်လယ်သမုဒ္ဒရာ၏ အခြားအကျိုးကျေးဇူးတစ်ရပ်ကို တင်ပြထားသည်။ ယင်းမှာ ပင်လယ်အတွင်းသို့ ဆင်းသက်၍ မိမိတို့အတွက် ရတနာများကို ထုတ်ယူကြသည်။ حِلْيَةً ၏ လုံးကောက်အဓိပ္ပာယ်မှာ လှပတင့်တယ်မှုဖြစ်သည်။ ဆိုလိုသည့်သဘောမှာ သမုဒ္ဒရာမှ ထွက်သော ပုလဲနှင့် မုတ်ကောင်များ၊ အခြားသော ရတနာများကို ရည်ညွှန်းခြင်းဖြစ်သည်။ ယင်းရတနာများကို အမျိုးသမီးတို့သည် လည်ဆွဲသဖွယ် ဆင်မြန်းကြလေသည်။ မိမိတို့နားများတွင်လည်း ဝတ်ဆင်ကြလေသည်။ အမှန်စင်စစ် ဤရတနာများကို အမျိုးသမီးများသာ ဝတ်ဆင်လေ့ရှိကြသည်။ သို့သော် ကျမ်းမြတ်ကုရ်အာန်တွင် تَلْبَسُونَهَا ဟူ၍ ပုလ္လိင်ဖြင့် သုံးနှုန်းထားကာ ရည်ညွှန်းသည်မှာ အမျိုးသမီးများ၏ လက်ဝတ်ရတနာ ဆင်မြန်းမှုသည် အမှန်စင်စစ် အမျိုးသားများ၏ အကျိုးအတွက်ပင် ဖြစ်သည်။ အမျိုးသမီး၏ လှပတင့်တယ်မှုသည် အမှန်စင်စစ် အမျိုးသားများ၏ ရပိုင်ခွင့် ဖြစ်သည်။ ထို့ကြောင့် အမျိုးသားများသည် မိမိဇနီးသည်ကို လှပတင့်တယ်သော အဝတ်အစားများ၊ လက်ဝတ်ရတနာများ ဝတ်ဆင်ရန် အခမ္မ တိုက်တွန်းခွင့်ရှိသည်။ သို့သာမက ကျောက်မျက်ရတနာများကို အမျိုးသားများလည်း လက်စွပ်ကွင်း၍ ဝတ်ဆင့်ခွင့်ရှိသည်။

وَتَرَى الْفُلْكَ مَوَاخِرَ فِيهِ وَلِتَبْتَغُوا مِنْ فَضْلِهِ

ပင်လယ်သမုဒ္ဒရာ၏ တတိယအကျိုးကျေးဇူးကို ဤအာယသ်တော်တွင် တင်ပြထားသည်။ فُلْكٌ ၏ အဓိပ္ပာယ်မှာ လှေဖြစ်သည်။ ၎င်းနောက် مَوَاخِرَ သည် مَاخِرَةٌ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ مَخْرٌ ၏ အဓိပ္ပာယ်မှာ ရေကို ခွင်းခြင်းဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ထိုလှေသင်္ဘောများသည် သမုဒ္ဒရာအတွင်းရှိ ရေလှိုင်းများကို ခွင်း၍ ခရီးနှင်လေသည်။' အာယသ်တော်၏ အလိုသဘောများမှာ အလ္လာဟ်အသျှင်မြတ်သည် ပင်လယ်သမုဒ္ဒရာကို ဝေးလံခေါင်ဖျားသော အရပ်ဒေသများသို့ သွားရောက်ရန် လမ်းအဖြစ် သတ်မှတ်ဖန်ဆင်းထားတော်မူသည်။ ဝေးလံသော နိုင်ငံများသို့ ရေလမ်းကြောင်းမှ ခရီးနှင်ခြင်း၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းများကို လွယ်ကူစေတော်မူသည်။ ၎င်းနောက် ဤနည်းလမ်းကိုပင် ရိဇ္ဇိရိကွာရှာရန်အတွက် ကောင်းမွန်သော အကြောင်းခံအဖြစ် သတ်မှတ်ထားရှိတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ရေလမ်းခရီးဖြင့် သွားလာ ရောင်းဝယ်ဖောက်ကားခြင်းသည် အမြတ်အစွန်း များပြားသော ကြောင့် ဖြစ်သည်။

وَأَلْقَى فِي الْأَرْضِ رَوَاسِيَ أَنْ تَمِيدَ بِكُمْ

رَوَاسِيَ ဟူသော နာမ်သည် رَاسِيَةٌ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ လေးလံသော တောင်ကြီးဟု အဓိပ္ပာယ်ရသည်။ تَمِيدَ ဟူသော နာမ်သည် مَيْدٌ ဟူသော ကြိယာဝိသေသနမှ လာသည်။ တုန်လှုပ်

ခြောက်ခြားခြင်း၊ သို့မဟုတ် ယိမ်းယိုင်သွားအောင် လှုပ်ခတ်ခြင်းဟု အဓိပ္ပာယ်ရသည်။ အာယသ်တော်၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် မြေကမ္ဘာကြီးကို မိမိ၏ ဉာဏ်အမြော်အမြင်တော်အရ မာကျောသော၊ မျှတသော အစိတ်အပိုင်းများဖြင့် မဖန်ဆင်းထားပေ။ ထို့ကြောင့် မြေပထဝီသည် အချို့သောဘက်များမှ လေးလံပြီး အချို့သောဘက်မှ ပေါ့ပါးနေသည်။ ထိုအခြေအနေကြောင့် ဖီလော်ဆော်ဖီ ပညာရှင်အများစု၏ အဆိုအရ တည်ငြိမ်စွာ ရှိနေသည်ဟူ၍သော်လည်းကောင်း၊ သို့မဟုတ် ခေတ်ဟောင်း၊ ခေတ်သစ်ရှိ ဖီလော်ဆော်ဖီ ပညာရှင်အချို့၏ အဆိုနှင့်အညီ လည်ပတ်ရွေ့လျားနေသည်ဟူ၍လည်းကောင်း ယူဆရပေမည်။ ယင်းအခြေအနေနှစ်ရပ်စလုံးတွင် မြေပထဝီ၏ ထုထည်အတွင်း တည်ငြိမ်မှုမရှိသော လှုပ်ရှားမှုတစ်ရပ် ဖြစ်ပေါ်လျက် ရှိသည်။ ယင်းကို တုန်ခါမှုဟူ၍လည်း ဆိုနိုင်ပေသည်။ ထိုတုန်ခါမှုကို ဟန့်တားရန်၊ မြေပထဝီ၏ အစိတ်အပိုင်းများကို တစ်ခုနှင့်တစ်ခု မျှတမှုရှိစေရန် အလ္လာဟ်အသျှင်မြတ်သည် မြေပထဝီပေါ်တွင် တောင်ကြီးများ၏ အလေးချိန်ကို ထားရှိတော်မူသည်။ သို့မှသာ တုန်ခါမှုကင်းမဲ့မည် ဖြစ်သည်။

အခြားဂြိုဟ်ကြီးများကဲ့သို့ ကမ္ဘာ၏ လည်ပတ်ရွေ့လျားနေခြင်းနှင့် ပတ်သက်ပြီး ခေတ်ဟောင်း အတွေးအခေါ်ပညာရှင် (ဖီစာကိုရစ်စ်) သည် ယင်းကိစ္စကို ဆန်းစစ်လေ့လာ၍ အတည်ပြုထားသည်။ ခေတ်သစ်အတွေးအခေါ်ပညာရှင်များအားလုံးကလည်း ၎င်း၏အဆိုကို တစ်ညီတစ်ညွတ်တည်း ထောက်ခံကြသည်။ တစ်ဖန် မျက်မှောက်ခေတ်၏ ဆန်းစစ်တွေ့ရှိချက်များအရလည်း ယင်းအဆိုကိုပင် အတည်ပြုပေါ်လွင်စေခဲ့သည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် မြေကမ္ဘာကြီး လှည့်ပတ်နေခြင်းနှင့် ပတ်သက်၍ အတည်ပြုထားခြင်းမရှိသကဲ့သို့ ငြင်းဆန်ထားခြင်းလည်း မရှိပေ။ သို့သော်ငြား အထက်ပါ လှုပ်ရမ်းတုန်ခါမှုကိုသာ တောင်များဖြင့် ထိန်းချုပ်ထားခြင်းကို တင်ပြထားသည်မှာ မြေကမ္ဘာ၏ လှည့်ပတ်နေခြင်းနှင့် ပတ်သက်နေသည်ဟု ယူဆရသည်။ ယင်းသည် အခြားသော ဂြိုဟ်များ လှည့်ပတ် သွားလာနေသကဲ့သို့ မြေကမ္ဘာ၏ လှည့်ပတ်မှုတစ်ရပ်ဟုလည်း ပြောဆိုနိုင်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံးဖြစ်တော်မူမည်။)

وَعَلَمَٰتٍۚ وَبِالنَّجۡمِ هُمۡ يَهۡتَدُونَ

အထက်တွင် ကူးသန်းရောင်းဝယ် သွားလာမှုအကြောင်းများ တင်ပြထားရာ ထိုသို့ သွားလာရာတွင် လွယ်ကူမှု ရှိစေခြင်းအကြောင်းကိုလည်း ဆက်လက်တင်ပြခြင်းမှာ အလွန်ပင် လျော်ကန်မှု ရှိလှပေသည်။ ထိုလွယ်ကူမှုအကြောင်းခံများကို ခရီးသွားများ ခရီးတွင်နိုင်ရန်၊ လိုရာပန်းတိုင်စခန်းသို့ ရောက်ရှိနိုင်ရန် အလ္လာဟ်အသျှင်မြတ်ကပင် မိုးနှင့် မြေတွင် လွယ်ကူမှု အမြောက်အမြား ဖန်ဆင်းထားပေသည်။ မိန့်ဆိုထားသည်မှာ-

وَعَلَمَٰتٍ

'ငါအသျှင်မြတ်သည် မြေပထဝီတွင် လမ်းများ မှတ်မိလွယ်ရန် မြောက်မြားစွာသော အမှတ်အသားများ၊ ဥပမာ- တောင်များ၊ သမုဒ္ဒရာများ၊ သစ်ပင်များ၊ အဆောက်အအုံများ စသည်တို့ဖြင့် သတ်မှတ်

ဖန်ဆင်းထားတော်မူသည်။' အကယ်၍ မြေပထဝီကြီးသည် အားလုံး တစ်ပြေးညီတည်း ဖြစ်နေပါက လူသားတို့သည် မိမိတို့၏ ပန်းတိုင်စခန်းသို့ ရောက်ရှိရာတွင် အခက်အခဲများနှင့် ရင်ဆိုင်၍ လမ်းမှားကြကုန်မည်ဖြစ်သည်။

وَبِالنَّجْمِ هُمْ يَهْتَدُونَ

ခရီးသွားများသည် မြေပထဝီရှိ အမှတ်အသားများဖြင့် သွားလာရာလမ်းများကို မှတ်သားကြသကဲ့သို့ ကြယ်တာရာများဖြင့်လည်း အရပ်မျက်နှာများကို မှတ်သားသိရှိနိုင်ကြသည်။ ဤအကြောင်းအရာကို တင်ပြခြင်းဖြင့် သိရှိနိုင်သော အချက်တစ်ချက်မှာ ကြယ်တာရာများကို ဖန်ဆင်းခြင်း၏ အဓိကရည်ရွယ်ချက်မှာ အခြားတစ်ခုဖြစ်သည်။ သို့သော် ထိုကြယ်တာရာများဖြင့် သွားလာရာလမ်းကြောင်းများကို မှတ်သားသိရှိရာတွင် အထောက်အကူဖြစ်စေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَفَمَن يَخْلُقُ كَمَن لَّا يَخْلُقُ ۗ أَفَلَا تَذَكَّرُونَ ﴿١٧﴾

၁၆ : ၁၇ ။ ။ သို့ပါလျက် ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် မည်သည့်တစ်စုံတစ်ရာကိုမျှ မဖန်ဆင်းနိုင်သော သူကဲ့သို့ ဖြစ်တော်မူပါမည်လော။ သို့ပါလျက် အသင်တို့သည် (ဤမျှပင်) နားမလည်ကြလေသလော။

وَإِن تَعُدُّوا نِعْمَةَ اللَّهِ لَا تُحْصُوهَا ۗ إِنَّ اللَّهَ لَغَفُورٌ رَّحِيمٌ ﴿١٨﴾

၁၆ : ၁၈ ။ ။ အမှန်စင်စစ် အကယ်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို ရေတွက်ကြသည်ရှိသော် အသင်တို့သည် ယင်းကျေးဇူးတော်များကို (အလုံး) ရေတွက်နိုင်ကြမည်မဟုတ်ပေ။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

وَاللَّهُ يَعْلَمُ مَا تُسِرُّونَ وَمَا تُعْلِنُونَ ﴿١٩﴾

၁၆ : ၁၉ ။ ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသသင်တို့ လျှို့ဝှက်ကြသော အကြောင်းကိစ္စများကိုလည်းကောင်း၊ အသင်တို့ ထင်ရှားစေကြကုန်သော အကြောင်းကိစ္စများကိုလည်းကောင်း (ကောင်းစွာ) သိရှိတော်မူပေသည်။

وَالَّذِينَ يَدْعُونَ مِن دُونِ اللَّهِ لَا يَخْلُقُونَ شَيْئًا وَهُمْ يُخْلَقُونَ ﴿٢٠﴾

၁၆ : ၂၀ ။ ။ စင်စစ်မှာမူ အလ္လာဟ်အသျှင်မြတ်အား စွန့်၍ ၎င်းတို့ ဟစ်ခေါ်ကြကုန်သော (၎င်းတို့၏) ကိုးကွယ်ရာများသည် တစ်စုံတစ်ရာကိုမျှ ဖန်ဆင်းနိုင်ကြသည် မဟုတ်။ ၎င်းတို့ (ကိုယ်တိုင်) သည်ပင်လျှင် ဖန်ဆင်းခြင်းကို ခံခဲ့ကြရပေသည်။

أَمْوَاتٌ غَيْرُ أَحْيَاءٍ ۖ وَمَا يَشْعُرُونَ أَيَّانَ يُبْعَثُونَ ﴿٢١﴾

၁၆ : ၂၁ ။ ။ (၎င်းတို့သည်) သူသေများ (သက်မဲ့များ) ပင် ဖြစ်ကြကုန်၏။ အသက်ရှင်သူများ မဟုတ်ကြပေ။ ထို့ပြင် ၎င်းတို့မှာ မိမိတို့သည် မည်သည့်အချိန်အခါ၌ ရှင်ပြန်ထစေခြင်း ခံကြရမည်ကိုပင် မသိကြချေ။

إِلَٰهُكُمْ إِلَٰهٌ وَاحِدٌ ۚ فَالَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ قُلُوبُهُم مُّنكِرَةٌ وَهُم مُّسْتَكْبِرُونَ ﴿٢٢﴾

၁၆ : ၂၂ ။ ။ အသင်တို့၏ ခ၀ပ်ကိုးကွယ်ရာ အသျှင်မြတ်သည် တစ်ဆူတည်းသော ခ၀ပ်ကိုးကွယ်ရာ အသျှင်မြတ် ပင် ဖြစ်တော်မူ၏။ သို့ရာတွင် တမလွန်ဘ၀ကို မယုံကြည်ကြသော သူတို့၏ စိတ်နှလုံးများသည် (ထိုအသျှင်မြတ် တစ်ဆူတည်း ဖြစ်တော်မူကြောင်းကို) ငြင်းပယ်လျက်ပင် ရှိကြ၏။ စင်စစ်မှာမူ ၎င်းတို့သည် မာန်မာန ထောင်လွှားသူများသာ ဖြစ်ကြကုန်၏။

لَا جَرَمَ أَنَّ اللَّهَ يَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ ۚ إِنَّهُ لَا يُحِبُّ الْمُسْتَكْبِرِينَ ﴿٢٣﴾

၁၆ : ၂၃ ။ ။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ၎င်းသူတို့ လျှို့ဝှက်ကြသော အမှုကိစ္စများနှင့် ထင်ရှားစေကြကုန်သော အမှုကိစ္စတို့ကို (အကြွင်းမဲ့) သိတော်မူပေသည်။ ကေန်အမှန် ထိုအသျှင်မြတ်သည် မာန်မာန ထောင်လွှားသူတို့အား အလျှဉ်းနှစ်သက်တော်မူသည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

သို့ပါ၍ (အလ္လာဟ်အသျှင်မြတ်သည် အထက်တင်ပြပါအရာများအားလုံး၏ ဖန်ဆင်းရှင်ဖြစ်ကြောင်း နှင့် အသျှင်မြတ်တစ်ပါးတည်း ထိုအရာများကို ဖန်ဆင်းထားကြောင်း အတည်ပြုပြီးပါလျှင်) ဖန်ဆင်းသော သူ (အလ္လာဟ်အသျှင်မြတ်သည်) မဖန်ဆင်းနိုင်သောသူများနှင့် တူညီနိုင်ပါသလော။ (အသင်တို့သည် ထိုနှစ်ဦး စလုံးကို ကိုးကွယ်ရာအသျှင်ဟု မှတ်ယူနေကြသည်။ ယင်းကိစ္စသည် အသျှင်မြတ်၏ ဂုဏ်သိက္ခာတော်ကို ထိပါးစော်ကားခြင်းဖြစ်သည်။ အကြောင်းမှာ အသင်တို့သည် ထိုအသျှင်မြတ်ကို ရုပ်တုများနှင့် နှိုင်းယှဉ် လေသည်။) တစ်ဖန် အသင်တို့သည် (ဤသည့်မျှကိုပင်) သဘောမပေါက်လေသလော။ ၎င်းနောက် (အလ္လာဟ် အသျှင်မြတ်သည် အထက်ပါအာယသ်တော်များတွင် မိမိ၏ 'နေ့အ်မသ်'တော်များကို တင်ပြ၍ အသျှင်မြတ် တစ်ပါးတည်း တည်ရှိကြောင်း အထောက်အထားများ တင်ပြခဲ့လေသည်။ ထို 'နေ့အ်မသ်'တော်များသည် များပြားစွာ တည်ရှိခြင်းကြောင့် အဘယ်သို့ ချုံ့၍ ရနိုင်မည်နည်း။) အကယ်၍ အသင်တို့သည် အလ္လာဟ် အသျှင်မြတ်၏ (ထို) 'နေ့အ်မသ်'တော်များကို ရေတွက်လိုပါက (မည်သည့်အခါမျှ) ရေတွက်နိုင်မည် မဟုတ်။ သို့သော် မှန်ရိရစ်ကိများသည် ကျေးဇူးတရား မသိတတ်၊ တန်ဖိုးမထားပေ။ ဤအပြစ်သည် အဘယ်မျှ ကြီးမားသည်ဟု ဆိုရသော် အသနားခံ၍ ခွင့်လွှတ်ခိုင်းလျှင်လည်း ခွင့်လွှတ်နိုင်မည်မဟုတ်။ ၎င်းနောက် အကြိမ်ကြိမ် တောင်းခံလျှင်လည်း နောက်နောင် ဤသို့ 'နေ့အ်မသ်'တော်များ မရရှိနိုင်။ (သို့သော်) ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊

အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (အကြောင်းမှာ တစ်ဦးတစ်ယောက်သည် ရှုရစ်က်ပြုခြင်းမှ ဝန်ချတောင်းပန်လိုက်လျှင် လွတ်ငြိမ်းချမ်းသာခွင့် ရရှိသွားပေမည်။ ဝန်ချတောင်းပန်မှု မပြုလျှင်လည်း ကွယ်လွန်သေဆုံးသည်အထိ ထိုအသျှင်မြတ်မှ 'နေ့အိမသ်'စည်းစိမ်များကို မဖြတ်တောက်ပစ်ပေ။) ၎င်းနောက် ('နေ့အိမသ်'တော်များ ဆင့်ကဲဆင့်ကဲ ရရှိနေခြင်းကြောင့် တမလွန်တွင် ပြစ်ဒဏ်ခံရတော့မည်မဟုတ်ဟု မယူဆလိုက်ကြလေနှင့်။ သို့သာမက နောင်တမလွန်တွင် အပြစ်ဒဏ်ခံရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ဖုံးကွယ်နေသော ထင်ရှားသည့် အခြေအနေအရပ်ရပ်ကို သိရှိတော်မူသည်။ (သို့ပါ၍ အသင်တို့နှင့် လျော်ကန်သော ပြစ်ဒဏ်ကို ချမှတ်လိမ့်မည်။ ဤသည်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းရှင်ဖြစ်ကြောင်းနှင့် 'နေ့အိမသ်'တော်များ ချီးမြှင့်သူဖြစ်ကြောင်း စသည့် အကြောင်းအရာများ ဖြစ်သည်။)

၎င်းနောက် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်ကို စွန့်လွှတ်၍ အကြင်အရာများကို ခဝပ်ကိုးကွယ်နေကြသည်။ ထိုအရာများသည် မည်သည့်အရာဝတ္ထုကိုမျှ ဖန်ဆင်းနိုင်စွမ်း မရှိ။ ၎င်းနောက် ယင်းတို့ကိုယ်တိုင် အဖန်ဆင်းခံများ ဖြစ်ကြသည်။ (၎င်းနောက် အထက်တွင် အတည်ပြုပြောဆိုခဲ့သည်မှာ ဖန်ဆင်းရှင်နှင့် ဖန်ဆင်းရှင်မဟုတ်သူတို့သည် မတူညီနိုင်ပေ။ သို့ပါ၍ ဤကိုးကွယ်ရာများသည် မည်သို့ ခဝပ်ကိုးကွယ်ခြင်းခံထိုက်ပါသနည်း။ ၎င်းနောက်) ထို (ကိုးကွယ်ရာများသည်) အသေကောင်များဖြစ်သည်။ (အသက်မရှိသော အရာများဖြစ်သည်။ အမြဲတစေ အသက်ကင်းမဲ့သူများ ဖြစ်လိမ့်မည်။ ဥပမာ– သေဆုံးသွားသောသူများ၊ သို့မဟုတ် တစ်ချိန်ချိန်တွင် သေဆုံးမည့်သူများ ဖြစ်လိမ့်မည်။ ဥပမာ– ဂျင်န်နှင့် အီစာ ﷺ စသည်တို့) သက်ရှိထင်ရှား (ရှိနေကြမည့်သူများ) မဟုတ်။ (သို့ပါ၍ ထိုသူတို့သည် ဖန်ဆင်းရှင်ဖြစ်သည်ဟု မဆိုထားနှင့်) ၎င်းနောက် ထို (ကိုးကွယ်ရာများ) သည် ('ကေယာမသ်'နေ့တွင်) သေဆုံးသွားသူ မည်သည့်အခါ ပြန်လည်ရှင်ထစေခြင်း ခံရမည်ကိုပင် သိရှိကြသည်မဟုတ်။ (ဆိုလိုသည်မှာ အချို့သည် လုံးဝအသိတရားမရှိ။ ၎င်းနောက် အချို့သည် 'ကေယာမသ်'ဖြစ်ပေါ်မည့်အချိန်ကို မသိကြပေ။ ကိုးကွယ်ရာအသျှင်၏ အသိတရားမှာ အရာခပ်သိမ်းကို ခြုံငုံသိရှိနေရမည်။ အထူးသဖြင့် 'ကေယာမသ်'နေ့နှင့် ပတ်သက်ပြီး သိရှိရမည်။ အကြောင်းမှာ ထိုနေ့တွင် ခဝပ်မှုပြုခြင်း၊ မပြုခြင်းနှင့် ပတ်သက်ပြီး အစားပေးရမည်။ ထို့ကြောင့် ဖန်ဆင်းရှင်အတွက် 'ကေယာမသ်'နေ့နှင့် ပတ်သက်ပြီး သိရှိရန်မှာ အလွန်ပင် အရေးပါသည်။ ဤစကားရပ်အရ သဘောပေါက်နိုင်မည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူရည်တူ အသိတရား မည်သူ့တွင်မှ မရှိနိုင်။ အသင်တို့၏ စစ်မှန်သော ကိုးကွယ်ရာ အသျှင်မှာ အလွန်ပင် အရေးပါသည်။ ဤစကားရပ်အရ သဘောပေါက်နိုင်မည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူရည်တူ အသိတရား မည်သူ့တွင်မှ မရရှိနိုင်ပေ။) အသင်တို့၏ စစ်မှန်သော ကိုးကွယ်ရာအသျှင်မှာ တစ်ပါးတည်းသော ကိုးကွယ်ရာအသျှင်ဖြစ်သည်။ (ထင်ရှားသော အမှန်တရား ပေါ်ထွန်းလာပြီးသည့် နောက်တွင်လည်း) နောင်တမလွန်နှင့် ပတ်သက်ပြီး အီမာန်သက်ဝင်ယုံကြည်မှုမရှိသောသူများသည် ('သောင်ဟီးဒ်'တရားကို လက်ခံရန် ကြောက်ရွံ့ပူပန်ခြင်းမရှိခြင်းကြောင့် ယင်းတို့နှင့် ပတ်သက်ပြီး သိရှိနိုင်သည်မှာ) ၎င်းတို့၏ နှလုံးသားများသည်

(ပင် လက်ခံနိုင်သော စကားရပ်ကို လက်ခံနိုင်စွမ်းမရှိတော့၍ ငြင်းဆိုနေကြခြင်းဖြစ်သည်။ ၎င်းနောက် (သိရှိရသည်မှာ) ထိုသူတို့သည် အမှန်တရားကို လက်ခံရန် မောက်မာနေကြသည်။ (၎င်းနောက် အလ္လာဟ် အသျှင်မြတ်သည် ၎င်းတို့အားလုံး၏ အတွင်း၊ အပြင် အခြေအနေအားလုံးအား သိရှိတော်မူသော အသျှင် ဖြစ်တော်မူသည်။ (၎င်းနောက် ဤသည်လည်း) စစ်မှန်သော စကားရပ်ဖြစ်သည်။ (အကြောင်းမှာ အလ္လာဟ် အသျှင်မြတ်သည် မာန်မာန ထောင်လွှားသူများကို နှစ်သက်တော်မမူပေ။ (သို့ပါ၍ ၎င်းတို့၏ မာန်မာနကို သိရှိတော်မူသည့်အတွက် ၎င်းတို့ကိုလည်း မနှစ်သက်တော်မူသည့်အပြင် ပြစ်ဒဏ်ပေးတော်မူမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်တင်ပြပါအာယသ်တော်များတွင် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များနှင့် စကြဝဠာကြီးအား ဖန်ဆင်းထားခြင်းအကြောင်းများကို အကျယ်တဝင့် တင်ပြပြီးသည့်နောက် နှိုးဆော်သတိပေးထားသည်မှာ ဤ 'နေအ်မသ်'တော်များကို အကျယ်တဝင့် တင်ပြရသည့် အကြောင်းအရင်းမှာ ဤအရာများကို ထောက်ရှု၍ အသျှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်းကို သိရှိနိုင်ရန် ဖြစ်သည်။ ထိုအသျှင်မြတ်မှအပ အခြားကိုးကွယ်ရာဟူ၍ မရှိ။ အခြားအကြောင်းအရင်းတစ်ခုလည်း ရှိပေသည်။ ၎င်းမှာ ထိုအလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းသာလျှင် မိုးမြေတို့ကို ဖန်ဆင်းထားသည်။ တော၊ တောင်၊ ပင်လယ်သမုဒ္ဒရာ၊ သစ်ပင်ပန်းမန်များ၊ သက်ရှိသက်မဲ့များအားလုံးကို ဖန်ဆင်းထားသည်ကို ရှင်းလင်းပြတ်သားစွာ သိရှိသွားပြီးနောက် ထိုသန့်ရှင်းစင်ကြယ်တော်မူသော ဖန်ဆင်းရှင်သည် မည်သည့် အရာကိုမျှ မဖန်ဆင်းနိုင်သော ရုပ်တုများနှင့် တူညီနိုင်ပါမည်လော။ အသင်တို့သည် ဤမျှ ရှင်းလင်းသော အကြောင်းအရာကိုပင် သဘောမပေါက်လေသလောဟူ၍ သတိပေးနှိုးဆော်ထားခြင်း ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذَا قِيلَ لَهُم مَّاذَا أَنزَلَ رَبُّكُمْ ۙ قَالُوا أَسَاطِيرُ الْأَوَّلِينَ ﴿٢٤﴾

၁၆ : ၂၄ ။ ။ ထို့ပြင် ၎င်းတို့ကို 'အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မည်သည့်အရာကို ချပေးသနားတော်မူပါသနည်း'ဟု မေးမြန်းလေသောအခါ ၎င်းတို့က 'ရှေးသူဟောင်းတို့နှင့် စပ်လျဉ်း၍ ဖန်တီးထားသော ဒဏ္ဍာရီဝတ္ထုများပင်'ဟု ပြောဆိုဖြေကြားကြလေသည်။

لِيَحْمِلُوا أَوْزَارَهُمْ كَامِلَةً يَوْمَ الْقِيَامَةِ ۙ وَمِنْ أَوْزَارِ الَّذِينَ
يُضِلُّونَهُم بِغَيْرِ عِلْمٍ ۗ أَلَا سَاءَ مَا يَزِرُونَ ﴿٢٥﴾

၁၆ : ၂၅ ။ ။ နောက်ဆုံး၌မူ ၎င်းတို့သည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် မိမိတို့၏ ဝန်ထုတ်များကိုလည်း အပြည့်အဝ ထမ်းဆောင်ကြရမည့်အပြင် မိမိတို့ အသိပညာမဲ့စွာ လမ်းလွဲစေခဲ့ကြသော သူ (တစ်ပါး) တို့၏ ဝန်ထုတ်ဝန်ပိုး

များ (အချို့) ကိုလည်း ထမ်းဆောင်ကြရပေမည်။ သတိပြုကြလေကုန်။ ၄င်းတို့ သယ်ပိုးထမ်းရွက်ကြကုန်သော ဝန်ထုတ်ဝန်ပိုးသည် အဘယ်မျှ ဆိုးရွားလှပေသနည်း။

قَدْ مَكَرَ الَّذِيْنَ مِنْ قَبْلِهِمْ فَاَتَى
اللّٰهُ بُنْيَانَهُمْ مِّنَ الْقَوَاعِدِ فَخَرَّ عَلَيْهِمُ السَّقْفُ مِنْ
فَوْقِهِمْ وَاَتٰىهُمُ الْعَذَابُ مِنْ حَيْثُ لَا يَشْعُرُوْنَ ۝٢٦

၁၆ : ၂၆ ။ ။ ကေန်အမှန် ၄င်းတို့အလျင် ရှိခဲ့ကြသော သူတို့သည်လည်း လှည့်ဝှက်ကြံစည်ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ (ကြံစည်မှု) အဆောက်အဦးကို အခြေအမြစ်မှ ပြိုပျက်စေတော်မူခဲ့ရာ၊ ၄င်းတို့အထက်မှ အိမ်ခေါင်မိုးသည် ၄င်းတို့အပေါ်၌ ပြိုကျလာခဲ့သည်။ စင်စစ် ၄င်းတို့ထံ ပြစ်ဒဏ်သည် ၄င်းတို့ မထင်မှတ်သော နေရာမှ ဆိုက်ရောက်၍ လာခဲ့လေသည်။

ثُمَّ يَوْمَ الْقِيٰمَةِ يُخْزِيْهِمْ وَيَقُوْلُ اَيْنَ شُرَكَاۤءِيَ الَّذِيْنَ
كُنْتُمْ تُشَاۤقُّوْنَ فِيْهِمْ ۗ قَالَ الَّذِيْنَ اُوْتُوا الْعِلْمَ اِنَّ الْخِزْيَ
الْيَوْمَ وَالسُّوْۤءَ عَلَى الْكٰفِرِيْنَ ۝٢٧

၁၆ : ၂၇ ။ ။ ထို့နောက်တစ်ဖန် ထိုအသျှင်မြတ်သည် ၄င်းတို့အား 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် အရှက်တကွဲဖြစ်စေတော်မူမည်။ ထိုအခါ အသျှင်မြတ်သည် (၄င်းတို့အား ဤသို့) မိန့်ကြားတော်မူမည်။ ငါအသျှင်မြတ်၏ အကြင်တွဲဖက်နှိုင်းဖက်များသည် အဘယ်မှာနည်း။ အသင်တို့သည် ၄င်းတို့နှင့် ပတ်သက်၍ (အမှန်တရားကို လက်ခံနာယူသူတို့နှင့်) စိတ်သဘောကွဲလွဲကာ ပဋိပက္ခဖြစ်လျက် ရှိခဲ့ကြကုန်၏။ (ထိုအခါ) အသိပညာကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံရသူတို့က 'ယနေ့ အရှက်ကွဲမှုသည်လည်းကောင်း၊ ပြစ်ဒဏ်သည်လည်းကောင်း ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အပေါ်၌သာ ရှိအံ့' ဟု ပြောဆိုကြပေမည်။

الَّذِيْنَ تَتَوَفّٰىهُمُ الْمَلٰۤىِٕكَةُ
ظَالِمِيْٓ اَنْفُسِهِمْ ۖ فَاَلْقَوُا السَّلَمَ مَا كُنَّا نَعْمَلُ مِنْ سُوْۤءٍ ۗ بَلٰٓى اِنَّ
اللّٰهَ عَلِيْمٌ ۢبِمَا كُنْتُمْ تَعْمَلُوْنَ ۝٢٨

၁၆ : ၂၈ ။ ။ အကြင်ကာဖိရ်တို့သည် မိမိတို့ကိုယ်ကို နှိပ်စက်လျက် ရှိနေခဲ့ကြစဉ် 'မလာအေ့ကာဟ်' ကောင်းကင်တမန်များသည် ၄င်းတို့၏ အသက်များကို နုတ်ယူခဲ့ကြသည်။ ထိုအခါ ၄င်းတို့က 'ကျွန်တော်မျိုးတို့သည် မည်သည့်မကောင်းမှု

ကိုမျှ ပြုလုပ်ခဲ့ကြသည်မဟုတ်ပါ'ဟူ၍ ကျိုးနွံကာ (ပြောဆို၍) လာကြပေမည်။ (ကောင်းကင်တမန်များက) 'ထိုသို့ အလျှင်း မဟုတ်။' (အသင်တို့သည် မကောင်းမှုများကို အမှန်ပင် ပြုလုပ်လျက် ရှိခဲ့ကြကုန်၏။) ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ပြုလုပ်လျက်ရှိခဲ့ကြသည်တို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

فَادْخُلُوٓا أَبْوَابَ جَهَنَّمَ خَٰلِدِينَ فِيهَا فَلَبِئْسَ مَثْوَى ٱلْمُتَكَبِّرِينَ ﴿٢٩﴾

၁၆ : ၂၉ ။ ။ သို့ဖြစ်ပေရာ (ယခုမှ) အသင်တို့သည် 'ဂျဟန္နမ်'ငရဲဘုံ၏ တံခါးပေါက်များသို့ ထို 'ဂျဟန္နမ်'ငရဲဘုံ၌ အမြဲထာဝစဉ် နေထိုင်သူများအဖြစ် ဝင်ကြလေကုန်။ စင်စစ်မှာမူ မောက်မာပလွှားသူတို့၏ ပြန်လည်ရာဌာနသည် အဘယ်မျှ ဆိုးရွားလှပေသနည်း။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုသူတို့ကို မေးမြန်းလေသောအခါ (ဆိုလိုသည်မှာ မသိနားမလည်သူ တစ်ဦးဦးက သိရှိနားလည်နိုင်ရန်၊ သို့မဟုတ် သိရှိနားလည်သူတစ်ဦးဦးက စစ်ဆေးရန် ၎င်းတို့ကို မေးမြန်းလေသောအခါ) အသင်တို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်သခင်သည် မည်သည့်အရာများကို ချပေးထားတော်မူသနည်း။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်က တမန်တော်မြတ် ﷺ အား ချပေးထားတော်မူသော ကုရ်အာန်ကျမ်းတော်မြတ်နှင့် ပတ်သက်ပြီး ယင်းကျမ်းသည် မှန်ကန်မှုရှိပါ၏လောဟု မေးမြန်းခြင်းဖြစ်သည်။) ထိုအခါ ၎င်းတို့က ဖြေကြားသည်မှာ (လူကြီးမင်း ထိုကျမ်းသည် မွေးမြူဖန်ဆင်းတော်မူသော အသျှင်သခင်က ချပေးထားတော်မူသည်ဟု အဘယ်မှာ ဆိုနိုင်အံ့နည်း။) ထိုကျမ်းသည် အထောက်အထားမဲ့သော စကားရပ်များသာလျှင် ဖြစ်သည်။ ရှေးယခင် ပုဂ္ဂိုလ်တို့မှ ဆင့်ကဲဆင့်ကဲ (ဆင့်ပြန့်) ခဲ့သော စကားရပ်များ ဖြစ်သည်။ (ဆိုလိုသည်မှာ ရှေးယခင်ကတည်းက သာသနာရေးရာကို ဆောင်ရွက်သူများသည် 'သောင်ဟီးဒ်'တရားနှင့် 'နဗူဝသ်'အကြောင်းများ၊ တမလွန်အကြောင်းများကို ပြောဆိုလေ့ရှိခဲ့ကြသည်။ ထိုစကားရပ်များထဲမှ ဖြစ်စဉ်များကိုသာလျှင် ဆင့်ပြန့်နေခြင်းဖြစ်သည်။ ယင်းကျမ်းသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချပေးထားသော ကျမ်းမဟုတ်။) ထိုသို့ (ပြောဆိုခြင်း၏) ရလဒ်မှာ ထိုသူတို့သည် 'ကေယာမသ်'နေ့တွင် မိမိတို့၏ အကုသိုလ်များ၏ ဝန်ထုပ်ဝန်ပိုးအပြည့်ကိုသော်လည်းကောင်း၊ ထို့နောက် မသိနားမလည်သူများကို လမ်းမှားစေခြင်း၏ အကုသိုလ် ဝန်ထုပ်အချို့ကိုသော်လည်းကောင်း ထမ်းရွက်ကြရမည်ဖြစ်သည်။ (လမ်းမှားစေခြင်းဟူသော အဓိပ္ပာယ်မှာ ကျမ်းမြတ်ကုရ်အာန်ကို

أَسَاطِيرُ ٱلْأَوَّلِينَ

ဟု ပြောဆိုခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤသို့ ပြောဆိုခြင်းဖြင့် အခြားသူများ၏ ယုံကြည်ချက်အား ပျက်ပြားစေသည်။ ထို့နောက် အကြင်သူတစ်ဦးသည် အခြားတစ်ဦးတစ်ယောက်ကို လမ်းမှားရောက်အောင် ပြုလုပ်ခဲ့ပါက ထိုလမ်းမှားသွားသူသည် မိမိအပြစ်ကိုပင် ခံရမည်ဖြစ်သည့်အပြင် လမ်းမှားရောက်အောင် ပြုလုပ်သော သူသည်လည်း အကြောင်းခံတစ်ခု ဖြစ်သွားသည့်အတွက် ထိုအကြောင်းခံ

ကိုသာလျှင် ဝန်ထုပ်ဝန်ပိုးအချို့ဟု သုံးနှုန်းထားခြင်းဖြစ်သည်။ မိမိ၏ အကုသိုလ်များနှင့် ပတ်သက်၍ အပြည့်အဝ အပြစ်ခံစားရမည်ဆိုသော အချက်မှာ ထင်ရှားသော အချက်ဖြစ်သည်။) ကောင်းစွာ မှတ်သား ကြလော့။ ထိုသူတို့ ထမ်းရွက်နေသော ဝန်ထုပ်ဝန်ပိုးသည် ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်လေသည်။ (၎င်းနောက် ထိုသူတို့ ကြံစည်နေကြသော လမ်းမှားရောက်စေခြင်းလုပ်ရပ်များသည် ဆိုလိုသည်မှာ အခြား သူများကို အထက်တင်ပြပါစကားရပ်များအား သုံး၍ ခြောက်တွန်းလှေ့ရှိသည်။ ယင်းအကြံအစည်များသည် အမှန်တရားရှေ့တွင် ရင်ဆိုင်ယှဉ်ပြိုင်နိုင်မည်မဟုတ်။ သို့သာမက ယင်းကြံစည်မှုများ၏ ဆိုးကျိုးများသည် ထိုသူတို့အပေါ်သို့သာ လှည့်ပြန်ကာ ကျရောက်လာလိမ့်မည်။) ထိုသူတို့အလျှင် လွန်လေခဲ့ပြီးသော သူတို့ သည်လည်း (မိမိတို့၏ ရစူလ်တမန်တော်များကို ရင်ဆိုင်ဆန့်ကျင်လျက်) ကြီးမားသော ကြံစည်မှုများ ပြုခဲ့ကြသည်။ သို့ပါ၍ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ (အကြံအစည်များ) အတွက် ၎င်းတို့ ပြုလုပ် တည်ဆောက်ထားသော အိမ်များကို အုတ်မြစ်မှစ၍ လှန်မှောက်ဖြိုချပစ်လိုက်ပေသည်။

တစ်ဖန် (ထိုသူတို့သည် ဤကဲ့သို့ ဆုံးရှုံးမှုနှင့် ရင်ဆိုင်ရသည်။ ပမာဆိုရသော်) အထက်တွင်နေ၍ ၎င်းတို့အပေါ်သို့ (ထိုအိမ်၏) အမိုးကျရောက်လာခဲ့သည်။ (အလိုသဘောမှာ မိုးပေါ်မှ အမိုးတစ်ချပ် ကျရောက် လာပါက အရာအားလုံး ပိပြားပျက်စီးသွားသကဲ့သို့ ထိုသူတို့သည်လည်း လုံးလုံးလျားလျား ပျက်စီးသွား ခဲ့ကြသည်။) ၎င်းနောက် (ထိုဆုံးရှုံးမှုအပြင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့အပေါ် ဤကဲ့သို့သော 'အဇာဗ်' အပြစ်ဒဏ်များမှ ချမှတ်ခဲ့သည်။ ယင်းနှင့် ပတ်သက်၍ ၎င်းတို့၏ အတွေးမှာပင် မရှိခဲ့ကြချေ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် မိမိတို့၏ ကြံစည်မှုများ အောင်မြင်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော် ယင်းတို့၏ မျှော်လင့်ချက်နှင့် ဆန့်ကျင်လျက် ဆုံးရှုံးမှုနှင့်တကွ 'အဇာဗ်' အပြစ်ဒဏ်ကိုပါ ရင်ဆိုင်ခံစားခဲ့ကြရသည်။ ယင်းဖြစ်ရပ်သည် ၎င်းတို့၏ အတွေး၌တွင်ပင် မရှိခဲ့ကြချေ။ လွန်လေခဲ့ပြီးသော ကာဖိရ်များအပေါ် 'အဇာဗ်'ပြစ်ဒဏ်များ ကျရောက်ခဲ့သည်မှာ သိသာထင်ရှားသော ကိစ္စဖြစ်သည်။ ယင်းသည် လောကတွင် ခံစားခဲ့ရသော အခြေအနေတစ်ရပ်သာလျှင် ဖြစ်သည်။) တစ်ဖန် 'ကေယာမသ်' (၎င်းတို့ ရင်ဆိုင်ရမည့်အခြေအနေမှာ) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား သေးသိမ်စေတော်မူမည်။ ၎င်းနောက် (ထိုသေးသိမ်မှုများထဲမှ တစ်ခုမှာ အသျှင်မြတ်က ၎င်းတို့ကို) မိန့်တော်မူမည်။(အသင်တို့အနေ နှင့်) ငါအသျှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်ရာ (အရာဝတ္ထုများ ထားရှိခဲ့ကြသည်။) ယင်းအရာဝတ္ထုများနှင့် ပတ်သက်ပြီး အသင်တို့သည် (နဗီတမန်တော်များနှင့် အီမာန်ရှင်များကို) ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည်။ (ထိုအရာများသည် ယခု) မည်သို့ ရောက်ရှိသွားသနည်း။

(ထိုအခြေအနေကို တွေ့ရှိကာ အမှန်တရားကို) သိရှိနားလည်သူများက ပြောဆိုကြလိမ့်မည်။ ယနေ့ သေးသိမ်မှုဟူသမျှနှင့် ပြစ်ဒဏ်ဟူသမျှတို့သည် ထိုကာဖိရ်များအပေါ်သို့ ကျရောက်လိမ့်မည်။ ၎င်းတို့၏ အသက်ဇီဝိန်ကို ကုဖ္ဖရ်၏ အခြေအနေမှာပင် ဖရစ်ရှ်သာဟ်များက နှုတ်ယူခဲ့ကြသည်။ (ဆိုလိုသည်မှာ ထိုသူတို့သည် နောက်ဆုံးအချိန်အထိ ကာဖိရ်ဘာဝနှင့် ရှိနေခဲ့ကြသည်။ အမှန်တရားကို နားလည်သဘောပေါက် သူများ၏ စကားကို ကြားဖြတ်တင်ပြရသည့် အကြောင်းအရင်းမှာ 'ကေယာမသ်'နေ့တွင် ကာဖိရ်များ သည် ပေါ်ပေါ်လွင်လွင် အရှက်တကွဲ အကျိုးနည်းဖြစ်မည့်အကြောင်းကို သိရှိစေလိုခြင်းကြောင့် တင်ပြရ

ခြင်းကောင်းဖြစ်လိမ့်မည်။) တစ်ဖန် ထိုကာဖိရ်တို့သည် (မိမိတို့၏ တုဖက်နိုင်းယှဉ်ခြင်းကို ဖြေရှင်းသည့်အနေနှင့်) ညှိနှိုင်းကာ ပြောဆိုကြမည်မှာ 'ကြီးမားသော မကောင်းမှုတစ်ရပ်နှင့် အလ္လာဟ်မြတ်ကို ဆန့်ကျင်မှုတစ်ရပ်သာလျှင် ဖြစ်သည်။ ကျွန်ုပ်တို့အနေနှင့် ဤအမှုကို ကျူးလွန်ရန် အဘယ်မှာ သတ္တိရှိမည်နည်း။) ကျွန်ုပ်တို့သည် မည်သည့်မကောင်းမှုကိုမျှ (အလ္လာဟ်မြတ်နှင့်ပတ်သက်၍ မည်သည့်သေးငယ်သော ဆန့်ကျင်မှုကိုမျှ) မပြုခဲ့ကြပေ။' (ညှိနှိုင်းဖြေရှင်းချက်ဟူသော စကားကို သုံးနှုန်းထားသည့် အဓိပ္ပာယ်မှာ ဒုနိယာလောကတွင် ၎င်းတို့သည် တုဖက်နိုင်းယှဉ်ခြင်းအမှုကို ကျူးလွန်ခဲ့ကြသည်။ ယင်းသည် ပေါ်လွင်ထင်ရှားစွာ ဆန့်ကျင်ခြင်းဖြစ်သည်။ ယင်းတုဖက်နိုင်းယှဉ်မှုကို တက်တက်ကြွကြွ ဝန်ခံခဲ့ကြသည်။ ၎င်းတို့၏ ယင်းလုပ်ရပ်ကို အလ္လာဟ်မြတ်က ဤသို့ မိန့်ဆိုထားသည်။

لَوْ شَآءَ اللّٰهُ مَآ اَشْرَكْنَا

'အလ္လာဟ်မြတ် အလိုတော်မရှိလျှင် ကျွန်ုပ်တို့လည်း ရှရစ်က်မပြုနိုင်။' ၎င်းနောက် တုဖက်ခြင်းကို ဝန်ခံခြင်းသည် ဆန့်ကျင်ခြင်းကို ဝန်ခံခြင်းဖြစ်သည်။ အထူးသဖြင့် နဗီတမန်တော်များကို ၎င်းတို့ကိုယ်တိုင် ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ခဲ့ကြသည်။ 'ကေယာမသ်'နေ့တွင် ထိုတုဖက်ခြင်းကို ငြင်းဆန်ကာ ဆန့်ကျင်ခြင်းကိုလည်း ငြင်းဆန်ကြလိမ့်မည်။ ထို့ကြောင့် ၎င်းတို့၏ ထိုလုပ်ရပ်ကိုပင် အလ္လာဟ်မြတ်က اَلسَّلَمَ ညှိနှိုင်းဖြေရှင်းချက်ဟူ၍ သုံးနှုန်းတင်ပြထားပေသည်။ အခြားအာယသ်တော်တစ်ခုတွင်လည်း ၎င်းတို့၏ ငြင်းဆန်မှုနှင့် ပတ်သက်၍ တင်ပြထားသည်မှာ-

وَاللّٰهِ رَبِّنَا مَاكُنَّا مُشْرِكِيْنَ

'မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်၏ ကစမ်၊ ကျွန်ုပ်တို့သည် တုဖက်နိုင်းယှဉ်ခြင်း ပြုခဲ့ကြသူများ မဟုတ်။'

အလ္လာဟ်မြတ်သည် ၎င်းတို့၏ ထိုအဆိုကို ဤသို့ ငြင်းဆိုလိမ့်မည်။) အဘယ်ကြောင့်မဟုတ်ရမည်နည်း။ (မုချဧကန် အသင်တို့သည် ကြီးမားသော ဆန့်ကျင်မှုကို ပြုခဲ့ကြသည်။) မုချဧကန် အလ္လာဟ်အလ္လာဟ်မြတ်သည် အသင်တို့၏ ကျင့်ကြံမှုအလုံးစုံတို့ကို အပြည့်အဝ သိရှိတော်မူသည်။ သို့ပါ၍ 'ဂျဟန္နမ်'၏ တံခါးပေါက်များမှ (တစ်ဆင့် 'ဂျဟန္နမ်'အတွင်းသို့) ဝင်ရောက်ကြကုန်။ (၎င်းနောက်) ထိုထဲတွင် အမြဲတစေ နေကြကုန်။ အချုပ်ဆိုရသော် (အမှန်တရားကို) မာန်မာနထားသော (၎င်းနောက် ရင်ဆိုင်ဆန့်ကျင်သော) သူများအတွက် ထို (ဂျဟန္နမ်) သည် ဆိုးရွားသော ပန်းတိုင်စခန်းတစ်ခု ဖြစ်သည်။ (ဤသည်တို့မှာ တမလွန်၏ 'အအာဗ်'ပြစ်ဒဏ်များအကြောင်း ဖြစ်သည်။ အာယသ်တော်များ၏ အနှစ်ချုပ်အလိုသဘောမှာ အသင်တို့သည် မိမိတို့၏အလျှင် ရှေးယခင်ကာဖိရ်များ၏ ပျက်စီးခဲ့ကြပုံများ၊ ပြစ်ဒဏ်ခံကြရပုံများ၊ လောကီလောကုတ္တရာ၏ အပြစ်ခံရပုံများအကြောင်းကို ကြားသိခဲ့ကြပေသည်။ ထိုနည်းတူစွာ အမှန်တရားကို ဆန့်ကျင်၍ အသင်တို့ ပြုလုပ်နေကြသော အကြံအစည်များ၊ လှည့်စားမှုများ၊ အခြားသူများကို လမ်းမှားရောက်စေခြင်းများ၊ ယင်းလုပ်ရပ်များ၏ ရလဒ်သည်လည်း ရှေးယခင် ကာဖိရ်များကဲ့သို့ပင် ဖြစ်လိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

လွန်လေပြီးသော အာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များအကြောင်း စကြဝဠာကြီးတစ်ခုလုံး ထိုအသျှင်မြတ်တစ်ပါးတည်းကသာ ဖန်ဆင်းခဲ့ကြောင်းများကို တင်ပြကာ မုရှ်ရစ်က်များ၏ လမ်းမှားမှုများကို တင်ပြထားလေသည်။ ယခု အထက်ပါ အာယသ်တော်များတွင် အခြားသူများကို လမ်းမှားစေခြင်းအကြောင်းနှင့် ယင်း၏ 'အဇာဗ်'ပြစ်ဒဏ်အကြောင်းကို တင်ပြထားပေသည်။ ထို့အပြင် ကျမ်းမြတ်ကုရ်အာန်နှင့် ပတ်သက်သော မေးခွန်းတစ်ခု မေးမြန်းထားလေသည်။ မေးမြန်းခံရသူများမှာ မုရှ်ရစ်က်များ ဖြစ်သည်။ ထို့နောက် မုရှ်ရစ်က်များ၏ အသိတရားခေါင်းပါးသော အဖြေကို တင်ပြထားကာ ယင်းနှင့် ပတ်သက်ပြီး ပြစ်ဒဏ်သင့်မည့်အကြောင်း တင်ပြထားလေသည်။ အာယသ်တော်ငါးပိုဒ်အပြီးတွင် ဤမေးခွန်းကိုပင် အီမာန်ရှင်၊ သက္ကဝါရှင်များကို မေးမြန်းထားခြင်းအကြောင်း တင်ပြပေလိမ့်မည်။ ထို့နောက် အီမာန်ရှင်များ၏ အဖြေနှင့် ယင်းအဖြေအပေါ် ဆုလာဘ်များ ချီးမြှင့်မည့်အကြောင်း တင်ပြမည်ဖြစ်သည်။

ကျမ်းတော်မြတ်ကုရ်အာန်တွင် ဤကဲ့သို့ မေးမြန်းသူသည် မည်သူဖြစ်ကြောင်း ရှင်းလင်းမထားပေ။ ထို့ကြောင့် သဖ်စီးရ်ပညာရှင်များထံတွင် အဆိုများ ကွဲလွဲသွားလေသည်။ အချို့သည် မေးမြန်းသူများမှာ ကာဖိရ်များဖြစ်သည်ဟု ဆိုထားသည်။ အချို့သည် မွတ်စ္စလင်မ်များဟု ဆိုထားသည်။ အချို့သည် မေးခွန်းတစ်ခုကိုမူ မုရှ်ရစ်က်များက မေးမြန်း၍ အခြားတစ်ခုကိုမူ မွတ်စ္စလင်မ်များက မေးမြန်းမည်ဟု ဆိုထားသည်။ သို့သော် ကျမ်းတော်မြတ်ကုရ်အာန်သည် ဤအချက်ကို ရှင်းလင်းမှုမပြုဘဲ ရည်ညွှန်းထားသည်မှာ မေးမြန်းသူသည် မည်သူဖြစ်သည်ကို ငြင်းခုံကြရန်မှာ အဓိကအချက်မဟုတ်။ မေးခွန်း၏ အဖြေနှင့် ထိုအဖြေပေး သက်ရောက်လာမည့် ရလဒ်သည်သာ အဓိကဖြစ်ကြောင်း၊ ၎င်းရလဒ်ကိုလည်း ကျမ်းတော်မြတ်ကုရ်အာန်တွင် တိတိကျကျ တင်ပြထားကြောင်း ရည်ညွှန်းမိန့်ဆိုထားပေသည်။

မုရှ်ရစ်က်များဘက်မှ ဖြေကြားထားသော အဖြေမှာ ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အလ္လာဟ်အသျှင်မြတ်ဘက်မှ ချပေးထားသော ကျမ်းဟူ၍ပင် လက်မခံနိုင်ကြပေ။ သို့သာမက ကျမ်းတော်မြတ်ကို ရှေးယခင် ပုဂ္ဂိုလ်တို့၏ ပုံပြင်များဟူ၍ သတ်မှတ်ကြလေသည်။ ကျမ်းမြတ်ကုရ်အာန်သည် ၎င်းတို့၏ အဖြေအပေါ် အပြစ်ခံရမည်ဖြစ်ကြောင်း တင်ပြထားသည်မှာ ဤဆိုးသွမ်းသူများသည် ကျမ်းမြတ်ကုရ်အာန်ကို ပုံပြင်များဟု သတ်မှတ်ကာ အခြားသူများကိုလည်း လမ်းမှားစေခဲ့သည်။ ယင်းလုပ်ရပ်အတွက် ရလဒ်ကိုလည်း ဤသို့ ခံစားရလိမ့်မည်။ အကြောင်းမှာ 'ကေယာမသ်'နေ့တွင် ထိုသူတို့သည် မိမိတို့၏ အကုသိုလ်ဝန်ထုပ်ဝန်ပိုးများကို အပြည့်အဝ ထမ်းရွက်ရမည့်အပြင် ၎င်းတို့ကြောင့် လမ်းမှားခဲ့ကြသော သူများ၏ အကုသိုလ်ဝန်ထုပ်ဝန်ပိုးအချို့ကိုလည်း ထမ်းရွက်ကြရမည်ဖြစ်သည်။ တစ်ဖန် ဆက်လက်၍ မိန့်တော်မူသည်မှာ ထိုသူတို့ ထမ်းရွက်နေကြသော အကုသိုလ် ဝန်ထုပ်ဝန်ပိုးသည် အမှန်ပင် ဆိုးရွားသော ဝန်ထုပ်ဝန်ပိုးကြီးဖြစ်သည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

وَقِيلَ لِلَّذِينَ اتَّقَوْا مَاذَا أَنزَلَ رَبُّكُمْ ۚ قَالُوا خَيْرًا ۗ لِّلَّذِينَ أَحْسَنُوا فِي هَٰذِهِ الدُّنْيَا حَسَنَةٌ ۚ وَلَدَارُ الْآخِرَةِ خَيْرٌ ۚ وَلَنِعْمَ دَارُ الْمُتَّقِينَ ﴿٣٠﴾

၁၆ : ၃၀ ။ ။ သို့ရာတွင် (ကုဖွရ်၊ ရှရစ်က်တို့မှ) ရှောင်ကြဉ်ကြကုန်သော သူတော်ကောင်းတို့ကို 'အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အဘယ်အရာကို ချပေးသနားတော်မူပါသနည်း' ဟု ပြောဆိုမေးမြန်းခဲ့သော် ၎င်းတို့က 'အလွန် ကောင်းမွန်သော အရာကို' (ချပေးသနားတော်မူပါသည်) ဟု ပြောဆိုဖြေကြားကြပေသည်။ ကောင်းမှု ပြုလုပ်သူတို့အဖို့ ဤလောက၌လည်း ကောင်းကျိုးရှိပေသည်။ ထို့ပြင် တမလွန်ဘဝ၏ ဗိမာန်သည် အမှန်ပင် အကောင်းဆုံး ဖြစ်၏။ စင်စစ် သူတော်ကောင်းတို့၏ နေရာဌာနသည် အမှန်ပင် ကောင်းမြတ်လှပေသည်။

جَنَّاتُ عَدْنٍ يَدْخُلُونَهَا تَجْرِي مِن تَحْتِهَا الْأَنْهَارُ ۖ لَهُمْ فِيهَا مَا يَشَاءُونَ ۚ كَذَٰلِكَ يَجْزِي اللَّهُ الْمُتَّقِينَ ﴿٣١﴾

၁၆ : ၃၁ ။ ။ (ထိုနေအိမ်များမှာ) အမြဲထာဝရ နေထိုင်ကြရမည့် ဥယျာဉ်များပင် ဖြစ်၏။ ၎င်း (သူတော်ကောင်း) တို့သည် ယင်းဥယျာဉ်များတွင် ဝင်ရောက်ကြပေမည်။ ယင်းဥယျာဉ်များ၏အောက်၌ မြစ်ချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ၎င်းတို့အဖို့ ယင်းဥယျာဉ်၌ မိမိတို့ အလိုရှိသမျှတို့သည် ရှိချေမည်။ အလ္လာဟ်အသျှင်မြတ်သည် သူတော်ကောင်း တို့အား ဤအတိုင်းပင် အစားပေးတော်မူ၏။

الَّذِينَ تَتَوَفَّاهُمُ الْمَلَائِكَةُ طَيِّبِينَ ۙ يَقُولُونَ سَلَامٌ عَلَيْكُمُ ادْخُلُوا الْجَنَّةَ بِمَا كُنتُمْ تَعْمَلُونَ ﴿٣٢﴾

၁၆ : ၃၂ ။ ။ အကြင်သူ (တော်သူကောင်း) တို့အား 'မလာအေ့ကာဟ်' ကောင်းကင်တမန်တို့သည် ၎င်းတို့၏ အသက် (ဝိညာဉ်) ကို (၎င်းတို့) သန့်ရှင်းစွာ ရှိနေကြစဉ် နုတ်ယူကြလေသည်။ (ထို့ပြင်) ၎င်း ('မလာအေ့ကာဟ်' ကောင်းကင်တမန်) တို့က (ယင်းသူတော်ကောင်းတို့အား) အသက်နုတ်ယူစဉ်အခါ၌ 'စလာမွန် အလိုက်ကွမ်' (ငြိမ်းချမ်း သာယာမှုသည် အသင်တို့အပေါ်၌ ရှိပါစေ။) 'အသင်တို့သည် မိမိတို့၏ ကျင့်မှုခဲ့ကြသော (ကောင်းမှုများ) ကြောင့် 'ဂျန္နသ်' သုခဘုံသို့ ဝင်ရောက်ကြလေကုန်' ဟု ပြောဆိုကြပေမည်။

هَلْ يَنظُرُونَ إِلَّآ أَن تَأْتِيَهُمُ ٱلْمَلَٰٓئِكَةُ أَوْ يَأْتِىَ أَمْرُ رَبِّكَ ۚ كَذَٰلِكَ فَعَلَ ٱلَّذِينَ مِن قَبْلِهِمْ ۚ وَمَا ظَلَمَهُمُ ٱللَّهُ وَلَٰكِن كَانُوٓا۟ أَنفُسَهُمْ يَظْلِمُونَ ﴿٣٣﴾

၁၆ : ၃၃ ။ ။ ၎င်း (သွေဖည်ငြင်းပယ်သော) သူတို့သည် မိမိတို့ထံ 'မလာအေကာဟ်'ကောင်းကင်တမန်များက ရောက်ရှိလာခြင်းမှအပ သို့တည်းမဟုတ် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်တော် ရောက်ရှိလာကြခြင်းမှအပ အခြားတစ်စုံတစ်ရာကို စောင့်မျှော်၍ နေကြသည်မဟုတ်ပေ။ ၎င်းတို့အလျှင် ရှိခဲ့ကြဖူးသော (ရှေးဟောင်း) သူတို့သည်လည်း ဤနည်းအတိုင်းပင် ပြုလုပ်ခဲ့ကြပေသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား နှိပ်စက်တော်မူခဲ့သည်မဟုတ်ပေ။ သို့ရာတွင် စင်စစ်မှာမူ ၎င်းတို့ကိုယ်တိုင် မိမိတို့ကိုယ်ကို နှိပ်စက်လျက်ရှိခဲ့ကြကုန်၏။

فَأَصَابَهُمْ سَيِّـَٔاتُ مَا عَمِلُوا۟ وَحَاقَ بِهِم مَّا كَانُوا۟ بِهِۦ يَسْتَهْزِءُونَ ﴿٣٤﴾

၁၆ : ၃၄ ။ ။ သို့ဖြစ်ပေရာ ၎င်းတို့၌ ၎င်းတို့ ကျင့်မူခဲ့ကြကုန်သော မကောင်းမှု၏ အန္တရာယ်များသည် သက်ရောက်ခဲ့လေသည်။ ထို့ပြင် ၎င်းတို့ ပြက်ရယ်သမူ ပြုခဲ့ကြသည့် အရာ (တစ်နည်း) ပြစ်ဒဏ်သည် ၎င်းတို့သည် ဝိုင်းရံခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် တက်ဝါကိုင်းယှဉ်ခြင်းကို ရှောင်ရှားသောသူများအား (ကုရ်အာန်နှင့် ပတ်သက်၍) မေးမြန်းသောအခါ အသင်တို့ကို မွေးမြူဖန်ဆင်းသော အသျှင်မြတ်သည် အဘယ်သို့သော အရာများကို ချပေးထားတော်မူလေသနည်း။ ၎င်းတို့က ဖြေကြားသည်မှာ ကြီးမားသော ကောင်းကျိုးများ (နှင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောအရာ) ကို ချပေးသနားတော်မူထားသည်။ မှန်မြတ်သော အလုပ်များကို ပြုကျင့်သူများအား (ယင်းအလုပ်များတွင် အထက်ပါဖြေကြားမှုနှင့် မှန်မြတ်သော ကျင့်ကြံမှုများအားလုံး ပါဝင်ပေသည်) ဤလောကတွင်လည်း ကောင်းကျိုးများ ရရှိမည်ဖြစ်သည်။ (ထိုကောင်းကျိုးများမှာ အကျိုးစဝါးစံ ချီးမြှင့်မည့် ကတိနှင့် သတင်းကောင်းပါးခြင်း ဖြစ်သည်။ ၎င်းနောက် တမလွန်တွင် (ထိုတမလွန်ဆိုသည်မှာ အသျှင်မြတ်၏ ကတိတော်ကို အကောင်အထည်ဖော် ပေးကမ်းချီးမြှင့်မည့် နေရာဖြစ်သည့်အလျောက်) သာပို၍ ကောင်းမွန် (ပျော်ရွှင်ဖွယ်ရာ နေရာ) ဖြစ်သည်။ ၎င်းနောက် မုချကေန် ထိုနေရာဌာနသည် တက်ဝါကိုင်းယှဉ်ခြင်းကို ရှောင်ရှားခဲ့ကြသူများအတွက် ကောင်းမွန်သော နေရာဌာနတစ်ခုဖြစ်သည်။ ထိုနေရာဌာန (ဆိုသည်မှာ) အမြဲတစေ စံမြန်းရမည့်ဥယျာဉ်များ ဖြစ်သည်။ ထိုဥယျာဉ်များအတွင်းသို့ ဝင်ရတော့မည်ဖြစ်သည်။ ထိုဥယျာဉ်များ၏ (သစ်ပင်ပန်းမန်များနှင့် အဆောက်အဦးများ၏) အောက်မှ စမ်းချောင်း

များ စီးတွေနေပေလိမ့်မည်။ လိုလားတောင့်တသော အရာဟူသမျှသည် ထိုနေရာတွင် ရှိမည်။ (၄င်းနောက် ဤစည်းစိမ်များသည် အထက်တင်ပြပါ မှန်မှန်ကန်ကန် ဖြေကြားခဲ့ကြသူများအတွက်သာ သီးခြားသတ်မှတ်ထားသည်မဟုတ်။ သို့သာမက) ဤကဲ့သို့သော ဆုလာဘ်များအား အလ္လာဟ်အသျှင်မြတ်သည် တုဖက်နှိုင်းယှဉ်ခြင်းမှ ရှောင်ရှားခဲ့သူတိုင်းကို ချီးမြှင့်တော်မူမည်။ ၄င်းတို့၏ ဝိညာဉ်များကို ကောင်းကင်တမန်များက (တုဖက်နှိုင်းယှဉ်ခြင်းမှ) သန့်ပြန့် (ကင်းဝေး) နေသော အခြေအနေမျိုးတွင် နုတ်ယူရုပ်သိမ်းခဲ့ကြသည်။ (ဆိုလိုသည့်သဘောမှာ ၄င်းတို့သည် ကွယ်လွန်သေဆုံးသည့်အချိန်အထိ 'သောင်ဟီးဒ်'တရားပေါ်တွင် မြဲမြံစွာ ရပ်တည်ခဲ့ကြသည်။ ၄င်းနောက်) (ထိုကောင်းကင်တမန်များက) ပြောကြားမည်မှာ-

اَسَّلَامُ عَلَيْكُمْ

အသင်တို့သည် (ဝိညာဉ်များကို နုတ်ယူခံရပြီးနောက်) မိမိတို့၏ 'အမလ်' ကျင့်ကြံမှုများအစား 'ဂျန္နသ်' သုခဘုံသို့ ဝင်ရောက်ကြလေကုန်။ ထိုသူတို့သည် (ငြင်းဆန်မှု၊ ရန်လိုမှု၊ အသိတရားခေါင်းပါးမှု အပေါ်တွင် ဆက်လက်ရပ်တည်နေကြသော သူများသည် အမှန်တရားနှင့် ပတ်သက်သော အထောက်အထားများ ပေါ်လွင်ထင်ရှားခဲ့ပြီးသော်ငြားလည်း အီမာန်သက်ဝင်ယုံကြည်ခြင်းမရှိသေးပေ။ ထို့ကြောင့် သိရှိရသည်မှာ ၄င်းတို့သည် ဤအကြောင်းအရာကိုသာ) စောင့်ဆိုင်းနေကြသူများ ဖြစ်ကြသည်။ အကြောင်းမှာ ထိုသူတို့ထံ (အသက်နှုတ်မည့်) ကောင်းကင်တမန်များသည် ရောက်ရှိလာမည်လော။ သို့မဟုတ် အသင်တမန်တော်ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်သခင်၏ အမိန့် (ဆိုလိုသည်မှာ 'ကေယာမသ်') ကျရောက်လာမည်လော။ (ဆိုလိုသည်မှာ ၄င်းတို့သည် သေဆုံးမည့်အချိန်မှ သို့မဟုတ် 'ကေယာမသ်' ကျရောက်မှ အီမာန်ကို လက်ခံကြမည်လော။ ထိုအချိန်မှ အီမာန်သက်ဝင်ယုံကြည်သော် ၄င်းကို လက်ခံမည်မဟုတ်။ ထိုအချိန်တွင် ကာဖိရ်များအားလုံးပင် အမှန်တရားကို မြင်တွေ့ကြပြီးနောက် 'သောင်ဗာဟ်' ပြုကြမည်ဖြစ်သည်။ ၄င်းတို့သည် ကုဖွ်ရ်ငြင်းဆန်မှုအပေါ်ဝယ် တင်းမာစွာ ဆက်လက်ရပ်တည်နေကြသကဲ့သို့) ဤနည်းအတိုင်း ထိုသူတို့အလျင် ရှိခဲ့ကြသူများလည်း (ကုဖွ်ရ်ငြင်းဆန်မှုအပေါ် တင်းမာစွာ ဆက်လက်ရပ်တည်မှု) ပြုခဲ့ပြီးကြလေသည်။ ၄င်းနောက် (ထိုသို့ တင်းမာခဲ့ခြင်းကြောင့် ပြစ်ဒဏ်သည်လည်း သင့်ခဲ့ကြလေပြီ။ သို့ပါ၍) ထိုသူတို့ကို အလ္လာဟ်အသျှင်မြတ်က စိုးစဉ်းမျှ ညှဉ်းပန်းခဲ့သည်မဟုတ်။ သို့သော် ၄င်းတို့သာလျှင် မိမိကိုယ်မိမိ ညှဉ်းပန်းခဲ့ကြခြင်းဖြစ်လေသည်။ (အကြောင်းမှာ ပြစ်ဒဏ်သင့်မည့်လုပ်ရပ်ကို သိလျက်နှင့်ပင် ကျူးလွန်ခဲ့ကြလေသည်။) နောက်ဆုံးတွင် ၄င်းတို့၏ မကောင်းသော လုပ်ရပ်အတွက် ပြစ်ဒဏ်ခံရမည်ဖြစ်သည်။ ၄င်းနောက် ထိုပြစ်ဒဏ် (ခံရမည့်အကြောင်းကြား၍) ထိုသူတို့သည် လှောင်ပြောင်သရော်ကြလေသည်။ ၄င်း (ပြစ်ဒဏ်) ပင်လျှင် ထိုသူတို့ကို ဝန်းရံလိုက်လေသည်။ (အသင်တို့၏ အခြေအနေသည်လည်း ဤကဲ့သို့ပင် ဖြစ်လိမ့်မည်။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَقَالَ الَّذِينَ أَشْرَكُوا لَوْ شَاءَ اللَّهُ مَا عَبَدْنَا مِن دُونِهِ
مِن شَيْءٍ نَّحْنُ وَلَا آبَاؤُنَا وَلَا حَرَّمْنَا مِن دُونِهِ مِن شَيْءٍ
كَذَٰلِكَ فَعَلَ الَّذِينَ مِن قَبْلِهِمْ فَهَلْ عَلَى الرُّسُلِ إِلَّا
الْبَلَاغُ الْمُبِينُ ﴿٣٥﴾

၁၆ : ၃၅ ။ ။ စင်စစ် (အခြားအရာများကို အလ္လာဟ်အသျှင်မြတ်နှင့်) တွဲဖက်နိုင်းယှဉ် ကိုးကွယ်သူတို့က 'အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးတို့သည် ထိုအသျှင်မြတ်မှတစ်ပါး အခြားတစ်စုံတစ်ရာကိုမျှ ကိုးကွယ်ခဲ့ကြမည် မဟုတ်ပေ။ ၎င်းပြင် ထိုအသျှင်မြတ်၏ အမိန့်မရှိဘဲ မည်သည့်တစ်စုံတစ်ရာကိုမျှပင် 'ဟရာမ်'ဟူ၍ တားမြစ်ခဲ့ကြမည်လည်း မဟုတ်ပေ' ဟု ပြောဆိုကြကုန်၏။ (အမှန်စင်စစ်) ၎င်းတို့အလျှင်ရှိခဲ့ကြဘူးသော (ရှေးဟောင်း) သူတို့သည်လည်း ဤအတိုင်းပင် ပြုခဲ့ကြကုန်၏။ စင်စစ် ရစူလ်တမန်တော်များ၏ အပေါ်၌ (အသျှင်မြတ်၏ အမိန့်တော်များကို လူတို့ထံ) ပွင့်လင်းထင်ရှားစွာ ပို့ဆောင်ဟောကြားရန်သာလျှင် တာဝန်ရှိပေသည်။

وَلَقَدْ بَعَثْنَا فِي كُلِّ أُمَّةٍ رَّسُولًا أَنِ
اعْبُدُوا اللَّهَ وَاجْتَنِبُوا الطَّاغُوتَ فَمِنْهُم مَّنْ هَدَى اللَّهُ
وَمِنْهُم مَّنْ حَقَّتْ عَلَيْهِ الضَّلَالَةُ فَسِيرُوا فِي الْأَرْضِ فَانظُرُوا
كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ ﴿٣٦﴾

၁၆ : ၃၆ ။ ။ စင်စစ် ကေန်မလွဲ ငါအသျှင်မြတ်သည် လူမျိုး (အုပ်စု) တိုင်းတွင် ရစူလ်တမန်တော်တစ်ပါးကို စေလွှတ်တော်မူခြင်းအားဖြင့် 'အသင်တို့သည် အခြားကိုးကွယ်ရာများကို စွန့်လွှတ်ဖယ်ရှား၍ (တစ်ဆူတည်းသော) အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်' ဟု (ဟောကြားစေတော်မူခဲ့လေသည်။) ထို့နောက် ၎င်းတို့တွင် အလ္လာဟ်အသျှင်မြတ်က တရားလမ်းမှန်ကို ပြသတော်မူသောသူများလည်း ရှိခဲ့ကြ၏။ ထိုနည်းတူစွာ ၎င်းတို့အနက် အချို့သူတို့အပေါ်၌ လမ်းမှားခြင်းသည် လွှမ်းမိုးခဲ့၏။ သို့ဖြစ်ပေရာ အသင်တို့သည် ကမ္ဘာမြေဝယ် လှည့်လည်၍ မဟုတ်မမှန် စွပ်စွဲငြင်းပယ်ခဲ့ကြသူတို့၏ နောက်ဆုံးအဖြစ်သည် မည်သို့ ရှိခဲ့သည်ကို ကြည့်ရှုလေ့လာကြလေကုန်။

إِن تَحْرِصْ عَلَىٰ هُدَاهُمْ فَإِنَّ اللَّهَ لَا يَهْدِي مَن يُضِلُّ وَمَا لَهُم مِّن نَّاصِرِينَ ﴿٣٧﴾

၁၆ : ၃၇ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့ တရားလမ်းမှန်ရရှိရန်အလို့ငှာ မည်မျှပင် အာသာဆန္ဒပြင်းပြသော်လည်း ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိလမ်းလွဲစေတော်မူသော သူအား လမ်းမှန်ကို ပြတော်မူသည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့၌ ကူညီစောင်မမည့်သူဟူ၍လည်း အလျှဉ်း ရှိလိမ့်မည် မဟုတ်ပေ။

وَأَقْسَمُوا بِاللَّهِ جَهْدَ أَيْمَانِهِمْ ۙ لَا يَبْعَثُ اللَّهُ مَن يَمُوتُ ۚ
بَلَىٰ وَعْدًا عَلَيْهِ حَقًّا وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ ﴿٣٨﴾

၁၆ : ၃၈ ။ ။ စင်စစ် ၎င်းတို့က 'အလ္လာဟ်အသျှင်မြတ်သည် သေသူအား ရှင်ပြန်ထစေတော်မူမည်မဟုတ်'ဟု အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ အစွမ်းကုန် ကျိန်တွယ်ခဲ့ကြလေသည်။ ထိုသို့ အလျှဉ်းမဟုတ်ပေ။ စင်စစ်မှာ (မုချ ရှင်ပြန်ထစေတော်မူမည် ဖြစ်၏။) ထိုအသျှင်မြတ်သည် ဤသည်ကို ကတိပြုတော်မူခြင်းအားဖြင့် မိမိအပေါ်၌ အတည်ပြုတော် မူခဲ့လေသည်။ သို့ရာတွင် မြောက်မြားစွာသော သူတို့မှာမူ (ဤမျှပင်) မသိနားမလည်ကြချေ။

لِيُبَيِّنَ لَهُمُ الَّذِي يَخْتَلِفُونَ فِيهِ وَلِيَعْلَمَ الَّذِينَ كَفَرُوا
أَنَّهُمْ كَانُوا كَاذِبِينَ ﴿٣٩﴾

၁၆ : ၃၉ ။ ။ (ထိုသို့ ရှင်ပြန်ထစေတော်မူခြင်းမှာ) ထိုသူတို့ရှေ့ဝယ် ၎င်းသူတို့ ကွဲလွဲခဲ့ကြသော အကြောင်းကို ထင်ရှားစေတော်မူရန်အလို့ငှာလည်းကောင်း၊ ကာဖိရ်သွေဖည်ငြင်းပယ်သူတို့သည် ဧကန်စင်စစ် မိမိတို့မှာ မုသာဝါဒီများ ဖြစ်ခဲ့ကြသည်ကို ကောင်းစွာ သိကြရန်အလို့ငှာလည်းကောင်း ဖြစ်ပေသည်။

إِنَّمَا قَوْلُنَا لِشَيْءٍ إِذَا أَرَدْنَاهُ أَن نَّقُولَ لَهُ كُن فَيَكُونُ ﴿٤٠﴾

၁၆ : ၄၀ ။ ။ (ဧကန်စင်စစ်) ငါအသျှင်မြတ်သည် တစ်စုံတစ်ရာကို ရည်စူးတော်မူသောအခါ ထိုအရာကို ငါအသျှင် မြတ်သည် 'ဖြစ်လော'ဟု မိန့်ကြားတော်မူရုံမျှဖြင့် ထိုအရာသည် ဖြစ်လာလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် မုရှ်ရစ်က်တို့ ပြောဆိုကြသည်မှာ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် (ဤကိစ္စ ရပ်ကို) အလိုတော်ရှိခဲ့ပါလျှင် (ကျွန်ုပ်တို့၏ မူဝါဒလမ်းစဉ်တွင် အဓိကအချက်ဖြစ်သော အလ္လာဟ်မှအပ အခြားအရာများကို ကိုးကွယ်ခြင်း၊ ၎င်းနောက် ကျွန်ုပ်တို့၏ မူဝါဒလမ်းစဉ်တွင် သာမညအချက်ဖြစ်သော အချို့အရာများကို 'ဟရာမ်'ပြုခြင်း၊ ယင်းကိစ္စရပ်များကို ကျွန်ုပ်တို့ မပြုလုပ်ရန် အသျှင်မြတ်အနေနှင့် အလိုတော်ရှိခဲ့ပါက) ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်မှအပ မည်သည့်အရာကိုမျှ ကိုးကွယ်ကြမည် မဟုတ်။ ၎င်းနောက် ကျွန်ုပ်တို့၏ ဘိုးဘွားများသည်လည်း ကိုးကွယ်ကြမည်မဟုတ်။ ၎င်းနောက် ကျွန်ုပ် တို့သည် ထိုအသျှင်မြတ်၏ (အမိန့်) မပါဘဲ မည်သည့်အရာကိုမျှ 'ဟရာမ်'ဟူ၍ သတ်မှတ်နိုင်မည် မဟုတ်။ (ထို့ကြောင့် သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့၏ မူဝါဒလမ်းစဉ်ကို နှစ်သက်နေတော် မူသည်။ အသျှင်မြတ်အလိုတော်မရှိပါက ကျွန်ုပ်တို့ ဤကိစ္စရပ်များကို အဘယ်မှာ တတ်စွမ်းနိုင်မည်နည်း။ ထို့ကြောင့် 'အို၊ မိုဟမ္မဒ်၊ အသင်သည် ၎င်းတို့ကြောင့် သောကမရောက်လေနှင့်။ အဘယ်ကြောင့်ဆိုသော်

ဤသို့ အသိတရားခေါင်းပါးသော အတိုက်အခံပြုမှုများသည် အသစ်အဆန်းမဟုတ်။ သို့သာမက) ၎င်းတို့အလျင် လွန်လေပြီးသော (ကာဖိရ်များ) သည်လည်း ဤကဲ့သို့သော လုပ်ရပ်များကို လုပ်ခဲ့ကြသည်။ (မိမိတို့၏ တမန်တော်များကို အသိတရာကင်းမဲ့စွာ အတိုက်အခံပြုခဲ့ကြသည်။) သို့ပါ၍ တမန်တော်များဖိတ်ခေါ်ခဲ့သော လမ်းစဉ်မှာလည်း မည်သို့မျှ နစ်နာဆုံးရှုံးမှု မရှိခဲ့ပေ။ ထိုတမန်တော်များ) ၏ တာဝန်မှာ (ပညတ်ချက်များကို) ရှင်းလင်းပြတ်သားစွာ ပို့ချရုံမျှသာ ဖြစ်သည်။ (ရှင်းလင်းပြတ်သားစွာ ပို့ချခြင်းဆိုသည်မှာ မိမိ၏ ကြွေးကြော်မှုသည် ရှင်းလင်းပြတ်သားရမည်။ ၎င်းနောက် ထိုကြွေးကြော်မှုနှင့် ပတ်သက်၍ အထောက်အထားလည်း မှန်ကန်တိကျရမည်။ အသင်တမန်တော်၏ တာဝန်သည်လည်း ပို့ချရုံမျှသာ ဖြစ်သည်။ ယင်းကို အသင်တမန်တော် ပြုကျင့်လျက်ရှိနေသည်။ အကယ်၍ ၎င်းတို့သည် ရန်ငြိုးကြောင့် အသင်တမန်တော်၏ ကြွေးကြော်မှုနှင့် အထောက်အထားများကို ဂရုမစိုက်ခဲ့သော် အသင့်တွင် တာဝန်မရှိ။)

၎င်းနောက် (ထိုသူတို့သည် အသင်တမန်တော်အား အတိုက်အခံပြုနေခြင်းမှာ အသစ်အဆန်းမဟုတ်သကဲ့သို့ အသင်တမန် တော်အနေနှင့် ထိုသူတို့အား 'သောင်ဟီးဒ်'တရားဘက်သို့ ဖိတ်ခေါ်ခြင်း၊ စစ်မှန်သော သာသနာဘက်သို့ ဖိတ်ခေါ်ခြင်းမှာလည်း ဖြစ်ရပ်ဆန်းတစ်ရပ် မဟုတ်ပေ။ ထိုသို့ ဖိတ်ခေါ်ခြင်းသည် ရှေးယခင်ခေတ်ကတည်းက ရှိခဲ့သော အစဉ်အလာတစ်ခုဖြစ်သည်။) ငါအသျှင်မြတ်သည် (လွန်လေပြီးသော အွမ္မသ်) အုပ်စုတိုင်းတွင် တမန်တော်တစ်ပါးပါးကို (ထိုစကားရပ်များ သင်ကြားပေးရန်) စေလွှတ်တော်မူလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် (သီးသန့်) အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြရန်နှင့် ရှိုက်သွာန် (၏ လမ်းစဉ်) မှ (ကုဖွ်ရ်နှင့် ရှရစ်က်လမ်းစဉ်မှ) ရှောင်ရှားနိုင်ရန် ဖြစ်သည်။ (ဤစကားရပ်တွင် မုရှ်ရစ်က်တို့ မိမိဘက်မှ ထွင်ထားသော အရာဝတ္ထုများကို 'ဟရာမ်'ပြုခြင်းစသည့် အကြောင်းအရာများလည်း ပါဝင်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စရပ်သည်လည်း ကုဖွ်ရ်နှင့် ရှရစ်က်၏ ကဏ္ဍတစ်ခုဖြစ်သည်။) သို့ဖြစ်ရာ ထိုအုပ်စုများထဲမှ အချို့ကို အလ္လာဟ်အသျှင်မြတ်သည် 'ဟေဒါယသ်'လမ်းမှန်ကို ချီးမြှင့်ခဲ့သည်။ (ထိုသူတို့သည် အမှန်တရားကို လက်ခံခဲ့ကြသည်။) ၎င်းနောက် အချို့သည် လမ်းမှားသို့ ရောက်ရှိသွားကြသည်။ (အလိုသဘောမှာ ကာဖိရ်များနှင့် နဗီတမန်တော်များ၏ အထက်ပါကိစ္စရပ်များသည် ဖြစ်ရိုးဖြစ်စဉ်တစ်ခု ဖြစ်သည်။ ၎င်းနောက် လမ်းမှန်ပို့ခြင်းနှင့် လမ်းမှားပို့ခြင်းနှင့် ပတ်သက်ပြီး အလ္လာဟ်အသျှင်မြတ်၏ လုပ်ထုံးလုပ်စဉ်သည်လည်း ရှေးယခင်ကတည်းက အမြဲတမ်းတည်ရှိနေခဲ့သည်။ သို့ပါသောကြောင့် ကာဖိရ်များ၏ ငြင်းခုံမှုသည်လည်း ဖြစ်ရိုးဖြစ်စဉ်တစ်ခု ဖြစ်သည်။ တမန်တော်များ၏ သင်ကြားပို့ချမှုသည်လည်း ဖြစ်ရိုးဖြစ်စဉ်တစ်ခုနှင့် အချို့မှအပ လူတိုင်းလူတိုင်း လမ်းမှန်ပေါ်သို့ မရောက်ရှိခဲ့ကြခြင်းမှာလည်း ဖြစ်ရိုးဖြစ်စဉ်တစ်ခုဖြစ်သည့်အတွက် အသင်တမန်တော်အနေနှင့် အဘယ်ကြောင့် ပူဆွေးသောက ရောက်ရှိနေပါသနည်း။ တမန်တော်မြတ် ﷺ အား ဤမျှခန့် နှစ်သိမ့်မှုပေးခဲ့သည်။ ထိုနှစ်သိမ့်မှု၏ နောက်ဆုံးအကြောင်းအရာတွင် ကာဖိရ်များ၏ သံသယရှိနေခြင်းနှင့် ပတ်သက်ပြီး အဖြေလည်း ပါရှိသွားပေသည်။ အဘယ်သို့ဆိုသော် အသင်တို့၏ ဤစကားရပ်များသည် လမ်းမှားမှုသာ ဖြစ်သည်။ ထိုလမ်းမှားမှုသည် အစစ်အမှန်ဖြစ်ကြောင်းနှင့် အဖြေကိုလည်း ပိုမိုရှင်းလင်းပြတ်သားစွာ

ရှေ့တွင် ဆက်လက်၍ တင်ပြပေလိမ့်မည်။ ဆိုလိုသည်မှာ တမန်တော်များနှင့် ငြင်းခုံခြင်းသည် လမ်းမှားခြင်းဖြစ်သည်ဟု အကယ်၍ အသင်တို့ မသိခဲ့ပါမူ) အသင်တို့ ကမ္ဘာမြေတွင် လှည့်လည်သွားလာကြကုန်လော့။

တစ်ဖန် (နိမိတ်လက္ခဏာများကို လေ့လာ) ကြည့်ရှုလော့။ (တမန်တော်များကို) ငြင်းဆန်ခဲ့သူများ၏ (ဆိုးရွားသော) ရလဒ်သည် မည်သို့ ရှိခဲ့ကြသည်ကို (လေ့လာကြလော့။ အကယ်၍ ထိုသူတို့သည် လမ်းမမှားခဲ့ပါက ၎င်းတို့အပေါ်သို့ 'အဇာဗ်'ပြစ်ဒဏ် အဘယ်ကြောင့် ကျရောက်ခဲ့လေသနည်း။ ဤသည်တို့ကို တိုက်ဆိုင်မှုတစ်ရပ်ဟု မဆိုနိုင်။ အဘယ်ကြောင့်ဆိုသော် ဖြစ်စဉ်များသည် သာမန်ထက် ထူးခြားနေသောကြောင့် ဖြစ်သည်။ ၎င်းနောက် နဗီတမန်တော်များ၏ ကြိုတင်ဟောကြားခဲ့ပြီးမှ ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များဖြစ်သည်။ ၎င်းနောက် အီမာန်ရှင်များသည် ထိုဖြစ်စဉ်များမှ လွတ်ကင်းခဲ့ကြသည်။ ထို့ကြောင့် ယင်းဖြစ်စဉ်များကို ပြစ်ဒဏ်သင့်ခြင်းမဟုတ်ဟု သံသယဝင်ဖွယ်ရာ မရှိ။ ၎င်းနောက် တမန်တော်မြတ် ﷺ သည် မိမိ၏ အမွှာသ်ထဲမှ တစ်ဦးတစ်ယောက်ပင် လမ်းမှားခဲ့ပါက စိတ်သောကရောက်လေသည်။ ထို့ကြောင့် ရှေ့တွင် တစ်ဖန် တမန်တော်မြတ် ﷺ အား ရည်ညွှန်းမိန့်ဆိုသည်မှာ ရှေးယခင်အုပ်စုများထဲမှ အချို့သူတို့သည် လမ်းမှားခဲ့ကြသကဲ့သို့ ယခု ဤသူတို့သည်လည်း လမ်းမှားကြခြင်းဖြစ်သည်။ သို့ပါ၍) ထိုသူတို့ လမ်းမှန်ပေါ်သို့ ရောက်ရှိရန် အသင်တမန်တော် မျှော်လင့်နေပါသော်လည်း (မည်သို့မျှ ရလဒ်ကို မြင်တွေ့နိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် ထိုသူများကို လမ်းမှန်ပြသလေ့မရှိ။ ယင်းသူတို့တို (မိမိတို့၏ ရန်ငြိုးထားမှုက) လမ်းမှားသို့ ပို့ဆောင်ခဲ့သည်။ (မုချဧကန် ၎င်းတို့သည် အကယ်၍ ရန်ငြိုးကို စွန့်လွှတ်လိုက်ပါက လမ်းမှန်ပြခြင်း ခံရမည်။ သို့သော် ၎င်းတို့သည် ထိုရန်ငြိုးကို စွန့်လွှတ်လိမ့်မည်မဟုတ်။ ထို့ကြောင့် 'ဟေဒါယသ်'ရရှိရန် အကြောင်းလည်း မရှိပေ။)

၎င်းနောက် (၎င်းတို့၏ လမ်းမှားမှုနှင့် ပြစ်ဒဏ်ခံရမည့်အကြောင်းနှင့် ပတ်သက်ပြီး ထိုသူတို့သည် အကယ်၍ ဤသို့ ထင်မြင်ယူဆနေကြပါက အကြောင်းမှာ ငါတို့၏ ကိုးကွယ်ရာအရှင်များသည် ပြစ်ဒဏ်သင့်ခြင်းမှ ကယ်တင်ပေးလိမ့်မည်။ သို့ရှိရာ ထိုကဲ့သို့သောသူတို့ ကောင်းစွာ သဘောပေါက်နားလည်ကြလော့။ အလ္လာဟ်အသျှင်မြတ်ကို ရင်ဆိုင်၍) ၎င်းတို့ကို ကူညီမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ (ဤအာယသ်တော်အထိ ထိုသူတို့၏ ပထမသံသယနှင့် ပတ်သက်ပြီး အဖြေပေးထားခြင်းဖြစ်သည်။ ဆက်လက်၍ ဒုတိယသံသယနှင့် ပတ်သက်ပြီး ဖြေကြားမည်ဖြစ်သည်။) ၎င်းနောက် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို ကိုင်တွယ်၍ ပြင်းပြင်းထန်ထန် ကျိန်တွယ်ပြောဆိုကြသည်မှာ သေဆုံးသွားကြသူများကို အလ္လာဟ်အသျှင်မြတ်သည် တစ်ဖန်ပြန်လည် ရှင်ထစေမည်မဟုတ်။ (၎င်းနောက် 'ကေယာမသ်'လည်း ဖြစ်ပေါ်မည်မဟုတ်။ ဆက်လက်၍ ဖြေကြားသည်မှာ) အဘယ်ကြောင့် ပြန်လည် မရှင်ထစေမည်နည်း။ (ဆိုလိုသည်မှာ မုချဧကန် ပြန်လည်ရှင်ထစေမည်ဖြစ်သည်။) ထိုကတိတော်ကို အလ္လာဟ်အသျှင်မြတ်သည် မိမိအပေါ် အရေးကြီးသော တာဝန်တစ်ရပ်ဟု သတ်မှတ်ထားသည်။ သို့သော် မြောက်မြားစွာသော သူတို့သည် (စစ်မှန်သော အထောက်အထားများ အပြည့်အစုံ ရှိနေပါလျက်) ယုံကြည်မှု မထားရှိကြပေ။ (၎င်းနောက် ဤပြန်လည်ထစေခြင်း၏ အကြောင်းအရင်းမှာ) သို့မှသာ (သာသနာနှင့်ပတ်သက်ပြီး ဒွန္နယာလောကတွင်) ၎င်းတို့အကြား အငြင်းပွားနေကြသော အကြောင်းအရာများကို (၎င်းနောက် နဗီတမန်တော်

များ ဆုံးဖြတ်ပေးပြီးသည့်တိုင် လမ်းမှန်ပေါ် ရောက်ရှိမလာကြသူများ) ထိုသူတို့၏ ရှေ့မှောက်သို့ (ထိုအကြောင်းအရာများ၏ မှန်ကန်တိကျမှု) ကို (ရှုမြင်နိုင်ရန်အတွက်) ထုတ်ဖော်ပြသလိမ့်မည်။

၄င်းနောက် သို့မှသာ (ထိုအမှန်တရားကို ထုတ်ဖော်လိုက်သည့်အချိန်) ကာဖိရ်များသည် (အပြည့်အဝ) ယုံကြည်ကြလိမ့်မည် ဖြစ်သည်။ အကြောင်းမှာ ကေန်အမှန် ထိုသူတို့သာလျှင် လူလိမ်များ ဖြစ်သည်။ (၄င်းနောက် တမန်တော်များနှင့် အီမာန်ရှင်များသည် မှန်ကန်သူများ ဖြစ်သည်။ သို့ပါ၍ 'ကေယာမသ်'နေ့ ဆိုက်ရောက်လာမည်မှာ အမှန်ဖြစ်၍ 'အဓားဗ်'ပြစ်ဒဏ်၏ ဆုံးဖြတ်ချက်မှာလည်း အမှန်ပင် အရေးပါသည်။ ဤသည်မှာ لَا يَبْعَثُ اللّٰهُ ၏ အဖြေဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် 'ကေယာမသ်'နေ့ကို ငြင်းဆန်နေကြသော အဓိကအကြောင်းအရင်းမှာ သေပြီးသည့်နောက် ပြန်လည်ရှင်ထရမည်ဟူသော အကြောင်းအရာကို မည်သို့မျှ မဖြစ်နိုင်ဟု တွေးခေါ်ယူဆနေခြင်းဖြစ်သည်။ ထို့ကြောင့် ရှေ့တွင် ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြီးပြည့်စုံသော 'ကွဒ်ရသ်'တန်ခိုးတော်အကြောင်းကို တင်ပြ၍ ထိုသူတို့၏ သံသယများကို ငြင်းပယ်ထားပေသည်။ အဘယ်သို့ဆိုသော် ငါအသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်သည် ဤသို့ ကြီးကျယ်တော်မူသည်။ အကြောင်းမှာ) ငါအသျှင်မြတ်သည် မည်သည့်အရာကိုမဆို (ဖန်ဆင်းရန်) အလိုတော်ရှိသောအခါ (ထိုအရာနှင့် ပတ်သက်ပြီး ကြိုးပမ်းအားထုတ်ရန်မလိုဘဲ) ဤမျှ အမိန့်ပေးလိုက်ရုံဖြင့် (လုံလောက်) သွားသည်။ အဘယ်သို့ဆိုသော် 'ထိုအရာ (ဖန်ဆင်း) ဖြစ်ရှိလော'ဟုဆိုလျှင် ထိုအရာသည် (ဖန်ဆင်း) ဖြစ်ရှိသွားပေသည်။ (သို့ပါ၍ ဤမျှ ကြီးမားပြီးပြည့်စုံသည့် 'ကွဒ်ရသ်'တန်ခိုးအာနုဘော်ရှေ့တွင် အသက်မဲ့သော အရာများကို ပြန်လည်အသက်သွင်းရန်မှာ ခက်ခဲသည့်ကိစ္စမဟုတ်။ ပထမတစ်ကြိမ် ယင်းတို့တွင် အသက်သွင်းခဲ့ပြီးဖြစ်သည်။ ဤတွင် ငြင်းဆန်ခဲ့သူများ၏ သံသယနှင့် ပတ်သက်၍ ပြည့်စုံသော အဖြေကို တင်ပြလိုက်ပြီးဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

ထိုကာဖိရ်များ၏ ပထမသံသယမှာ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့၏ ကုဖ်ရ်နှင့် ရှရစ်ကိပြုခြင်းတို့ကို၊ ၄င်းနောက် မပိုင်သော လုပ်ရပ်များကို မနှစ်မြို့ပါက ထိုအသျှင်သည် ကျွန်ုပ်တို့ကို အဘယ်ကြောင့် အတင်းအဓမ္မ မတားဆီးခဲ့လေသနည်း။ ဤသံသယသည် အဓိပ္ပာယ်မရှိသော သံသယဆိုသည်ကို ရှင်းလင်းစွာ သိရှိနိုင်သည်။ ထို့ကြောင့် ယင်းသံသယကို အဖြေပေးမည့်အစား အသျှင်မြတ်သည် တမန်တော်မြတ် ﷺ ကိုသာလျှင် နှစ်သိမ့်စကား မိန့်ကြားခဲ့လေသည်။ အဘယ်သို့ဆိုသော် အသင်တမန်တော်သည် ဤသို့ အဓိပ္ပာယ်မရှိသော မေးခွန်းများကြောင့် ပူဆွေးသောကမရောက်လေနှင့်။ ၄င်းနောက် ထိုသူတို့၏ သံသယသည် လုံးဝ အဓိပ္ပာယ်မရှိသည်မှာ ထင်ရှားနေပေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ် သတ်မှတ်စီမံထားတော်မူသော ဒွန္နယာလောက၏ စီမံကိန်းမှာ လူသားသည် ဤလောကတွင် လုံးလုံးလျားလျား မတတ်စွမ်းနိုင်အောင် ချုပ်ကိုင်ထားခြင်း မခံရပေ။ အတိုင်းအတာတစ်ခုအထိ ၄င်းကို အခွင့်အရေးပေးထားသည်။ ထိုအခွင့်အရေးကိုပင် ၄င်းသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုတွင် အသုံးချရမည်ဆိုပါက အကျိုးစဝါးဗ်ရရှိမည်။ ဖီဆန်မှုတွင် အသုံးချပါက ပြစ်ဒဏ်သင့်မည်ဟု အသျှင်မြတ်

က ကတိတော်များ ပေးထားလေသည်။ ဤအကြောင်းအရာများ၏ ရလဒ်အတွက်သာလျှင် 'ကေယာမသ်' နေ့နှင့် 'ဟရှရ်'၊ 'နရှရ်' စသည်တို့ကို သတ်မှတ်စီမံတော်မူထားသည်။ အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပါက အားလုံးကို အစမှ အမိန့်နာခံစေနိုင်တော်မူသည်။ ဤသို့ အစမှပြုခဲ့လျှင် မည်သူတစ်ဦးတစ်ယောက်မျှပင် ဖီဆန်ဝံ့မည်မဟုတ်။ သို့သော် အလ္လာဟ်အရှင်မြတ်၏ ဉာဏ်အမြော်အမြင်တော်အရ အားလုံးကို ဤသို့ အစမှပြုခြင်းသည် မသင့်လျော်ဟု ယူဆသည်။ ထို့ကြောင့် လူသားကို အတိုက်အလျောက် ရွေးချယ်ခွင့်လည်း ပေးထားသည်။ သို့ပါသောကြောင့် ထိုကာဖိရ်များ၏ ပြောဆိုမှုများ၊ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏ လမ်းစဉ်ကို မနှစ်မြို့ပါက အဘယ်ကြောင့် အစမှ မတားမြစ်လေသနည်းဟူသော စကားရပ်များသည် အသိဉာဏ်ကင်းမဲ့သော မနာလိုမုန်းတီး၍ ပြောဆိုသော စကားရပ်များသာ ဖြစ်သည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများတွင်လည်း အလ္လာဟ်အရှင်မြတ်၏ ရဆူလ်တမန်တော်များ ပွင့်ပေါ်ခဲ့ပါသလော

لَقَدْ بَعَثْنَا فِىْ كُلِّ اُمَّةٍ رَسُوْلًا

ဤအာယသ်တော်အရသော်လည်းကောင်း၊ အခြားအာယသ်တော်တစ်ပိုဒ်ဖြစ်သည့်

وَاِنْ مِنْ اُمَّةٍ اِلَّا خَلَا فِيْهَا نَذِيْرٌ

အရသော်လည်းကောင်း သိရှိရသည်မှာ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများတွင်လည်း မုချဧကန် အလ္လာဟ်အရှင်မြတ်၏ စေတမန်များ ပွင့်ပေါ်ခဲ့သည်။ ထိုစေတမန်များသည် ယင်းနယ်သားများလည်း ဖြစ်နိုင်သည်။ သို့မဟုတ် အခြားနယ်သားများလည်း ဖြစ်နိုင်သည်။ သို့မဟုတ် ထိုစေတမန်များ၏ ကိုယ်စားလှယ်များသော်လည်းကောင်း၊ တရားဒေသနာပို့ချပေးသော တာဝန်ခံများသော်လည်းကောင်း ရောက်ရှိခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ ၎င်းနောက်

لِتُنْذِرَ قَوْمًا مَّا اَتٰهُمْ مِنْ نَذِيْرٍ

ဟူသော အာယသ်တော်၏ အလိုသဘောအရ တမန်တော်မြတ် ﷺ ပွင့်တော်မူခဲ့သော အမွှသ်တွင် တမန်တော်မြတ် ﷺ အလျှင် မည်သည့်တမန်တော်မျှ မပွင့်ပေါ်ခဲ့ပေဟူ၍ အဓိပ္ပာယ်ရသည်။ ထို့ကြောင့် အထက်ပါစာဒကကို ဖြေကြားရမည်ဆိုလျှင် တမန်တော်မြတ် ﷺ ပွင့်ပေါ်ခဲ့သော အမွှသ်ဟူသည်မှာ အာရပ်အနွယ်ဝင်များကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့သည် တမန်တော်မြတ် ﷺ ၏ 'နဗူဝသ်'ဒြဝါဒများကို ပထမဦးဆုံး မိန့်ကြားခြင်းခံရသူများ ဖြစ်သည်။ တမန်တော်အိစ္စမာအီးလ် عليه السلام ၏နောက် ထိုအာရပ်အုပ်စုတွင် မည်သည့်တမန်တော်မျှ ပွင့်ပေါ်ခဲ့ခြင်းမရှိ။ ထို့ကြောင့်ပင် ကျမ်းတော်မြတ်ကုရ်အာန်တွင် ၎င်းအုပ်စုကို اُمِّيّٖنَ ဟူ၍ ခေါ်ဝေါ်သုံးနှုန်းထားပေသည်။ ထို့ကြောင့် ဒုနိယလောကတွင် တမန်တော်မြတ် ﷺ မပွင့်ပေါ်မီအလျှင် မည်သည့်တမန်တော်မျှ ပွင့်ပေါ်ခဲ့ခြင်းမဟူ၍ အထက်ပါအာယသ်တော်၏ အလိုသဘောကို မှတ်ယူ၍မရပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَالَّذِيْنَ هَاجَرُوْا فِى اللّٰهِ مِنْۢ بَعْدِ مَا ظُلِمُوْا لَنُبَوِّئَنَّهُمْ فِى الدُّنْيَا حَسَنَةً ۭ وَلَاَجْرُ الْاٰخِرَةِ اَكْبَرُ ۘ لَوْ كَانُوْا يَعْلَمُوْنَ ۝

၁၆ : ၄၁ ။ ။ စင်စစ် နှိပ်စက်ညှဉ်းပန်းမှုကို ခံခဲ့ကြရပြီးနောက် အလ္လာဟ်အသျှင်မြတ်၏ သာသနာတော် ထွန်းကားမှုကို ရည်စူး၍ ရွှေ့ပြောင်းနေထိုင်သူတို့အား အမှန်ပင် ငါအသျှင်မြတ်သည် ဤလောကတွင်လည်း ကောင်းမွန်သော နေရာတွင် နေရာချပေးတော်မူမည် ဖြစ်၏။ ထို့ပြင် တမလွန်ဘဝ၏ အကျိုးဆုလာဘ်သည် အကြီးဆုံးပင် ဖြစ်ပေသည်။ အကယ်၍ ၎င်းတို့ သိကြလျှင် ကောင်းလေစွ။

الَّذِيْنَ صَبَرُوْا وَعَلٰى رَبِّهِمْ يَتَوَكَّلُوْنَ ۝

၁၆ : ၄၂ ။ ။ (ထိုရွှေ့ပြောင်းနေထိုင်သူတို့သည်) သည်းခံခဲ့ကြသူများပင် ဖြစ်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အပေါ်၌သာလျှင် ယုံကြည်စိတ်ချ လွှဲအပ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်အတွက် မိမိ၏ ဌာနေ (မက္ကာဟ်မြို့) ကို စွန့်လွှတ်ခဲ့ကြသည်။ (၎င်းနောက် အာဗရီကနိုင်ငံသို့ သွားခဲ့ကြသည်။ ကာဖိရ်များဘက်မှ) ညှဉ်းပန်းနှိပ်စက်ခြင်း ခံရပြီးသည့်နောက် (အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သော ဒုက္ခများကြောင့် မတတ်သာသည့်အဆုံး မိမိမွေးရပ်ဌာနေကို စွန့်လွှတ်ခြင်းသည် အလွန်ပင် ကြီးမားသော ဒုက္ခတစ်ခု ဖြစ်သည်။) ငါအသျှင်မြတ်သည် ဒွန္နယာလောကတွင် ၎င်းတို့ကို မုချဧကန် ကောင်းမွန်သော နေရာစခန်းတစ်ခု ချီးမြှင့်မည်ဖြစ်သည်။ (ဆိုလိုသည်မှာ ၎င်းတို့ကို မဒီနာမြို့တော်သို့ ပို့ဆောင်ပေးပြီး အေးချမ်းသာယာမှုအပေါင်းနှင့် ခညောင်းစေမည်ဖြစ်သည်။ အချိန်ကာလ အနည်းငယ်ကြာပြီးနောက် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကို မဒီနာမြို့တော်သို့ ပို့ဆောင်ပေးခဲ့သည်။ ယင်းမြို့ကို ၎င်းတို့၏ ဌာနေအဖြစ် သတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့် မဒီနာမြို့ကို ၎င်းတို့၏ ဌာနေစခန်းဟု မိန့်တော်မူခဲ့သည်။ ယင်းမြို့တွင် အဘက်ဘက်မှ တိုးတက်အောင်မြင်မှုများ ရရှိခဲ့သည်။ ထို့ကြောင့် حَسَنَةً ဟူ၍ မိန့်ဆိုခဲ့သည်။ အာဗရီကသို့ ဟိဂျ်ရည်ပြုသွားရောက်ခဲ့ခြင်းမှာ ယာယီသာဖြစ်ခဲ့သည်။ ထို့ကြောင့် ယင်းကို ဌာနေစခန်းဟု မိန့်ဆိုတော်မမူခဲ့ပေ။) ၎င်းနောက် တမလွန်၏ အကျိုးစဝါးဝိမ်များသည် (ထိုထက်) သာပို၍ ကြီးမားလေသည်။ (အကြောင်းမှာ ကောင်းခြင်းလည်း ရှိမည်။ မြဲခြင်းလည်း ရှိမည်။ ထိုတမလွန်၏ အကျိုးစဝါးဝိမ်များကို ရလိုတပ်မက်စိတ်ဖြင့် အစွလာမ်လက်ခံကြလိမ့်မည်။) ထို (မုဟာဂျိရ်များသည် ဤအတွက်ကြောင့် အသျှင်မြတ်၏ ကတိတော်များကို ရထိုက်သူများ

ဖြစ်သည်။ အကြောင်းမှာ ထိုသူတို့သည် မနှစ်မြို့ဖွယ်ရာ အကြောင်းအရာများတွင်လည်း) သည်းခံတရား ထားရှိကြသည်။ (မွေးရပ်ဌာနေကို စွန့်လွှတ်ခြင်းမှာ မနှစ်မြို့ဖွယ်ရာတစ်ခုဖြစ်သည်။ သို့သော် မစွန့်လွှတ် လျှင်လည်း သာသနာတော်ပေါ်တွင် လျှောက်လှမ်းရန် မဖြစ်နိုင်။ ထို့ကြောင့် သာသနာအတွက် ဌာနေကို စွန့်လွှတ်ခဲ့ကြသည်။ ခန္တီတရားထားခဲ့ကြသည်။) ၄င်းနောက် (ထိုသူတို့သည် အခြေအနေတိုင်းတွင်) မိမိ တို့၏ မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်အပေါ် မှီခိုအားထားကြသည်။ (မွေးရပ်ဌာနေကို စွန့်လွှတ် ခဲ့ကြသော အချိန်တွင် မည်သို့မည်ပုံ စားသောက်ကြရမည်ကို မပူပန်ခဲ့ပေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

اَلَّذِيْنَ هَاجَرُوْنَ ဆိုသည်မှာ هجرت မှ လာသော စာလုံးဖြစ်သည်။ ယင်း၏ အဘိဓါန် အဓိပ္ပာယ်မှာ မွေးရပ်ဌာနေကို စွန့်လွှတ်ခြင်းဟူ၍ ဖြစ်သည်။ အလ္လာဟ့်အတွက် မွေးရပ်ဌာနေကို စွန့်လွှတ် ခြင်းသည် အစ္စလာမ်သာသနာတွင် ကြီးမားသော အမိန့်နာခံမှုနှင့် ကြီးမားသော 'အေဗာဒသ်'ဖြစ်သည်။ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ-

اَلْهِجْرَةُ تَهْدِمُ مَا كَانَ قَبْلَهَا

အလိုသဘောမှာ ဟိဂျ်ရတ်ပြုခြင်းသည် လူသား၏ ဟိဂျ်ရတ်မပြုမီက ကျူးလွန်ခဲ့သော အကုသိုလ် များကို ပလပ်စေသောအရာဖြစ်သည်။ ဟိဂျ်ရတ်ပြုခြင်းသည် အချို့သော အခြေအနေများတွင် ဖွရ်စ်နှင့် ဝါဂျိဗ်ဖြစ်၍ အချို့သောအခြေအနေများတွင် မုတ်စ်သဟာဗ်ဖြစ်သည်။ ယင်းနှင့် ပတ်သက်သော အကျယ်တဝင့် ပြည့်တံချက်များကို စူရာဟ်နေဆားအ်၏ အာယသ်တော် (၉၇) တွင် တင်ပြခဲ့ပြီးဖြစ်လေသည်။ ဤနေရာတွင် အလ္လာဟ်အရှင်မြတ်က ဟိဂျ်ရတ်ပြုသူ မုဟာဂျိရ်များကို ချီးမြှင့်မည့် ဆုလာဘ်ကတိတော်များကိုသာလျှင် တင်ပြမည်ဖြစ်သည်။

ဟိဂျ်ရတ်ပြုခြင်းသည် ဒွန်နယာလောကတွင် ချောင်လည်မှုရရှိရန် အကြောင်းခံဖြစ်နိုင်ပါသလော၊

တင်ပြပါအာယသ်တော်များတွင် စည်းကမ်းချက်အချို့ သတ်မှတ်ကာ မုဟာဂျိရ်များအတွက် ကြီးမားသော ဆုလာဘ်ကြီးနှစ်ခုကို ချီးမြှင့်ရန် ကတိတော်ပေးထားပေသည်။ ပထမကတိတော်မှာ လောက တွင် ကောင်းမွန်သော နေရာစခန်းရရှိမည့်အကြောင်း၊ ဒုတိယကတိတော်မှာ တမလွန်တွင် အတိုင်းအဆမဲ့ ကြီးမားသော အကျိုးစဝါးဗ်များ ရရှိမည့်အကြောင်း ဖြစ်လေသည်။ လောကတွင် ကောင်းမွန်သော နေရာ စခန်းရရှိခြင်းဆိုသည်မှာ အလွန်ပင် အဓိပ္ပာယ်ပြည့်ဝသော စကားရပ်တစ်ခုဖြစ်သည်။ ထိုစကားရပ်တွင် ဟိဂျ်ရတ်ပြုသူအား နေထိုင်ရန် အိမ်နှင့် မွန်မြတ်သော အိမ်နီးချင်းများ ရရှိခြင်းလည်း ပါဝင်ပေသည်။ ကောင်းမွန်သော ရိဇိရိက္ခာရရှိခြင်းနှင့် ရန်သူများအပေါ် လွှမ်းမိုးအောင်နိုင်ခြင်းများလည်း ပါဝင်ပေသည်။

၄င်းနောက် အများသူငှာ၏ နှုတ်ဖျားတွင် မုဟာဂျိရ်များ၏ ချီးမွမ်းခန်းများ၊ ကောင်းချီးမင်္ဂလာများ၊ ဂုဏ်သိက္ခာများဖြင့် ပြည့်နှက်ဝေဆာနေမည်ဖြစ်သည်။ ယင်းဂုဏ်ပုဒ်များသည် ၄င်းတို့၏ သားစဉ်မြေးဆက်တိုင် ရရှိခံစားကြရမည်ဟု အဓိပ္ပာယ်ရသည်။ *[ကုရ်သုဗီကျမ်း]*

ဤအာယသ်တော်၏ နောက်ခံသမိုင်းအကြောင်းမှာ ဆွဟာဗာကြီးများ အာဗရီကာဘက်သို့ သွားခဲ့သော ပထမဟိဂျ်ရသ်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ယင်းနောက် ဖြစ်နိုင်ဖွယ်ရာရှိသည်မှာ အာဗရီကာဘက်သို့ ဟိဂျ်ရသ်ပြုခြင်းနှင့်တကွ မဒီနာမြို့သို့ ဟိဂျ်ရသ်ပြုခြင်းလည်း ဤအာယသ်တော်၏ ရည်ညွှန်းချက်တွင် ပါဝင်ပေသည်။ သို့ပါ၍ အာယသ်တော်တွင် ပါရှိသော မုဟာဂျိရ်များ ပြောဆိုသည်မှာ အာဗရီကာသို့ သွားခဲ့သော မုဟာဂျိရ်များနှင့် မဒီနာသို့ သွားခဲ့သော မုဟာဂျိရ်များလည်း အကျုံးဝင်ပေသည်။ ထို့ကြောင့် အချို့ပညာရှင်များက ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည် ထိုနှစ်နေရာစလုံးဘက်သို့ ဟိဂျ်ရသ်ပြုခဲ့သော ဆွဟာဗာကြီးများပေါ်သို့ သက်ရောက်ခဲ့လေသည်။ ၄င်းတို့ကို အလ္လာဟ်အသျှင်မြတ်သည် ဒွန်ယာလောကတွင် မိမိ၏ ကတိတော်အတိုင်း ဆုလာဘ်များ အပြည့်အဝ ချီးမြှင့်ခဲ့လေသည်။ ဤအချက်ကို လူအများ သိရှိပြီးဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အတွက် မဒီနာမြို့တော်ကို အာဘယ်မျှ ကောင်းမွန်သော နေရာစခန်းတစ်ခုအဖြစ် သတ်မှတ်ပေးခဲ့သနည်း။ ဒုက္ခပေးသော အိမ်နီးချင်းများအစား မျှဝေခံစားတတ်သော၊ စာနာတတ်သော အသက်ပင် ပေးမည့် အိမ်နီးချင်းများကို ရရှိခဲ့ကြသည်။ ရန်သူများအပေါ်လည်း လွှမ်းမိုးအောင်နိုင်မှုများ ရရှိခဲ့ကြသည်။ ဟိဂျ်ရသ်ပြုပြီး ရက်အနည်းငယ်အကြာတွင်ပင် ရိဇ်ဂီရက္ခာ၏ တံခါးပေါက်များ ဖွင့်လှစ်ပေးလိုက်သည်။ ဆင်းရဲနွမ်းပါးသူများလည်း သူဌေးသူကြွယ်များ ဖြစ်ကြကုန်သည်။ မြောက်မြားစွာသော နိုင်ငံများကို သိမ်းပိုက်အောင်နိုင်ခဲ့သည်။ ၄င်းတို့၏ မြင့်မြတ်သော စာရိတ္တများ၊ ရည်မွန်သော လုပ်ဆောင်ချက်များအကြောင်း ခေတ်အဆက်ဆက်ရှိ မိတ်ဆွေများနှင့် ရန်သူများ၏ နှုတ်ဖျားတွင် ရေပန်းစားနေခဲ့သည်။ ၄င်းတို့နှင့် ၄င်းတို့၏ မျိုးရိုးစဉ်ဆက်ကို အလ္လာဟ်အသျှင်မြတ်သည် ကြီးမားသော ဂုဏ်သိက္ခာများ ချီးမြှင့်ခဲ့လေသည်။ ဤသည်တို့သည် ဒွန်ယာလောကတွင် ရရှိခဲ့ကြသော ဆုလာဘ်များပင် ဖြစ်သည်။ ထို့နောက် တမလွန်တွင် ရရှိမည့် ဆုလာဘ်တော်များ မလွဲဧကန် ဖြစ်လေသည်။

သို့သော် ဗဟ်ရေမုဟီးသ်သဖ်စီးရ်ကျမ်းတွင် အဗူဟိုင်ယာန်သခင်က ရေးသားထားသည်မှာ-

وَالَّذِيْنَ هَاجَرُوْاعَامٌ فِي الْمُهَاجِرِيْنَ كَائِنًا مَّاكَا نُوْا فَيَشْمَلُ اَوَّلَهُمْ وَاٰخِرَهُمْ

وَالَّذِيْنَ هَاجَرُوْا ဆိုသော စာသား၏ အဓိပ္ပာယ်တွင် မည်သည့်မုဟာဂျိရ်မဆို ပါဝင်ပေသည်။ မည်သည့်ခေတ် ကာလမဆို၊ မည်သည့်ဒေသမှမဆို မုဟာဂျိရ်များကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်၏ အကျုံးဝင်ဝါးဗ်တွင် တမန်တော်မြတ် ﷺ ၏ ခေတ်ကာလက ဟိဂျ်ရသ်ပြုသူများလည်း

ပါဝင်သကဲ့သို့ နောင်လာမည့် 'ကေယာမသ်'နေ့အထိ အလ္လာဟ်အသျှင်မြတ်အတွက် ဟီဂျ်ရသ်ပြုသူများသည်လည်း အကျိုးစဝါးမိရရှိခြင်းတွင် အကျုံးဝင်ပေသည်။

သဖ်စီးရ်ပညာရပ်၏ သာမန်မျှအရ သုံးသပ်ကြည့်လျှင် ဤသို့ပင် အဓိပ္ပာယ်ရသည်။ အာယသ်သို့ဆိုသော် အာယသ်တော်၏ နောက်ခံသမိုင်းမှာ သီးခြားအဖြစ်အပျက်တစ်ခု၊ သီးခြားအုပ်စုတစ်စုနှင့် ပတ်သက်နေသော်ငြားလည်း အကျိုးသက်ရောက်မှုမှာမူ အများနှင့် ဆိုင်ပေသည်။ ထို့ကြောင့် အသျှင်မြတ်၏ ချီးမြှင့်မှု ကတိတော်နှစ်ရပ်စလုံးသည် မုဟာဂျိရ်များအတွက် အပြည့်အဝ ရရှိမည်မှာ မလွဲကေန်ပင်ဖြစ်သည်။

မုဟာဂျိရ်များအတွက် အလားတူ ကတိတော်တစ်ရပ်ကိုလည်း စူရာဟ်နေသား၏ အာယသ်တော်တစ်ပိုဒ်တွင် တင်ပြထားပေသည်။

وَمَنْ يُّهَاجِرْ فِيْ سَبِيْلِ اللّٰهِ يَجِدْ فِي الْاَرْضِ مُرٰغَمًا كَثِيْرًا وَّسَعَةً

ဤအာယသ်တော်တွင် နေရာထိုင်ခင်းနှင့် စားဝတ်နေရေး ချောင်လည်မှုရရှိမည့်အကြောင်းကို အထူးတလည် ကတိပြုတော်မူထားသည်။ သို့သော် ကျမ်းတော်မြတ်ကုရ်အာန်တွင် ထိုချီးမြှင့်ကတိတော်များနှင့် ပတ်သက်၍ မုဟာဂျိရ်များ၏ အရည်အချင်းအချို့၊ ၎င်းနောက် ဟီဂျ်ရသ်နှင့် ပတ်သက်သော စည်းကမ်းချက် အချို့ကိုလည်း မိန့်ဆိုတင်ပြထားပေသည်။ ထို့ကြောင့် ထိုဆုလာဘ်များကို ထိုက်တန်သော မုဟာဂျိရ်များသည် အကြင်သူများသာ ဖြစ်လိမ့်မည်။ ယင်းသူတို့တွင် ကျမ်းမြတ်ကုရ်အာန်က ပြဋ္ဌာန်းထားသော အရည်အချင်းများ ရှိနေရမည်။ ကျမ်းမြတ်ကုရ်အာန်၏ ဟီဂျ်ရသ်စည်းကမ်းချက်များကိုလည်း ပြည့်ပြည့်ဝဝ လိုက်နာသူများ ဖြစ်ရမည်။

ယင်းစည်းကမ်းချက်များအနက်မှ ပထမဆုံးစည်းကမ်းချက်သည် فِي اللّٰهِ ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ဟီဂျ်ရသ်ပြုခြင်း၏ ရည်ရွယ်ချက်သည် အလ္လာဟ်အသျှင်မြတ်၏ နှစ်မြို့မှုကို ရရှိရန်အတွက်သာ ဖြစ်ရမည်။ ထိုရည်ရွယ်ချက်တွင် လောကီရေးရာ အကျိုးကိစ္စများဖြစ်သည့် စီးပွားရေး၊ အလုပ်အကိုင်ရရှိရေး၊ မိမိလိုအင်ဆန္ဒ ပြည့်ဝရေး စသည်တို့ မပါရှိရပေ။

ဒုတိယစည်းကမ်းချက်မှာမူ مِنْۢ بَعْدِ مَا ظُلِمُوْا ဟူ၍ဖြစ်ပြီး ထိုမုဟာဂျိရ်များသည် ညှဉ်းပန်းခံရသူများ ဖြစ်ရမည်။

တတိယစည်းကမ်းချက်မှာ اَلَّذِيْنَ صَبَرُوْا ဟူ၍ ဖြစ်ပြီး အစကနဦးတွင် ကြုံတွေ့ရသော ဒုက္ခများကို သည်းခံတရားထား၍ သာသနာပေါ်တွင် ကြံ့ကြံ့ခိုင် ရပ်တည်နေရမည်။

စတုတ္ထစည်းကမ်းချက်မှာ وَعَلٰى رَبِّهِمْ يَتَوَكَّلُوْنَ ဟူ၍ ဖြစ်ပြီး လောကီရေးရာ အကြောင်းအရာ အားလုံးကို ကျနစွာ စီမံပြီးသည့်နောက်တွင်လည်း အလ္လာဟ်အသျှင်မြတ်အပေါ်သာ အားကိုးအားထားနေရမည် ဖြစ်သည်။ အာယသ်သို့ဆိုသော် အောင်နိုင်ခြင်း၊ အကူအညီရရှိခြင်းနှင့် အလုံးစုံသော အောင်မြင်မှုတို့သည် အသျှင်မြတ်၏ လက်တော်ဝယ်သာ ရှိသည်။

အထက်ပါစည်းကမ်းချက်များအရ သိရှိရသည်မှာ အစကနဦးတွင် ဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်တစ်ခု ဖြစ်သည်။ ထိုဒုက္ခများကို ကျော်လွှားပြီးသည့်နောက်တွင်လည်း အကယ်၍ မုဟာဂျိရ်တစ်ဦးဦးသည် ကောင်းမွန်သော နေရာစခန်းနှင့် ငြိမ်းချမ်းသာယာသော အခြေအနေများကို မရရှိခဲ့ပါသော်လည်း ကျမ်းမြတ်ကုရ်အာန်ရှိ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်များကို သံသယထားရှိ၍ မရပေ။ မိမိ၏ 'နီယသ်'ရည်စူးမှုနှင့် စိတ်ထားဖြူစင်မှု၊ ၎င်းနောက် မှန်ကန်သော ကျင့်ကြံမှုတို့ကိုသာ ဆန်းစစ်လေ့လာရမည်ဖြစ်သည်။ ဤအချက်အလက်များ ပြည့်စုံမှသာ အသျှင်မြတ်၏ ဆုလာဘ်ကတိတော်ကို ရရှိမည်ဖြစ်သည်။ ဤသို့ ဆန်းစစ်ခြင်းဖြင့် မိမိတို့၏ အားနည်းချက်များကို တွေ့မြင်လာမည်ဖြစ်သည်။ အချို့တွင် ရည်စူးမှု မမှန်ကန်ခြင်း၊ အချို့တွင် သည်းခံမှုမရှိခြင်း၊ အချို့တွင် ကြံ့ခိုင်မှု အားနည်းခြင်းနှင့် ယုံကြည်အားထားမှု နည်းပါးခြင်းတို့ကို မြင်တွေ့နိုင်မည် ဖြစ်သည်။

မွေးရပ်ဌာနေကို စွန့်လွှတ်ခြင်းနှင့် ဟီဂျ်ရသ်၏ အမျိုးအစားများ၊ ၎င်းနောက် ပညတ်ချက်များ

အေမာမ်ကုရ်သုဗီးသခင်သည် ဟီဂျ်ရသ်မွေးရပ်ဌာနေကို စွန့်လွှတ်ခြင်းနှင့် ပတ်သက်ပြီး ယင်း၏ အမျိုးအစားများနှင့် ပညတ်ချက်များအကြောင်းကို အလွန်ပင် အကျိုးရှိလှသော ဆောင်းပါးတစ်ခု ရေးသားထားလေသည်။ အများအကျိုးရရှိရန်အလို့ငှာ ဤနေရာတွင် ယင်းဆောင်းပါးကို တင်ပြလိုပါသည်။ အေမာမ်ကုရ်သုဗီးသခင်သည် အိဗ်နေအရ်ဘီသခင်ထံမှ ရေးသားဆင့်ပြန်ခဲ့သည်မှာ မိမိမွေးရပ်ဌာနေကို ခွဲခွာခြင်းသည် ၎င်းနောက် ကမ္ဘာမြေအနှံ့ ခရီးသွားလာခြင်းသည် တစ်ခါတစ်ရံ အကြောင်းအရာတစ်ခုခုကို တိမ်းရှောင်နိုင်ရန် ဖြစ်ကောင်းဖြစ်လိမ့်မည်။ ၎င်းနောက် တစ်ခါတစ်ရံ တစ်ခုကို လိုလားရှာဖွေရန်အတွက် ဖြစ်ကောင်းဖြစ်လိမ့်မည်။ ပထမအမျိုးအစားဖြစ်သော တိမ်းရှောင်ခြင်းကိုပင် ဟီဂျ်ရသ်ပြုခြင်းဟု ခေါ်ဆိုသည်။ ၎င်းဟီဂျ်ရသ်၏ အမျိုးအစားခြောက်မျိုး ရှိသည်။

ပထမအမျိုးအစားမှာ 'ဒါရုလ်ကုဖ်ရ်'မှ ဒါရုလ်အစ္စလာမ်ဘက်သို့ သွားခြင်း၊ ဤအမျိုးအစားသည် တမန်တော်မြတ် ﷺ ခေတ်ကာလတွင် 'ဖွရ်ဇ်'ဖြစ်ခဲ့သည်။ နောင်လာမည့် 'ကေယာမသ်'တိုင်အောင် တတ်စွမ်းနိုင်မှု စသည့် စည်းကမ်းချက်များနှင့် ပြည့်စုံပါက 'ဖွရ်ဇ်'တာဝန်ထိုက်နေမည်ဖြစ်သည်။ (ဆိုလိုသည်မှာ ဒါရုလ်ကုဖ်ရ်၊ ကာဖိရ်များ၏ နေရာဒေသတွင် မိမိ၏ အသက်အိုးအိမ် စည်းစိမ်၊ ဂုဏ်သိက္ခာ စသည်တို့ လုံခြုံမှု မရှိသည့်အတွက်သော်လည်းကောင်း၊ သို့မဟုတ် သာသနာရေးရာ 'ဖွရ်ဇ်'ပညတ်ချက်များကို ထမ်းဆောင်နိုင်ခြင်း မရှိသည့်အတွက်သော်လည်းကောင်း ဤသို့သော် အခြေအနေမျိုးတွင် 'ဒါရုလ်ဟာရဗ်' ဟု ခေါ်သော ထိုဒေသတွင် နေထိုင်ခြင်းသည် အပြစ်ရှိသည်။

ဒုတိယအမျိုးအစားမှာ 'ဒါရုလ်ဗစ်ဒ်အသ်'များ လွှမ်းမိုးရာ ဒေသများမှ ထွက်ခွာသွားခြင်းဖြစ်သည်။ အိဗ်နေကာစင်မ်သခင်က အေမာမ်မာလိက် (ရဟ) သခင်ထံမှ ကြားနာခဲ့ရသည်ကို ရေးသားထားသည်မှာ မွတ်စ္စလင်မ်တစ်ဦးအတွက် ဤသို့သော ဒေသတွင် နေထိုင်ခြင်းမှာ 'ဟလာလ်'မဖြစ်နိုင်။ ထိုဒေသတွင်

ရှေးယခင်သူတော်စင်များကို ပုတ်ခတ်ပြောဆိုကြမည်ဆိုလျှင် အိမ်နေအင်္ဂါသခင်က ယင်းအဆိုကိုပင် ဆင့်ပြန် ရေးသားသည်မှာ ဤစကားသည် လုံးဝ မှန်ကန်ပေသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ အသင်သည် မကောင်းမှုတစ်ခုကို ပပျောက်သွားအောင် မလုပ်ဆောင်နိုင်ပါက ထိုနေရာမှ အသင်ထွက်ခွာသွားရန်မှာ အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူထားသည်မှာ-

وَاِذَارَاَ يْتَ الَّذِيْنَ يَخُوْضُوْنَ فِيْٓ اٰيٰتِنَا فَاَعْرِضْ عَنْهُمْ

တတိယအမျိုးအစားမှာ 'ဟရာမ်'မပြုပိုင်သော ကိစ္စများ လွှမ်းမိုးနေသည့် နေရာဒေသမှ ထွက်ခွာ သွားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ဟလာလ်'ကို ရှာဖွေခြင်းမှာ မွတ်စ္စလင်မ်တိုင်းအပေါ် 'ဖွရဇ်' ဖြစ်သည်။

စတုတ္ထအမျိုးအစားမှာ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဘေးဒုက္ခများမှ ကင်းဝေးရန် ထွက်ခွာသွားခြင်း ဖြစ်သည်။ ဤသို့ ထွက်ခွာခြင်းသည် ပြုပိုင်ရုံသာမက အသျှင်မြတ်၏ ဘက်တော်မှ ဆုလာဘ်တစ်ပါး ဖြစ်သည်။ အကြောင်းမှာ လူသားသည် အကြင်နေရာဒေသတွင် ရန်သူများကြောင့် ကျရောက်လာမည့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဘေးဒုက္ခများ၏ အန္တရာယ်ကို မြင်တွေ့ပါက ထိုနေရာဒေသမှ ထွက်ခွာသွားရမည်။ သို့မှသာ အန္တရာယ်အပေါင်းမှ ကင်းဝေးမည်ဖြစ်သည်။ ဤစတုတ္ထအမျိုးအစားဖြစ်သော ဟိဂ်ျရသ်ကို ဦးစွာ ပထမ အီဗ်ရာဟီးမ် ﷺ သခင်က ပြုခဲ့လေသည်။ မိမိ၏ မျိုးနွယ်စုတို့၏ ဘေးရန်မှ ကင်းဝေးရန် အီရတ်နိုင်ငံမှ ရှားမ်နိုင်ငံဘက်သို့ ဟိဂ်ျရသ်ပြုခဲ့သည်။ တမန်တော်အီဗ်ရာဟီးမ် ﷺ က မိန့်ဆိုခဲ့သည်မှာ-

اِنِّيْ مُهَاجِرٌ اِلٰى رَبِّيْ

ထို့နောက် တမန်တော်မူစာ ﷺ လည်း ဤကဲ့သို့သော ဟိဂ်ျရသ်ကို အီဂျစ်နိုင်ငံမှ 'မဒ်ယာန်'ပြည် ဘက်သို့ ပြုခဲ့သည်။ ကျမ်းတော်မြတ်တွင် လာရှိသည်မှာ-

فَخَرَجَ ، مِنْهَا خَآئِفًا يَّتَرَقَّبُ

ပဉ္စမအမျိုးအစားမှာ ရေထု၊ လေထု ညစ်ညမ်းမှုအန္တရာယ်ကြောင့် ၄င်းနောက် ရောဂါဘယများ ၏ အန္တရာယ်မှ ကင်းဝေးရန် ထွက်ခွာခြင်းဖြစ်သည်။ ရှရီအသတ်တရားတော်တွင် ဤကဲ့သို့ ထွက်ခွာခြင်း ကိုလည်း ခွင့်ပြုထားသည်။ တမန်တော်မြတ် ﷺ ၏ ခေတ်တွင် ကိုယ်တော်မြတ် ﷺ သည် နွားကျောင်းသား အချို့ကို မဒီနာမြို့အပြင်ဘက် တောထဲတွင် နေထိုင်ရန် မိန့်ကြားခဲ့လေသည်။ မြို့ပြ၏ ရေမြေပတ်ဝန်းကျင် သည် ၄င်းတို့နှင့် မလျော်ကန် မကိုက်ညီသောကြောင့် ဖြစ်သည်။ ထိုနည်းတူစွာ သမ္မတကြီးအုမရ် ﷺ သခင် ၏ ခေတ်တွင် သမ္မတကြီးသည် အဗူအိုဗိုင်ဒဟ် ﷺ သခင်ကို အမိန့်တော်ပါးခဲ့သည်မှာ 'အွရ်ဒွန်'ရုံးစိုက် မြို့တော်ကို ဤသို့ မြင့်မားသော ဒေသတစ်ခုသို့ ပြောင်းရွှေ့လိုက်လော့။ အကြင်ဒေသတွင် ရေမြေပတ်ဝန်း ကျင် ညစ်ညမ်းမှု မရှိပေ။

သို့သော် ဤသို့ ပြောင်းရွှေ့ခြင်းသည် ပုလိပ်ရောဂါကဲ့သို့သော ကူးစက်ရောဂါများ ပြန့်နှံ့နေခြင်း မရှိသော အချိန်ကာလမျိုးတွင်သာ ဖြစ်ရမည်။ အကယ်၍ ကူးစက်ရောဂါများ ပြန့်နှံ့နေပါက ထိုဒေသတွင် နဂိုမူလကတည်းက နေထိုင်ခဲ့ကြသော သူများသည် အခြားပြင်ပသို့ မပြောင်းရွှေ့ရပေ။ ၎င်းနောက် အခြားပြင်ပဒေသမှ နေထိုင်သူများသည် ထိုဒေသအတွင်းသို့ ဝင်ရောက်ခွင့်မရှိ။ သမ္မတကြီးအုမရ် ﷺ သခင်ကိုယ်တိုင် ရှားမ်နိုင်ငံဘက်သို့ သွားစဉ်အခါက နယ်စပ်သို့ ရောက်ရှိသောအခါ ရှားမ်နိုင်ငံတွင် ပုလိပ်ရောဂါပြန့်ပွားနေသည်ကို ကြားသိလိုက်ရသည်။ ထိုအခါ သမ္မတကြီးသည် ထိုနိုင်ငံသို့ ဝင်ရောက်ရန် တွေဝေနေခဲ့သည်။ ဆွဟာဗာကြီးများနှင့် အကြိမ်ကြိမ် ဆွေးနွေးတိုင်ပင်ခဲ့လေသည်။ နောက်ဆုံးတွင် အဗ်ဒူရ်ရဟ်မာန် ဗင်န်အောင်ဖ် ﷺ သခင်က တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်တစ်ပုဒ်ကို ဖတ်ကြားတင်ပြလေသည်။ ကိုယ်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

إِذَا وَقَعَ بِأَرْضٍ وَأَنْتُمْ بِهَا فَلَا تَخْرُجُوا مِنْهَا وَإِذَا وَقَعَ بِأَرْضٍ

وَلَسْتُمْ بِهَا فَلَا تَهْبِطُوا عَلَيْهَا

'ပုလိပ်ရောဂါပြန့်ပွားနေသော ဒေသတစ်ခုခုတွင် အသင်တို့ ရှိနေပါက ထိုနေရာဒေသမှ မထွက်ခွာလေနှင့်။ ၎င်းနောက် ထိုဒေသတွင် ကနဦးကတည်းက အသင်တို့ မရှိနေဘဲ ထိုနေရာတွင် ပုလိပ်ရောဂါပြန့်ပွားနေသည်ဟု သတင်းရရှိခဲ့ပါမူ ထိုသို့သော ဒေသအတွင်းသို့ မဝင်ရောက်ကြလေနှင့်။'

ထိုအချိန်မှ သမ္မတကြီးအုမရ်ဖာရူးက် ﷺ သခင်သည် တမန်တော်မြတ် ﷺ ၏ ညွှန်ကြားတော်ကို လိုက်နာကျင့်သုံးသည့်နေဖြင့် နောက်လိုက်အုပ်စုအားလုံးကို လှည့်ပြန်ရန် အမိန့်ပေးလိုက်လေသည်။

အချို့သော ပညာရှင်များက တင်ပြသည်မှာ အထက်ပါဟဒီးစ်တော်၏ အမိန့်ပညတ်ချက်တွင် ထူးခြားသော အမြော်အမြင်တစ်ရပ်ရှိ၏။ ၎င်းမှာ ရောဂါပြန့်နှံ့ပြီးသည့်ဒေသတွင် နေထိုင်ကြသူများသည် အနည်းနှင့်အများ ၎င်းတို့၏ ခန္ဓာကိုယ်တွင် ရောဂါပိုးများ ရှိနေမည်မှာ သေချာပေသည်။ အကယ်၍ ထိုသူများသည် ထိုရောဂါပြန့်ပွားပြီးခဲ့သည့်နေရာမှ ထွက်ပြေးမည်ဆိုလျှင် ရောဂါကူးစက်ခံရပြီးသည့်အတွက် လွတ်ကင်း နိုင်ကြမည်မဟုတ်။ ၎င်းတို့ ထွက်ပြေးရောက်ရှိသွားကြသော နေရာဒေသရှိ လူများပါ ကူးစက်ခံရမည် ဖြစ်သည်။ ထို့ကြောင့်ပင် တမန်တော်မြတ် ﷺ သည် အထက်ပါ ဉာဏ်အမြော်အမြင်တော်နှင့် ပြည့်စုံသော ဆုံးဖြတ်ချက်မျိုးကို မိန့်ဆိုခဲ့ခြင်းဖြစ်သည်။

ဆဋ္ဌမအမျိုးအစားမှာ မိမိ၏ ဥစ္စာပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ထွက်ခွာခြင်းဖြစ်သည်။ အကြင်သူတစ်ဦးတစ်ယောက်သည် နေရာဒေသတစ်ခုခုတွင် သူခိုး၊ ဓါးပြများ၏ အန္တရာယ်ကို စိုးရိမ်ရသော် ထိုနေရာမှ ထွက်ခွာသွားရမည်။ ရှရီအသတ်တရားတော်က ဤသို့ ထွက်ခွာခြင်းကိုလည်း ခွင့်ပြုထားပေသည်။ အဘယ်ကြောင့်ဆိုသော် မွတ်စ္စလင်မ်တို့၏ အသက်ဇီဝိန်ကဲ့သို့ မွတ်စ္စလင်မ်တို့၏ ပစ္စည်းဥစ္စာသည်လည်း ထိန်းသိမ်းရမည့်အရာ ဖြစ်သည်။ ဤသည်တို့သည် အရာတစ်ခုခုမှ ရှောင်တိမ်းရန်၊ လွတ်ကင်းရန် မိမိ၏

မွေးရပ်ဌာနေကို စွန့်ခွာခြင်း၏ အမျိုးအစားခြောက်မျိုးဖြစ်သည်။ ဆက်လက်၍ အရာတစ်ခုခုကို လိုလားရှာဖွေရန်အတွက် ခရီးထွက်ခွာခြင်းအကြောင်းကို တင်ပြမည်ဖြစ်သည်။ ၎င်းတွင် အမျိုးအစားကိုးမျိုး ရှိသည်။

(၁) သံဝေဂရရန် ခရီးထွက်ခွာခြင်း၊

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းခံများနှင့် အသျှင်မြတ်၏ ပြီးပြည့်စုံသော 'ကွဒ်ရသ်'တန်ခိုးတော်တို့ကို လေ့လာသိရှိရန်၊ ၎င်းနောက် လွန်လေပြီးသော အွမ္မသ်များနှင့် ပတ်သက်၍ လေ့လာကြည့်ရှုပြီး သံဝေဂတရားရယူရန် မြေပထဝီတွင် လှည့်ပတ်သွားလာခြင်း၊ ကျမ်းတော်မြတ်ကုရ်အာန်တွင် ဤသို့သော ခရီးမျိုးကို သွားလာခြင်းပြုရန် တိုက်တွန်းထားပေသည်။

اَوَلَمْ يَسِيْرُوْا فِى الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلِهِمْ

ဇုလ်ကရ်နိုင်းန်ဘုရင်ကြီး၏ ခရီးကိုလည်း အချို့ပညာရှင်များက ဤအမျိုးအစားထဲမှဟု သတ်မှတ်သည်။ အချို့ပညာရှင်များက ဆိုသည်မှာ ထိုဘုရင်ကြီး၏ ခရီးသည် အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက် ဥပဒေများကို မြေပထဝီအနှံ့တွင် သက်ရောက်အာဏာတည်စေရန် သွားလာခဲ့ခြင်းဖြစ်လေသည်။

(၂) 'ဟဂျ်'ပြုရန် ခရီးထွက်ခြင်း၊

၎င်းခရီးစဉ်သည် စည်းကမ်းချက်အချို့နှင့် ကိုက်ညီပါက အစ္စလာမ်သာသနာတွင် 'ဖွရဒ်' တာဝန်ရှိသည်ကို အားလုံးအသိပင် ဖြစ်သည်။

(၃) 'ဂျိဟားဒ်'ပြုရန် ခရီးထွက်ခြင်း၊

ဤခရီးသည် 'ဖွရဒ်' သို့မဟုတ် 'ဝါဂျိဗ်'၊ သို့မဟုတ် 'မွတ်စ်သဟာဗ်'ဖြစ်သည်ကိုလည်း မွတ်စ္စလင်မ်များအားလုံးအသိပင် ဖြစ်သည်။

(၄) ဝမ်းစာရှာဖွေရန် ခရီးထွက်ခြင်း၊

အကြင်သူတစ်ဦးသည် မိမိ၏မွေးရပ်ဌာနေတွင် လိုအပ်သည့် အတိုင်းအတာမျှ ဝမ်းစာရှာဖွေမရရှိနိုင်ပါက အခြားဒေသများသို့ သွားရောက်၍ ဝမ်းစာရှာဖွေရန်မှာ အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်သည်။

(၅) ရောင်းဝယ်ဖောက်ကားရန် ခရီးထွက်ခြင်း၊

ဆိုလိုသည်မှာ မိမိလိုအပ်သော အတိုင်းအတာထက် သာပိုသော ဥစ္စာပစ္စည်းကို ရှာဖွေရရှိရန် ခရီးထွက်ခြင်း၊ ဤသည်ကိုလည်း တရားတော်က ခွင့်ပြုထားသည်။ အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူထားသည်မှာ–

لَيْسَ عَلَيْكُمْ جُنَاحٌ اَنْ تَبْتَغُوْا فَضْلًا مِّنْ رَّبِّكُمْ

ဤအာယသ်တော်တွင် အသျှင်မြတ်၏ ကျေးဇူးတော်ကို ရှာဖွေခြင်းဆိုသည်မှာ ရောင်းဝယ်ဖောက်ကားခြင်းကို ခေါ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဟဂ်ျခရီးစဉ်တွင်ပင် ရောင်းဝယ်ဖောက်ကားခြင်းကို ခွင့်ပြုထားသောကြောင့် သီးသန့်ရောင်းဝယ်ဖောက်ကားရန် ခရီးထွက်ခြင်းသည် သာ၍ပင် ပြုပိုင်သော အရာဖြစ်သည်။

(၆) ပညာရှာဖွေရန်ခရီးထွက်ခြင်း၊

ဤခရီးစဉ်သည် သာသနာ၏ လိုအပ်သော အတိုင်းအတာခန့်မျှ ပညာရှာဖွေရန် 'ဖရ်ဇေအိုင်းန်' တာဝန်ဖြစ်သည်။ ၎င်းနောက် လိုအပ်သည့် အတိုင်းအတာထက် သာ၍ ပညာရှာဖွေရန် ခရီးထွက်ခြင်းမှာ 'ဖရ်ဇေကေဖာယာ' တာဝန်ဖြစ်သည်ကို အများအသိပင် ဖြစ်သည်။

(၇) နေရာဒေသတစ်ခုခုကို ထွတ်မြတ်သည်၊ မင်္ဂလာရှိသည်ဟု ယူဆကာ ၎င်းဘက်သို့ ခရီးထွက်ခြင်း၊

ယင်းခရီးစဉ်သည် ဝတ်ကျောင်းတော်သုံးခုမှအပ အခြားမည်သည့်နေရာကိုမျှ သွားရောက်ခွင့် မရှိ။ ၎င်းတို့မှာ 'မတ်စ်ဂျိဒ်ဒ္ဓေဟရာမ်' (မက္ကာဟ်မြို့ရှိ ဝတ်ကျောင်းတော်) 'မတ်စ်ဂျိဒ်ဒ္ဓေနဗဝီ' (မဒီနာမြို့ရှိ ဝတ်ကျောင်းတော်) 'မတ်စ်ဂျိဒ်အတ်က်ဆွာ' (ဗိုင်သွလ်မုကဒ်ဒတ်စ် ဝတ်ကျောင်းတော်) ဤအဆိုသည် အေမာမ်ကုရ်သုဗီးသခင်နှင့် အိဗ်နေအရ်ဘီသခင်တို့၏ အဆိုဖြစ်သည်။ အခြားသော ခေတ်ဟောင်းခေတ်သစ် ပညာရှင်များ၏ အဆိုမှာမူ 'ဗရ်ကာသ်' မင်္ဂလာရှိသော အခြားနေရာဒေသများသို့လည်း သွားရောက်ခြင်း ပြုပိုင်သည်ဟု ဆိုထားပေသည်။ *[မုဖ်သီရှဖီးအ် (ရုဟ)]*

(၈) အစ္စလာမ်နိုင်ငံ၏ နယ်စပ်ဒေသများကို ထိန်းသိမ်းစောင့်ရှောက်ရန် ခရီးထွက်ခြင်း၊

၎င်းကို အာရဗီဝေါဟာရတွင် رباط ဟု ခေါ်ဆိုသည်။ ၎င်းခရီးစဉ်တွင် မြောက်မြားစွာသော အကျိုးစဝါးဗ်များ ရရှိသည့်အကြောင်း ဩဝါဒတော်အမြောက်အမြားတွင် လာရှိထားသည်။

(၉) မိတ်ဆွေရောင်းရင်းများကို တွေ့ဆုံရန် ခရီးထွက်ခြင်း၊

ဟဒီးစ်တော်တွင် ဤခရီးစဉ်ကိုလည်း အကျိုးစဝါးဗ်မြောက်မြားစွာရှိသည်ဟု သတ်မှတ်မိန့်ဆိုထားသည်။ မွတ်စ္စလင်မ်ကျမ်းတွင် ဆင့်ပြန်ထားသည်မှာ ဆွေမျိုးသင်္ဂဟများနှင့် မိတ်ဆွေရောင်းရင်းများကို တွေ့ဆုံရန် ခရီးထွက်သောသူကို ကောင်းကင်တမန်များက ဆုမွန်ဒိုအာ ပေးကြသည်ဟူ၍ ပါရှိသည်။ သို့သော် ဤသို့တွေ့ဆုံခြင်းသည် အသျှင်မြတ်၏ နှစ်မြို့မှုရရန် ဖြစ်ရမည်။ လောကီရေးရာလိုအပ်ချက်များကြောင့် မဖြစ်စေရ။ *[ကုရ်သုဗီ၊ ရူဟုလ်မအာနီ၊ တွဲ-၅၊ စ-၃၅၁]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَمَآ اَرۡسَلۡنَا مِنۡ قَبۡلِكَ اِلَّا رِجَالًا نُّوۡحِىۡۤ اِلَيۡهِمۡ فَسۡـئَلُوۡۤا اَهۡلَ الذِّكۡرِ اِنۡ كُنۡتُمۡ لَا تَعۡلَمُوۡنَ ۝٤٣

၁၆ : ၄၃ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် အသင့်အလျင်လည်း ယောကျာ်းများကိုသာလျှင် (ရစူလ်တမန်တော်များအဖြစ်) စေလွှတ်တော်မူခဲ့လေသည်။ ငါအသျှင်မြတ်သည် ထိုရစူလ်တမန်တော်များထံသို့ 'ဝဟီ' အမိန့်တော်ကို ပို့တော်မူ (ခဲ့) လေသည်။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် (မိမိတို့ကိုယ်တိုင်) မသိကြပါလျှင် (ရှေး) ကျမ်းဂန်ရရှိသူတို့အား မေးမြန်းကြည့်ကြလေကုန်။

بِالۡبَيِّنٰتِ وَالزُّبُرِؕ وَاَنۡزَلۡنَاۤ اِلَيۡكَ الذِّكۡرَ لِتُبَيِّنَ لِلنَّاسِ مَا نُزِّلَ اِلَيۡهِمۡ وَلَعَلَّهُمۡ يَتَفَكَّرُوۡنَ ۝٤٤

၁၆ : ၄၄ ။ ။ (ငါအသျှင်မြတ်သည် ထိုတမန်တော်များအား) ထင်ရှားသော သက်သေသာဓကများ၊ ကျမ်းဂန်များနှင့်တကွ (စေလွှတ်တော်မူခဲ့၏။) ထို့ပြင် ငါအသျှင်မြတ်သည် အသင့်ထံသို့လည်း ဤတရားကျမ်းဂန်ကို ထုတ်ပြန်ချပေးသနားတော်မူ၏။ ဤသို့ ချပေးသနားတော်မူခြင်းမှာ အသင်သည် လူသားတို့အား ထိုသူတို့ထံ ချပေးသနားတော်မူခြင်း ခံရသည့် အမိန့်တော်များကို ထင်ရှားစေရန်အလို့ငှာလည်းကောင်း၊ ထိုသူတို့သည် စဉ်းစားဆင်ခြင်ကြရန်အလို့ငှာလည်းကောင်း ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငှင်းနောက် (အသင်တမန်တော်၏ 'ရေစာလသ်' နှင့် 'နဗူဝသ်' ကို ထိုငြင်းဆန်သူတို့သည် အကြောင်းအချက်ကြောင့် ငြင်းဆန်နေကြခြင်းဖြစ်သည်။ ယင်းအချက်မှာ တမန်တော်မြတ် ﷺ သည် လူသားတစ်ဦးဖြစ်သောကြောင့် ဖြစ်သည်။ ၎င်းတို့ထံတွင် နဗီနှင့် ရစူလ်သည် လူသားများထဲမှ မဖြစ်သင့်ပေဟု ယူဆထားကြသည်။ ဤသည် ၎င်းတို့၏ ပညာမဲ့သော အတွေးအခေါ်တစ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) ငါအသျှင်မြတ်သည် အသင်တမန်တော်အလျင်က ရစူလ်များကိုလည်း လူသားများထဲမှပင် ရွေးချယ်၍ 'မုအ်ဂျေဇာဟ်' တော်များနှင့် ကျမ်းတော်များကို ချီးမြှင့်ကာ စေလွှတ်တော်မူခဲ့သည်။ အဘယ်သို့ဆိုသော် ထိုတမန်တော်များအပေါ်သို့ 'ဝဟီ' ဗျာဒိတ်တော်များ ပို့ချပေးခဲ့သည်။ (သို့ပါ၍ အို၊ မက္ကာဟ်မြို့သားငြင်းဆန်သူအပေါင်းတို့) အကယ်၍ အသင်တို့ ပညာမရှိပါမူ သိရှိနားလည်သူများထံ မေးမြန်းကြလော။ (လွန်လေပြီးသော တမန်တော်များအကြောင်းကို သိရှိနားလည်သူများထံ မေးမြန်းကြလော။ ၎င်းနောက် ထိုသူတို့သည် အသင်တို့၏ အယူအဆအတိုင်း မွတ်စ္စလင်မ်များဘက်မှ ဘက်လိုက်သူများ မဖြစ်ရ။ ၎င်းနောက် ထိုနည်းတူစွာ အသင်တမန်တော်ကိုလည်း ရစူလ်အဖြစ် ရွေးချယ်ပြီး) အသင့်အပေါ်သို့ ကျမ်းမြတ်ကုရ်အာန်ကို ချပေးသနားတော်မူလေသည်။ သို့မှသာ (အသင်တမန်တော်၏ အကြောင်းခံဖြင့်) လူအများထံသို့ ချပေးသည့် 'ဟောဒါယသ်' လမ်းမှန်တရားကို အသင်သည် ရှင်းလင်းပြတ်သားစွာ ပို့ချနိုင်မည်ဖြစ်သည်။ သို့မှသာ ထိုသူတို့သည်လည်း ထိုကျမ်းမြတ်နှင့် ပတ်သက်ပြီး စဉ်းစားတွေးတောနိုင်ကြမည် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ရူဟွလ်မအာနီကျမ်းတွင် ရေးသားထားသည်မှာ 'ဤအာယသ်တော် ကျရောက်လာပြီးသည့်နောက် မက္ကာဟ်မြို့နေ မုရှ်ရစ်က်များသည် သံတမန်အဖွဲ့တစ်ဖွဲ့ကို မဒီနာမြို့ရှိ ယဟူဒီများထံသို့ အခြေအနေများကို မေးမြန်းစုံစမ်းရန် စေလွှတ်ခဲ့လေသည်။ အကြောင်းမှာ ယခင် နဗီတမန်တော်များသည်လည်း လူသား မျိုးနွယ်များမှ ဖြစ်ခဲ့သည်မှာ မှန်ကန်ပါ၏လော'ဟူ၍ ဖြစ်သည်။

အမှန်စင်စစ် اهل الذكر ဟူသော စာသားတွင် ယခင်ကျမ်းရပုဂ္ဂိုလ်များနှင့် အီမာန်ရှင်များလည်း အကျုံးဝင်ပေသည်။ သို့သော် မုရှ်ရစ်က်များသည် မွတ်စ္စလင်မ်များမှအမ အခြားဘာသာဝင်များ၏ ပြောဆို တင်ပြချက်ကိုသာလျှင် ယုံကြည်လက်ခံကြသည်ဟူသော အချက်မှာ ထင်ရှားနေပေသည်။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့သည် တမန်တော်မြတ် ﷺ ၏ ပြောဆိုတင်ပြချက်များကို ယုံကြည်လက်ခံခြင်း မရှိခဲ့ကြချေ။ ထို့ကြောင့် အခြားမွတ်စ္စလင်မ်များ၏ စကားကို အဘယ်မှာ လက်ခံနိုင်မည်နည်း။

اهل الذكر ، ذكر ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ မြောက်မြားစွာ ရှိသည်။ အဓိပ္ပာယ်တစ်ခုမှာ အသိပညာဟူ၍လည်း လာရှိသည်။ ထို့ကြောင့် ကျမ်းမြတ်ကုရ်အာန်တွင် 'သောင်ရေးသ်'ကျမ်းနှင့် ပတ်သက်၍ လည်း ذكر ဟူသော စကားလုံးအား သုံးနှုန်းထားလေသည်။

وَلَقَدْ كَتَبْنَا فِي الزَّبُوْرِ مِنْ بَعْدِ الذِّكْرِ

၎င်းနောက် ကျမ်းတော်မြတ်ကုရ်အာန်နှင့် ပတ်သက်၍လည်း ذكر ဟူသော စကားလုံးကို သုံးနှုန်း ထားပေသည်။ ရှေ့လာမည့် အာယသ်တော်တစ်ပိုဒ်တွင် اَنْزَلْنَا اِلَيْكَ الذِّكْرَ ဟူ၍ မိန့်ဆိုထားရာတွင် ذكر ဆိုသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် اهل الذكر ၏ လုံးချင်း အဓိပ္ပာယ်မှာ ပညာရှင်ဟူ၍ အဓိပ္ပာယ်ရသည်။ ၎င်းနောက် ဤနေရာတွင် ပညာရှင်ဟူသည် အဘယ်သူ များနည်းဟု ဆိုပါက ယဟူဒီ၊ နဆွ်ရာနီပညာရှင်များဖြစ်ကြောင်းမှာ ထင်ရှားနေပေသည်။ ယင်းအဆို သည် အိဗ်နေအဗ္ဗာစ်သခင်၊ ဟစန်သခင်၊ အတ်စ်စွတ်ဒီသခင်တို့၏ အဆိုဖြစ်သည်။ ၎င်းနောက် အချို့ပညာ ရှင်များက ဤနေရာတွင်လည်း ذكر ဟူသော စာသား၏ အဓိပ္ပာယ်ကို ကုရ်အာန်ဟု ဖွင့်ဆိုကာ اهل ذكر ၏ အဓိပ္ပာယ်မှာ ကုရ်အာန်ပညာရှင်များဟူ၍ အဓိပ္ပာယ်ဖွင့်ဆို ထားသည်။ ပို၍ ထင်ရှားသော အဆိုမှာ ရမာနီသခင်၊ ဇိုဂျာဂျ်သခင်နှင့် အဇ္ဇဟရီသခင်တို့၏ အဆိုဖြစ်သည်။ ၎င်းမှာ–

المرآدباهل الذكرعلماء اخبارالامم السالفة كائنامن كانفالذكر

بمعنى الحفظ كانه قيل اسألوا لمطلعين علىٰ اخبارالامم يعلموكم بذ الك

ထိုဆန်းစစ်မှုအရ သိရှိရသည်မှာ ယခင်ကျမ်းရပုဂ္ဂိုလ်များလည်း ဤထဲတွင် အကျုံးဝင်သည်။ ကျမ်းမြတ်ကုရ်အာန်၏ ပညာရှင်များလည်း အကျုံးဝင်ပေသည်။

بَيِّنَاتٌ ၏ အဓိပ္ပာယ်မှာ 'ကျော်ကြားသော'ဟူ၍ ဖြစ်သည်။ ဤနေရာတွင် 'မုအ်ဂျေဇာဟ်'တော်များဟု ဖွင့်ဆိုထားသည်။ زُبُرٌ သည် အမှန်စင်စစ် زَبَرَةٌ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ သံတုံးကြီးများကို ခေါ်ဆိုပေသည်။ آتُونِي زُبَرَ الْحَدِيدِ ဟူသော အာယသ်တော်တွင် အပိုင်းအစများကို ဆက်စပ်၍ ရေးသားခြင်းကို زُبُرٌ ဟူသော စကားလုံးဖြင့် သုံးနှုန်းထားသည်။ ၎င်းနောက် ရေးသားပြုစုထားသော ကျမ်းကိုလည်း زَبُورٌ زُبُرٌ ဟူ၍ သုံးနှုန်းလေ့ရှိသည်။ ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်ကို ဆိုလိုခြင်းဖြစ်သည်။ ယင်းတွင် 'သောင်ရာသ်'၊ 'အင်န်ဂျီးလ်'၊ 'ဇဗူရ်'၊ 'ကုရ်အာန်'စသည့် ကျမ်းများအားလုံးပါဝင်သည်။

'မုဂျ်သဟိဒ်'ပညာရှင်များ၏ နောက်လိုက်ခြင်းသည် 'မုဂျ်သဟိဒ်'မဟုတ်သူများအပေါ် ဝါဂျိပ်တာဝန်ဖြစ်ခြင်း

အထက်ပါအာယသ်တော်တွင်

فَسْئَلُوا اَهْلَ الذِّكْرِ اِنْ كُنْتُمْ لَا تَعْلَمُوْنَ

ဟူ၍ မိန့်ဆိုထားသည်မှာ သီးခြားအကြောင်းအရာတစ်ခုနှင့် ပတ်သက်ပြီး တင်ပြထားခြင်းဖြစ်သည်။ သို့သော် စာသားများ၏ အဓိပ္ပာယ်ကျယ်ဝန်းမှုကြောင့် ဤအမိန့်သည် အကြောင်းအရာအားလုံးနှင့် ပတ်သက်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ မိန့်ဆိုတင်ပြမှု အစဉ်အလာရသော်လည်းကောင်း၊ ဉာဏ်အမြော်အမြင်ဖြင့် သုံးသပ်၍သော်လည်းကောင်း၊ ဩဝါဒ ဆင့်ပြန့်ချက်များအရသော်လည်းကောင်း အကြင်သူတို့သည် အမိန့်ပညတ်ချက်များကို မသိနားမလည်ပါက သိရှိသူများကို မေးမြန်း၍ ကျင့်ဆောင်ရမည်။ ၎င်းနောက် မသိနားမလည်သူများအပေါ် 'ဖွရဒ်'တာဝန်ဖြစ်သည်မှာ သိရှိသူများ ပြသသည့်အတိုင်း ကျင့်ကြံရမည်။ ဤသည်ကိုပင် تقليد နောက်လိုက်ခြင်းဟု ခေါ်ဆိုပေသည်။ ယင်းသည် ကျမ်းတော်မြတ်ကုရ်အာန်၏ ရှင်းလင်းပြတ်သားသော အမိန့်တော်ဖြစ်သည်။ ၎င်းနောက် ဉာဏ်အမြော်အမြင်ဖြင့် သုံးသပ်၍လည်း ဤနည်းလမ်းမှအပ အခြားကျင့်ကြံမှုနည်းလမ်းများကို ရှာဖွေတွေ့ရှိနိုင်မည်မဟုတ်။ အစ္စလာမ်ထုတစ်ရပ်လုံးတွင် သာဝကကြီးများခေတ်မှ ယနေ့အထိ အကွဲအလွဲမရှိ။ ဤပညတ်ချက်နည်းလမ်းအတိုင်း ကျင့်ဆောင်လာခဲ့ကြသည်။ تقليد ကို သွေဖည်သူများပင် ၎င်းကို ငြင်းဆို၍ မရနိုင်။ အကြောင်းမှာ အာလင်မ်မဟုတ်သူများသည် အာလင်မ်ပညာရှင်များထံမှ ဖသ်ဝါမေးမြန်း၍ 'အမလ်'လုပ်ဆောင်ရသည်။ ၎င်းနောက် မသိနားမလည်သော သာမန်အရပ်သားများကို အကယ်၍ အာလင်မ်ပညာရှင်များက ကုရ်အာန်၊ ဟဒီးစ်၏ အထောက်အထားများ ပြသမည်ဆိုလျှင်လည်း ၎င်းတို့သည် ထိုအထောက်အထားများအား အာလင်မ်ပညာရှင်များကို ယုံကြည်အားကိုးသောကြောင့်သာ လက်ခံကြမည်မှာ ထင်ရှားသောအချက် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ထိုသာမန်အရပ်သားများတွင် အထောက်အထားများကို နားလည်နိုင်သည့် ဆန်းစစ်နိုင်သည့် အရည်အချင်းမရှိသောကြောင့် ဖြစ်သည်။ ၄င်းနောက် **تقليد** ဆိုသည်မှာလည်း မသိနားမလည်သူများက သိရှိနားလည်သူများကို ယုံကြည်အားကိုး၍ အမိန့်ပညတ်ချက်တစ်ခုခုကို ရှရီအသ်၏ အမိန့်ပညတ်ချက်ဟု မှတ်ယူပြီး 'အမလ်'လုပ်ခြင်းကို ခေါ်ဆိုသည်။ ယင်း **تقليد** သည် ပြုမိုင်ရုံသာမက 'ဝါဂျိဗ်'တာဝန်ထိုက်ကြောင်းကို မည်သို့မျှ အကွဲအလွဲပြုနိုင်လိမ့်မည်မဟုတ်ပေ။ ကုရ်အာန်၊ ဟဒီးစ်ကို ကိုယ်တိုင် နားလည်သဘောပေါက်နိုင်ပြီး **إجماع** စသည့် ကဏ္ဍများကိုလည်း နားလည်သဘောပေါက်နိုင်သော အရည်အချင်းရှိသည့် အာလင်မ်ပညာရှင်များသာလျှင် မိမိတို့ကိုယ်တိုင် ကုရ်အာန်ဟဒီးစ်နှင့် 'အိဂျ်မအ်'တို့ကို လေ့လာဆန်းစစ်ကာ 'အမလ်'ပြုလုပ်ခွင့်ရှိသည်။ 'မုဂျ်သဟိဒ်'တစ်ဦးဦး၏ 'သတ်ကလီးဒ်' ပြုလုပ်စရာမလိုပေ။ သို့သော် မိမိတို့ကိုယ်တိုင် လေ့လာဆန်းစစ်၍ 'အမလ်'ပြုလုပ်သည့် ပညတ်ချက်များမှာ ကုရ်အာန်နှင့် ဟဒီးစ်တော်တွင် ရှင်းလင်းပြတ်သားစွာ တင်ပြထားသော ပညတ်ချက်များဖြစ်ရမည်။ ဆွဟာဗာပညာရှင်များနှင့် သာဗေအီးန်ပညာရှင်များအကြား အကွဲအလွဲမရှိသော ပညတ်ချက်လည်း ဖြစ်ရပေမည်။

သို့သော် ထိုပညတ်ချက်များသည် ကုရ်အာန်နှင့် ဟဒီးစ်တော်တွင် ရှင်းလင်းပြတ်သားစွာ တင်ပြထားသော ပညတ်ချက်များမဟုတ်ပါက သို့မဟုတ် ထိုပညတ်ချက်များနှင့် ပတ်သက်ပြီး ကုရ်အာန် အာယသ်တော်များနှင့် ဟဒီးစ်သြဝါဒတော်များအကြား အပေါ်ယံကွဲလွဲမှုတစ်ခုခု တွေ့ရှိရပါက သို့မဟုတ် ယင်းပညတ်ချက်နှင့် ပတ်သက်ပြီး ဆွဟာဗာများနှင့် သာဗေအီးန်များအကြား ကုရ်အာန်နှင့် ဟဒီးစ်အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် ကွဲလွဲမှုများ တွေ့ရှိရပါက ဤကဲ့သို့သော ပညတ်ချက်များသည် ဆန်းစစ်ရသော ပညတ်ချက်များဖြစ်သည်။ ၄င်းကို ဝေါဟာရတွင် **مجتهد فيه** ပညတ်ချက်များဟု ခေါ်ဆိုပေသည်။ ဤသို့သော ပညတ်ချက်များနှင့်ပတ်သက်၍ ဆန်းစစ်နိုင်သည့် အရည်အချင်းမရှိသော အာလင်မ်ပညာရှင်များပင်လျှင် 'မုဂျ်သဟိဒ်' တစ်ဦးဦး၏ နောက်လိုက်ရန် အရေးကြီးပေသည်။ မိမိ၏ ပင်ကိုယ်အတွေးအခေါ်ကိုသာ ယုံကြည်အားထားကာ အာယသ်တော်တစ်ခုခုကို သို့မဟုတ် ဆင့်ပြန်ချက်တစ်ခုခုကို ဦးစားပေး ရွေးချယ်ခြင်း၊ အခြားအာယသ်တော်များနှင့် ဆင့်ပြန်ချက်များကို ဦးစားမပေးသင့်ဟု သတ်မှတ်ကာ စွန့်ပယ်လိုက်ခြင်းသည် ထိုသို့သော အာလင်မ်ပညာရှင်များအတွက် လုံးဝ ပြုပိုင်ခွင့်မရှိပေ။

ထိုနည်းတူစွာ ကုရ်အာန်နှင့် ဟဒီးစ်တွင် ရှင်းလင်းတိကျစွာ မတင်ပြထားသော ပညတ်ချက်များကို ကုရ်အာန်နှင့် ဟဒီးစ်တွင် လာရှိသော ဥပဒေသများမှ ကောက်နုတ်ခြင်း၊ ၄င်းနောက် ရှရီအသ်တရားတော်၏ အမိန့်ပညတ်ချက်အဖြစ် သတ်မှတ်ခြင်းတို့သည်လည်း ထို 'မုဂျ်သဟိဒ်'ပညာရှင်များ၏ တာဝန်သာလျှင်ဖြစ်သည်။ ၄င်းတို့သည် အာရဗီဘာသာစကား၊ အာရဗီအဘိဓါန်နှင့် ဝေါဟာရများ၊ အာရဗီအသုံးအနှုန်းများ၊ ၄င်းနောက် ကုရ်အာန်ဟဒီးစ်နှင့် ပတ်သက်သော ပညာရပ်များကို အဆင့်မြင့်မြင့် တတ်မြောက်ထားသူများဖြစ်ရမည်။ 'သက္ကဝါ'တရားတွင်လည်း မြင့်မားသော အဆင့်အတန်းကို ရရှိပိုင်ဆိုင်ထားသူများ

ဖြစ်ရမည်။ ပမာဆိုရသော် အေမာမ်အဗူဟနီဖာဟ် (ရဟ) သခင်၊ အေမာမ်ရှာဖီ (ရဟ) သခင်၊ အေမာမ်မာလိက် (ရဟ)၊ အေမာမ်အဟ်မဒ်ဗင်နှ် ဟန်ဗလ် (ရဟ) သခင်၊ အေမာမ်အောင်ဇာအီ (ရဟ)၊ ဖကီးဟ်အဗူလ်လိုင်းစ် (ရဟ) သခင် စသည်တို့သည် အထက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ ဖြစ်သည်။ ၄င်းတို့တွင် အလ္လာဟ်အသျှင်မြတ်သည် 'နဗူဝသ်'ခေတ်ကာလနှင့် နီးစပ်မှု ရရှိခြင်းကြောင့်လည်းကောင်း၊ ဆွဟာဗာကြီးများနှင့် သာဗေအီးန်သခင်ကြီးများ၏ အသိုင်းအဝိုင်း၏ 'ဗရ်ကသ်'ကြောင့်သော်လည်းကောင်း၊ ရှရီအသ်တရားတော်၏ ဥပဒေသများနှင့် ရည်ရွယ်ချက်များကို နားလည်သဘောပေါက်နိုင်သည့် ထူးခြားသော အရည်အချင်း၊ ၄င်းနောက် ကုရ်အာန်နှင့် ဟဒီးစ်တွင် ပါရှိသော ပညတ်ချက်များအပေါ် သုံးသပ်ကာ ကုရ်အာန်နှင့် ဟဒီးစ်တွင် မပါရှိသော ပညတ်ချက်များကို ကောက်နှုတ်တင်ပြနိုင်သည့် ထူးခြားသော အရည်အချင်းများ ချီးမြှင့်ထားတော်မူသည်။ ဤသို့သော **မုဂ်ထဟစ်** ပညတ်ချက်များနှင့် ပတ်သက်၍ သာမန်အာလင်မ်ပညာရှင်များသည်လည်း 'မုဂ်ျသဟိဒ်'အေမာမ်ကြီးများ၏ 'သတ်က်လီးဒ်'ပြုလုပ်ရန် အရေးကြီးပေသည်။ 'မုဂ်ျသဟိဒ်'အေမာမ်ကြီးများနှင့် ဆန့်ကျင်၍ ထင်မြင်ယူဆချက်အသစ်များကို ရွေးချယ်ကျင့်ကြံခြင်းသည် မှားယွင်းသော လုပ်ရပ်ဖြစ်သည်။

ထို့ကြောင့်ပင် အူမ္မသ်ထုအတွင်းမှ ကျော်ကြားသော ဟဒီးစ်ပညာရှင်များ၊ ဖေကာဟ်ပညာရှင်များဖြစ်သည့် အေမာမ်ဂဇာလီ၊ အေမာမ်ရာဇီ၊ အေမာမ်သီရ်မိဇီ၊ အေမာမ်သွဟာဝီ၊ အေမာမ်မိုဇနီ၊ အိဗ်နေဟုမာမ်သခင်၊ အိဗ်နေကဒါမာသခင်၊ ၄င်းနောက် ထိုကဲ့သို့ အဆင့်ရှိခဲ့သော သိန်းပေါင်းများစွာသော ခေတ်ဟောင်းခေတ်သစ်ပညာရှင်များသည် အာရဗီဘာသာပညာရပ်များနှင့် ရှရီအသ်ပညာရပ်များကို တစ်ဖက်ကမ်းခတ်အောင် ထူးချွန်ခဲ့ပါလျက် ဤကဲ့သို့သော ဆန်းစစ်ရသည့် ပညတ်ချက်များနှင့် ပတ်သက်ပြီး အမြဲတစေ 'မုဂ်ျသဟိဒ်' ပညာရှင်ကြီးများ၏ 'သတ်က်လီးဒ်'လုပ်ခြင်းကိုသာ ရွေးချယ်ခဲ့ကြသည်။ ၄င်းတို့သည် 'မုဂ်ျသဟိဒ်'သခင်ကြီးများနှင့် ဆန့်ကျင်၍ မိမိတို့၏ အတွေးအခေါ်ဖြင့် မည်သည့်ဖသ်ဝါပေးခြင်းကိုမျှ မပြုပိုင်ဟု ယူဆခဲ့ကြသည်။ သို့သာမက အထက်ပါဟဒီးစ် ဖိကာဟ်ပညာရှင်ကြီးများသည် အီလ်မ်ပညာနှင့် 'သက္ကဝါ'တရားတွင် မြင့်မားသော အဆင့်အတန်းများကို ရရှိပိုင်ဆိုင်ထားကြသည့်အတွက် 'မုဂ်ျသဟိဒ်'သခင်ကြီးများ၏အ ဆိုများနှင့် အတွေးအခေါ်များကို ကုရ်အာန်ဟဒီးစ်၏ အထောက်အထားများနှင့် ယှဉ်ထိုးဆန်းစစ်ကြသည်။ တစ်ဖန် 'မုဂ်ျသဟိဒ်'သခင်များထံမှ ကုရ်အာန်ဟဒီးစ်နှင့် အနီးစပ်ဆုံးဟု ယူဆရသောသခင်များ၏အ ဆိုကို ရွေးချယ်ကျင့်သုံးလေ့ ရှိကြသည်။ သို့သော် 'မုဂ်ျသဟိဒ်'သခင်ကြီးများ၏ လမ်းစဉ်မှ ကျော်လွန်၍၊ ၄င်းနောက် ဆန့်ကျင်၍ မည်သည့်ထင်မြင်ယူဆချက်ကိုမှ အတည်ပြုခြင်း မပိုင်ဟူ၍ သတ်မှတ်ကြသည်။ 'သတ်လက်လီးဒ်'နောက်လိုက်ခြင်း၏ စစ်မှန်သော ပုံသဏ္ဌာန်မှာ ဤသို့ပင် ဖြစ်သည်။

ထိုခေတ်ကာလ ကုန်လွန်ပြီးနောက် တစ်ဖြည်းဖြည်းနှင့် သာသနာ့ပညာ အဆင့်အတန်းများသည် နိမ့်ကျလာခဲ့သည်။ 'သက္ကဝါ'တရားနှင့် အသျှင်မြတ်ကို ကြောက်ရွံ့ရိုကျိုးခြင်းများအစား မိမိတို့၏ လောဘရမ္မက်များကို ဦးစားပေးခြင်းတို့သည် လွှမ်းမိုးလာခဲ့လေသည်။ ဤသို့သော အခြေအနေမျိုးတွင် ပညတ်ချက်တစ်ခုခုနှင့် ပတ်သက်ပြီး မိမိနှစ်သက်ရာ အေမာမ်တစ်ပါးပါး၏ အဆိုကို ရွေးချယ်ခွင့်ပြုခဲ့မည်ဆိုလျှင်

အခြားပညတ်ချက်များတွင်လည်း အခြားအေမာမ်ကြီးများ၏ အဆိုကို စိတ်ကြိုက်ရွေးချယ်ခွင့်ပြုခဲ့မည် ဆိုပါက မုချဧကန် ဖြစ်ပေါ်လာမည့် ရလဒ်မှာ လူတို့သည် ရှရီအသ်လမ်းစဉ် နောက်လိုက်နေခြင်းဟု အမည်တပ်ကာ မိမိတို့၏ စိတ်ကြိုက်လမ်းစဉ်များကို ရွေးချယ်ကျင့်ကြံကာ မွေ့လျော်နေကြမည်ဖြစ်သည်။ ဤသို့ စိတ်ကြိုက်ရွေးချယ်ကျင့်ကြံခြင်းသည် သာသနာ့လမ်းစဉ်နောက်လိုက်ခြင်း မဖြစ်နိုင်သည်မှာ အများအသိပင်ဖြစ်သည်။ မိမိတို့၏ စိတ်အလိုနောက်လိုက်ခြင်းသာလျှင် ဖြစ်သည်။ ယင်းသို့ ပြုခြင်းကို အွမ္မသ်ထုတစ်ရပ်လုံးက တစ်ညီတစ်ညွတ်တည်း 'ဟရာမ်'ဟု သတ်မှတ်ထားသည်။ အလာမာရှာသွိဗီသခင်က 'မုဝါဖိကားသ်'တွင် ဤအကြောင်းအရာနှင့်ပတ်သက်ပြီး အကျယ်တဝင့် ရေးသားထားသည်။ ၄င်းနောက် အိဗ်နေသိုင်မီယဟ်သခင်ကလည်း ပညတ်ချက်တိုင်းနှင့် ပတ်သက်ပြီး 'သတ်က်လီးဒ်'လုပ်ခြင်းကို ဆန့်ကျင်သော်ငြားလည်း ဤကဲ့သို့ မိမိတို့ စိတ်အလိုရှိရာ နောက်လိုက်ခြင်းကို အွမ္မသ်ထုတစ်ရပ်လုံးက 'ဟရာမ်' ဟု သတ်မှတ်ထားသည်ဟု မိမိ၏ ဖသ်ဝါကျမ်းများတွင် ရေးသားတင်ပြထားပေသည်။ ထို့ကြောင့် ခေတ်သစ်ဖိကာဟ်ဓမ္မသတ်ပညာရှင်များက ပညတ်ချက်များကို ကျင့်ကြံရာတွင် 'မုဂျ်သဟိဒ်'အေမာမ်ကြီးများထဲမှ အေမာမ်တစ်ပါးပါး၏ 'သတ်က်လီးဒ်'လုပ်ခြင်းကို အရေးကြီးသည်ဟု ယူဆကြသည်။ သို့ပါ၍ ထိုခေတ်အခါမှစ၍ တစ်ဦးတစ်ယောက်၏ 'သတ်က်လီးဒ်'လုပ်သည့် လမ်းစဉ် စတင်ပေါ်ပေါက်ခဲ့ပေသည်။ အမှန်စင်စစ် ဤလမ်းစဉ်သည် ကျုနသော အမိန့်ပညတ်ချက်တစ်ခု ဖြစ်သည်။ ဤလမ်းစဉ်ဖြင့် သာသနာ၏ စီမံခန့်ခွဲမှုများ တည်မြဲမည်ဖြစ်သည်။ သို့မှသာ လူတို့သည် သာသနာကို ခုတုံးလုပ်၍ မိမိစိတ်အလိုနောက်သို့ လိုက်သည့်သူများ မဖြစ်ကြပေမည်။

ဤလမ်းစဉ်သည် အကြင်အကြောင်းအရာနှင့် လုံးလုံးလျားလျား ဆင်တူလျက် ရှိနေပေသည်။ ထိုအကြောင်းအရာမှာ ဟဇရသ်အွတ်စ်မာန်ဂနီ ؓ သခင် သည် ဆွဟာဗာကြီးများ၏ စုစည်းထောက်ခံမှုဖြင့် ကျမ်းတော်မြတ်ကုရ်အာန်၏ အာဘိဓါန် (၇) မျိုးအနက်မှ တစ်မျိုးတည်းကိုသာလျှင် သီးခြားသတ်မှတ်၍ ရေးသားဖြန့်ချိခဲ့သည်။ အမှန်စင်စစ ၄င်းအာဘိဓါန် (၇) မျိုးစလုံးသည် ကုရ်အာန်၏ အာဘိဓါန်များသာ ဖြစ်သည်။ ယင်းတို့ကို ဟဇရသ်ဂျိဗ်ရာအီးလ် ؑ မှ တစ်ဆင့် တမန်တော်မြတ် ﷺ ၏ သဘောဆန္ဒအရ ပို့ချပေးခဲ့သည်။ သို့သော် ကျမ်းတော်မြတ်ကုရ်အာန်သည် 'အဂျ်မီ'တိုင်းပြည်များအထိ ပြန့်နှံ့ရောက်ရှိခဲ့သောအခါ အာဘိဓါန်အမျိုးမျိုးနှင့် ဖတ်ရွတ်ခြင်းဖြင့် ကျမ်းတော်မြတ်ကုရ်အာန်တွင် အပြောင်းအလဲများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ခဲ့ရလေသည်။ ထို့ကြောင့် ဆွဟာဗာကြီးများ၏ စုစည်းထောက်ခံမှုဖြင့် မွတ်စ္စလင်မ်များအပေါ် အရေးတကြီး သတ်မှတ်ခဲ့သည်မှာ ကျမ်းမြတ်ကုရ်အာန်ကို အာဘိဓါန်တစ်မျိုးတည်းနှင့်သာ ရေးသားရမည်။ ၄င်းနောက် ဖတ်ကြရမည်ဟူ၍ ဖြစ်သည်။ ၄င်းနောက် ဟဇရသ်အွတ်မာန်ဂနီး ؓ သည် အာဘိဓါန်တစ်မျိုးတည်းနှင့် ရေးသားခဲ့သော ကုရ်အာန်ကျမ်းမြတ်များကို ဒေသအသီးသီးသို့လည်း ပို့ဆောင်စေခဲ့သည်။ ယနေ့ထိတိုင် အွမ္မသ်ထုတစ်ရပ်လုံးသည် ထိုသာဝကကြီး ရေးသားခဲ့သော ပုံသဏ္ဍာန်အတိုင်း ဖတ်ရွတ်လျက် ရှိနေကြသည်။ ဤစကားရပ်ကြောင့် ကျမ်းတော်မြတ်ကုရ်အာန်၏ အခြားအာဘိဓါန်များဖြင့် ရေးသားထားခြင်းကို မမှန်ကန်ဟု ဆို၍မရပေ။ သာသနာရေးရာ အစီအမံများနှင့် ကျမ်းမြတ်ကုရ်အာန်

ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အပြောင်းအလဲများ မဖြစ်ပေါ်စေရန်အတွက်သာ အဘိဓါန်တစ်မျိုးတည်းနှင့် ရေးသားပြုစုခြင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ထိုနည်းတူစွာ 'မုဂျ်သဟိဒ်'အေမာမ်ကြီးများအားလုံးသည် လမ်းမှန်ပေါ်တွင် ရှိသည်။ ထို့ကြောင့် ၎င်းတို့အနက်မှ တစ်ဦးဦး၏ 'သတ်က်လီးဒ်'ပြုခြင်းဟူသည့် အဓိပ္ပာယ်မှာ အခြား 'မုဂျ်သဟိဒ်'အေမာမ်များ၏ 'သတ်က်လီးဒ်'ပြုရန် မထိုက်ဟူ၍ ဆိုလိုခြင်းမဟုတ်ပေ။ သို့သာမက မိမိ 'သတ်က်လီးဒ်'ပြုခဲ့သော အေမာမ်ကြီး၏ လမ်းစဉ်သည် အမှန်ကန်ဆုံးဟု ယူဆခြင်း၊ ၎င်းနောက် မိမိအတွက် ယင်းလမ်းစဉ်မှာ အလွယ်ကူဆုံးဟု ယူဆရခြင်းတို့ကြောင့် ရွေးချယ်ခဲ့သည်ဟု ဆိုရမည်။ ၎င်းနောက် အခြားအေမာမ်များကိုလည်း မိမိ 'သတ်က်လီးဒ်'ပြုခဲ့သော အေမာမ်ကဲ့သို့ပင် ယုံကြည်လေးစားရမည်။

၎င်းနောက် ယင်းအကြောင်းအရာကို ပမာပေး၍ ပြောဆိုရသော် လူမမာတစ်ဦးသည် မိမိမြို့ရှိ သမားတော်များ၊ ဆရာဝန်များအနက်မှ တစ်ဦးဦးကို ဆေးကုသရန် ရွေးချယ်လေ့ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် လူမမာသည် မိမိ၏ အတွေးအခေါ်ဖြင့် တစ်ခါတစ်ရံ ဆရာဝန်တစ်ဦးကို မေးမြန်း၍ ဆေးဝါးများကို သောက်သုံးကာ တစ်ခါတစ်ရံ အခြားဆရာဝန်တစ်ဦးကို မေးမြန်း၍ အခြားဆေးဝါးများကို သောက်သုံးမည်ဆိုလျှင် ဘေးဒုက္ခနှင့် ရင်ဆိုင်ရမည်မှာ အမှန်ပင်ဖြစ်သည်။ ဆရာဝန်များအနက်မှ ဆရာဝန်တစ်ဦးတည်းကို ရွေးချယ်ကုသခြင်းသည် အခြားဆရာဝန်များ မကျွမ်းကျင်၊ မမှန်ကန်ဟု ဆို၍ မရပေ။ သို့မဟုတ် ဆေးဝါးကုသနိုင်သည့် အရည်အချင်းမရှိဟူ၍လည်း မဆိုနိုင်ပေ။

ထို့ကြောင့် ဟနဖီ၊ ရှာဖေအီ၊ ဟမ်ဘလီ၊ မာလီကီဟူ၍ ဤအွမ္မသ်တွင် 'မဇ်ဟဗ်'ကြီးများ ကွဲလွဲနေခြင်းသည် အထက်ပါဥပမာနှင့် ဆင်တူလျက်ရှိသည်။ ထို့ထက် သာပိုစရာအကြောင်းမရှိ။ အုပ်စုဖွဲ့ခြင်းလည်း မဟုတ်။ ဂိုဏ်းဃနကွဲလွဲခြင်းလည်း မဟုတ်။ ၎င်းနောက် အချင်းချင်းခိုက်ရန် ဖြစ်ပွားရန်လည်း မဟုတ်။ ယင်းလုပ်ရပ်များသည်လည်း သာသနာ့လုပ်ရပ်များ မဟုတ်ပေ။ အမြော်အမြင်ရှိသူများသည် ယင်းလုပ်ရပ်များကို မည်သည့်အခါမှ ကောင်းသော လုပ်ရပ်ဟု မဆိုခဲ့ပေ။ အချို့သော ပညာရှင်များသည် 'မဇ်ဟဗ်'များအကြောင်းနှင့် ပတ်သက်ပြီး ငြင်းခုံခြင်း၊ ဆန်းစစ်ခြင်းများ ပြုရာတွင် စကားနိုင်လုသည့် အသွင်ဆောင် လာတတ်ကြသည်။ ထို့နောက် တစ်ဦးနှင့်တစ်ဦး ပုတ်ခတ်နှိမ့်ချ ပြောဆိုလာတတ်ကြသည်။ ထိုမှတစ်ဖန် အသိဉာဏ်ကင်းမဲ့သော ခိုက်ရန်ဖြစ်ပွားမှုများအထိ ပြဿနာများ ဖြစ်လာတတ်သည်။ ယင်းလုပ်ရပ်များသည် မျက်မှောက်ခေတ်တွင် အများအားဖြင့် သာသနာ့ကြီးပမ်းမှုနှင့် သာသနာကို မြတ်နိုးသည့်အသွင် ဆောင်နေသည်။

فالى الله المشتكى ولاحول ولاقوة الا بالله العلى العظيم

မှတ်ချက် ။ ။ 'သတ်က်လီးဒ်'ပြုခြင်းနှင့် 'အိဂ်ျသေဟာဒ်'ပြုခြင်းများအကြောင်း အထက်တွင် တင်ပြခဲ့သည်မှာ လိုရင်းကို အတိုချုံး၍ တင်ပြခဲ့ခြင်း ဖြစ်သည်။ ယင်းတင်ပြချက်များသည် အများသာမန် မွတ်စ္စလင်မ်များအတွက် နားလည်သဘောပေါက်ရန် လုံလောက်သည်။ ပညာရှင်များ ဆန်းစစ်လေ့လာရန်

နှင့် အကျယ်တဝင့် ရှင်းလင်းချက်များကို ဖေကာဟ်မူဝါဒကျမ်းများတွင် ရှင်းရှင်းလင်းလင်း တင်ပြထားပေသည်။ အထူးသဖြင့် အလ္လာမာရှာသွဗီသခင်၏ 'ကေသာဗွလ်မုငါဖေကားသ်' ကျမ်း (အတွဲ-၄) တွင် 'အိဂ္ဂျ်သေဟားဒ်' ကဏ္ဍတွင်သော်လည်းကောင်း၊ အလ္လာမာစိုင်ဖွဒ်ဒီးန် အာမဒီသခင်ကြီး၏ 'အဟ်ကာမွလ် အဟ်ကာမ်းကျမ်း' (အတွဲ-၃) القاعدة الثالثة فى المجتهدين ကဏ္ဍတွင်လည်းကောင်း၊ ဟဇရသ် ရှားဟ်ဝလီသွလ္လာဒေဟ်လဝီ (ရဟ) သခင်ကြီး၏ حجّة الله البالغه ကျမ်းနှင့် عقدالجيّد စာစောင်တွင် သော်လည်းကောင်း၊ ဟကီမွလ်အွမ္မသ် မော်လာနာ အရှ်ရဖ်အလီ ထာနဝီ (ရဟ) သခင်ကြီး၏ كتاب الاقتصادفى التقليد والاجتهاد ကျမ်းတွင်လည်းကောင်း၊ အထက်ပါမွေသတ်နှင့် ပတ်သက်ပြီး အကျယ်တဝင့် ရေးသားထားသည့်အတွက် အထူးလေ့လာသင့်ပေသည်။ ပညာရှင်များအနေနှင့် ယင်းကျမ်းများကို ပြန်လည်ဖတ်ရှု လေ့လာသင့်ပေသည်။

ကျမ်းမြတ်ကုရ်အာန်ကို နားလည်သဘောပေါက်ရန်အတွက် တမန်တော် ﷺ မြတ်၏ ဟဒီးစ်တော်များ လိုအပ်ခြင်းနှင့် ဟဒီးစ်တော်များကို ငြင်းဆန်ခြင်းသည် အမှန်စင်စစ် ကုရ်အာန်ကို ငြင်းဆန်ခြင်းဖြစ်ကြောင်း

وَاَنْزَلْنَا اِلَيْكَ الذِّكْرَ لِتُبَيِّنَ لِلنَّاسِ

ဤအာယသ်တော်တွင် ذِكْرٌ ဟူသော စာသား၏ အဓိပ္ပာယ်မှာ ကုရ်အာန်ဖြစ်ကြောင်း၊ တစ်ညီတစ်ညွတ်တည်း ဖွင့်ဆိုထားကြပေသည်။ ၎င်းနောက် ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ ကို တာဝန်ပေးထားသည်မှာ ကိုယ်တော်အပေါ်သို့ ကျရောက်ခဲ့သော ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်များနှင့် ပတ်သက်ပြီး လူအများရှေ့တွင် အကျယ်တဝင့် ရှင်းလင်းတင်ပြ ပို့ချရမည်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်၏ အလိုသဘောတွင် ရှင်းလင်းတိကျသော ပညတ်ချက်တစ်ခုကို သိရှိရသည်မှာ ကျမ်းမြတ်ကုရ်အာန်၏ မှန်ကန်တိကျမှုများနှင့် အလိုသဘောများ၊ ၎င်းနောက် ပညတ်ချက်များကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်နိုင်ရန်မှာ တမန်တော်မြတ် ﷺ ၏ တင်ပြပို့ချမှုအပေါ်၌သာ မူတည်နေပေသည်။ အကယ်၍ လူတိုင်းသည် အာရဗီဘာသာစကားနှင့် စာပေတို့ကိုသာ နားလည်တတ်ကျွမ်းပြီး ကျမ်းမြတ်ကုရ်အာန်၏ ပညတ်ချက်များကို အသျှင်မြတ် အလိုတော်ရှိသည့်အတိုင်း နားလည်သဘောပေါက်နိုင်စွမ်း ရှိခဲ့ပါလျှင် ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ ကို ရှင်းလင်းတင်ပြ ပို့ချရန် တာဝန်ပေးထားခြင်းမှာ လုံးဝ အဓိပ္ပာယ်မရှိသော လုပ်ရပ်တစ်ခု ဖြစ်ပေတော့မည်။ အလ္လာမာရှာသွိဗီသခင်ကြီး 'မုဝါဖိကားသ်' ကျမ်းတွင် အကျယ်တဝင့် ရေးသားအဘည်ပြုထားသည်မှာ တမန်တော်မြတ် ﷺ ၏ ဩဝါဒတော်အားလုံးသည် ကျမ်းမြတ်ကုရ်အာန်၏ ဖွင့်ဆိုချက်များပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းတော်မြတ်ကုရ်အာန်တွင် တမန်တော်မြတ် ﷺ နှင့် ပတ်သက်၍ မိန့်တော်မူထားသည်မှာ-

اِنَّكَ لَعَلٰى خُلُقٍ عَظِيْمٍ

ဟဇရတ်အာအေရှာဟ် ﷺ သခင်မကြီးက **عظيم خلق** ဟူသော စကားကို သဖ်စီးရ် ဖွင့်ဆိုသည်မှာ-

كَانَ خُلُقُهُ الْقُرْاٰنُ

ဟူ၍ ဖြစ်သည်။ အနှစ်ချုပ်အလိုသဘောမှာ တမန်တော်မြတ် ﷺ ၏ သြဝါဒတော်များနှင့် ကျင့်ကြံမှုများအားလုံးသည် ကျမ်းတော်မြတ်ကုရ်အာန်၏ မိန့်ဆိုချက်များပင် ဖြစ်သည်။ ယင်းသြဝါဒတော်များထဲမှ အချို့သည် ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်တစ်ခုခု၏ သဖ်စီးရ်ဖွင့်ဆိုချက်များ ဖြစ်လေသည်။ ယင်းကို ပညာရှင်အများ သိရှိနားလည်ကြသည်။ ကိုယ်တော်မြတ် ﷺ ၏ အချို့သော သြဝါဒတော်နှင့် ကျင့်ကြံမှုများသည် သာမန်အားဖြင့် ကျမ်းတော်မြတ်ကုရ်အာန်တွင် ယင်းအကြောင်းအရာများ မပါရှိဟု ထင်မှတ်ရသည်။ သို့သော် တမန်တော်မြတ် ﷺ ၏ နှလုံးသားတွင်းသို့ 'ဝဟီ' ဗျာဒိတ်တော်တစ်ရပ် အနေနှင့် ထည့်သွင်းခြင်းခံရသည်။ ဤကဲ့သို့သော သြဝါဒတော်များနှင့် ကျင့်ကြံမှုများသည်လည်း တစ်နည်း အားဖြင့် ကျမ်းတော်မြတ်ကုရ်အာန်၏ အမိန့်ပညတ်ချက်များတွင် ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းမြတ်ကုရ်အာန်၏ ဖွင့်ဆိုချက်အရ တမန်တော်မြတ် ﷺ ၏ သြဝါဒတော်တိုင်းသည် မိမိသဘောနှင့် မိမိ မိန့်ဆိုခဲ့သည်မဟုတ်။ အသျှင်မြတ်ဘက်တော်မှ 'ဝဟီ' ဗျာဒိတ်တော် ပို့ချခြင်းအရသာ မိန့်ဆိုခဲ့ခြင်းဖြစ်သည်။

وَمَا يَنْطِقُ عَنِ الْهَوٰى اِنْ هُوَ اِلَّا وَحْيٌ يُّوْحٰى

ဤအာယသ်တော်အရ သိရှိရသည်မှာ တမန်တော်မြတ် ﷺ ၏ ခဝပ်ကိုးကွယ်မှုများ၊ အပေးအယူ ကဏ္ဍများ၊ စာရိတ္တတော်များ၊ ဓလေ့တော်များအားလုံးသည် အသျှင်မြတ်၏ 'ဝဟီ' ဗျာဒိတ်တော်ဖြင့်သော်လည်းကောင်း၊ ကျမ်းတော်မြတ်၏ အမိန့်တော်ဖြင့်သော်လည်းကောင်း ပြုကျင့်ခဲ့ခြင်းဖြစ်သည်။ ၄င်းနောက် အချို့အကြောင်းအရာများတွင် တမန်တော်မြတ် ﷺ သည် မိမိမိ၏ တွေးခေါ်ဆန်းစစ်မှုဖြင့် ကိစ္စတစ်ခုကို ပြုကျင့်ခဲ့သော် ယင်းကိစ္စကို နောက်ဆုံးတွင် 'ဝဟီ' ဗျာဒိတ်တော်ဖြင့် အသိပေးခြင်း၊ သို့မဟုတ် ယင်းကိစ္စနှင့် ပတ်သက်ပြီး တားမြစ်ခြင်း မရှိခဲ့သော် ၄င်းကိစ္စသည် မှန်ကန်သည်။ ထို့နောက် အသျှင်မြတ်ဘက်မှ မှန်ကန်ကြောင်းကို ထောက်ခံသည်ဟူ၍ အဓိပ္ပာယ်သက်ရောက်လေသည်။ ထို့ကြောင့် ယင်းသည်လည်း 'ဝဟီ' ဗျာဒိတ်တော်၏ စာရင်းတွင် ပါဝင်သွားမည်ဖြစ်သည်။

အချုပ်ဆိုရသော် ဤအာယသ်တော်သည် တမန်တော်မြတ် ﷺ အား စေလွှတ်တော်မူရခြင်း၏ ရည်ရွယ်ချက်မှာ ကျမ်းတော်မြတ်ကုရ်အာန်ကို သဖ်စီးရ်အကျယ်ဖွင့်ဆိုရန်နှင့် ရှင်းလင်းတင်ပြရန်အတွက် ဖြစ်သည်။ စူရာဟ်ဂျုမုအာဟ်၏ အာယသ်တော်များနှင့် အခြားမြောက်မြားစွာသော အာယသ်တော်များတွင်လည်း

တမန်တော်မြတ် ﷺ အား စေလွှတ်ရသော ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ကျမ်းတော်မြတ်ကို သင်ကြားပို့ချရန်ဖြစ်သည် ဟူသော စာသားဖြင့် သုံးနှုန်းထားသည်။ ထို့ကြောင့် ဆွဟာဗာကြီးများနှင့် သာဗေအီးန်သခင်များထံမှတစ်ဆင့် ဟဒီးစ်ပါမောက္ခများအထိ ထိုမှတစ်ဆင့် အရည်အချင်းပြည့်ဝသော ဟဒီးစ်ပညာရှင်များသည် မိမိအသက်တမျှ ထိန်းသိမ်းစောင့်ရှောက်ကာ ယင်းဩဝါဒတော်များကို အွမ္မသ်ထုတစ်ရပ်လုံးထံသို့ ပို့ဆောင်ပေးခဲ့သည်။ ၎င်းနောက် ဩဝါဒတော်များကို ဆန်းစစ်ရွေးချယ်မှုပြုရာတွင် မိမိတို့၏ဘဝသက်တမ်းများကို ကုန်ဆုံးစေခဲ့သည်။ ဟဒီးစ်တော်များ၏ အဆင့်အတန်းများကိုလည်း သတ်မှတ်ပေးခဲ့သည်။ ရှရီအသ်၏ ပညတ်ချက်များကို ပြဋ္ဌာန်းအတည်ပြုရာတွင်လည်း စနဒ်အရ မခိုင်လုံသော ဩဝါဒတော်များကို သီးခြားခွဲထုတ်ကာ သီးခြားကျမ်းများ ပြုစုရေးသားခဲ့လေသည်။ ထို့ကြောင့် ယင်းပညာရှင်များ၏ ဘဝနှင့်ရင်းပြီး ဆန်းစစ်ရွေးချယ်ထားသော၊ အပြန်အလှန်ငြင်းခုံကာ စကာတင်ထားသော ထိုဟဒီးစ်ကျမ်းများသည် မှန်ကန်သည်၊ ယုံကြည်ထိုက်သည်ဟု ဆိုရပေမည်။

အကယ်၍ မျက်မှောက်ခေတ်တွင် တစ်ဦးတစ်ယောက်က ထိုဟဒီးစ်ကျမ်းများကို အကြောင်းပြချက် အမျိုးမျိုးဖြင့် ယုံကြည်ဖွယ်ရာမရှိဟု ဆိုခဲ့ပါက ယင်း၏ အလိုသဘောမှာ တမန်တော်မြတ် ﷺ သည် ကျမ်းတော်မြတ်ကုရ်အာန်၏ အမိန့်တော်ကို သွေဖည်ဆန့်ကျင်ခဲ့သည်ဟု သဘောသက်ရောက်သည်။ အကြောင်းမှာ ကိုယ်တော်မြတ် ﷺ သည် ကျမ်းတော်မြတ်၏ အကြောင်းအရာများကို အပြည့်အဝ တင်ပြခဲ့ခြင်းမရှိဟု မှတ်ရပေလိမ့်မည်။ သို့မဟုတ် တမန်တော်မြတ် ﷺ အနေနှင့် ဖွင့်ဆိုတင်ပြခဲ့သော်လည်း ယင်းဖွင့်ဆိုချက်များသည် ထိန်းသိမ်းစောင့်ရှောက်မှု မရှိခဲ့ဟု ဆိုရလိမ့်မည်။ အထက်ပါ ပုံသဏ္ဍာန်နှစ်မျိုးစလုံးအရ အဓိပ္ပာယ်သက်ရောက်သည်မှာ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ထိန်းသိမ်းတော်မူမည်ဟု တာဝန်ယူခဲ့သော ကျမ်းမြတ်သည် ယနေ့မျက်မှောက်ခေတ်တွင် ယင်း၏ အဓိပ္ပာယ်အလိုသဘောများ ထိန်းသိမ်းမှုကင်းမဲ့သွားပြီဟု ဆိုရပေတော့မည်။ သို့သော် ဤစကားရပ်သည် ကျမ်းတော်မြတ်၏ အောက်ပါအာယသ်တော်

وَاِنَّ لَهٗ لَحَا فِظُوْنَ

နှင့် ဆန့်ကျင်နေပေသည်။ ထို့ကြောင့် သိရှိရသည်မှာ 'အကြင်သူသည် တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များကို အစ္စလာမ်၏ အထောက်အထားများဆိုသည်ကို ငြင်းပယ်ပါက အမှန်စင်စစ် ထိုသူသည် ကျမ်းမြတ်ကုရ်အာန်ကိုပင် ငြင်းပယ်သူဖြစ်လေသည်။'

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَفَأَمِنَ الَّذِينَ مَكَرُوا السَّيِّئَاتِ أَنْ يَخْسِفَ اللَّهُ بِهِمُ الْأَرْضَ أَوْ يَأْتِيَهُمُ الْعَذَابُ مِنْ حَيْثُ لَا يَشْعُرُونَ ۝٤٥

၁၆ : ၄၅ ။ ။ အသို့ပါနည်း။ (အစ္စလာမ်သာသနာနှင့် ရစူလ်တမန်တော်မြတ်ကို ဆန့်ကျင်၍) အန္တရာယ်ပြုကြရန် လျှို့ဝှက်ကြံစည်ခဲ့ကြသော သူတို့သည် မိမိတို့အား အလ္လာဟ်အသျှင်မြတ်သည် မြေမျိုစေတော်မူမည်ကိုလည်းကောင်း၊ မိမိတို့ထံ ပြစ်ဒဏ်သည် မိမိတို့ မထင်မှတ်ကြသော နေရာမှ ရောက်ရှိလာမည်ကိုသော်လည်းကောင်း စိုးရိမ်ခြင်းကင်း၍ နေကြလေသလော။

أَوْ يَأْخُذَهُمْ فِي تَقَلُّبِهِمْ فَمَا هُمْ بِمُعْجِزِينَ ۝٤٦

၁၆ : ၄၆ ။ ။ သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် ၎င်းတို့အား တစ်ဖြည်းဖြည်း ဖမ်းဆီးကွပ်မျက်တော်မူမည်ကို (စိုးရိမ်ခြင်း မရှိကြလေသလော) သို့ ဖမ်းဆီးတော်မူပါလျှင် ၎င်းတို့သည် (ထိုအသျှင်မြတ်အား) မစွမ်းဆောင်နိုင်အောင် တားဆီးနိုင်ကြသူများ မဟုတ်ပေ။

أَوْ يَأْخُذَهُمْ عَلَىٰ تَخَوُّفٍ فَإِنَّ رَبَّكُمْ لَرَءُوفٌ رَحِيمٌ ۝٤٧

၁၆ : ၄၇ ။ ။ သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် ၎င်းတို့အား တစ်ဖြည်းဖြည်း ဖမ်းဆီးကွပ်မျက်တော်မူမည်ကို (စိုးရိမ်ခြင်းကင်း၍ နေကြလေသလော။) သို့ရာတွင် စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလွန်တရာ နူးညံ့သိမ်မွေ့တော်မူသော အသျှင်၊ အလွန်တရာ သနားညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြင်သူများသည် (စစ်မှန်သော သာသနာကို ဖျက်ဆီးရန်) ကြီးမားသော ကြံစည်မှုများ ပြုကြသည်။ (ကျမ်းတော်မြတ်၏ အချို့သော နေရာများတွင် ဒွိဟသံသယများနှင့် စောဒကများကို ရှာဖွေကောက်နှုတ်ကာ အမှန်တရားကို ငြင်းဆန်၍ လမ်းမှားကြသည်။ တစ်ခါတစ်ရံ အခြားသူများကို လမ်းမှားလိမ့်မည်ဟူ၍ တားမြစ်ကြသည်။) ဤကဲ့သို့သော သူများသည် (ထိုကုဖ္ဖရ်လုပ်ရပ်များကို လုပ်ဆောင်ကာ) သောကကင်းမဲ့စွာဖြင့် (ထိုင်နေကြ) လေသလော။ အကြောင်းမှာ အသျှင်မြတ်သည် ၎င်းတို့ကို (မိမိတို့၏ ကုဖ္ဖရ်လုပ်ရပ်ကြောင့် ခံစားရမည့် ပြစ်ဒဏ်များထဲမှ မြေမြုပ်ခံရခြင်းမျိုးကိုလည်းကောင်း၊ မထင်မှတ်သည့် နေရာမှ 'အဇာဗ်'များ ကျရောက်လာရခြင်းမျိုးဖြင့်လည်းကောင်း ဒဏ်ခတ်တော်မူမည်။ (ဥပမာ- 'ဗဒရ်'စစ်ပွဲတွင် မွတ်စ္စလင်မ်များ၏ လက်ဝယ် မရှုမလှ အပြစ်ပေးခံခဲ့ရသည်။ ထိုသူတို့သည် မိမိတို့အပေါ် မွတ်စ္စလင်မ်များ လွှမ်းမိုးသွားလိမ့်မည်ဟု မည်သည့်အချိန်ကမျှ မထင်မှတ်ခဲ့ပေ။) သို့မဟုတ် သွားရင်းလာရင်းနှင့်ပင် ၎င်းတို့ကို (ဘေးဒုက္ခတွင်) နစ်မွန်းစေမည်။ (ဥပမာ- ရုတ်တရက် ရောဂါဆိုးများ ကျရောက်လာခြင်းမျိုး ဖြစ်သည်။ သို့ပါ၍ (ထိုဖြစ်ရပ်များအနက်မှ ဖြစ်ရပ်တစ်ခုခုနှင့် ရင်ဆိုင်ရပါက) ထိုသူတို့သည် အလ္လာဟ်အသျှင်

မြတ်ကို ရှုံးနိမ့်စေနိုင်စွမ်း (လည်း) မရှိပေ။ သို့မဟုတ် ၎င်းတို့၏ အရေအတွက်ကို တစ်ဖြည်းဖြည်းချင်း နည်းပါးစေသော နည်းဖြင့် အပြစ်ပေးလိမ့်မည်။ (ဥပမာ- မိုးခေါင်ရေရှားခြင်းဖြင့်သော်လည်းကောင်း၊ ကပ်ဆိုးကြီးများ ကျရောက်ခြင်းဖြင့်သော်လည်းကောင်း တစ်ဖြည်းဖြည်း ၎င်းတို့၏ အရေအတွက်ကို ကုန်ဆုံးသွားစေလိမ့်မည်။ ဆိုလိုသည့်သဘောမှာ သောကကင်းဝေးစွာ မနေသင့်ပေ။ အသျှင်မြတ်သည် အရာရာကို တတ်စွမ်းနိုင်တော်မူသည်။ (သို့သော် အသင်တို့ကို အခွင့်အရေးတစ်ခု ပေးထားခြင်းဖြစ်သည်။ ထိုသို့ အခွင့်အရေးပေးထားရခြင်း၏ အကြောင်းအရင်းမှာ) အသင်တို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ညှာတာထောက်ထားတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသည်။ (ထို့ကြောင့် အခွင့်အရေး ပေးထားခြင်း ဖြစ်သည်။ ယခုလည်း သဘောပေါက်ရန် အချိန်ရှိသေးသည်။ လွတ်မြောက်အောင်မြင်သော နည်းလမ်းကို ရွေးချယ်ကြလော့။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဤအာယသ်တော်များ၏အလျှင် လာရှိသော အာယသ်တော်များတွင် ကာဖိရ်များကို တမလွန်၏ 'အဇာဗ်'ပြစ်ဒဏ်မှ ခြိမ်းခြောက်ခဲ့လေသည်။

ثُمَّ يَوْمَ الْقِيٰمَةِ يُخْزِيْهِمْ

ဤအာ ယသ်တော်များတွင်မူ တမလွန်၏ 'အဇာဗ်'ပြစ်ဒဏ်အလျှင် ဒွန်ယာလောကတွင်လည်း အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်သင့်နိုင်ကြောင်း သတိပေး ခြိမ်းခြောက်ထားလေသည်။ အသင်တို့ မိုတင်းနေထိုင်ကြကုန်သော မြေပထဝီပင် အသင်တို့ကို ဝါးမြိုပစ်လိုက်နိုင်သည်။ သို့မဟုတ် အခြားမထင်မှတ်သော နည်းလမ်းဖြင့် အလ္လာဟ်သအျှင်မြတ်၏ 'အဇာဗ်'ပြစ်ဒဏ်ကို ခံစားရနိုင်သည်။ ဥပမာ- 'ဗဒရ်'စစ်ပွဲတွင် လက်နက်အပြည့်အစုံပါသော စစ်သူရဲကောင်း လူရွယ်တစ်ထောင်ခန့်သည် မွတ်စ္စလင်မ်တို့၏ လက်ဝယ် မရှုမလှ အရေးနိမ့်ခဲ့သည်။ ဤသို့ အရေးနိမ့်မည်ဟု ၎င်းတို့သည် မည်သည့်အခါကမျှ မထင်မှတ်ခဲ့ကြပေ။ သို့မဟုတ် သွားရင်းလာရင်းနှင့်ပင် အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'ပြစ်ဒဏ်တွင် ဝိုင်းရံခြင်း ခံရနိုင်ပေသည်။ ဥပမာ- အသက်အန္တရာယ်ရှိသော ရောဂါဆိုးကြီးများ ကျရောက်လာနိုင်သည်။ သို့မဟုတ် အမြင့်တစ်နေရာမှ ပြုတ်ကျ၍သော်လည်းကောင်း၊ သို့မဟုတ် အရာတစ်ခုခုနှင့် တိုက်မိခိုက်မိ၍သော်လည်းကောင်း သေဆုံးသွားနိုင်သည်။ ၎င်းနောက် 'အဇာဗ်'ပြစ်ဒဏ်သည် ရုတ်တရက် တစ်လုံးတစ်ခဲတည်း ကျရောက်လာခြင်းမျိုး မဟုတ်ဘဲ ၎င်းတို့၏ ဥစ္စာပစ္စည်း၊ ကျန်းမာရေး၊ ဘဝရှင်သန်ရပ်တည်ရန် အကြောင်းခံများ တစ်ဖြည်းဖြည်း နည်းပါးသွားသော ပုံစံနှင့်လည်း 'အဇာဗ်'ကျရောက်နိုင်သည်။ ထိုသို့ နည်းပါးရင်း ၎င်းတို့၏ အရေအတွက်သည် လုံးဝ ကုန်ဆုံးသွားနိုင်သည်။ အာယသ်တော်တွင် تَخَوُّف ဟူသော စာသားဖြင့် သုံးနှုန်းထားသည်။ ယင်းသည် خَوْف ဟူသော ဝိသေသနမှ ဆင်းသက်လာသည်။ အချို့ပညာရှင်များသည် خوف ဟူသော စာသား၏ အဓိပ္ပာယ်အရသာ အကျယ်ဖွင့်ဆိုထားသည်။ အဘယ်ကြောင့်ဆိုသော် အုပ်စု

တစ်စုကို ပြစ်ဒဏ်ပေး၍ အခြားအုပ်စုတစ်စုကို ယင်းသို့ ပြစ်ဒဏ်ခံရခြင်းမှ ကြောက်ရွံ့စေမည်။ ထိုနည်းတူစွာ အခြားအုပ်စုတစ်စုကိုလည်း ပြစ်ဒဏ်ခတ်ကာ အခြားအုပ်စုတစ်စုကို ကြောက်လန့်စေမည်။ ထိုသို့ ကြောက်လန့်စေလျက်နှင့် ၎င်းတို့၏ အရေအတွက်ပင် ကုန်ဆုံးသွားပေလိမ့်မည်။

သို့သော် သဖ်စီးရ်ပညာရှင်ကြီးများဖြစ်သော အိဗ်နေအဗ္ဗားစ် ﷺ သခင်နှင့် မုဂျာဟိဒ် (ရဟ) သခင်ကြီးတို့သည် အထက်ပါ تخوف ဟူသော စာသား၏ သဖ်စီးရ်ကို تنقص ဟူ၍ ဖွင့်ဆိုထားသည်။ ၎င်းအဓိပ္ပာယ်အရ အာယသ်တော်၏ အလိုသဘောအား ၎င်းတို့၏ အရေအတွက်ကို တစ်ဖြည်းဖြည်း လျော့ပါးသွားစေမည်ဟူ၍ ဖြစ်သည်။

ဟာဇရသ်စအီးဒ် ဗင်န် မုစိုင်ယိဗ် (ရဟ) သခင်ကြီးက တင်ပြသည်မှာ ဟာဇရသ်ဥမ္မရ်ဖာရူးက် ﷺ သခင်ကြီးသည်လည်း အထက်ပါစာသားနှင့် ပတ်သက်ပြီး အကျယ်ဖွင့်ဆိုရာတွင် တွေဝေမှုဖြစ်ခဲ့သည်။ ထို့ကြောင့် သခင်ကြီးသည် သာဝကကြီးများကို စုရုံးစေကာ 'မင်န်ဗရ်' ပေါ်သို့ တက်၍ မိန့်တော်မူသည်မှာ تخوف ဟူသော စာသားနှင့် ပတ်သက်ပြီး အသင်တို့ မည်သို့ သဘောပေါက်လေသနည်း။ ထိုစဉ် ထိုင်ဝိုင်းတစ်ခုလုံး မည်သည့်အသံမျှ မကြားဘဲ ဆိတ်ငြိမ်နေခဲ့သည်။ သို့သော် 'ဟုဇိုင်းလ်' မျိုးနွယ်စုမှ ပုဂ္ဂိုလ်တစ်ဦးက လျှောက်ထားလေသည်မှာ 'အို၊ သမ္မတကြီး၊ ဤအသုံးအနှုန်းသည် ကျွန်ုပ်တို့မျိုးနွယ်စု၏ သီးသန့်အသုံးအနှုန်းတစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့၏ မျိုးနွယ်စုဝေါဟာရတွင် ဤစာသားကို تنقص ဟူ၍ အဓိပ္ပာယ် ဖော်ဆောင်ကာ သုံးနှုန်းလေ့ရှိသည်။' (ဆိုလိုသည်မှာ တစ်ဖြည်းဖြည်းလျော့နည်းစေခြင်း၊ ထိုအခါ သမ္မတကြီးက မေးမြန်းသည်မှာ 'အာရဗ်လူမျိုးများသည် မိမိတို့၏ ကဗျာများတွင် ယင်းစာလုံးကို تنقص ၏ အဓိပ္ပာယ်ဖော်ဆောင်ကာ သုံးနှုန်းလေ့ရှိပါသလော။' ထိုပုဂ္ဂိုလ်က ဟုတ်မှန်ကြောင်း လျှောက်ထားလေသည်။ ၎င်းနောက် မိမိတို့၏ မျိုးနွယ်စုမှ ကဗျာဆရာတစ်ဦးဖြစ်သော အဗူကဗီးရ်ဟဒ်လီ၏ ကဗျာတစ်ပုဒ်ကို ဖတ်ကြားတင်ပြလေသည်။ ထိုကဗျာတွင် ယင်းစာလုံးကို တစ်ဖြည်းဖြည်း လျော့နည်းစေခြင်းဟူသည့် အဓိပ္ပာယ်နှင့် သုံးနှုန်းထားလေသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး သမ္မတကြီး ဥမ္မရ်ဖာရူးက် ﷺ သခင်က မိန့်ကြားသည်မှာ 'အို၊ သာဝကအပေါင်းတို့၊ အသင်တို့ အစ္စလာမ်မပွင့်မီ အမှောင်ခေတ် ကဗျာစာပေ ပညာရပ်များကို သင်ကြားလေကုန်။ အဘယ်ကြောင့်ဆိုသော် ထိုပညာရပ်များတွင် အသင်တို့ကျမ်းဂန်၏ သဖ်စီးရ်ဖွင့်ဆိုရာ၌ ၎င်းနောက် အသင်တို့၏ စကားများ၏ အဓိပ္ပာယ်ကို ဖော်ဆောင်ပေးရာ၌ အထောက်အကူရမည့် ဆုံးဖြတ်ချက်ရလဒ်များ ရှိလေသည်။

ကျမ်းမြတ်ကုရ်အာန်ကို နားလည်သဘောပေါက်ရန်အတွက် သာမန်အာရဗီစာပေ နားလည်ရုံမျှဖြင့် မလုံလောက်ခြင်းအကြောင်း

အထက်ပါအကြောင်းအရာကြောင့် ရှင်းလင်းစွာ သိရှိရသည်မှာ အာရဗီဘာသာစကား ပြောဆိုရေးနိုင်ရုံမျှဖြင့် ကျမ်းမြတ်ကုရ်အာန်ကို နားလည်သဘောပေါက်ရန် မလုံလောက်သေးပေ။ ထိုအာရဗီစာပေ

တွင် ဤမျှ ကျမ်းကျင်မှုနှင့် ဗဟုသုတ ကြွယ်ဝရန် အရေးကြီးပေသည်။ အဘယ်ကြောင့်ဆိုသော် ရှေးယခင် အမှောင်ခေတ်က အာရဗ်လူမျိုးများ၏ စာပေနှင့် စကားကိုပါ အပြည့်အဝ နားလည်သဘောပေါက်ရမည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းမြတ်ကုရ်အာန်သည် ထိုဘာသာစကားနှင့် ထိုဝေါဟာရ အသုံးအနှုန်းများဖြင့်သာ ကျရောက်ခဲ့ခြင်းဖြစ်သည်။ ဤမျှခန့် အတိုင်းအတာထိ အာရဗီဘာသာရပ်ဆိုင်ရာ စာပေများကို လေ့လာဆည်းပူးရန် မွတ်စ္လင်မ်များအပေါ်တွင် တာဝန်ရှိလေသည်။

အာရဗီဘာသာ ကဗျာစာပေများကို လေ့လာရန် အာရဗ်အမှောင်ခေတ်၏ ကဗျာများကို ဖတ်ပိုင်ခြင်း အကြောင်း၊ အကယ်၍ ထိုကဗျာများတွင် မဖွယ်ရာသည့် အကြောင်းအရာများ ပါရှိလျှင်လည်း ဖတ်ပိုင်သည့် အကြောင်း

အထက်ပါစကားရပ်များကြောင့် သိရှိရသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်ကို နားလည်သဘောပေါက်နိုင်ရန်အတွက် အာရဗီဘာသာဖြင့် ရေးသားသီကုံးထားသော အာရဗ်အမှောင်ခေတ်၏ ကဗျာများကို ဖတ်ခြင်း၊ ဖတ်ခိုင်းခြင်း ပြုပိုင်ပေသည်။ အမှန်စင်စစ် အမှောင်ခေတ်မှ ကဗျာများသည် အမှောင်ခေတ်၏ ထုံးတမ်းစဉ်လာများနှင့် အစ္စလာမ်နှင့် ဆန့်ကျင်သော လုပ်ရပ်အကြောင်းများဖြင့် ပြည့်နှက်နေလေသည်။ သို့သော် ကျမ်းတော်မြတ်ကုရ်အာန်ကို နားလည်သဘောပေါက်ရန်အတွက် လိုအပ်ချက်တစ်ခုအနေနှင့် ယင်းကဗျာစာပေများကို ဖတ်ခြင်း၊ ဖတ်ခိုင်းခြင်း စသည်တို့သည် ပြုပိုင်သည်ဟု သတ်မှတ်ထားပေသည်။

ဒွန်ယာလောက၏ 'အစားဗ်'ပြစ်ဒဏ်သည်လည်း 'ရဟ်မသ်'ကရုဏာတော်တစ်ခု ဖြစ်ခြင်း

အထက်ပါအာယသ်တော်များတွင် ဒွန်ယာလောက၏ 'အဇားဗ်'အပြစ်ဒဏ်အမျိုးမျိုးကို တင်ပြခဲ့ပြီးသည့်နောက် အဆုံးတွင် မိန့်တော်မူခဲ့သည်မှာ-

إِنَّ رَبَّكُمْ لَرَءُوفٌ رَّحِيمٌ

ဦးစွာပထမ တင်ပြရမည်ဆိုလျှင် ဤအာယသ်တော်တွင် رَبٌّ ဟူသော စာသားကို သုံးနှုန်း၍ ရည်ညွှန်းထားသည်မှာ လူသားများကို ဒွန်ယာလောကတွင် 'အဇားဗ်'ပြစ်ဒဏ်ခတ်၍ သတိပေးနှိုးဆော်ခြင်းသည် رَبِّ ဟူသည့် မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ဝတ္တရားတစ်ခု ဖြစ်သည်။ တစ်ဖန် لَ (လေးနက်စေရန် သုံးနှုန်းသောစာသား) နှင့်တွဲလျက် အသျှင်မြတ်၏ သနားညှာတာမှု ကရုဏာထားရှိမှုတို့ကို တင်ပြ၍ ရည်ညွှန်းထားသည်မှာ ဒွန်ယာလောကတွင် သတိပေးနှိုးဆော်ခြင်းသည် အမှန်စင်စစ် သနားညှာတာခြင်းနှင့် ကရုဏာထားခြင်းကြောင့်သာလျှင် ဖြစ်သည်။ သို့မှသာ မေ့လျော့နေသော လူသားသည် သတိလည်ကာ မိမိတို့၏ ကျင့်ကြံမှုများကို ပြုပြင်ပြောင်းလဲလာမည် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَوَلَمْ يَرَوْا إِلَىٰ مَا خَلَقَ اللَّهُ مِن شَيْءٍ
يَتَفَيَّأُ ظِلَالُهُ عَنِ الْيَمِينِ وَالشَّمَائِلِ سُجَّدًا لِّلَّهِ وَهُمْ دَاخِرُونَ ﴿٤٨﴾

၁၆ : ၄၈ ။ ။ ၎င်း (ကာဖိရ်၊ မုရှ်ရစ်က်) တို့သည် အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းတော်မူသော အရာများအနက် တစ်စုံတစ်ရာကိုမျှ မကြည့်ရှုခဲ့ကြလေသလော။ ထိုအရာများ၏ အရိပ်များသည် လက်ျာဘက်ကမှလည်းကောင်း၊ လက်ဝဲဘက်များမှလည်းကောင်း တိမ်းညွှတ်ကာ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ကျိုးနွံစွာ ပျပ်ဝပ်ဦးချလျက် ရှိကြကုန်သည်။

وَلِلَّهِ يَسْجُدُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ مِن
دَابَّةٍ وَالْمَلَائِكَةُ وَهُمْ لَا يَسْتَكْبِرُونَ ﴿٤٩﴾

၁၆ : ၄၉ ။ ။ ထိုနည်းတူစွာ မိုးကောင်းကင်များနှင့် ပထဝီမြေပြင်၌ ရှိရှိသမျှသော သွားလာလှုပ်ရှားသည့် သက်ရှိသတ္တဝါများနှင့် 'မလာအေကဟ်' ကောင်းကင်တမန်အပေါင်းတို့သည်လည်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ပင် လိုက်နာကြကုန်၏။ စင်စစ်မှာမူ ထိုကောင်းကင်တမန်တို့သည် မာနထောင်လွှားကြသည် မဟုတ်ပေ။

يَخَافُونَ رَبَّهُم مِّن فَوْقِهِمْ وَيَفْعَلُونَ مَا يُؤْمَرُونَ ﴿٥٠﴾

၁၆ : ၅၀ ။ ။ ၎င်းတို့သည် မိမိတို့အထက်၌ လွှမ်းမိုးလျက်ရှိတော်မူသော မိမိတို့၏ အသျှင်မြတ်အား ကြောက်ရွံ့ကြသည့်အပြင် မိမိတို့အား ချမှတ်ပေးတော်မူသော အမိန့်တော်များကို လိုက်နာဆောင်ရွက်ကြသည်သာ ဖြစ်၏။

وَقَالَ اللَّهُ لَا تَتَّخِذُوا إِلَٰهَيْنِ اثْنَيْنِ ۖ إِنَّمَا هُوَ إِلَٰهٌ وَاحِدٌ ۖ فَإِيَّايَ فَارْهَبُونِ ﴿٥١﴾

၁၆ : ၅၁ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (နဗီတမန်တော်များမှ တစ်ဆင့်) 'အသင်တို့သည် ကိုးကွယ်ရာအသျှင်နှစ်ပါး (ရှိသည်ဟု ယူဆကိုးကွယ်ခြင်း) မပြုလုပ်ကြကုန်လင့်။ စင်စစ် ထိုကိုးကွယ်ရာအသျှင်မှာ တစ်ဆူတည်းသာလျှင် ရှိတော်မူပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ငါအသျှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြလေကုန်'ဟု (အမိန့်တော် ထုတ်ပြန်) မိန့်ကြားတော်မူခဲ့လေသည်။

وَلَهُ مَا فِي السَّمَاوَاتِ وَالْأَرْضِ وَلَهُ الدِّينُ وَاصِبًا ۚ أَفَغَيْرَ اللَّهِ تَتَّقُونَ ﴿٥٢﴾

၁၆ : ၅၂ ။ ။ ထို့ပြင် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိကြကုန်သော (သက်ရှိသက်မဲ့) အရာခပ်သိမ်းတို့သည် ထိုအသျှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသော အရာဝတ္ထုချည်းသာ ဖြစ်၏။ ၎င်းပြင် ထိုအသျှင်မြတ်၏ (အမိန့်တော်ကိုသာ) ထာဝစဉ်လိုက်နာရပေမည်။ သို့ပါလျက် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပြင် အခြား (တစ်စုံတစ်ရာ) ကို ကြောက်ရွံ့ကြလေသလော။

وَمَا بِكُم مِّن نِّعْمَةٍ فَمِنَ اللَّهِ ۖ ثُمَّ إِذَا مَسَّكُمُ الضُّرُّ فَإِلَيْهِ تَجْأَرُونَ ٥٣

၁၆ : ၅၃ ။ ။ စင်စစ် အသင်တို့၌ ရှိကြကုန်သော ကျေးဇူးတော်ဟူသမျှတို့သည် တစ်ခုမကျန် ထိုအသျှင်မြတ်ထံတော်မှ (ချီးမြှင့်တော်မူသော) ကျေးဇူးတော်သာ ဖြစ်၏။ ထို့နောက် အသင်တို့၌ ဘေးဒုက္ခ သက်ရောက်ခဲ့သောအခါ အသင်တို့သည် ထိုအသျှင်မြတ်ထံတော်သို့သာလျှင် (ကူညီစောင်မတော်မူပါဟု) ဟစ်ကြွေးပန်ကြားကြကုန်၏။

ثُمَّ إِذَا كَشَفَ الضُّرَّ عَنكُمْ إِذَا فَرِيقٌ مِّنكُم بِرَبِّهِمْ يُشْرِكُونَ ٥٤

၁၆ : ၅၄ ။ ။ ၎င်းနောက် တစ်ဖန် ထိုအသျှင်မြတ်သည် ဘေးဒုက္ခကို အသင်တို့ထံမှ ဖယ်ရှားတော်မူသောအခါ အသင်တို့အနက်မှ လူတစ်စုသည် ရုတ်တရက်ပင် (အခြားအရာများကို) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် (ကိုးကွယ်) ကြကုန်၏။

لِيَكْفُرُوا بِمَا آتَيْنَاهُمْ ۚ فَتَمَتَّعُوا ۖ فَسَوْفَ تَعْلَمُونَ ٥٥

၁၆ : ၅၅ ။ ။ နောက်ဆုံးတွင် ၎င်းတို့သည် ငါအသျှင်မြတ်က ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူသော ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ ကျေးဇူးကန်းသွားကြလေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ခေတ္တခဏမျှအဖို့ အကျိုးကျေးဇူး ခံစားကြလေကုန်။ ထို့နောက် အသင်တို့သည် မကြာမီ သိရှိကြပေမည်။

وَيَجْعَلُونَ لِمَا لَا يَعْلَمُونَ
نَصِيبًا مِّمَّا رَزَقْنَاهُمْ ۗ تَاللَّهِ لَتُسْأَلُنَّ عَمَّا كُنتُمْ تَفْتَرُونَ ٥٦

၁၆ : ၅၆ ။ ။ ထို့ပြင် ၎င်းတို့သည် ငါအသျှင်မြတ် ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူသော အရာများအနက်မှ မိမိတို့ မသိနားမလည်သော အရာများအဖို့ ဝေစုဝေပုံ ပြုလုပ်ကြကုန်၏။ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အသင်တို့သည် မိမိတို့ လီဆယ်ဖန်တီးလျက်ရှိသော ကိစ္စများနှင့် စပ်လျဉ်း၍ အမှန်ပင် စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေမည်။

وَيَجْعَلُونَ لِلَّهِ الْبَنَاتِ سُبْحَانَهُ ۙ وَلَهُم مَّا يَشْتَهُونَ ٥٧

၁၆ : ၅၇ ။ ။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၌ သမီးများ ရှိကြသည်ဟု ယိုးစွပ်ကြကုန်၏။ ထိုအသျှင်မြတ်သည် (၎င်းတို့ စွပ်စွဲပြောဆိုကြသည်များမှ လုံး၀) သန့်ရှင်းစင်ကြယ်တော်မူ၏။ သို့ရာတွင် ၎င်းတို့အဖို့ ၎င်းတို့နှစ်သက်သော အရာသည် ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ထို) သူတို့သည် အလ္လာဟ်အသျှင်မြတ် မွေးမြူဖန်ဆင်းထားသော အရာဝတ္ထုများကို မတွေ့မြင်ကြလေသလော။ (၄င်းနောက် တွေ့မြင်ကြည့်ရှုပြီး 'သောင်ဟီးဒ်' တရားကို အထောက်အထား မပြုကြလေသလော။) ၄င်းတို့၏ အရိပ်များသည် တစ်ခါတစ်ရံ တစ်ဘက်သို့ တိမ်းညွတ်ကာ တစ်ခါတစ်ရံ အခြားတစ်ဘက်သို့ တိမ်းညွတ်သွားကြသည်။ အကြောင်းမှာ (လုံးလုံးလျားလျား) အလ္လာဟ်အသျှင်မြတ်၏ (အမိန့်ကို) နာခံလျက်ရှိကြသည်။ (အရိပ်ဖြစ်ပေါ်လာခြင်း၏ အကြောင်းခံကို ဆိုလိုခြင်းဖြစ်သည်။ အကြောင်းမှာ နေမှ အလင်းရောင် ထွက်ပေါ်ပြီးနောက် အရိပ်ဖြစ်ပေါ်သော ခန္ဓာကိုယ် ထင်ဟပ်လာခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ၄င်းနောက် အရိပ်ရွေ့လျားခြင်း၏ အကြောင်းခံသည် နေ၏ ရွေ့လျားခြင်းပင် ဖြစ်သည်။ တစ်ဖန် ထိုအရိပ်၏ ထူးခြားမှုများ၊ ဤအရာအားလုံးသည် အသျှင်မြတ်၏ အမိန့်တော်နှင့် ဖြစ်ပေါ်နေခြင်းဖြစ်သည်။) ၄င်းနောက် (အရိပ်ရှိသော) အရာများသည်လည်း (အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ်) မစွမ်းနိုင်လျက် (အမိန့်ကို နာခံလျက်) ရှိနေကြသည်။ ၄င်းနောက် တင်ပြပါ အရာဝတ္ထုများသည် ယင်းတို့တွင် ကိုယ်ပိုင်အစွမ်းအစဖြင့် လှုပ်ရှားနိုင်ခြင်း မရှိသကဲ့သို့၊ ဥပမာ- يَتَفَيَّؤُ တွင် ယင်းအရိပ်များသည် တိမ်းညွတ်လျက် ရှိနေကြသည်ဟု ရည်ညွှန်းထားပေသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်ပိုင်အစွမ်းဖြင့် လှုပ်ရှားနိုင်သူတစ်ဦးတွင် ၄င်း၏ ကိုယ်ပိုင်စွမ်းဖြင့် လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာသော အရိပ်၏ လှုပ်ရှားမှုသည်ပင်လျှင် အသျှင်မြတ်၏ အမိန့်ကို နာခံလေ့ရှိသည်။ ထို့နည်းတူစွာ ကိုယ်ပိုင်ဉာဏ်စွမ်းဖြင့်) မိုးကောင်းကင်တွင် လှည့်ပတ်သွားလာလျက်ရှိကြသော အရာများအားလုံး (ဥပမာ- ကောင်းကင်တမန်များ) ၄င်းနောက် မြေပထဝီတွင် ရှိရှိသမျှသော အရာအားလုံး (ဥပမာ- သက်ရှိသတ္တဝါများ) အားလုံး အသျှင်မြတ်၏ (အမိန့်ကို) သာလျှင် နာခံလျက်ရှိကြသည်။

၄င်းနောက် (အထူးသဖြင့်) ကောင်းကင်တမန်များသည် (လည်း နာခံလျက်ရှိကြသည်။) ၄င်းနောက် ထို (ကောင်းကင်တမန်များသည် မြင့်မားသော အဆင့်အတန်းများတွင် ရှိနေပါလျက်၊ ၄င်းနောက် မြင့်မားသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ပါလျက် အသျှင်မြတ်၏ အမိန့်နာခံမှုတွင်) ဂုဏ်မောက်ခြင်း မရှိကြပေ။ (ထို့ကြောင့် ၄င်းတို့၏ အကြောင်းကို ဤနေရာတွင် အထူးတလည် တင်ပြခြင်းဖြစ်သည်။ အမှန်စင်စစ် مَا فِي السَّمٰوٰتِ ဟူသော စာသားတွင် ယင်းကောင်းကင်တမန်များသည်လည်း အကျုံးဝင်ပြီးဖြစ်သည်) ၄င်းတို့သည် လွှမ်းမိုးနိုင်နင်းတော်မူသော မွေးမြူဖန်ဆင်းရှင်ကို ကြောက်ရွံ့ကြသည်။ (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ) ၄င်းတို့အား ညွှန်ကြားထားသမျှ ကို ပြုလုပ်ကြသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် (တာဝန်ပေးခြင်းခံရသူများကို တမန်တော်များ၏ အကြောင်းခံဖြင့် မိန့်တော်မူသည်မှာ ကိုးကွယ်ရာ အသျှင်နှစ်ပါး (သို့မဟုတ် ထို့ထက်ပို၍) မသတ်မှတ်ကြလေနှင့်။ ကိုးကွယ်ရာ အသျှင်သည် တစ်ပါးတည်းသာ ရှိသည်။ (အခြေအနေမှန်ကို သိရှိပြီးနောက်) အသင်တို့သည် ငါအသျှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြလော။ (အဘယ်ကြောင့်ဆိုသော် ကိုးကွယ်ခံထိုက်ခြင်းသည် ငါအသျှင်မြတ်အတွက်သာလျှင် ဖြစ်သည့်

အတွက် ထိုအသျှင်မြတ်တွင် ရှိသင့်ရှိထိုက်သည့် ပြီးပြည့်စုံသော 'ကွဒ်ရသ်'တန်ခိုးတော်များ စသည်တို့သည်လည်း ငါအသျှင်မြတ်အတွက်သာလျှင် ထိုက်တန်ပေသည်။ အစားပေးခြင်း ခံရမည့် စိုးရိမ်ကြောင့်ကြမှုသည် ငါအသျှင်မြတ်နှင့်သာလျှင် ပတ်သက်သင့်သည်။ ၎င်းနောက် တုဖက်နိုင်းယှဉ်ခြင်းသည် ကလဲ့စားချေခြင်းခံရမည့်အရာ ဖြစ်သည်။ ထို့ကြောင့် တုဖက်နိုင်းယှဉ်ခြင်း မပြုသင့်ပေ။)

၎င်းနောက် မိုးကောင်းကင်နှင့် မြေပထဝီရှိ အရာခပ်သိမ်းတို့သည် ထိုအသျှင်မြတ်၏ (ပိုင်ဆိုင်မှု၌သာလျှင် ရှိသည်။ ၎င်းနောက် မလွဲမသွေ အမိန့်နာခံခြင်းသည်လည်း ထိုအသျှင်မြတ်အတွက်သာ ထိုက်တန်ပေသည်။ (ဆိုလိုသည်မှာ ထိုအသျှင်မြတ်သာလျှင် ခံယူထိုက်တော်မူသော ဂုဏ်ဒြပ်တစ်ခုမှာ အရာခပ်သိမ်းတို့သည် ထိုအသျှင်မြတ်၏ အမိန့်ကို လိုက်နာကြရမည်။ ဤစကားကို နားလည်သဘောပေါက်ပြီးသည့်နောက်) အသင်တို့သည် တစ်ဖန်ပြန်၍ အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ကြောက်ရွံ့နေသေးပါသလော။ (ထိုအခြားအရာများကို ကြောက်ရွံ့ကိုးကွယ်နေကြပါသလော။) ၎င်းနောက် (ကြောက်ရွံ့ရိုသေရန် အလ္လာဟ်အသျှင်မြတ်မှအပ အခြားမရှိသကဲ့သို့ 'နေအ်မသ်'ချီးမြှင့်သူ၊ မျှော်လင့်ထိုက်သူဟူ၍လည်း အလ္လာဟ်အသျှင်မြတ်မှအပ အခြားမရှိပါ။) အသင်တို့ထံ၀ယ် ရှိသော (မည်သည့်) 'နေအ်မသ်'စည်းစိမ်မဆို အလုံးစုံသည် ထိုအလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ (ချီးမြှင့်ထားခြင်း) ဖြစ်သည်။ တစ်ဖန်အသင်တို့သည် (အနည်းငယ်မျှပင်) ဒုက္ခနှင့် ရင်ဆိုင်ရသော် (ထိုဒုက္ခမှ ကင်းဝေးရန်) ထို (အလ္လာဟ်) အသျှင်မြတ်ကိုသာလျှင် လျှောက်တင်ကြသည်။ (၎င်းနောက် ထိုအချိန်တွင် ရုပ်တုများကို သတိမရကြ။ ထိုအချင်းအရာများကြောင့် 'သောင်ဟီးဒ်'တရားသည် မှန်ကန်ကြောင်း အသင်တို့၏ လုပ်ရပ်က ဝန်ခံနေခြင်းများဖြင့် သိရှိနိုင်သည်။ သို့သော်) တစ်ဖန် (အလ္လာဟ်အသျှင်မြတ်သည်) အသင်တို့ကို ထိုဒုက္ခမှကင်းဝေးစေသော် အသင်တို့အနက်မှ အုပ်စုတစ်စုသည် (ကြီးမားသော အုပ်စုသည်) မိမိတို့၏ မွေးမြူဖန်ဆင်းရှင်ကို (နဂိုမူလအတိုင်း) တုဖက်နိုင်းယှဉ်မှု ပြုကြသည်။ နောက်ဆုံးရလဒ်မှာ ငါအသျှင်မြတ်ချီးမြှင့်ခဲ့သော 'နေအ်မသ်'တော်ကို (ဒုက္ခများမှ ကင်းဝေးစေခြင်းတို့ကို) ကျေးဇူးကန်းလေသည်။ (အသိဉာဏ်ဖြင့် စဉ်းစားကြည့်မည်ဆိုလျှင်လည်း ထိုလုပ်ရပ်သည် ညစ်ညမ်းသောလုပ်ရပ်ဟု သိရှိနိုင်သည်။) ကောင်းလေစွ။ ရက်အနည်းငယ် စည်းစိမ်ခံလိုက်ကြလော့။ (တစ်ဖန် ကြည့်ရှုလော့) အလျှင်အမြန်ပင် (သေဆုံးသည်နှင့် တစ်ပြိုင်နက်) အသင်တို့ သိရှိသွားကြလိမ့်မည်။ (ထို့နောက် အထက်တွင် အုပ်စုတစ်စုဟု ဆိုထားခြင်းအဓိပ္ပာယ်မှာ အချို့သောသူများသည် အခြေအနေကို လေ့လာသုံးသပ်ကာ 'သောင်ဟီးဒ်'တရားနှင့် အီမာန်ယုံကြည်မှုအပေါ် ရပ်တည်ခဲ့ကြသည်။ ယင်းနှင့်ပတ်သက်ပြီး အသျှင်မြတ်၏ မိန့်ဆိုမှုတစ်ရပ်မှာ-

فَلَمَّا نَجّٰهُمْ اِلَى الْبَرِّ فَمِنْهُمْ مُّقْتَصِدٌ

၎င်းနောက် (၎င်းတို့၏ တုဖက်နိုင်းယှဉ်မှုများထဲမှ တစ်ချက်မှာ) ထိုသူတို့သည် ငါအသျှင်မြတ်ချီးမြှင့်ထားတော်မူသော အရာများအနက်မှ ထို (ကိုးကွယ်ရာအသျှင်များ) အတွက် ဝေစုသတ်မှတ်ကြသည်။ ယင်းတို့၏ (ကိုးကွယ်ရာအသျှင်ဖြစ်ကြောင်း) နှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ အသိတရား (၎င်းနောက်

ထိုအရာဝတ္ထုများသည် ကိုးကွယ်ရာအသျှင်ဖြစ်ကြောင်း မည်သည့်အထောက်အထား၊ အကိုးအကားမျှ) ၄င်းတို့တွင် မရှိပေ။ (ယင်းအကြောင်းအရာ အကျယ်တဝင့်ကို ကုရ်အာန် (၈) ပါရာ၏ တတိယရုကူအ်တွင် وَجَعَلُوا لِلّٰهِ ဟူသော အာယသ်တော်တွင် တင်ပြခဲ့ပြီးဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အသင်တို့၏ လုပ်ကြံမှုများနှင့်ပတ်သက်ပြီး အသင်တို့ကို ('ကေယာမသ်' နေ့တွင်) မုချကေန် စစ်ဆေးအရေးယူမည် ဖြစ်သည်။ (၄င်းတို့၏ အခြားတဖက်နှိုင်းယှဉ်ခြင်းတစ်ခုမှာ) အလ္လာဟ်အသျှင်မြတ်တွင် သမီးတော်များရှိသည်ဟု သတ်မှတ်သည်။ سُبْحَانَهُ (အဘယ်မျှ အဓိပ္ပာယ်မဲ့သော စကားဖြစ်လေသနည်း) ၄င်းနောက် (ထပ်ဆင့် လွန်ကဲစွာ) မိမိတို့အတွက်မူ အလိုရှိရာများကိုသာ သတ်မှတ်ကြသည်။ (ဆိုလိုသည်မှာ) မိမိတို့အတွက်မူ သားများကို ရွေးချယ်သတ်မှတ်ကြသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَإِذَا بُشِّرَ أَحَدُهُم بِالْأُنثَىٰ ظَلَّ وَجْهُهُ مُسْوَدًّا وَهُوَ كَظِيمٌ ۝٥٨

၁၆ : ၅၈ ။ ။ စင်စစ် ၄င်းတို့အနက် တစ်ဦးတစ်ယောက်သည် သမီးမိန်းကလေး (မွေးဖွားလာသည်) နှင့် ပတ်သက်၍ သတင်းကောင်းပေးခြင်းကို ခံရသောအခါ ၄င်း၏ မျက်နှာသည် (ရှက်တရက်၊ ချက်ချင်း) ညှိုးမည်း၍ သွားလေတော့သည်။ ထို့ပြင် ၄င်းသည် ကျိတ်မှိတ်၍ ပူဆွေးလျက်ရှိပေသည်။

يَتَوَارَىٰ مِنَ الْقَوْمِ مِن سُوءِ مَا بُشِّرَ بِهِ ۚ أَيُمْسِكُهُ عَلَىٰ هُونٍ أَمْ
يَدُسُّهُ فِي التُّرَابِ ۗ أَلَا سَاءَ مَا يَحْكُمُونَ ۝٥٩

၁၆ : ၅၉ ။ ။ ၄င်း (သူ) သည် မိမိအား ထိုမကောင်းသတင်းပေးခြင်းကို ခံရသောကြောင့် ရှက်၍ လူတို့ထံမှ (မမြင်နိုင်လေအောင်) ပုန်းကွယ်၍ နေလေသည်။ ထို့ပြင် ယင်း (သူ) သည် ထိုသမီးမိန်းကလေးကို (ဂုဏ်သရေကို ထိခိုက်သော်လည်း) ယုတ်ညံ့သော အခြေအနေနှင့် ထိန်းသိမ်း၍ ထားရမည်လော။ သို့တည်းမဟုတ် ၄င်းအား မြေကြီးထဲ၌ မြှုပ်နှံရမည်လော (ဟု သို့လော သို့လောဖြစ်နေပေသည်။) သတိပြုကြလေကုန်။ ၄င်းတို့၏ ဆုံးဖြတ်ချက်သည် အလွန်ယုတ်ညံ့လှပေသည်။

لِلَّذِينَ لَا يُؤْمِنُونَ
بِالْآخِرَةِ مَثَلُ السَّوْءِ ۖ وَلِلَّهِ الْمَثَلُ الْأَعْلَىٰ ۚ وَهُوَ الْعَزِيزُ الْحَكِيمُ ۝٦٠

၁၆ : ၆၀ ။ ။ နောင်တမလွန်ဘဝကို မယုံကြည်ကြသော သူတို့၌ မကောင်းသော အရည်အချင်းရှိ၏။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၌မူ မြင့်မြတ်လှစွာသော အရည်အချင်းများသည် ရှိကုန်၏။ စင်စစ် ထိုအသျှင်မြတ်သည် တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်၊ အကျိုးအကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ၎င်းတို့အနက်မှ တစ်ဦးဦးကို သမီး (မွေးဖွားကြောင်း) သတင်းပေးခဲ့သော် (ယင်းသမီးများကို အလ္လာဟ်အသျှင်မြတ်အတွက် ရွေးချယ်သတ်မှတ်ကြသည်။) ၎င်းတို့သည် တစ်နေလုံး မျက်နှာများ မသာမယာဖြစ်ကာ (အလွန်ပင် စိတ်ဆိုးမာန်ဆိုး ဖြစ်ကြသည်။) ၎င်းနောက် စိတ်ထဲတွင် ကြိတ်မနိုင်ခဲမရ ဖြစ်ကြသည်။ (၎င်းနောက် သမီးမိန်းကလေးဖွားမြင်ကြောင်း) ၎င်းတို့ကို သတင်းပေးခဲ့သည့်အတွက် ထိုသူတို့သည် ရှက်လွန်းလှသဖြင့် လူအများကို ရှောင်ဖယ်နေတတ်ကြသည်။ (စိတ်ကို ဝေခွဲမရနိုင်အောင် ဖြစ်နေတတ်ကြသည်။ အကြောင်းမှာ) ထို (မွေးကင်းစကလေး) ကို သေးသိမ်သော (အခြေအနေဖြင့်) လက်ဝယ်ထားရှိမည်လော။ သို့မဟုတ် ၎င်းကို (အရှင်လတ်လတ်သော်လည်းကောင်း၊ အသေသော်လည်းကောင်း) မြေမြှုပ်ပစ်ရမည်လော။ ဂရုတစိုက် နားထောင်ကြလော။ ၎င်းတို့၏ ရွေးချယ်မှုသည် အလွန်ပင် ဆိုးရွားလေသည်။ အကြောင်းမှာ ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်တော်ပါးတွင် သားသမီးရှိသည်ဟု ဆိုခြင်း ဖြစ်သည်။ ဤအချက်နှင့်ပင် ဆိုးရွားလွန်းနေပေသည်။ တစ်ဖန် သားသမီးရှိသည်ဟု ဆိုရာ၌လည်း မိမိတို့ကိုယ်တိုင် လွန်စွာ သေးသိမ်သည်၊ လူရာမဝင်သည်ဟု ယူဆသော သမီးမိန်းကလေးများကို အလ္လာဟ့်အတွက် သတ်မှတ်ကြသည်။ ထို့ကြောင့်) တမလွန်ကို မယုံကြည်ကြသောသူတို့သည် အကျင့်စာရိတ္တဆိုးရွားသူများ ဖြစ်ကြသည်။ (ဒွန်ယာလောကတွင်လည်း ဤကဲ့သို့သော အသိဉာဏ်ကင်းမဲ့မှုများတွင် နစ်မွန်းလျှက်ရှိကြသည်။ ၎င်းနောက် တမလွန်တွင်လည်း ပြစ်ဒဏ်သင့်မှု၊ သေးသိမ်မှုတို့တွင် နစ်မွန်းရပေဦးမည်။) ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် ကြီးမားမြင့်မြတ်သော ဂုဏ်တော်များကို စိုးပိုင်တော်မူသည်။ (ထိုမုရှ်ရစ်ကဲများ၏ ပြောဆိုမှုများနှင့် မည်သို့မျှ အလ္လာဟ်အသျှင်မြတ်နှင့် မပတ်သက်ပေ။) ၎င်းနောက် ထိုအသျှင်မြတ်သည် နိုင်နင်းတော်မူသော အသျှင်ဖြစ်သည်။ (အကယ်၍ ၎င်းတို့ကို ဒွန်ယာလောကတွင် တုဖက်နိုင်းယှဉ်ခြင်းနှင့် ပတ်သက်ပြီး အပြစ်ပေးမည်ဆိုလျှင်လည်း ဇိုးဝ အခက်အခဲမရှိ။ သို့သော် ထိုပြင် အသျှင်မြတ်သည် အလွန်ပင် အမြော်အမြင်ရှိတော်မူသော အသျှင်၊ (လည်း ဖြစ်သည်။ မိမိ၏ အမြော်အမြင်တော်အရ သေဆုံးကွယ်လွန်ပြီးသည့်အထိ ပြစ်ဒဏ်ပေးခြင်းကို ဆိုင်းငံ့ထားတော်မူသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များတွင် အာရပ်လူမျိုး ကာဖိရ်တို့၏ အကျင့်စရိုက်နှစ်ခုနှင့် ပတ်သက်၍ ရှုံ့ချထားလေသည်။ ပထမတစ်ခုမှာ ၎င်းတို့သည် မိမိတို့အိမ်တွင် သမီးမိန်းကလေး မွေးဖွားခြင်းကို အဘယ်မျှ ဆိုးရွားသည်ဟု ထင်မှတ်ကြသည်မှာ ရှက်ကြောက်ပြီး လူအများကို ရှောင်ဖယ်နေတတ်ကြသည်။ ၎င်းနောက် ဝေခွဲမရ ဖြစ်နေကြသည်မှာ သမီးမိန်းကလေး မွေးဖွားသည့်အတွက် ရရှိခံစားရမည့် သေးသိမ်မှုကို ခေါင်းငုံ့သည်းခံနေမည်လော။ သို့မဟုတ် ထိုသမီးမိန်းကလေးကို အရှင်လတ်လတ် မြေမြှုပ်ပစ်၍ စာရင်းရှင်းလိုက်ရမည်လောဟူ၍ ဖြစ်သည်။ ၎င်းတို့၏ ထပ်ဆင့်ကာ အသိတရားကင်းမဲ့မှုများမှာ မိမိတို့ မနှစ်သက်သော သမီးမိန်းကလေးကို အလ္လာဟ်အသျှင်မြတ်အတွက် သတ်မှတ်ခြင်းဖြစ်သည်။

ဒုတိအာယသ်တော်တွင်၏ အဆုံးတွင် اَلاَ سَاءَ مَا يَحْكُمُوْنَ ဟူသော စာသား၏ အလိုသဘော နှင့် ပတ်သက်ပြီး ဗဲဟ်ရေမူဟီးသ္ဓ်သဖ်စီးရ်ကျမ်းတွင် အိစ်နေအသီရာသခင်မှတစ်ဆင့် ဆင့်ပြန်ကိုးကား၍ ယင်းကာဖိရ်များ၏ ဓလေ့စရိုက်နှစ်ခုအကြောင်းကိုပင် ရေးသားထားလေသည်။ ပထမဓလေ့မှာ သမီး မိန်းကလေး မွေးဖွားခြင်းကို 'အဓား' တစ်ခုဟု မှတ်ယူခြင်းနှင့် သေးသိမ်မှုဟူ၍ မှတ်ယူခြင်းသည် ၎င်းတို့၏ မှားယွင်းသော ဆုံးဖြတ်ချက်တစ်ခု ဖြစ်လေသည်။ ဒုတိယဓလေ့မှာ မိမိတို့၏ သေးသိမ်သည်ဟု ယူဆ သော အကြောင်းအရာများကို အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ပုံအပ်ခြင်းဖြစ်သည်။

တတိယအာယသ်တော်၏ အဆုံးတွင် وَهُوَ الْعَزِيْزُ الْحَكِيْمُ ဟူသော စာသားဖြင့် ရည်ညွှန်း မိန့်ဆိုသည်မှာ သမီးမိန်းကလေး မွေးဖွားခြင်းကို ဘေးဒုက္ခနှင့် သေးသိမ်မှုဟု မှတ်ယူခြင်း၊ ၎င်းနောက် ယင်းကြောင့် လူအများကို ရှောင်ဖယ်နေခြင်းတို့သည် အသျှင်မြတ်၏ ဉာဏ်အမြော်အမြင်တော်ကို ရင်ဆိုင် ဆန့်ကျင်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဖန်ဆင်းခံများတွင် ဖိုနှင့် မဟူ၍ ခွဲခြားဖန်ဆင်းထား ခြင်းသည် အသျှင်မြတ်၏ ဉာဏ်အမြော်အမြင်တော်နှင့် ပတ်သက်သည့် မူဝါဒတစ်ရပ် ဖြစ်သည်။

[ရှုးဟွလ်ဗယာန်ကျမ်း]

ဓမ္မသတိ ။ ။ ဤအာယသ်တော်များတွင် ရှင်းလင်းပြတ်သားစွာ ရည်ညွှန်းထားသည်မှာ မိမိအိမ်၌ သမီးမိန်းကလေးမွေးဖွားခြင်းကို ဘေးဒုက္ခဖြစ်သည်။ ၎င်းနောက် သေးသိမ်သည်ဟု မှတ်ယူခြင်းသည် မပြုပိုင်သောအရာ ဖြစ်သည်။ ယင်းသည် ကာဖိရ်များ၏ လုပ်ရပ်ဖြစ်သည်။ ရှုဟွလ်ဗယာန်သဖ်စီးရ် ကျမ်းတွင် ရှရ်အာကျမ်းကို ကိုးကား၍ ရေးသားထားသည်မှာ မွတ်စ္စလင်မ်တို့သည် သမီးမိန်းကလေး မွေးဖွားခဲ့လျှင် ပျော်ရွှင်ကြောင်းကို ထုတ်ဖော်ပြသရမည်။ သို့မှသာ အမှောင်ခေတ်၏ အစဉ်အလာများကို ဆန့်ကျင်ရာရောက်မည်။ ၎င်းနောက် ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ သမီးဦးဖွားမြင်သော အမျိုးသမီး သည် 'ဗရ်ကသ်' မင်္ဂလာရှိသော အမျိုးသမီးဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင်လည်း

يَهَبُ لِمَنْ يَّشَآءُ اِنَاثًا وَّيَهَبُ لِمَنْ يَّشَآءُ الذُّكُوْرَ

ဟူသော အာယသ်တော်တွင် အမျိုးသမီးကို ဦးစားပေးတင်ပြကာ ထိုအဓိပ္ပာယ်ကိုသာလျှင် ရည်ညွှန်း လျက်ရှိနေပေသည်။ ယင်းမှာ သမီးဦးဖွားမြင်ခြင်းသည် သာပို၍ မွန်မြတ်လေသည်။ အခြားဟဒီးစ်တော် တစ်ပိုဒ်တွင် လာရှိသည်မှာ အကြင်သူတစ်ဦးတစ်ယောက်သည် သမီးမိန်းကလေးများကို ရရှိပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့ကို ကျွေးမွေးပြုမည်ဆိုလျှင် ထိုသမီးမိန်းကလေးများသည် ထိုသူအတွက် 'ဂျဟန္နမ်' ငရဲဘုံမှ အကာ အကွယ်ပြုပေးသူများ ဖြစ်လိမ့်မည်။

[ရှုးဟွလ်မအာနီကျမ်း]

အချုပ်ဆိုရသော် သမီးမိန်းကလေး ဖွားမြင်ခြင်းကို ဆိုးရွားသည်ဟု ယူဆခြင်းသည် အမှောင် ခေတ်၏ ဓလေ့ထုံးစံတစ်ခု ဖြစ်သည်။ မွတ်စ္စလင်မ်တို့သည် ယင်းလုပ်ရပ်ကို ရှောင်ကြဉ်ရမည်။ ယင်းဓလေ့ ထုံးစံကို ဆန့်ကျင်၍ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ပြုထားသော အချက်ပေါ်တွင် စိတ်အေးချမ်းသာ စွာဖြင့် ပျော်ရွှင်နေရမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَوْ يُؤَاخِذُ اللَّهُ النَّاسَ بِظُلْمِهِم مَّا تَرَكَ عَلَيْهَا مِن دَابَّةٍ وَلَٰكِن
يُؤَخِّرُهُمْ إِلَىٰ أَجَلٍ مُّسَمًّى ۖ فَإِذَا جَاءَ أَجَلُهُمْ لَا يَسْتَأْخِرُونَ
سَاعَةً ۖ وَلَا يَسْتَقْدِمُونَ ﴿٦١﴾

၁၆ : ၆၁ ။ ။ စင်စစ် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် လူတို့အား ၎င်းတို့၏ မတရားမှုကြောင့် (ရုတ်တရက်၊ ချက်ချင်း) ဖမ်းဆီးကွပ်မျက်တော်မူပါလျှင် ဤ (ပထဝီ) မြေပေါ်ဝယ် သွားလာလှုပ်ရှားသော သတ္တဝါတစ်စုံတစ်ခုကိုမျှ ချန်ထားတော်မူမည် မဟုတ်ပေ။ သို့ရာတွင် ထိုအသျှင်မြတ်သည် ၎င်းတို့အား သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလတိုင်အောင် ရွှေ့ဆိုင်းတော်မူလေသည်။ တစ်ဖန် ၎င်းတို့၏ အချိန်ကာလသည် ဆိုက်ရောက်လာသောအခါ ၎င်းတို့သည် တစ်နာရီမျှပင် နောက်သို့ ဆုတ်နိုင်ကြမည်လည်း မဟုတ်ပေ။ ရှေ့သို့ တိုးနိုင်ကြမည်လည်း မဟုတ်ပေ။

وَيَجْعَلُونَ لِلَّهِ مَا يَكْرَهُونَ وَتَصِفُ أَلْسِنَتُهُمُ الْكَذِبَ
أَنَّ لَهُمُ الْحُسْنَىٰ ۖ لَا جَرَمَ أَنَّ لَهُمُ النَّارَ وَأَنَّهُم مُّفْرَطُونَ ﴿٦٢﴾

၁၆ : ၆၂ ။ ။ ထို့ပြင် ၎င်းတို့သည် မိမိတို့ စက်ဆုပ်ကြကုန်သော အရာများကို အလ္လာဟ်အသျှင်မြတ်၌ ရှိသည်ဟု ယိုးစွပ်ကြပေသည်။ ထို့ပြင် ၎င်းတို့၏ နှုတ် (လျှာ) များက 'ကေန်စင်စစ် ၎င်းတို့အဖို့ ကောင်းကျိုးချမ်းသာချည်းသာ ရှိသည်' ဟူ၍ပင် မုသား ပြောဆိုကြသေးသည်။ ကေန်မလွဲ ၎င်းတို့အဖို့ ငရဲမီးသည် (အဆင်သင့်) ရှိပေသည်။ ထို့ပြင် ကေန်စင်စစ် ၎င်းတို့သည် (ယင်းငရဲမီးထဲသို့) ရှေးဦးစွာ ပို့ဆောင်ခြင်း ခံကြရမည့်သူများပင် ဖြစ်ကြကုန်သည်။

تَاللَّهِ لَقَدْ أَرْسَلْنَا إِلَىٰ أُمَمٍ مِّن قَبْلِكَ
فَزَيَّنَ لَهُمُ الشَّيْطَانُ أَعْمَالَهُمْ فَهُوَ وَلِيُّهُمُ الْيَوْمَ وَلَهُمْ عَذَابٌ أَلِيمٌ ﴿٦٣﴾

၁၆ : ၆၃ ။ ။ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ကေန်အမှန် ငါအသျှင်မြတ်သည် အသင်၏အလျှင် အုပ်စုအသီးသီးတို့ထံလည်း (ရစူလ်တမန်တော်များကို) စေလွှတ်တော်မူခဲ့လေသည်။ သို့ရာတွင် ရှိုက်သွာန်သည် ၎င်းတို့၏ ပြုကျင့်မှုများကို ၎င်းတို့၏ အမြင်တွင် လှပတင့်တယ်အောင် ပြုလုပ်ပေးခဲ့လေသည်။ သို့ဖြစ်ပေရာ ယင်းရှိုက်သွာန်သည်ပင်လျှင် ယနေ့လည်း ၎င်းတို့၏ အဆွေခင်ပွန်းပင် ဖြစ်ပေသည်။ ထို့ပြင် ၎င်းတို့၌ အပြင်းအထန် နာကျင်ဖွယ်ရာ ပြစ်ဒဏ်သည် ရှိချေသည်။

وَمَا أَنزَلْنَا عَلَيْكَ الْكِتَابَ إِلَّا لِتُبَيِّنَ لَهُمُ الَّذِي
اخْتَلَفُوا فِيهِ ۙ وَهُدًى وَرَحْمَةً لِّقَوْمٍ يُؤْمِنُونَ ﴿٦٤﴾

၁၆ : ၆၄ ။ ။ စင်စစ် ငါအသျှင်မြတ်သည် အသင်၏အပေါ်၌ ကျမ်းတော်မြတ် (ကုရ်အာန်) ကို ချပေးသနားတော်မူခဲ့သည်မှာ အသင်သည် ၎င်းတို့အား ၎င်းတို့ ကွဲလွဲချက်ရှိခဲ့ကြသော အကြောင်းကို ရှင်းလင်းရန်အလို့ငှာလည်းကောင်း၊

မှအ်မင်နီ သက်ဝင် ယုံကြည်သူတို့အဖို့ တရားလမ်းညွှန်အဖြစ်လည်းကောင်း၊ ကရုဏာတော်အဖြစ်လည်းကောင်း ချပေးတော်မူခဲ့ခြင်းသာ ဖြစ်ပေသည်။

وَاللّٰهُ اَنْزَلَ مِنَ السَّمَآءِ مَآءً فَاَحْيَا بِهِ الْاَرْضَ بَعْدَ مَوْتِهَا ۭ اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّقَوْمٍ يَّسْمَعُوْنَ ۝۶۵

၁၆ : ၆၅ ။ ။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် မိုးကောင်းကင်မှ ရေကို ရွာသွန်းစေတော်မူလေသည်။ တစ်ဖန် ထိုအသျှင်မြတ်သည် ၎င်းရေဖြင့် သေနေသော မြေကြီးကို ရှင်စေတော်မူလေသည်။ ကေန်စင်စစ် ဤသည့်၌ ကြားနာကြကုန်သော သူတို့အဖို့ အမှန်ပင် သက်သေသာဓက ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် (ညှဉ်းပန်းနှိပ်စက်သော) သူများအပေါ် ၎င်းတို့၏ ညှဉ်းပန်းနှိပ်စက်မှု (ဆိုလိုသည်မှာ ကုဖွရ်နှင့် ရှရစ်က်လုပ်ရပ်များ) ကြောင့် (လောကတွင် ချက်ချင်းလက်ငင်း အပြည့်အဝ) အရေးယူမည်ဆိုလျှင် မြေပထဝီပေါ်တွင် မည်သည့် (အာရုံခံစားတတ်သော) သွားလာလှုပ်ရှားသော သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမည်မဟုတ်ပေ။ (အားလုံးကို ဖျက်ဆီးပစ်လိုက်မည်ဖြစ်သည်။) သို့သော် ချက်ချင်းလက်ငင်း အရေးယူတော်မမူပေ။ သို့သာမက) သတ်မှတ်ထားသော အချိန်ကာလတစ်ခုအထိ အခွင့်အရေးပေးထားတော်မူသည်။ (သို့မှသာ အကယ်၍ 'သောင်ဗာဟ်'ပြုလိုသူတစ်ဦးတစ်ယောက် ရှိခဲ့သော် အခွင့်အရေးရရန်ဖြစ်သည်။) တစ်ဖန် မည်သည့်အခါ ၎င်းတို့၏ (ထို) သတ်မှတ်ထားသော အချိန်ကာလ (နီးကပ်) ရောက်ရှိလာမည်ဆိုလျှင် ထိုအခါ တစ်မိနစ်တစ်စက္ကန့်မျှပင် နောက်ကျသွားမည် မဟုတ်သကဲ့သို့ စောလျင်လာမည်လည်း မဟုတ်ပေ။ (ချက်ချင်းလက်ငင်း ပြစ်ဒဏ်သင့်မည်ဖြစ်သည်။) ၎င်းနောက် အလ္လာဟ်အသျှင်မြတ်အတွက် (မိမိတို့) မနှစ်သက်သော အကြောင်းအရာများကို ရွေးချယ်သတ်မှတ်ကြသည်။ (ဥပမာ– အထက်တွင် တင်ပြခဲ့သည့်အတိုင်း وَيَجْعَلُوْنَ لِلّٰهِ بَنَاتِ) ၎င်းနောက် (တစ်ဖန်) မိမိတို့၏ နှုတ်လျှာဖြင့် လိမ်လည်ကြွေးကြော်မှုများကိုလည်း ပြုကြသည်။ အကြောင်းမှာ ထိုသူတို့အတွက် (ဆိုလိုသည်မှာ ကျွန်ုပ်တို့အတွက် 'ကေယာမသ်' ဆိုက်ရောက်လာခြင်း အကြောင်းအရာသည်) ကောင်းချီးအဖြာဖြာနှင့် ပြည့်စုံနေလိမ့်မည်။ (အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ အဘယ်မှာ ကောင်းချီးမင်္ဂလာရှိနိုင်မည်နည်း။ သို့သာမက) မုချဧကန် ('ကေယာမသ်' နေ့တွင်) ထိုသူတို့အတွက် ငရဲဘုံသာရှိသည်။ ၎င်းနောက် မုချဧကန် ထိုသူတို့သည် (ငရဲဘုံသို့) ပထမဦးဆုံး ပို့ဆောင်ခြင်းခံရမည်။

(အို၊ မိုဟမ္မဒ်၊ အသင်သည် ထိုသူတို့၏ ငြင်းဆန်မှုနှင့် အသိတရားကင်းမဲ့မှုအပေါ် သောကမရောက်လေနှင့်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အသင်တမန်တော် (၏ ခေတ်ကာလ) အလျင်လည်း မြောက်မြားစွာသော အုမ္မသ်အုပ်စုများ ရှိခဲ့သည်။ ငါအသျှင်မြတ်သည် ၎င်းအုပ်စု

များထံသို့လည်း တမန်တော်များ စေလွှတ်ခဲ့သည်။ (အသင်တမန်တော်ကို ထိုသူတို့ထံ စေလွှတ်သကဲ့သို့) သို့ပါ၍ (ထိုသူတို့သည် မိမိတို့၏ ငြင်းဆန်မှုများကို နှစ်သက်ကြပြီး ထိုငြင်းဆန်မှုအပေါ် မြဲမြံစွာ ရပ်တည်နေသကဲ့သို့) ရှိုက်သွာန်သည်လည်း ၄င်းတို့ကို ၄င်းတို့၏ (ကုဖွရ်) လုပ်ရပ်များအား လှပတင့်တယ်အောင် ပြုလုပ်၍ ပြသနေသည်။ ထို (ရှိုက်သွာန်သည်) ယနေ့ (လောကတွင်) ၄င်းတို့၏ အပေါင်းအဖော်ဖြစ်သည်။ (ဆိုလိုသည်မှာ အပေါင်းအဖော်ဖြစ်ခဲ့သည်။ ၄င်းတို့ကို လှည့်ဖြားခဲ့ပြီး သင်ပေးခဲ့သည်။ ယင်းတို့သည် ဒွန်ယာလောကတွင် ၄င်းတို့၏ ဆုံးရှုံးမှုများဖြစ်သည်။) ၄င်းနောက် (တစ်ဖန် 'ကေယာမသ်'နေ့တွင်) ၄င်းတို့အတွက် ကြောက်မက်ဖွယ်ရာကောင်းသော ပြစ်ဒဏ် (သတ်မှတ်) ထားလေသည်။ (အချုပ်ဆိုရသော် မျက်မှောက် ခေတ်ရှိ လူများသည်လည်း လွန်လေပြီးသော အုပ်စုများကဲ့သို့ ကုဖွရ် ငြင်းဆန်မှုကို ပြုသည်။ ထို့ကြောင့် လွန်လေပြီးသော အုပ်စုများကဲ့သို့ ၄င်းတို့ကိုလည်း ပြစ်ဒဏ်ပေးမည်ဖြစ်သည်။ အသင်တမန်တော် အဘယ်ကြောင့် ပူဆွေးနေရသနည်း။) ၄င်းနောက် ငါအသျှင်မြတ်သည် အသင်တမန်တော်ပေါ်သို့ ဤကျမ်းဂန် (ယင်းကျမ်းဂန်၏ အမည်သည် ကုရ်အာန်ဖြစ်သည်။ လူတိုင်းလူတိုင်း 'ဟေဒါယသ်'လမ်းမှန် ပေါ်သို့ ရောက်ရှိရန် အသင်တမန်တော်၏ တာဝန်ဖြစ်သည်ဟူ၍ ထိုကျမ်းဂန်ကို ချပေးခဲ့ခြင်းမဟုတ်။ အကယ်၍ ဤသို့ဖြစ်လျှင် အချို့သူများ လမ်းမှန်ပေါ်သို့ မရောက်ခဲ့ပါက အသင်တမန်တော် ပူဆွေးသောက ရောက်ပေလိမ့်မည်။ သို့သာမက ထိုကျမ်းဂန်ကို) ဤအချက်ကြောင့်သာ ချပေးခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ အကြင် (သာသနာ) ရေးရာများနှင့် ပတ်သက်ပြီး လူတို့အကြား အကွဲအပြဲရှိနေကြသည်။ (ဥပမာ- 'သောင်ဟီးဒ်'တရားနှင့် 'ကေယာမသ်'အကြောင်း၊ ၄င်းနောက် 'ဟရာမ်'၊ 'ဟလာလ်'ပညတ်ချက်များ အကြောင်း) အသင်တမန်တော်သည် လူသားများရှေ့မှောက်တွင် ထိုအကြောင်းအရာများကို ထုတ်ဖော် တင်ပြရန်သာ ဖြစ်သည်။

(ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအကျိုးကျေးဇူးသည် အားလုံးအပေါ်သို့ သက်ရောက်သည်။) ၄င်းနောက် အီမာန်ရှင်များအတွက် (သီးသန့်) လမ်းမှန်ရရန်နှင့် ကရုဏာရရှိရန်အတွက်ဖြစ်သည်။ (ထို့ကြောင့် ချပေးထားတော်မူခြင်း ဖြစ်သည်။ အသျှင်မြတ်၏ ကျေးဇူးတော်နှင့် အထက်ပါ အကြောင်းအရာများအားလုံး အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။) ၄င်းနောက် အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေများကို ရွာသွန်းပေးခဲ့သည်။ တစ်ဖန် ထိုမိုးရေဖြင့် ခြောက်သွေ့နေသော မြေပထဝီကို ရှင်သန်စေခဲ့သည်။ (ဆိုလိုသည်မှာ ထိုမြေပထဝီသည် ခြောက်သွေ့ပြီး ၄င်း၏ တိုးပွားစေနိုင်သော သဘာဝသတ္တိ အစွမ်းသည်လည်း နည်းပါးသွားပြီးနောက် အသျှင်မြတ်က တစ်ဖန် ပြန်လည်အားအင်များ ချီးမြှင့်ခဲ့သည်။) ထို (တင်ပြပါ အကြောင်းအရာများ) တွင် ထိုကဲ့သို့သောသူများအတွက် ('သောင်ဟီးဒ်'တရားနှင့် ပတ်သက်ပြီး အသျှင်မြတ်၏ ချီးမြှင့်မှုများနှင့် ပတ်သက်ပြီး) ကြီးမားသော အထောက်အထားများ ရှိသည်။ အကြင်သူတို့သည် (စိတ်ပါ လက်ပါ ထိုစကားရပ်များကို) နားထောင်ကြသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِنَّ لَكُمْ فِي الْأَنْعَامِ لَعِبْرَةً ۖ نُّسْقِيكُم مِّمَّا فِي بُطُونِهِ مِن بَيْنِ فَرْثٍ وَدَمٍ لَّبَنًا خَالِصًا سَائِغًا لِّلشَّارِبِينَ ﴿٦٦﴾

၁၆ : ၆၆ ။ ။ ထို့ပြင် ကေန်စင်စစ် အသင်တို့အဖို့ ခြေလေးချောင်းသတ္တဝါများ၌ အမှန်ပင် သင်ခန်းစာရှိပေသည်။ ငါအသျှင်မြတ်သည် အသင်တို့အား ၎င်း (သတ္တဝါ) ၏ ဝမ်းဗိုက်တွင်းရှိ အစာဟောင်းနှင့် သွေး၏ အကြားမှ သန့်စင်၍ သောက်သုံးသူတို့အဖို့ အရသာရှိသော နို့ရည်ကို တိုက်ကျွေးတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် အသင်တို့၏ တိရစ္ဆာန်များနှင့် ပတ်သက်၍လည်း စဉ်းစားတွေးခေါ်သင့်သည်။ (စဉ်းစားရမည်မှာ) ယင်းတို့၏ ဝမ်းဗိုက်တွင်းရှိ မစင်နှင့် သွေးများကြားမှ (နို့ကို ယင်းနို့သည် သွေး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အစာကြေညက်ပြီးနောက် အစာအိမ်မှ ခွဲထွက်ကာ နို့အုံ၏ သဘာဝသတ္တိကြောင့် သွေးရောင်မှ နို့ရောင်သို့ ပြောင်းလဲသွားသည်။ ယင်းကို) သန့်ပြန့်သော ၎င်းနောက် ခံတွင်းသို့ လွယ်ကူစွာ ဆင်းသက်နိုင်သော နို့ (အဖြစ် ပြုလုပ်၍) ငါအသျှင်မြတ်သည် အသင်တို့ကို သောက်သုံးရန် ချီးမြှင့်ခဲ့သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

بُطُونِهِ တွင်ရှိသော နာမ်စားသည် أنعام ဟူသော နာမ်ဘက်သို့ ညွှန်းနေသည်။ أنعام ဟူသော စာသားသည် ပုလ္လိင်၏ ဗဟုဝုစ်ကိန်းဖြစ်သည့်အတွက် သဒ္ဒါဥပဒေအရ بُطُونِهَا ဟူ၍ နာမ်စားကို လည်း ဣတ္ထိလိင်နှင့် သုံးရမည်ဖြစ်သည်။ စူရာဟ်မုအ်မိနွ်တွင်လည်း

نُسْقِيكُمْ مِمَّا فِي بُطُونِهَا

ဟူ၍ မိန့်ဆိုထားသည်။ ကုရ်သုဗီသခင်က ဤအကြောင်းအရာကို ရှင်းလင်းထားရာတွင် စူရာဟ် မုအ်မိနွ်တွင် ဣတ္ထိလိင်နာမ်စား သုံးထားသည်မှာ အညွှန်းခံနာမ်၏ ဗဟုဝုစ်ကိန်းအဓိပ္ပာယ်ကို ထောက်ထား၍ သုံးခြင်းဖြစ်သည်။ ၎င်းနောက် စူရာဟ်နဟ်လ်၏ ဤအာယသ်တော်တွင်မူ အညွှန်းခံနာမ်၏ ဗဟုဝုစ်ကိန်း စာသားကို ထောက်ထား၍ ပုလ္လိင်နာမ်စား သုံးထားခြင်းဖြစ်သည်။ အာရဗီဝေါဟာရတွင် ထိုသို့ သုံးလေ့ သုံးထရှိသော ဥပမာမြောက်မြားစွာရှိသည်။ အကြောင်းမှာ ဗဟုဝုစ်ကိန်း အညွှန်းခံနာမ်ကို ညွှန်းရန် ဧကဝုစ် ကိန်း၏ အညွှန်းပြနာမ်စားဖြင့် သုံးလေ့သုံးထရှိသည်။

နောက်ချေးနှင့် သွေး၏ ကြားမှ သန့်ပြန့်သော နို့ကို ထုတ်ပေးသည့် အကြောင်းအရာနှင့် ပတ်သက်ပြီး ဟဇရသ်အဗ်ဒုလ္လာဟ်အဗ္ဗားစ် ﵁ သခင်က မိန့်တော်မူသည်မှာ တိရစ္ဆာန်များ စားသောက်လိုက်သော

မြက်များသည် အစာအိမ်တွင် စုမိကာ အစာအိမ်သည် ယင်းကို ကြေညက်အောင် ချက်လေသည်။ အစာအိမ်၏ အစာချက်မှုကြောင့် အစာအနှစ်သည် အောက်တွင် အနည်ထိုင်သွားလေသည်။ ယင်းပေါ်တွင် နို့အလွှာဖြစ်ရှိ၍ ထိုနို့လွှာပေါ်တွင် သွေးဖြစ်ရှိသည်။ တစ်ဖန် အသျှင်မြတ်၏ 'ကွဒ်ရသ်' တန်ခိုးတော်ဖြင့် ယင်းအလွှာသုံးလွှာကို သီးခြားစီခွဲခြားရန် အသည်းကို တာဝန်ပေးထားသည်။ ထိုအသည်းသည် ယင်းအလွှာသုံးမျိုးကို သူ့နေရာနှင့်သူ သီးခြားစီ ပို့ဆောင်ပေးရသည်။ သွေးကို သွေးကြောအတွင်းသို့ ပို့ဆောင်သည်။ နို့ကို နို့အုံသို့ ပို့ဆောင်ပေးလေသည်။ ၎င်းနောက် အစာအိမ်တွင် ပိုနေသော အစာအနှစ်များသာ ကျန်ရှိနေတော့သည်။ ယင်းသည် နောက်ချေးပုံစံဖြင့် မိမိလမ်းကြောင်းမှ ထွက်လာလေသည်။

ဓမ္မသတ် ။ ။ ဤအာယသ်တော်အရ သိရှိရသည်မှာ ချိုမြိန်၍ အရသာရှိသော အစားအစာများကို စားသုံးခြင်းသည် 'သက္ကဝါ' တရားနှင့် ဆန့်ကျင်မှုမရှိပေ။ သို့သော် ထိုအစားအစာကို 'ဟလာလ်' နည်းလမ်းဖြင့် ရှာဖွေရရှိထားရမည်။ ၎င်းနောက် ထိုအစားအစာတွင် ဖြုန်းတီးမှု၊ အပိုသုံးစွဲမှုလည်း မရှိစေရ။ ဟစန် ဗဆွ်ရီ (ရဟ) သခင်ကြီးက ဤကဲ့သို့ပင် မိန့်ဆိုထားသည်။ *[ကုရ်သုဗီကျမ်း]*

ဓမ္မသတ် ။ ။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'အသင်တို့သည် အစားအစာ စားသောက်သောအခါ ဤဒိုအာကို ဖတ်ရွတ်ကြလော့။'

اَللّٰهُمَّ بَارِكْ لَنَا فِيْهِ وَاَطْعِمْنَا خَيْرًا مِنْهُ

ဆိုလိုသည်မှာ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ဤအစားအစာတွင် ကျွန်ုပ်တို့ကို 'ဗရ်ကသ်' မင်္ဂလာချီးမြှင့်တော်မူပါ။ ၎င်းနောက် နောက်နောက်ကိုလည်း ထို့ထက်ကောင်းမွန်သော အစားအစာကို ချီးမြှင့်တော်မူပါ။'

၎င်းနောက် တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'အသင်တို့ နို့သောက်သောအခါ ဤဒိုအာကို ဖတ်ရွတ်ကြကုန်။'

اَللّٰهُمَّ بَارِكْ لَنَا فِيْهِ وَزِدْ نَا مِنْهُ

ဆိုလိုသည်မှာ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်ုပ်တို့ကို ဤနို့တွင် 'ဗရ်ကသ်' ချီးမြှင့်တော်မူပါ။ ၎င်းနောက် ဤသည်ထက် ပို၍လည်း ချီးမြှင့်တော်မူပါ။'

နို့သောက်သော ဒိုအာတွင် 'ဤသည်ထက် ပို၍ ကောင်းသော' ဟူ၍ စာသား မပါဝင်ပေ။ အဘယ်ကြောင့်ဆိုသော် လူသားတို့၏ အစားအသောက်တွင် နို့ထက်ပို၍ ကောင်းသော အစားအသောက်မရှိပေ။ ထို့ကြောင့် အသျှင်မြတ်သည် လူသားနှင့် သက်ရှိသတ္တဝါအားလုံးတို့၏ ပထမဆုံးအစားအစာကို နို့အဖြစ် သတ်မှတ်ထားသည်။ ယင်းကို မိခင်တို့၏ နို့အုံမှတစ်ဆင့် ရရှိသည်။ *[ကုရ်သုဗီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمِنْ ثَمَرٰتِ النَّخِيْلِ وَالْاَعْنَابِ تَتَّخِذُوْنَ مِنْهُ سَكَرًا وَّرِزْقًا حَسَنًا ؕ اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّقَوْمٍ يَّعْقِلُوْنَ ۝٦٧

၁၆ : ၆၇ ။ ။ ထို့ပြင် စွန်ပလွံပင်များ၏ အသီးများနှင့် စပျစ်သီးများမှ အသင်တို့သည် ထိုအရာဖြင့် မူးယစ်စေသော အရာကိုလည်းကောင်း၊ ကောင်းမွန်သော စားသောက်ဖွယ်ရာကိုလည်းကောင်း ပြုလုပ်ကြကုန်၏။ ဧကန်စင်စစ် ဤသည်၌ သိနားလည်ကြသော သူတို့အဖို့ အမှန်ပင် သက်သေသာဓကသည် ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငှင်းနောက် စွန်ပလွံသီးနှင့် စပျစ်သီးများ၏ (အခြေအနေကိုလည်း စဉ်းစားတွေးခေါ်သင့်ပေသည်။ အကြောင်းမှာ ယင်း) အသီးများဖြင့် အသင်တို့၏ မူးယစ်စေသော အရာများနှင့် စားကောင်းသောက်ဖွယ် အရာများကို (ဥပမာ- စွန်ပလွံသီးအခြောက်များ၊ စပျစ်ခြောက်များ၊ ငှင်းနောက် ယင်းတို့၏ ဖျော်ရည်များနှင့် အချဉ်ရည်များ) ပြုလုပ်ကြသည်။ မုချဧကန် ထိုအရာများတွင် (လည်း 'သောင်ဟီးဒ်' တရားနှင့် 'နေ့အ်မသ်'တော်များဖြစ်ကြောင်း) ထိုသူတို့အတွက် ကြီးမားသော အထောက်အထားတစ်ရပ်ဖြစ်သည်။ အကြင်သူတို့သည် (မှန်ကန်သော) အသိဉာဏ်စွမ်း ရှိကြလေသည်။

သိမှတ်ဖွယ်ရာများနှင့် ခေမ္မသတ်များ

အထက်ပါအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ ထို 'နေ့အ်မသ်'တော်များအကြောင်းကို တင်ပြထားလေသည်။ ယင်းတို့မှာ လူသားတို့၏ အစားအစာများကို ပြုလုပ်ရာတွင် ထူးခြားအံ့သြဖွယ်ရာ ကောင်းသော အသျှင်မြတ်၏ တန်ခိုးအာနုဘော်၏ စွမ်းဆောင်မှုများ ပေါ်လွင်သည့် အရာတစ်ခုဖြစ်သည်။ ယင်းတို့အနက်မှ ပထမဦးစွာ နို့အကြောင်းကို တင်ပြထားသည်။ ယင်းနို့ကို အသျှင်မြတ်၏ 'ကွဒ်ရသ်'တော်သည် တိရစ္ဆာန်၏ ဝမ်းဗိုက်တွင်း၌ သွေးနှင့် အစာအနှစ် စသည့်အညစ်အကြေးများမှ သန့်စင်ကာ သန့်ပြန့်စင်ကြယ်သော လူသား၏ အစားအစာအဖြစ်နှင့် ချီးမြှင့်လေသည်။ ယင်းတွင် လူသားကို မည်သည့်ကြိုးပမ်းမှုနှင့် ထပ်မံဆောင်ရွက်စရာမလိုအပ်ပေ။ ထို့ကြောင့် ဤအာယသ်တော်တွင် نُسْقِيْكُمْ ဟူသော စာသားကို သုံးနှုန်းပြီး ငါအသျှင်မြတ်သည် နို့ကို တိုက်ကျွေးတော်မူသည်ဟူ၍ မိန့်ဆိုထားလေသည်။

ထိုမှတစ်ဆင့် မိန့်တော်မူသည်မှာ စွန်ပလွံသီးနှင့် စပျစ်သီးကိုလည်း လူသားတို့သည် မိမိ၏ အစားအစာအဖြစ်၊ ငှင်းနောက် အကျိုးရှိသော အရာများအဖြစ် ပြုလုပ်လေ့ရှိသည်။ ဤအာယသ်တော်တွင် ရည်ညွှန်း ပြောဆိုထားသည်မှာ စွန်ပလွံသီး၊ စပျစ်သီး စသည်တို့ဖြင့် မိမိတို့၏ အစားအစာနှင့် အကျိုးရှိသော အရာများကို ပြုလုပ်ရာတွင် လူသား၏ စွမ်းဆောင်မှုသည်လည်း အနည်းငယ် ပါဝင်ပတ်သက်နေသည်။ ထိုပါဝင် ပတ်သက်မှုဖြင့် အရာနှစ်မျိုးကို ပြုလုပ်လေ့ရှိကြသည်။ တစ်မျိုးမှာ خَمْر ဟု ခေါ်သော မူးယစ်ထုံထိုင်းစေ သော အရာဖြစ်သည်။ ဒုတိယတစ်မျိုးမှာ ကောင်းမွန်သော ရိဇိရိက္ခာဖြစ်သည်။ ဆိုလိုသည်မှာ စွန်ပလွံသီး အစိုနှင့် စပျစ်သီးအစိုများကို လတ်လတ်ဆတ်ဆတ် စားသုံးလေ့ရှိကြသည်။ သို့မဟုတ် အခြောက်ခံ၍ လည်း စုဆောင်းထားလေ့ရှိကြသည်။ အဓိကဆိုလိုရင်း ရည်ရွယ်ချက်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ

၏ ပြီးပြည့်စုံသော 'ကွဒ်ရသ်'တန်ခိုးတော်ဖြင့် လူသားကို စွန်ပလွံသီးနှင့် စပျစ်သီး စသည့် အသီးအနှံများ ချီးမြှင့်သည်။ ၎င်းနောက် ထိုအသီးအနှံများကို မိမိတို့၏ အစားအစာများ ပြုလုပ်ရန် အခွင့်အရေးပေးထားသည်။ ထိုမှတစ်ဖန် ယင်းအသီးအနှံများကို မည်သို့ ပြုလုပ်မည်ဟူသော အချက်သည် လူသားတို့၏ ရွေးချယ်မှုပေါ် မူတည်၏။ မူးယစ်ထုံထိုင်းစေသော အရာများကို ပြုလုပ်၍ မိမိ၏ အသိဉာဏ်ကို ဖျက်ဆီးမည်လော။ သို့မဟုတ် အစားအစာပြုလုပ်၍ အင်အားရယူကြမည်လောဟူ၍ ဖြစ်သည်။

ဤဖွင့်ဆိုချက်အရ အထက်ပါအာယသ်တော်ဖြင့် မူးယစ်ထုံထိုင်းစေသော အရက် စသည်တို့ကို 'ဟလာလ်'ဟု သတ်မှတ်ရန် မည်သို့မျှ အထောက်အထားမပြုနိုင်။ အဘယ်ကြောင့်ဆိုသော် ဤနေရာတွင် အဓိကတင်ပြနေသည့် အကြောင်းအရင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုများနှင့် ယင်းတို့ကို သုံးစွဲသည့် ပုံသဏ္ဌာန်အမျိုးမျိုးကို တင်ပြနေခြင်းပင် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ယင်းအရာများသည် အသျှင်မြတ်၏ 'နေအ်မသ်'တော်များပင်ဖြစ်သည်။ ပမာဆိုရသော် မြောက်မြားစွာသော စားသောက်ဖွယ်ရာများနှင့် အကျိုးရှိလှသော အရာများကို လူတို့သည် မပြုပိုင်သော နည်းလမ်းများဖြင့်လည်း သုံးစွဲတတ်ကြသည်။ သို့သော် တစ်ဦးတစ်ယောက်၏ မမှန်ကန်သော နည်းလမ်းဖြင့် သုံးစွဲမှုကြောင့် နဂိုမူလ 'နေအ်မသ်'တော်များသည် ('နေအ်မသ်'စာရင်းထဲမှ ထွက်သွားလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ဤနေရာတွင် မည်သည့် သုံးစွဲမှုနည်းလမ်းများသည် 'ဟလာလ်'ဖြစ်၍ မည်သည့်သုံးစွဲမှု နည်းလမ်းများသည် 'ဟရာမ်'ဖြစ်သည်ကို ရှင်းလင်းတင်ပြနေရန် မလိုအပ်ဟု ယူဆသည်။ သို့ပါသော်လည်း အာယသ်တော်တွင် သိမ်မွေ့လှသော ရည်ညွှန်းချက်တစ်ခု ပါရှိလေသည်။ ယင်းမှာ سَكَرًا ဟူသော စာသားနှင့် ယှဉ်၍ رِزْقًاحَسَنْ ဟူသော စာသားကို သုံးနှုန်းထားသည်။ ထို့ကြောင့် သိရှိရသည်မှာ سَكَرًا သည် ကောင်းမွန်သော ရိဇ္ဇကမဟုတ်ပေ။ سَكَرًا ၏ အဓိပ္ပာယ်မှာ ဥမ်မဟူးရ်သဖ်စီးရ်ပညာရှင်များထံတွင် မူးယစ်ထုံထိုင်းစေသော အရာဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ *[ရူးဟွလ်မအာနီကျမ်း၊ ကုရ်သုဗီကျမ်း၊ ဂျဆ္ဆားဆ်ကျမ်း။]*

အချို့ပညာရှင်များကမူ ယင်း၏ အဓိပ္ပာယ်ကို ရှာလကာရည် သို့မဟုတ် မူးယစ်ထုံထိုင်းမှုမရှိသော သစ်သီးရည်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ *[ဂျဆ္ဆားဆ်ကျမ်းနှင့် ကုရ်သုဗီကျမ်း။]*

သို့သော် ဤနေရာတွင် အခိုက်အတန့်ကွဲလွဲမှုများကို တင်ပြရန် မလိုအပ်ဟု ယူဆသည်။

ဤအာယသ်တော်များသည် မက္ကာဟ်မြို့တော်တွင် ကျရောက်ခဲ့သော အာယသ်တော်များဖြစ်ကြောင်း အုမ္မသ်တစ်ရပ်လုံး၏ ပညာရှင်များက တစ်စုတစ်စည်းတည်း ထောက်ခံထားကြသည်။ ၎င်းနောက် အရက်သည် 'ဟရာမ်'ဖြစ်ခြင်း၏ ပညတ်ချက်မှာ နောက်ပိုင်းမှ မဒီနာမြို့တော်တွင် ကျရောက်ခဲ့သည်။ ဤအာယသ်တော် ကျရောက်ချိန်တွင် အရက်သည် 'ဟလာလ်'ဖြစ်နေသေးသည်။ အများမွတ်စ္စလင်မ်တို့ သောက်သုံးလျက်ရှိနေကြသည်။ သို့သော် ထိုအချိန်ကတည်းက ဤအာယသ်တွင် အရက်ကို သောက်သုံးခြင်းမှာ မကောင်းဟူ၍ ရည်ညွှန်းမိန့်ဆိုထားသည်။ ထို့နောက်တွင် အရက်သည် 'ဟရာမ်'ဖြစ်ကြောင်း ပညတ်ချက်ကို ကုရ်အာန်တွင် ရှင်းလင်းပြတ်သားစွာ ပြင်းပြင်းထန်ထန် ပို့ချခဲ့လေသည်။ *[ဂျဆ္ဆားဆ်ကျမ်း၊ ကုရ်သုဗီကျမ်း။]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَأَوْحَىٰ رَبُّكَ إِلَى النَّحْلِ أَنِ اتَّخِذِي مِنَ الْجِبَالِ بُيُوتًا وَمِنَ الشَّجَرِ وَمِمَّا يَعْرِشُونَ ﴿٦٨﴾

၁၆ : ၆၈ ။ ။ ၎င်းပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ပျားကောင်၏ထံသို့ (ဤသို့) အမိန့်ပေးတော်မူလေသည်။ 'အသင်သည် တောင်များ၌လည်းကောင်း၊ သစ်ပင်များ၌လည်းကောင်း လူတို့ ဆောက်တည်ကြကုန်သော အဆောက်အဦများ၌လည်းကောင်း (မိမိတို့) နေအိမ်များ ပြုလုပ်ကြလေကုန်။'

ثُمَّ كُلِي مِن كُلِّ الثَّمَرَاتِ فَاسْلُكِي سُبُلَ رَبِّكِ ذُلُلًا ۚ يَخْرُجُ مِن بُطُونِهَا شَرَابٌ مُّخْتَلِفٌ أَلْوَانُهُ فِيهِ شِفَاءٌ لِّلنَّاسِ ۗ إِنَّ فِي ذَٰلِكَ لَآيَةً لِّقَوْمٍ يَتَفَكَّرُونَ ﴿٦٩﴾

၁၆ : ၆၉ ။ ။ ထို့နောက် 'အသင်သည် အသီးအနှံ အသီးသီး (မျိုးစုံ) တို့မှ (အရည်များကို) စုတ်ယူစားသုံးလေလော့။ တစ်ဖန် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ လွယ်ကူလျက်ရှိသော လမ်းများကို လျှောက်လေလော့။' ယင်းပျားကောင်၏ ဝမ်းဗိုက်များမှ အရောင်မျိုးစုံရှိသော သောက်သုံးဖွယ်ရာ (ပျားရည်) ထွက်လေသည်။ ယင်းသောက်သုံးဖွယ်ရာ (ပျားရည်) ၌ လူတို့အဖို့ အနာရောဂါ ပျောက်ကင်းခြင်းလည်း ရှိပေသည်။ ကေန်မလွဲ ဤသည်၌ စဉ်းစားဆင်ခြင်တတ်သော သူတို့အဖို့ အမှန်ပင် သက်သေသာဓကသည် ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် (ဤစကားရပ်သည်လည်း စဉ်းစားတွေးခေါ်သင့်သော စကားရပ်ဖြစ်သည်။ အကြောင်းမှာ) အသင်တမန်တော်ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ပျားကောင်၏ စိတ်နှလုံးတွင် ဤစကားရပ်ကို ထည့်သွင်းပေးလိုက်သည်။ အကြောင်းမှာ အသင်သည် တောင်များတွင် အိမ် (ပျားအုံ) ဆောက်လုပ်လော့။ ၎င်းနောက် သစ်ပင်များတွင် (လည်း ဆောက်လုပ်လော့။) ၎င်းနောက် လူတို့ ဆောက်လုပ်ထားသော အဆောက်အအုံများတွင် (လည်း ပျားအုံဖွဲ့လော့။ သို့ဖြင့် ထိုနေရာများတွင် ယင်းပျားကောင်များသည် ပျားအုံဖွဲ့ကြလေသည်။) တစ်ဖန် အမျိုးမျိုးအဖုံဖုံသော အသီးများကို (အသင်တို့ ကြိုက်နှစ်သက်ရာ) စုပ်ယူစားသောက်ကြလော့။ တစ်ဖန် စုပ်ယူ၍ ပျားအုံသို့ ပြန်လာရန်အတွက်) မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ လမ်းမှ သွားလော့။ ယင်းလမ်းသည် (အသင့်အတွက် လျှောက်လှမ်းရန်နှင့် မှတ်သားရန်) လွယ်ကူပေသည်။ (သို့ဖြင့် ဝေးလံခေါင်းဖျားသော အရပ်ဒေသများမှ လမ်းမမှားဘဲ မိမိပျားအုံရှိရာသို့ အရောက်လာသည်။ တစ်ဖန် စုပ်ယူစားသုံးကာ မိမိပျားအုံဘက်သို့ ပြန်လှည့်ခဲ့ကြသည်။) ထိုပျားကောင်များ၏ ဝမ်းဗိုက်ထဲမှ သောက်သုံးသည့် အရာတစ်မျိုး ထွက်လေသည်။ (ပျားရည်ကို ဆိုလိုခြင်း

ဖြစ်သည်) ယင်း၏ အရောင်အဆင်းများသည် ကွဲပြားခြားနားလေသည်။ ယင်းတွင် လူသားတို့ (၏ မြောက်မြားစွာသော ရောဂါများ) အတွက် ဆေးဝါးများရှိနေသည်။ ယင်းတွင် (လည်း) ထိုသူတို့အတွက် ('သောင်ဟီး'ဒ်'တရားနှင့် 'နေ့အ်မသ်'တော်များဖြစ်ကြောင်း) ကြီးမားသော အထောက်အထားတစ်ရပ်ရှိသည်။ အကြင်သူတို့သည် စဉ်းစားတွေးခေါ်တတ်ကြသူများ ဖြစ်ကြပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اَوْحٰی သည် 'ဝဟီ'မှ လာသော စာသားဖြစ်သည်။ သို့သော် ဤနေရာတွင် 'ဝဟီ'၏ ဝေါဟာရ အဓိပ္ပာယ်ဟု ဖွင့်ဆို၍ မရပေ။ အဘိဓါန်အဓိပ္ပာယ်ကိုသာ မှတ်ယူရမည်။ ၎င်းမှာ ပြောဆိုမည့်သူသည် အပြောခံရမည့်သူအား အထူးစကားတစ်ရပ်ကို တိတ်တဆိတ် သူတစ်ပါးနားမလည်နိုင်အောင် ရှင်းလင်းတင်ပြခြင်းဟု အဓိပ္ပာယ်ရသည်။ اَلنَّحْلُ ပျားကောင်ဟု အဓိပ္ပာယ်ရသည်။ ယင်းသည် မိမိ၏ အသိဉာဏ် အမြော်အမြင်နှင့် ကောင်းမွန်သော အကြံအစည်များရှိခြင်းကြောင့် အခြားသက်ရှိသတ္တဝါများနှင့် မတူဘဲ ထူးခြားသော သတ္တဝါတစ်ကောင်ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ယင်းကို မိန့်ဆိုရာတွင်လည်း ထူးခြားထည်ဝါသော ပုံသဏ္ဌာန်ဖြင့် မိန့်တော်မူထားသည်။ အခြားသတ္တဝါများနှင့် ပတ်သက်၍ အသျှင်မြတ်၏ ဓလေ့တော်အရ

اَعْطٰی كُلَّ شَیْءٍ خَلْقَهٗ ثُمَّ هَدٰی

ဟူ၍ မိန့်တော်မူခဲ့သည်။ သို့သော် ထိုနူးညံ့လှသော သတ္တဝါနှင့် ပတ်သက်၍ သီးခြားအသုံးအနှုန်းကို သုံးကာ اَوْحٰی رَبُّكَ ဟူ၍ မိန့်တော်မူခဲ့သည်။ ဤစာသားများဖြင့် ရည်ညွှန်းမိန့်ဆိုမှုကြောင့် သိရှိရသည်မှာ ပျားသတ္တဝါသည် အခြားသတ္တဝါများထက် ဉာဏ်အမြော်အမြင်စွမ်းနှင့် နားလည်သဘောပေါက်နိုင်စွမ်းတို့တွင် ထူးခြားသော အရည်အချင်းများ ရှိသည်။

ပျားသတ္တဝါများ၏ ဉာဏ်ရည်အမြော်အမြင်စွမ်းနှင့် ပတ်သက်၍ လေ့လာမည်ဆိုလျှင် ၎င်းတို့၏ အုပ်ချုပ်စီမံမှုများကို ကြည့်ရှုလေ့လာခြင်းဖြင့် သိရှိနိုင်ပေသည်။ ထိုချို့တဲ့လှသော သတ္တဝါတို့၏ ဘဝရှင်သန်ပုံမှာ လူသားတို့၏ အုပ်ချုပ်စီမံမှုများနှင့် ဆင်တူနေသည်။ အုပ်ချုပ်မှုအာဏာအလုံးစုံသည် အကြီးမားဆုံးသော ပျားတစ်ကောင်၏ လက်တွင် ရှိသည်။ ထိုပျားသည် ကျန်ရှိသော ပျားများကို အုပ်ချုပ်သည်။ ထိုပျား၏ စီမံခန့်ခွဲမှုဖြင့် စီမံကိန်းအားလုံး မှန်ကန်တိကျစွာ ဖြစ်ရှိနေသေည်။ ယင်းတို့၏ ထူးခြားအံ့ဩဖွယ်ကောင်းလှသော အသိဉာဏ်ပင် ငေးမောတွေဝေသွားမည်ဖြစ်သည်။ ထိုပျားဘုရင်မသည် ရက်သတ္တပတ်သုံးပတ်ကာလတွင် ပျားဥပေါင်း (၆၀၀၀) မှ (၁၂၀၀၀) အထိ ဥလေသည်။ ယင်း၏ ကိုယ်လုံးကိုယ်ထည်နှင့် အဆင်းသဏ္ဌာန်မှာလည်း အခြားသော ပျားများနှင့် ခြားနားလေသည်။ သို့သာမက လုပ်ငန်းများကို ခွဲဝေသည့်မူအရ မိမိလက်အောက်ငယ်သားများကို တာဝန်အသီးသီး ခွဲဝေပေးအပ်ထားလေသည်။ ယင်းတို့အနက်မှ အချို့ကို ပျားအုံအား စောင့်ရန် တာဝန်ပေးထားလေသည်။ ယင်းတို့သည် မိမိတို့ မသိသူများနှင့် မျိုးမတူ

သူများကို ပျားအုံအတွင်းသို့ ဝင်ရောက်ခွင့်မပြုပေ။ အချို့သည် ပျားအုံအတွင်းပိုင်းကို ထိန်းသိမ်းစောင့်ရှောက်ရလေသည်။ အချို့သည် ပျားလောင်းများကို မွေးမြူစောင့်ရှောက်ရလေသည်။ အချို့သည် ပျားအုံတည်ဆောက်ရာတွင် ဗိသုကာတာဝန်ကို ထမ်းဆောင်ရသည်။ ယင်းတို့ တည်ဆောက်ထားသော ပျားအုံသည် အများအားဖြင့် အပေါက်များ နှစ်သောင်းမှ သုံးသောင်းအထိ ရှိလေသည်။ အချို့သည် ဖယောင်းများကို စု၍ ဗိသုကာပျားများထံသို့ ပို့ဆောင်ပေးရလေသည်။ ယင်းဖယောင်းများဖြင့် ပျားအုံကို တည်ဆောက်ကြသည်။ ယင်းဖယောင်းများသည် သစ်ပင်ပန်းမန်များတွင် ဆွဲကပ်လျက်ရှိသော အဖြူရောင်အမှုန့်တစ်မျိုးမှ ရရှိသည်။ ယင်းအမှုန့်သည် ကြံပင်များပေါ်တွင် အများအားဖြင့် တွေ့ရှိနိုင်သည်။ အချို့ပျားများသည် သစ်သီးမျိုးစုံ၊ ပန်းမျိုးစုံပေါ်တွင် နား၍ ဝတ်မှုံများ စုပ်ယူကြလေသည်။ ယင်းဝတ်မှုံများသည် ပျားများ၏ ဝမ်းတွင်းသို့ ရောက်ရှိကာ ပျားရည်အဖြစ်သို့ ပြောင်းလဲသွားသည်။ ထိုပျားရည်သည် ၎င်းတို့နှင့် ၎င်းတို့၏ ကလေးများအတွက် အစားအစာဖြစ်လေသည်။ ၎င်းနောက် ဤပျားရည်သည်ပင် ကျွန်ုပ်တို့ အားလုံးအတွက်လည်း အရသာထူးကဲသော အစားအစာတစ်မျိုးနှင့် ဆေးဝါးတစ်မျိုးဖြစ်လေသည်။ ထိုပျားအုံများသည် မိမိတို့၏ တာဝန်များကို မပျက်မကွက် အားသွန်ခွန်စိုက် ဆောင်ရွက်လေ့ရှိကြသည်။ ၎င်းနောက် မိမိတို့၏ ပျားဘုရင်မ၏ အမိန့်ကို စိတ်ရောကိုယ်ပါ နာခံလေ့ရှိကြ၏။ ယင်းတို့အနက်မှ ပျားတစ်ကောင်သည် အကယ်၍ ညစ်ညမ်းသောအရာတစ်ခုပေါ်တွင် နားခိုခဲ့ပါက ပျားအုံကို စောင့်ရှောက်သော ကင်းစောင့်ပျားများသည် ယင်းပျားကို ပျားအုံတွင်းသို့ မဝင်ရန် တားမြစ်ကြလေသည်။ တစ်ဖန် ပျားဘုရင်မကြီးက ယင်းကို သတ်ပစ်လိုက်လေသည်။ ယင်းတို့၏ အံ့သြဖွယ်ရာကောင်းပြီး ထူးခြားပြောင်မြောက်သော စီမံဆောင်ရွက်မှုများကို ကြည့်လျှက် လူသားတို့ပင် တအံ့တသြ ဖြစ်ကြရသည်။

اَوۡحٰى رَبُّكَ — بُيُوۡتًا ဟူသော ညွှန်ကြားချက်တွင် ပထမဦးဆုံး ညွှန်ကြားချက်မှာ ပျားအုံတည်ဆောက်ရန်ဖြစ်သည်။ ဤနေရာတွင် ဂရုပြုသင့်သည့်အချက်တစ်ချက်မှာ သတ္တဝါတိုင်းသည် မိမိတို့ နေထိုင်ရန် အိမ်များကို တည်ဆောက်လေ့ရှိကြသည်။ ထို့ကြောင့် ဤအာယသ်တော်တွင် ပျားများကို အထူးတလည် ပျားအုံတည်ဆောက်ရန် အမိန့်ပေးခြင်းသည် မည်သို့ ထူးခြားမှုများ ရှိနေပါသနည်း။ တစ်ဖန် **بُيُوۡتٌ** ဟူသော စာသားကို သုံးနှုန်းမိန့်ဆိုထားပေသည်။ ယင်းစာသားသည် အများအားဖြင့် လူသားတို့ နေထိုင်ရန် တည်ဆောက်သောအိမ်များအတွက် သုံးနှုန်းသော စာသားဖြစ်သည်။ ထို့ကြောင့် ရည်ညွှန်းချက်ကို လေ့လာသိရှိနိုင်သည်မှာ ပျားများသည် ပျားရည်ကို ထုတ်လုပ်ရမည်ဖြစ်သည်။ ထိုအတွက် ဦးစွာပထမ လုံခြုံသော အိမ်တစ်လုံးဆောက်ရန် လိုသည်။ အခြားတစ်ချက်မှာ ယင်းတို့ ဆောက်လုပ်မည့် အိမ်သည် အခြားသတ္တဝါများ၏ အိမ်များနှင့် တူညီမှုမရှိစေရ။ သို့သာမက ယင်းတို့၏ တည်ဆောက်ပုံ၊ တည်ဆောက်မှုမှာ သာမန်ပုံစံမျိုး မဖြစ်စေရ။ အခြားသတ္တဝါများ၏ အိမ်များနှင့် ထူးခြား၊ ခြားနားနေရမည်။ ယင်းအိမ်ကို ကြည့်သောသူသည် တွေဝေအံ့သြသွားရမည်။ ပျားအုံ၏ သဏ္ဌာန်မှာ ခြောက်ထောင့်ဖြစ်သည်။ ယင်းထောင့်များကို စက်ဝိုင်းဆွဲသော ဒေါက်ချွန်၊ ပေတံများနှင့် တိုင်းတာမည်ဆိုလျှင်လည်း ဆံချည်မျှင်တစ်မျှင်မျှပင်

အကျယ်အဝန်း ကွာခြားနေသည်ကို တွေ့ရှိရမည်မဟုတ်ပေ။ ထို့နောက် ယင်းတို့သည် ခြောက်ထောင့် ပါရှိသော ပျားအုံအစား အခြားပုံသဏ္ဌာန်မျိုးဖြင့် လေးထောင့်တွဲ၊ ငါးထောင့်တွဲ စသည်တို့ကို အိမ်ဖွဲ့လေ့မရှိ။ အဘယ်ကြောင့်ဆိုသော် လေးထောင့်တွဲ၊ ငါးထောင့်တွဲဖွဲ့လျှင် ထောင့်တစ်နေရာမဟုတ် တစ်နေရာသည် နေရာ ပုတ်၍ အလဟဿ ဖြစ်သွားနိုင်သောကြောင့် ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်သည် ပျားများကို ပျားအုံဖွဲ့ရန် အမိန့်မျှသာ ချမှတ်ပေးခဲ့သည်မဟုတ်။ ပျားအုံဖွဲ့မည့်နေရာများကိုလည်း ပြသခဲ့လေသည်။ မြင့်သောနေရာများတွင် ဖွဲ့ရမည်ဟူ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြင့်သောနေရာများတွင်ရှိသော ပျားရည်ကို လတ်ဆတ်သန့်ရှင်းသော လေများ အမြဲတစေ တိုက်ခတ်ရရှိနိုင်ရန် ဖြစ်သည်။ ညစ်ညမ်းသော လေများ မသက်ရောက်စေရန် ဖြစ်သည်။ ၄င်းနောက် ပျားအုံပျက်စီးမည့် အန္တရာယ်မှလည်း ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ အသျှင်မြတ် မိန့်တော်မူသည်မှာ-

مِنَ الْجِبَالِ وَمِنَ الشَّجَرِ وَمِمَّا يَعْرِشُوْنَ

ဆိုလိုသည်မှာ ထိုပျားအုံများကို တောင်များ၊ သစ်ပင်များ၊ ၄င်းနောက် မြင့်မားသော အဆောက်အဦးများတွင် တည်ဆောက်သင့်သည်။ သို့မှသာ အပြည့်အဝ ထိန်းသိမ်းစောင့်ရှောက်ကာ ပျားရည်များကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ثُمَّ كُلِي مِنْ كُلِّ الثَّمَرَاتِ

ဤသည် အလ္လာဟ်အသျှင်မြတ်၏ အခြားညွှန်ကြားချက်ဖြစ်သည်။ ပျားများကို မိန့်ဆိုသည်မှာ မိမိတို့ ကြိုက်နှစ်သက်ရာ သစ်သီးဝလံများ၊ ပန်းမန်များမှ အချိုများကို စုပ်ယူကြကုန်။

مِنْ كُلِّ الثَّمَرَاتِ

ဟု မိန့်ဆိုရာတွင် كُلِّ ဟူသော စာသား၏ အပေါ်ယံအဓိပ္ပာယ်အရ လောကတစ်ခုလုံးတွင်ရှိသော သစ်သီးဝလံ၊ ပန်းမန်များကို ဆိုလိုခြင်းမဟုတ်ပေ။ သို့သာမက အဓိပ္ပာယ်မှာ ယင်းတို့ လက်လှမ်းမီသော၊ လွယ်ကူစွာ သွားရောက်နိုင်သော၊ ၄င်းနောက် ရည်ရွယ်ချက်ပြည့်မြောက်နိုင်သော နေရာဒေသများမှ သစ်သီးပန်းမန်များကို ဆိုလိုခြင်းဖြစ်သည်။ كُلِّ ဟူသော ဤစာသားသည် سبا ء 'စဗါး'ဘုရင်မအကြောင်း အရာတွင်လည်း ပါရှိပေသည်။

وَاُوْتِيَتْ مِنْ كُلِّ شَيْءٍ

ဤအာယသ်တော်တွင်လည်း كُلِّ ၏ အဓိပ္ပာယ်မှာ ရှိရှိသမျှသော အရာအားလုံးကို ဆိုလိုခြင်း မဟုတ်။ သို့မဟုတ် 'စဗါး'ဘုရင်မထံတွင် ရှေးယခင်ခေတ်ကတည်းက လေယာဉ်ပျံ၊ မီးရထား၊ ကား အစရှိသည့် အရာအားလုံး ချီးမြှင့်ခံရသည်ဟု အဓိပ္ပာယ်သက်ရောက်သွားပေမည်။ သို့ပါ၍ ဤနေရာတွင်လည်း كُلِّ ၏ အဓိပ္ပာယ်မှာ ရှေးခေတ်ကာလက ရှိသင့်သော လိုအပ်သည့် အရာများကို မှတ်ယူရမည်။ ဤ مِنْ كُلِّ الثَّمَرَاتِ ဟူသော အာယသ်တော်တွင်လည်း ဤအတိုင်းပင် မှတ်ယူရမည်။

ပျားများသည် အလွန် အရသာရှိပြီး တန်ဖိုးရှိသော အစိတ်အပိုင်းများမှ စုပ်ယူစားသောက်ကြသော် ထိုပျားရည်များကို ယနေ့ တိုးတက်ပြောင်းလဲနေသော သိပ္ပံခေတ်၏ စက်ယန္တရားဖြင့်လည်း ထုတ်ယူ၍ မရနိုင်ပေ။

فَاسْلُكِىْ سُبُلَ رَبِّكِ ذُلُلًا

ဤအာယသ်တော်တွင် ပျားများကို တတိယညွှန်ကြားချက် မိန့်မြွက်ထားတော်မူသည်မှာ 'မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ စီမံထားသော လမ်းများမှ သွားကြလေကုန်' ဟူ၍ ဖြစ်သည်။ ယင်းတို့သည် ပျားအုံမှ ထွက်ကာ ဝေးလံခေါင်ဖျားသော အရပ်ဒေသများသို့ သစ်သီးဝလံများ၊ ပန်းမန်များ၏ ဝတ်မှုံအချိုရည်များကို စုပ်ယူရန် ထွက်ခွာသွားကြသောအခါ မိမိတို့အိမ်သို့ ပြန်လှည့်လာ ရန်မှာ အပေါ်ယံအားဖြင့် လွယ်ကူသော အကြောင်းအရာမဟုတ်ပေ။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့ အတွက် သွားလာသော လမ်းများကို လွယ်ကူစေခဲ့သည်။ ယင်းပျားများသည် မိုင်ပေါင်းမြောက်မြားစွာ ဝေးလံသော ဒေသများကို သွားရောက်ကြသည့်တိုင် လမ်းမမှား၊ မေ့လျော့မှုမရှိဘဲ မိမိတို့၏ ပျားအိမ်သို့ ပြန်လာနိုင်ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် လေဟာနယ်တွင် ၄င်းတို့အတွက် လမ်းများကို ပြသထား တော်မူပေသည်။ အဘယ်ကြောင့်ဆိုသော် မြေပထဝီ၏ ရှုပ်ထွေးသော လမ်းများတွင် လမ်းမှားရန် အန္တရာယ် ရှိနိုင်သည်။ အလ္လာဟ်အသျှင်မြတ်သည် လေဟာနယ်ကြီးကို ထိုသေးငယ်ချိုတဲ့သော ပျားများအတွက် စီမံထားသည်မှာ ယင်းတို့သည် အတားအဆီးမရှိ၊ မိမိတို့ပျားအုံသို့ လွယ်လင့်တကူ သွားလာနိုင်ကြသည်။

ထို့နောက် ယင်းပျားများကို 'ဝဟီ' အမိန့်ချမှတ်ခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သော အကြောင်း အရာကို ဆက်လက်မိန့်ကြားထားသည်မှာ–

يَخْرُجُ مِنْ بُطُوْنِهَا شَرَابٌ مُّخْتَلِفٌ اَلْوَانُهٗ فِيْهِ شِفَاءٌ لِّلنَّاسِ

အလိုသဘောမှာ ယင်းတို့၏ ဝမ်းဗိုက်အတွင်းမှ အရောင်အဆင်း အမျိုးမျိုးရှိသော ဖျော်ရည်များ ထွက်ရှိသည်။ ယင်းတွင် အသင်တို့အတွက် ဆေးဝါးလည်း ရှိနေသည်။ ပျားရည်တွင် အရောင်အဆင်းအမျိုးမျိုး ရှိနေခြင်းမှာ ယင်းတို့၏ အစားအစာများနှင့် ရာသီဥတုများ ကွဲပြားခြားနားနေခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် ဒေသတစ်ခုတွင် အကယ်၍ သစ်သီးဝလံ ပန်းမန်တစ်မျိုး အထူးတလည် ပေါများစွာ ပေါက် ရောက်ပါက ထိုဒေသ၏ ပျားရည်တွင် ထိုပေါများစွာ ပေါက်ရောက်သော သစ်သီးဝလံ၊ ပန်းမန်များ၏ အနံ့အရသာနှင့် စူးရှမှုများ မလွဲဧကန် တွေ့ရှိရမည်ဖြစ်သည်။ ပျားရည်သည် အများအားဖြင့် စီးတွေသော သဘာဝသတ္တိရှိသည့်အတွက် ယင်းကို အဖျော်ရည် (သောက်သုံးနိုင်သော အရည်) ဟူ၍ မိန့်ဆိုထားခြင်း ဖြစ်သည်။ ဤဝါကျတွင်လည်း အလ္လာဟ်အသျှင်မြတ်၏ တစ်ပါးတည်း တည်ရှိခြင်း 'သောင်ဟီးဒ်' တရား နှင့် ပြီးပြည့်စုံသော 'ကွဒ်ရသ်' တန်ခိုးတော်တို့၏ ရှင်းလင်းပြတ်သားသော အထောက်အထားများ တည်ရှိ နေသည်။ ယင်းမှာ သေးငယ်လှသော သတ္တဝါတစ်ကောင်၏ ဝမ်းဗိုက်အတွင်းမှ မည်သို့ အကျိုးရှိပြီး အရသာ ထူးကဲသော အဖျော်ရည်တစ်မျိုးကို ထွက်ရှိစေသည်။ အမှန်စင်စစ် ထိုသတ္တဝါကိုယ်တိုင် အဆိပ်အတောက်

ရှိသော သတ္တဝါဖြစ်သည်။ အဆိပ်တွင်းမှ အဆိတ်ဖြေဆေးကို ထွက်ပေါ်စေခြင်းမှာ မုချကေန် အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံသော 'ကွဒ်ရသ်ဓတ်နိုးတော်၏ အံ့သြဖွယ်ရာပမာတစ်ခု ဖြစ်သည်။ တစ်ဖန် အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်၏ အံ့သြဖွယ်ရာ စွမ်းဆောင်မှုတစ်ခုမှာ နို့ထွက်သော သတ္တဝါများ၏ နို့သည် ရာသီဥတုကြောင့်သော်လည်းကောင်း၊ ယင်းတို့၏ အစားအစာကြောင့်သော်လည်းကောင်း၊ အနီရောင်၊ အဝါရောင်ဟူ၍ အရောင်အမျိုးမျိုး ပြောင်းလဲမသွားတတ်ပေ။ သို့သော် ပျားများ၏ ပျားရည်သည် အရောင် အဆင်း ကွဲပြားသွားတတ်ကြသည်။

فِيهِ شِفَاءٌ لِلنَّاسِ

ပျားရည်သည် ခွန်အားရှိသော အစားအစာ၊ အရသာအဟာရဖြစ်သော အကြောင်းခံတစ်ခု ဖြစ်သကဲ့သို့ ရောဂါများအတွက်လည်း ဆေးဝါးတစ်လက် ဖြစ်လေသည်။ အဘယ်ကြောင့် မဖြစ်ရမည်နည်း။ စကြဝဠာကြီးကို ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထိုသိမ်မွေ့လှစွာ လည်ပတ်နေသော ယန္တရားကြီးသည် သစ်သီးဝလံပန်းမန်အမျိုးမျိုးမှ အဟာရဖြစ်မည့် အချိုရည်များနှင့် သန့်ပြန့်သော အရာများကို စုပ်ယူကာ မိမိတို့၏ လုံခြုံသော အိမ်များတွင် စုဆောင်းထားရှိကြသည်။ အကယ်၍ သစ်ဥသစ်ဖုများတွင် ရောဂါပျောက်ကင်းစေနိုင်သော ဆေးဝါးဓါတ်သဘာဝများ ရှိနေသည်ဆိုပါလျှင် ထိုပန်းမန်များမှ စုပ်ယူထားသော ဝတ်ရည်များတွင် ဆေးဝါးဓါတ်သဘာဝများ အဘယ်ကြောင့် မပါရှိမည်နည်း။ သလိပ်နှင့် ပတ်သက်သော ရောဂါများတွင် မည်သည့်အရာမျှ ရောနှောစရာမလိုဘဲ၊ ၎င်းနောက် အခြားသော ရောဂါများအတွက် အခြားအရာဝတ္ထုများကို ရောနှောကာ ပျားရည်ကို ဆေးဝါးအနေဖြင့် သုံးစွဲကြသည်။ ဗိန္ဒောဆရာများသည် အထူးသဖြင့် 'ချက်ဆေး'များတွင် ယင်းကို ရောနှောလေ့ရှိသည်။ ပျားရည်၏ ထူးခြားချက်တစ်ခုမှာ မိမိကိုယ်တိုင်လည်း ပျက်စီးလေ့မရှိသကဲ့သို့ အခြားအရာများကို ကြာရှည်စွာ အထားခံအောင် ထိန်းသိမ်းပေးလေသည်။ ထို့ကြောင့်ပင် ရာစုနှစ်ပေါင်းများစွာကပင် ဆေးဆရာများသည် ယင်းကို 'စွရ်မာ'အစားမျက်စဉ်းခတ်ရာတွင် သုံးစွဲလေ့ရှိကြသည်။ ပျားရည်သည် ဝမ်းမှန်သည်၊ ဝမ်းအတွင်းမှ မကောင်းသော အရာများကို ထုတ်ပစ်ရာတွင် အလွန်ပင် အသုံးဝင်သည်။ ဆွဟာဗီကြီးတစ်ပါးသည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးတွင် မိမိညီနောင်တစ်ဦး၏ ရောဂါအခြေအနေကို တင်ပြသောအခါ တမန်တော်မြတ် ﷺ သည် ၎င်းကို ပျားရည်တိုက်ကျွေးရန် အကြံပေးခဲ့လေသည်။ နောက်တစ်နေ့တွင်လည်း တစ်ဖန်ပြန်၍ သာဝကကြီးက 'ရောဂါမတတ်သာသေးပါ'ဟု လျှောက်ထားလေသည်။ ကိုယ်တော်မြတ် ﷺ က တစ်ဖန် ဤအတိုင်းပင် အကြံပေးလေသည်။ တတိယနေ့တွင်လည်း ထိုသာဝကကြီးက အခြေအနေမထူးခြားကြောင်း လျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ-

صَدَقَ اللهُ وَ كَذَبَ بَطْنُ اَخِيكَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဗျာဒိတ်တော်သည် ဒွိဟသံသယမရှိ မှန်ကန်ပေသည်။ အသင့်ညီနောင်၏ ဝမ်းဗိုက်သာလျှင် လိမ်လည်နေခြင်းဖြစ်သည်။ အလိုသဘောမှာ ဆေးမှာ အပြစ်မရှိ။

လူနာ၏ ခန္ဓာကိုယ်သည်သာ အကြောင်းတစ်ခုခုကြောင့် အလျင်အမြန် အာနိသင်မခံစားနိုင်ခြင်း ဖြစ်သည်။ ထို့နောက်တစ်ဖန် ဆက်လက်၍ ပျားရည်ကိုပင် တိုက်ကျွေးခဲ့ရာ ရောဂါသည်သည် ကျန်းမာသွားလေတော့သည်။

ကျမ်းမြတ်ကုရ်အာန်တွင် شِفَاءٌ ဟူ၍ အလုပ်တစ်ခုဖြစ်ရှိခြင်းနှင့် ပတ်သက်၍ သုံးနှုန်းသော အများဆိုင်နာမ်နှင့် သီကုံးသုံးနှုန်းထားပေသည်။ ယင်းကြောင့် ပျားရည်သည် ရောဂါတိုင်းအတွက် ဆေးတစ်လက် မဖြစ်နိုင်ဟူ၍ အဓိပ္ပာယ်ရသည်။ သို့သော် شِفَاءٌ ၏ 'သန်ဝီးန်' ـــٌ သည် ကြီးမားထွတ်မြတ်ခြင်း၏ အဓိပ္ပာယ်ကို ဖော်ဆောင်သည်။ ထို့ကြောင့် ပျားရည်၏ အာနိသင်သည် ကြီးမားလှကြောင်းနှင့် ထူးခြားသော အကျိုးသက်ရောက်မှုရှိကြောင်း အဓိပ္ပာယ်ရသည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ အချို့သော ယုံကြည်ချက်ခိုင်မာသည့် ဗန္ဒာဟ်များလည်း ရှိသည်။ ၎င်းတို့သည် ပျားရည်အား မည်သည့်ရောဂါအတွက်မဆို ဆေးဝါးတစ်လက်ဖြစ်ကြောင်း သံသယမရှိ ယုံကြည်ကြ၏။ ၎င်းတို့သည် မိမိတို့ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မိန့်မြွက်မှုကို အတာယ်မျှ ခိုင်မာတိကျစွာ ယုံကြည်ချက် ထားရှိကြသည် ဆိုသော် အနာစိမ်းရောဂါများနှင့် မျက်စိရောဂါများကိုလည်း ပျားရည်နှင့်ပင် ကုသကြသည်။ ခန္ဓာကိုယ်ရှိ အခြား ရောဂါများကိုလည်း ပျားရည်နှင့်ပင် ကုသကြသည်။ ဟဇရတ်အိဗ်နေအုမရ် ﷺ သခင်နှင့် ပတ်သက်၍ ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ ၎င်း၏ ခန္ဓာကိုယ်တွင် အနာစိမ်းများ ပေါက်ခဲ့ပါက ပျားရည်ကိုသာ လိမ်းကျံ၍ ကုသလေ့ရှိသည်။ အချို့သူများက အကြောင်းအရင်းကို မေးမြန်းသောအခါ ဖြေကြားခဲ့သည်မှာ 'အလ္လာဟ်အသျှင်မြတ်က ကျမ်းမြတ်ကုရ်အာန်တွင် ယင်းနှင့်ပတ်သက်ပြီး

فِيهِ شِفَاءٌ لِلنَّاسِ

ဟူ၍ မိန့်တော်မမူခဲ့လေသလော။' *[ကုရ်သုဗီးကျမ်း]*

အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဗန္ဒာဟ်များကို ၎င်းတို့ထားရှိကြသော ယုံကြည်ချက်နှင့်အညီ ဆက်ဆံလေ့ရှိတော်မူသည်။ ဟဒီးစ်တော်တစ်ပုဒ်တွင် အသျှင်မြတ်က မိန့်တော်မူသည်မှာ-

اَنَا عِنْدَ ظَنِّ عَبْدِيْ بِيْ

အလိုသဘောမှာ ငါ၏ ဗန္ဒာဟ်သည် ငါအသျှင်မြတ်ကို ထင်မြင်ယူဆသကဲ့သို့ ငါအသျှင်မြတ်သည်လည်း ထိုဗန္ဒာဟ်အပေါ်တွင် ရှိလေသည်။ (ဆိုလိုသည်မှာ ၎င်း၏ ထင်မြင်ချက်အတိုင်း လုပ်ဆောင်ပေးသနားတော်မူသည်။)

اِنَّ فِيْ ذَالِكَ لَاٰيَةً لِقَوْمٍ يَّتَفَكَّرُوْنَ

အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြီးပြည့်စုံသော 'ကွဒ်ရသ်' တန်ခိုးတော်များကို အထက်တင်ပြပါ ပမာများနှင့် ဖွင့်ဆိုတင်ပြပြီးနောက် လူသားကို စဉ်းစားတွေးခေါ်ရန် တိုက်တွန်းနှိုးဆော်ထားလေသည်။ အကြောင်းမှာ 'ကွဒ်ရသ်' တန်ခိုးတော်၏ ထိုဥပမာများကို စဉ်းစားတွေးခေါ်ကာ ကြည့်လော။ အလ္လာဟ်အသျှင်မြတ်သည် အသက်ကင်းမဲ့နေသော မြေပထဝီကို မိုးရေများ ရွာသွန်းစေကာ ပြန်လည်ရှင်သန်စေ

ခဲ့သည်။ ထို့နောက် ညစ်ညမ်းလှသော နွားချေးနှင့် သွေးများကြားမှ သန့်ရှင်းစင်ကြယ်ပြီး နှစ်မြို့ဖွယ်ရာ ကောင်းသော နို့ချောင်းများကို အသင်တို့အတွက် စီးဆင်းစေသည်။ ထိုအသျှင်မြတ်သည် စွန်ပလွံပင်၊ စပျစ်ပင်များပေါ်တွင် ချိုမြိန်သော အသီးများကို သီးစေသည်။ ယင်းကို အသင်တို့သည် ချိုမြိန်၍ အရသာ ရှိသော စားသောက်ဖွယ်ရာများ ပြုလုပ်ကြသည်။ ထိုအသျှင်မြတ်သည် သေးငယ်သော အဆိပ်ရှိသတ္တဝါ တစ်ကောင်၏ အကြောင်းခံဖြင့် အသင်တို့အတွက် အရသာ၊ အဟာရရှိ၍ ဆေးဝါးဖြစ်စေပြီး အလွန်တရာ ကောင်းမွန်သည့် အရာ (ပျားရည်) ကိုလည်း ဖန်ဆင်းပေးထားသည်။ ယခုလည်း အသင်တို့သည် နတ် အပေါင်း၊ ရုပ်တုအပေါင်းကို တ,သခေါ်ဝေါ်နေဦးမည်လော။ ယခုလည်း အသင်တို့၏ ခဝပ်ကိုးကွယ်မှု နှင့် သစ္စာတရားသည် မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော၊ စိုးပိုင်တော်မူသော အသျှင်မြတ်မှအပ အသက် ဇီဝိန် ကင်းမဲ့သော ရုပ်တု၊ ဆင်းတုများအတွက် ဖြစ်နိုင်အုံးမည်လော။ ကောင်းစွာ နားလည်သဘောပေါက် ကြလော့။ ယခုလည်း အသင်တို့ နားမလည်နိုင်ကြသလော။

ဤရုပ်တုများသည် မမြင်နိုင်၊ မကြားနိုင်၊ နားမလည်နိုင်သော မိမိတို့၏ ဖန်တီးတီထွင်မှုများသာ ဖြစ်သည်။ ဤလောကရှိ မြောက်မြားစွာသော ဖန်တီးတီထွင်မှုများ၏ ရလဒ်များ၊ ၎င်းနောက် ဉာဏ်အမြော် အမြင်နှင့် တွေးခေါ်ကြံဆမှုများ၏ အံ့ဩဖွယ်ရာ စွမ်းဆောင်မှုများ၊ ၎င်းနောက် အတွေးအခေါ် အမြော်အမြင် ဖြင့် ဆုံးဖြတ်ထားသော ကောင်းမွန်သည့် ဆုံးဖြတ်ချက်များအားလုံးသည် မိမိတို့၏ ပုံသဏ္ဌာန်အမျိုးမျိုး ဖြင့် ကြွေးကြော်နေကြသည်မှာ ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်တစ်ပါးတည်း တည်ရှိသည်။ အမြော်အမြင် ရှိ တော်မူသော ဖန်ဆင်းရှင်ဖြစ်သည်။ ထိုအသျှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်၍ သစ္စာခံယူထိုက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည်သာလျှင် အခက်အခဲများကို ဖြေရှင်းပေးနိုင်သည်။ ချီးမွမ်းခြင်းအပေါင်းနှင့် ကျေးဇူးတရား တင်ရှိခြင်းတို့သည် ထိုအသျှင်မြတ်သာ ခံယူထိုက်တော်မူသည်။

အကျိုးကျေးဇူး

(၁) ဤအာယသ်တော်အရ သိရှိရသည်မှာ လူသားများအပြင် အခြားသက်ရှိအရာဝတ္ထုများတွင် လည်း ဉာဏ်အာရုံရှိသည်။

وَاِنْ مِنْ شَیْءٍ اِلَّا یُسَبِّحُ بِحَمْدِہٖ

ဉာဏ်အာရုံ၏ အဆင့်အတန်း မြောက်မြားစွာ ရှိပေသည်။ လူသားများ၏ ဉာဏ်အာရုံသည် အခြား သက်ရှိသတ္တဝါများထက် သာပို၍ ပြည့်စုံလေသည်။ ထို့ကြောင့် ထိုလူသားသည် ရှရီအသ်၏ ပညတ် ချက်များကို ကျင့်ဆောင်ရန် တာဝန်ပေးခြင်း ခံရသည်။ ထို့ကြောင့်ပင်လျှင် အကယ်၍ လူသားသည် ရူးသွပ်ကာ ဉာဏ်မမီတော့လျှင် အခြားသက်ရှိသတ္တဝါများကဲ့သို့ ထိုသူ့အပေါ်တွင်လည်း ပညတ်ချက်တာဝန် များ မရှိတော့ပေ။

(၂) ပျားသတ္တဝါ၏ ထူးခြားချက်တစ်ခုမှာ ယင်း၏ 'ဖဇီလသ်' နှင့် ပတ်သက်ပြီး ဟဒီးစ်တော် တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ က ဤသို့ မိန့်တော်မူထားသည်။

اَلزُّ بَّا نُ كُلُّهَا فِى النَّارِيَجْعَلُهَا عَذَابًالِاَهْلِ النَّارِ اِلَّا النَّحل

အလိုသဘောမှာ အခြားဒုက္ခပေးတတ်သော သတ္တဝါများကဲ့သို့ အင်းဆက်ပိုးမွှားများ၏ အမျိုးအစားအားလုံးသည် 'ဂျဟန္နမ်'သို့သွားရမည်။ ထိုနေရာတွင် ငရဲဘုံသားများကို 'အဇာဗ်'အပြစ်ဒဏ်ပေးရန် တာဝန်ပေးခြင်းခံရသည်။ သို့သော် ပျားသတ္တဝါသည် ငရဲဘုံသို့ သွားရမည်မဟုတ်။ */နဝါဒေရွလ်အုစူလ်၊ ကုရ်သုဗီ /*

အဘူဒါဝူးဒ်ကျမ်းတွင် အခြားဟဒီးစ်တော်တစ်ပုဒ်၌လည်း တမန်တော်မြတ် ﷺ သည် ယင်းပျားများကို မသတ်ရန် တားမြစ်ထားတော်မူသည်။

(၃) သမားတော်များအကြား အကွဲအလွဲရှိသည့် အကြောင်းအရာတစ်ခုမှာ ပျားရည်သည် ပျား၏ အစာအိမ်မှ အစာရေ ဖြစ်သလော။ (သို့) အာရည်ဖြစ်သလော။ 'အရစ်သ္တာသ္တာလီးစ်'ဟူသော ပုဂ္ဂိုလ်တစ်ဦးသည် ဖန်သားဖြင့် ပြုလုပ်ထားသော ပျားအုံတစ်ခုတွင် ပျားကောင်များကို ထည့်သွင်းကာ လေ့လာခဲ့သည်။ ပျားများ၏ လုပ်ဆောင်မှုများကို စူးစမ်းလေ့လာရန်အတွက် ဖြစ်သည်။ သို့သော် ထိုပျားများသည် ဦးစွာပထမ ထိုဖန်သား ပျားအိမ်၏ အတွင်းပိုင်းတွင် ဖယောင်းများနှင့် အစေးများဖြင့် ဖုံးအုပ်ပစ်လိုက်ကြသည်။ ၎င်းနောက် ပြည့်ပြည့်ဝဝ ယင်းပျားအိမ်ကို ဖုံးအုပ်မှု မပြုနိုင်သမျှ ကာလပတ်လုံး မိမိတို့၏ လုပ်ငန်းစဉ်ကို စတင်ခြင်း မရှိခဲ့ကြ။ ဟဇရသ်အလီ ؓ သခင်က ဒွန္နယာလောက၏ သေးသိမ်မှုကို ပမာပေး၍ တင်ပြခဲ့သည်မှာ-

اَشْرَفُ لِبَاسَ بَنِىْ اٰدَمَ فِيْهِ لُعَابُ دُوْدَةٍ وَ اَشْرَفُ شَرَا بِهِ وَجِيْعُ نَحْلَةٍ

အလိုသဘောမှာ လူသားတို့၏ အကောင်းဆုံးသော အဝတ်အစားဖြစ်သည့် ပိုးထည်သည် ဤစကြဝဠာကြီး၏ သေးငယ်သော သတ္တဝါတစ်ကောင်၏ အာရည်မှ ဖြစ်ပေါ်လာသည်။ ၎င်းနောက် ထိုလူသားအရသာရှိစွာဖြင့် သောက်သုံးရန်သည် ပျားမှ ပြန်ထုတ်သည့် အစာရည်မှ ရသည်။

(၄) فِيْهِ شِفَاءٌ لِّلنَّاسِ ဤအာယသ်တော်ဖြင့် သိရှိရသော အခြားအချက်တစ်ခုမှာ ဆေးဝါးဖြင့် ရောဂါကုသခြင်းသည် ပြုပိုင်သောအရာ ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ယင်းကို 'နေ့အ်မသ်'တော်တစ်ခုအနေနှင့် တင်ပြထားပေသည်။ အခြားတစ်နေရာတွင် မိန့်တော်မူထားသည်မှာ-

وَنُنَزِّلُ مِنَ الْقُرْاٰنِ مَاهُوَ شِفَاءٌ وَرَحْمَةٌ لِّلْمُؤْمِنِيْنَ

ဟဒီးစ်တော်တွင် ဆေးဝါးသုံးစွဲ၍ ရောဂါများကို ကုသရန် တိုက်တွန်းထားလေသည်။ ကျွန်ုပ်တို့ဆေးဝါးများကို သုံးစွဲကြရမည်လောဟူ၍ မေးမြန်းကြသောအခါ ကိုယ်တော်မြတ် ﷺ က အဘယ်ကြောင့် မသုံးစွဲရမည်နည်းဟု ပြန်လည်ဖြေကြားလေသည်။ ဆေးဝါးဖြင့် ရောဂါများကို ကုသကြလော။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ဖန်ဆင်းထားသော ရောဂါဟူသမျှအတွက် ဆေးဝါးများကိုလည်း ဖန်ဆင်းထားတော်မူသည်။ သို့သော် ရောဂါတစ်ခုအတွက် ဆေးမရှိပေ။ သာဝကကြီးများကို ထိုရောဂါသည် အဘယ်နည်းဟု လျှောက်ထားကြရာ ကိုယ်တော်မြတ် ﷺ က 'အို'ခြင်းဟူ၍ ဖြေကြားလေသည်။

[အဘူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း၊ ကုရ်သုဗီကျမ်း။]

ဟာဇရပ်ခုဇိုင်မဟ် ﷺ သခင်ထံမှလည်း ဆင့်ပြန်ချက်တစ်ချက် လာရှိသည်မှာ ကျွန်ုပ်သည် တစ်ခါက တမန်တော်မြတ် ﷺ ကို မေးမြန်းခဲ့သည်။ ကျွန်ုပ်တို့ ပြုလုပ်လေ့ရှိသော မန်းခြင်း၊ မှုတ်ခြင်း၊ ဆေးဝါးဖြင့် ရောဂါကုသခြင်း၊ ထိုနည်းတူစွာ ထိန်းသိမ်းစောင့်ရှောက်မှုရရန် အစီအမံများ ပြုလုပ်ခြင်း စသည်တို့သည် အလ္လာဟ်အသျှင်မြတ် သတ်မှတ်ထားသော 'သက္ကဒီးရ်'ကို ပြောင်းလဲနိုင်ပါသလော။ ကိုယ်တော်မြတ် ﷺ မှ မိန့်တော်မူသည်မှာ အသင်တို့၏ ဤလုပ်ဆောင်ချက်များသည် အသျှင်မြတ်၏ 'သက္ကဒီးရ်'၏ ပုံသဏ္ဍာန် အမျိုးအစားများပင် ဖြစ်သည်။ အချုပ်ဆိုရသော် ရောဂါကုသခြင်းနှင့် ဆေးဝါးမှီဝဲခြင်းတို့သည် ပြုပိုင်သည့် အရာဖြစ်ကြောင်း ပညာရှင်အများစုက တစ်ညီတစ်ညွတ်တည်း ထောက်ခံထားသည်။ ဤအကြောင်း အရာနှင့် ပတ်သက်ပြီး မြောက်မြားစွာသော ဟဒီးစ်တော်များနှင့် သာဝကကြီးများ၏ အဆိုများ လာရှိထားသည်။ အိဗ်နေအုမရ် ﷺ သခင်၏ သားစဉ်မြေးဆက်တွင် အကယ်၍ တစ်ဦးတစ်ယောက်ကို ကင်း ကိုက်ခံရပါက ထိုသူ့ကို အဆိပ်ဖြေဆေးတိုက်လေ့ ရှိသည်။ ၄င်းနောက် မန်းမှုတ်၍ ကုသလေ့ရှိသည်။ သခင်ကြီးသည် လေဖြတ်သော လူမမာကို မီးကင်ပေး၍ ကုသလေ့ရှိသည်။ *[ကုရ်သုဗီကျမ်း]*

အချို့သော ဆူဖီသူတော်စင်များနှင့် ပတ်သက်၍ ဆင့်ပြန်ထားသည်မှာ ၄င်းတို့သည် ဆေးဝါးကုသ ခြင်းကို မနှစ်သက်ကြပေ။ ၄င်းနောက် အချို့သော ဆွဟာဗာကြီးများ၏ လုပ်ဆောင်ချက်အရ ဆေးဝါးကုသ ခြင်းကို မနှစ်သက်ကြောင်း ထင်ရှားစွာ သိရှိရပေသည်။ ဥပမာ- ဆင့်ပြန်ချက်တစ်ခုတွင် လာရှိသည်မှာ တစ်ခါက အိဗ်နေမဆ်စ်ဦးဒ် ﷺ သခင် နာမကျန်းဖြစ်ခဲ့သည်။ ဟာဇရပ်အွတ်စ်မာန်း ﷺ သခင် လူမမာ မေးရန် ၄င်းထံသို့ ကြွမြန်းလာခဲ့သည်။ ၄င်းနောက် မေးမြန်းသည်မှာ အသင် မည်သို့ ဆန္ဒရှိပါသနည်း။ ၄င်းက ဖြေကြားသည်မှာ မိမိ၏ အကုသိုလ်များနှင့် ပတ်သက်၍ သောကရောက်နေပါသည်။ ဟာဇရပ် အွတ်စ်မာန် ﷺ သခင်က မည်သို့သော အရာကို လိုလားတောင့်တနေပါသနည်းဟု မေးမြန်းရာ ၄င်းက မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကရုဏာတော်ကို လိုလားနေပါသည်ဟု ဖြေကြားလေသည်။ အွတ်စ်မာန်း ﷺ သခင်က အသင် ဆန္ဒရှိလျှင် ကျွန်ုပ်သမားတော်ကို ခေါ်ပေးမည်ဟု ပြောကြားရာ ၄င်းက ပြန်လည် ဖြေကြားသည်မှာ ထိုသမားတော်သာလျှင် ကျွန်ုပ်ကို လှဲလျောင်းစေခဲ့သည်။ (ဤနေရာတွင် သမားတော်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်ကို ဆိုလိုခြင်းဖြစ်သည်။) သို့သော် ဤကဲ့သို့သော အကြောင်း အရာများကို မနှစ်သက်ကြပေဟု အထောက်အထားပြု၍ မရချေ။ ထိုအချိန်တွင် ၄င်းတို့သည် ဆေးဝါးကုသမှု ခံယူရန် ဆန္ဒမရှိကြောင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ လောလောဆယ် ဆန္ဒမရှိသေးသည့်အတွက် ငြင်းဆိုခဲ့ခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ထိုဆန္ဒမရှိခြင်းသည် ကာလအပိုင်းအခြားတစ်ခု၏ ယာယီအခြေအနေ မျိုးသာဖြစ်သည်။ ယင်းကို ကြည့်ပြီး ဆေးဝါးကုသမှု ခံယူခြင်း မပြုပိုင်။ (သို့) မက္ကရူးဟ်ဖြစ်ကြောင်း အထောက်အထားဖြစ်သည်ဟု သတ်မှတ်၍ မရပေ။ ဟာဇရပ်အွတ်စ်မာန် ﷺ သခင် ကိုယ်တိုင် အိဗ်နေ မဆ်စ်ဦးဒ် ﷺ အား ကျွန်ုပ်သမားတော် ပင့်ပေးရမည်လောဟု မေးမြန်းခြင်းသည် ဆေးဝါးကုသမှု ခံယူ ခြင်း ပြုပိုင်ကြောင်း အထောက်အထားတစ်ရပ် ဖြစ်လေသည်။ သို့သာမက အချို့အခြေအနေများတွင် ကုသမှုခံယူရန် 'ဝါဂျိဗ်'တာဝန်ပင် ထိုက်လေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاللَّهُ خَلَقَكُمْ ثُمَّ يَتَوَفَّاكُمْ وَمِنْكُم مَّن يُرَدُّ إِلَىٰ أَرْذَلِ الْعُمُرِ لِكَيْ لَا يَعْلَمَ بَعْدَ عِلْمٍ شَيْئًا إِنَّ اللَّهَ عَلِيمٌ قَدِيرٌ

၁၆ : ၇၀ ။ ။ ၄င်းပြင် အလ္လာဟ်အသျှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းတော်မူလေသည်။ တစ်ဖန် ထိုအသျှင်မြတ်သည်ပင် အသင်တို့အား သေဆုံးစေတော်မူလေသည်။ ထို့ပြင် အသင်တို့တွင် အညံ့ဆုံးသော အသက်အရွယ်သို့ ပြန်ရောက်စေခြင်းကို ခံရသောသူများလည်း ရှိပေသည်။ နောက်ဆုံးတွင် ထိုသူများသည် သိပြီးနောက် (အသိပညာ ချို့ယွင်းအိုမင်းသွားသောကြောင့်) မည်သည့်တစ်စုံတစ်ရာကိုမျှ သိနားလည်ခြင်းမရှိ (ကြ) တော့ချေ။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် သာလျှင် အကြွင်းမဲ့ သိတော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၄င်းနောက် (မိမိတို့၏ အခြေအနေနှင့်လည်း ပတ်သက်၍ စဉ်းစားတွေးခေါ်သင့်ပေသည်။ (အကြောင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ကို (ဦးစွာပထမ) ဖန်ဆင်းတော်မူသည်။ တစ်ဖန် (သက်တမ်းကုန်ဆုံးသွားသောအခါ) အသင်တို့၏ အသက်ဝိဉာဉ်များကို ရုပ်သိမ်းတော်မူသည်။ (အသင်တို့အနက်မှ အချို့သည် သတိရှိနေလျက် သွားလာလှုပ်ရှားရင်း ခြေလက်များ ရပ်တန့်သွားခဲ့သည်။) ၄င်းနောက် အသင်တို့အနက်မှ အချို့သည် အိုမင်းမစွမ်းသော သက်တမ်းအထိ ထားရှိခြင်းခံကြရသည်။ (ထိုသို့သော သူများတွင် ကာယအင်အားလည်း မရှိတော့သကဲ့သို့ ဉာဏအင်အားလည်း မရှိတော့ပေ။) ယင်းကြောင့် ခံစားကြရသည်မှာ အရာဝတ္ထုတစ်ခုကို သိရှိပြီး တစ်ဖန်ပြန်လည် မေ့လျော့သွားတတ်သည်။ (ဥပမာ- မြောက်မြားစွာသော အိုမင်းမစွမ်းသူများကို တွေ့ရှိရသည်မှာ စကားတစ်ခွန်းကို ပြောဆိုပြီး ခဏအကြာတွင် ပြန်လည်မေ့လျော့သွားတတ်သည်။ တစ်ဖန်ပြန်၍ မေးမြန်းနေတတ်သည်။) မုချကေန် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ သိရှိတော်မူသော အသျှင်၊ ကြီးမားသော 'ကွဒ်ရသ်' တန်ခိုးတော်ရှင် ဖြစ်တော်မူသည်။ (မိမိ၏ အသိတရားဖြင့် အမြော်အမြင်ရှိသော ကိစ္စများကို သိရှိတော်မူသည်။ ၄င်းနောက် မိမိ 'ကွဒ်ရသ်' တော်ဖြင့် ထိုအတိုင်းပင် ဆောင်ရွက်တော်မူသည်။ ထို့ကြောင့် ရှင်သန်ခြင်းနှင့် သေဆုံးကွယ်လွန်ခြင်း စသည့် အခြေအနေအရပ်ရပ်ကို ကွဲပြားခြားနားထားလေသည်။ ဤသည်လည်း 'သောင်ဟီးဒ်' တရား၏ အထောက်အထားတစ်ခု ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဤအာယသ်တော်၏အလျင် အလ္လာဟ်အသျှင်မြတ်သည် ရေ၊ သစ်ပင်ပန်းမန်၊ ခြေလေးချောင်းသတ္တဝါများနှင့် ပျားသတ္တဝါများတို့၏ အခြေအနေအရပ်ရပ်ကို တင်ပြကာ လူသားတို့ မိမိ၏ ပြီးပြည့်စုံသော 'ကွဒ်ရသ်' တန်ခိုးတော်နှင့် ဖန်ဆင်းခံများအား မိမိ၏ 'နေအ်မသ်' တော်များ ချီးမြှင့်ထားပုံတို့ကို အသိပေး ရှင်းလင်းတင်ပြထားတော်မူသည်။ ယခု ဤအာယသ်တော်တွင် လူသားတို့အနေနှင့် မိမိတို့၏

အခြေအနေကို ကိုယ်တိုင် တွေးတောဆန်းစစ်ရန် နှိုးဆော်ထားလေသည်။ အဘယ်ကြောင့်ဆိုသော် လူသား၏ အစသည် ယခင်က မည်သည့်အရာမျှ မရှိခဲ့ပေ။ အလ္လာဟ်အသျှင်မြတ်က ယင်းကို ရှိအောင် ဖန်ဆင်းတော်မူသည်။ တစ်ဖန် အလိုရှိတော်မူသည့်အခါ သေခြင်းတရား၏ အကြောင်းခံဖြင့် ထိုရှင်သန်ခြင်း 'နေ့အ်မသ်' ကို ရုပ်သိမ်းတော်မူသည်။ ၎င်းနောက် အချို့သူများကို မသေဆုံးမီအလျင်ပင် အိုမင်းမစွမ်းသော အခြေအနေသို့ ရောက်ရှိစေတော်မူသည်။ ထိုသူတို့သည် အသိဉာဏ်၊ မှတ်ဉာဏ်အင်အားများ နည်းပါးသွားကြသည်။ ၎င်းတို့၏ ခြေလက်များသည်လည်း အားအင်ချည့်နဲ့သွားကြသည်။ မည်သည့်စကားရပ်ကိုမျှလည်း နားလည်နိုင်စွမ်း မရှိတော့ပေ။ နားလည်သဘောပေါက်ခဲ့သော စကားများကိုပင် မေ့လျော့သွားတတ်ကြသည်။ ဤသေးဒုက္ခများနှင့် ရုပ်ပိုင်းဆိုင်ရာ အပြောင်းအလဲများမှ အထောက်အထားပြနေသည်မှာ ပြီးပြည့်စုံသော အသိတရားနှင့် တန်ခိုးတော်တို့သည် ထိုအသျှင်မြတ်၏ ဘဏ္ဍာတိုက်တွင်သာ ရှိသည်။ အကြင်အသျှင်မြတ်သည်သာလျှင် ဖန်ဆင်းတော်ရှင် ဖြစ်တော်မူသော အသျှင်၊ စိုးပိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَمِنْكُمْ مَنْ يُّرَدُّ

مَنْ يُّرَدُّ ဟူသော စာသားဖြင့် ရည်ညွှန်းတင်ပြထားသည်မှာ လူသားသည် ယခင်ကလည်း ချို့တဲ့သော အခြေအနေတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ပြီးဖြစ်သည်။ ယင်းအခြေအနေသည် လူသား၏ ငယ်စဉ်တောင်ကျေးဘဝအစပိုင်းကို ဆိုလိုခြင်းဖြစ်သည်။ ထိုအချိန်က လူသားသည် မည်သည့်စဉ်းစားတွေးခေါ်မှုကိုမျှ မပြုနိုင်ခဲ့ကြချေ။ ၎င်း၏ စွမ်းအားများသည် အလွန် ချို့တဲ့ယိုယွင်းနေခဲ့သည်။ မိမိ၏ ဆာလောင်မွတ်သိပ်မှုကို ဖြည့်ဆည်းရန်နှင့် ထရန်၊ ထိုင်ရန်တို့အတွက်ပင် အခြားသူများကို အားကိုးနေရသည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် ၎င်းကို နယ်ပြုမှု ချီးမြှင့်လေသည်။ ထိုကာလသည် ၎င်း၏ ဖွံ့ဖြိုးတိုးတက်သော ကာလဖြစ်သည်။ တစ်ဖန် တစ်ဖြည်းဖြည်းချင်း ၎င်းကို အိုမင်းမစွမ်းသော အခြေအနေမျိုးသို့ ရောက်ရှိစေတော်မူသည်။ ယင်းအခြေအနေတွင် လူသားသည် ငယ်စဉ်တောင်ကျေးကလေးဘဝကဲ့သို့ ပြန်လည်ချို့တဲ့ ယိုယွင်းကာ စိတ်ဓါတ်ကျဆင်းမှုများနှင့် ရင်ဆိုင်ရလေသည်။

اَرْذَلِ الْعُمُرِ

ဆိုသည်မှာ အိုမင်းမစွမ်းသော ထိုအသက်အရွယ်ကို ခေါ်ဆိုလေသည်။ ယင်းအသက်အရွယ်တွင် လူသား၏ ကာယစွမ်းအား၊ ဉာဏစွမ်းအားများသည် ယိုယွင်းသွားလေသည်။ တမန်တော်မြတ် ﷺ သည် ဤကဲ့သို့သော အသက်အရွယ်ကို ကြုံတွေ့ရခြင်းမှ အသျှင်မြတ်ထံ ခိုလှုံခဲ့သည်။ မိန့်တော်မူခဲ့သည်မှာ-

اَللّٰهُمَّ اِنِّىْ اَعُوْذُ بِكَ مِنْ سُوْءِ الْعُمُرِ وَفِىْ رِوَايَةٍ مِنْ اَنْ اُرَدَّ اِلٰى اَرْذَلِ الْعُمُرِ

အလိုသဘောမှာ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုး အသျှင်မြတ်ထံ ခိုလှုံခွင့် တောင်းခံပါ၏' ယိုယွင်းသော အသက်အရွယ်မှ။ အခြားဆင့်ပြန်ချက်တစ်ပုဒ်တွင် ''အရ်ဇလွလ်အွမရ်' ဟူသော အသက်အရွယ်မှ ကျွန်တော်မျိုး အသျှင်မြတ်ထံ ခိုလှုံပါ၏' ဟူ၍လည်း လာရှိပေသည်။ 'အရ်ဇလွလ်အွမရ်' ကို

အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုလျှင် ယင်းတွင် မည်သည့်သတ်မှတ်ထားသော အပိုင်းခြားကာလဟူ၍ မရှိပေ။ အထက်တင်ပြပါ အဓိပ္ပာယ်ဖွင့်ဆိုမှုသာလျှင် အလျော်ကန်ဆုံးဟု မှတ်ယူရမည်။ ယင်းအဓိပ္ပာယ်ဖွင့်ဆိုမှုကို ကျမ်းမြတ်ကုရ်အာန်တွင်လည်း

لِكَيْلَا يَعْلَمَ بَعْدَ عِلْمٍ شَيْئًا

ဟူ၍ ရည်ညွှန်းမိန့်ဆိုထားပေသည်။ ထိုအသက်အရွယ်သည် အသိဉာဏ်အာရုံများ မကျန်ရှိတော့သည့် အသက်အရွယ်ဖြစ်သည်။ ထို့ကြောင့် လူသားသည် ထိုအသက်အရွယ်တွင် မိမိသိရှိသော အရာများကိုပင် မေ့လျော့သွားပေသည်။

'အရ်ဇလွလ်အွမရ်'၏ ဖွင့်ဆိုချက်တွင် အခြားအဆိုများလည်း လာရှိပေသည်။ အချို့က အသက်ရှစ်ဆယ်ဟု ဆိုကြသည်။ ၄င်းနောက် အချို့က အသက်ကိုးဆယ်ဟု ဆိုကြသည်။ ဟဇရတ်အလီ ﷺ သခင်ထံမှလည်း (၇၅) နှစ်အရွယ်ဟု ဆင့်ပြန်ချက်လာရှိသည်။ *[ဘိုခါရီကျမ်း၊ မွတ်စ္စလင်မ်ကျမ်း၊ မဇ္ဇဟရီကျမ်း။]*

لِكَيْلَا يَعْلَمَ بَعْدَ عِلْمٍ شَيْئًا

အိုမင်းမစွမ်းသော နောက်ဆုံးအသက်အရွယ်ထိ ဆိုက်ရောက်သွားပြီးနောက် လူသားတွင် ကာယစွမ်းအားများနှင့် ဉာဏစွမ်းအားများ လုံးဝ ပျောက်သွားပေသည်။ ယင်းကြောင့်ပင် အရာတစ်ခုကို နားလည်သဘောပေါက်ပြီးသည့်နောက် တစ်ဖန်ပြန်လည် မေ့လျော့သွားတတ်သည်။ ထိုသူသည် မိမိသိရှိထားသော အရာများအားလုံးကို မေ့လျော့ကာ လူမမယ်ကလေးတစ်ယောက်သဖွယ် ဖြစ်သွားတတ်သည်။ ကလေးဟူသည် အသိတရားလည်း မရှိ၊ အတွေ့အကြုံလည်းမရှိ၊ အသိဉာဏ် အမြော်အမြင်လည်း မရှိတတ်ကြပေ။ ဟဇရတ်အစ်ကရိမဟ် ﷺ သခင်က မိန့်ဆိုသည်မှာ ကုရ်အာန်ဖတ်ရွတ်နေသော သူတစ်ယောက်သည် ဤသို့သော အခြေအနေမျိုးနှင့် ရင်ဆိုင်ရမည် မဟုတ်ပေ။

إِنَّ اللّٰهَ عَلِيمٌ قَدِيرٌ

မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် အလွန်ပင် သိရှိတော်မူသော အသျှင်၊ ကြီးမားသော တန်ခိုးတော်အသျှင် ဖြစ်တော်မူပေသည်။ မိမိ၏ အသိတရားဖြင့် လူတိုင်း၏ အသက်အရွယ်ကို သိရှိတော်မူသည်။ ၄င်းနောက် မိမိ၏ တန်ခိုးတော်ဖြင့် အလိုရှိရာကို ဆောင်ရွက်တော်မူသည်။ အကယ်၍ အလိုတော်ရှိခဲ့ပါက ခွန်အားပြည့်ဝသော လူရွယ်တစ်ဦးတွင်လည်း 'အရ်ဇလွလ်အွမရ်'၏ အချင်းလက္ခဏာများ သက်ရောက်စေနိုင်တော်မူသည်။ ၄င်းနောက် အလိုတော်ရှိပါက အသက် (၁၀၀) အဖိုးအိုတစ်ဦးကိုလည်း ခွန်အားပြည့်ဝသော လူရွယ်တစ်ဦးကဲ့သို့ ထားရှိနိုင်တော်မူသည်။ ဤအကြောင်းအရာအားလုံးသည် ထိုအသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်အတွင်းဝယ် ရှိသည်။ အကြင်အသျှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်နိုင်သူ မည်သူမျှ မရှိ။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

وَاللّٰهُ فَضَّلَ بَعْضَكُمْ عَلٰى بَعْضٍ فِي الرِّزْقِ ۚ فَمَا الَّذِيْنَ فُضِّلُوْا بِرَآدِّيْ رِزْقِهِمْ عَلٰى مَا مَلَكَتْ اَيْمَانُهُمْ فَهُمْ فِيْهِ سَوَآءٌ ۗ اَفَبِنِعْمَةِ اللّٰهِ يَجْحَدُوْنَ ﴿٧١﴾

၁၆ : ၇၁ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည်ပင် အသင်တို့အနက် အချို့ကို အချို့ထက် စားနပ်ရိက္ခာ တိုးမြှင့်ပေးသနားတော်မူခဲ့၏။ သို့ရာတွင် (ယင်းကဲ့သို့) တိုးမြှင့်ပေးခြင်း ခံကြရသော သူတို့သည် မိမိတို့၏ ဝေစုဝေပုံကို မိမိတို့ ပိုင်ဆိုင်ကြကုန်သော ကျေးကျွန်တို့အား ဤ (ဥစ္စာပစ္စည်း) အရာ၌၊ ၎င်း (ကျွန်နှင့် သခင်) တို့အား သာတူညီမျှ ဖြစ်ကြရန်အလို့ငှာ ခွဲဝေပေးမည့်သူများ မဟုတ်ကြပေ။ သို့ပါလျက် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ကို ငြင်းပယ်ကြလေသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် ('သောင်ဟီးဒ်' တရားကို ဖွင့်ဆိုအတည်ပြုပြီးသည်နှင့် တစ်ပြိုင်နက် ရုရစ်က်တုဖက်နှိုင်းယှဉ်ခြင်း၏ ဆိုးရွားမှုများနှင့် ပတ်သက်ပြီး အသင်တို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး ဆက်ဆံကြပုံကို ခိုင်နှိုင်း၍ တင်ပြသည်ကို နားထောင်လော့။) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အနက်မှ အချို့ကို အချို့ထက် 'ရစ်စ်က်' (ကမ္ဘာတွင်) သာပို၍ ချီးမြှင့်ထားလေသည်။ (ဥပမာ- အချို့ကို သူဌေးသူကြွယ်၊ ၎င်းနောက် ကျွန်များကို ပိုင်ဆိုင်သော သခင်အဖြစ် ထားရှိသည်။ ၎င်းတို့၏ လက်မှတစ်ဆင့် ကျွန်များကိုလည်း ရိဇိရိက္ခာ ချီးမြှင့်တော်မူသည်။ ၎င်းနောက် အချို့ကို ကျေးကျွန်များအဖြစ် ဖန်ဆင်းထားသည်။ ထိုကျေးကျွန်များကို သခင်များ၏ လက်မှတစ်ဆင့် ရိဇိရိက္ခာ ရောက်ရှိလာသည်။ ၎င်းနောက် အချို့ကို ကျေးကျွန်များ ပိုင်ဆိုင်နိုင်လောက်အောင် မကြွယ်ဝစေခဲ့ပေ။ ကျေးကျွန်အဖြစ်နှင့်လည်း မထားရှိပေ။ ၎င်းတို့၏ ရိက္ခာကို သခင်များ၏လက်မှ တစ်ဆင့် မရောက်ရှိစေခဲ့ပေ။) သို့ပါ၍ (ရိဇိရိက္ခာနှင့် ပတ်သက်ပြီး အထူး) အခွင့်အရေးပေးခြင်း ခံရသူများသည် (ထိုသူတို့တွင် ဥစ္စာဓနလည်း ရှိသည်။ ကျေးကျွန်များလည်း ရှိသည်။) ထို (သူတို့သည်) မိမိတို့ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို မိမိတို့၏ ကျေးကျွန်များအား မည်သည့်အခါမျှ ဤကဲ့သို့ ပေးလိမ့်မည်မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ထို (သခင်နှင့် ကျေးကျွန်) အားလုံး တစ်တန်းတစ်စားတည်း ဖြစ်ရှိသွားအောင်ပင် (အဘယ်ကြောင့်ဆိုသော် အကယ်၍ ကျေးကျွန်ကို ကျေးကျွန် ဖြစ်နေသည့် အခြေအနေတွင်ပင် ဥစ္စာဓန ချီးမြှင့်ခဲ့ပါက ထိုဥစ္စာဓန၏ ပိုင်ဆိုင်မှုသည် ကျေးကျွန်၏ လက်ဝယ်တွင်မရှိဘဲ သခင်၏ ပိုင်ဆိုင်မှုတွင်သာ ရှိနေမည်ဖြစ်သည်။ ၎င်းနောက် အကယ်၍ ကျေးကျွန်ကို သူကောင်းပြု၍ မိမိနှင့် ညီမျှသော ဥစ္စာဓနကို ချီးမြှင့်မည်ဆိုလျှင် ညီမျှမှုရရှိမည်ဖြစ်သော်လည်း ထိုကျေးကျွန်သည် သူကောင်းပြုပြီးသည့်အတွက် ကျေးကျွန်ဘဝတွင် မရှိတော့ပေ။ သို့ပါ၍ ကျေးကျွန်ဖြစ်ခြင်းနှင့် သခင်နှင့်တူညီသော ဥစ္စာဓနပိုင်ဆိုင်ခြင်းသည် မည်သို့မျှ မဖြစ်နိုင်သော အကြောင်းအရာဖြစ်သည်။ ထိုနည်းတူစွာ ဤရုပ်တုများသည်လည်း မုရှ်ရစ်က်တို့ လက်ခံသည့်အတိုင်း အလ္လာဟ်အသျှင်မြတ်၏ ပိုင်ဆိုင်မှုအတွင်းဝယ် ရှိနေသည်။ ပိုင်ဆိုင်ခြင်း

ခံရသူတစ်ဦး ဖြစ်နေပါလျက် ကိုးကွယ်ခံထိုက်ရာတွင် အလ္လာဟ်အသျှင်မြတ်နှင့် မည်သို့ တန်းတူရှိနိုင်မည်နည်း။ ထို့ကြောင့် ဤစကားရပ်တွင် 'ရှရစ်က်'တုဖက်နိုင်းယှဉ်ခြင်း၏ အဝိုင်းမဲ့ ဆိုးရွားမှုမှာ ပေါ်လွင်နေပေသည်။ အသင်တို့၏ ကျေးကျွန်များသည် အသင်တို့နှင့် 'ရှစ်က်'ပိုင်ဆိုင်မှုများတွင် တန်းတူမရှိနိုင်ပါဟုဆိုလျှင် အလ္လာဟ်အသျှင်မြတ်၏ ကျေးကျွန်များသည် အလ္လာဟ်အသျှင်မြတ်နှင့် ကိုးကွယ်ခံထိုက်ရာတွင် မည်သို့ တန်းတူရည်တူ ရှိနိုင်မည်နည်း။) ထိုသူတို့သည် (ဤအကြောင်းအရာများကို ကြားနာပြီး) တစ်ဖန်ပြန်၍ (အလ္လာဟ်အသျှင်မြတ်နှင့် တုဖက်နိုင်းယှဉ်ခြင်း ပြုနေပါသေးသလော။ ယင်းကြောင့် စဉ်းစားတွေးခေါ်သိရှိနိုင်သည်မှာ) အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'နေ့အ်မသ်'တော်များ) ချီးမြှင့်ထားသည်ဆိုသည့် စကားကို ငြင်းဆိုနေကြခြင်းဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များအလျှင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အသိဉာဏ်တော်နှင့် 'ကွဒ်ရသ်' တန်ခိုးတော်တို့၏ ထင်ရှားစွာ မြင်တွေ့နိုင်သည့် အကြောင်းအရာများနှင့် လူသားတို့အား ချီးမြှင့်ခဲ့သော 'နေ့အ်မသ်'စည်းစိမ်များအကြောင်းကို တင်ပြကာ မိမိ၏ တစ်ပါးတည်း တည်ရှိတော်မူကြောင်းကို သဘာဝတရား၏ အထောက်အထားများနှင့်တကွ တင်ပြခဲ့လေသည်။ ထိုအရာများကို ကြည့်ရှုကာ အနည်းငယ်မျှသော အသိဉာဏ်ဆင်ခြင်တုံတရားရှိသူ တစ်ဦးသည်လည်း အဖန်ဆင်းခံတစ်ဦးဦးကို အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ဂုဏ်တော်၊ ဉာဏ်တော်များနှင့် 'ကွဒ်ရသ်'တန်ခိုးတော်တို့တွင် တုဖက်နိုင်းယှဉ်ခြင်း ပြုကြမည်မဟုတ်ပေ။ ဤအာယသ်တော်များတွင် 'သောင်ဟီးဒ်'တရားနှင့် ပတ်သက်သော အကြောင်းအရာများကိုပင် လူသားတို့အချင်းချင်း တစ်ဦးနှင့် တစ်ဦး ဆက်ဆံကြပုံကို ပမာပေးကာ ရှင်းလင်းတင်ပြထားပေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတသ်ည် မိမိ၏ ပြီးပြည့်စုံသော ဉာဏ်အမြော်အမြင်တော်ဖြင့် အကျိုးတရားကို ထောက်ရှုကာ လူသားအားလုံးကို ရိဇ်ဂ်ရိက္ခာ ချီးမြှင့်ရာတွင် တန်းတူရည်တူ ချီးမြှင့်ထားတော်မမူပေ။ အချို့ကို အချို့ထက် သာပို၍ ချီးမြှင့်ထားသည်။ ၎င်းနောက် အဆင့်အတန်းများလည်း ခွဲခြားသတ်မှတ်ထားသည်။ အချို့ကို ဥစ္စာဓနများ ချီးမြှင့်၍ ဂုဏ်အဆောင်အရောင်၊ ကျေးကျွန်များ၊ ပြုစုသူများ၊ ပိုင်ဆိုင်ထားရှိနိုင်သည်အထိ ချမ်းသာကြွယ်ဝစေသည်။ ထိုကြွယ်ဝသူကိုယ်တိုင်လည်း မိမိဆန္ဒရှိသည့်အတိုင်း ဥစ္စာဓနကို သုံးစွဲသကဲ့သို့ ကျေးကျွန်များနှင့် ပြုစုစောင့်ရှောက်သူများကိုလည်း သူ၏ လက်မှတစ်ဆင့် ရိဇ်ဂ်ရိက္ခာ ရရှိသည်။ ၎င်းနောက် အချို့ကို ကျေးကျွန်အဖြစ်နှင့်လည်းကောင်း၊ ပြုစုစောင့်ရှောက်သူအဖြစ်နှင့်လည်းကောင်း ဖန်ဆင်းထားလေသည်။ ထိုသို့သော သူများသည် အခြားသူများကို ပေးကမ်းစွန့်ကြဲမည်ဟု မဆိုထားနှင့်။ မိမိကိုယ်တိုင်ပင် အခြားသူထံမှတစ်ဆင့် မှီခိုသုံးစွဲနေရသည်။ ၎င်းနောက် အချို့သူများကို အလယ်အလတ် အခြေအနေမျိုးတွင် ဖန်ဆင်းထားရှိတော်မူသည်။ ထိုသူတို့သည် သူတစ်ပါးကို ပေးကမ်းစွန့်ကြဲနိုင်လောက်အောင်လည်း မကြွယ်ဝကြပေ။ သူတစ်ပါးထံမှ မိမိ၏ လိုအပ်ချက်များအတွက် လက်ဖြန့်တောင်းခံရသည်အထိလည်း မချို့တဲ့ကြချေ။

'ကွဒ်ရသ်'တန်ခိုးတော်၏ ဤခွဲဝေချီးမြှင့်မှုများသည် လူတိုင်း တွေ့မြင်သိရှိနိုင်သော အရာဖြစ်သည်။ ရိဇိရိက္ခာကို သာပို၍ ချီးမြှင့်ခြင်းခံရသူများသည် ၎င်းနောက် သူဌေးသူကြွယ်များအဖြစ်နှင့် သတ်မှတ်ဖန်ဆင်းခံရသူများသည် မိမိတို့၏ ကျေးကျွန်များနှင့် ပြုစုသူ အလုပ်သမားများကို မိမိတို့နှင့် တန်းတူရည်တူ ရှိသွားအောင် မိမိတို့၏ ဥစ္စာပစ္စည်းများကို ပေးကမ်းချီးမြှင့်ခြင်း မရှိကြသကဲ့သို့ ယင်းသို့ ပေးကမ်းခြင်းကိုလည်း မနှစ်သက်ကြပေ။

တင်ပြပါဥပမာဖြင့် နားလည်သဘောပေါက်နိုင်သည်မှာ မုရှ်ရစ်ကိမ်များသည်လည်း ၎င်းတို့ ကိုးကွယ်ကြသော ရုပ်တုများနှင့် အခြားအဖန်ဆင်ခံများသည် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများနှင့် အသျှင်မြတ် ပိုင်ဆိုင်သော အရာများဖြစ်ကြောင်း လက်ခံထားကြသည်။ ထို့ကြောင့် ၎င်းတို့သည် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခံကို ၎င်းနောက် စိုးပိုင်တော်မူသော အသျှင်နှင့် စိုးပိုင်ခြင်းခံရသော အရာတို့ကို အဘယ်ကြောင့် တန်းတူရည်တူ သတ်မှတ်ထားရှိကြလေသနည်း။ ၎င်းတို့သည် အထက်ပါအထောက်အထားများကို ကြည့်ရှုပြီး၊ ၎င်းနောက် အထက်ပါအကြောင်းအရာများကို ကြားနာပြီးသော်လည်း အလ္လာဟ်အသျှင်မြတ်နှင့် အခြားအရာဝတ္ထုများကို တုဖက်နှိုင်းယှဉ်ကာ တန်းတူရည်တူ သတ်မှတ်ထားရှိနေပါသလော။ ယင်းတို့၏ လုပ်ရပ်ကြောင့် ခိုင်မာတိကျစွာ သိရှိနိုင်သည်မှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များကို ငြင်းဆန်နေကြသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ၎င်းတို့သည် ဤ 'နေအ်မသ်' စည်းစိမ်များကို အလ္လာဟ်အသျှင်မြတ်သာလျှင် ချီးမြှင့်ထားသည်ဟု ယူဆခဲ့သော်၊ ၎င်းနောက် မိမိတို့ကိုယ်တိုင် တီထွင်ထားသော ရုပ်တုများ၊ သို့မဟုတ် လူတစ်ဦးတစ်ယောက်၊ သို့မဟုတ် 'ဂျင်န်'တစ်ဦးဦး၏ ပါဝင်ပတ်သက်မှုများသည် ထို 'နေအ်မသ်'တော်များတွင် မရှိဟု သတ်မှတ်ယူဆခဲ့သော် ထိုအရာများကို အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူသတ်မှတ်ကာ တုဖက်နှိုင်းယှဉ်ကြမည်မဟုတ်ပေ။

ဤအကြောင်းအရာများနှင့် ပတ်သက်ပြီး စူရာဟ်ရူးမ်၏ အာယသ်တော်တစ်ပိုဒ်တွင်လည်း မိန့်တော်မူထားသည်မှာ-

ضَرَبَ لَكُم مَّثَلًا مِّنْ أَنفُسِكُمْ هَل لَّكُم مِّن مَّا مَلَكَتْ أَيْمَانُكُم مِّن شُرَكَاءَ
فِيمَا رَزَقْنَاكُمْ فَأَنتُمْ فِيهِ سَوَاءٌ

အလိုသဘောမှာ အသင်တို့အတွက် အသင်တို့အတွင်းမှပင် ပမာတစ်ခုပေးထားသည်။ အသင်တို့လက်အောက်ရှိ သူများသည် ငါအသျှင်မြတ် ချီးမြှင့်ထားသော ရိဇိရိက္ခာများတွင် အသင်တို့နှင့် တန်းတူရည်တူ ရှိနေပါသလော။

ယင်း၏ အလိုသဘောသည်လည်း ဤအတိုင်းပင်ဖြစ်သည်။ အကြောင်းမှာ အသင်တို့သည် မိမိတို့၏ ကျေးကျွန်များနှင့် ပြုစုသူတို့သည် အသင်တို့နှင့် တန်းတူရည်တူ ရှိလာမည်ကို မနှစ်သက်ကြပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်နှင့် အသျှင်မြတ် ဖန်ဆင်းထားသော အရာများ၊ အသျှင်မြတ်ပိုင်ဆိုင်သော အရာများကို အဘယ်ကြောင့် တန်းတူရည်တူ သတ်မှတ်ကြလေသနည်း။

ဘဝသက်တမ်းရှင်သန် ရပ်တည်မှုတွင် အဆင့်အတန်းများ ခွဲခြားထားခြင်းသည် လူသားတို့အတွက် 'ရဟ်မသ်' တစ်ခု ဖြစ်ခြင်း

ဤအာယသ်တော်တွင် ပေါ်လွင်ထင်ရှားစွာ တင်ပြထားသည့် အချက်တစ်ချက်မှာ ဆင်းရဲခြင်း၊ ချမ်းသာခြင်းနှင့် ဘဝရှင်သန်ရပ်တည်ပုံများ ကွဲပြားခြားနားနေခြင်းတွင် အချို့က ဆင်းရဲသည်၊ အချို့က ချမ်းသာသည်၊ အချို့က အလယ်အလတ်တန်းစား ရှိသည်။ ဤသည်တို့သည် တိုက်ဆိုင်သော ဖြစ်ရပ်တစ်ခု မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်၏ နက်နဲသိမ်မွေ့လှသော အမြော်အမြင်တော်အရ ဖြစ်သည်။ လူသားတို့ အတွက် အကျိုးတရားများ ရရှိရန်နှင့် ကရုဏာတော်များ ရရှိရန်ဖြစ်သည်။ အကယ်၍ ဤသို့ ခြားနားမှု မရှိဘဲ ဥစ္စာဓန ပိုင်ဆိုင်မှုတွင် လူသားအားလုံးကို တန်းတူရည်တူ သတ်မှတ်လိုက်ပါက ဒွန္နယာလောက၏ ယန္တရားကြီး လည်ပတ်မှုတွင် ပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတည်သည့် အချိန်မှစ၍ မည်သည့်ခေတ်ကာလတွင်မျှ လူသားအားလုံးသည် ဥစ္စာဓန ပိုင်ဆိုင်မှုတွင် တန်းတူရည်တူ ရှိခဲ့သည်ဟူ၍ မရှိချေ။ နောင်ကိုလည်း ဖြစ်လာနိုင်စရာအကြောင်းမရှိပေ။ အကယ်၍ တစ်ချိန်ချိန်တွင် အဓမ္မ ကြိုးပမ်းဆောင်ရွက်ကာ တန်းတူရည်တူဖြစ်အောင် ပြုလုပ်ကြမည်ဆိုလျှင်လည်း ရက်အနည်းငယ် ကြာသည်နှင့် လူသားတို့၏ လုပ်ငန်းဆောင်တာများတွင် ပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်ရမည်ကို တွေ့မြင် ကြရမည်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် လူသားများကို ကာယစွမ်းအား၊ ဉာဏစွမ်းအားနှင့် အခြား အရည်အချင်းများတွင် အဆင့်အတန်းအသီးသီး ခွဲခြားကာ ချီးမြှင့်ထားသည်။ ၎င်းနောက် ယင်းတို့တွင် အနိမ့်၊ အလတ်၊ အမြင့်ဟူ၍ အဆင့်အတန်းများ ခွဲခြားသတ်မှတ်ထားသည်ကို အသိဉာဏ်ရှိသူ မည်သူ တစ်ဦးတစ်ယောက်မျှ ငြင်းဆန်၍ မရပေ။ ထိုနည်းတူစွာ ဥစ္စာဓန ကြွယ်ဝမှုတွင်လည်း အဆင့်အတန်းများ ခွဲခြားသတ်မှတ်ကာ ချီးမြှင့်ရမည်ညမှာ မလွဲဧကန် လုပ်ရမည့်အချက် ဖြစ်သည်။ လူတိုင်းကို မိမိတို့၏ အရည်အချင်းနှင့်အညီ အကျိုးရရှိစေရမည်။ အကယ်၍ အရည်အချင်းရှိသူကို အရည်အချင်းမရှိသူနှင့် တန်းတူ အကျိုး ရရှိစေပါက အရည်အချင်းရှိသူ၏ တက်ကြွမှုကို ဖျက်ဆီးပစ်ရာ ရောက်ပေလိမ့်မည်။ အရည်အချင်း ရှိသူများသည် ဘဝရှင်သန်မှုတွင် အရည်အချင်းမရှိသူများနှင့် တန်းတူနေရမည်ဆိုလျှင် ၎င်း၏ ကြိုးစား အားထုတ်မှုနှင့် တွေးခေါ်ကြံဆမှုများ၊ တက်ကြွမှုများကို အဘယ်မှာ တည်မြဲစေနိုင်တော့မည်နည်း။ ယင်းသို့ ပြုခြင်းသည် စွမ်းဆောင်မှု အရည်အချင်းများကို ဖျက်ဆီးပစ်ရာ ရောက်သည်မှာ မလွဲဧကန် ဖြစ်လေသည်။

ဥစ္စာဓနကို တစ်နေရာတည်းတွင် စုစည်းထိန်းချုပ်ခြင်းကို ဆန့်ကျင်သော ကုရ်အာန်၏ ပညတ်ချက်များ

မုချဧကန် စကြဝဠာကြီးကို ဖန်ဆင်းထားတော်မူသော အသျှင်မြတ်သည် အချို့ကို အချို့ထက် သာပို၍ ကာစွမ်းအား၊ ဉာဏစွမ်းအားများ ချီးမြှင့်ထားသကဲ့သို့ ရိဇ်ရိက္ခာနှင့် ဥစ္စာဓန ချီးမြှင့်ရာတွင်လည်း အဆင့်အတန်းများ ခွဲခားထားလေသည်။ ထို့နောက် ဤလောကတွင် တရားမျှတသော အသက်မွေးဝမ်း ကျောင်းသည့် နည်းလမ်းများကိုလည်း စီမံသတ်မှတ်ထားတော်မူသည်မှာ ဥစ္စာဓန ပေါကြွယ်ဝသည့် ဘဏ္ဍာ

တိုက်များနှင့် အသက်မွေးဝမ်းကျောင်းမှုပြုရာ နေရာဌာနများတွင် လူအချို့ သို့မဟုတ် အုပ်စုအချို့က ချုပ်ကိုင်ထားခြင်း မရှိရလေအောင် စီမံထားတော်မူသည်။ သို့မှသာ အခြားအရည်အချင်းရှိသူများ နေရာမရဖြစ်ခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်သည်။ သို့မှသာ ထိုအရည်အချင်းရှိသူများသည် မိမိတို့၏ ကာယစွမ်းအား၊ ဉာဏစွမ်းအားဖြင့် ကြိုးစားအားထုတ်ကာ အသက်မွေးဝမ်းကျောင်းရာတွင် တိုးတက်မှုကို ရှာဖွေနိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ စူရာဟ်ဟရှ်ရ်တွင် မိန့်တော်မူထားသည်မှာ-

كَيْلَا يَكُوْنَ دُوْلَةً بَيْنَ الْاَ غْنِيَاءِ مِنْكُمْ

အလိုသဘောမှာ ငါအသျှင်မြတ်သည် ဥစ္စာခနေကို ခွဲဝေသောနည်းလမ်း သတ်မှတ်ထားရသည့်အကြောင်းမှာ ထိုဥစ္စာခနေသည် သူဌေးသူကြွယ်များ၏ လက်ဝယ်တွင်သာ ထိန်းချုပ်မခံရရန် ဖြစ်သည်။ မျက်မှောက်ခေတ်၏ အသက်မွေးဝမ်းကျောင်း စီမံကိန်းများတွင် ပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့်အကြောင်းရင်းမှာ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမြော်အမြင်တော်နှင့် သတ်မှတ်ထားသောနည်းလမ်းများကို စွန့်ပယ်ထားသည့် ရလဒ်ပင်ဖြစ်သည်။ တစ်ဖက်တွင် ခနရှင်များသည် စီမံခန့်ခွဲမှုများကိုချုပ်ကိုင်ထားသည်။ ထိုစီမံကိန်းများတွင် ဥစ္စာဓနရှာဖွေရာ ဌာနများ၌ အတိုးအညွှန့် အလောင်းအစားများဖြင့် လူအချို့၊ သို့မဟုတ် အုပ်စုအချို့သည် ထိန်းချုပ်ကိုင်တွယ်ကာ ကျန်ရှိအဖန်ဆင်းခံများကို မိမိတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျေးကျွန်များအဖြစ် သတ်မှတ်ကာ ခြယ်လှယ်နေကြသည်။ ထိုခြယ်လှယ်ခံရသူများသည် မိမိတို့၏ လိုအပ်ချက်များကို ရှာဖွေရယူရာတွင် ကျွန်ခံခြင်း၊ အလုပ်အကျွေးပြုခြင်းမှအပ အခြားနည်းလမ်းများ မရရှိနိုင်ကြချေ။ ၎င်းတို့သည် မိမိတို့၏ ပြည့်ဝသော အရည်အချင်းများ လက်ဝယ်ရှိနေပါလျက် ရောင်းဝယ်ဖောက်ကားရန်နှင့် တီထွင်ကြံဆရန် အခွင့်အရေး မရရှိကြပေ။

ထိုအရင်းရှင်များ၏ ညှဉ်းပန်းနှိပ်စက်မှုများကို တော်လှန်ဆန့်ကျင်ရန် ပြည်ထောင်စုအင်အားဖြင့်တည်ထောင်သော စီမံကိန်းကြီးတစ်ရပ်သည် ကွန်မြူနစ်၊ သို့မဟုတ် ဆိုရှယ်လစ်နာမည်ဖြင့် ပေါ်ထွန်းလာခဲ့သည်။ ထိုစီမံကိန်းကြီး၏ ကြွေးကြော်သံသည် ဆင်းရဲချမ်းသာ ကွာဟမှုကို အဆုံးသတ်ရန်နှင့် အားလုံးတန်းတူရည်တူ မျှဝေခံစားရန်ဟူ၍ ဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်သော အရင်းရှင်၊ ခနရှင်တို့၏ ညှဉ်းပန်းမှုများကို မခံစားနိုင်တော့၍ လူတို့သည် ထိုကြွေးကြော်သံ၏နောက်ကို တကောက်ကောက် လိုက်ကြလေသည်။ သို့သော် ရက်အနည်းငယ်အကြာတွင် လူတို့သည် တွေ့မြင်သိရှိရသည်မှာ ထိုကြွေးကြော်သံသည် လှည့်စားဖြားယောင်းမှုသက်သက်သာ ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းမှုတွင် တူညီမျှတသော အခွင့်အရေးဆိုသည့် အိပ်မက်မှာ မည်သည့်အခါမျှ အဖြေမထွက်နိုင်သော ရူးကြောင်ယောင်ယမ်းသည့် အိပ်မက်တစ်ခုသာ ဖြစ်သည်။ ၎င်းနောက် ဆင်းရဲသောသူတစ်ဦးသည် မိမိ၏ ဆင်းရဲမွဲတေမှုကို ခံစားနေရသော်လည်း မြင့်မြတ်သော လူသားတစ်ဦးဖြစ်သည်ဟူသည့် ဂုဏ်ပုဒ်ကို ပိုင်ဆိုင်ကာ မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ကိုလည်း ပိုင်ဆိုင်သူတစ်ဦးဖြစ်သည်။ ထိုကြွေးကြော်သံများကြောင့် လူသားသည် မိမိ၏ ဂုဏ်ဒြပ်ကိုလည်း လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုအင်အားဖြင့် တည်ထောင်သော ထိုစီမံကိန်းတွင် လူတစ်ဦး၏ တန်ဖိုးသည်

စက်ယန္တရားတစ်ခု၏ အစိတ်အပိုင်းထက် ပို၍ တန်ဖိုးမရှိခဲ့ပေ။ ဥစ္စာဓနများကို ပိုင်ဆိုင်ခြင်းမှာမူ စဉ်းစား၍ပင်မရသော အချက်ဖြစ်ခဲ့သည်။ ထိုလမ်းစဉ်တွင် အလုပ်သမားတစ်ဦးကို ဆက်ဆံသည့် ပုံသဏ္ဌာန်ကို ကြည့်ခြင်းဖြင့် သိရှိနိုင်သည်မှာ ထိုလုပ်သားသည် မည်သည့်အရာကိုမျှ မပိုင်ဆိုင်ပေ။ မိမိ၏ သားမယားကိုပင် မပိုင်ဆိုင်ပေ။ သို့သာမက အရာခပ်သိမ်းသည် အာဏာရအစိုးရ၏ စက်ယန္တရား အစိတ်အပိုင်းများ သဖွယ်သာ ဖြစ်သည်။ ယင်းတို့သည် စက်ယန္တရား စတင်လှည့်ပတ်သည်နှင့် တစ်ပြိုင်နက် မိမိတို့၏ လုပ်ငန်းဆောင်တာများသို့ သွားရန် လမ်းမှအပ အခြားရွေးချယ်ခွင့် မရှိခဲ့ပေ။ အစိုးရ၏ သတ်မှတ်ထားသော ရည်ရွယ်ချက်များမှအပ မည်သည့်ဆန္ဒ၊ မည်သည့်ကြွေးကြော်မှုကိုမျှ ပြု၍မရ။ အစိုးရ၏ အဓမ္မပြုမှု ရက်စက်ကြမ်းတမ်းမှုတို့ကြောင့်၊ ၎င်းနောက် မခံမရပ်နိုင်အောင် ကြိုးပမ်းအားထုတ်ရမှုကြောင့် ညည်းညူခဲ့ပါလျှင် ယင်းကို ပုန်ကန်မှုဟု သတ်မှတ်ခဲ့ကြသည်။ ပုန်ကန်မှုပြစ်ဒဏ်သည် သေမိန့်ဖြစ်သည်။ ယင်းတို့သည် အလ္လာဟ်အသျှင်မြတ်ကို ဆန့်ကျင်ခြင်း၊ သာသနာကို ဆန့်ကျင်ခြင်း၊ ၎င်းနောက် အကြောင်းခံများကို အားထားကိုးကွယ်ခြင်း စသည့် စုပေါင်းအင်အားနှင့် တည်ထောင်သော မူဝါဒ၏ အခြေအမြစ်တရားများ ဖြစ်သည်။

ဤသည်တို့သည် ယင်းမူဝါဒကို လက်ကိုင်ထားသူများ၊ မငြင်းဆန်နိုင်သော အမှန်တရား ဖြစ်လေသည်။ ၎င်းတို့၏ ခေါင်းဆောင်များ ရေးသားပြုစုထားသော ကျမ်းများနှင့် လုပ်ဆောင်ချက် မှတ်တမ်းများသည် အထောက်အထားအဖြစ်နှင့် ကျန်ရှိနေပေသည်။ ၎င်းတို့၏ ကိုးကားမှုများကို စုဆောင်းတင်ပြရမည်ဆိုလျှင် သီးခြားကျမ်းတစ်စောင် ရေးသားပြုစုသကဲ့သို့ ဖြစ်ရှိသွားပေလိမ့်မည်။

ကျမ်းတော်မြတ်ကုရ်အာန်သည် ထိုရက်စက်ကြမ်းကြုတ်သော အရင်းရှင်စနစ်နှင့် အသိဉာဏ်ကင်းမဲ့သော ပြည်ထောင်စုအင်အားနှင့် တည်ထောင်သော မူဝါဒအကြား အစွန်းရောက် ခက်ထန်ခြင်းနှင့် အစွန်းရောက် ပေါ့လျော့ခြင်းတို့မှ ကင်းစင်သော လမ်းစဉ်တစ်ခုကို ချမှတ်ပေးခဲ့သည်။ ထိုလမ်းစဉ်တွင် ရိုဇီရိက္ခာနှင့် ဥစ္စာဓနတို့ ပိုင်ဆိုင်ရရှိခြင်း၊ မညီမျှသော်လည်း တစ်ဦးတစ်ယောက် သို့မဟုတ် အုပ်စုတစ်စုက အဖန်ဆင်းခံအများအပြားကို ကျွန်သားပေါက်ဘဝရောက်အောင် ထိန်းချုပ်နိုင်ခွင့် မရှိပေ။ ၎င်းနောက် မိမိတို့ ဖန်တီးထားသော တာဝန်များနှင့် ကျပ်တည်းမှုများတွင် နစ်မွန်းနေအောင် ပြုခွင့်မရှိပေ။ အတိုးနှင့် လောင်းကစားခြင်းတို့ကို 'ဟရာမ်'သတ်မှတ်၍ မပြုပိုင်သော အရင်းရှင်စနစ်ကို အမြစ်မှ တွန်းလှန်ခဲ့လေသည်။ တစ်ဖန် မွတ်စ္စလင်မ်တိုင်း၏ ဥစ္စာဓနတွင် သူဆင်းရဲများ၏ ရပိုင်ခွင့်တစ်ခုကို သတ်မှတ်ကာ မျှဝေခံစားခွင့် ပေးထားသည်။ ထိုရပိုင်ခွင့်သည် သူဆင်းရဲများအပေါ် ကျေးဇူးပြုခြင်းမျိုး မဟုတ်ဘဲ 'ဖွရ်ဇ်'တာဝန်တစ်ရပ် အနေနှင့် သတ်မှတ်ပေးဆောင်ရသည်။

فِى اَمْوَا لِهِمْ حَقٌّ مَّعْلُوْمٌ لِّلسَّا ئِلِ وَالْمَحْرُوْمِ

ဟူသော အာယသ်တော်သည် ယင်းအချက်ကို အခိုင်အမာ သက်သေပြလျက်ရှိသည်။ တစ်ဖန် သေဆုံးကွယ်လွန်ပြီးနောက် ကွယ်လွန်သူ၏ ပိုင်ဆိုင်မှုများအားလုံးကို ဆွေမျိုးညာတိကာများထဲမှ ရထိုက်သူ

များအား ခွဲဝေစေကာ ဥစ္စာနေကို တစ်ဦးတစ်ယောက် တစ်နေရာတွင် မောင်ပိုင်စီးသည့်စနစ်ကို အဆုံးသတ်စေခဲ့သည်။ သဘာဝချောင်းမြောင်းများ၊ ပင်လယ်သမုဒ္ဒရာနှင့် တောတောင်များတွင် အလေ့ကျ ပေါက်ရောက်သော အရာများကို အသျှင်မြတ်၏ ဖန်ဆင်းခံအားလုံးအတွက် စုပေါင်းမျှဝေ ခံစားနိုင်သော အရင်းအနှီးတစ်ခုအဖြစ် သတ်မှတ်ပေးခဲ့သည်။ ထိုသဘာဝအရင်းအနှီးများနှင့် ပတ်သက်ပြီး တစ်ဦးတစ်ယောက်သို့မဟုတ် အုပ်စုတစ်စုတို့က ပိုင်ရှင်အဖြစ် သိမ်းပိုက်ခြင်းကို ခွင့်ပြုမထားပေ။ အရင်းရှင်စနစ်တွင် ယင်းသဘာဝအရင်းအမြစ်များကို အရင်းရှင်တို့၏ ပိုင်ဆိုင်မှုဟူ၍ သတ်မှတ်ထားကြသည်။

တစ်ဦးနှင့်တစ်ဦး အသိဉာဏ်ကြွယ်ဝမှုနှင့် စွမ်းဆောင်နိုင်မှုများ မတူညီကြခြင်းမှာ သဘာဝတရားဖြစ်သည်။ ၄င်းနောက် အသက်မွေးဝမ်းကျောင်းမှုသည်လည်း ထိုအရည်အချင်းများနှင့် ကိုက်ညီသော အကျိုးရလဒ်ကို ခံစားကြရခြင်းဖြစ်သည်။ ထို့ကြောင့် ဥစ္စာနေ ပိုင်ဆိုင်မှု ခြားနားနေခြင်းသည်လည်း ဉာဏ်အမြော်အမြင်နှင့် ကိုက်ညီသော အချက်တစ်ချက်ပင် ဖြစ်သည်။ ယင်းကို အသိဉာဏ်ရှိသူတိုင်း ငြင်းဆန်၍ မရနိုင်။ ၄င်းနောက် တန်းတူညီတူ ခံစားခွင့်ကို ကြွေးကြော်နေကြသူများလည်း မိမိတို့လမ်းစဉ်အပေါ် အနည်းငယ်လျှောက်လှမ်းပြီးနောက် ထိုကြွေးကြော်သံကို စွန့်လွှတ်ကာ မိမိတို့၏ အရည်အချင်းများနှင့်အညီ ထိုက်တန်သော ခံစားခွင့်များကိုသာ ရရှိခံစားရန် ဆုံးဖြတ်ကာ လက်လျှော့ကြရလေသည်။

ခရိုရှေဖ်သည် ၁၉၆၀ ခုနှစ် မေလ (၅) ရက်နေ့တွင် ဗဟိုတရားရုံးရှေ့၌ မိန့်ခွန်းပြောခဲ့သည်မှာ ကျွန်ုပ်တို့သည် လုပ်အားခများကို ခွဲခြားသတ်မှတ်မှု ဖျက်သိမ်းသည့်လမ်းစဉ်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်သည်။ ကျွန်ုပ်တို့သည် လုပ်အားခများကို တန်းတူသတ်မှတ်ရန်နှင့် ယင်းကို တစ်တန်းတစ်စားတည်း ပြုလုပ်ရန် အများရှေ့မှောက်တွင် ကန့်ကွက်သည်။ ဤသည် လီနင်၏ သင်ကြားပြသမှုဖြစ်သည်။ ယင်း၏ သင်ကြားမှုသည် ဆိုရှယ်လစ်လူ့ဘောင်တွင် လူတန်းစား တစ်တန်းစားတည်းဖြစ်ခြင်းကို အပြည့်အဝ ထောက်ထားရမည်ဟု ဆိုသည်။ *[ဆိုဗီယက်ကမ္ဘာ၊ စာ-၁၄၆။]*

အသက်မွေးဝမ်းကျောင်းပြုရာတွင် တန်းတူညီတူ ခံစားခွင့်ရရှိရေးဟူသော အိပ်မက်၏ အဖြေသည် တန်းတူညီတူ မရှိခြင်းနှင့်ပင် အစပြု၍ ပေါ်ထွန်းလာခဲ့လေသည်။ ကြည့်လျက်နှင့်ပင် ထိုမညီမျှသော အကျိုးခံစားမှုသည် သူဌေးများနှင့် ဆင်းရဲသားများအကြား ကွာဟမှုကြီးတစ်ရပ်သည် ဆိုဗီယက်ပြည့်ထောင်စုတွင် အခြားသော အရင်းရှင်နိုင်ငံများထက် ပို၍ပင် ကြီးထွားလာပေသည်။

လီယွန်ရှေဒူးက ရေးသားခဲ့သည်မှာ အလုပ်သမားများ၏ လုပ်အားခကွာဟမှုသည် ရုရှားနိုင်ငံတွင် ကြီးမားသကဲ့သို့ အခြားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများနှင့် အရင်းရှင်နိုင်ငံများတွင် ရှိလိမ့်မည်မဟုတ်ပေ။

တင်ပြပါအကြောင်းအရာများရှိ ဥပမာအချို့သည် အောက်ပါအာယသ်တော်

وَاللّٰهُ فَضَّلَ بَعۡضَكُمۡ عَلٰى بَعۡضٍ فِى الرِّزۡقِ

ကို ငြင်းဆန်သူများ၏ နှုတ်နှင့်ပင် အခမ့ထောက်ခံစေသကဲ့သို့ ဖြစ်သွားလေသည်။ ဤနေရာတွင် အာယသ်တော်၏ ဖွင့်ဆိုချက်၌ ဤမျှခန့်သာ တင်ပြလိုသည်မှာ ရိဇိရိက္ခာနှင့် ဥစ္စာနေတို့၏ ပိုင်ဆိုင်မှု

မတူညီခြင်းသည် သဘာဝနှင့် ကိုက်ညီပြီး လူသားတို့အတွက် အမှန်ပင် အကျိုးရှိသော အချက်တစ်ချက်ဖြစ်သည်။ အစ္စလာမ်ဥပဒေအရ ဥစ္စာဓနခွဲဝေမှုသည် အရင်းရှင်စနစ်နှင့် ပြည်ထောင်စုစွမ်းအား စနစ်နှစ်မျိုးစလုံးနှင့် ကွာခြားမှုသာ ရှိလေသည်။ 'အင်န်ရှာအလ္လာဟ်' စူရာဟ်ဇုခ်ရုဖ်၏ အာယသ်တော်၏

نَحْنُ قَسَمْنَا بَيْنَهُمْ مَعِيشَتَهُمْ

ကဏ္ဍတွင် တင်ပြထားပေလိမ့်မည်။ ၎င်းနောက် ထိုခေါင်းစဉ်နှင့် ရေးသားထားသော ကျွန်ုပ်ကျမ်းပြုသူ၏ 'အစ္စလာမ့်ငွေကြေး ခွဲဝေမှုစနစ်' စသော ကျမ်းငယ်တစ်အုပ် ရေးသားဖြန့်ချိခဲ့ပြီးဖြစ်သည်။ ယင်းကျမ်းငယ်ကို လေ့လာဖတ်ရှုလျှင်လည်း လုံလောက်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاللّٰهُ جَعَلَ لَكُمْ مِّنْ اَنْفُسِكُمْ اَزْوَاجًا وَّ
جَعَلَ لَكُمْ مِّنْ اَزْوَاجِكُمْ بَنِيْنَ وَحَفَدَةً وَّرَزَقَكُمْ مِّنَ
الطَّيِّبٰتِ ۭ اَفَبِالْبَاطِلِ يُؤْمِنُوْنَ وَبِنِعْمَتِ اللّٰهِ هُمْ يَكْفُرُوْنَ ﴿٧٢﴾

၁၆ : ၇၂ ။ ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အဖို့ အသင်တို့ (အမျိုးအစားထဲ) မှပင် ဇနီးကြင်ရာများကို ပြုလုပ်တော်မူခဲ့လေသည်။ ထို့နည်းတူစွာ ထိုအသျှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ ဇနီးကြင်ရာများမှ သား၊ မြေးတို့ကို ပြုလုပ် (ထွန်းကား) စေတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့ စားသုံးကြရန် ကောင်းမွန်သော အရာများကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ သို့ပါလျက် ၎င်းတို့သည် အချည်းနှီးသော အရာကို သက်ဝင်ယုံကြည်၍ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို ငြင်းပယ်လျက်ပင် ရှိနေကြမည်လော။

وَيَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ مَا لَا يَمْلِكُ لَهُمْ رِزْقًا مِّنَ
السَّمٰوٰتِ وَالْاَرْضِ شَيْـًٔا وَّلَا يَسْتَطِيْعُوْنَ ﴿٧٣﴾

၁၆ : ၇၃ ။ ။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ အကြင်ကဲ့သို့သော အရာများကို ဆည်းကပ်ကိုးကွယ်လျက် ရှိကြ၏။ ထိုအရာများသည် ၎င်းတို့အား မိုးကောင်းကင်များမှလည်းကောင်း၊ ပထဝီမြေမှလည်းကောင်း ရိဇ္ဇာပို့ဆောင်ခြင်း တစ်စုံတစ်ရာကိုမျှ ပြုနိုင်ခွင့်လည်း မရှိကြချေ။ ပြုနိုင်စွမ်းလည်း မရှိကြချေ။

فَلَا تَضْرِبُوا لِلّٰهِ الْاَمْثَالَ ۭ اِنَّ اللّٰهَ يَعْلَمُ وَاَنْتُمْ لَا تَعْلَمُوْنَ ۝

၁၆ : ၇၄ ။ ။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ ဥပမာပုံဆောင်ချက်များကို မခိုင်းနှိုင်းကြကုန်လင့်။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် သိတော်မူ၏။ သို့ရာတွင် အသင်တို့မှာမူ မသိကြချေ။

ضَرَبَ اللّٰهُ مَثَلًا عَبْدًا مَّمْلُوْكًا لَّا يَقْدِرُ عَلٰى شَيْءٍ وَّمَنْ رَّزَقْنٰهُ مِنَّا رِزْقًا حَسَنًا فَهُوَ يُنْفِقُ مِنْهُ سِرًّا وَّجَهْرًا ۭ هَلْ يَسْتَوٗنَ ۭ اَلْحَمْدُ لِلّٰهِ ۭ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ۝

၁၆ : ၇၅ ။ ။ အလ္လာဟ်အသျှင်မြတ်သည် ဥပမာတစ်ရပ် ခိုင်းနှိုင်းတော်မူခဲ့၏။ (ယင်းဥပမာသည်) သူတစ်ပါးပိုင်သော ကျွန်တစ်ယောက်ရှိ၏။ ထိုကျွန်သည် မည်သည့်အရာကိုမျှ စွမ်းဆောင်နိုင်ခွင့် မရှိချေ။ ထို့ပြင် ငါအသျှင်မြတ်က မိမိ၏ ထံတော်မှ ရိဇ္ဇာပေါ်များစွာ ချီးမြှင့်ထားတော်မူသော သူတစ်ယောက် ရှိ၏။ ထိုသူသည် ယင်းရိဇ္ဇာများမှ လျှို့ဝှက်စွာလည်းကောင်း၊ ထင်ရှားစွာလည်းကောင်း လှူဒါန်းသုံးစွဲ၏။ ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး တူညီနိုင်ကြပါမည်လော။ ချီးမွမ်းထောပနာအပေါင်းတို့သည် အလ္လာဟ်အသျှင်မြတ်သာလျှင် ခံယူထိုက်တော်မူ၏။ သို့ရာတွင် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့မှာမူ မသိနားမလည်ကြချေ။

وَضَرَبَ اللّٰهُ مَثَلًا رَّجُلَيْنِ اَحَدُهُمَآ اَبْكَمُ لَا يَقْدِرُ عَلٰى شَيْءٍ وَّهُوَ كَلٌّ عَلٰى مَوْلٰىهُ ۙ اَيْنَمَا يُوَجِّهْهُّ لَا يَاْتِ بِخَيْرٍ ۭ هَلْ يَسْتَوِيْ هُوَ ۙ وَمَنْ يَّاْمُرُ بِالْعَدْلِ ۙ وَهُوَ عَلٰى صِرَاطٍ مُّسْتَقِيْمٍ ۝

၁၆ : ၇၆ ။ ။ ထိုနည်းတူစွာ အလ္လာဟ်အသျှင်မြတ်သည် (အခြား) ဥပမာတစ်ရပ်ကို (လည်း) ခိုင်းနှိုင်းတော်မူခဲ့လေသည်။ (ယင်းဥပမာသည်) လူနှစ်ယောက် ရှိကြ၏။ ထိုနှစ်ယောက်အနက်တစ်ယောက်မှာ ဆွံ့အသူဖြစ်ပေရာ မည်သည့်တစ်စုံတစ်ရာကိုမျှ စွမ်းဆောင်နိုင်ခြင်း မရှိချေ။ ထို့ပြင် ၎င်းသည် မိမိ၏ သခင်အပေါ်၌ ဝန်ထုပ်တစ်ခုလည်း ဖြစ်လျက်ရှိပေသည်။ ထိုသခင်သည် ၎င်းအား မည်သည့်နေရာသို့မဆို စေလွှတ်ခဲ့ပါလျှင် ထိုသူသည် တစ်စုံတစ်ရာ ကောင်းကျိုးကို ဆောင်ကြဉ်းလာသည် မရှိချေ။ ထိုသို့သောသူသည် (သူတစ်ပါးတို့အား) တရားမျှတမှုကို ညွှန်ကြားသည့်အပြင် မိမိကိုယ်တိုင်လည်း ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်၌ တည်ရှိနေသောသူနှင့် တူညီနိုင်ပါမည်လော။ (အလျှင်း မတူညီနိုင်ပေ။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် (အသျှင်မြတ်၏ 'ကွဒ်ရသ်' တန်ခိုးတော်နှင့် ပတ်သက်သော အထောက်အထားများနှင့် 'နေအ်မသ်' တော်များ ချီးမြှင့်ခြင်း၏ အကြောင်းခံများအနက်မှ ကြီးမားသော 'နေအ်မသ်' တစ်ခုနှင့်

ကြီးမားသော 'ကွဒ်ရသ်'အထောက်အထားတစ်ခုမှာ အသင်တို့၏ တည်ရှိနေခြင်းနှင့် လူ့မျိုးဆက် ကျန်ရှိနေခြင်းပင်ဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အနက်မှပင် (ဆိုလိုသည်မှာ အသင်တို့၏ လူမျိုးဆက်မှပင်) အသင်တို့၏ ဇနီးမယားများကို ဖန်ဆင်းထားတော်မူသည်။ ၎င်းနောက် (တစ်ဖန်) ထိုဇနီးမယားများမှ အသင်တို့၏ သားမြေးများကို မွေးမြူဖန်ဆင်းတော်မူသည်။ (ဤသည် လူ့မျိုးဆက် ကျန်ရှိစေခြင်းဖြစ်သည်။) ၎င်းနောက် အသင်တို့ကို ကောင်းမွန်သော အရာများ စား (သောက်ရန်) ချီးမြှင့်ထားသည်။ (ဤသည် လူတစ်ဦးချင်းကို ရှင်သန်တည်မြဲစေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှင်သန်တည်မြဲခြင်းသည် တည်ရှိခြင်းအပေါ် မူတည်သည်။ ဤအာယသ်တော်တွင် ထိုအချက်ကိုပင် ရည်ညွှန်းထားသည်။ ဤအထောက်အထားများနှင့် 'နေ့အ်မသ်'တော်များကို ကြားနာပြီးလည်း) တစ်ဖန်ပြန်၍ အခြေအမြစ်မရှိသောအရာများကို (ဆိုလိုသည်မှာ ရုပ်တုများကို ယင်းရုပ်တုများသည် ကိုးကွယ်ရာအသျှင် ဖြစ်ကြောင်း၊ မည်သည့်အထောက်အထားမျှ မရှိ။ သို့သာမက အထောက်အထားနှင့် ဆန့်ကျင်နေသောအရာဖြစ်သည်။ ယင်းတို့ကို) အီမာန်သက်ဝင် ယုံကြည်နေဦးမည်လော။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို ကျေးဇူးကန်းလျက် (တန်ဖိုးမထားဘဲ) နေကြဦးမည်လော။ ၎င်းနောက် (ဤကျေးဇူးကန်းသည်ဆိုသည့်အလိုသဘောမှာ) အလ္လာဟ်အသျှင်မြတ်ကို ကျောခိုင်းကာ ဤသို့သော အရာများ၏ ခဝပ်ကိုးကွယ်မှုကိုပြုနေကြဦးမည်လော။ အကြင်အရာများသည် ၎င်းတို့ကို မိုးကောင်းကင်မှ ရိဇ်ကိရ္ကာများ ပို့ဆောင်ပေးနိုင်သည့် အခွင့်အရေးလည်း မရှိသကဲ့သို့ မြေပထဝီမှ ပို့ဆောင်ရန်လည်း မရှိ။ (ဆိုလိုသည်မှာ မိုးရွာသွန်းစေနိုင်သည့် အခွင့်အာဏာမရှိသကဲ့သို့ မြေပထဝီမှလည်း မည်သည့်အရာကိုမျှ ပေါက် ရောက်စေနိုင်စွမ်း မရှိပေ။ ၎င်းနောက် (အခွင့်အာဏာကို ရယူနိုင်ရန်လည်း) မတတ်စွမ်းနိုင်ပေ။ (ဤဝါကျကြောင့် ငြင်းဆန်မှုတွင် ပို၍ လေးနက်မှုရှိသွားလေသည်။ အဘယ်ကြောင့်ဆိုသော် တစ်ခါတစ်ရံ တွေ့ရှိရသည်မှာ လူတစ်ဦးသည် လက်တွေ့တွင် အခွင့်အာဏာမရှိသော်ငြားလည်း အလွန်အမင်း ကြိုးစားအားထုတ်လျှင် အခွင့်အာဏာကို ရရှိနိုင်သည်။ ထို့ကြောင့် ကြိုးစားအားထုတ်၍လည်း အာဏာမရနိုင်ကြောင်းကို ငြင်းဆိုခြင်းဖြစ်သည်။)

သို့ပါ၍ (ရှရစ်ကိတုဖက်နှင်းယှဉ်ခြင်းသည် မှားယွင်းကြောင်း အတည်ဖြင့် သိရှိပြီးနောက်) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အတွက် ပမာများကို မတင်ပြကြနှင့်။ (အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ဒွန္နယာလောက၏ ဘုရင်များသဖွယ် ဖြစ်သည်။ ဘုရင်များထံသို့ မိမိတို့လိုအပ်ချက် လျှောက်ထားမှုများကို ကိုယ်တိုင်ပြုလုပ်ခွင့်မရှိ။ ထို့ကြောင့် ယင်းအတွက် ကိုယ်စားလှယ် ခန့်ရလေသည်။ ပြည်သူလူထုသည် ထိုကိုယ်စားလှယ်ထံပါး လျှောက်ထားကြရသည်။ တစ်ဖန် ၎င်းတို့သည် ဘုရင်များထံ ခစားကြသည်။ ကစီးရ်ကျမ်းတွင် ရေးသားထားသည်မှာ-

ويؤخذ من قو له مانعبدهم الا ليقربونا وهؤلاء شفعاءنا عند الله

အလ္လာဟ်အသျှင်မြတ်သည် (ကောင်းစွာ) သိရှိတော်မူသည်။ (အကြောင်းမှာ ဤသို့ ပမာပေးခြင်းသည် အဓိပ္ပာယ်မရှိသော လုပ်ရပ်သာလျှင် ဖြစ်သည်။) ၎င်းနောက် အသင်တို့သည် (မစဉ်းစားမတွေးခေါ်သောကြောင့်) မသိရှိကြပေ။ (ထို့ကြောင့် ထင်ရာစိုင်း၍ ပြောဆိုနေကြခြင်းဖြစ်သည်။ ၎င်းနောက်)

အလ္လာဟ်အသျှင်မြတ်သည် (တဖက်နိုင်းယှဉ်ခြင်းကို မှားယွင်းကြောင်း ထင်ရှားစွာ ပြသရန်) ပမာတစ်ခု ပေး၍ မိန့်တော်မူသည်မှာ (ဥပမာ) ကျွန်တစ်ယောက်ရှိသည်။ (တစ်ဦးတစ်ယောက်၏) ပိုင်ဆိုင်ခြင်းခံရသည်။ (ဥစ္စာပစ္စည်းများနှင့် သုံးစွဲမှုများတွင်) မည်သည့်အရာကိုမျှ (သခင်၏ ခွင့်ပြုချက်မပါဘဲ သုံးစွဲ) ပိုင်ခွင့် မရှိ။ ၎င်းနောက် (အခြားသော) သူတစ်ဦး ရှိသည်။ ငါအသျှင်မြတ်သည် ၎င်းကို မိမိထံတော်ပါးမှ ရိဇိရိက္ခာ အမြောက်အမြား ချီးမြှင့်တော်မူထားလေသည်။ ၎င်းသည် ထိုထဲမှ ကွယ်ဝှက်၍သော်လည်း ကောင်း၊ ပြောင်ပြောင်တင်းတင်းသော်လည်းကောင်း (မိမိလိုအပ်သည့် ပုံသဏ္ဍာန်အတိုင်း မိမိလိုအပ်သော နေရာတွင်) သုံးစွဲသည်။ (၎င်းကို တားမြစ်မည့်သူ မည်သူမျှမရှိ။) ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး တူညီနိုင်ပါမည်လော။ (သို့ပါ၍ ယာယီပိုင်ဆိုင်သူနှင့် ယာယီပိုင်ဆိုင်ခြင်း ခံရသူတို့သည် အဘယ်မှာ တူညီမှု ရှိနိုင်မည်နည်း။ ၎င်းနောက် ကိုးကွယ်ခံထိုက်မှုသည် တူညီသော အရည်အချင်းရှိမှုအပေါ် မူတည်သည်။ ထိုတူညီမှုသည် အလ္လာဟ်အသျှင်မြတ်နှင့် အဖန်ဆင်းခံကြား မရှိပေ။) ချီးမွမ်းထောပနာပြုခြင်း အပေါင်း သည် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ခံယူထိုက်တော်မူသည်။ (အဘယ်ကြောင့်ဆိုသော် ကတိတော်နှင့် ဂုဏ်တော်များဖြင့် ပြီးပြည့်စုံသော အသျှင်မြတ်သည် ထိုအသျှင်မြတ်သာလျှင်ဖြစ်သည်။ ထို့ကြောင့် ကိုးကွယ် ခံထိုက်တော်မူသော အသျှင်မြတ်သည်လည်း ထိုအသျှင်မြတ်သာလျှင် ဖြစ်တော်မူ၏။ သို့သော် မုရှ်ရိစ်ကဲ များသည် တစ်ဖန် အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ခဝပ်ကိုးကွယ်မှု မစွန့်လွှတ်ကြပေ။)

သို့သာမက ၎င်းတို့အနက်မှ အများစုသည် (တွေးခေါ်မှုမရှိခြင်းကြောင့်) သိပင် မသိရှိကြပေ။ (ထို့နောက် မသိခြင်း၏ အကြောင်းခံမှာ ၎င်းတို့ကိုယ်တိုင် မစဉ်းစားမတွေးခေါ်ခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ခွင့်လွှတ်ခြင်း ခံရသူလည်း မဖြစ်နိုင်။) ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် (ထိုအချက်ကိုပင် ရှင်းလင်းရန်) အခြားပမာတစ်ခုပေး၍ မိန့်တော်မူသည်။ (ဥပမာ) လူနှစ်ဦးရှိသည်။ ၎င်းတို့နှစ်ဦးအနက် တစ်ဦးသည် (ကျေးကျွန်ဖြစ်ရုံမက) ဆွံ့အ (နားမကြားခြင်းလည်း) ဖြစ်နေသည်။ (၎င်းနောက် ဆွံ့အ နားမကြား အသိဉာဏ်မရှိခြင်းကြောင့်) မည်သည့်အလုပ်ကိုမျှ မဆောင်ရွက်နိုင်။ ၎င်းနောက် (ထိုအချက် ကြောင့်) သူသည် မိမိသခင်၏ ဘဝတွင် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်နေသည်။ (သခင်ကိုယ်တိုင် သူ၏ လုပ်ငန်း ဆောင်တာများကို ဆောင်ရွက်ပေးရသည်။ ၎င်းနောက်) ထို (သခင်သည်) သူ့ကို တစ်နေရာသို့ စေလွှတ် လျှင် မည်သည့်အလုပ်ကိုမျှ မှန်မှန်ကန်ကန် ဆောင်ရွက်လာလေ့မရှိ။ (ဆိုလိုသည်မှာ မိမိကိုယ်တိုင် ဆောင် ရွက်ရန် မဆိုထားနှင့်။ အခြားသူများ သင်ကြားပြသပေးလျှင်လည်း အလုပ်ကို မှန်ကန်တိကျစွာ လုပ်ဆောင် နိုင်ခြင်း မရှိပေ။ သို့ပါ၍) ဤကဲ့သို့သော သူသည် ထိုသူနှင့် တူညီနိုင်ပါမည်လော။ အကြင်သူသည် ကောင်းမွန်သော စကားရပ်များကို သင်ကြားပြသလေသည်။ (ယင်းသင်ကြားမှုကြောင့်) သူ၏ စကားပြော နိုင်စွမ်း၊ ဉာဏ်ပညာစွမ်းနှင့် အရည်အချင်းရှိသော ပညာရှင်တစ်ယောက်ဖြစ်ကြောင်း သိရှိနိုင်ပေသည်) ၎င်းနောက် မိမိကိုယ်တိုင်လည်း (ကိစ္စအဝဝတွင်) သမာသမတ်ရှိသော လမ်းစဉ်အပေါ် (လျှောက်လှမ်း လေ့) ရှိသည်။ (ထို့ကြောင့် သူ့တွင် မှန်ကန်တိကျသော စိမ်ကျင့်ကြံမှု အရည်အချင်းလည်း ရှိကြောင်း သိရှိနိုင်သည်။ သို့ပါ၍ အမျိုးတူသော အဖန်ဆင်းခံအချင်းချင်း၌ပင် ဤသို့ အရည်အချင်း ကွာခြားမှုများ

ရှိနေသည်ဆိုပါလျှင် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခံတို့အကြား မည်သို့ တူညီမှု ရှိနိုင်မည်နည်း။ ၄င်းနောက် အာယသ်တော်၏ لَا يُقَدَّرُ ဟူသော စာသား၏ အဓိပ္ပာယ်တွင် 'သခင်၏ ခွင့်ပြုချက်မပါဘဲ' ဟူသည့် စည်းကမ်းချက်ဖြင့် အပေါ်အာယသ်တော်တွင် မိန့်ဆိုထားခြင်းကြောင့် မြောက်မြားစွာသော ဖေကာဟ်ဓမ္မသတ်များအတွက် သံသယကင်းဝေးစေသော အဖြေများ ပါရှိပေသည်။ ၄င်းနောက် အထက်ပါအာယသ်တော်များကို ထောက်ရှုပြီး အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများလည်း ကိုးကွယ်ခံထိုက်သည်ဟု သတ်မှတ်ခွင့်ရှိကောင်း ရှိနိုင်သည်ဟူ၍ ထင်ယောင်ထင်မှားဖြစ်၍ မရပေ။ အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူ့ကိုမျှ မွေးမြူဖန်ဆင်းတော်မူသော အသျှင်ဟု သတ်မှတ်ပိုင်ခွင့် မရှိ။ နောင်တွင်လည်း ရှိလိမ့်မည်မဟုတ်ဟု မှတ်ယူရမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

جَعَلَ لَكُمْ مِنْ اَنْفُسِكُمْ اَزْوَاجًا

ဤအာယသ်တော်တွင် အရေးကြီးသော 'နေ့အ်မသ်'တော်တစ်ရပ်ကို တင်ပြထားပေသည်။ ၄င်းမှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ မျိုးဆက်မှပင်၊ မျိုးနွယ်စုမှပင် အသင်တို့အတွက် ဇနီးမယားများ ဖန်ဆင်းထားတော်မူသည်။ သို့မှသာ အချင်းချင်း ချစ်ခင်မှုကိုလည်း အပြည့်အဝ ရရှိမည်ဖြစ်သည်။ ၄င်းနောက် လူသားမျိုးဆက်တို့၏ ထွတ်မြတ်မှုသည်လည်း တည်မြဲနေမည်ဖြစ်သည်။

အခြားဖြစ်နိုင်သော ရည်ညွှန်းချက်တစ်ခုမှာ အသင်တို့၏ ဇနီးမယားများသည် အသင်တို့၏ မျိုးဆက်များမှပင် ဖြစ်သည်။ ၄င်းတို့၏ လိုအပ်ချက်များနှင့် ခံစားချက်များသည်လည်း အသင်တို့နှင့် တူညီသည်။ ထို့ကြောင့် ၄င်းတို့ကို ငဲ့ညှာရန် အသင်တို့တွင် တာဝန်ရှိသည်။

وَجَعَلَ لَكُمْ مِنْ اَزْوَاجِكُمْ بَنِيْنَ وَحَفَدَةً

ဆိုလိုသည်မှာ အသင်တို့၏ ဇနီးမယားများမှ အသင်တို့၏ သားမြေးများကို ပေါက်ဖွားစေသည်။ ဤနေရာတွင် သတိပြုသင့်သည့် အချက်တစ်ချက်မှာ သားသမီးဟူသည် မိဘနှစ်ဦးစလုံး ပေါင်းစပ်မှသာ မွေးနိုင်သော အရာဖြစ်သည်။ ဤအာယသ်တော်တွင်မူ မိခင်များမှသာ ပေါက်ဖွားစေသည်ဟု တင်ပြထားလေသည်။ ထို့ကြောင့် ရည်ညွှန်းဆိုချက်မှာ သားသမီးမွေးဖွားစေခြင်းနှင့် ဖန်ဆင်းတော်မူခြင်းကိစ္စတွင် မိခင်၏ ပါဝင်ပတ်သက်မှုသည် ဖခင်ထက် သာပိုကြောင်း သိရှိနိုင်ပေသည်။ ဖခင်ထံမှ အသက်ကင်းမဲ့သော အရည်တစ်စက်သာ ထွက်ရှိခဲ့ခြင်းဖြစ်သည်။ ထိုအရည်တစ်စက်မှ ပုံသဏ္ဍာန်အဆင့်ဆင့် ပြောင်းလဲကာ လူ့ခန္ဓာကိုယ်အဖြစ် ပြောင်းလဲသွားခြင်း၊ ၄င်းနောက် ထိုခန္ဓာတွင် ဝိညာဉ်သက်ရောက်ခြင်း စသည့် 'ကွဒ်ရသ်' တန်ခိုးတော်၏ ဖန်ဆင်းစွမ်းဆောင်မှုများ၏ နေရာဌာနသည် မိခင်၏ ဝမ်းဗိုက်သာလျှင်ဖြစ်သည်။ ထို့ကြောင့် ပင် ဟဒီးစ်တော်တစ်ရပ်တွင် မိခင်၏ အခွင့်အရေးကို ဖခင်၏ အခွင့်အရေးထက် ပို၍ အလေးပေးထားလေသည်။

အထက်ပါဝါကျတွင် သားများနှင့်တကွ မြေးများအကြောင်းကိုလည်း တင်ပြရည်ညွှန်းထားပြီး ဤဖိုနှင့် မ စုံတွဲဖန်ဆင်းထားခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူမျိုးဆက်ကို ပြန့်ပွားတည်ရှိနေစေရန် ဖြစ်သည်။ သားသမီးများမှ တစ်ဖန် မြေးများ၊ မြစ်များလည်း မွေးဖွားစေရန်ဖြစ်သည်။ ဤသည်ပင် လူသားတို့၏ လူမျိုးဆက်တည်ရှိရန် အကြောင်းခံတစ်ခု ဖြစ်သည်။ တစ်ဖန်

وَرَزَقَكُم مِّنَ الطَّيِّبَاتِ

ဟူသည့် စာသားတွင် လူတစ်ဦးချင်း၏ ရှင်သန်ရပ်တည်မှုအကြောင်းကို တင်ပြမိန့်ဆိုထားလေသည်။ လူသားသည် မွေးဖွားလာပြီးသည့်နောက် ရှင်သန်ရပ်တည်ရန်အတွက် အစားအသောက် လိုအပ်သည်။ ထိုလိုအပ်မှုကိုလည်း အသျှင်မြတ်က ဖြည့်ဆည်းပေးခဲ့သည်။ အာယသ်တော်တွင် حَفَدَةً ဟူသော စာသား၏ မူရင်းအဓိပ္ပာယ်မှာ အကူအညီပေးသူ၊ အလုပ်အကျွေးပြုစုသူဟူ၍ ဖြစ်သည်။ သားသမီးများနှင့် ပတ်သက်၍ ဤစာသားကို သုံးနှုန်းရည်ညွှန်းထားခြင်းသည် သားသမီးများသည် မိဘနှစ်ပါးကို အလုပ်အကျွေးပြုသူ ဖြစ်ရမည်ဟု ဆိုလိုသည်။ *[ကုရ်သုဗီကျမ်း]*

فَلَا تَضْرِبُوا لِلَّهِ الْأَمْثَالَ

ဟူသော အာယသ်တော်တွင် ကြီးမားသော အမှန်တရားတစ်ရပ်ကို ရှင်းလင်းတင်ပြထားလေသည်။ ယင်းအချက်ကို ပေါ့လျော့ခြင်းသည် ကုဖွ်ရ်ငြင်းဆန်မှုနှင့် ပတ်သက်သော ဒွိဟသံသယများကို ပေါ်ပေါက်စေသည်။ ၎င်းမှာ အများအားဖြင့် လူတို့သည် အလ္လာဟ်အသျှင်မြတ်ကို လူသားမျိုးနွယ်သဖွယ် နှိုင်းနှိုင်း တွေးခေါ်တတ်ကြသည်။ ယင်းလူသားမျိုးနွယ်မှ အခွင့်အတာနိုး မြင့်မားသော လူသားများဖြစ်သည့် ဘုရင်များ၊ ဩဇာရှင်များနှင့် အလ္လာဟ်အသျှင်မြတ်ကို နှိုင်းနှိုင်းသတ်မှတ်ကြသည်။ တစ်ဖန် ထိုမှားယွင်းသော အယူအဆအပေါ် အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်' တန်ခိုးတော်၏ စွမ်းဆောင်မှုများကိုလည်း လောကီဘုရင်များ၏ စွမ်းဆောင်မှုများနှင့် နှိုင်းနှိုင်းပြောဆိုလေ့ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတစ်နိုင်ငံတွင် အုပ်ချုပ်သော ဘုရင်မင်းမြတ်တစ်ပါးတည်း နိုင်ငံတစ်ခုလုံး၏ စီမံခန့်ခွဲမှုများကို လုပ်ဆောင်နိုင်ခြင်း မရှိပေ။ ထို့ကြောင့် လက်အောက်တွင် မှူးမတ်များနှင့် အခြားအရာထမ်းများကို ခန့်ထားသတ်မှတ်ကာ လုပ်ပိုင်ခွင့်များ အပ်နှင်းထားရသည်။ ၎င်းအရာရှိများ၏ အကြောင်းခံဖြင့် တစ်နိုင်ငံလုံးရှိ စီမံခန့်ခွဲမှုများ ပုံမှန်လည်ပတ်နေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်၏ လက်အောက်တွင်လည်း အခြားကိုးကွယ်ခံ အရှင်များ ရှိထိုက်ပေသည်။ ထိုအသျှင်မြတ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ စီမံခန့်ခွဲမှုများတွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။ ရုပ်တုကိုးကွယ်သူများနှင့် မုရှ်ရစ်က်တို့၏ အတွေးအခေါ်သည် အများအားဖြင့် ဤသို့ပင် ဖြစ်သည်။ အထက်ပါအာယသ်တော်သည် ၎င်းတို့၏ သံသယများကို အမြစ်ပြတ်တွန်းလှန်လိုက်လေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်ပြီး အဖန်ဆင်းခံများကို နှိုင်းနှိုင်းပမာပေးခြင်းသည် အသိဉာဏ်ကင်းမဲ့သော လုပ်ရပ်တစ်ခုသာဖြစ်သည်။ ထိုအသျှင်မြတ်သည် ပမာပေးခြင်း၊ ပမာအဖြစ် တင်ပြခြင်းနှင့် ကျွန်ုပ်တို့၏ အတွေးအခေါ် အယူအဆများမှ ကင်းစင်၍ ထွတ်မြတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

နောက်ဆုံးအာယသ်တော်နှစ်ပိုဒ်တွင် လူသားနှင့် ပတ်သက်ပြီး ပမာနှစ်ခု ပေးထားလေသည်။ ပထမတစ်ခုတွင် သခင်နှင့် ကျေးကျွန် ဆိုလိုသည်မှာ ပိုင်ဆိုင်သူနှင့် ပိုင်ဆိုခြင်းခံရသူတို့ အကြောင်းကို ပမာပေး၍ တင်ပြထားသည်။ ယင်းတို့နှစ်ဦးသည် မျိုးဆက်တစ်ခုထဲမှ ဖြစ်ပါလျက် တစ်ဦးနှင့်တစ်ဦး တူညီမှု မရှိကြချေ။ ထို့ကြောင့် အဖန်ဆင်းခံတစ်ဦးဦးကို အလ္လာဟ်အသျှင်မြတ်နှင့် တူညီသည်ဟူ၍ အဘယ်ကြောင့် သတ်မှတ်လေသနည်း။

၎င်းနောက် ဒုတိယဥပမာတွင် လူတစ်ဦးသည် အခြားသူများကို တရားမျှတမှုနှင့် ကောင်းမွန်သော စကားရပ်များ သင်ကြားပေးသည်။ ယင်းသည် ထိုသူ၏ စွမ်းဆောင်နိုင်မှု အရည်အချင်းတစ်ခု ဖြစ်သည်။ ထိုကာယစွမ်းအား၊ ဉာဏစွမ်းအားနှင့် ပြည့်စုံသူတစ်ဦးကို အခြားလူသားတစ်ဦးနှင့် နှိုင်းယှဉ်ပြသသည်။ ထိုလူသားသည် မိမိအလုပ်ကိုလည်း မိမိကိုယ်တိုင် မလုပ်နိုင်။ အခြားသူများ၏ အလုပ်ကိုလည်း မှန်ကန်စွာ မဆောင်ရွက်နိုင်။ သို့သော် ၎င်းတို့နှစ်ဦးသည် မျိုးတူလူသားများဖြစ်ပါလျက် တစ်ဦးနှင့်တစ်ဦး တူညီမှု မရှိကြချေ။ ထို့ကြောင့် ဖန်ဆင်းရှင်ဖြစ်သော စကြဝဠာကြီးကို စိုးပိုင်တော်မူသော အတိုင်းအဆမဲ့ ဉာဏ်အမြော်အမြင် ရှိတော်မူသော အနိုင်းမဲ့ တတ်စွမ်းနိုင်တော်မူသော အကြွင်းမဲ့ သိရှိတော်မူသော၊ အရာခပ်သိမ်း၏ အကြောင်းအရာများကို သိတော်မူသော အလ္လာဟ်အသျှင်မြတ်သည် အဖန်ဆင်းခံများနှင့် မည်သို့ တူညီနိုင်မည်နည်း။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلِلَّهِ غَيْبُ السَّمٰوٰتِ وَالْأَرْضِ ۚ وَمَآ أَمْرُ السَّاعَةِ إِلَّا
كَلَمْحِ الْبَصَرِ أَوْ هُوَ أَقْرَبُ ۚ إِنَّ اللّٰهَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ۝

၁၆ : ၇၇ ॥ ॥ စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိကြကုန်သော လျှို့ဝှက်ချက်များသည် အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်၏။ ထို့ပြင် ရှင်ပြန်ထမည့် ကိစ္စသည် မျက်စိတစ်မှိတ်ကဲ့သို့သာလျှင် လျင်မြန်စွာ ဖြစ်မည်။ သို့မဟုတ် (ထို့ထက်ပင်) ပို၍ လျင်မြန်စွာ ဖြစ်မည်။ စင်စစ်မုချ အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَاللّٰهُ أَخْرَجَكُمْ مِّنْۢ بُطُوْنِ أُمَّهٰتِكُمْ لَا تَعْلَمُوْنَ شَيْـًٔا ۙ وَّ
جَعَلَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَالْأَفْـِٕدَةَ ۙ لَعَلَّكُمْ تَشْكُرُوْنَ ۝

၁၆ : ၇၈ ॥ ॥ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည်ပင် အသင်တို့အား အသင်တို့ မည်သည့်တစ်စုံတစ်ရာကိုမျှ မသိကြသည့် အခြေအနေတွင် အသင်တို့၏ မိခင်များ၏ ဝမ်းတွင်းမှ ထွက်စေတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့ ကျေးဇူးတော်ကို သိတတ်ကြရန်အလို့ငှာ အသင်တို့အဖို့ ကြားနိုင်စွမ်းကိုလည်းကောင်း၊ မြင်နိုင်စွမ်းကိုလည်းကောင်း၊ စိတ်နှလုံးကိုလည်းကောင်း ထည့်သွင်းပေးတော်မူခဲ့လေသည်။

أَلَمْ يَرَوْا إِلَى الطَّيْرِ مُسَخَّرَاتٍ فِي جَوِّ السَّمَاءِ مَا يُمْسِكُهُنَّ
إِلَّا اللَّهُ ۗ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِقَوْمٍ يُؤْمِنُونَ ﴿٧٩﴾

၁၆ : ၇၉ ။ ။ ကောင်းကင်လေထု (လောဟာပြင်) ၌ ငှက်တိရစ္ဆာန်များ အမိန့်တော်ကို လိုက်နာလျက် ရှိကြသည်ကို ၎င်းတို့သည် မမြင်ကြလေသလော။ ယင်းငှက်တိရစ္ဆာန်တို့အား အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ထိန်းထားသည်မဟုတ်ပေ။ ဧကန်မလွဲ ဤ (ငှက်တိရစ္ဆာန်တို့ ပျံဝဲခြင်း) ၌ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများ ရှိပေသည်။

وَاللَّهُ جَعَلَ لَكُمْ مِنْ بُيُوتِكُمْ سَكَنًا وَجَعَلَ لَكُمْ مِنْ جُلُودِ
الْأَنْعَامِ بُيُوتًا تَسْتَخِفُّونَهَا يَوْمَ ظَعْنِكُمْ وَيَوْمَ إِقَامَتِكُمْ ۙ
وَمِنْ أَصْوَافِهَا وَأَوْبَارِهَا وَأَشْعَارِهَا أَثَاثًا وَمَتَاعًا
إِلَىٰ حِينٍ ﴿٨٠﴾

၁၆ : ၈၀ ။ ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ အိမ်များကို အနားယူနေထိုင်ရာဌာန ပြုလုပ်တော်မူခဲ့လေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အဖို့ ခြေလေးချောင်း တိရစ္ဆာန်များ၏ သားရေများဖြင့် (ယာယီတဲ) အိမ်များ ပြုလုပ်တော်မူခဲ့၏။ အသင်တို့သည် ယင်းအိမ်များကို မိမိတို့ခရီးသွားသောနေ့တွင်လည်းကောင်း၊ မိမိတို့ စခန်းချသော နေ့တွင်လည်းကောင်း ပေါ့ပေါ့ပါးပါး တွေ့ရှိကြပေသည်။ ၎င်းပြင် ယင်း (တိရစ္ဆာန်) တို့၏ သိုးမွေးများဖြင့်လည်းကောင်း၊ ယင်း (တိရစ္ဆာန်) တို့၏ မွေးနုများဖြင့်လည်းကောင်း၊ ယင်း (တိရစ္ဆာန်) တို့၏ အမွေးအမျှင်များဖြင့်လည်းကောင်း အိမ်သုံးပစ္စည်းများနှင့် (အချိန်ကာလ ကြာမြင့်စွာ) အကျိုးခံစားဖွယ် ဝတ္ထုပစ္စည်းများကို ပြုလုပ်တော်မူခဲ့လေသည်။

وَاللَّهُ جَعَلَ لَكُمْ مِمَّا خَلَقَ ظِلَالًا وَجَعَلَ لَكُمْ
مِنَ الْجِبَالِ أَكْنَانًا وَجَعَلَ لَكُمْ سَرَابِيلَ تَقِيكُمُ الْحَرَّ
وَسَرَابِيلَ تَقِيكُمْ بَأْسَكُمْ ۚ كَذَٰلِكَ يُتِمُّ نِعْمَتَهُ عَلَيْكُمْ
لَعَلَّكُمْ تُسْلِمُونَ ﴿٨١﴾

၁၆ : ၈၁ ။ ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အဖို့ မိမိဖန်ဆင်းတော်မူသော အချို့အရာများမှ အရိပ်များကို ပြုလုပ်တော်မူခဲ့လေသည်။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် အသင်တို့အဖို့ တောင်များ၌ ခိုလှုံရာနေရာများကို ပြုလုပ်တော်မူခဲ့လေသည်။ ထို့အတူ ထိုအသျှင်မြတ်သည် အသင်တို့၏ အကျိုးငှာ အသင်တို့အား အပူရှိန်မှ ကာကွယ်သော အဝတ်အစားများကိုလည်းကောင်း၊ အသင်တို့အား (စစ်လက်နက်များ၏) အန္တရာယ်မှ ကာကွယ်သော အဝတ်အစား (သံချပ်

အင်္ကျီ စသည်) များကိုလည်းကောင်း ဖန်ဆင်းတော်မူခဲ့လေသည်။ ဤနည်းအတိုင်းပင် ထိုအသျှင်မြတ်သည် အသင်တို့ အမိန့်တော်ကို လိုက်နာကြရန်အလို့ငှာ မိမိ၏ ကျေးဇူးတော်ကို အသင်တို့အပေါ်ဝယ် အပြည့်အဝစုံ ချပေးသနားတော်မူပေသည်။

فَإِن تَوَلَّوْا فَإِنَّمَا عَلَيْكَ الْبَلَٰغُ الْمُبِينُ ﴿٨٢﴾

၁၆ : ၈၂ ။ ။ သို့ပါလျက် အကယ်၍ ၎င်းတို့သည် မျက်နှာလွှဲဖယ်ခဲ့ကြပါလျှင် (အို့, နဗီတမန်တော်) အသင်၏အပေါ်၌ (ငါအသျှင်မြတ်၏ အမိန့်တော်များကို) အတိအလင်း (ထင်ရှားစွာ) ပို့ဆောင်ရန် တာဝန်သာလျှင် ရှိပေသည်။

يَعْرِفُونَ نِعْمَتَ اللَّهِ ثُمَّ يُنكِرُونَهَا وَأَكْثَرُهُمُ الْكَافِرُونَ ﴿٨٣﴾

၁၆ : ၈၃ ။ ။ (စင်စစ်) ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို ဝန်ခံ (သိမှတ်) ကြကုန်၏။ ထို့နောက် ၎င်းတို့သည် ယင်းကျေးဇူးတော်များကို (မသိလေဟန်) ငြင်းပယ်ကြကုန်၏။ ထို့ပြင် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့သည် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့ပင် ဖြစ်ကြကုန်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် မိုးကောင်းကင်နှင့် မြေပထဝီရှိ ဖုံးကွယ်နေသော အရာအားလုံး (ယင်းကို မည်သူမှ မသိရှိနိုင်ကြ။ ယင်းအရာများကို သိရှိခြင်းမှာ) အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းနှင့်သာ သက်ဆိုင်သည်။ (သိရှိခြင်းဟူသော ဂုဏ်ဒြပ်တွင် ထိုအသျှင်မြတ်သည် ပြီးပြည့်စုံသည်။) ၎င်းနောက် ('ကွဒ်ရသ်' တန်ခိုးတော်တွင်လည်း အဘယ်မျှ ပြီးပြည့်စုံသည်ဆိုသော် ထိုဖုံးကွယ်နေသော အရာများထဲမှ ကြီးမားသော အရာတစ်ခုဖြစ်သော ဆိုလိုသည်မှာ) 'ကေယာမသ်' (ဖြစ်သည်။ ယင်း၏) ဖြစ်ရှိခြင်းသည် ဤသို့ (လျှင်မြန်စွာ) ဖြစ်လိမ့်မည်။ မျက်စိတစ်မှိတ်ကဲ့သို့ ဖြစ်မည်။ သို့သာမက ထို့ထက်ပင် လျှင်မြန်စွာ ဖြစ်လိမ့်မည်။ ('ကေယာမသ်'၏ ဖြစ်ရှိခြင်းကိစ္စဟူသော အလိုသဘောမှာ သေဆုံးသွားသောသူများတွင် အသက်ပြန်ဝင်ခြင်းနှင့် ယင်းကိစ္စသည် မျက်စိတစ်မှိတ်ထက်ပင် လျှင်မြန်စွာ ဖြစ်ရှိနိုင်သည်မှာ ထင်ရှားလှပေသည်။ အဘယ်ကြောင့်ဆိုသော် မျက်စိတစ်မှိတ်သည် လှုပ်ရှားမှုတစ်ခု ဖြစ်သည်။ ၎င်းနောက် လှုပ်ရှားမှုဟူသည် နေရာဌာနနှင့် သက်ဆိုင်ပြီး ဝိညာဉ်သက်ရောက်ခြင်းသည် အချိန်ကာလနှင့် သက်ဆိုင်သည်။ (အချိန်ကာလသည် နေရာဌာနထက် ပို၍ လျှင်မြန်သည်မှာ ထင်ရှားလှပေသည်။ ၎င်းနောက် ယင်းနှင့် ပတ်သက်၍ တအံ့တသြ မရှိရ။ အဘယ်ကြောင့်ဆိုသော်) မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းနှင့် ပတ်သက်ပြီး အပြည့်အဝ တတ်စွမ်းနိုင်တော်မူသော အသျှင်ဖြစ်သည်။ (၎င်းနောက် 'ကွဒ်ရသ်' တန်ခိုးတော်၏ တည်ရှိတော်မူကြောင်းကို 'ကေယာမသ်' ဖြစ်ရှိမည့်အကြောင်းနှင့် သီးခြားတင်ပြရမည့်အကြောင်းမှာ ထို 'ကေယာမသ်' သည် ဖုံးကွယ်နေသော အရာများအနက်မှ ထူးခြားသော အရာတစ်ခုဖြစ်သည့်အတွက်ကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။ ထို့ကြောင့် 'ကေယာမသ်' သည် အလ္လာဟ်အသျှင်မြတ်၏ အသိဉာဏ်

နှင့် 'ကွဒ်ရသ်'တန်ခိုးတော် နှစ်မျိုးစလုံး၏ အထောက်အထားဖြစ်သည်။ မဆိုက်ရောက်မီ အသိဉာဏ်တော်၏ အထောက်အထားဖြစ်ပြီး ဆိုက်ရောက်ပြီးနောက် 'ကွဒ်ရသ်'တန်ခိုးတော်၏ အထောက်အထားဖြစ်သည်။) ၎င်းနောက် (အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်များနှင့် 'နေ့အ်မသ်'တော်များအနက်မှ အကြောင်းအရာတစ်ခုမှာ ဤသို့ဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ မိခင်များ၏ ဝမ်းဗိုက်တွင်းမှ ထုတ်ယူခဲ့သော အခြေအနေတွင် အသင်တို့သည် မည်သည့်အရာကိုမှ မသိရှိခဲ့ကြချေ။ (ထိုသို့သော အခြေအနေမျိုးကို ဖီလော်ဆော်ဖီ ဝေါဟာရတွင် မပြည့်ဝသော အသိဉာဏ်ဟု ခေါ်သည်။)

၎င်းနောက် ထိုအသျှင်မြတ်သည် အသင်တို့ကို နားများ၊ မျက်စိများနှင့် နှလုံးသားများကို ချီးမြှင့်ခဲ့သည်။ အသင်တို့ ကျေးဇူးတရား နားလည်စေရန်ဖြစ်သည်။ (အသျှင်မြတ်၏ တတ်စွမ်းနိုင်မှုကို အထောက်အထားပြု၍ မိန့်သည်မှာ) လူတို့သည် ငှက်တိရစ္ဆာန်များကို မတွေ့ကြလေသလော။ မိုးကောင်းကင်၏ (အောက်) လေဟာနယ်တွင် ('ကွဒ်ရသ်'တန်ခိုးတော်၏) ထိန်းချုပ်မှုတွင် ရှိနေကြသည်။ (ဆိုလိုသည်မှာ) ယင်းတို့ကို (ထိုနေရာတွင်) အသျှင်မြတ်မှအပ မည်သူမျှ ထိန်းချုပ်၍ မထားနိုင်။ (သို့မဟုတ်ပါက ယင်းတို့၏ ခန္ဓာကိုယ်လေးလံမှုနှင့် လေ၏ ပါးလွှာပေါ့ပါးသော ဓါတ်သဘာဝကြောင့် အောက်သို့ ပြုတ်ကြမည်မှာ မလွဲကေန်ဖြစ်သည်။ ထို့ကြောင့် တင်ပြပါအကြောင်းအရာတွင်) အီမာန်ရှိသူများအတွက် (အသျှင်မြတ်၏ တန်ခိုးတော်နှင့် ပတ်သက်သော) အထောက်အထားအချို့ (တည်ရှိ) နေသည်။ (အထောက်အထားအချို့ဟု မိန့်ဆိုရခြင်းအကြောင်းမှာ ငှက်သတ္တဝါများကို သီးခြားပျံသန်းနိုင်သော ပုံသဏ္ဍာန်မျိုးဖြင့် ဖန်ဆင်းထားသည်။ ယင်းသည် အထောက်အထားတစ်မျိုးဖြစ်သည်။ တစ်ဖန် လေဟာနယ်ကြီးကိုလည်း ငှက်များ ပျံသန်းနိုင်သည့် ပုံသဏ္ဍာန်ဖြင့် ဖန်ဆင်းထားခြင်းသည် ဒုတိယအထောက်အထား ဖြစ်သည်။ တစ်ဖန် ထိုသို့ ပျံသန်းစေခြင်းသည် တတိယအထောက်အထားဖြစ်သည်။ ၎င်းနောက် ပျံသန်းခြင်းတွင် ပါဝင်သော အကြောင်းခံအားလုံးသည်လည်း အလ္လာဟ်အသျှင်မြတ်သာလျှင် ဖန်ဆင်းထားသော အရာများ ဖြစ်သည်။ တစ်ဖန် ထိုအကြောင်းခံများအပေါ် အကြောင်းခံတစ်ခု ထပ်မံဖြစ်ပေါ်ခြင်း ဆိုလိုသည်မှာ ပျံသန်းမှု အထမြောက်ခြင်းသည်လည်း အသျှင်မြတ်၏ အလိုတော်အရသာဖြစ်သည်။ သို့မဟုတ်က မြောက်မြားစွာ ဖြစ်တတ်ကြသည်မှာ အရာဝတ္ထုတစ်ခုသည် အကြောင်းခံများ ပြည့်စုံစွာ ရှိနေပါလျက် ယင်းအရာသည် ဖြစ်ပေါ်လာခြင်းမရှိသည့်အခါလည်း ရှိတတ်သည်။ ထို့ကြောင့် အာယသ်တော်

مَا يُمْسِكُهُنَّ

တွင် ထိုအကြောင်းအရာကို မိန့်ဆိုတင်ပြထားလေသည်။ ၎င်းနောက် အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များနှင့် 'ကွဒ်ရသ်'တန်ခိုးတော်အထောက်အထားများအနက်မှ အထောက်အထားတစ်ခုမှာ) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အတွက် (မိမိတို့နေရာဒေသတွင် ရှိနေစဉ်) အသင်တို့၏ အိမ်များတွင် နေထိုင်ရာနေရာ ဖန်ဆင်းထားတော်မူသည်။ (၎င်းနောက် လမ်းခရီးတွင် ရှိနေစဉ်) အသင်တို့အတွက် တိရစ္ဆာန်များ၏ သားရေများဖြင့် ပြုလုပ်ထားသော အိမ် (ရွက်ဖျင်တဲ) ကို ဖန်ဆင်းထားတော်မူသည်။ ယင်းအိမ်ကို အသင်

တို့သည် ခရီးသွားလာသော နေ့များတွင်သော်လည်းကောင်း၊ ရပ်နားမှု (ပြုလုပ်သော) နေ့များတွင်သော်လည်းကောင်း၊ ပေါ့ပါးစွာ ရရှိ (သုံးစွဲနိုင်) ကြသည်။ (၎င်းနောက် ယင်းကို သယ်ယူခြင်း၊ ဆောက်လုပ်ခြင်းတို့တွင် လွယ်ကူမှု ရရှိကြသည်။) ၎င်းနောက် ထို (တိရစ္ဆာန်) များ၏ သိုးမွေးများနှင့် ယင်းတို့၏ အမျှင်များနှင့် အမွေးများဖြင့် (အသင်တို့၏) အိမ်အတွက် အသုံးဝင်သော ပစ္စည်းများနှင့် အကျိုးရှိသော အရာများကို အချိန်ကာလတစ်ခုအထိ ပြုလုပ်ကြသည်။ (အချိန်ကာလတစ်ခုအထိဟု ဆိုခြင်းမှာ အများအားဖြင့် ထိုအရာများသည် ချည်ထည်များနှင့်ယှဉ်လျှင် ပို၍ တာရှည်ခံသည်။ ၎င်းနောက် အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်နှင့် 'နေအ်မသ်'တော် အထောက်အထားများအနက်မှ အရာတစ်ခုမှာ) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အတွက် မိမိ၏ အချို့အဖန်ဆင်းခံများကို အရိပ်အာဝါသအဖြစ် သတ်မှတ်ပေးထားသည်။ (ဥပမာ– သစ်ပင်များနှင့် အဆောက်အအုံများ) ၎င်းနောက် အသင်တို့အတွက် တောင်များတွင် ခိုလှုံရာနေရာများ ဖန်ဆင်းထားတော်မူသည်။ (ဆိုလိုသည်မှာ လိုဏ်ဂူ စသည့် အရာများ၊ ထိုလိုဏ်ဂူများတွင် အပူဒဏ်၊ အအေးဒဏ်၊ မိုးဒဏ် အန္တရာယ်ရှိသော သတ္တဝါများ၏ ဘေးရန်၊ တိရစ္ဆာန်နှင့် လူတို့၏ ဘေးရန်မှ ကင်းဝေးရန် ခိုလှုံနိုင်သည်။)

၎င်းနောက် အသင်တို့အတွက် အပူဒဏ်မှ ကာကွယ်ရန် အဝတ်အထည်များကိုလည်း ဖန်ဆင်းပေးတော်မူထားသည်။ ၎င်းနောက် အသင်တို့အချင်းချင်း စစ်မက်တိုက်ခိုက်သောအခါ (ဒဏ်ရာမရရှိရန်) အသင်တို့ကို အကာအကွယ်ပေးမည့် အဝတ်အစားများကို (လည်း) ဖန်ဆင်းထားတော်မူသည်။ (ချပ်ဝတ်တန်ဆာများကို ဆိုလိုသည်။) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ကို ဤကဲ့သို့သော မိမိ၏ 'နေအ်မသ်'တော်များ ချီးမြှင့်တော်မူသည်။ သို့မှသာ အသင်တို့သည် (ထို 'နေအ်မသ်'တော်များ၏ ကျေးဇူးတရားကို သိရှိကာ) အမိန့်နာခံသူများ ဖြစ်ကြလိမ့်မည်။ (၎င်းနောက် တင်ပြပါ 'နေအ်မသ်'တော်များတွင် အချို့သည် လူသားတို့ ပြုလုပ်ထားသော အရာများဖြစ်သည်။ သို့သော် ယင်းတို့၏ မူလသဘာဝနှင့် ပြုလုပ်၊ ဖန်တီးသော နည်းလမ်းကို အလ္လာဟ်အသျှင်မြတ်ကသာလျှင် ဖန်ဆင်းထားတော်မူခြင်းဖြစ်သည်။ ထို့ကြောင့် စစ်မှန်သော 'နေအ်မသ်'တော်များ၏ ပိုင်ရှင်သည် ထိုအသျှင်မြတ်သာလျှင်ဖြစ်သည်။ တစ်ဖန် ထို 'နေအ်မသ်' တော်များ ချီးမြှင့်ခံရပြီးလည်း) အကယ်၍ ၎င်းတို့သည် အီမာန်ကို ရှောင်လွှဲကြမည်ဆိုလျှင် (အသင်တမန်တော် ပူဆွေးသောက မရောက်လေနှင့်။ အသင်သည် ဆုံးရှုံးမှု စိုးစဉ်းမျှ မရှိနိုင်။ အဘယ်ကြောင့်ဆိုသော်) အသင်တမန်တော်၏ တာဝန်သည် ရှင်းရှင်းလင်းလင်း ပို့ချရန်သာလျှင် ဖြစ်သည်။ (၎င်းနောက် ၎င်းတို့၏ ရှောင်လွှဲရခြင်း အကြောင်းအရင်းသည် ထို 'နေအ်မသ်'တော်များကို မသိနားမလည်သည့်အတွက် မဟုတ်။ သို့သာမက ၎င်းတို့သည်) အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များကို သိရှိကြသည်။ သို့သော် သိရှိနားလည်ပြီးနောက် (ဆက်ဆံရာတွင်) ယင်းတို့သည် ငြင်းဆန်သူများ ဖြစ်သွားကြသည်။ ('နေအ်မသ်'တော်များကို ချီးမြှင့်သည့် အသျှင်သခင်ကို ဆက်ဆံသင့်သည့် ပုံသဏ္ဍာန်ဖြစ်သော 'အေဗာဒသ်' ခဝပ်ကိုးကွယ်မှုနှင့် အမိန့်နာခံမှုတို့ကို အခြားသူများရှေ့မှောက်တွင် ပြုကျင့်ကြသည်။) ၎င်းနောက် ထိုသူများအနက်မှ အများစုသည် ကျေးဇူးတရား မသိတတ်သူများ ဖြစ်ကြသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အာယသ်တော် لَا تَعْلَمُوْنَ شَيْـًٔا တွင် ရည်ညွှန်းမိန့်ဆိုထားသည်မှာ အိလ်မ်အသိပညာသည် လူသား၏ ပင်ကိုယ်အရည်အချင်းတစ်ခု မဟုတ်ပေ။ မွေးဖွားသည့်အချိန်တွင် ထိုလူသားသည် မည်သည့် အသိပညာ၊ အတတ်ပညာမျှ မရှိခဲ့ပေ။ တစ်ဖန် ထိုလူသား၏ လိုအပ်ချက်များအရ ၎င်းကို အနည်းနှင့်အများ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အသိပညာများ တိုက်ရိုက် သင်ကြားပေးတော်မူခဲ့သည်။ ထိုအသိ ပညာများ တတ်မြောက်ခြင်းတွင် မိဘနှစ်ပါးစလုံးသည် လုံးဝ ပါဝင်ပတ်သက်ခြင်း မရှိကြချေ။ ဆရာတစ်ဦးဦး ကလည်း သင်ပေးခဲ့သည်မဟုတ်။ ဦးစွာပထမ ထိုလူသားအား ငိုခြင်းအတတ်ကို သင်ကြားပေးတော်မူသည်။ ထိုအတတ်သည် ထိုအချိန်ကာလက ၎င်း၏ လိုအပ်ချက်များကို ရရှိစေသည်။ ဆာလောင်ငတ်မွတ်သောအခါ ငိုကြွေးလေသည်။ အအေးဒဏ်၊ အပူဒဏ်ခံရလျှင်လည်း ငိုကြွေးလေသည်။ အခြားဒုက္ခတစ်ခုခု ခံစားရလျှင် လည်း ငိုကြွေးလေသည်။ အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်သည် ထိုကလေး၏ လိုအပ်ချက်များအတွက် မိဘများ၏ နှလုံးသားတွင် ထူးကဲသော အချစ်ကို ထည့်သွင်းပေးထားတော်မူသည်။ ကလေး၏ ငိုသံကြား သည်နှင့် ၎င်း၏ ဒုက္ခကို သိရှိနားလည်ရန်နှင့် ကင်းဝေးအောင် ပြုလုပ်ရန် ပြင်ဆင်ကြတော့သည်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ထိုကလေးကို ငိုခြင်းအတတ် မသင်ပေးထားခဲ့ပါက ထိုကလေးကို မည်သူက ဤအတတ်ကို လာရောက်သင်ကြားပေးမည်နည်း။ လိုအပ်ချက်တစ်ခုခု ပေါ်ပေါက်လာပါက ဤကဲ့သို့ အော်ဟစ်ငိုကြွေးရသည်ဟု မည်သူက ပြသမည်နည်း။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ အသိဉာဏ်ဝယ် သွတ်သွင်း၍ သင်ကြားပေးခဲ့သည်မှာ မိမိ၏ အစားအစာကို မိခင်၏ ရင်ခွင်တွင်းမှ ရရှိရန် မိမိ၏ သွားဖုံးများနှင့် နှုတ်ခမ်းများကို အသုံးချရသည်။ အကယ်၍သာ ဤသဘာဝ၏ သင်ကြား တတ်မြောက်မှုသည် အသျှင်မြတ်ထံတော်ပါးမှ တိုက်ရိုက်မရရှိခဲ့သော် ထိုမွေးကင်းစကလေးငယ်၏ ပါးစပ် ကို လှုပ်ရှား၍ နို့အုံမှ စုပ်ယူရန် မည်သည့်ဆရာက သင်ကြားပေးရန် တတ်စွမ်းနိုင်မည်နည်း။ ထိုနည်း တူစွာ ကလေး၏ လိုအပ်ချက် များပြားလာသည်နှင့်အမျှ အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော်ကလည်း မိဘများ၏ အကြောင်းခံမပါဘဲ ကိုယ်တိုင်ကိုယ်ကျ သင်ကြားပြသပေးသည်။ အချိန်ကာလ အနည်းငယ် ကြာပြီးသည့်နောက် ထိုကလေးတွင် ဤအရည်အချင်းများ ဖြစ်ပေါ်ရရှိလာလေသည်။ ၎င်းမှာ မိဘနှစ်ပါး နှင့် အနီးနားရှိ အခြားသူများ၏ စကားကို နားထောင်၍ သို့မဟုတ် အချို့အရာဝတ္ထုများကို ကြည့်၍ အခြားသော အရာများကိုလည်း သင်ကြားတတ်မြောက်လာလေသည်။ ထိုမှတစ်ဖန် ကြားထားသော အသံ များနှင့် တွေ့မြင်ထားသော အရာများနှင့် ပတ်သက်ပြီး စဉ်းစားနားလည် သဘောပေါက်နိုင်သည့် အရည် အချင်းများ ဖြစ်ပေါ်လာလေသည်။ ထို့ကြောင့်ပင် အထက်ပါအာယသ်တော်တွင်

لَا يَعْلَمُوْنَ شَيْـًٔا

ဟူသော စာသား၏ နောက်တွင်

وَجَعَلَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَالْأَفْئِدَةَ

ဆိုလိုသည်မှာ အမှန်စင်စစ် စတင် မွေးဖွားလာသည့်အချိန်တွင် လူသားသည် မည်သည့်အရာကိုမျှ သိရှိနားလည်ခြင်း မရှိခဲ့ပေ။ သို့သော် အသျှင်မြတ်၏ 'ကွဒ်ရသ်' တန်ခိုးတော်သည် ထိုလူသား၏ ဘဝ တည်ရှိမှုတွင် အသိပညာများ ရရှိနိုင်ရန် ထူးခြားအံ့ဩဖွယ်ရာကောင်းသော အရာများကို တပ်ဆင်ပေး ထားသည်။ ထိုအရာများတွင် ဦးစွာပထမ سَمْعٌ ဟူသော အကြားအာရုံအကြောင်းကို တင်ပြထားသည်။ ယင်းအာရုံကို ပထမဆုံးတင်ပြရသည့် အကြောင်းအရင်းမှာ လူသား၏ ပထမဆုံးသော အသိပညာနှင့် အများဆုံးသော အသိပညာရရှိမှုသည် အကြားအာရုံနှင့်ပင် ရရှိခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။ အစပထမ မွေးဖွားလာချိန်တွင် မျက်စိများ ပိတ်နေလေ့ရှိသည်။ သို့သော် နားက ကြားရလေသည်။ ထိုမှတစ်ဖန် ဆန်းစစ်ကြည့်မည်ဆိုလျှင် လူသားသည် မိမိဘဝသက်တမ်းတစ်လျှောက်လုံးတွင် ရရှိခဲ့သော အသိပညာ အားလုံးသည် အများအားဖြင့် အကြားအာရုံမှတစ်ဆင့် ကြားနာရရှိခဲ့ခြင်း ဖြစ်သည်။ အမြင်အာရုံဖြင့် ရရှိခဲ့သော အသိပညာများသည် အကြားအာရုံနှင့်ယှဉ်လျှင် အလွန်ပင် နည်းပါးလေသည်။

ထိုအာရုံနှစ်ခုအကြောင်း တင်ပြပြီးနောက် ဆက်လက်တင်ပြမည့် အသိပညာများအကြောင်းမှာ ယင်းတို့ကို လူသားသည် မိမိကြားထား၊ မြင်ထားသော အရာများနှင့် ပတ်သက်ပြီး စဉ်းစားတွေးခေါ်ကာ ရယူကြသည်။ ၄င်းနောက် ကျမ်းမြတ်ကုရ်အာန်၏ တင်ပြချက်အရ ထိုအလုပ်ကို လူသား၏ နှလုံးသားက ပြုလုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် အာယသ်တော်တွင် တတိယမြောက်အရာအဖြစ် أَفْئِدَة ဟူသော စကားလုံးကို သုံးနှုန်းတင်ပြထားသည်။ ယင်းသည် فُؤَاد ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ နှလုံးသားဟု အဓိပ္ပာယ်ရသည်။ အများအားဖြင့် အတွေးအခေါ်ပညာရှင်များသည် စဉ်းစားတွေးခေါ်နိုင်သော စွမ်းရည်၏ နေရာဌာနသည် လူသား၏ ဦးနှောက်ဖြစ်သည်ဟု သတ်မှတ်ကြသည်။ သို့သော် ကျမ်းမြတ်ကုရ်အာန်၏ မိန့်ဆိုချက်အရ ဦးနှောက်သည် စဉ်းစားတွေးခေါ် မှတ်ယူရာတွင် တဒင်္ဂ ပါဝင်ပတ်သက်သည်မှာ မှန်ပေ သည်။ သို့သော် အသိပညာနှင့် မှတ်သားရယူသည့် အင်အား၏ အဓိကဌာနချုပ်မှာ နှလုံးသားပင် ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော်တွင် အကြားအာရုံ၊ အမြင်အာရုံနှင့် စဉ်းစားတွေးခေါ် နိုင်သည့် အင်အားများအကြောင်းကို တင်ပြထားသော်လည်း ပြောနိုင်စွမ်းနှင့် နှုတ်အကြောင်းကို တင်ပြ မထားပေ။ အဘယ်ကြောင့်ဆိုသော် ပြောဆိုခြင်းနှင့် ပြောနိုင်စွမ်းရှိခြင်းသည် အသိပညာရရှိမှုတွင် ပါဝင် ပတ်သက်ခြင်း မရှိပေ။ ထိုစွမ်းအားသည် အသိပညာကို ထုတ်ဖော်ရာတွင် သုံးသော အကြောင်းခံတစ်ခုသာ လျှင် ဖြစ်သည်။ ထို့အပြင် အေမာမ်ကုရ်သုဗီ (ရဟ) သခင်က မိန့်ဆိုခဲ့သည်မှာ سَمْعٌ ဟူသော စာသား တွင် ပြောနိုင်စွမ်းသည်လည်း ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကြားနိုင်စွမ်းရှိသူတစ်ဦးသည် ပြောနိုင်စွမ်းလည်း ရှိသည်မှာ အများအသိပင်ဖြစ်သည်။ ဆွံ့အနေသော သူတစ်ယောက်သည် ပြောနိုင်စွမ်း မရှိသကဲ့သို့ ကြားနိုင်စွမ်းလည်း မရှိကြချေ။ ထို့ကြောင့် ၄င်း၏ ပြောနိုင်စွမ်းမရှိခြင်းသည်ပင်လျှင် ကြားနိုင် စွမ်းမရှိသည့်အတွက်ကြောင့်ပင် ဖြစ်နိုင်ပေသည်။ ပြောဆိုခြင်းကို ကြားခြင်းဖြင့် သင်ကြားတတ်မြောက် နိုင်သည့် သဘောဖြစ်သည်။

وَاللّٰهُ جَعَلَ لَكُمْ مِنْ بُيُوْتِكُمْ سَكَنًا

بُيُوْتٌ သည် بَيْتٌ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ညအိပ်တည်းခိုရသော အိမ်ကို بَيْتٌ ဟု ခေါ်သည်။ အေမာမ်ကုရ်သုဗီ (ရဟ) သခင်က မိမိ၏ သဖ်စီးရ်တွင် ရေးသားထားသည်မှာ-

كُلُّ مَاعَلَاكَ فَاَظَلَّكَ فَهُوَ سَقْفٌ وَسَمَاءٌ وَكُلُّ مَا اَقَلَّكَ فَهُوَ اَرْضٌ وَكُلُّ مَا سَتَرَكَ مِنْ جِهَاتِكَ الْاَرْبَعِ فَهُوَجِدَارٌ فَاِذَا انْتَظَمَتْ وَاتَّصَلَتْ فَهُوَ بَيْتٌ

အလိုသဘောမှာ အသင်တို့ ဦးခေါင်းထက် မြင့်သောအရာ၊ ၄င်းနောက် အသင်တို့ကို အရိပ်မိုးပေးသော အရာကို အမိုး (သို့မဟုတ်) မိုးကောင်းကင်ဟု ခေါ်သည်။ အသင်တို့ကို မိမိအပေါ် မ,ယူထားသော အရာကို မြေပထဝီဟု ခေါ်သည်။ လေးဘက်လေးရံမှ အသင်တို့ကို အကာအကွယ်ပြုထားသော အရာကို နံရံဟုခေါ်သည်။ ယင်းအရာများအားလုံး စုစည်းထားသော နေရာကို အိမ် بَيْتٌ ဟု ခေါ်သည်။

နေအိမ်တည်ဆောက်ရသည့် အဓိကရည်ရွယ်ချက်မှာ ကိုယ်စိတ်နှလုံး အေးချမ်းသာယာစေရန်ဖြစ်ခြင်း

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် လူသားတို့ နေထိုင်သည့် အိမ်ကို سَكَنٌ ဟူသော စာသားဖြင့် သုံးနှုန်းကာ နေအိမ်တည်ဆောက်ရသည့် အကြောင်းအရင်းနှင့် အမြော်အမြင်ကို ရှင်းလင်းမိန့်ဆိုထားပေသည်။ ယင်းမှာ ကိုယ်စိတ်နှလုံး အေးချမ်းသာယာစေရန်ဖြစ်သည်။ အများအားဖြင့် လူသားသည် အသက်မွေးဝမ်းကျောင်း ရှာဖွေမှုတို့ကို အိမ်၏ အပြင်တွင် ပြုလုပ်လေ့ရှိသည်။ ယင်းရှာဖွေမှုသည် လူသား၏ လှုပ်ရှားမှုလုပ်ကိုင်မှုကြောင့် ဖြစ်ပေါ်လာလေသည်။ နေအိမ်၏ အဓိကရည်ရွယ်ချက်မှာ လှုပ်ရှားရုန်းကန်မှုများကြောင့် မောပန်းနွမ်းနယ်သွားသောအခါ ပြန်၍ အနားယူရန်ဖြစ်သည်။ တစ်ခါတစ်ရံ လူသားသည် မိမိအိမ်၌လည်း လှုပ်ရှားရုန်းကန်လေ့ ရှိကြသည်။ သို့သော် ယင်းမှာ အလွန်နည်းပါးလေသည်။

ထို့ပြင် အနားယူခြင်းဆိုသည်မှာ စိတ်နှလုံးနှင့် ဦးနှောက်ကို အနားပေးခြင်းဖြစ်သည်။ ယင်းအချက်သည် နေအိမ်တွင်သာ ရရှိနိုင်သည်။ ဤစကားရပ်ကြောင့် သိရှိရသည့် အချက်တစ်ချက်မှာ နေအိမ်၏ ကြီးမားသော ဂုဏ်ဒြပ်သည် ယင်းတွင် အေးချမ်းသာယာမှု ရရှိနိုင်ရမည်။ မျက်မှောက်ခေတ်ကာလတွင် နေအိမ်တိုက်တာ အဆောက်အအုံများ ဆောက်လုပ်ခြင်းသည် အလွန်ပင် အဆင့်မြင့်လှပေသည်။ ယင်းတို့တွင် အပေါ်ယံဆင်မြန်းခြယ်သမှုများကို အတိုင်းထက်အလွန် ပြုလုပ်သုံးစွဲလေ့ရှိကြသည်။ သို့သော် စိတ်နှလုံးနှင့် ကိုယ်ခန္ဓာအေးချမ်းစေနိုင်သော နေအိမ်များမှာမူ အလွန်ပင် နည်းပါးလေသည်။ တစ်ခါတစ်ရံ ဖန်တီးတီထွင်ထားသော အဆောင်အယောင်များပင်လျှင် အေးချမ်းသာယာမှုကို ဖျက်ဆီးပစ်တတ်သည်။ အကယ်၍ ထိုအဆောင်အယောင်များက အေးချမ်းမှုကို မဖျက်ဆီးခဲ့ပါလျှင်လည်း အိမ်တွင် ရှိနေသော သူများက အေးချမ်းမှုကို ဖျက်ဆီးပစ်တတ်သည်။ ဤကဲ့သို့ ခမ်းနားထည်ဝါသော တိုက်တာအဆောက်

အအုံနှင့် ယှဉ်လျှင် ခန္ဓာကိုယ်စိတ်နှလုံးတို့ကို အေးချမ်းမှု ရရှိစေသော တဲပုပ်သည် သာပိုကောင်းမွန်မည် ဖြစ်သည်။

ကျမ်းမြတ်ကုရ်အာန်သည် အရာအားလုံး၏ ဝိညာဉ်နှင့် အဓိကကျသော အချက်ကို တင်ပြလေ့ရှိသည်။ လူသား၏ နေအိမ်နှင့် ပတ်သက်ပြီး အဓိကရည်ရွယ်ချက်နှင့် ကြီးမားသော ရလဒ်အဖြစ် အေးချမ်းမှုကို သတ်မှတ်ထားသည်။ ထိုနည်းတူစွာ အိမ်ထောင်မှု ဘဝသက်တမ်း၏ အဓိကရည်ရွယ်ချက်ကိုလည်း အေးချမ်းသာယာမှုဟူ၍ သတ်မှတ်ထားပေသည်။ ကျမ်းတော်မြတ်တွင် لِتَسۡكُنُوٓاْ إِلَيۡهَا ဟူ၍ မိန့်ဆိုထားတော်မူသည်။ ထိုရည်ရွယ်ချက် မပြည့်ဝသော အိမ်ထောင်မှုဘဝသက်တမ်းသည် အဓိကကျသော အကျိုးကျေးဇူးများမှ လက်မဲ့ဖြစ်နေသည်ဟု ဆိုရပေမည်။ မျက်မှောက်ခေတ်တွင် ထိုအကြောင်းအရာများ၌ ထုံးတမ်းစဉ်လာ အဆောင်အယောင်များနှင့် အစဉ်အလာမဟုတ်သော အဆောင်အယောင်များကို ပြုလုပ်ခြယ်သနေသည်မှာ အတိုင်းထက်အလွန်ပင် ဖြစ်သည်။ ၎င်းနောက် အနောက်တိုင်း ယဉ်ကျေးမှုနှင့် လူနေမှုစနစ်တို့သည် ထိုအကြောင်းအရာတွင် ဆင်ယင်ခြယ်သသော အရာများ မြောက်မြားစွာ ထားရှိထားသော်လည်း ထိုအရာများသည် ခန္ဓာကိုယ်နှင့် စိတ်နှလုံးကို အေးချမ်းသာယာမှုမှ လုံးဝ လက်မဲ့ဖြစ်စေသည်။

مِنۡ جُلُوۡدِ الۡاَ نۡعَامِ ، مِنۡ اَصۡوَا فِهَا وَاَوۡبَارِهَا

ဟူသော စာသားများအရ သိရှိနိုင်သည်မှာ တိရစ္ဆာန်များ၏ သားရေနှင့် အမွေးအမျှင်များကို သုံးစွဲခြင်းသည် လူသားတို့အတွက် 'ဟလာလ်'ဖြစ်သည်။ ထိုသတ္တဝါသည် 'ဇဗာဟ်'ပြုထားသော သတ္တဝါ ဖြစ်ရမည်၊ မဖြစ်ရမည်ဟူသည့် ကန့်သတ်ချက် မပါရှိပေ။ ယင်း၏ အသားသည် 'ဟလာလ်'ဖြစ်ရမည်၊ 'ဟရာမ်'ဖြစ်ရမည်ဟူသော ကန့်သတ်ချက်လည်း မပါရှိပေ။ ထို့ကြောင့် ယင်းသတ္တဝါတို့၏ သားရေကို အခြောက်ခံကာ သုံးစွဲပိုင်ပေသည်။ ၎င်းနောက် အမွေးမျှင်နှင့် သိုးမွေးသည် ထိုသတ္တဝါ၏ သေခြင်းနှင့် မည်သို့မျှ မပတ်သက်သည့်အတွက် ယင်းတို့ကို အခြောက်ခံရန်၊ ဆေးစိမ်ရန် မလိုဘဲ သုံးစွဲခွင့်ရှိသည်။ အေမာမ်အဗူဟနီဖာဟ် (ရဟ) သခင်ကြီး၏ မဒ်ဟဗ်တွင် ဤသို့ပင် ရေးသားထားသည်။ ဝက်သတ္တဝါ၏ သားရေနှင့် ကျန်ရှိအစိတ်အပိုင်းများအားလုံးသည် မည်သည့်အခြေအနေမျိုးတွင်မဆို သန့်ပြန့်မှုမဖြစ်နိုင်သည့်အတွက် သုံးစွဲခွင့်၊ အကျိုးရယူခွင့် မရှိပေ။

سَرَابِيۡلَ تَقِيۡكُمُ الۡحَرَّ

ဤစာပိုဒ်တွင် လူသားတို့၏ အဝတ်အစား၏ အဓိကရည်ရွယ်ချက်မှာ အပူဒဏ်ကို ကာကွယ်ခြင်းဟူ၍ မိန့်ဆိုထားပေသည်။ အမှန်စင်စစ် အဝတ်အစားသည် လူသားကို အပူဒဏ်နှင့် အအေးဒဏ်နှစ်ရပ်စလုံးမှ ကာကွယ်ပေးသည်။ ယင်းနှင့် ပတ်သက်ပြီး အေမာမ်ကုရ်သုဗီ (ရဟ) သခင်နှင့် အခြားသော သဖ်စီးရ်ပညာရှင်များက အဖြေတစ်ခု ပေးထားသည်မှာ ကျမ်းမြတ်ကုရ်အာန်သည် အာရဗီဘာသာဖြင့် ကျရောက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပထမဦးဆုံး မိန့်ဆိုခံရသူများသည် အာရဗ်လူမျိုးများဖြစ်သည်။

ထို့ကြောင့် ဤကျမ်းမြတ်တွင် အာရဗ်လူမျိုးများ၏ ဓလေ့ထုံးစံနှင့် လိုအပ်ချက်များကို ထောက်ထားကာ မိန့်မြွက်တင်ပြထားလေသည်။ အာရဗ်နိုင်ငံသည် အပူပိုင်းဒေသတစ်ခု ဖြစ်သည်။ ထိုနိုင်ငံတွင် ဆီးနှင်းကျခြင်း၊ ချမ်းအေးခြင်းတို့သည် စဉ်းစား၍ပင် မရသော အချက်ဖြစ်သည်။ ထို့ကြောင့် အဝတ်အစားကို အပူဒဏ်မှ ကာကွယ်ရန်ဟူသာ တင်ပြထားခြင်းဖြစ်သည်။ ဇယာနွလ်ကုရ်အာန်ကျမ်းတွင် ဟဇရသ်ထာနဝီ ﷺ သခင်က မိန့်ဆိုခဲ့သည်မှာ ကျမ်းတော်မြတ်တွင် ဤစူရာဟ်၏ အစပိုင်းတွင်ပင် لَكُمْ فِيهَا دِفْءٌ ဟု မိန့်ဆို၍ အဝတ်အစားသည် အအေးဒဏ်မှ ကာကွယ်ရန်နှင့် အပူဓါတ်ရရှိရန်ဟု ဦးစွာပထမ တင်ပြမိန့်ဆိုခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် အပူဒဏ်ကာကွယ်ရန် အကြောင်းကိုသာ တင်ပြထားခြင်းဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَيَوْمَ نَبْعَثُ مِن كُلِّ أُمَّةٍ شَهِيدًا ثُمَّ لَا
يُؤْذَنُ لِلَّذِينَ كَفَرُوا وَلَا هُمْ يُسْتَعْتَبُونَ ﴿٨٤﴾

၁၆ : ၈၄ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်၊ အသင်သည် မိမိ၏ အမျိုးသားတို့အား) အကြင်နေ့ (၏ အကြောင်း) ကို (ပြောပြပါလေ။) ငါအသျှင်မြတ်သည် (ထိုနေ့တွင်) သာသနာဝင် အုပ်စုတိုင်းမှ သက်သေတစ်ဦးကို ထူတော်မူမည်။ ထို့နောက် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အဖို့ (အကြောင်းပြနိုင်ရန်) ခွင့်ပြုခြင်းကိုလည်း ခံရမည်မဟုတ်ပေ။ ထို့ပြင် ၎င်းသွေဖည်ငြင်းပယ်သော သူတို့သည် ကျေရာကျေကြောင်း ပြုလုပ်ရန် တောင်းဆိုခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။

وَإِذَا رَأَى الَّذِينَ
ظَلَمُوا الْعَذَابَ فَلَا يُخَفَّفُ عَنْهُمْ وَلَا هُمْ يُنظَرُونَ ﴿٨٥﴾

၁၆ : ၈၅ ။ ။ ထို့ပြင် မတရား ပြုလုပ်ခဲ့ကြကုန်သော သူတို့သည် ပြစ်ဒဏ်ကို မြင်ကြသောအခါ ၎င်းတို့အပေါ်မှ (ပြစ်ဒဏ်သည်) ပေါ့လျော့သွားမည်လည်း မဟုတ်ပေ။ ထိုနည်းတူစွာ ၎င်းတို့သည် (ပြစ်ဒဏ်အား အချိန်အနည်းငယ်မျှပင်) ရွှေ့ဆိုင်းခြင်းကိုလည်း ခံကြရမည် မဟုတ်ပေ။

وَإِذَا رَأَى الَّذِينَ أَشْرَكُوا شُرَكَاءَهُمْ قَالُوا رَبَّنَا هَٰؤُلَاءِ
شُرَكَاؤُنَا الَّذِينَ كُنَّا نَدْعُو مِن دُونِكَ ۖ فَأَلْقَوْا
إِلَيْهِمُ الْقَوْلَ إِنَّكُمْ لَكَاذِبُونَ ﴿٨٦﴾

၁၆ : ၈၆ ။ ။ ထို့ပြင် (အခြားအရာများကို အလ္လာဟ်အသျှင်မြတ်နှင့်) တွဲဖက်နိုင်းယှဉ်ကိုးကွယ်ခဲ့ကြသော သူတို့သည် မိမိတို့ တွဲဖက်နိုင်းယှဉ်ကိုးကွယ်ကြသည်တို့ကို တွေ့မြင်ကြသောအခါ (အသျှင်မြတ်ထံတော်၌) 'အို၊ ကျွန်တော်မျိုးတို့အား

ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ဤသည်တို့ပင် ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အား စွန့်၍ ဟစ်ခေါ်တမ်းတခဲ့ကြသော ကျွန်တော်မျိုးတို့၏ တွဲဖက်များ ဖြစ်ကြပါသည်' ဟု လျှောက်ထားကြပေမည်။ ထိုအခါ ယင်းတွဲဖက် ယှဉ်ဖက်များသည် ထိုသူတို့ဘက်သို့ စကားကို လှည့်ပစ်၍ 'စေကန်အမှန် အသင်တို့သည် မုသားဝါဒီများပင် ဖြစ်ကြကုန်သည်' ဟု ပြောဆိုကြပေမည်။

وَأَلْقَوْا إِلَى اللَّهِ
يَوْمَئِذٍ السَّلَمَ وَضَلَّ عَنْهُم مَّا كَانُوا يَفْتَرُونَ ﴿٨٧﴾

၁၆ : ၈၇ ။ ။ ၄င်းပြင် ထိုသူတို့သည် ထိုနေ့တွင် (နာခံမှုကို ပြသရန်အလို့ငှာ) အလ္လာဟ်အသျှင်မြတ်ထံတော်သို့ အမိန့်တော်ကို လိုက်နာရန် ကမ်းလှမ်းကြပေမည်။ ထို့ပြင် (လောကီဘဝ၌) ၄င်းတို့ ကြံဖန်လီဆယ်လေ့ ရှိခဲ့ကြသည်များသည် ၄င်းတို့ထံမှ ပျောက်ပျက်၍ သွားပေမည်။

الَّذِينَ كَفَرُوا وَصَدُّوا عَن سَبِيلِ اللَّهِ زِدْنَاهُمْ عَذَابًا
فَوْقَ الْعَذَابِ بِمَا كَانُوا يُفْسِدُونَ ﴿٨٨﴾

၁၆ : ၈၈ ။ ။ အကြင်သူတို့သည် (မိမိတို့ကိုယ်တိုင်) သွေဖည်ငြင်းပယ်ခဲ့ကြသည့်အပြင် (သူတစ်ပါးတို့ကိုလည်း) အလ္လာဟ်အသျှင်မြတ်၏ လမ်းစဉ်မှ တားဆီးခဲ့ကြကုန်၏။ ငါအသျှင်မြတ်သည် ထိုသူတို့အား ၄င်းတို့သည် (လူ့လောက၌) ဖျက်ဆီးလေ့ရှိခဲ့ကြသောကြောင့် ပြစ်ဒဏ်တစ်မျိုးပေါ်၌ ပြစ်ဒဏ်တစ်မျိုးကို ထပ်တိုးစေတော်မူပေမည်။

وَيَوْمَ نَبْعَثُ فِي كُلِّ
أُمَّةٍ شَهِيدًا عَلَيْهِم مِّنْ أَنفُسِهِمْ وَجِئْنَا بِكَ شَهِيدًا
عَلَىٰ هَٰؤُلَاءِ وَنَزَّلْنَا عَلَيْكَ الْكِتَابَ تِبْيَانًا لِّكُلِّ شَيْءٍ وَ
هُدًى وَرَحْمَةً وَبُشْرَىٰ لِلْمُسْلِمِينَ ﴿٨٩﴾

၁၆ : ၈၉ ။ ။ တစ်ဖန် (အို၊ နဗီတမန်တော်၊ အသင်သည် မိမိ၏ အမျိုးသားတို့အား) အကြင်နေ့ (၏ အကြောင်း) ကို (ပြောပြပါလေ။) ငါအသျှင်မြတ်သည် (ထိုနေ့တွင်) သာသနာဝင်အုပ်စုတိုင်း၌ ၄င်းတို့နှင့် ဆန့်ကျင်၍ ၄င်းတို့အနက်မှပင် သက်သေတစ်ဦးကျစီ ထုတော်မူမည်။ ထို့ပြင် ငါအသျှင်မြတ်သည် အသင် (မိုဟမ္မဒ်) အား ဤသူတို့နှင့် ဆန့်ကျင်၍ သက်သေအဖြစ် ခေါ်ယူတော်မူမည်။ စင်စစ် ငါအသျှင်မြတ်သည် (ယင်းသက်သေထွက်ဆိုနိုင်ရေးအတွက်) အသင်၏ အပေါ်၌ ဤ (ကုရ်အာန်) ကျမ်းတော်မြတ်ကို အကြောင်းအရာ ခပ်သိမ်းတို့၏ ရှင်းလင်းချက်အဖြစ်လည်းကောင်း၊ (မွတ်စလင်မ်) အမိန့်တော်ကို လိုက်နာသူတို့အဖို့ တရားလမ်းညွှန်အဖြစ်လည်းကောင်း၊ ကရုဏာတရားအဖြစ်လည်းကောင်း ဝမ်းမြောက်ဖွယ်သတင်းအဖြစ်လည်းကောင်း ချပေးသနားတော်မူခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငှင်းနောက် (ထိုနေ့သည် မှတ်သားဖွယ်ရာ ဖြစ်သည်။) အကြင်နေ့တွင် ငါအသျှင်မြတ်သည် အုပ်စုတိုင်းအုပ်စုတိုင်းမှ သက်သေတစ်ဦးစီကို (အုပ်စုတိုင်း၏ တမန်တော်များကို) သက်သေပြုစေမည်။ (၎င်းသက်သေတို့သည် မိမိအုပ်စု၏ မကောင်းသော လုပ်ရပ်များနှင့် ပတ်သက်ပြီး သက်သေထွက်လိမ့်မည်။) တစ်ဖန် ထိုကာဖိရ်များကို (အကြောင်းအမျိုးမျိုးပြရန်) အခွင့်ပေးလိမ့်မည်မဟုတ်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ် နှစ်မြို့မှုရရှိစေရန် လျှောက်ထားခွင့်လည်း ပေးမည်မဟုတ်။ (ဆိုလိုသည်မှာ ၎င်းတို့ကို အသင်တို့ 'သောင်ဗာဟ်'ပြု၍သော်လည်းကောင်း၊ 'အမလ်'ကျင့်ကြံမှုတစ်ခုခု ပြုကျင့်၍သော်လည်းကောင်း အလ္လာဟ်အသျှင်မြတ်ကို နှစ်သက်သဘောတူအောင် ပြုလုပ်ကြလောဟူ၍ အခွင့်အရေးလည်း ပေးမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် တမလွန်ဟူသည်မှာ အစားပေးသောနေရာ ဖြစ်သည်။ ကျင့်ကြံအားထုတ်ရမည့်နေရာမဟုတ်ပေ။) ၎င်းနောက် ညှဉ်းပန်းနှိပ်စက်သူတို့သည် (ဆိုလိုသည်မှာ ကာဖိရ်တို့သည်) 'အဇာဗ်' ပြစ်ဒဏ်ကို တွေ့မြင်ကြရသောအခါ (ဆိုလိုသည်မှာ ပြစ်ဒဏ်သင့်ကြသောအခါ) ထိုပြစ်ဒဏ်ကို ၎င်းတို့အတွက် အနည်းငယ်မျှပင် လျှော့ပေါ့ပေးလိမ့်မည်လည်း မဟုတ်ပေ။ (ဆိုလိုသည်မှာ 'အဇာဗ်'ကို ရက်အနည်းငယ်မျှပင် ဆိုင်းငံ့ထားမည် မဟုတ်ပေ။) ၎င်းနောက် မုရှ်ရစ်ကင်များသည် မိမိတို့၏ ဘုဖက်နှိုင်းယှဉ်ခဲ့သော (အသျှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခဲ့သော) အရာများကို တွေ့မြင်ကြလျှင် (အပြစ်ကို ဝန်ခံသောအနေနှင့်) ပြောဆိုကြလိမ့်မည်။ အို့၊ ကျွန်ုပ်တို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်ုပ်တို့ ဘုဖက်နှိုင်းယှဉ် ကိုးကွယ်ခဲ့သော အရာများသည် ဤအရာများပင် ဖြစ်သည်။ အသျှင်မြတ်ကို စွန့်လွှတ်ကာ ထိုအရာများကို ကျွန်ုပ်တို့ ကိုးကွယ်ခဲ့ကြသည်။ သို့ရှိရာ ထို (ဘုဖက်နှိုင်းယှဉ်ခြင်း ခံရသော အရာများသည် မိမိတို့အပေါ် အပြစ်ပုံချခံရမည်ကို စိုးရိမ်ကြောက်ရွံ့ကာ) စကားကို ထိုကာဖိရ်များဘက်သို့ လှည့်၍ အသင်တို့သည် လိမ်လည်သူများဖြစ်သည်ဟု ပြောဆိုကြမည်။ (ဘုဖက်နှိုင်းယှဉ်ခံရသူတို့၏ အဓိကဆိုလိုရင်းမှာ ကျွန်ုပ်တို့နှင့် အသင်တို့သည် မည်သို့မျှ ပတ်သက်မှု မရှိခဲ့ပေဟု ဆိုကာ လွတ်လမ်းရှာလိမ့်မည်။ ၎င်းတို့၏ ဆိုလိုရင်းမှာ မှန်ကန်သည်လည်း ရှိမည်။ ဥပမာ- ထိုသူတို့သည် အသျှင်မြတ်လက်ခံ နှစ်သက်သော ကောင်းကင်တမန်များနှင့် နဗီတမန်တော်များဖြစ်လျှင် တင်ပြချက်သည် မှန်ကန်ပေသည်။

بَلْ كَانُوا يَعْبُدُونَ الْجِنَّ

၎င်းနောက် ဆိုလိုရင်း မှားယွင်းသည်လည်း ရှိမည်။ ဥပမာ- အထက်ပါစကားကို ရှိုက်သွာန်များက ပြောဆိုခဲ့ပါသော် ဆိုလိုရင်းကို အမှားအမှန် မခွဲခြားနိုင်သည်လည်း ရှိလိမ့်မည်။ ဥပမာ- အထက်ပါစကားကို ရုပ်တုများနှင့် သစ်ပင် စသည့်အရာများက ပြောဆိုခဲ့ပါသော်) ၎င်းနောက် ထိုမုရှ်ရစ်ကင်နှင့် ကာဖိရ်များသည် ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်၌ အမိန့်နာခံသော စကားများသည် (ထိုအချိန်တွင်) ကွယ်ပျောက်သွားကြလိမ့်မည်။ (၎င်းနောက် ထိုသူတို့အနက်မှ) အကြင်သူတို့သည် (ကိုယ်တိုင်လည်း)

ကုဖွရ်လုပ်ရပ်များကို ပြုလုပ်ကြသည်။ (၎င်းနောက် အခြားသူများကိုလည်း) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ (သာသနာတော်မှ) တားမြစ်ခဲ့ကြသည်။ ငါအသျှင်မြတ်သည် ထိုသူတို့အတွက် အပြစ်တစ်ခု (ကုဖွရ်ငြင်းဆန်ခြင်းကြောင့် ချမှတ်မည်။) ထပ်မံကာ အခြားပြစ်ဒဏ်တစ်ခုကို ၎င်းတို့၏ ပြဿနာ ဖန်တီးမှုများကြောင့် (အသျှင်မြတ်၏လမ်းတော်သို့ သွားရန် တားမြစ်ခြင်းကြောင့်) တိုးမြှင့်သတ်မှတ်မည်။ ၎င်းနောက် (ထိုနေ့သည်လည်း မှတ်သားဖွယ်နှင့် လူအများ ကြောက်ရွံ့ဖွယ်ရာနေ့တစ်နေ့ဖြစ်သည်။) အကြင်နေ့တွင် ငါအသျှင်မြတ်သည် အုပ်စုတိုင်းအတွက် ယင်းအုပ်စုမှပင် သက်သေတစ်ဦးစီကို ၎င်းတို့ နှင့် ရင်ဆိုင်ရှင်းလင်းရန် သတ်မှတ်တော်မူမည်။ (အုပ်စုတိုင်းမှ နဗီများကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းနောက် ယင်းအုပ်စုမှပင် ဟူသည့် အလိုသဘောမှာ အံ့ဩဖွယ်အမျိုးမျိုး ဖြစ်နိုင်သည်။ ထိုနဗီသည် ယင်းအုပ်စုနှင့် မျိုးနွယ်စုတူသည် ဟုလည်း အဓိပ္ပာယ်ရသည်။ ၎င်းနောက် နေထိုင်ရာနေရာဒေသ တူသည်ဟူ၍လည်း အဓိပ္ပာယ်ရသည်။) ၎င်းနောက် ထိုသူတို့နှင့် ရင်ဆိုင်ဖြေရှင်းရန် အသင်တမန်တော်ကိုလည်း ခေါ်ယူတော်မူမည်။

(၎င်းနောက် ကိုယ်တော်မြတ်၏ သက်သေပေးခြင်း သတင်းအရ ကိုယ်တော်မြတ် ﷺ ၏ ရစူလ်ဖြစ်ခြင်းသတင်းကို သိရှိနိုင်သည်။ ထိုရစူလ်ဖြစ်ခြင်း၏ အထောက်အထားတစ်ရပ်မှာ) ငါအသျှင်မြတ်သည် တမန်တော်အပေါ်သို့ ကျမ်းမြတ်ကုရ်အာန် ချပေးတော်မူသည်။ အကြင် (ကျမ်းတော်မြတ်သည် ရစူလ်တစ်ပါးအတွက် အဓိကအရေးကြီးလိုအပ်သော 'မုအ်ဂျိဇာဟ်'တော်တစ်ရပ် ဖြစ်သည့်အပြင် ထိုကောင်းကျိုးများနှင့်လည်း ပြည့်နှက်နေသော ကျမ်းဖြစ်သည်။ ၎င်းတို့မှာ) အလုံးစုံသော (သာသနာ၏) စကားရပ်ကို (လူအများအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ) တင်ပြနေပေသည်။ ၎င်းနောက် မွတ်စ္စလင်မ် တို့အတွက် (အထူး) ကြီးမားသော လမ်းမှန်ပြသူ၊ ၎င်းနောက် မဟာကရုဏာတော်နှင့် (အီမာန်ရှိသူများကို) သတင်းကောင်းပါးမည့်သူ ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

وَنَزَّلْنَا عَلَيْكَ الْقُرْآنَ تِبْيَانًا لِّكُلِّ شَيْءٍ

ဤအာယသ်တော်တွင် ကျမ်းတော်မြတ်ကုရ်အာန်ကို အရာခပ်သိမ်းကို ရှင်းလင်းတင်ပြသူဟူ၍ မိန့်ဆိုထားသည်။ အလိုသဘောမှာ သာသနာရေးရာနှင့် ပတ်သက်သော အရာများနှင့် စကားရပ်များကို ဆိုလိုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ဝဟီ'ကျရောက်ခြင်း၊ နဗီတမန်တော်များ စေလွှတ်ခြင်းတို့၏ အဓိကရည်ရွယ်ချက်မှ ထိုသာသနာရေးရာများနှင့်ပင် ပတ်သက်သည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းသော ပညာရပ်များနှင့် အခက်အခဲများကို ကျမ်းမြတ်ကုရ်အာန်တွင် ရှာဖွေခြင်းမှာ မှားယွင်းသော လုပ်ရပ်ဖြစ်သည်။ အကယ်၍ ကျမ်းတော်မြတ်တွင် စကားဆက်စပ်မှုကြောင့် ထိုအကြောင်းအရာများ ပါလာလျှင်လည်း သာသနာရေးရာ တင်ပြချက်ဟူသည့် မူဝါဒနှင့် ဆန့်ကျင်မှု မရှိပေ။ တစ်ဖန် ကျမ်းတော်မြတ်တွင် သာသနာရေးရာနှင့် ပတ်သက်သည့် အကြောင်းအရာအားလုံး တင်ပြထားခြင်းလည်း မရှိဘဲ

تِبۡيَانًا لِّكُلِّ شَىۡءٍ

ဟု မိန့်ဆိုခြင်းသည် မည်သို့ မှန်ကန်နိုင်မည်နည်းဟု မေးခွန်းထုတ်ခဲ့သော် အဖြေမှာ ဤသို့ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် သာသနာရေးရာနှင့် ပတ်သက်သော အကြောင်းအရာအားလုံး၏ အခြေခံမှုများ ပါရှိသည်။ ထိုမှုများကို တမန်တော်မြတ် ﷺ ၏ ဩဝါဒတော်များက အကျယ်တဝင့် ရှင်းလင်းဖွင့်ဆိုခြင်းဖြစ်သည်။ ၄င်းနောက် အချို့ရှင်းလင်းချက်များကို 'အစ်ဂျ်မအ်' နှင့် ရှရီအသ်ဘောင်အတွင်းမှ 'ကယားစ်' ပြုခြင်းတို့က ဆက်လက်၍ ရှင်းလင်းဖွင့်ဆိုသည်။ ထို့ကြောင့် သိရှိရသည်မှာ တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များနှင့် 'အစ်ဂျ်မအ်'၊ 'ကယားစ်' တို့မှ ရှင်းလင်းတင်ပြထားသော ဓမ္မသတ်များသည်လည်း တစ်နည်းအားဖြင့် ကျမ်းတော်မြတ်ကုရ်အာန်၏ ရှင်းလင်းတင်ပြချက်များ ဖြစ်ပေသည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

إِنَّ ٱللَّهَ يَأۡمُرُ
بِٱلۡعَدۡلِ وَٱلۡإِحۡسَٰنِ وَإِيتَآيِٕ ذِي ٱلۡقُرۡبَىٰ وَيَنۡهَىٰ عَنِ
ٱلۡفَحۡشَآءِ وَٱلۡمُنكَرِ وَٱلۡبَغۡيِۚ يَعِظُكُمۡ لَعَلَّكُمۡ تَذَكَّرُونَ ۝٩٠

၁၆ : ၉၀ ။ ။ စေကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တရားမျှတရန်လည်းကောင်း၊ ကောင်းမွန်စွာ ကျင့်မူဆက်ဆံရန်လည်းကောင်း၊ ဆွေမျိုးသားချင်းတို့ကို ထောက်ပံ့ရန်လည်းကောင်း အမိန့်ပေးတော်မူလေသည်။ ၄င်းပြင် ထိုအရှင်မြတ်သည် ထင်ရှားစွာသော စက်ဆုပ်ရွံရှာဖွယ်ရာများမှလည်းကောင်း၊ မကောင်းမှုများမှလည်းကောင်း၊ မတရားကျူးလွန်မှုများမှလည်းကောင်း တားမြစ်တော်မူလေသည်။ ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့ သတိရကြရန်အလို့ငှာ သတိပေးနှိုးဆော်တော်မူလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မှချစေကန် အလ္လာဟ်အရှင်မြတ်သည် (ကျမ်းတော်မြတ်ကုရ်အာန်တွင်) သမာသမတ်ရှိရန် ၄င်းနောက် ကောင်းကျိုးပြုရန်၊ ၄င်းနောက် ဆွေမျိုးသင်္ဂဟများကို ပေးကမ်းစွန့်ကြဲရန် မိန့်တော်မူလေသည်။ ၄င်းနောက် ထင်ရှားသော မကောင်းမှုနှင့် မထင်ရှားသော မကောင်းမှု၊ ၄င်းနောက် (တစ်ဦးတစ်ယောက်ကို) ညှဉ်းပန်းနှိပ်စက်မှု (၄င်းနောက် အတိုင်းထက်အလွန်) ပြုခြင်းတို့မှ တားမြစ်ထားလေသည်။ (အထက်ပါညွှန်ကြားမှုများနှင့် တားမြစ်မှုများတွင် ကောင်းကျိုးကျင့်ကြံခြင်းများနှင့် မကောင်းမှု ရှောင်ရှားခြင်းဟူသမျှတို့ ပါဝင်သွားလေသည်။ ထိုပြည့်စုံသော တင်ပြချက်များကြောင့် ကျမ်းမြတ်ကုရ်အာန်သည် تِبۡيَانًا ဖြစ်ခြင်းမှာ ပေါ်လွင်နေပေသည်။ ၄င်းနောက်) အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကို (တင်ပြပါအမိန့်များကို)

ကြားနာစေသည့် အကြောင်းအရင်းမှာ အသင်တို့ ဆုံးမဩဝါဒကို လက်ခံနိုင်ရန် ဖြစ်သည်။ (၄င်းနောက် ကျင့်ကြံနိုင်ရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းတော်မြတ်၏ هُدًى လမ်းမှန်ပြခြင်း၊ رحمت ကရုဏာတော်ဖြစ်ခြင်း၊ بشرى သတင်းကောင်းပါးခြင်းတို့သည် ထိုအချက်အပေါ်၌သာလျှင် မူတည် လေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်သည် ကျမ်းမြတ်ကုရ်အာန်၏ အနက်အဓိပ္ပာယ် အပြည့်ဝဆုံးသော အာယသ်တော် တစ်ပိုဒ်ဖြစ်သည်။ ယင်းအာယသ်တော်တွင် အစ္စလာမ်သာသနာ၏ သင်ခန်းစာအားလုံးကို အနည်းငယ်မျှ သော စာသားများဖြင့် တင်ပြထားလေသည်။ ထို့ကြောင့် ရှေးယခင်သာဝကကြီးများ လက်ထက်မှစ၍ ယနေ့ထက်တိုင် 'ဂျုမုအာဟ်ခွသ်ဗာဟ်' နှင့် 'အီးဒ်ခွသ်ဗာဟ်' များ၏ အဆုံးတွင် ဤအာယသ်တော်ကို ဖတ်ရွတ်လေ့ရှိကြသည်။ အဗ်ဒုလ္လာဟ်ဗင်နုမတ်စ်ဆူးဒ် ﷺ သခင်ကြီးက မိန့်ဆိုသည်မှာ ကျမ်းမြတ်ကုရ်အာန် တွင် အဓိပ္ပာယ်အပြည့်ဝဆုံး အာယသ်တော်မှာ စူရာဟ်နဟဲလ်၏ ဤအာယသ်တော်ပင် ဖြစ်သည်။

اِنَّ اللّٰهَ يَاْمُرُ بِالْعَدْلِ ـ الخ

[အိဗ်နေကစီးရ်ကျမ်း]

၄င်းနောက် အတ်ကဲစမ် ဗင်နစ္စိုင်ဖီ ﷺ သခင်သည် ဤအာယသ်တော်ကိုပင် အကြောင်းခံ၍ အစ္စလာမ်သာသနာတော်သို့ ဝင်ရောက်ခဲ့သည်။ အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် ဟာဖီဇေဟဒီးစ် အဗူယအ်လား (ရဟ) သခင်ကြီး၏ ရေးသားထားသော 'မအ်ရိဖသ္ဂတ်စ်ဆွဟာဗာ' ကျမ်းတွင် စနဒ်နှင့်တကွ ဤအကြောင်းအရာကို ဆင့်ပြန်ကိုးကားထားသည်မှာ အတ်ကဲစမ်ဗင်နစ္စိုင်ဖီ ﷺ သခင်ကြီးသည် မိမိမျိုးနွယ် စု၏ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၄င်းသည် တမန်တော်မြတ် ﷺ ၏ နဗီဖြစ်ခြင်းအကြောင်းနှင့် အစ္စလာမ် သာသနာကို ဖြန့်ချိသည့်အကြောင်း သတင်းရရှိခဲ့သောအခါ တမန်တော်မြတ် ﷺ ၏ ထံပါးသို့ အခစားဝင်ရန် ဆန္ဒပြုခဲ့လေသည်။ သို့သော် မျိုးနွယ်ဝင်များက ၄င်းကို ပြောဆိုကြသည်။ အသင်သည် ကျွန်ုပ်တို့အားလုံး၏ အကြီးအကဲတစ်ဦးဖြစ်သည်။ အသင်ကိုယ်တိုင် သွားရောက်ခြင်းသည် မသင့်တော်ပေ။ အတ်ကဲစမ် ﷺ သခင် က ပြောဆိုသည်မှာ 'ဟုတ်မှန်ပေသည်။ မျိုးနွယ်စုမှ လူနှစ်ဦးကို ထိုနေရာသို့သွားရန် ရွေးချယ်ကြလော့။ ၄င်းနောက် အခြေအနေအရပ်ရပ်ကို လေ့လာ၍ ကျွန်ုပ်ထံ တင်ပြကြလော့။ ထိုသူနှစ်ဦးသည် တမန်တော် မြတ် ﷺ ၏ ထံတော်ပါးသို့ ရောက်ရှိကာ လျှောက်ထားကြလေသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် အတ်ကဲစမ်ဗင်နစ္စိုင်ဖီဘက်မှ အကြောင်းအရာနှစ်ခုကို မေးမြန်းစုံစမ်းရန် ရောက်ရှိလာကြခြင်း ဖြစ်သည်။ အတ်ကဲစမ်၏ မေးခွန်းနှစ်ခုမှာ 'အသင်သည် မည်သူနည်း။ မည်သို့နည်း။' တမန်တော်မြတ် ﷺ က မိန့်ကြား ခဲ့လေသည်။ ပထမမေးခွန်း၏ အဖြေမှာ 'ကျွန်ုပ်သည် မိုဟမ္မဒ်ဗင်နအဗ်ဒုလ္လာဟ် ဖြစ်သည်။' ၄င်းနောက် ဒုတိယမေးခွန်း၏ အဖြေမှာ 'ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးကျွန်နှင့် ထိုအသျှင်မြတ်၏ တမန်

တော်ဖြစ်လေသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် ‘စူရာဟ်နဟ်လ်’၏ ဤအာယသ်တော်ကို ဖတ်ရွတ်ကြလေသည်။

اِنَّ اللهَ يَأْمُرُ بِالْعَدْلِ وَالْاِحْسَانِ

ထိုသံတမန်နှစ်ဦးက လျှောက်ထားကြသည်မှာ ‘ယင်းစာပိုဒ်ကို ကျွန်ုပ်တို့အား တစ်ဖန်ပြန်၍ ရွတ်ဆိုပြပါ။’ တမန်တော်မြတ် ﷺ သည် ယင်းအာယသ်တော်ကို အကြိမ်ကြိမ်ရွတ်ဆိုလျက်နှင့်ပင် ထိုသံတမန်နှစ်ဦးသည် အတ်ကဲစမ်ဗင်န်စွိုင်ဖီထံသို့ ပြန်လည်ရောက်ရှိလာသောအခါ တင်ပြကြသည်မှာ ‘ကျွန်ုပ်တို့သည် ပထမမေးခွန်းဖြင့် မိုဟမ္မဒ် ﷺ ၏ မျိုးရိုးစဉ်ဆက်ကို မေးမြန်းခဲ့ခြင်းဖြစ်သည်။ သို့သော် တမန်တော်မြတ် ﷺ သည် ထိုစကားရပ်ကို အလေးမထားခဲ့ပေ။ မိမိ၏ ဖခင်အမည်ကိုသာ တင်ပြကာ အဆုံးသတ်လိုက်သည်။ သို့သော် ကျွန်ုပ်တို့သည် အခြားသူများထံမှ တမန်တော်မြတ်ကြီး ﷺ ၏ မျိုးရိုးစဉ်ဆက်ကို စုံစမ်းကြည့်သောအခါမှ တမန်တော်မြတ်ကြီးသည် မြင့်မြတ်ဂုဏ်ရှိသော မျိုးရိုးစဉ်ဆက်မှ ဆင်းသက်လာသူဖြစ်ကြောင်း သိရှိခဲ့ရသည်။’ ၎င်းတို့က ဆက်လက်တင်ပြသည်မှာ ‘မိုဟမ္မဒ်သည် ကျွန်ုပ်တို့ကို စာပိုဒ်အချို့ ရွတ်ဆိုပြခဲ့သည်။ ယင်းကို ကျွန်ုပ်တို့ ရွတ်ဆိုပြမည်။’ ထိုသံတမန်နှစ်ဦးသည် တင်ပြပါအာယသ်တော်ကို အတ်ကဲစမ်ဗင်န်စွိုင်ဖီအား ရွတ်ဆိုပြခဲ့သည်။ အာယသ်တော်ကို ကြားသည်နှင့် တစ်ပြိုင်နက် အတ်ကဲစမ် رضي الله عنه သခင်က ပြောကြားခဲ့သည်မှာ ‘ထိုတမန်တော်သည် ‘မြင့်မြတ်သော ကိုယ်ကျင့်တရားများကို ပြုကျင့်ရန် ညွှန်ကြားနေသည်’ဟု ကျွန်ုပ်ယူဆသည်။ ၎င်းနောက် ယုတ်ညံ့သော ကိုယ်ကျင့်တရားများမှ တားမြစ်ထားသည်။ ထို့ကြောင့် အသင်တို့သည် ထိုသာသနာသို့ အလျင်အမြန် ဝင်ရောက်ကြကုန်။ သို့မှသာ အသင်တို့သည် အခြားသူများထက် လက်ဦးမှုရမည်ဖြစ်သည်။ နောက်မှလိုက်သောသူများ မဖြစ်ကြလေနှင့်။’

[အိဗ်နေကစီးရ်ကျမ်း]

ထိုနည်းတူစွာ ဟဇရသ်အွတ်စ်မာန်ဗင်န်မဇ်အူးန် رضي الله عنه သခင်က မိန့်ဆိုခဲ့လေသည်။ ကျွန်ုပ်သည် အစပထမတွင် လူအများ၏ ပြောဆိုမှုကြောင့် ရှက်ကြောက်၍ အစ္စလာမ်သာသနာကို လက်ခံခဲ့လေသည်။ သို့သော် ကျွန်ုပ်၏ နှလုံးသားတွင် အစ္စလာမ်သာသနာသည် ခိုင်မြဲမှု မရှိခဲ့ပေ။ ထိုကဲ့သို့နေရင်းပင် တစ်နေ့သ၌ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးတွင် ရှိနေစဉ် ရုတ်တရက် ကိုယ်တော်အပေါ်သို့ ‘ဝဟီ’ကျရောက်ခြင်း နိမိတ်လက္ခဏာများ ပေါ်လွင်လာခဲ့သည်။ ထူးခြားသော ဖြစ်ရပ်အချို့ မြင်တွေ့ရပြီးနောက် တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ ‘အလ္လာဟ်အသျှင်မြတ်၏ စေတမန် ကျွန်ုပ်ထံသို့ ရောက်ရှိလာခဲ့သည်။ ၎င်းနောက် ဤအာယသ်တော်ကို ကျွန်ုပ်အပေါ်သို့ ချပေးခဲ့သည်။ ဟဇရသ်အွတ်စ်မာန်ဗင်န်မဇ်အူးန် رضي الله عنه သခင်က မိန့်တော်မူသည်မှာ ထိုအကြောင်းအရာကို မြင်တွေ့ပြီး၊ ၎င်းနောက် ထိုအာယသ်တော်ကို ကြားနာပြီး ကျွန်ုပ်၏ နှလုံးသားတွင် အီမာန်ခိုင်မြဲသွားလေသည်။ ၎င်းနောက် တမန်တော်မြတ် ﷺ ၏ ချစ်စိတ်သည်လည်း ကျွန်ုပ်၏ နှလုံးသားတွင်းဝယ် ကိန်းအောင်းသွားလေသည်။ (အိဗ်နေကစီးရ်ကျမ်းရှင်က ဤအကြောင်းအရာကို ဆင့်ပြန်၍ ယင်း၏ စနဒ်အထောက်အထားများ ခိုင်မာသည်ဟု တင်ပြထားလေသည်။)

၎င်းနောက် တမန်တော်မြတ် ﷺ သည် ဤအာယသ်တော်ကို ဝလီးဒ်ဗင်နမ်ဂီရာ ﷺ သခင်၏ ရှေ့တွင် ဖတ်ရွတ်ခဲ့သောအခါ ၎င်းသည် ထိုအာယသ်တော်၏ စူးရှထိရောက်မှုကြောင့် မိမိ၏ ကိုရိုက်ရှ်မျိုးနွယ်ဝင်များရှေ့တွင် ဤသို့ ပြောကြားလေသည်။

والله انّ له لحلاوة وانّ عليه لطلاوة وانّ اصله لمارق واعلاه لمثمر وماهو بقول بشر

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ထိုကျမ်းတော်တွင် ချိုမြိန်မှုရှိသည်။ ထိုကျမ်းအပေါ်ဝယ် ထူးခြားသော လင်းဝင်းတောက်ပမှုတစ်မျိုး ရှိသည်။ ယင်း၏ အမြစ်မှ အကိုင်းအခက်များနှင့်ထွက်ပေါ်လာလိမ့်မည်။ ယင်းအကိုင်းအခက်များမှ အသီးများ ဝေဆာလာလိမ့်မည်။ ဤအာယသ်တော်များသည် မည်သည့်လူသားတစ်ဦးဦး၏ စကားများ အလျဉ်း မဖြစ်နိုင်ပေ။

ပညတ်ချက်သုံးမျိုးနှင့် တားမြစ်ချက်သုံးမျိုး

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် သုံးမျိုးသော အရာကို အမိန့်ပေးထားလေသည်။ သမာသမတ်ရှိမှု၊ ကောင်းကျိုးပြုမှုနှင့် ဆွေမျိုးသင်္ဂဟများကို ပေးကမ်းစွန့်ကြဲမှုများ ဖြစ်သည်။ သုံးခုသောအရာများကို တားမြစ်ထားလေသည်။ ရှက်ဖွယ်ကိစ္စရပ်များ၊ မကောင်းသော လုပ်ရပ်များနှင့် ညှဉ်းပန်းနှိပ်စက်မှု အတိုင်းထက်အလွန်ပြုမှုများ ဖြစ်သည်။ ထိုစကားရပ်ခြောက်မျိုးနှင့် ပတ်သက်သော ရှရီအသ်ပညတ်ချက်များနှင့် အလိုသဘောကို ဆက်လက်ရှင်းလင်းတင်ပြမည်။

عدل ဤစာသား၏ အဘိဓါန်အဓိပ္ပာယ်မှာ ညီမျှခြင်းဖြစ်သည်။ ဤအဓိပ္ပာယ်နှင့်သာ စပ်လျဉ်း၍ အာဏာပိုင်တို့သည် အများပြည်သူ၏ အမှုအခင်းများတွင် တရားမျှတစွာ ဆုံးဖြတ်ခြင်းကို عدل ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်တွင် လာရှိသော အာယသ်တော်တွင်

اَنْ تَحْكُمُوا بِالعدل

ဤသို့ပင် အဓိပ္ပာယ်ဖော်ဆောင်ထားသည်။ ၎င်းနောက် عدل ဟူသော စာသားကို ပြင်းထန်ခြင်းနှင့် ပေါ့လျော့ခြင်းတို့အကြား သမာသမတ်ရှိခြင်းဟူသည့် အဓိပ္ပာယ်တွင်လည်း သုံးနှုန်းလေ့ရှိသည်။ အချို့သော သဖ်စီးရ်ပညာရှင်များက ဤအာယသ်တော်တွင် عدل ဟူသော စာသား၏ သဖ်စီးရ်ကို အတွင်းအပြင်မျှတမှုရှိခြင်းဟူ၍ ဖွင့်ဆိုထားပေသည်။ ဆိုလိုသည်မှာ လူသား၏ ခန္ဓာပြင်ပ အစိတ်အပိုင်းများမှ ထွက်ပေါ်လာသော စကားများနှင့် လုပ်ရပ်များအတိုင်း ၎င်း၏ နှလုံးသားအတွင်းမှ ယုံကြည်ချက်နှင့် အခြေအနေသည်လည်း တူညီမှုရှိနေရမည်။ အမှန်စင်စစ် ဤအာယသ်တော်တွင် عَدل ဟူသော စာသား၏ အဓိပ္ပာယ်မှာ ကျယ်ပြန့်လှပေသည်။ တင်ပြပါစကားရပ်များအားလုံး ထိုထဲတွင် ပါဝင်ပေသည်။ ယင်းစကားရပ်များသည် သဖ်စီးရ်ပညာရှင်များထံမှ ဆင့်ပြန်ထားသော စကားရပ်များဖြစ်သည်။ ထို့ကြောင့် ပညာရှင်များ၏ ဖွင့်ဆိုချက်များတွင် ကွဲလွဲမှုမရှိဟု ဆိုနိုင်သည်။

၄င်းနောက် အိစ်နေအရ်ဘီ (ရဟ) သခင်က မိန့်ဆိုခဲ့သည်မှာ ﺻَﺒْﺮ ဟူသော စာသား၏ မူရင်း အဓိပ္ပာယ်မှာ မျှတစွာ ပြုလုပ်ခြင်းဟူ၍ ဖြစ်သည်။ တစ်ဖန် ဆက်နွယ်ပတ်သက်မှု ပုံသဏ္ဍာန်အမျိုးမျိုး ကြောင့် ယင်း၏ အလိုသဘောများသည်လည်း ပြောင်းလဲသွားခြင်းဖြစ်သည်။ ပဌမဆိုရသော် ﺻﺒﺮ ၏ အလိုသဘောတစ်ခုမှာ လူသားသည် မိမိနှင့် ဖန်ဆင်းရှင်တို့အကြား ﺻﺒﺮ ရှိရမည်။ ဆိုလိုသည်မှာ အလ္လာဟ် အသျှင်မြတ်၏ တာဝန်များကို ကိုယ်ကျိုးထက် အသျှင်မြတ်၏ နှစ်မြို့မှုကို မိမိ၏ လိုလားမှုများထက် ပို၍ ဦးစားပေးရမည်။ ထိုအသျှင်မြတ်၏ ပညတ်ချက်များကို လိုက်နာကျင့်သုံးကာ ထိုအသျှင်မြတ် တားမြစ် ထားသော 'ဟရာမ်'အရာများကို အပြည့်အဝ ရှောင်ရှားရမည်။

ﺻﺒﺮ ၏ ဒုတိယပုံသဏ္ဍာန်မှာ လူသားသည် မိမိကိုယ်မိမိ ﺻﺒﺮ ပြုရမည်။ ဆိုလိုသည်မှာ မိမိ၏ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် နာမ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမည့် အရာများအားလုံးကို ရှောင်ကြဉ် ရမည်။ ရလဒ်မကောင်းသော ဒုက္ခမပေးနိုင်သော စိတ်ဆန္ဒများကို မဖြည့်ဆည်းရ။ ၄င်းနောက် ရှောင့်ရဲ တင်းတိမ်မှုနှင့် ခန္တီတရား ထားရှိရမည်။ မည်သည့်အကြောင်းမှမရှိဘဲ မိမိစိတ်ကို ဝန်မပိစေရ။ ﺻﺒﺮ ၏ ပုံသဏ္ဍာန်မှာ မိမိနှင့် အခြားအဖန်ဆင်းခံများအကြား ﺻﺒﺮ ထားရှိမည်။ ယင်း၏သဘောမှာ အဖန်ဆင်းခံ များအားလုံးနှင့် ပတ်သက်ပြီး ကောင်းကျိုးလိုလားသူ၊ စာနာရိုင်းပင်းတတ်သူ ဖြစ်ရမည်။ သေးငယ်သော ကိစ္စဖြစ်စေ၊ ကြီးမားသော ကိစ္စဖြစ်စေ၊ အလွဲသုံးစား မပြုရ။ အားလုံးအတွက် တရားမျှတမှုကို မိမိစိတ်မှ တောင်းဆိုရမည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မိမိအပြော၊ မိမိလုပ်ရပ်ကြောင့် ထင်ရှားစွာသော်လည်း ကောင်း၊ ကွယ်ဝှက်၍သော်လည်းကောင်း ဒုက္ခမရောက်စေရ။

ထိုနည်းတူစွာ ﺻﺒﺮ ၏ အခြားသော ပုံသဏ္ဍာန်တစ်မျိုးမှာ အုပ်စုနှစ်စုသည် ကိစ္စတစ်ခုကို ဆုံးဖြတ်ရန် မိမိထံ တင်ပြခဲ့သော် မည်သည့်ဘက်မှ ယိမ်းယိုင်ခြင်းမရှိဘဲ မှန်ကန်တိကျစွာဖြင့် ဆုံးဖြတ် ရမည်။

ﺻﺒﺮ ၏ အခြားပုံသဏ္ဍာန်တစ်မျိုးမှာ မည်သည့်အကြောင်းအရာ၌မဆို အစွန်းရောက်လမ်းစဉ်များ ကို စွန့်လွှတ်ကာ သမာသမတ်ရှိသော လမ်းစဉ်ကို ရွေးချယ်ရမည်။ အဘူအဗ်ဒုလ္လာဟ်ရာဇီ (ရဟ) သခင်က ဤအဓိပ္ပာယ်ကိုပင် ရွေးချယ်ကာ မိန့်ဆိုခဲ့သည်မှာ ﺻﺒﺮ ဟူသော စာသားတွင် ယုံကြည်ချက်တွင် သမာ သမတ်ရှိခြင်း၊ ကျင့်ကြံမှုတွင် သမာသမတ်ရှိခြင်း၊ ကိုယ်ကျင့်တရားတွင် သမာသမတ်ရှိခြင်း စသည်တို့ ပါဝင်ပေသည်။ *[ဗဟ်ရေမုဟီးသွ်ကျမ်း]*

အေမာမ်ကုရ်သုဗီး (ရဟ) သခင်သည် ﺻﺒﺮ ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် ဤရှင်းလင်းချက် များကို တင်ပြကာ မိန့်ဆိုခဲ့သည်မှာ ဤရှင်းလင်းချက်များသည် အလွန်ပင် ကောင်းမွန်ပေသည်။ ထပ်မံ၍ သိရှိရသည်မှာ ဤအာယသ်တော်၏ ﺻﺒﺮ ဟူသော စာသားတစ်ခုသည် အလုံးစုံသော ကျင့်ကြံမှုများနှင့် ကောင်းမွန်သော ကိုယ်ကျင့်တရားများကို ကျင့်ဆောင်ပြီး မကောင်းသော ကျင့်ကြံမှုနှင့် ကိုယ်ကျင့်တရား

များကို ရှောင်ကြဉ်ရန်ဟူသော ပညတ်ချက်များအားလုံးကို ပြည့်ဝစုံလင်စွာ မိန့်ဆိုထားခြင်း ဖြစ်သည်။ الاحسان ယင်း၏ အဓိပ္ပာယ်မှာ ကောင်းကျိုးပြုခြင်းဖြစ်သည်။ ယင်းသည် နှစ်မျိုးနှစ်စားရှိသည်။ ပထမတစ်မျိုးမှာ လုပ်ဆောင်မှု၊ သို့မဟုတ် ကိုယ်ကျင့်တရားနှင့် အကျင့်စရိုက်ကို မိမိကိုယ်တွင် ပြည့်စုံကောင်းမွန်အောင် ပြုလုပ်ခြင်း၊ ဒုတိယတစ်မျိုးမှာ အခြားသူများကို ကောင်းမွန်စွာ ဆက်ဆံခြင်း၊ ၎င်းနောက် ကောင်းမွန်စွာ အပေးအယူပြုခြင်းဖြစ်သည်။ ဒုတိယအမျိုးအစား၏ အဓိပ္ပာယ်ကို ဖော်ဆောင်ရန်အတွက် အာရဗီသဒ္ဒါတွင် احسان ကို إلى နှင့်တကွ တွဲ၍ သုံးရသည်။ ဥပမာ- အာယသ်တော်တစ်ပိုဒ်တွင် أَحْسِنْ كَمَا أَحْسَنَ اللهُ إِلَيْكَ ဟူ၍ လာရှိပေသည်။

အေမာမ်ကုရ်သုဗီ (ရဟ) သခင်က မိန့်ဆိုသည်မှာ အာယသ်တော် احسان ဟူသော စာသားသည် မိမိ၏ ကျယ်ပြန့်သော အဓိပ္ပာယ်များကို ဖော်ဆောင်ရန်အတွက် သုံးနှုန်းထားခြင်းဖြစ်သည်။ ထို့ကြောင့် အလိုသဘောတွင် တင်ပြပါကောင်းကျိုးပြုခြင်း နှစ်မျိုးစလုံး ပါဝင်နေပေသည်။ ပထမအမျိုးအစားဖြစ်သော احسان ဆိုလိုသည်မှာ အလုပ်တစ်ခုခုကို မိမိအတွက် ကောင်းအောင် ပြုလုပ်ခြင်း၊ ဤအဓိပ္ပာယ်သည်လည်း ကျယ်ပြန့်လှပေသည်။ 'အေဗာဒသ်' များကို ကောင်းမွန်အောင် ပြုလုပ်ခြင်း၊ အခြားကျင့်ကြံမှုများနှင့် ကိုယ်ကျင့်တရားများကို ကောင်းမွန်အောင် ပြုလုပ်ခြင်း၊ အပေးအယူကဏ္ဍများကို ကောင်းမွန်အောင် ပြုလုပ်ခြင်း စသည်တို့ဖြစ်သည်။

ဟဇရသ်ဂျီဗ်ရာအီးလ် عليه السلام ၏ ကျော်ကြားသော ဟဒီးစ်တော်တစ်ပိုဒ်တွင် တမန်တော်မြတ်ကိုယ်တော်တိုင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်မှာ احسان သည် 'အေဗာဒသ်' အတွက် ဖြစ်သည်။ တမန်တော်မြတ်၏ ဩဝါဒတော်၏ ဆိုလိုရင်းမှာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကို ကိုယ်တိုင် တွေ့မြင်နေသကဲ့သို့ ခဝပ်ကိုးကွယ်ကြလေကုန်။ အကယ်၍ ဤကဲ့သို့သော အဆင့်အတန်း မရရှိခဲ့ပါက မည်သူမဆို အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ 'အမလ်' ကျင့်ကြံမှုကို တွေ့မြင်နေသည်ဟု ယုံကြည်ချက် ထားရှိရမည်။ အဘယ်ကြောင့်ဆိုသော် ဤအချက်သည် အစ္စလာမ်ယုံကြည်ချက်၏ အရေးပါသော အချက်အလက်တစ်ခု ဖြစ်သည်။ အကြောင်းမှာ စကြဝဠာတွင်းရှိ မြူမှုန်တစ်မှုန်မျှပင် အလ္လာဟ်အသျှင်မြတ်၏ အသိတရားနှင့် အမြင်စွမ်းအားမှ ကင်းလွတ်သည်ဟူ၍ မရှိပေ။

အချုပ်ဆိုရသော် ဤအာယသ်တော်၏ ဒုတိယပညတ်ချက်မှာ احسان ဖြစ်သည်။ ထို احسان တွင် ခဝပ်ကိုးကွယ်မှုများလည်း ပါဝင်ကြောင်း၊ ဟဒီးစ်တော်၏ ရှင်းလင်းချက်အရ သိရှိရသည်။ ၎င်းနောက် အခြားသော ကျင့်ကြံမှုများနှင့် ကိုယ်ကျင့်တရား အကျင့်စာရိတ္တများတွင်လည်း احسان ရှိရမည်။ ဆိုလိုသည်မှာ ယင်းတို့ကို အသျှင်မြတ်နှစ်သက်တော်မူသည့် ပုံသဏ္ဌာန်အတိုင်း မှန်ကန်တိကျစွာ ဆောင်ရွက်ခြင်းလည်း ပါဝင်ပေသည်။ အခြားအဖန်ဆင်းခံအားလုံးကို ကောင်းမွန်စွာ ဆက်ဆံခြင်းလည်း ပါဝင်ပေသည်။ မွတ်စ္စလင်မ်ဖြစ်စေ၊ ကာဖိရ်ဖြစ်စေ၊ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ ကောင်းမွန်စွာ ဆက်ဆံရမည်။

အေမာမ်ကုရ်သုဗီး (ရဟ) သခင်က မိန့်ဆိုသည်မှာ အကြင်သူတစ်ဦးတစ်ယောက်၏ အိမ်တွင် ရှိသော ကြောင်တစ်ကောင်သည် အစားအစာနှင့် လိုအပ်ချက်များကို မရရှိပါက၊ ၄င်းနောက် လှောင်အိမ်တွင်းရှိသော ငှက်များကို ဂရုမစိုက်ပါက ထိုသူသည် မည်မျှပင် 'အေဗာဒသ်'ပြုနေပါစေ၊ ကောင်းမွန်သူများ၏ စာရင်းတွင် မပါဝင်နိုင်ပေ။

ဤအာယသ်တော်တွင် ဦးစွာပထမ **عدل** နှင့်ပတ်သက်ပြီး မိန့်ဆိုထားသည်။ တစ်ဖန် **احسان** နှင့်ပတ်သက်၍ မိန့်ဆိုထားသည်။ အချို့သော သဗ်ဗ်စီးရ်ပညာရှင်များက တင်ပြသည်မှာ **عدل** ၏ အဓိပ္ပာယ်သည် တစ်ပါးသူ၏ ရပိုင်ခွင့်ကို ပေးဆပ်ခြင်းနှင့် မိမိ၏ ရပိုင်ခွင့်ကို ရယူခြင်းဖြစ်သည်။ လိုတိုး၊ ပိုလျှော့လည်း မရှိစေရ။ ၄င်းနောက် တစ်ဦးတစ်ယောက်သည် အသင့်အား ဒုက္ခပေးခဲ့သော် အသင်လည်း လိုတိုးပိုလျှော့ မရှိစေဘဲ ပြန်လည်ဒုက္ခပေးနိုင်သည်။ ၄င်းနောက် **احسان** ဟူသည်မှာ တစ်ပါးသူ၏ အခွင့်အရေးကို သာပိုပေး၍ မိမိ၏အခွင့်အရေးကို မျက်ကွယ်ပြုလိုက်ခြင်း ဖြစ်သည်။ အခွင့်အရေးလျှော့၍ ယူခြင်းကို ဆိုလိုသည်။ ထိုနည်းတူစွာ သူတစ်ပါးက အသင့်ကို လက်နှင့်ဖြစ်စေ၊ နှုတ်နှင့်ဖြစ်စေ၊ ဒုက္ခပေးခဲ့သော် အသင်သည် မှုမှုတတ ကလဲ့စားချေမည့်အစား ထိုသူ့ကို ခွင့်လွှတ်လိုက်ရမည်။ သို့သာမက မကောင်းမှု၏ အစားကို ကောင်းမှုဖြင့် ပြန်လည်ပေးဆပ်ရမည်။ ဤနည်းဖြင့် **عدل** ၏ အဓိပ္ပာယ်သည် 'ဖွရ်ဇ်'နှင့် 'ဝါဂျိဗ်' အဆင့်တွင် ရှိပြီး **احسان** ၏ အဓိပ္ပာယ်သည် 'နဖိလ်'အဆင့်တွင် ရှိလေသည်။

اِيۡتَآءِ ذِى الۡقُرۡبٰى ဤအာယသ်တော်၏ တတိယအဓိပ္ပာယ်တော်မှာ **ايتاء ذى القربى** ဖြစ်သည်။ **ايتاء** ဆိုသည်မှာ ပေးကမ်းခြင်းကို ခေါ်သည်။ **قربى** ဆိုသည်မှာ ဆွေမျိုးမိတ်သင်္ဂဟကို ခေါ်ဆိုသည်။ ထို့ကြောင့် **ايتاء ذى القربى** ၏ အဓိပ္ပာယ်မှာ ဆွေမျိုးမိတ်သင်္ဂဟများကို ပေးကမ်းစွန့်ကြဲခြင်းဟု အဓိပ္ပာယ်ရသည်။ မည်သည့်အရာကို ပေးရမည်ဟု အာယသ်တော်တွင် ရှင်းလင်းတင်ပြမထားပေ။ သို့သော် အခြားအာယသ်တော်တစ်ပုဒ်တွင် ယင်း၏ အဓိပ္ပာယ်ကို ဤသို့ တင်ပြထားသည်။ **وَاٰتِ ذَا الۡقُرۡبٰى حَقَّهٗ** ဆိုလိုသည်မှာ ဆွေမျိုးသားချင်းများကို ၄င်းတို့၏ ရပိုင်ခွင့်ပေးရမည်။ ထို့ကြောင့် ဤအာယသ်တော်၏ အဓိပ္ပာယ်မှာလည်း ထိုအတိုင်းပင်ဖြစ်သည်။ ဆွေမျိုးသားချင်းများကို ၄င်းတို့၏ ရပိုင်ခွင့် ပေးကမ်းရမည်ဟူ၍ ဖြစ်သည်။ ထိုရပိုင်ခွင့်တွင် ဆွေမျိုးသားချင်းများကို ဥစ္စာပစ္စည်းပေးကမ်းလှူဒါန်း၍ ငွေအင်အားဖြင့် ကူညီခြင်းလည်း ပါဝင်သကဲ့သို့ ကာယအင်အားဖြင့် ကူညီခြင်းလည်း ပါဝင်ပေသည်။ ဥပမာ- လူမမာမေးမြန်းခြင်း၊ ၄င်းနောက် ဂရုတစိုက်ရှိခြင်း၊ နှုတ်ဖြင့် နှစ်သိမ့်ခြင်း၊ ညာတာထောက်ထားမှုကို ပေါ်လွင်စေခြင်း စသည်တို့ဖြစ်သည်။ အမှန်စင်စစ် **اَحۡسَان** ဟူသော စာသား၏ အဓိပ္ပာယ်တွင် ဆွေမျိုးသားချင်းများ၏ ရပိုင်ခွင့်များကို ပေးဆပ်ခြင်းလည်း ပါဝင်ပြီးဖြစ်သည်။ သို့သော် ယင်းအကြောင်းအရာသည် အရေးပါသည့်အတွက် ထပ်မံ သီးခြားဖော်ပြထားခြင်း ဖြစ်သည်။

ဤသည်တို့သည် ပြုကျင့်ရမည့် အမိန့်ပညတ်ချက်သုံးမျိုးဖြစ်သည်။ ဆက်လက်၍ 'ဟရာမ်'ပြု တားမြစ်ထားသော ပညတ်ချက်သုံးမျိုးကို တင်ပြမည်ဖြစ်သည်။

وَيَنْهَى عَنِ الْفَحْشَاءِ وَالْمُنْكَرِ وَالْبَغْيِ

فحشاء ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် فحشاء ، منكر ، بغى စသည်တို့ကို တားမြစ်တော်မူသည်။ فحشاء ဆိုသည်မှာ ထိုမကောင်းသော လုပ်ရပ်တိုင်း၊ (သို့မဟုတ်) မကောင်းသော အပြောအဆိုတိုင်းကို ခေါ်ဆိုပေသည်။ အကြင်ပြုမူပြောဆိုမှုများ၏ မကောင်းမှုသည် ထင်ရှားပေါ်လွင်လျက် ရှိနေပေသည်။ လူတိုင်းကလည်း ယင်းကို မကောင်းဟု ထင်မှတ်ကြသည်။ منكر ဆိုသည်မှာ ယင်း၏ 'ဟရာမ်'ဖြစ်၍ မပြုပိုင်ခြင်းနှင့် ပတ်သက်ပြီး သာသနာ့ပညာရှင်များကား တစ်ညီတစ်ညွတ်တည်း ထောက်ခံထားသော ပြုမူပြောဆိုမှုများကို ခေါ်ဆိုပေသည်။ ထို့ကြောင့် 'မုဂျာဟိဒ်'ပညာရှင်များ၏ အကွဲအလွဲများနှင့်ပတ်သက်ပြီး မည်သည့်ဘက်ကိုမျှ منكر ဖြစ်သည်ဟု မဆိုနိုင်ပေ။ ၎င်းနောက် منكر ဟူသော စာသားတွင် အပြင်ပိုင်းဆိုင်ရာနှင့် အတွင်းပိုင်းဆိုင်ရာ 'ဂိုနာဟ်'အကုသိုလ်များအားလုံး ပါဝင်ပေသည်။ ၎င်းနောက် بغى ၏ မူရင်းအဓိပ္ပာယ်မှာ အတိုင်းထက်ကျော်လွန်ခြင်းဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ရန်ဘက်ထားခြင်းကို ဆိုလိုခြင်းဖြစ်သည်။ အမှန်စင်စစ် ဤနေရာတွင် منكر ဟူသော စာသား၏ အလိုသဘောတွင် فحشاء နှင့် بغى လည်း ပါဝင်ပေသည်။ သို့သော် فحشاء ဟူသော လုပ်ရပ်သည် အတိုင်းမဲ့ ဆိုးရွားမှုနှင့် မကောင်းခြင်းတို့ကြောင့် သီးခြားတင်ပြထားခြင်း ဖြစ်သည်။ ၎င်းနောက် ဦးစားပေး၍လည်း တင်ပြထားသည်။ ၎င်းနောက် بغى ဟူသော စာသားကို သီးခြားတင်ပြထားရခြင်းမှာ ယင်း၏ ဆိုးရွားမှုသည် အခြားသူများအထိ သက်ရောက်သောကြောင့် ဖြစ်သည်။ တစ်ခါတစ်ရံ ဤဆိုးရွားသော တက်ရောက်မှုသည် အချင်းချင်း စစ်မဲ့ဖြစ်သည်အထိ (သို့မဟုတ်) ထို့ထက်ပို၍ လောကကြီး တစ်ခုလုံးကို ပြဿနာများနှင့် ကြုံတွေ့အောင် တွန်းပို့တတ်လေသည်။

ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ ညှဉ်းပန်းနှိပ်စက်ခြင်းမှအပ အခြားမည်သည့် 'ဂိုနာဟ်'အကုသိုလ်မှ လျင်မြန်စွာ အစားပေးခံရမည်။ ပြစ်ဒဏ်ပေးခံရသည်ဟူ၍ မရှိချေ။ ထို့ကြောင့် တွေ့ရှိရသည်မှာ ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်ပြီး နောင်တမလွန်၏ ပြစ်ဒဏ်သင့်မှုသည် ပြင်းထန်လွန်းသည့်အပြင် ဒွန္နယာလောကတွင်လည်း အလ္လာဟ်အသျှင်မြတ်သည် ညှဉ်းပန်းနှိပ်စက်သူကို ကြိုတင်၍ ပြစ်ဒဏ်ပေးမည်ဖြစ်သည်။ ထိုပြစ်ဒဏ်ကို မည်သည့်ညှဉ်းပန်းနှိပ်စက်မှု၏ ပြစ်ဒဏ်ဖြစ်ကြောင်း သိရှိလိမ့်မည်မဟုတ်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သ် ညှဉ်းပန်းနှိပ်စက်ခံရသူကို ကူညီရန် ကတိပေးထားလေသည်။ ဤအာယသ်တော်တွင် တင်ပြမိန့်ဆိုထားသော ကျင့်ကြံမှုနှင့် တားမြစ်မှု ခြောက်မျိုးတို့ကို လေ့လာသုံးသပ်မည်ဆိုလျှင် တစ်သီးတစ်ခြားသော်လည်းကောင်း၊ အဖွဲ့အစည်းလိုက်သော်လည်းကောင်း လူသားတို့၏ ဘဝရှင်သန်ရပ်တည်မှုတွင် ပြည့်ဝအောင်မြင်စေနိုင်သော ထိရောက်သည့် နည်းလမ်းတစ်သွယ်မျှ ဖြစ်လေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَأَوْفُوا بِعَهْدِ اللَّهِ إِذَا عَاهَدْتُمْ وَلَا تَنْقُضُوا الْأَيْمَانَ
بَعْدَ تَوْكِيدِهَا وَقَدْ جَعَلْتُمُ اللَّهَ عَلَيْكُمْ كَفِيلًا ۚ إِنَّ اللَّهَ
يَعْلَمُ مَا تَفْعَلُونَ ﴿٩١﴾

၁၆ : ၉၁ ။ ။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထားရှိသော ပဋိညာဉ်ကို အသင်တို့ ပဋိညာဉ် ဖွဲ့ပြီး ခဲ့ကြသောအခါ ကျေပွန်အောင် ဆောင်ရွက်ကြလေကုန်။ ထို့ပြင် အသင်တို့သည် ထိုကျိန်ဆိုချက်များကို အခိုင်အမာ ပြုပြီး နောက် မဖောက်ဖျက်ကြကုန်လင့်။ မုန်စင်စစ် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား မိမိတို့အပေါ်၌ အာမခံသူ ပြုလုပ် ခဲ့ချေပြီ။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ပြုလုပ်ခဲ့ကြသမျှတို့ကို (အကြွင်းမဲ့) သိရှိတော်မူပေသည်။

وَلَا تَكُونُوا كَالَّتِي نَقَضَتْ غَزْلَهَا
مِنْ بَعْدِ قُوَّةٍ أَنْكَاثًا تَتَّخِذُونَ أَيْمَانَكُمْ دَخَلًا بَيْنَكُمْ أَنْ
تَكُونَ أُمَّةٌ هِيَ أَرْبَىٰ مِنْ أُمَّةٍ ۚ إِنَّمَا يَبْلُوكُمُ اللَّهُ بِهِ ۚ وَلَيُبَيِّنَنَّ
لَكُمْ يَوْمَ الْقِيَامَةِ مَا كُنْتُمْ فِيهِ تَخْتَلِفُونَ ﴿٩٢﴾

၁၆ : ၉၂ ။ ။ ထို့ပြင် အသင်တို့သည် အကြင်မိန်းမကဲ့သို့ မဖြစ်ကြကုန်နှင့်။ ထိုမိန်းမသည် မိမိကိုယ်တိုင် ကြိုးပမ်း အားထုတ်၍ ချည်မျှင်များကို ငင်၏။ ထို့နောက် မိမိကိုယ်တိုင်ပင် ထိုချည်မျှင်များကို အပိုင်းပိုင်းအစစ ပြုလုပ်ဖျက်ဆီး ပစ်၏။ အုပ်စုတစ်စုသည် အခြားအုပ်စုတစ်စုထက် ပိုမို၍ အကျိုးခံစားနိုင်ရန်အတွက် အသင်တို့သည် မိမိတို့၏ ကျိန်ဆိုချက် များကို အချင်းချင်း ကိစ္စများတွင် ပရိယာယ်အဖြစ် အသုံးပြုကြလေသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ယင်း ပဋိညာဉ် ဖွဲ့စည်းခြင်းဖြင့် အသင်တို့အား စမ်းသပ်တော်မူပေသည်။ ၎င်းပြင် 'ကေယာမသ်' နေ့တွင် ထိုအသျှင်မြတ်သည် အသင်တို့ သဘောကွဲလွဲခဲ့ကြသည်များကို အသင်တို့ရှေ့မှောက်တွင် ထင်ရှားစွာ ပြတော်မူမည်ဖြစ်သည်။

وَلَوْ شَاءَ
اللَّهُ لَجَعَلَكُمْ أُمَّةً وَاحِدَةً وَلَٰكِنْ يُضِلُّ مَنْ يَشَاءُ
وَيَهْدِي مَنْ يَشَاءُ ۚ وَلَتُسْأَلُنَّ عَمَّا كُنْتُمْ تَعْمَلُونَ ﴿٩٣﴾

၁၆ : ၉၃ ။ ။ စင်စစ် အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် အမှန်ပင် အသင်တို့အား သာသနာ ဝင် အုပ်စုတစ်စုတည်းသာ ပြုလုပ်တော်မူခဲ့ပေမည်။ သို့ရာတွင် ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား လမ်းမှား ၌ ထားရှိတော်မူ၍ မိမိအလိုရှိတော်မူသော သူအား တရားလမ်းမှန်သို့ ပို့တော်မူလေသည်။ စင်စစ် အသင်တို့သည် မိမိတို့ ကျင့်မူခဲ့သမျှသော အမှုများနှင့် စပ်လျဉ်း၍ မုချအမှန် စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေမည်။

وَلَا تَتَّخِذُوٓا أَيۡمَٰنَكُمۡ دَخَلَۢا بَيۡنَكُمۡ فَتَزِلَّ قَدَمُۢ بَعۡدَ
ثُبُوتِهَا وَتَذُوقُواْ ٱلسُّوٓءَ بِمَا صَدَدتُّمۡ عَن سَبِيلِ ٱللَّهِۖ وَ
لَكُمۡ عَذَابٌ عَظِيمٞ ﴿٩٤﴾

၁၆ း ၉၄ ။ ။ ထို့ပြင် အသင်တို့သည် မိမိတို့၏ ကျိန်ဆို သစ္စာပြုချက်များကို မိမိတို့အချင်းချင်းတွင် ပရိယာယ် အဖြစ် အသုံးမပြုကြကုန်နှင့်။ သို့ဖြစ်လျှင် (အခြားသူတို့၏) ခြေ (ထောက်) သည် မြဲမြံခိုင်ခံ့ပြီးနောက် ချွတ်ချော်တိမ်းပါး သွားကြပေလိမ့်မည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ တားဆီးခဲ့ကြသောကြောင့် (ဤလောက၌လည်း) ဘေးဒုက္ခခံစား ကြရပေမည်။ ထို့ပြင် (တမလွန်ဘဝ၌လည်း) အသင်တို့၌ ကြီးကျယ်လှစွာသော ပြစ်ဒဏ်သည် သက်ရောက်ပေမည်။

وَلَا تَشۡتَرُواْ بِعَهۡدِ ٱللَّهِ ثَمَنٗا قَلِيلًاۚ
إِنَّمَا عِندَ ٱللَّهِ هُوَ خَيۡرٞ لَّكُمۡ إِن كُنتُمۡ تَعۡلَمُونَ ﴿٩٥﴾

၁၆ း ၉၅ ။ ။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထားရှိကြသော ပဋိညာဉ်ကို အနည်းငယ်မျှသော အဖိုးအခဖြင့် လဲလှယ်ရောင်းစားခြင်း မပြုကြကုန်လင့်။ အကယ်၍ အသင်တို့သည် သိကြပါလျှင် ကေန်စင်စစ် အလ္လာဟ် အသျှင်မြတ်ထံတော်၌ရှိသော (အကျိုးဆုလာဘ်) အရာသည် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်ချေသည်။

مَا عِندَكُمۡ
يَنفَدُ وَمَا عِندَ ٱللَّهِ بَاقٖۗ وَلَنَجۡزِيَنَّ ٱلَّذِينَ صَبَرُوٓاْ
أَجۡرَهُم بِأَحۡسَنِ مَا كَانُواْ يَعۡمَلُونَ ﴿٩٦﴾

၁၆ း ၉၆ ။ ။ အသင်တို့ထံ၌ရှိသော အရာများသည် ကုန်ခမ်းသွားမည်သာ (ဖြစ်၏။) သို့ရာတွင် အလ္လာဟ်အသျှင်မြတ် ထံတော်၌ရှိသော အရာများသည် အမြဲရှိနေမည့် အရာများပင် ဖြစ်ကုန်သည်။ ထို့ပြင် ကေန်အမှန် ငါအသျှင်မြတ်သည် ကြံ့ခိုင်စွာ ရပ်တည်ခဲ့ကြကုန်သော သူတို့အား ၎င်းတို့၏ အကျိုးကို ၎င်းတို့ ကျင့်မူခဲ့ကြကုန်သော ကောင်းမြတ်သည့် အကျင့်သီလနှင့် လျော်ညီစွာ ပေးဆပ် (ချီးမြှင့်) တော်မူပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကတိတည်ရန် မိန့်ဆိုခြင်းနှင့် ကတိချိုးဖောက်ခြင်းကို ရှုံ့ချခြင်း

၎င်းနောက် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ကို (ဆိုလိုသည်မှာ အလ္လာဟ်အသျှင် မြတ်က ဖြည့်ဆည်းရန် မိန့်ဆိုထားသော ကတိကို) ပြည့်ဝအောင် လုပ်ဆောင်ကြလော့။ (ဤစကားရပ်

ကြောင့် တရားတော်နှင့် ဆန့်ကျင်သော ကတိကဝတ်များ ဤအမိန့်တွင် မပါဝင်တော့ပေ။ ၎င်းနောက် တရားတော်နှင့် ကိုက်ညီသော ကျန်ရှိကတိကဝတ်များအားလုံး 'ဟုကူကွလ်လာဟ်' နှင့် သက်ဆိုင်သည် ဖြစ်စေ၊ 'ဟုကူကွလ်အေဗာဒ်' နှင့် သက်ဆိုင်သည်ဖြစ်စေ ဤအမိန့်တွင် ပါဝင်ပေသည်။) အသင်တို့သည် ထိုကတိကို (ကန့်သတ်၍ဖြစ်စေ၊ ကျယ်ပြန့်အောင်ဖြစ်စေ) မိမိအပေါ် သတ်မှတ်တာဝန်ယူလိုက်ပါက (သတ်မှတ်၍ ဟူသည်မှာ အလုပ်တစ်ခုကို ရှင်းလင်းတိကျစွာ တာဝန်ယူလိုက်ခြင်း ဖြစ်သည်။ ၎င်းနောက် ကျယ်ပြန့်အောင်ပြုလုပ်ခြင်း ဟူသည်မှာ လူတစ်ဦးသည် အီမာန်သက်ဝင်ယုံကြည်ပြီးနောက် အရေးကြီး သော ပညတ်ချက်များအားလုံး ထိုသူ့အပေါ် တာဝန်ရှိသွားခြင်းကို ခေါ်ဆိုလေသည်။) ၎င်းနောက် (အကြင် ကတိကဝတ်များကို အထူးပြုရန် 'ကစမ်' ကျိန်တွယ်လိုက်ပါက ထိုကတိသည် ပို၍ပင် တာဝန်ထိုက် သွားပေသည်။ သို့ပါ၍ ထိုကတိများကို) ကစမ်ကျိန်တွယ်ခြင်းဖြင့် သာပိုကာ ခိုင်မာစေပြီးသည့်နောက် (ဆိုလိုသည်မှာ အလ္လာဟ်နာမတော်ကို ကိုင်တွယ်ကျိန်ဆိုပြီးသည့်နောက်) မချိုးဖောက်ကြလေနှင့်။ ၎င်းနောက် အသင်တို့သည် (ထိုကျိန်တွယ်မှုများဖြင့် မိမိတို့၏ ကတိများတွင်) အလ္လာဟ်အသျှင်မြတ်ကိုလည်း သက်သေ ထူခဲ့ပြီးဖြစ်လေသည်။ (ဤသတ်မှတ်ချက်များသည် بعدتو كيدها နှင့် قَدْ جَعَلْتُمْ ဟူသော စာသား များအရ တိကျသော သတ်မှတ်ချက်ဟု သိရှိရသည်။ ကတိကဝတ်ကို လိုက်နာရန် လှုံ့ဆော်ထားသော ရှင်းလင်းချက်တစ်ခု ဖြစ်သည်။) မုချကေန် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ပြုသမျှကို သိရှိတော် မူသည်။ (ကတိတည်ခြင်းဖြစ်စေ၊ ကတိကို ချိုးဖောက်ခြင်းဖြစ်စေ၊ မိမိတို့၏ လုပ်ရပ်နှင့်အညီ အသင်တို့ကို အစားပေးတော်မူမည် ဖြစ်သည်။)

၎င်းနောက် အသင်တို့သည် (ကတိကို ချိုးဖောက်ကာ) ထို (မက္ကာဟ်မြို့တွင် နေသော ရူးသွပ် နေသည့်) အမျိုးသမီးကဲ့သို့ မဖြစ်ကြလေနှင့်။ ထိုအမျိုးသမီးသည် မိမိ၏ ကြိုးစားပမ်းစား ရက်လုပ်ထား သော သိုးမွှေးထည်များကို တစ်စစီဖြစ်အောင် ကုတ်ဖြဲဆွဲဆုတ်လိုက်လေသည်။ (ထိုအမျိုးသမီးကဲ့သို့) အသင်တို့သည် (လည်း) မိမိတို့၏ ကျိန်တွယ်မှုများကို (မှန်ကန်စွာ ပြုလုပ်ပြီးနောက် ယင်းကို ချိုးဖျက် ကာ) အချင်းချင်း ပြဿနာများ ပေါ်ပေါက်လာနိုင်မည့် အကြောင်းခံမဖြစ်စေနှင့်။ (အဘယ်ကြောင့်ဆို သော် ကစမ်ကို ချိုးဖောက်ခြင်းသည် မိတ်ဆွေများကို ယုံကြည်မှု ကင်းမဲ့စေပြီး ရန်သူများကို တတ်ကြွစေ သည်။ ထိုလုပ်ရပ်သည်ပင် ပြဿနာများ၏ ဇစ်မြစ်ဖြစ်သည်။ ၎င်းနောက် ယင်းကစမ်ကို ချိုးဖောက်ခြင်းသည် လည်း အခြားအုပ်စုတစ်စုထက် (အရေအတွက်များပြားမှုနှင့် (သို့) ကြွယ်ဝမှုတွင်) သာပိုနိုင်ရန် (ဆိုလိုသည် မှာ ဥပမာ- ကာဖိရ်အုပ်စုနှစ်စုသည် အချင်းချင်း မသင့်မြတ်ကာ အုပ်စုတစ်စုသည် အသင်တို့နှင့် ငြိမ်းချမ်း ရေး ပြုလုပ်လိုက်ကြမည်။ တစ်ဖန် အခြားကာဖိရ်အုပ်စုတွင် အလေးသာနေမှုကို ကြည့်ရှုကာ ငြိမ်းချမ်းရေး ပြုလုပ်ထားသော အုပ်စုနှင့် အကြောင်းအမျိုးမျိုးပြကာ အခြားအားသာသော အုပ်စုနှင့် လျှို့ဝှက်ပေါင်းစည်း ခြင်းမျိုး ဖြစ်သည်။ အခြားပမာတစ်ခု ပေးရမည်ဆိုလျှင် လူတစ်ဦးသည် အစ္စလာမ်ကို လက်ခံပြီး မွတ်စလင်မ် အုပ်စုအတွင်းသို့ ဝင်ရောက်လာပြီး တစ်ဖန် ကာဖိရ်များဘက်တွင် အားသာမှုကို ကြည့်ရှုပြီး အစ္စလာမ်

၏ ကတိတော်များကို ချိုးဖောက်ကာ ဘာသာပျက်သွားခြင်းမျိုးကို ဆိုလိုပေသည်။ ၎င်းနောက် အုပ်စုတစ်စု သည် အခြားအုပ်စုထက် အားသာနေခြင်း၊ ၎င်းနောက် အခြားအုပ်စုတစ်စုနှင့် ပေါင်းစည်း၍ အားသာမှု ရရှိသွားခြင်းတို့သည်) ထိုသို့ (သာပိုစေခြင်း) ဖြင့် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ဆန်းစစ်တော် မူခြင်းသာလျှင် ဖြစ်ပေသည်။ (အကြောင်းမှာ မိမိကတိကဝတ်ကို အပြည့်အဝ ထမ်းဆောင်ပါသလော။ သို့မဟုတ် အားသာသည့်ဘက်ကို ကြည့်၍ တစ်ဘက်သို့ ယိမ်းယိုင်သွားပါသလော။) ၎င်းနောက် အသင် တို့အတွင်း ကွဲလွဲနေကြသည့်အရာများနှင့် ပတ်သက်ပြီး (၎င်းနောက် ကွဲလွဲစွာ လျှောက်လှမ်းနေကြခြင်း နှင့် ပတ်သက်ပြီး) 'ကေယာမသ်'နေ့တွင် ထိုအရာအားလုံး (၏ အမှန်တရား) ကို အသင်တို့ရှေ့တွင် (လက်တွေ့ကျကျ) ထုတ်ဖော်မည်ဖြစ်သည်။ (မှန်ကန်သူများကို ကောင်းကျိုးခံစားစေ၍ မှားယွင်းသူများကို ဆိုးကျိုးသက်ရောက်စေမည်။ ရှေ့တွင် ထိုကွဲလွဲမှုများ၏ အကျိုးအကြောင်းကို စကားညှပ်တစ်ရပ်အနေ နှင့် ခြုံငုံ၍ တင်ပြထားသည်။)

၎င်းနောက် (မည်သို့ပင်ဆိုစေ အလ္လာဟ်အသျှင်မြတ်သည် ထိုကွဲလွဲမှုများ မဖြစ်အောင်လည်း ပြုနိုင် စွမ်းရှိသည်။) အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိပါလျှင် အသင်တို့ အားလုံးကို တစ်ခုတည်းသော လမ်းစဉ်တွင် လျှောက်လှမ်းစေနိုင်သည်။ သို့သော် (မိမိ၏ ဉာဏ်အမြော်အမြင်တော်အရ ယင်းကို ဤနေရာ၌ ရှင်းလင်းရန် မလုံလောက်ဟု ယူဆသည်။) အလိုတော်ရှိသည့်အတိုင်း အချို့ကို လမ်းမှားစေသည်။ ၎င်းနောက် အလိုတော်ရှိသည့်အတိုင်း အချို့ကို လမ်းမှန်ပေါ် ရောက်စေသည်။ (အသျှင်မြတ်၏ တတ်စွမ်းနိုင်မှုများတွင် 'ယေဒါယသ်'၏ ကတိကဝတ်ကို ပြည့်ဝစေခြင်းနှင့် 'သွလာလသ်' ၏ ကတိချိုးဖောက်ခြင်းများလည်း ပါဝင်ပေသည်။ ၎င်းနောက် ဒွန်နယာလောကတွင် လမ်းမှားသူများကို အပြည့်အဝ ပြစ်ဒဏ်မခတ်သည့် အတွက် နောင်တမလွန်တွင်လည်း ထိုနည်းအတိုင်းပင် လုံးလုံးလျားလျား လွတ်မြောက်သွားလိမ့်မည်ဟု မထင်မှတ်ကြလေနှင့်။ ဤသို့ လုံးဝ ဖြစ်နိုင်လိမ့်မည်မဟုတ်။) 'ကေယာမသ်' နေ့တွင် အသင်တို့အား အသင်တို့၏ ကျင့်ကြံမှုများနှင့် ပတ်သက်ပြီး မုချကေန် စစ်ဆေးအရေးယူတော်မူမည်။ ၎င်းနောက် (အထက် တွင် တင်ပြခဲ့သည့်အတိုင်း ကတိနှင့် ကစမ်ကျိန်တွယ်မှုကို ချိုးဖောက်ခြင်းဖြင့် ဒုက္ခရောက်မည်ကို သိရှိ ခံစားရသကဲ့သို့ ယင်းလုပ်ရပ်များကြောင့် ကျရောက်လာမည့် ဆိုးကျိုးများ၏ အဓိပ္ပာယ်ကိုလည်း နားလည် သဘောပေါက်နိုင်သည်။ ရှေ့တွင် ဆက်လက်၍ ဤအကြောင်းအရာများကိုပင် တင်ပြလိမ့်မည်။) အသင် တို့သည် မိမိတို့၏ ကျိန်တွယ်မှုများကို အချင်းချင်း အငြင်းပွားနိုင်သော အကြောင်းခံမဖြစ်စေနှင့်။ (ဆိုလိုသည် မှာ ကျိန်တွယ်မှုများနှင့် ကတိကဝတ်များကို မချိုးဖောက်ကြလေနှင့်။ အသင်တို့၏ လုပ်ရပ်ကို ကြည့်ပြီး တည်မြဲနေသော အခြားသူများ၏ ခြေလှမ်းများကို မယိမ်းယိုင်ပါစေနှင့်။ ဆိုလိုသည်မှာ အသင်တို့ကို ကြည့်၍ အခြားသူများလည်း နောက်လိုက်ကာ ကတိကဝတ်များကို မချိုးဖောက်မိပါစေနှင့်။)

တစ်ဖန် အသင်တို့သည် (အခြားသူများကို) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ တားမြစ်သည့် အကြောင်းခံ များဖြစ်ကာ ဒုက္ခ၊ သုခနှင့် ရင်ဆိုင်ရပေလိမ့်မည်။ (အဘယ်ကြောင့်ဆိုသော် အသင်တို့သည် ၎င်းတို့၏ ကတိကဝတ် ချိုးဖောက်ရာတွင် အကြောင်းခံများ ဖြစ်ရှိသွားကာ အလ္လာဟ့်လမ်းတော်မှ တားမြစ်

သူများ ဖြစ်သွားပေလိမ့်မည်။ ဤသည်ပင်လျှင် အဓိပ္ပာယ်အရ ဆိုးကျိုးများ သက်ရောက်ခြင်းဟု ခေါ်ဆိုလေသည်။ အကြောင်းမှာ အခြားသူများကိုလည်း ကတိကဝတ် ချိုးဖောက်စေ၍ ဘေးဒုက္ခခံရသည်။ ထိုသို့သော အခြေအနေမျိုးတွင်) အသင်တို့သည် ကြီးမားသော အပြစ်ဒဏ်ကို ခံရမည်ဖြစ်သည်။ ၄င်းနောက် (အထက်ပါ အားသာသော အုပ်စုတွင် ပါဝင်ပေါင်းစည်းပြီး နေ့ရာယူရန် ရည်ရွယ်ချက်ဖြင့် ကတိကဝတ်များ ချိုးဖောက်ခြင်းကို တားမြစ်ထားသကဲ့သို့ ဥစ္စာဓနရရှိရန် ကတိချိုးဖောက်ခြင်းကိုလည်း တားမြစ်ထားတော်မူသည်။ အဘယ်သို့ဆိုသော်) ၄င်းနောက် အသင်တို့သည် (လောက၏) အနည်းငယ်မျှသော အကျိုးအမြတ်ကို ရရှိရန် အလ္လာဟ်အသျှင်မြတ်၏ ကတိဝတ်များကို အလဲအလှယ် မပြုလေနှင့်။ (အသျှင်မြတ်၏ ကတိတော်များဆိုသည့် အဓိပ္ပာယ်ကို အာယသ်တော်၏အစတွင် သိရှိခဲ့ပြီးဖြစ်သည်။ ၄င်းနောက် ثمنا قليلا ဆိုသည်မှာ လောကီပစ္စည်းများ ဖြစ်သည်။ အမြောက်အမြား ရှိပါလျက်နှင့် အနည်းငယ်မျှဟူသော စာသားနှင့်သာ သုံးနှုန်းထားလေသည်။ လောကီဝတ္ထုပစ္စည်းများ၏ ဖစ်မြစ်ကို တင်ပြထားသည်မှာ) အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင်ရှိသော အရာများသည် (ဆိုလိုသည်မှာ တမလွန်၏ စည်းစိမ်များသည်) အသင်တို့အတွက် (လောကီစည်းစိမ်များထက်) အဆပေါင်းများစွာ ကောင်းမွန်လေသည်။ အကယ်၍ အသင်တို့ နားလည်သဘောပေါက်ခဲ့မည်ဆိုပါက (ထို့ကြောင့် တမလွန်၏ စည်းစိမ်များသည် သာပိုလေသည်။ လောကီစည်းစိမ်များသည် မည်မျှပင် ရှိနေပါစေ။ နည်းပါးသည်ဟု ဆိုရမည်။) ၄င်းနောက် (ထိုစည်းစိမ်များ၏ နည်းပါးမှုနှင့် များပြားမှုတို့၏ ကွာဟမှုအပြင် အခြားကွာဟမှုတစ်ရပ်မှာလည်း ဤကဲ့သို့ဖြစ်သည်။) အသင်တို့ထံရှိနေသော (လောကီ) စည်းစိမ်များသည် (တစ်နေ့မဟုတ်တစ်နေ့) ကုန်ဆုံးသွားကြမည် ဖြစ်သည်။ (ပျက်စီးဆုံးရှုံး၍ ဖြစ်စေ၊ ကွယ်လွန်သေဆုံး၍ဖြစ်စေ) ၄င်းနောက် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် ရှိသော စည်းစိမ်များသည် အမြဲထာဝရ တည်ရှိနေမည်ဖြစ်သည်။ ၄င်းနောက် အကြင်သူတို့သည် (ကတိတည်ခြင်းစသည့် သာသနာ့ပညတ်ချက်များတွင်) မြဲမြံစွာ ရပ်တည်ခဲ့ကြသည်။ ငါအသျှင်မြတ်သည် ၄င်းတို့၏ ကောင်းမွန်သော ဆောင်ရွက်မှုများအစား အကျိုးကျေးဇူးများကို (ဆိုလိုသည်မှာ တင်ပြပါ ထာဝရ တည်ရှိနေမည့် 'နေ့အ်မသ်'တော်များကို) မုချကေန် ချီးမြှင့်တော်မူမည်။ (ထို့ကြောင့် မိမိတို့၏ ကတိတော်များကို အပြည့်အဝ လုပ်ဆောင်ပြီး များပြားလှပြီး မပျက်စီးနိုင်သော 'နေ့အ်မသ်'တော်များကို ရယူကြလော့။ ၄င်းနောက် နည်းပါးလှပြီး ပျက်စီးနိုင်သည့် လောကီစည်းစိမ်များအတွက် မိမိတို့ကတိများကို မချိုးဖောက်ကြလေနှင့်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ကတိချိုးဖောက်ခြင်းသည် 'ဟရာမ်' ဖြစ်ခြင်းအကြောင်း

دين ဟူသော စာသားသည် မိမိနှုတ်လျှာဖြင့် တာဝန်ယူထားသော အပေးအယူများအားလုံးနှင့် ကတိကဝတ်များအားလုံးအပေါ် အဓိပ္ပာယ်သက်ရောက်လေသည်။ ဆိုလိုသည်မှာ ယင်းကိစ္စရပ်များကို တာဝန်ယူခြင်း ဖြစ်သည်။ ကစမ်ကျိန်တွယ်သည်ဖြစ်စေ၊ မကျိန်တွယ်သည်ဖြစ်စေ၊ အလုပ်တစ်ခုကို ပြုလုပ်ရန်နှင့် ပတ်သက်၍သော်လည်းကောင်း၊ သို့မဟုတ် မပြုလုပ်ရန်နှင့် ပတ်သက်၍သော်လည်းကောင်း အားလုံး

ပါဝင်မေသည်။ ၎င်းနောက် ဤအာယသ်တော်များသည် အမှန်စင်စစ် ထို့ထက်အလျင် အာယသ်တော်များ၏ ရှင်းလင်းချက်နှင့် ဖြည့်စွက်ချက်များ ဖြစ်သည်။ ထို့ထက်အလျင် အာယသ်တော်များတွင် တရားမျှတမှုနှင့် ကောင်းကျိုးပြုရန် အမိန့်များ တင်ပြထားသည်။ عمل ဟူသော စာသား၏ အဓိပ္ပာယ်တွင် ကတိတည်ခြင်းလည်း ပါဝင်မေသည်။ *[ကုရ်သုဗီးကျမ်း]*

တစ်ဦးတစ်ယောက်ကို ကတိပေးပြီးနောက် ထိုကတိကို ချိုးဖောက်ခြင်းသည် ကြီးမားသော အပြစ် 'ဂိုနာဟ်' ဖြစ်သည်။ သို့သော် ထိုကတိကို ချိုးဖောက်သည့်အပေါ် မည်သည့်ကဏ္ဍာရပ်ကိုမှ သတ်မှတ်ထားခြင်းမရှိ။ တမလွန်၏ 'အအားဗ်' ပြစ်ဒဏ်သာလျှင် ခံစားရမည်ဖြစ်သည်။ ဟဒီးစ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ကေယာမသ်' နေ့တွင် ကတိချိုးဖောက်သူများ၏ ကျောကုန်းအပေါ် အလံတစ်ခု စိုက်ထူပေးထားလိမ့်မည်။ ယင်းကြောင့် ထိုသူသည် 'ဟရှရ်' ကွင်းပြင်တွင် အရှက်တကွဲ ဖြစ်ရလိမ့်မည်။

ထိုနည်းတူစွာ အလုပ်တစ်ခုနှင့် ပတ်သက်ပြီး ကစမ်ကျိန်တွယ်ခဲ့မည်ဆိုလျှင် ယင်းကို ဆန့်ကျင်၍ လုပ်ကိုင်ခြင်းသည် ကြီးလေးသော အပြစ်ဖြစ်သည်။ တမလွန်တွင် ကြီးမားသော ဘေးဒုက္ခနှင့် ရင်ဆိုင်ရမည်။ ၎င်းနောက် ဒွန္နယာလောကတွင်လည်း ကစမ်ချိုးဖောက်ခြင်း၏ အချို့သော ပုံသဏ္ဍာန်များတွင် 'ကဖာရဟ်' ပေးရန် တာဝန်ထိုက်လေသည်။ *[ကုရ်သုဗီကျမ်း]*

اَنْ تَكُوْنَ اُمَّةٌ هِىَ اَرْبٰى مِنْ اُمَّةٍ

ဤအာယသ်တော်တွင် မွတ်စလင်မ်များကို သွန်သင်ညွှန်ကြားထားသည်မှာ အသင်တို့နှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုထားသော အုပ်စုကို လောကီရေးရာ ဆန္ဒများနှင့် အကျိုးအမြတ်များအတွက် ထိုကတိစာချုပ်ကို မချိုးဖောက်ကြလေနှင့်။ ဥပမာ– အသင်တို့နှင့် ကတိစာချုပ်ချုပ်ဆိုထားသော အုပ်စုသည် အင်အားချည့်နဲ့ကာ အရေအတွက်နည်းပါးလာသည်ကို သိရှိရပြီး သို့မဟုတ် ဥစ္စာဓနအရ ထိုအုပ်စုသည် ဆင်းရဲမွဲတေသော အုပ်စုဖြစ်သည်ဟု သိရှိရပါက ၎င်းနောက် ယင်းအုပ်စုနှင့် ဆန့်ကျင်ဘက်အုပ်စုသည် အင်အားများပြားပြီး တောင့်တင်းခိုင်မာမှုလည်း ရှိသည်။ သို့မဟုတ် ဥစ္စာဓနလည်း ကြွယ်ဝသည်။ ထို့ကြောင့် အင်အားတောင့်တင်းပြီး ဥစ္စာဓနကြွယ်ဝသော အုပ်စုနှင့် ပေါင်းစည်းလိုက်ပါက အကျိုးကျေးဇူး အမြောက်အမြား ရရှိမည်ဟု ယူဆကာ ပထမအုပ်စုနှင့် ချုပ်ဆိုထားသော ကတိစာချုပ်ကို ချိုးဖောက်ခြင်း မပိုင်ပေ။ သို့သာမက မိမိ၏ ကတိအပေါ် မားမားမတ်မတ် ရပ်တည်နေရမည်။ ၎င်းနောက် အကျိုးအမြတ်နှင့် ဆုံးရှုံးနစ်နာမှုကို အလ္လာဟ်အသျှင်မြတ်အပေါ် လွှဲအပ်ရမည်ဖြစ်သည်။ အကယ်၍ မိမိတို့နှင့် ကတိစာချုပ်ချုပ်ဆိုထားသော အုပ်စုသည် တရားတော်နှင့် ဆန့်ကျင်သော လုပ်ရပ်များကို လုပ်ကိုင်လာမည်။ သို့မဟုတ် ခိုင်းစေလာမည်ဆိုလျှင် ၎င်းတို့၏ ကတိစာချုပ်ကို ချိုးဖောက်ရန် 'ဝါဂျိဗ်' တာဝန်ထိုက်လေသည်။ သို့သော် ၎င်းတို့အား ရှင်းလင်းပြတ်သားစွာ အသိပေး ပြောကြားရမည်မှာ ကျွန်ုပ်တို့သည် ယခု မိမိ၏ ကတိစာချုပ်ကို ရုပ်သိမ်းလိုက်ပြီဟူ၍ ဖြစ်သည်။ အာယသ်တော်

فَانْبِذْ اِلَيْهِمْ عَلٰى سَوَآءٍ

တွင် ဤသို့ပင် တင်ပြထားလေသည်။

အာယသ်တော်၏ နောက်ဆုံးတွင် တင်ပြပါအကြောင်းအရာများကို မှတ်စုလင်မ်များအတွက် စမ်းသပ်မှုပြုရန်ဟူ၍ မိန့်ဆိုထားလေသည်။ အလ္လာဟ်အသျှင်မြတ်၏ စမ်းသပ်မှုမှာ လူသားတို့သည် မိမိတို့အလိုရှိရာဆန္ဒကို ဖြည့်ဆည်းရန် ကတိသစ္စာကို ချိုးဖောက်လေသလော။ သို့မဟုတ် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို လိုက်နာကျင့်သုံးပြီး မိမိတို့၏ အလိုဆန္ဒများကို စတေးပစ်လေသလောဟူ၍ ဖြစ်သည်။

တစ်ဦးတစ်ယောက်အား လှည့်စားဖြားယောင်းရန် 'ကစမ်'ကျိန်တွယ်ခြင်းသည် အီမာန်ရှုပ်သိမ်းခံရမည့် အန္တရာယ်ရှိသည့်အကြောင်း

لَا تَتَّخِذُ اَيْمَانَكُمْ دَخَلًا

ဤအာယသ်တော်တွင် ကြီးမားသော အခြား 'ဂိုနာဟ်' အကုသိုလ်တစ်ခု၏ ဘေးဒုက္ခမှ ကင်းဝေးရန် ညွှန်ကြားမိန့်ဆိုထားလေသည်။ ယင်းမှာ ကစမ်ကျိန်တွယ်သည့်အချိန်၌ပင် ယင်းလုပ်ရပ်ကို ဆန့်ကျင်မည်ဟု ရည်ရွယ်ခြင်း၊ တစ်ဖက်သားကို လှည့်စားရန်အတွက် ကျိန်တွယ်ပြောဆိုခြင်းသည် အခြားသော ကစမ်ကျိန်တွယ်မှုများကို ချိုးဖောက်ခြင်းထက် သာပို၍ အန္တရာယ်ကြီးမားသော 'ဂိုနာဟ်'အကုသိုလ် ဖြစ်သည်။ ယင်းအကုသိုလ်၏ ရလဒ်မှာ အီမာန်ဟူသော ရတနာကိုပင် လက်လွှတ်ဆုံးရှုံးရလိမ့်မည်။

اَنْ تَزِلَّ قَدَمٌ بَعْدَ ثُبُوتِهَا

၏ အလိုသဘောသည်လည်း ဤအတိုင်းပင်ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

လာဘ်ပေးလာဘ်ယူခြင်းသည် ပြင်းထန်သော 'ဟရာမ်'လုပ်ရပ်နှင့် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ကို ချိုးဖောက်ခြင်းအကြောင်း

وَلَا تَشْتَرُوْا بِعَهْدِ اللّٰهِ ثَمَنًا قَلِيْلًا

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ကို အနည်းငယ်မျှသော တန်ကြေးဖြင့် လဲလှယ်ကာ မချိုးဖောက်ကြလေနှင့်။ အနည်းငယ်မျှသော တန်ကြေးဟူသည်မှာ လောကီနှင့် လောကီ၏ စည်းစိမ်များကို ဆိုလိုခြင်းဖြစ်သည်။ ထိုစည်းစိမ်များသည် မည်မျှပင် ကြီးမားနေပါစေ တမလွန်၏ အကျိုးကျေးဇူးများ ရှေ့တွင် ဒွန်ယာလောကတစ်ခုလုံးနှင့် ယင်း၏ ရှိရှိသမျှသော စည်းစိမ်ဥစ္စာတို့သည် အလွန်ပင် နည်းပါးလှပေသည်။ အကြင်သူသည် 'အာခိရသ်'တမလွန်အစား ဒွန်ယာလောကကို ရွေးချယ်မည်ဆိုပါက အနိုင်းမဲ့သော ဆုံးရှုံးမှုကို ရင်ဆိုင်ရသူဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် အမြဲထာဝစဉ် တည်ရှိနေမည့် အဆင့်အတန်းမြင့်မားသော 'နေအ်မသ်'တော်များနှင့် စည်းစိမ်ဥစ္စာများကို လျင်မြန်စွာ ပျက်စီးသွားမည့် အဆင့်နိမ့်သော အရာဝတ္ထုများနှင့် လဲလှယ်အပေးအယူလုပ်ခြင်းကို မည်သည့်အသိဉာဏ်ရှိသော လူသားတစ်ဦးမျှ နှစ်သက်လုပ်ဆောင်မည်မဟုတ်ပေ။

အိဗ်နေအဿီရာအခင်က မိန့်ဆိုသည်မှာ အကြင်သူတစ်ဦးတစ်ယောက်ပေါ်တွင် အလုပ်တစ်ခုကို ပြီးမြောက်အောင် ပြုလုပ်ရန် တာဝန်ရှိခဲ့မည်ဆိုလျှင် ထိုတာဝန်သည် အလ္လာဟ်အသျှင်မြတ်ကို ကတိပြုထားသော တာဝန်တစ်ရပ်ဖြစ်သည်။ ထိုတာဝန်ကို ဆောင်ရွက်ရန် တစ်ဦးတစ်ယောက်ထံမှ အခကြေးငွေယူခြင်း၊ ၎င်းနောက် အခကြေးငွေမရလျှင် မလုပ်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ကို ချိုးဖောက်ခြင်း ဖြစ်သည်။ ထိုနည်းတူစွာ အလုပ်တစ်ခုကို မပြုလုပ်ရန် တစ်ဦးတစ်ယောက်ထံ တာဝန်ရှိခဲ့ပြီး ထိုအလုပ်ကို အခကြေးငွေယူ၍ ပြုလုပ်ခဲ့လျှင်လည်း အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။

အထက်ပါမိန့်ဆိုချက်များအရ သိရှိရသည်မှာ မျက်မှောက်ခေတ်တွင် လုပ်ဆောင်လျက်ရှိသော လာဘ်ပေးလာဘ်ယူခြင်းများသည် 'ဟရာမ်'ဖြစ်လေသည်။ ဥပမာ- အစိုးရဝန်ထမ်းတစ်ဦးသည် တာဝန်တစ်ခု ထမ်းဆောင်၍ အစိုးရထံမှ လခကို ရယူသည်။ ထိုသူသည် အလ္လာဟ်အသျှင်မြတ်နှင့် ကတိကဝတ်ပြုသူဖြစ်သွားလေသည်။ အကြောင်းမှာ ဤလစာကို ယူ၍ အပ်နှင်းထားသော တာဝန်ကို အပြည့်အဝ ထမ်းရွက်ရမည်ဖြစ်သည်။ အကယ်၍ ထိုသူသည် မိမိတာဝန်ကို ထမ်းရွက်ရန် တစ်ဦးတစ်ယောက်ထံမှ အခကြေးငွေ ယူခဲ့သော်၊ ၎င်းနောက် အခကြေးငွေမရလျှင် အလုပ်ကို ဆိုင်းငံ့ခဲ့သော် ဤလုပ်ရပ်သည် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ကို ချိုးဖောက်ခြင်းဖြစ်သည်။ ထိုနည်းတူစွာ အာဏာပိုင်များထံမှ လုပ်ပိုင်ခွင့်မပေးထားသော အလုပ်များကို လာဘ်စား၍ ပြုလုပ်ခြင်းသည်လည်း ကတိချိုးဖောက်ခြင်းဖြစ်သည်။

လာဘ်ပေးလာဘ်ယူခြင်း၏ ပြည့်စုံသော ဖွင့်ဆိုချက်အကြောင်း

အိဗ်နေအဿီရာသခင်၏ တင်ပြချက်တွင် လာဘ်ပေးလာဘ်ယူခြင်း၏ ပြည့်စုံသော အဓိပ္ပာယ်ဖွင့်ဆိုချက်လည်း ပါဝင်သွားပေသည်။ ယင်းကို ဗဟ်ရေမုဟီးသွ်သဖ်စီးရ်ကျမ်းတွင် အောက်ပါစာသားများဖြင့် ရေးသားတင်ပြထားသည်။

اخذ الاموال على فعل مايجب على الاخذ فعله اوفعل مايجب عليه تركه

ဆိုလိုသည်မှာ မိမိတွင် ဆောင်ရွက်ရန် တာဝန်ရှိသော အလုပ်ကို အခကြေးငွေယူ၍ စွန့်လွှတ်ခြင်း၊ သို့မဟုတ် မိမိအပေါ် မပြုလုပ်ရန် တာဝန်ရှိသော အလုပ်တစ်ခုကို အခကြေးငွေယူ၍ ပြုလုပ်ခြင်းသည် လာဘ်စားခြင်းဖြစ်သည်။ *[ဗဟ်ရေမုဟီးသွ်သဖ်စီးရ်ကျမ်း၊ တွဲ-၅၊ စာ-၅၃၃။]*

၎င်းနောက် လောကတစ်ခွင်လုံး ရှိရှိသမျှသော စည်းစိမ်ဥစ္စာများသည် အလွန်ပင် နည်းပါးကြောင်း အာယသ်တော်တွင် ဤသို့ ဆက်လက် တင်ပြထားပေသည်။

مَا عِنْدَ كُمْ يَنْفَدُ وَمَا عِنْدَ اللهِ بَاقٍ

ဆိုလိုသည်မှာ အသင်တို့ထံတွင် ရှိသော အရာဝတ္ထုများသည် (အလိုသဘောမှာ လောကီစည်းစိမ်ဥစ္စာများ ဖြစ်သည်။) အားလုံး ကုန်ဆုံးပျက်စီးသွားမည်ဖြစ်သည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် ရှိသော အရာများသည် (တမလွန်၏ အကျိုးစဝါးဗ်များနှင့် 'အဇာဗ်'ပြစ်ဒဏ်များကို ဆိုလိုခြင်းဖြစ်သည်။) အမြဲတစေ တည်ရှိနေမည့် အရာများ ဖြစ်သည်။

ဒွန္နယာလောကဏ်၏ သုခနှင့် ဒုက္ခ၊ မိတ်ဖွဲ့ခြင်းနှင့် ရန်မူခြင်း စသည်တို့သည် ပျက်သုန်းသွားမည် ဖြစ်ပြီး ယင်းတို့၏ အကျိုးရလဒ်များသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် အမြဲတမ်း တည်ရှိနေမည့် အရာများဖြစ်ခြင်း

مَا عِنْدَكُمْ ဟူသည့် စကားအရ အများအားဖြင့် ဥစ္စာပစ္စည်းဟု အဓိပ္ပာယ်ကောက်ယူလေ့ ရှိကြသည်။ ကျွန်ုပ်၏ ကျေးဇူးရှင်ဆရာသခင်ကြီး မောင်လာနာစိုင်ယီဒ်အဆွဂ်ရ် ဟူးစိုင်းန် (ရဟ) သခင်က မိန့်ဆိုသည်မှာ مَا عِنْدَكُمْ ဟူသော စကားလုံးသည် အဘိဓါန်အရ အဓိပ္ပာယ်ကျယ်ဝန်းလှသည်။ ၎င်းနောက် ယင်း၏ ကျယ်ဝန်းသော အဓိပ္ပာယ်ကို ဖွင့်ဆိုခြင်းဖြင့်လည်း ရှရီအသ်တရားတော်က တားမြစ်ထားသည်မဟုတ်။ ထို့ကြောင့် ဤအဓိပ္ပာယ်တွင် ဒွန္နယာလောက၏ ဥစ္စာပစ္စည်းများလည်း ပါဝင်သကဲ့သို့ လောကတွင် ရင်ဆိုင်ကြုံတွေ့ရသော အခြေအနေများ၊ အပေးအယူများ၊ ပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်းနှင့် အေးချမ်းခြင်း၊ ကျန်းမာခြင်းနှင့်၊ မကျန်းမာခြင်း၊ အကျိုးရှိခြင်းနှင့် ဆုံးရှုံးခြင်း၊ မိတ်ဆွေဖြစ်ခြင်းနှင့် ရန်သူဖြစ်ခြင်း စသည့် အရာအားလုံးလည်း ပါဝင်ပေသည်။ ထိုအကြောင်းအရာအားလုံးသည်လည်း ပျက်စီးသွားမည့် အရာများဖြစ်သည်။ အမှန်စင်စစ် ထိုအခြေအနေများနှင့် အပေးအယူများအပေါ် နောင်တွင် သက်ရောက်လာမည့် ရလဒ်များနှင့် ယင်းလုပ်ရပ်များအပေါ် 'ကေယာမသ်' နေ့တွင် 'အဇာဗ်' ပြစ်ဒဏ်နှင့် အကျိုးစဝါးဗ်များကို ခံစားရခြင်းတို့သည် အမြဲတမ်းတည်ရှိနေမည့် အရာများဖြစ်သည်။ ပျက်စီးသွားမည့်အခြေအနေများနှင့် အကြောင်းအရာများကိုသာ စဉ်းစားတွေးခေါ်နေခြင်း၊ ၎င်းနောက် မိမိ၏ ဘဝသက်တမ်းနှင့် လန်းဆန်းတက်ကြွမှုတို့ကို လောကီရေးရာများတွင်သာ အသုံးချပြီး ထာဝစဉ်တည်မြဲနေမည့် 'အဇာဗ်' နှင့် 'စဝါးဗ်' ကို မေ့လျော့ထားခြင်းသည် အသိဉာဏ်ကြွယ်ဝသူတို့၏ လုပ်ရပ်မဟုတ်ပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

مَنْ عَمِلَ صَالِحًا

مِّن ذَكَرٍ أَوْ أُنثَىٰ وَهُوَ مُؤْمِنٌ فَلَنُحْيِيَنَّهُ حَيَاةً طَيِّبَةً ۖ

وَلَنَجْزِيَنَّهُمْ أَجْرَهُم بِأَحْسَنِ مَا كَانُوا يَعْمَلُونَ ﴿٩٧﴾

၁၆ : ၉၇ ။ ။ မည်သူမဆို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူဆောက်တည်ခဲ့သော်၊ ၎င်းပြင် ထိုသူသည် မုအ်မင်န်သက်ဝင်ယုံကြည်သူ (လည်း) ဖြစ်ခဲ့သော်၊ ဧကန်မလွဲ ငါအသျှင်မြတ်သည် ထိုသူအား (ဤလောက၌) သန့်ရှင်းစင်ကြယ်သော အသက်ရှင်ခြင်းမျိုးဖြင့် အသက်ရှင်စေတော်မူပေမည်။ ထို့ပြင် (တမလွန်ဘဝ၌လည်း) မုချစင်စစ် ငါအသျှင်မြတ်သည် ထိုသူတို့အား ၎င်းတို့၏ အကျိုးကို ၎င်းတို့ ကျင့်မူဆောက်တည်လျက် ရှိခဲ့ကြကုန်သော ကောင်းမြတ်သည့် အကျင့်သီလနှင့် လျော်ညီစွာ ပေးဆပ် (ချီးမြှင့်) တော်မူပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ယခင်အာယသ်တော်များတွင် ကတိသစ္စာကို အပြည့်အဝ ဆောင်ရွက်ရန် လေးနက်စွာ တင်ပြထားပြီး ကတိချိုးဖောက်ခြင်း၏ သေးသိမ်မှုကို တင်ပြထားသည်။ ယင်းသည် သီးခြား 'အမလ်' တစ်ခု ဖြစ်သည်။ ဤအာယသ်တော်တွင် ကောင်းမွန်သော ကျင့်ကြံမှုများအားလုံးနှင့် ကောင်းမွန်စွာ ကျင့်ကြံသူများအကြောင်းကို ခြုံငုံတင်ပြထားပေသည်။ အာယသ်တော်၏ တင်ပြချက်မှာ တမလွန်၏ အကျိုးစဝါးဗ်များနှင့် လောက၏ 'ဗရ်ကသ်' မင်္ဂလာများသည် ကတိသစ္စာကို အပြည့်အဝ ဆောက်တည်ခြင်းတွင်သာ ကန့်သတ်ထားသည် မဟုတ်။ အခြေအနေတစ်ခုတည်း၌လည်း သီးခြားသတ်မှတ်ထားသည်မဟုတ်။ သို့သာမက အစ္စလာမ်၏ မူဝါဒလမ်းစဉ်မှာ ဤသို့ဖြစ်သည်။) အကြင်မည်သူမဆို အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ကောင်းမွန်သော ကျင့်ကြံမှုကို ကျင့်ဆောင်ပြီး (ထိုသူသည်) အီမာန်ရှင် (လည်း) ဖြစ်မည်ဆိုလျှင် (ကာဖိရ် များ၏ ကောင်းမှုများသည် လက်သင့်မခံရသည့်အတွက်ကြောင့် ဖြစ်သည်။) ငါအသျှင်မြတ်သည် ထိုသူ့ကို (လောကတွင်) သာယာသော ဘဝသက်တမ်းကို ချီးမြှင့်မည်။ ၎င်းနောက် တမလွန်တွင် ၎င်း၏ ကောင်းမွန်သော ကျင့်ကြံမှုများအစား အကျိုးကျေးဇူးများကို ချီးမြှင့်မည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

حيا ت طيبه ဟူသည်မှာ အဘာယ်နည်း

ဂျမ်ဟူးရ်သဖ်စီးရ်ပညာရှင်များထံတွင် 'ဟယာသိသွိုင်ယီဗာ' ဟူသည်မှာ လောက၏ သန့်ပြန့် သော၊ ၎င်းနောက် သာယာသော ဘဝသက်တမ်းကို ခေါ်ဆိုပေသည်။ အချို့သော သဖ်စီးရ်ပညာရှင်များက တမလွန်၏ ဘဝသက်တမ်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဂျမ်ဟူးရ်ပညာရှင်များ၏ ဖွင့်ဆိုချက်အရ အဓိပ္ပာယ်မှတ်ယူမည်ဆိုလျှင်လည်း ထိုသို့သော သက်တမ်းရှိသူသည် မည်သည့်အခါမှ ငတ်မွတ်ခေါင်းပါးခြင်းနှင့် ရောဂါဘယများဖြစ်ခြင်းတို့မှ ကင်းဝေးနေမည်ဟု မှတ်ယူ၍ မရပေ။ အဓိကဆိုလိုရင်းမှာ အီမာန်ရှင်တစ်ဦးသည် တစ်ခါတစ်ရံ ကြပ်တည်းမှုရှိလျှင် သို့မဟုတ် ဘေးဒုက္ခနှင့် ရင်ဆိုင်ရလျှင် နှစ်ခုသော အရာသည် ထိုအီမာန်ရှင်ကို ပူဆွေးသောကရောက်စေမည်မဟုတ်ပေ။ ပထမတစ်ခုမှာ ရောင့်ရဲတင်းတိမ်ခြင်းနှင့် ရိုးစင်းသော ဘဝသက်တမ်း၏ အကျင့်ဓလေ့၊ ယင်းတို့သည် ကြပ်တည်းသောအခါတွင်လည်း လွယ်ကူမှု ရရှိစေသည်။ ဒုတိယတစ်ခုမှာ ကျွန်ုပ်သည် ထိုကျပ်တည်းမှုနှင့် ရောဂါဘယများ၏ အစားကို တမလွန်၌ ခမ်းနားထည်ဝါပြီး ထာဝစဉ်တည်ရှိနေမည့် 'နေအ်မသ်' တော်များကို ရရှိမည်ဟူသည့် ယုံကြည်ချက် ဖြစ်သည်။ ကာဖိရ်နှင့် ဖာဂျိရ်များသည် ထိုအခြေအနေနှင့် ဆန့်ကျင်နေသည်။ အကြောင်းမှာ ၎င်းတို့သည် ဆင်းရဲကြပ်တည်းမှုနှင့် ရောဂါဘယများ ကြုံတွေ့ရပါက ဖြေသိမ့်ရန် မည်သည့်နည်းလမ်းမျှ မရှိခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် အသိဉာဏ်အမြော်အမြင်လည်း ခေါင်းပါးသွားလေသည်။ တစ်ခါတစ်ရံ မိမိကိုယ်

မိမိ သတ်သေလေ့ရှိကြသည်။ ၎င်းနောက် ထိုသူတို့သည် ချောင်လည်မှုရှိပါကလည်း ၎င်းတို့၏ လောဘသည် ၎င်းတို့ကို မည်သည့်အခါမျှ အေးချမ်းစေမည် မဟုတ်ပေ။ သန်းကြွယ်အောင် ချမ်းသာသွားလျှင်လည်း ကုဋေကြွယ်လိုသော လောဘသည် ၎င်းတို့၏ အေးချမ်းသာယာမှုကို ဖျက်ဆီးပစ်လိုက်မည်ဖြစ်သည်။

အိမ်နေအသွီရာ (ရဟ) သခင်က မိန့်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မှန်မြတ်သော အီမာန်ရှင်များကို ဒွန္နယာလောကတွင်လည်း ပျော်ရွှင်ချမ်းမြေ့မှုများနှင့် သာယာအေးချမ်းသော ဘဝသက်တမ်းကို ချီးမြှင့်ထားလေသည်။ ယင်းကြောင့် ၎င်းတို့သည် မည်သည့်အခြေအနေမျိုးတွင်မှ ပြောင်းလဲသွားခြင်း မရှိကြချေ။ ကြပ်တည်းသော အချိန်နှင့် ချောင်လည်သော အချိန်များတွင် ၎င်းတို့၏ ဘဝသည် သာယာအေးချမ်းနေမည်မှာ ထင်ရှားစွာ သိရှိနိုင်သည့်အပြင် အထူးသဖြင့် လူသားကို အချိန်တိုင်းတွင် သောကမလိုအပ်ဘဲ ပစ္စည်းဥစ္စာ တိုးပွားလိုသည့် လောဘသည် ၎င်းတို့တွင် မရှိခြင်းကြောင့် ဖြစ်သည်။ ၎င်းနောက် ကြပ်တည်းမှု သို့မဟုတ် ရောဂါဘယများ ကြုံကြိုက်လာမည်ဆိုလျှင်လည်း အလ္လာဟ်အသျှင်မြတ်၏ ကတိတော်များကို အပြည့်အဝ ယုံကြည်သည့်အတွက်ကြောင့်လည်းကောင်း၊ ခက်ခဲမှုပြီးလျှင် လွယ်ကူမှု ရရှိမည်။ ဒုက္ခရောက်ပြီးလျှင် သုခရရှိမည်ဟူသည့် ခိုင်မာသော မျှော်လင့်ချက်သည် ၎င်းတို့၏ ဘဝသက်တမ်းကို သာယာမှု ကင်းမဲ့စေမည်မဟုတ်ပေ။ ပမာဆိုရသော် လယ်သမားတစ်ဦးသည် လယ်ယာစိုက်ပျိုးပြီးနောက် ထိုလယ်ယာကို ထိန်းသိမ်းစောင့်ရှောက်ရသည့်အချိန်တွင် မည်သို့သော ဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ရပါစေ ထိုလယ်သမားသည် ယင်းဒုက္ခ၊ သုက္ခများကို သာယာအေးချမ်းမှုတစ်ခုဟု မှတ်ယူလေသည်။ အကြောင်းမှာ ရက်အနည်းငယ်ကြာလျှင် ကြီးမားသော အကျိုးကျေးဇူးကို ရရှိတော့မည်ဖြစ်သည်။ ထိုနည်းတူစွာ ကုန်သည်တစ်ဦးသည် မိမိ၏ စီးပွားရေးတွင်၊ ၎င်းနောက် ဝန်ထမ်းတစ်ဦးသည် မိမိ၏ တာဝန်ကို ထမ်းဆောင်ရာတွင် မည်သို့ပင် ကြိုးပမ်းအားထုတ်ရပါစေ တစ်ခါတစ်ရံ သေးသိမ်မှုကိုပင် မျိုသိပ်ကြရသည်။ သို့သော် ၎င်းတို့သည် ပျော်ရွှင်နေလေ့ရှိကြသည်။ အကြောင်းမှာ ရက်အနည်းငယ်ကြာပြီးသည့်နောက် ကုန်သည်သည် မိမိ၏ ရောင်းဝယ်ဖောက်ကားမှု အကျိုးအမြတ်နှင့် ဝန်ထမ်းသည် မိမိ၏ လစာကို ရရှိလိမ့်မည်ဟူသော ယုံကြည်ချက်များ ရှိနေခြင်းကြောင့် ဖြစ်သည်။ အီမာန်ရှင်သည်လည်း ယုံကြည်ချက်ထားရှိသည်မှာ ကျွန်ုပ်သည် မိမိ၏ ဒုက္ခဟူသမျှနှင့် ပတ်သက်ပြီး အကျိုးရရှိမည်ဖြစ်သည်။ ၎င်းနောက် တမလွန်တွင် ယင်း၏ အစားကို ထာဝစဉ်တည်ရှိနေမည့် ခမ်းနားထည်ဝါသော 'နေ့အ်မသ်' စည်းစိမ်တော်များအသွင်ဖြင့် ရရှိလိမ့်မည်။ ၎င်းနောက် လောက၏ ဘဝသက်တမ်းသည် တမလွန်နှင့် နှိုင်းယှဉ်လျှင် မည်သို့မျှ အဆင့်မရှိပေ။ ထို့ကြောင့် လောက၏ ဒုက္ခနှင့် သုခများ၊ ၎င်းနောက် အေးချမ်းမှု၊ ပူလောင်မှုများအားလုံးကို လွယ်လင့်တကူ မျိုသိပ်ခံစားကြပေသည်။ ၎င်းတို့၏ ဘဝသက်တမ်းသည် မည်သည့်အခြေအနေမျိုးတွင်မဆို ထွေပြားမနေဘဲ အရသာကင်းမဲ့နေမည်မဟုတ်ပေ။ ဤသည်တို့သည် အီမာန်ရှင်တစ်ဦးကို လောကတွင် လက်ငင်းရရှိမည့် حيات طيبه ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

فَإِذَا قَرَأْتَ الْقُرْآنَ فَاسْتَعِذْ بِاللَّهِ مِنَ الشَّيْطَانِ الرَّجِيمِ ﴿٩٨﴾

၁၆ : ၉၈ ॥ ॥ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်သောအခါ နှင်ထုတ်ခြင်းခံရသော ရှိုက်သွာန် (၏ နှောင့်ယှက်မှု) မှ (လွတ်ကင်းနိုင်ရန်) အလ္လာဟ်အသျှင်မြတ်၏ အကာအကွယ်ကို ယူပါလေ။

إِنَّهُ لَيْسَ لَهُ سُلْطَانٌ عَلَى الَّذِينَ آمَنُوا وَعَلَىٰ رَبِّهِمْ يَتَوَكَّلُونَ ﴿٩٩﴾

॥ ॥ ကေန်စင်စစ် ယင်းရှိုက်သွာန်သည် အီမာန်သက်ဝင်ယုံကြည်၍ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ယုံကြည်အားထားကြကုန်သော အကြင်သူတို့အပေါ်၌ လုံးဝ ဩဇာအာဏာ မရှိချေ။

إِنَّمَا سُلْطَانُهُ عَلَى الَّذِينَ يَتَوَلَّوْنَهُ وَالَّذِينَ هُمْ بِهِ مُشْرِكُونَ ﴿١٠٠﴾

၁၆ : ၁၀၀ ॥ ॥ ယင်းရှိုက်သွာန်၏ ဩဇာအာဏာသည် ၎င်းအား အဆွေခင်ပွန်းဖွဲ့သော သူတို့နှင့် ၎င်း (၏ ဖြားယောင်းမှု) ကြောင့် (အခြားအရာများကို အလ္လာဟ်အသျှင်မြတ်နှင့်) တွဲဖက်ကိုးကွယ်သော သူတို့အပေါ်၌သာလျှင် ရှိပေသည်။

အာယသ်တော်များ၏ ဆက်စပ်မှု

ယခင်အာယသ်တော်များတွင် ဦးစွာပထမ ကတိသစ္စာကို အပြည့်အဝ ဆောင်ရွက်ရန် လေးလေးနက်နက် မိန့်ဆိုထားသည်။ ကောင်းမွန်သော ကျင့်ကြံမှုများကို လေးနက်စွာ ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ထားလေသည်။ လူသားသည် ထိုအမိန့်ပညတ်ချက်များတွင် ပေါ့လျော့ခြင်းသည် ရှိုက်သွာန်၏ လှည့်ဖြားမှုကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်တွင် နှင်ထုတ်ခြင်းခံရသော ရှိုက်သွာန်၏ရန်မှ ကင်းဝေးအောင် ခိုလှုံရန် သင်ကြားပေးထားပေသည်။ ယင်းအချက်သည် ကောင်းမွန်သော 'အမလ်' ကျင့်ကြံမှုတိုင်းတွင် အရေးတကြီး လုပ်ဆောင်ရမည့် အရာဖြစ်သည်။ သို့သော် ဤအာယသ်တော်တွင် ယင်းသို့ အသျှင်မြတ်ထံ ခိုလှုံခြင်းကို ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်မှုနှင့် တွဲ၍ သီးခြားဖော်ပြထားပေသည်။ ထိုသို့ သီးခြားဖော်ပြရခြင်းမှာလည်း ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်ခြင်းပင်လျှင် ရှိုက်သွာန်ကို ထွက်ပြေးစေမည့် 'အမလ်' တစ်ရပ် ဖြစ်ခြင်းကြောင့်ဟူ၍ ဆိုနိုင်ဖွယ်ရှိသည်။

၎င်းနောက် အချို့သော အာယသ်တော်များနှင့် စူရာဟ်များသည် ရှိုက်သွာန်များ၏ နှောင့်ယှက်မှုမှ ကင်းဝေးစေရန် အထူးပင် ထိရောက်လှသည်။ ယင်းအာယသ်တော်များ၏ ထိရောက်မှုနှင့် အကျိုးရှိမှုတို့ကို ဟဒီအသ်အထောက်အထားများအရ သိရှိရသည်။ *[မအာရိဖွလ်ကုရ်အာန်ကျမ်း]*

သို့သော် ကျမ်းတော်မြတ်ကို ဖတ်ရွတ်ရာတွင် ရှိုက်သွာန်၏ရန်မှ ကင်းဝေးရန် အသျှင်မြတ်ထံ ခိုလှုံရန် အမိန့်ပေးထားသည့်အတွက် ယင်းသည် အခြားသော ကျင့်ကြံမှုများအတွက် ပို၍ပင် အရေးကြီးသော လုပ်ရပ်တစ်ခုဖြစ်ပေလိမ့်မည်။ ထို့ပြင်တဝ ကျမ်းတော်မြတ်ကို ဖတ်ရွတ်ရာတွင်လည်း ရှိုက်သွာန်

၏ နှောင့်ယှက်မှုအန္တရာယ်ရှိကြောင်း သိရှိနိုင်သည်။ အကြောင်းမှာ 'သေလာဝသ်'၏ စည်းမျဉ်းစည်းကမ်းများတွင် ပေါ့လျော့မှုလည်း ရှိနိုင်သည်။ စဉ်းစားတွေးခေါ်ခြင်းနှင့် အတွင်းအပြင် ကြောက်ရွံ့ရိုကျိုးမှုများတွင်လည်း ပေါ့လျော့မှုရှိနိုင်သည်။ ထို့ကြောင့် 'သေလာဝသ်'ပြုရာတွင်လည်း ရှိုက်သွာန်၏ နှောင့်ယှက်မှုများမှ ကင်းဝေးရန် ခိုလှုံခြင်းကို အရေးကြီးသည်ဟု သတ်မှတ်ထားပေသည်။

[အိဗ်နေကစီးရ်ကျမ်း၊ မဇ္ဇဟရီးကျမ်း။]

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အထက်ပါအာယသ်တော်များဖြင့် (၄င်းနောက် ကောင်းသော ကျင့်ကြံမှုများ၏ ထွက်မြတ်မှုများကို သိရှိပြီးဖြစ်သည်။ တစ်ခါတစ်ရံ ရှိုက်သွာန်သည် ထိုကျင့်ကြံမှုများတွင် နှောင့်ယှက်တတ်သည်။ တစ်ခါတစ်ရံ ကတိသစ္စာကို ဖြည့်ဆည်းရာတွင်လည်း အနှောင့်အယှက်ပေးတတ်သည်။ ၄င်းနောက် တစ်ခါတစ်ရံ အခြားသော 'အမလ်'များ၊ ဥပမာ– ကျမ်းတော်မြတ်ကုရ်အာန် ဖတ်ရွတ်ရာတွင်လည်း နှောင့်ယှက်တတ်သည်။) သို့ပါ၍ (အို၊ မိုဟမ္မဒ်၊ အသင်နှင့် အသင်၏ အကြောင်းခံဖြစ်သော အစ္စလာမ်သားများလည်း နားထောင်ကြကုန်။) မည်သည့်အခါ အသင်တမန်တော်သည် (မည်သည့်ကောင်းမွန်သော လုပ်ရပ်ကိုမဆို လုပ်ဆောင်လိုပါလျှင် နောက်ဆုံး) ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ရွတ်လိုပါလျှင် နှင်ထုတ်ခြင်းခံရသော ရှိုက်သွာန် (၏ ရန်) မှ အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံပါလေ။ (ဆိုလိုရင်းအဓိပ္ပာယ်မှာ စိတ်နှလုံးမှ အသျှင်မြတ်ကို အာရုံပြုနေခြင်းဖြစ်သည်။ ဤမျှအတိုင်းအတာအထိ 'အိစ်သိအာဇဟ်' (ခိုလှုံခွင့်တောင်းခံခြင်း) ပြုရန် 'ဝါဂျိဗ်'တာဝန်ရှိသည်။ ၄င်းနောက် နှုတ်မှ ယင်းကို ရွတ်ဆိုခြင်းသည် စွန္နသ်တာဝန်ဖြစ်သည်။ ၄င်းနောက် ငါအသျှင်မြတ်သည် အသင်တို့ကို ခိုလှုံရန် အမိန့်ပေးခြင်းမှာ) မုချကေန် အီမာန်ရှိသော သူများအပေါ် ရှိုက်သွာန်သည် စွမ်းဆောင်နိုင်ခြင်း မရှိပေ။ ၄င်းနောက် (ထိုအီမာန်ရှင်များသည်) မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အပေါ် (စိတ်နှလုံးတွင်းမှ) ယုံကြည်အားထားသည်။ ထို (ရှိုက်သွာန်) ၏ စွမ်းဆောင်နိုင်မှုသည် မိမိနှင့် ပတ်သက်သော သူများအပေါ်တွင်သာ သက်ရောက်နိုင်သည်။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ်နှင့် တုဖက်နိှုင်းယှဉ်ခြင်းပြုသော သူများအပေါ် သက်ရောက်နိုင်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အိဗ်နေကစီးရ် (ရဟ) သခင်က မိန့်ဆိုသည်မှာ လူသား၏ ရန်သူသည် နှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးမှာ လူသားများထဲမှပင်ဖြစ်သည်။ ဥပမာ– ကာဖိရ်များ၊ ဒုတိယတစ်မျိုးမှာ ဂျင်န်မျိုးနွယ်မှ ဖီဆန်သော ရှိုက်သွာန်များဖြစ်သည်။ ပထမအမျိုးအစားဖြစ်သော ရန်သူကို အစ္စလာမ်သာသနာသည် 'ဂျီဟားဒ်' ပြု၍ နှိမ်နင်းစေသည်။ ဒုတိယရန်သူကို အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံရန် မိန့်ဆိုထားပေသည်။ အဘယ်ကြောင့်ဆိုသော် ပထမရန်သူသည် မိမိတို့၏ မျိုးနွယ်မှဖြစ်သောကြောင့် ၄င်းတို့နှင့် ပေါ်ပေါ်လွင်လွင် ရင်ဆိုင်နိုင်ပေသည်။ ထို့ကြောင့် ထိုရန်သူနှင့် ရင်ဆိုင်တိုက်ခိုက် 'ဂျီဟားဒ်'ပြုရန် 'ဖွရ်ဇ်'တာဝန် သတ်မှတ်

ထားခြင်းဖြစ်သည်။ ရိုက်သွာန်ဟူသော ရန်သူသည် မမြင်တွေ့နိုင်သော ရန်သူဖြစ်သည်။ ၎င်းနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်းလည်း မပြုနိုင်ပေ။ ထို့ကြောင့် ထိုရန်သူကို နှိမ်နင်းရန် ဤသို့ ထွတ်မြတ်သော အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံရန် 'ဝါဂျိဗ်'တာဝန် သတ်မှတ်ထားသည်။ အကြင်အရှင်မြတ်အား လူသားသည် လည်း မမြင်တွေ့နိုင်သကဲ့သို့ ရိုက်သွာန်သည်လည်း မမြင်တွေ့နိုင်ပေ။ ရိုက်သွာန်ကို နှိမ်နင်းရန် တာဝန်အား အလ္လာဟ်အရှင်မြတ်အပေါ် လွှဲအပ်ရခြင်း၏ အခြားအကြောင်းအရင်းတစ်ခုမှာ ရိုက်သွာန်ကို ရှုံးနိမ့်သွားသူ သည် အရှင်မြတ်ထံတော်ပါးတွင် ပြစ်ဒဏ်သင့်ခံရမည်ဖြစ်သောကြောင့်လည်း ဖြစ်နိုင်သည်။ ယင်းနှင့် ဆန့်ကျင်ကာ မျိုးတူသော ရန်သူကာဖိရ်များရှေ့တွင် ရှုံးနိမ့်ခဲ့ပါက သို့မဟုတ် အသတ်ခံရပါက ထိုသူသည် 'ရှဟီဒ်'ဘွဲ့ရမည်။ အကျိုးစဝါးစံစားထိုက်သူ ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် မျိုးနွယ်တူ ရန်သူ များကို ကိုယ်ခန္ဓာအစိတ်အပိုင်းများနှင့် ရင်ဆိုင်တိုက်ခိုက်ခြင်းသည် အခြေအနေတိုင်းတွင် အကျိုးကျေးဇူး များ ရရှိမည်ဖြစ်သည်။ ရန်သူကို လွှမ်းမိုးကာ ၎င်းတို့၏ အင်အားကို ပပျောက်စေမည်ဖြစ်သည်။ သို့မဟုတ် ကိုယ်တိုင် အသက်စတေး၍ အရှင်မြတ်ထံတော်ပါးတွင် အကျိုးများ ရယူနိုင်မည်ဖြစ်သည်။

ဓမ္မသတ် ။ ။ ကျမ်းမြတ်ကုရ်အာန် မဖတ်ရွတ်မီအလျှင်

اعوذبا لله من الشيطان الرجيم

ဖတ်ရွတ်ခြင်းသည် ဤအာယသ်တော်၏ အမိန့်ကို လိုက်နာသောအားဖြင့် တမန်တော်မြတ် ﷺ ထံမှ ဆင့်ပြန်လာရှိထားသည်။ သို့သော် တစ်ခါတစ်ရံ ဖတ်ရွတ်ခြင်း မရှိဟူ၍လည်း ဟဒီးစ်တော်များတွင် လာရှိပေသည်။ ထို့ကြောင့် ဥမ်မဟူးရ်ပညာရှင်များက ဤပညတ်ချက်ကို 'ဝါဂျိဗ်'တာဝန်ဟု မသတ်မှတ်ဘဲ စွန္နသ်အဆင့်သာ သတ်မှတ်ထားသည်။ ၎င်းနောက် အိဗ်နေဂျရီးရ်တွဗရီး (ရဟ) က ဤအမိန့်သည် စွန္နသ်ဖြစ်ကြောင်း ပညာရှင်များက တစ်ညီတစ်ညွတ်တည်း မိန့်ဆိုထားကြောင်းကို ဆင့်ပြန်ထားလေသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ 'ကောင်းလီးဟဒီးစ်'တော်များနှင့် 'အမလီးဟဒီးစ်'တော်များ 'သေလာဝသ်' မပြုမီအလျှင် အများအားဖြင့် ဖတ်ခြင်းနှင့် အချို့အခြေအနေများတွင် ဖတ်ရွတ်မှုမရှိခြင်း စသည်တို့ကို အိဗ်နေကစီးရ် (ရဟ) သခင်က မိမိသဖ်စီးရ်ကျမ်း၏ အစတွင် အကျယ်တဝင့် ရေးသား ထားလေသည်။

ဓမ္မသတ် ။ ။ 'ဆွလားသ်'ဝတ်ပြုရာတွင် تعوذ ကို ပထမရကအသ်၏ အစတွင်သာ ဖတ်ရသည်။ သို့မဟုတ် ရကအသ်တိုင်း၏ အစတွင်လည်း ဖတ်နိုင်သည်ဟူသော ကိစ္စနှင့် ပတ်သက်ပြီး ဓမ္မသတ်ပညာရှင် များ၏ အဆိုများ ခြောက်ခြားစွာ လာရှိသည်။ အေမာမ်အဗူဟနီဖာ (ရဟ) သခင်ထံတွင် ပထမရကအသ် တွင်သာ ဖတ်ရွတ်ရမည်။ ၎င်းနောက် အေမာမ်ရှာဖေအီ (ရဟ) သခင်ကြီးက ရကအသ်တိုင်း၏ အစတွင် ဖတ်ခြင်းကို 'မွတ်စ်သဟာဗ်'ဟု သတ်မှတ်သည်။ ထိုသခင်ကြီးနှစ်ပါးစလုံး၏ အထောက်အထားများကို သဖ်စီးရ်မဇ္ဇ်ဟရီးကျမ်းတွင် အကျယ်တဝင့် ရေးသားထားပေသည်။ *[အတွဲ-၁၊ စာ-၄၉။]*

ဓမ္မသတ် ။ ။ နမာဇ်အတွင်းတွင်ဖြစ်စေ၊ အပြင်တွင်ဖြစ်စေ ကျမ်းတော်မြတ်ကို 'သေလာဝသ်'မပြုမီ အလျင် ဖတ်ခြင်းသည် ဇွန္နသ်ဖြစ်သည်။ သို့သော် ယင်းကို တစ်ကြိမ်တစ်ခါ ဖတ်လိုက်ရုံဖြင့် လုံလောက်သွားပေသည်။ ၎င်းနောက် ကျမ်းတော်မြတ်ကုရ်အာန်ကို မည်မျှပင် ဖတ်စေကာမူ 'သအ်ဝူဇ်' ထပ်မံ ဖတ်ရန် မလိုအပ်ပေ။ သို့သော် 'သေလာဝသ်'ပြုလျက်နှင့် ကြားတွင် အခြားလောကီရေးရာကိစ္စများကို ပြုလုပ်မည်။ ၎င်းနောက် တစ်ဖန် 'သေလာဝသ်'ကို ပြန်စမည်ဆိုလျှင် ထိုအချိန် 'သအ်ဝူဇ်'နှင့် 'သတ်စ်မီယာ'ကို ပြန်လည် ရွတ်ဆိုရမည်။

ဓမ္မသတ် ။ ။ ကျမ်းမြတ်ကုရ်အာန်၏ 'သေလာဝသ်'မှအပ အခြားမည်သည့်စာပေကျမ်းဂန်ကိုမဆို မဖတ်ရွတ်မီအလျင် اَعُوْذُ بِاللّٰهِ ဖတ်ခြင်းသည် ဇွန္နသ်မဟုတ်ပေ။ بِسۡمِ اللّٰه သာလျှင် ဖတ်ရမည်။

[ဒုရ်ရေမွခ်သားရ်ကျမ်း၊ ရှာမီးကျမ်း။]

အခြားသော 'အမလ်'ကျင့်စဉ်များနှင့် အခြေအနေများတွင် 'သအ်ဝူဇ်'ဖတ်ရွတ်ရန် ညွှန်ကြားချက်များ၊ ဟဒီးစ်တော်များတွင် လာရှိသည်။ ဥပမာ- တစ်ဦးတစ်ယောက်သည် ဒေါသထွက်သောအချိန်တွင်

اعوذبا للهِ من الشيطان الرجيم

ဟု ရွတ်ဆိုလိုက်ပါက ဒေါသအရှိန် ပြေသွားမည်ဟု ဟဒီးစ်တော်များတွင် လာရှိထားပေသည်။ ထိုနည်းတူစွာ ဟဒီးစ်တော်တွင် လာရှိသည်မှာ အိမ်သာမဝင်မီအလျင်

اللهم انّى اعوذ بك من الخبث والخبا ئث

ဟူ၍ ရွတ်ဆိုခြင်းသည် 'မွတ်စ်သဟဗ်'ဖြစ်သည်။ *[ရှာမီကျမ်း]*

အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် အားထားခြင်းသည် ရှိုက်သွာန်၏ လွှမ်းမိုးခံရခြင်းမှ ကင်းဝေးစေမည့်အကြောင်း

ဤအာယသ်တော်အရ ရှင်းရှင်းလင်းလင်း သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ရှိုက်သွာန်ကို ဤမျှ အင်အားမပေးထားပေ။ အကြောင်းမှာ ရှိုက်သွာန်သည် မည်သည့်လူသားတစ်ဦးဦးကိုမဆို မကောင်းမှု ကျူးလွန်ရန် အဓမ္မမပြုကာ ရွေးချယ်စရာလမ်းမရှိအောင် ပြုနိုင်စွမ်းမရှိ။ လူသားသည် မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် အင်အားကို သုံး၍ မေ့လျော့၍ဖြစ်စေ၊ သို့မဟုတ် စိတ်အလိုလိုက်၍ဖြစ်စေ၊ မကောင်းမှုကို ကျူးလွန်ခြင်းဖြစ်သည်။ ထိုသို့ ကျူးလွန်ခြင်းသည် လူသား၏ အပြစ်ဖြစ်သည်။ ထို့ကြောင့်ပင် အသျှင်မြတ်က မိန့်တော်မူသည်မှာ အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ပြီး မိမိတို့၏ အကြောင်းအရာများနှင့် ကျင့်ကြံမှုများတွင် မိမိ၏ ကိုယ်ပိုင်အင်အားကို အားမကိုးဘဲ အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် အားကိုးအားထားပြုခဲ့ပါက ထိုအသျှင်မြတ်သာလျှင် ကောင်းကျိုးဟူသမျှကို ပေးစွမ်း

နိုင်တော်မူသော အသျှင်၊ ဆိုးကျိုးဟူသမျှမှ ကယ်တင်နိုင်တော်မူသော အသျှင် ဖြစ်တော်မူသည်။ ထိုသူများ အပေါ် ရှိုက်သွာန်သည် လွှမ်းမိုးနိုင်ခြင်းမရှိပေ။ ၎င်းနောက် အကြင်သူတို့သည် မိမိစိတ်အလိုလိုက်ကာ ရှိုက်သွာန်နှင့်ပင် မိတ်ဖွဲ့လိုက်မည်ဆိုလျှင် ၎င်း၏ စကားများကိုသာ နှစ်သက်မည်ဆိုလျှင်၊ ထို့နောက် အခြားအရာဝတ္ထုများကို အလ္လာဟ်အသျှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်ခြင်းပြုမည်ဆိုလျှင်၊ ထို့နောက် ယင်းသို့ သော သူများအပေါ် ရှိုက်သွာန်သည် လွှမ်းမိုးလေသည်။ ယင်းတို့ကို မည်သည့်ကောင်းကျိုးဘက်သို့မှ သွားခွင့်ပေးလိမ့်မည် မဟုတ်။ ၎င်းတို့သည် မကောင်းမှုဟူသမျှတွင် ရှေ့ဆုံးမှ ပါဝင်ကြမည်ဖြစ်သည်။

စူရာဟ်ဟိဂျ်ရ်၏ အာယသ်တော်တစ်ပိုဒ်၏ အလိုသဘောမှာလည်း ဤအတိုင်းပင်ဖြစ်သည်။ ထိုအာယသ်တော်တွင် ရှိုက်သွာန်၏ ကြွေးကြော်မှုနှင့်ပတ်သက်ပြီး အသျှင်မြတ်ကိုယ်တော်တိုင် ဖြေကြား မိန့်ဆိုထားသည်မှာ-

إِنَّ عِبَادِي لَيْسَ لَكَ عَلَيْهِمْ سُلْطَٰنٌ إِلَّا مَنِ ٱتَّبَعَكَ مِنَ ٱلْغَاوِينَ

ဆိုလိုသည်မှာ ငါအသျှင်မြတ်၏ အထူးဗန္ဒာဟ်တော်များအပေါ် အသင် အုပ်ချုပ် ချယ်လှည်နိုင်မည် မဟုတ်ပေ။ သို့သော်လည်း ကိုယ်တိုင် လမ်းမှားနေပြီး အသင်၏နောက်လိုက်နေကြသော သူများကိုသာလျှင် အသင် အုပ်ချုပ် ခြယ်လှယ်နိုင်မည် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذَا بَدَّلْنَآ ءَايَةً مَّكَانَ ءَايَةٍ ۙ وَٱللَّهُ أَعْلَمُ بِمَا يُنَزِّلُ قَالُوٓا۟ إِنَّمَآ أَنتَ مُفْتَرٍۭ ۚ بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ ﴿١٠١﴾

၁၆ : ၁၀၁ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် အာယသ်တော်တစ်ပုဒ်ကို အာယသ်တော်တစ်ပုဒ်၏ နေရာတွင် ပြောင်းလဲ (ထုတ်ပြန်) တော်မူသောအခါ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိချပေးတော်မူသော အမိန့်ပညတ်တော်ကို အသိဆုံးပင် ဖြစ်တော်မူ၏။ (ထိုအခါ) ၎င်း (ကာဖိရ်) တို့က 'အသင်သည် ကြံဖန်လီဆယ်သူများသာ ဖြစ်သည်' ဟု ပြောဆိုကြကုန်၏။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာမူ ၎င်းတို့အနက် အများဆုံးသော သူတို့သည် မသိနားမလည်ကြပေ။

قُلْ نَزَّلَهُۥ رُوحُ ٱلْقُدُسِ مِن رَّبِّكَ بِٱلْحَقِّ لِيُثَبِّتَ ٱلَّذِينَ ءَامَنُوا۟ وَهُدًى وَبُشْرَىٰ لِلْمُسْلِمِينَ ﴿١٠٢﴾

၁၆ : ၁၀၂ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောဆိုဖြေကြားပါလေ။ ထိုအာယသ်တော် ကို 'ရူးဟုလ်ကုဒ္ဒုတ်စ်' (ကောင်းကင်တမန် ဂျိဗ်ရီးလ်) သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံ တော်မှ မှအ်မင်န်သက်ဝင် ယုံကြည်သူတို့အား တည်တံ့ကြံ့ခိုင် မြဲမြံစေရန်အလို့ငှာလည်းကောင်း၊ (မွတ်စ္စလင်မ်) အမိန့်

တော်ကို လိုက်နာသူတို့အဖို့ တရားလမ်းညွှန်အဖြစ်လည်းကောင်း၊ သတင်းကောင်းအဖြစ်လည်းကောင်း (တစ်ဆင့်ပြီးတစ်ဆင့် တိကျ) မှန်ကန်စွာ ချပေးခဲ့လေသည်။

وَلَقَدْ نَعْلَمُ أَنَّهُمْ يَقُولُونَ إِنَّمَا يُعَلِّمُهُ بَشَرٌ لِسَانُ الَّذِي
يُلْحِدُونَ إِلَيْهِ أَعْجَمِيٌّ وَهَٰذَا لِسَانٌ عَرَبِيٌّ مُبِينٌ ﴿١٠٣﴾

၁၆ : ၁၀၃ ။ ။ ထို့ပြင် ကေန်စင်စစ် ၎င်းတို့က 'ထိုမုဟမ္မဒ် (နဗီတမန်တော်မိုဟမ္မဒ်) အား လူတစ်ယောက်က သင်ကြားပို့ချ၍ ပေးလေသည်' ဟု ပြောဆိုကြသည်ကို ကေန်မလွဲ ငါအသျှင်မြတ်သည် ကောင်းစွာ သိရှိတော်မူ၏။ (စင်စစ်) ၎င်းတို့ စောင်းမြောင်းရည်ညွှန်း ပြောဆိုကြကုန်သော သူ၏ ဘာသာစကားမှာမူ နိုင်ငံခြားဘာသာစကားပင် ဖြစ်ပေသည်။ သို့ရာတွင် ဤအာယသ်တော်တွင်မူ ရှင်းလင်းပြေပြစ်သော အာရဗီဘာသာစကားပင် ဖြစ်လေသည်။

إِنَّ الَّذِينَ لَا يُؤْمِنُونَ بِآيَاتِ اللَّهِ لَا يَهْدِيهِمُ اللَّهُ وَلَهُمْ عَذَابٌ أَلِيمٌ ﴿١٠٤﴾

၁၆ : ၁၀၄ ။ ။ ကေန်စင်စစ် အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို မယုံကြည်ကြပေ။ ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်သည် တရားလမ်းမှန်ကို ပြတော်မူမည်မဟုတ်ပေ။ ထို့ပြင် ၎င်းတို့၌ ပြင်းပြနာကျင်ဖွယ် ဖြစ်သော ပြစ်ဒဏ်သည် (လည်း) ရှိချေသည်။

إِنَّمَا يَفْتَرِي الْكَذِبَ الَّذِينَ لَا يُؤْمِنُونَ بِآيَاتِ اللَّهِ ۖ وَأُولَٰئِكَ هُمُ الْكَاذِبُونَ ﴿١٠٥﴾

၁၆ : ၁၀၅ ။ ။ အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို မယုံကြည်သော သူတို့သည်သာလျှင် ကြံဖန်လီဆယ်၍ မုသားကို ပြောဆိုကြကုန်၏။ ထို့ပြင် ၎င်းတို့သည်သာလျှင် မုသာဝါဒီများ ဖြစ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အာယသ်တော်များ၏ ဆက်စပ်မှု

ဤအလျှင် အာယသ်တော်တွင် ကျမ်းတော်မြတ်ကုရ်အာန် ဖတ်ရွတ်သည့်အခါ အာဥဇုဗိလ္လာဟ် ရွတ်ဆိုရန် မိန့်ဆိုထားလေသည်။ ထိုအမိန့်တော်တွင် ရှိုက်သွာန်သည် 'သေလာဝသ်' ပြုလုပ်သည့်အခါ လူသား၏ နှလုံးသားတွင် ဝင်ရောက်နှောင့်ယှက်တတ်ကြောင်း ရည်ညွှန်းထားလေသည်။ ဤအာယသ်တော်များတွင်လည်း ရှိုက်သွာန်၏ နှောင့်ယှက်မှုများအကြောင်းကို ရှင်းလင်းတင်ပြထားပေသည်။

'နစ္စ်ခ်'နှင့် ပတ်သက်ပြီး ကာဖိရ်များ၏ ဒွိဟသံသယများအပေါ် အသိပေးပြောကြားထားခြင်း

၎င်းနောက် ငါအသျှင်မြတ်သည် အာယသ်တော်တစ်ပိုဒ်ကို အခြားအာယသ်တော်တစ်ပိုဒ်နှင့် ပြောင်းလဲတော်မူသောအခါ (ဆိုလိုသည်မှာ အာယသ်တော်တစ်ပိုဒ်ကို စာသားအရဖြစ်စေ၊ အဓိပ္ပာယ်အရဖြစ်စေ ပယ်ဖျက်၍ ထိုအာယသ်တော်၏အစား အခြားအမိန့်တော်များကို ပို့ချလေသောအခါ) ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် (ပထမအကြိမ်ဖြစ်စေ၊ ဒုတိယအကြိမ်ဖြစ်စေ) ပို့ချသော အမိန့်ပညတ်ချက်များကို (ထိုအမိန့်

၏ အကျိုးအကြောင်းနှင့် အမြော်အမြင်များကို) အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူသည်။ (အကြောင်းမှာ အမိန့်ပေးခြင်းခံရသူများ၏ အခြေအနေအရပ်ရပ်ကို သိရှိပါလျက် ဦးစွာပထမ ဖြစ်ပေါ်လာသော အခြေအနေအရ ပထမအမိန့်ကို မိန့်ဆိုရခြင်းဖြစ်သည်။ တစ်ဖန် ဒုတိယအခြေအနေ ဖြစ်ပေါ်လာသည့်အတွက် ဒုတိယအမိန့်ကို မိန့်ဆိုရခြင်းဖြစ်သည်။ အမှန်စင်စစ် ပထမကတည်းက အခြေအနေအရပ်ရပ်ကို သိရှိနေသော်ငြားလည်း အမြော်အမြင်တော်အရ ဒုတိယအခြေအနေ၏ အမိန့်ကို ပထမအခြေအနေတွင် မချမှတ်ခဲ့ခြင်းဖြစ်သည်။ ဖြစ်ပေါ်လာသည့် အခြေအနေပေါ်တွင် မူတည်၍ အမိန့်ပညတ်ချက်များကို ချမှတ်ရလေသည်။ ပမာဆိုရသော် ဆရာဝန်တစ်ဦးသည် ဆေးတစ်မျိုးကို ရွေးချယ်ပေးလိုက်သည်။ ထိုဆေးကို သုံးစွဲခြင်းဖြင့် အခြေအနေပြောင်းလဲလာမည်ကိုလည်း ဆရာဝန်က သိရှိသည်။ တစ်ဖန် ဒုတိယဆေးတစ်မျိုးလည်း ပြောင်းလဲပေးရမည်ကို သိရှိနေပေသည်။ သို့သော် လူမမာကို အစတွင် အခြေအနေအရပ်ရပ်ကို ရှင်းလင်းတင်ပြလေ့ မရှိပေ။ ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်များ၏ အမိန့်ပြောင်းလဲခြင်းများသည်လည်း ဤအတိုင်းပင် ဖြစ်သည်။ ရှိုက်သွာန်၏ လှည့်စားဖြားယောင်းမှုကြောင့် အမှန်တရားကို သဘောမပေါက်ကာ ငြင်းဆိုခြင်းဖြစ်သည်။ ထိုသို့သောသူများကို အဖြေပေးသည့်အနေနှင့် အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူသည်မှာ တမန်တော်မြတ် ﷺ သည် မိမိဘက်မှ လုပ်ကြံပြောဆိုသူတစ်ယောက် မဟုတ်) သို့သာမက ထိုသူတို့ထဲတွင် အများစုသည် အသိတရားကင်းမဲ့သူများ ဖြစ်သည်။ (အကြောင်းမှာ ပညတ်ချက်များ ပြောင်းလဲသတ်မှတ်ခြင်းကို အသျှင်မြတ်၏ ဗျာဒိတ်တော်မဟုတ်ဟု အထောက်အထားမရှိဘဲ ထင်မှတ်နေကြသည်။)

အသင်တမန်တော် (၎င်းတို့ကို ပြန်လည် ဖြေကြား) ပြောဆိုပါလေ။ (ဤဗျာဒိတ်တော်များသည် ကျွန်ုပ် ဖန်တီးထားသည်မဟုတ်။ သို့သာမက ယင်းကို) 'ရူးဟွလ်ကွဒ်ဒွစ်' (ဂျိဗ်ရာအီးလ် ﵇ သည်) မိမိ၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ဘက်တော်မှ ဆင်ခြင်တုံတရား အပြည့်အဝဖြင့် ယူဆောင်လာခြင်းဖြစ်သည်။ (ထို့ကြောင့် ဤအရာသည် အလ္လာဟ်အသျှင်မြတ်၏ ဗျာဒိတ်တော်ဖြစ်သည်။ ထိုဗျာဒိတ်တော်များတွင် အပြောင်းအလဲဖြစ်ခြင်းမှာ ဉာဏ်အမြော်အမြင်တော်နှင့် အကျိုးအကြောင်းများအရ ဖြစ်သည်။ ၎င်းနောက် ထိုဗျာဒိတ်တော်များကို ပို့ချရသည့်အကြောင်းအရင်းမှာ) အီမာန်ရှင်များကို (မိမိတို့ အီမာန်အပေါ်) ခိုင်မြဲနိုင်စေရန် ဖြစ်သည်။ ၎င်းနောက် မွတ်စ္စလင်မ်များအတွက် လမ်းမှန်ရရန်နှင့် သတင်းကောင်းများ (ရရှိစေမည့် အကြောင်းခံ) ဖြစ်ရန် ဖြစ်သည်။ (တစ်ဖန် ဆက်လက်၍ ကာဖိရ်များ၏ အဓိပ္ပာယ်မဲ့သော သံသယတစ်ခုနှင့် ပတ်သက်ပြီး ဖြေကြားထားသည်မှာ) ၎င်းနောက် ငါအသျှင်မြတ် သိရှိတော်မူသည်။ အကြောင်းမှာ ထိုသူတို့သည် (အခြားမှားယွင်းသော စကား) ကိုလည်း ပြောဆိုနေကြသည်။ အကြောင်းမှာ ထိုတမန်တော်ကို လူတစ်ဦးက သင်ကြားပေးနေသည် (၎င်းတို့ ဆိုလိုသည့် အဓိပ္ပာယ်မှာ ရောမနိုင်ငံသား ပန်းပဲဆရာ အဂျမီတစ်ဦးဖြစ်သည်။ ၎င်း၏ အမည်မှာ 'ဗအားမ်' သို့မဟုတ် 'မကီးစ်' ဖြစ်သည်။ ထိုသူသည် တမန်တော်မြတ် ﷺ ၏ စကားများကို အာရုံစိုက် နားထောင်သည့်အတွက် တမန်တော်မြတ် ﷺ လည်း တစ်ခါတစ်ရံ ထိုသူ့ထံ သွားရောက်ထိုင်တော်မူလေ့ ရှိသည်။ ၎င်းနောက် ထိုသူသည် 'သောင်ရားသ်'ကျမ်း၊ 'အန်ဂျီလ်'ကျမ်း စသည်တို့ကိုလည်း နားလည်သဘောပေါက်သူ ဖြစ်သည်။ ဤသည်ကို ကြည့်၍ ကာဖိရ်များက ပြောဆိုကြသည်မှာ ထိုရောမသားသာလျှင် တမန်တော်မြတ် ﷺ အား ကျမ်း

မြတ်ကုရ်အာန်၏ ဗျာဒိတ်တော်များ သင်ကြားပေးနေသည်ဟူ၍ ဖြစ်သည်။ ဒွရ်ရေမန်စူးရ်ကျမ်းတွင် ဤအတိုင်း ရေးသားထားလေသည်။ အလ္လာဟ်အသျှင်မြတ်က ဖြေကြားတော်မူသည်မှာ ကျမ်းမြတ်ကုရ်အာန်ဟူသည်မှာ ယင်း၏စာသားနှင့် အဓိပ္ပာယ်များကိုပါ ခေါ်ဆိုခြင်းဖြစ်သည်။ အသင်တို့သည် ကျမ်းမြတ်ကုရ်အာန်၏ အဓိပ္ပာယ် နက်နဲသိမ်မွေ့မှုများနှင့် အဓိပ္ပာယ်ကြွယ်ဝမှုတို့ကို နားမလည်ကြသည်မဟုတ်။ သို့ပါ၍ အသင်တို့ နားလည်သဘောပေါက်ရမည်မှာ အကယ်၍ ထိုသူက တမန်တော်မြတ်အား ကျမ်းမြတ်ကုရ်အာန်၏ အဓိပ္ပာယ်များ သင်ကြားပြသခဲ့သည်ဟု မှတ်ယူခဲ့ပါလျှင်လည်း အာရဗ်တစ်ခွင်လုံးက ယှဉ်ပြိုင်သီကုံးရေးသားနိုင်ခြင်း မရှိသော ကျမ်းတော်မြတ်၏ စာသားများနှင့် ယင်း၏ အဓိပ္ပာယ်ကျယ်ပြန့်မှု၊ နက်နဲသိမ်မွေ့မှုတို့သည် မည်သည့်အရပ်မှ ရောက်ရှိလာခဲ့လေသနည်း။ အဘယ်ကြောင့်ဆိုသော်) ၎င်းတို့ ရည်ညွှန်းခဲ့သောသူ၏ ဘာသာစကားသည် အာရဗီဘာသာစကားမဟုတ်ပေ။

၎င်းနောက် ဤကျမ်းမြတ်ကုရ်အာန်သည် ရှင်းလင်းပြတ်သားသော အာရဗီဘာသာစကား (ဖြင့်ရေးသား၊ သီကုံးထားခြင်း) ဖြစ်သည်။ (အဂျမီတစ်ဦးသည် ဤကဲ့သို့သော စာသားများကို မည်သို့ရေးသားနိုင်စွမ်းရှိမည်နည်း။ အကယ်၍ စာသားများကို တမန်တော်မြတ် ﷺ က ရေးသားခဲ့ပါသည်ဟု ဆိုလျှင်လည်း ယင်း၏ ရှင်းလင်းသော အဖြေမှာ ထိုကျမ်းမြတ်နှင့် ပတ်သက်ပြီး ပြည့်ပြည့်ဝဝ ကြွေးကြော်မှုတစ်ခုကို စူရာဟ်ဗကရာဟ်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ တမန်တော်မြတ် ﷺ ကလည်း အသျှင်မြတ်၏ အမိန့်တော်ဖြင့် မိမိ၏ 'နဗူဝသ်' နှင့် ကုရ်အာန်၏ မှန်ကန်မှုကို ထိုကြွေးကြော်မှုနှင့်ပင် အထောက်အထားပြထားပေသည်။ အကယ်၍ အသင်တို့ ပြောဆိုနေသည့်အတိုင်း ကုရ်အာန်သည် လူသားတစ်ဦးတစ်ယောက်၏ စကားရပ်များဖြစ်သည်ဟုဆိုလျှင် အသင်တို့သည်လည်း လူသားများဖြစ်သည်။ ၎င်းနောက် အဓိပ္ပာယ်ကျယ်ပြန့်ပြီး နက်နဲသိမ်မွေ့သည့် အာရဗီစာပေများကို တတ်ကျွမ်းသည်ဟု ကြွေးကြော်နေကြသည်။ ထို့ကြောင့် အသင်တို့သည်လည်း ထိုကျမ်းမြတ်ကဲ့သို့ အမြောက်အမြားမဟုတ်လျှင်လည်း အနည်းဆုံး တစ်အာယသ်မျှခန့် ရေးသားတင်ပြကြလော့။ သို့သော် အာရဗ်ကမ္ဘာတစ်ခုလုံးသည် မိမိတို့၏ အသက်အိုးအိမ် စည်းစိမ်များ စတေး၍ တမန်တော်မြတ် ﷺ အား ရင်ဆိုင်ရန် အသင့်ရှိနေပါလျက် ကုရ်အာန်၏ ထိုကြွေးကြော်စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သည့်သတ္တိ မည်သူတစ်ဦးတစ်ယောက်တွင်မျှ မရှိခဲ့ပေ။ တစ်ဖန် ဆက်လက်၍ 'နဗူဝသ်' နှင့် ကုရ်အာန်ကို ငြင်းဆိုသူများနှင့်ပတ်သက်ပြီး ၎င်းနောက် ဤကဲ့သို့ စောဒကတက်သူများနှင့်ပတ်သက်ပြီး ရာဇသံပေးကာ သတိပေးထားလေသည်။) အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို သက်ဝင်ယုံကြည်ခြင်း မရှိပါက ၎င်းတို့ကို အလ္လာဟ်အသျှင်မြတ်သည် မည်သည့်အခါမျှ လမ်းမှန်ကို ပို့ဆောင်ပေးမည်မဟုတ်ပေ။ ၎င်းနောက် ထိုသူတို့အတွက် ကြောက်မက်ဖွယ်ရာကောင်းသော ပြစ်ဒဏ် သတ်မှတ်ထားသည်။ (၎င်းနောက် ထိုသူတို့သည် 'နအူဇုဗိလ္လာဟ်' တမန်တော်မြတ် ﷺ အား လုပ်ကြံပြောဆိုသူဟု ဆိုကြသည်။) လိမ်လည်လုပ်ကြံ ပြောဆိုသူများသည် အကြင်သူများသာလျှင် ဖြစ်သည်။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိချေ။ ၎င်းနောက် ထိုသူများသာလျှင် လိမ်လည်သူများဖြစ်ကြသည်။

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

مَنْ كَفَرَ بِاللَّهِ مِنْ
بَعْدِ إِيمَانِهِ إِلَّا مَنْ أُكْرِهَ وَقَلْبُهُ مُطْمَئِنٌّ بِالْإِيمَانِ وَلَٰكِنْ
مَنْ شَرَحَ بِالْكُفْرِ صَدْرًا فَعَلَيْهِمْ غَضَبٌ مِنَ اللَّهِ وَلَهُمْ
عَذَابٌ عَظِيمٌ ﴿١٠٦﴾

၁၆ း ၁၀၆ ။ ။ မည်သူမဆို အီမာန်သက်ဝင်ယုံကြည်ပြီးနောက် အလ္လာဟ်အသျှင်မြတ်အား သွေဖည်ငြင်းပယ်သွားခဲ့လျှင်…။ (အကယ်၍) အကြင်သူသည် အနိုင်အထက်ပြုမှုခြင်းခံရ၍ ၎င်း၏ စိတ်နှလုံးမှာ အီမာန်သက်ဝင် ယုံကြည်မှုအပေါ်၌ပင် နှစ်သိမ့်ကျေနပ်လျက် ရှိခဲ့သော် (၎င်း၌ အပြစ်မရှိချေ။) သို့ရာတွင် အကြင်သူ၏ စိတ်နှလုံးသည် (ကြည်ဖြူစွာဖြင့်) ကုဖ္ဖရ်သွေဖည်ငြင်းပယ်မှု၌ပင် မွေ့လျော် (လက်ခံ) ခဲ့ပါလျှင် ထိုကဲ့သို့သော သူတို့အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ ထံတော်မှ အမျက်တော်သည် ကျရောက်ပေမည်။ ထို့ပြင် ၎င်းတို့၌ ကြီးလေးသော အပြစ်ဒဏ်သည်လည်း ရှိပေလိမ့်မည်။

ذَٰلِكَ بِأَنَّهُمُ اسْتَحَبُّوا الْحَيَاةَ الدُّنْيَا
عَلَى الْآخِرَةِ وَأَنَّ اللَّهَ لَا يَهْدِي الْقَوْمَ الْكَافِرِينَ ﴿١٠٧﴾

၁၆ း ၁၀၇ ။ ။ ဤ (သို့ အမျက်တော်နှင့် အပြစ်ဒဏ်ခံရခြင်း) သည် ၎င်းတို့ လောကီဘဝကို နောင်တမလွန်ဘဝထက် သာ၍ နှစ်သက်သဘောကျခဲ့သောကြောင့်ပင် (ဖြစ်၏။) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အား တရားလမ်းမှန်ကို ပြတော်မူသည်မဟုတ်ပေ။

أُولَٰئِكَ الَّذِينَ طَبَعَ اللَّهُ عَلَىٰ قُلُوبِهِمْ وَسَمْعِهِمْ وَأَبْصَارِهِمْ ۖ
وَأُولَٰئِكَ هُمُ الْغَافِلُونَ ﴿١٠٨﴾

၁၆ း ၁၀၈ ။ ။ ဤသူများသည် အကြင်သူများပင် (ဖြစ်၏။) အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့၏ စိတ်နှလုံးများ၊ နားများနှင့် မျက်စိများအပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူခဲ့လေသည်။ ထို့ပြင် ဤသူများပင် (လောကီဘဝ၌ ပျော်မြူးလျက် တမလွန်ဘဝကို) လျစ်လျူရှုနေကြသူများ ဖြစ်ကြကုန်၏။

لَا جَرَمَ أَنَّهُمْ فِي الْآخِرَةِ هُمُ الْخَاسِرُونَ ﴿١٠٩﴾

၁၆ း ၁၀၉ ။ ။ ဧကန်စင်စစ် ၎င်းတို့သည် နောင်တမလွန်ဘဝတွင် နစ်နာဆုံးရှုံးသူများ ဖြစ်ကြရမည်မှာ မလွဲမရှောင်သာ (သော ကိစ္စပင်) ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ပြီးနောက် အလ္လာဟ်အသျှင်မြတ်ကို ငြင်းဆန်မှုပြုကြသော် (ထိုငြင်းဆန်မှုတွင် တမန်တော်ကို လက်မခံခြင်းနှင့် 'ကေယာမသ်'နေ့ကို ငြင်းဆန်ခြင်းတို့လည်း ပါဝင်ပေသည်။) သို့သော် အကြင်သူအား (ကာဖိရ်များဘက်မှ) အဓမ္မပြုခဲ့သော် (အကြောင်းမှာ အသင်သည် ကုဖွ်ရ်၏ အကြင်စကား၊ သို့မဟုတ် အကြင်အဆိုကို မပြောဆိုပါက ကျွန်ုပ်တို့ အသင့်အား သတ်ပစ်မည်ဟု ခြိမ်းခြောက်ခံရပါက ဥပမာ- အခြားအကြောင်းအရာများကြောင့် ၎င်းတိုသည် အမှန်ပင် သတ်ပစ်နိုင်သည်ဟု ခန့်မှန်းရသော်) ထိုအီမာန်ရှင်၏ နှလုံးသားသည် အီမာန်အပေါ် အပြည့်အဝ ယုံကြည်မှုရှိလျှင် (ဆိုလိုသည်မှာ ယုံကြည်ချက်နှင့် ပတ်သက်ပြီး မည်သို့မျှ အားနည်းချက်များ မရှိခဲ့လျှင် ၎င်းနောက် ထိုကုဖွ်ရ်၏ ပြောဆိုလုပ်ဆောင်မှုကို ကြီးမားသော အပြစ်နှင့် မကောင်းမှုဟူ၍လည်း ထင်မှတ်ခဲ့သော် ထိုသို့သောသူသည် ဤအမိန့်တွင် မပါဝင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသူ၏ အပေါ်ယံ ကုဖွ်ရ်၏ စကားရပ်များနှင့် လုပ်ရပ်များကို လုပ်ဆောင်ခြင်းသည် ချွင်းချက်တစ်ခုကြောင့် ဖြစ်သည်။ ထို့ကြောင့် ရှေ့တွင် တင်ပြမည့် ဘာသာပျက်ခြင်းဆိုင်ရာ ပြစ်ဒဏ်သင့်မှုများတွင် ထိုသူ မပါဝင်ပေ။) သို့သော် အကြင်သူသည် စိတ်ပါလက်ပါနှင့် (ဆိုလိုသည်မှာ ထိုကုဖွ်ရ်လုပ်ရပ်ကို မှန်ကန်ကောင်းမွန်သည်ဟု ယူဆကာ) ကုဖွ်ရ်လုပ်ရပ်ကို လုပ်ဆောင်လျှင် ဤကဲ့သို့သော သူများအပေါ် အလ္လာဟ်အသျှင်မြတ်၏ အမျက်တော်စူးရှလိမ့်မည်။ ၎င်းနောက် ထိုသူတို့ကို ကြီးမားသော ပြစ်ဒဏ်သင့်မည်၊ (၎င်းနောက်) ဤ (အမျက်ဒေါသနှင့် ပြစ်ဒဏ်သည် ထိုသူတို့၏ လောကီဘဝသက်တမ်းကို တမလွန်ထက် သာပို၍ မြတ်နိုးတွယ်တာခြင်းကြောင့် ခံရမည်ဖြစ်သည်။ ၎င်းနောက် ထိုအကြောင်းအရင်းကြောင့်လည်း ဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ဤကဲ့သို့သော ကာဖိရ်များကို (လောကီအား လောကုတ္တရာထက် အမြဲတစေဦးစားပေးသူများကို) လမ်းမှန်ပြသလေ့ မရှိပေ။

(ဤအကြောင်းခံနှစ်ခုသည် သီးခြားစီမဟုတ်ပေ။ တူညီ ပေါင်းစည်းထားသော အကြောင်းခံများဖြစ်သည်။ အချုပ်ဆိုရသော် အလုပ်တစ်ခုကို ပြုလုပ်ရန် ရည်ရွယ်ပြီးလျှင် အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်မှာ ထိုအလုပ်ကို ဖန်ဆင်းခြင်းဖြစ်သည်။ ထိုအချက်အပေါ် မူတည်၍ အလုပ်ဖြစ်ပေါ်လာသည်။ အာယသ်တော်တွင် استحبوا တွင် ရည်ရွယ်ခြင်းကို၊ ၎င်းနောက် لا يهدي တွင် ဖန်ဆင်းမှုများဘက်သို့ ညွှန်းထားသည်။ ၎င်းနောက် ထိုနှစ်ခုစလုံးကို ပေါင်းစပ်၍ မကောင်းသော လုပ်ရပ်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထိုသူများသည် ဤကဲ့သို့သောသူများ ဖြစ်ကြသည်။ အကြင်သူတို့သည် (လောကီ တွင် ၎င်းတို့၏ ထပ်ဖန်တလဲလဲ သွေဖည်နေခြင်း၏ အခြေအနေမှာ ဤသို့ ဖြစ်လေသည်။) အလ္လာဟ်အသျှင် မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများ၊ ၎င်းနောက် နားများ၊ ၎င်းနောက် မျက်လုံးများအပေါ်ဝယ် တံဆိပ် ခတ်နှိပ်လိုက်လေသည်။ ထို့နောက် ၎င်းတို့သည် (အဆုံးရလဒ်) ကို အလျှဉ်း မေ့လျော့နေသောသူများ ဖြစ်သွားကြသည်။ (ဤအတွက်ကြောင့်) ၎င်းတို့နှင့် ထိုက်တန်သည့် ကိစ္စမှာ တမလွန်တွင် အကြင်သူတို့သည် အလျှဉ်း ဆုံးရှုံးပျက်စီးမှု၌သာလျှင် ရှိနေကြပေလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဓမ္မသတ် ။ ။ ဤအာယသ်တော်အရ သိရှိရသည်မှာ အကြင်သူတစ်ဦးကို ငြင်းဆန်သော စကားရပ်များ ပြောဆိုရန် ဤမျှခန့် အဓမ္မပြုခံရသော်၊ အကြောင်းမှာ ထိုစကားရပ်များကို မပြောဆိုပါလျှင် သတ်ပစ်မည် ဟုဆိုသော် ၎င်းနောက် ထိုသို့ ခြိမ်းခြောက်သောသူသည် အမှန်ပင် သတ်ပစ်နိုင်သည်ဟုလည်း ယုံကြည်ရသော် ဤကဲ့သို့ အဓမ္မ ပြုကျင့်ခံရသည့် အခြေအနေမျိုးတွင် အဓမ္မပြုခံရသူသည် အကယ်၍ နှုတ်လျှာမှ ငြင်းဆန်သော စကားရပ်များကို ပြောဆိုခဲ့ပါက၊ သို့သော် ထိုသို့ ပြောဆိုချိန်တွင် သူ၏ နှလုံးသားသည် အီမာန်အပေါ် မြဲမြံမှုရှိနေမည်။ ၎င်းနောက် ထိုငြင်းဆန်သော စကားရပ်ကိုလည်း မှားယွင်း သော မကောင်းသည့် စကားရပ်ဟူ၍ နားလည်သဘောပေါက်မည်ဆိုလျှင် ထိုသူ့အပေါ် မည်သည့်အပြစ်မျှ မထိုက် ပေ။ ၎င်းနောက် ထိုငြင်းဆန်သော စကားရပ်ကြောင့် မိမိ၏ ဇနီးမယားနှင့်လည်း ပြတ်စဲသွားမည် မဟုတ်ပေ။

[ကုရ်သုဗီ၊ မဇ္ဇဟရီကျမ်း]

ဤအာယသ်တော်သည် ထိုဆွဟာဗာများနှင့် ပတ်သက်ပြီး ကျရောက်ခဲ့သည်။ ယင်းသာဝကကြီး များကို မုရှ်ရစ်ကဲ်များက ဖမ်းဆီးချုပ်နှောင်ခဲ့ကြသည်။ ၎င်းနောက် ပြောဆိုကြသည်မှာ အသင်တို့သည် ကုဖွ်ရ်လမ်းစဉ်ကို ရွေးချယ်ကြလော။ သို့မဟုတ် အသတ်ခံရမည်ဖြစ်သည်။

ထိုဖမ်းဆီးချုပ်နှောင်ခံရသော သာဝကကြီးများမှာ အမ္မားရ် ❀ သခင်နှင့် ၎င်း၏ မိဘနှစ်ပါး၊ ယာစီးရ် ❀ သခင်နှင့်၊ စုမိုင်ယာ ❀ သခင်မ၊ ထို့နောက် စုဟိုက်ဗ် ❀ သခင်နှင့် ဘိလားလ် ❀ သခင်၊ ၎င်းနောက် ခဗ္ဗားဗ် ❀ သခင်တို့ ဖြစ်သည်။ ၎င်းတို့အနက်မှ ယာစီးရ် ❀ သခင်နှင့် ၎င်း၏ ဇနီး စုမိုင်ယာ ❀ သခင်မတို့သည် ကုဖွ်ရ်စကားရပ်များကို ပြောဆိုရန် လုံးဝ ငြင်းဆန်ခဲ့သည်။ ယာစီးရ် ❀ သခင် အသတ်ခံရသည်။ ၎င်းနောက် စုမိုင်ယာ ❀ သခင်မကို ကုလားအုတ်နှစ်ကောင်အကြား ချည်နှောင်ကာ တစ်ကောင်ကို တစ်ဘက်စီသို့ မောင်းလိုက်သောအခါ သခင်မ၏ ခန္ဓာကိုယ်သည် တစ်စစီဖြစ်ကာ ကွယ်လွန် ရှဟီးဒ်ဖြစ်သွားလေသည်။ ဤသူတော်စင်သာဝကကြီးနှစ်ပါးသည် ဦးစွာပထမ အစ္စလာမ်သာသနာအတွက် အသက်စတေးခဲ့ကြသော 'ရှဟီဒ်'ဘွဲ့ထူးခံ ပုဂ္ဂိုလ်နှစ်ပါး ဖြစ်လေသည်။ ထိုနည်းတူစွာ ခဗ္ဗားဗ် ❀ သခင် သည်လည်း ကုဖွ်ရ်စကားရပ်များကို ပြောဆိုရန် လုံးဝ ငြင်းဆန်ပြီး တည်ငြိမ်အေးဆေးစွာနှင့်ပင် အသက်စတေး ရန် လက်ခံသဘောတူလိုက်လေသည်။ ၎င်းတို့အနက်မှ ဟာရေသ်အမ္မားရ် ❀ သခင်သည် အသက်အန္တရာယ် ကို စိုးရိမ်၍ နှုတ်လျှာဖြင့်သာ ကုဖွ်ရ်စကားရပ်များကို ပြောဆိုလိုက်လေသည်။ သို့သော် ၎င်း၏ နှလုံးသား တွင်မူ အီမာန်ကို အပြည့်အဝ ယုံကြည်၍ အီမာန်အပေါ် မြဲမြံမှုရှိနေသည်။ ထို့နောက် ရန်သူများ၏ လက်မှ လွတ်မြောက်ကာ တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်သို့ အစေားဝင်ပြီ အလွန်ပင် ပူဆွေးသောက ရောက်ကာ အဖြစ်အပျက်များကို တင်ပြလေသည်။ တမန်တော်မြတ် ﷺ က ၎င်းကို မေးမြန်းသည်မှာ အသင်သည် ဤကုဖွ်ရ်၏ စကားရပ်များကို ပြောဆိုနေချိန်တွင် အသင်၏ နှလုံးသားသည် မည်သည့်အခြေ အနေတွင် ရှိနေသနည်း။ ၎င်းက လျှောက်ထားသည်မှာ ကျွန်ုပ်၏ နှလုံးသားသည် အီမာန်အပေါ် ကျေနပ်

နှစ်သိမ့်ပြီး မြဲမြံစွာ ရှိနေခဲ့သည်။ ထိုစကားရပ်အပေါ်၌ တမန်တော်မြတ် ﷺ သည် ၎င်းကို ဖြေသိမ့်ခဲ့သည်။ ဤအဖြစ်အပျက်ကြောင့် အသင့်အပေါ် မည်သည့်ဘေးဒုက္ခမျှ မကျရောက်နိုင်ပေ။ တမန်တော်မြတ် ﷺ ၏ ထိုဆုံးဖြတ်ချက်ကို အတည်ပြုသောအနေနှင့် ဤအာယသ်တော် ကျရောက်လာခဲ့သည်။

[ကုရ်သုဗီကျမ်း၊ မဇ္ဇဟ်ရီကျမ်း]

اکراه ရှင်းလင်းဖွင့်ဆိုချက်နှင့် ခြိမ်းခြောက်မှုအကြောင်း

اکراه ၏ လုံးချင်းအဓိပ္ပာယ်မှာ တစ်ဦးတစ်ယောက်ကို ၎င်း၏ သဘောဆန္ဒမပါဘဲ အလုပ်တစ်ခုကို အဓမ္မ ပြောဆိုလုပ်ကိုင်စေခြင်းကို ခေါ်ဆိုပေသည်။ တစ်ဖန် ယင်းသည် အဆင့်နှစ်ဆင့်ရှိသည်။ ပထမအဆင့်မှာ ထိုအလုပ်ကိုလုပ်ရန် ဆန္ဒမရှိသော်လည်း ၎င်းကို ငြင်းဆိုရန် အလျှဉ်း တတ်စွမ်းနိုင်သည်ဟူ၍လည်း မဟုတ်ပေ။ ယင်းကို ဓမ္မသတ်ပညာရှင်များ၏ ဝေါဟာရတွင် اکراه غیر ملجی ဟု ခေါ်ဆိုပေသည်။ ဤသို့ အဓမ္မ ပြုခံရခြင်းကြောင့် ကုဖွ်ရ်စကားများကို ပြောဆိုခြင်း၊ သို့မဟုတ် 'ဟရာမ်' လုပ်ရပ်တစ်ခုခုကို ကျူးလွန်ခြင်း မပြုပိုင်ပေ။ အချို့သော အဓိကကျသည့် ပညတ်ချက်များတွင် အထက်ပါအခြေအနေနှင့် ပတ်သက်ပြီး အခြားပညတ်ချက်များလည်း ထွက်ပေါ်လာတတ်သည်။ ၎င်းတို့ကို ဓမ္မသတ်ကျမ်းများတွင် အကျယ်တဝင့် တင်ပြထားပေသည်။

اکراه ၏ ဒုတိယအဆင့်မှာ အခြားရွေးချယ်ရာလမ်းမရှိသည့် အခြေအနေမျိုးကို ဆိုလိုသည်။ အကယ်၍ ထိုအဓမ္မပြုသူများ၏ ခိုင်းစေသည့်အတိုင်း မဆောင်ရွက်ပါက အသတ်ခံရမည်ဖြစ်သည်။ သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခု ဖြတ်တောက်ခံရမည်ဖြစ်သည်။ ထိုအခြေအနေမျိုးကို ဓမ္မသတ်ပညာရှင်များ၏ ဝေါဟာရတွင် اکراه ملجی ဟု ခေါ်ဆိုပေသည်။ ယင်း၏ အဓိပ္ပာယ်မှာ လူသားသည် ရွေးချယ်စရာလမ်းမရှိအောင်ပင်၊ ၎င်းနောက် မည်သို့မျှ မစွမ်းနိုင်အောင်ပင် အဓမ္မ ချုပ်ကိုင်ခံရခြင်းကို ခေါ်ဆိုပေသည်။ ဤကဲ့သို့ အဓမ္မပြုခံရသည့် အခြေအနေမျိုးတွင် နှလုံးသားမှ အီမာန်ကို အပြည့်အဝ ယုံကြည်လျက် နှုတ်လျှာဖြင့် ကုဖွ်ရ်စကားရပ်များကို ပြောဆိုခြင်းသည် ပိုင်ပေသည်။ ထိုနည်းတူစွာ အခြားသူများကို သတ်ဖြတ်ခြင်းမှအပ အခြား 'ဟရာမ်' လုပ်ရပ်တစ်ခုခုကို ပြုလုပ်ရန် အဓမ္မစေခိုင်းခံရလျှင်လည်း အခိုင်းခံရသူသည် မည်သို့မျှ အပြစ်မထိုက်ပေ။

သို့သော် အဓမ္မပြုခံရမှု နှစ်မျိုးစလုံးတွင် သတိမှတ်ချက်တစ်ခု ရှိသည်မှာ အဓမ္မစေခိုင်းသူသည် ၎င်းခြိမ်းခြောက်သော လုပ်ရပ်ကို အပြည့်အဝ လုပ်နိုင်စွမ်းရှိသူ ဖြစ်ရမည်။ ၎င်းနောက် အခိုင်းခံရသူကလည်း ယုံကြည်မှု ခိုင်မာရမည်မှာ အကယ်၍ ကျွန်ုပ်သည် ထိုသူ့စကား နားမထောင်ခဲ့ပါက ထိုသူသည် ခြိမ်းခြောက်သည့်အတိုင်း မုချဧကန် ပြုလုပ်နိုင်သည်ဟု ယုံကြည်မှုရှိရမည်။ *[မဇ္ဇဟ်ရီကျမ်း]*

ဓမ္မသတ် ။ ။ အပေးအယူများသည် နှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးမှာ စိတ်နှလုံးထဲမှ ယင်းကို သဘောတူနှစ်မြို့ရန် အရေးကြီးသည်။ ဥပမာ- ရောင်းဝယ်ဖောက်ကားခြင်းနှင့် ပေးကမ်းစွန့်ကြဲခြင်းတို့ ဖြစ်သည်။

ထိုအကြောင်းအရာများတွင် စိတ်ရောကိုယ်ပါ သဘောတူနှစ်မြို့ခြင်းသည် ထိုအပေးအယူအတွက် သတ်မှတ်ချက်တစ်ခု ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်၏ အထောက်အထားမှာ-

اِلَّا اَنْ تَكُوْنَ تِجَارَةً عَنْ تَرَاضٍ مِنْكُمْ

ဆိုလိုသည်မှာ ရောင်းဝယ်ဖောက်ကားခြင်းကိစ္စရပ်များသည် နှစ်ဦးနှစ်ဖက် သဘောတူညီမှု မရှိသရွေ့ တစ်ဦး၏ ဥစ္စာပစ္စည်းသည် အခြားသူအတွက် 'ဟလာလ်'မဖြစ်နိုင်ပေ။ ၎င်းနောက် ဟဒီးစ်တော်တွင် လာရှိသည်မှာ-

لَا يَحِلُّ مَالَ امْرِءٍ مُسْلِمٍ اِلَّا بِطَيِّبِ نَفْسٍ مِنْهُ

အလိုသဘောမှာ မွတ်စလင်မ်တစ်ဦး၏ ဥစ္စာပစ္စည်းသည် ၎င်းက သဘောတူနှစ်မြို့စွာ မပေးသရွေ့ 'ဟလာလ်'မဖြစ်နိုင်။

ဤကဲ့သို့ အပေးအယူများတွင် အကယ်၍ အဓမ္မပြုခြင်း ခံရပါက တရားတော်အရ အပေးအယူ အထမြောက်မည်မဟုတ်ပေ။ အဓမ္မပြုခံရသည့် အခြေအနေမှ လွတ်မြောက်ပြီးလျှင် ၎င်းအတွက် လုပ်ပိုင်ခွင့်ရှိသည်မှာ အဓမ္မစေခိုင်းခံရသော အခြေအနေတွင် ပြုလုပ်ထားသော အရောင်းအဝယ်နှင့် ပေးကမ်းလျှုဒါန်းထားသော ပစ္စည်းတို့ကို မိမိ၏ သဘောဆန္ဒဖြင့် ထိုအတိုင်းပင် ဆက်လက်၍ ထားရှိခြင်းလည်း ပိုင်သည်။ သို့မဟုတ် ဖျက်သိမ်းခွင့်လည်း ရှိသည်။ အချို့သော အပေးအယူများသည် နှုတ်လျှာဖြင့် မြွက်ဟဝန်ခံလိုက်ရုံဖြင့် အထမြောက်သည်။ နှလုံးသားတွင်းမှ ဆန္ဒပါရှိခြင်း၊ သဘောတူညီခြင်းတို့သည် ထိုအပေးအယူအတွက် သတ်မှတ်ချက်မဟုတ်ပေ။ ဥပမာ- 'နေကာဟ်'ထိမ်းမြားခြင်း၊ 'သွလာကဲ'ကွာရှင်းခြင်း၊ ပြန်လည်ပေါင်းစည်းခြင်း၊ ကျွန်ကို သူကောင်းပြုခြင်း စသည်တို့ဖြစ်သည်။ ဤသို့သော ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဟဒီးစ်တော်တွင် လာရှိသည်မှာ-

ثلث جدّ هن جدٌّ وهز لهن جدّ النكاح والطلاق والرجعة

(راواه ابوداؤدوالتر مذی وحسنه)

အလိုသဘောမှာ လူနှစ်ဦးသည် အကယ်၍ နှုတ်လျှာဖြင့် 'နေကာဟ်'ထိမ်းမြားခြင်းကို စည်းကမ်းချက်များနှင့်အညီ သဘောတူလက်ခံလိုက်လျှင် သို့မဟုတ် ခင်ပွန်းတစ်ဦးက မိမိ၏ ဇနီးသည်ကို နှုတ်ဖြင့် 'သွလာကဲ'ပေးလိုက်လျှင်၊ သို့မဟုတ် 'သွလာကဲ'ပေးပြီးသည့်နောက် နှုတ်ဖြင့် ပြန်လည်ရုပ်သိမ်းလိုက်လျှင် ထိုလုပ်ရပ်များသည် နောက်ပြောင်သည့်သဘောနှင့် ပြုလုပ်သည်ဖြစ်စေ၊ ဆိုလိုသည်မှာ စိတ်ထဲမှ မရည်ရွယ်ဘဲ 'နေကာဟ်'သို့မဟုတ် 'သွလာကဲ'သို့မဟုတ် 'ရဂျ်အသ်' စသည်တို့ကို နှုတ်လျှာနှင့် ပြောဆိုလိုက်ရုံဖြင့် 'နေကာဟ်'လည်း အထမြောက်သွားမည်။ ၎င်းနောက် 'သွလာကဲ'လည်း အထမြောက်သွားမည်။ ထိုနည်းတူစွာ 'ရဂျ်အသ်'၊ 'သွလာကဲ'ကို ပြန်လည်ရုပ်သိမ်းခြင်းလည်း အထမြောက် မှန်ကန်သွားမည် ဖြစ်သည်။

[မဇ္ဇဟရီကျမ်း]

အေမာမ်အဗူဟာနီဖာ (ရဟ) သခင်၊ ရှအ်ဘီ (ရဟ) သခင်၊ ဇိုဟ်ရီ (ရဟ) သခင်၊ နခ်အီ (ရဟ) သခင်နှင့် ကသာဒါ (ရဟ) သခင်တို့ထံပါးတွင် အဓမ္မ 'သွလားက်' ပေးသူသည် အမှန်စင်စစ် အဓမ္မ စေခိုင်းခံရသော အချိန်တွင် သဘောတူနှစ်မြို့ခြင်း မရှိခဲ့ပေ။ မတတ်သာ၍သာ 'သွလားက်' ၏ စာသားများကို ပြောဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းနောက် 'သွလားက်' အထမြောက်ခြင်းသည် 'သွလားက်' စာသားများကို နှုတ်မှ ပြောဆိုလိုက်ရုံနှင့်ပင် လုံလောက်သွားပေသည်။ စိတ်ကလည်း ရည်ရွယ်ရမည်ဟူ၍ သတ်မှတ်ထားခြင်း မရှိပေ။ အထက်ပါဟဒီးစ်တော်တွင် ဤအတိုင်းပင် မိန့်ဆိုထားသည်။ ထို့ကြောင့် 'သွလားက်' အထမြောက် သွားမည်ဖြစ်သည်။

သို့သော် အေမာမ်ရှာဖေအီ (ရဟ) သခင်နှင့် ဟဇရတ်အလီ ﷺ သခင်၊ ၎င်းနောက် အိဗ်နေအဗ္ဗားစ် ﷺ သခင်တို့ထံတွင် အဓမ္မစေခိုင်းခံရသော 'သွလားက်' သည် အထမမြောက်ပေ။ အဘယ်ကြောင့်ဆိုသော် ဟဒီးစ်တော်တွင် လာရှိသည်။

رُفِعَ عَنْ اُمَّتِى الْخَطَاُ وَالنِّسْيَانُ وَمَا اسْتُكْرِهُوْاعَلَيْهِ (رواه الطبرانى عن ثوبان)

အလိုသဘောမှာ ငါ၏ အွမ္မသ်ကို အထင်မှားယွင်းခြင်းနှင့် မေ့လျော့နေခြင်း၊ ၎င်းနောက် မတတ်သာသည့် အခြေအနေနှင့် အဓမ္မမပြုခြင်းခံရသော အခြေအနေများတွင် ခွင့်လွှတ်ထားသည်။

အေမာမ်အဗူဟာနီဖာ ﷺ သခင်ထံတွင် ဤဟဒီးစ်တော်သည် တမလွန်ရေးရာ ပညတ်ချက်များနှင့် သက်ဆိုင်သည်။ ဆိုလိုသည်မှာ အထင်မှား၍သော်လည်းကောင်း၊ မေ့မှား၍သော်လည်းကောင်း၊ သို့မဟုတ် အဓမ္မစေခိုင်းခံရခြင်းကြောင့်သော်လည်းကောင်း၊ ရှရီအသ်တရားတော်နှင့် ဆန့်ကျင်သော ပြောဆိုပြုမူ မှုများကို လုပ်ဆောင်ခဲ့လျှင် ထိုသူ့အပေါ် မည်သည့်အပြစ် 'ဂိုနာဟ်' မျှ မထိုက်ဟူ၍ ဖြစ်သည်။ လောကီရေးရာ ပညတ်ချက်များနှင့် ပတ်သက်၍ ၎င်း၏ ပြောဆိုပြုမူမှုများကြောင့် ဖြစ်ပေါ်လာမည့် ရလဒ်များမှာမူ တွေ့ကြုံခံစားရမည်ဖြစ်သည်။ ၎င်းနောက် ဒွန်နယာလောကတွင် ထိုဖြစ်ပေါ်လာသော ရလဒ် များအပေါ် သတ်မှတ်ထားသည့် ပညတ်ချက်များသည်လည်း အတည်ဖြစ်မည် ဖြစ်သည်။ ဥပမာ- လူတစ်ဦး သည် အခြားတစ်ဦးကို အထင်မှားကာ သတ်ဖြတ်လိုက်လေသည်။ သတ်ဖြတ်သည့် အပြစ် 'ဂိုနာဟ်' နှင့် တမလွန်တွင် သတ်မှတ်ထားသော အပြစ်ဒဏ်ကို မုချ ခံရမည်မဟုတ်။ သို့သော် ယင်း၏ သတ်ဖြတ်မှုကြောင့် အသတ်ခံရသူ၏ ဝိညာဉ်မှာ ဆုံးရှုံးသွားသည်ဟု အတည်ပြု သတ်မှတ်ခံရပြီး တရားတော်အရ အသတ်ခံရသူ၏ ဇနီးသည် 'အီဒ္ဒသ်' ရက် ကုန်ဆုံးပြီးနောက် နောက်အိမ်ထောင်ပြုခွင့်ရှိပြီး ကျန်ရှိပစ္စည်းများကိုလည်း အမွေ ရထိုက်သူများအား ခွဲဝေပေးလိုက်ရမည်။ ထိုနည်းတူစွာ 'သွလားက်' သည်လည်း အထမြောက်သည့်အတွက် ရှရီအသ်တရားတော်၏ ပညတ်ချက်များကို အတည်ပြု သတ်မှတ်ရမည်ဖြစ်သည်။

[မဇ္ဇဟရီကျမ်း၊ ကုရ်သုဗီကျမ်း]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ثُمَّ إِنَّ رَبَّكَ لِلَّذِينَ هَاجَرُوا مِنْ بَعْدِ
مَا فُتِنُوا ثُمَّ جَاهَدُوا وَصَبَرُوا إِنَّ رَبَّكَ مِنْ بَعْدِهَا
لَغَفُورٌ رَّحِيمٌ ﴿١١٠﴾

၁၆ : ၁၁၀ ။ ။ ထို့နောက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အကြင်သူတို့အဖို့ ထိုသူတို့သည် စမ်းသပ်ခြင်းကို ခံကြရပြီးနောက် (ဟီဂျ်ရသ်အဖြစ်) ရွှေ့ပြောင်းနေထိုင်ခဲ့ကြ၏။ ၎င်းပြင် ထိုသူများသည် (ဂျိဟာဒ်ပြု၍) သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူများသည် ချုပ်တည်းသည်းခံခဲ့ကြကုန်၏။ မုချအမှန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ယင်း (ကိစ္စများ) ၏ နောက်တွင် အမှန်ပင် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

يَوْمَ تَأْتِي كُلُّ نَفْسٍ تُجَادِلُ عَنْ
نَّفْسِهَا وَتُوَفَّىٰ كُلُّ نَفْسٍ مَّا عَمِلَتْ وَهُمْ لَا يُظْلَمُونَ ﴿١١١﴾

၁၆ : ၁၁၁ ။ ။ (ဤသို့ အကျိုးအပြစ် ပေးခြင်းသည် အကြင်နေ့တွင် ဖြစ်ပေမည်။) ထိုနေ့တွင် လူတိုင်းလူတိုင်းသည် မိမိတို့ဘက်မှသာလျှင် (သို့မဟုတ်) မိမိတို့ကိုယ်ကို ကာကွယ်၍သာလျှင် ငြင်းခုံပြောဆိုလျက် လာပေမည်။ ထို့ပြင် လူတိုင်း လူတိုင်းသည် မိမိကျင့်မူခဲ့သော အကျင့်အမူများ (၏ အကျိုးအပြစ်) ကို အပြည့်အဝပေးခြင်း ခံရပေမည်။ အမှန်စင်စစ် ၎င်းတို့သည် မတရားပြုလုပ်ခြင်းကို (လုံးဝ) ခံကြရမည် မဟုတ်ပေ။

وَضَرَبَ اللَّهُ مَثَلًا قَرْيَةً كَانَتْ آمِنَةً مُّطْمَئِنَّةً
يَأْتِيهَا رِزْقُهَا رَغَدًا مِّن كُلِّ مَكَانٍ فَكَفَرَتْ بِأَنْعُمِ
اللَّهِ فَأَذَاقَهَا اللَّهُ لِبَاسَ الْجُوعِ وَالْخَوْفِ بِمَا كَانُوا
يَصْنَعُونَ ﴿١١٢﴾

၁၆ : ၁၁၂ ။ ။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည် ရွာတစ်ရွာနှင့် စပ်လျဉ်း၍ ပုံဆောင်ချက်တစ်ရပ်ကို ခိုင်းနှိုင်း တော်မူလေသည်။ ထိုရွာ (သူ ရွာသားတို့) သည် ဘေးအန္တရာယ် ကင်းငြိမ်းလျက် နှစ်သိမ့်ပျော်မွေ့စွာ ရှိခဲ့ (ကြကုန်) သည်။ ယင်းရွာ (သူ ရွာသားတို့ထံ) သို့၊ ယင်းရွာ (သူရွာသားတို့) ၏ စားနပ်ရိက္ခာသည် နေရာတိုင်းမှ ဖောသီစွာ ရောက်ရှိလျက် ရှိလေသည်။ သို့ရာတွင် ယင်းရွာ (သူရွာသားတို့) မှာမူ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို ငြင်းပယ်ခဲ့ (ကြ) လေသည်။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် ထိုရွာ (သူ ရွာသားတို့) အား ထိုသူတို့၏ အကျင့်အမူတို့ကြောင့် ဆာလောင်မွတ်သိပ်မှုကိုလည်းကောင်း၊ ကြောက်ရွံ့ထိတ်လန့်မှုကိုလည်းကောင်း မြည်းစမ်းစေတော်မူခဲ့ပေသည်။

وَلَقَدْ جَآءَهُمْ رَسُوْلٌ مِّنْهُمْ فَكَذَّبُوْهُ
فَاَخَذَهُمُ الْعَذَابُ وَهُمْ ظٰلِمُوْنَ ﴿١١٣﴾

၁၆ း ၁၁၃ ။ ။ ထို့ပြင် ကေန်မလွဲ ၎င်းတို့ထံ ၎င်းတို့အနက်မှပင် ရစူလ်တမန်တော်တစ်ပါးသည် ရောက်ရှိလာခဲ့လေသည်။ သို့ရာတွင် ၎င်းတို့သည် ယင်းရစူလ်တမန်တော်အား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ပြစ်ဒဏ်သည် ၎င်းတို့အား ၎င်းတို့ မတရားကျူးလွန်သူများ ဖြစ်နေကြစဉ် ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤအလျင် အာယသ်တော်များတွင် ကုဖွ်ရ်ငြင်းဆန်မှုများအပေါ် အပြစ်ပေးမည့်အကြောင်း တင်ပြထားသည်။ ထိုငြင်းဆန်မှုသည် လုံးလုံးလျားလျား ငြင်းဆန်ခြင်းဖြစ်စေ၊ သို့မဟုတ် ဘာသာပျက်၍ ငြင်းဆန်ခြင်းဖြစ်စေ၊ ထို့နောက် ဤအာယသ်တော်များအနက် ပထမအာယသ်တော်တွင် တင်ပြထားသည်မှာ အီမာန်သည် ဤကဲ့သို့သော ရတနာတစ်ပါးဖြစ်သည်။ ယင်းကို ကာဖိရ်သို့မဟုတ် ဘာသာပျက်သူတစ်ဦးသည် မှန်ကန်စွာ သက်ဝင်ယုံကြည်ခဲ့ပါလျှင် ၎င်း၏ ရှေးဖြစ် 'ဂိုနာဟ်'အကုသိုလ်များအားလုံးကို ပလပ်လိုက်လေသည်။

ဒုတိယအာယသ်တော်တွင် 'ကေယာမသ်'အကြောင်းကို တင်ပြထားခြင်းမှာ အကျိုးစဝါးဖ် ချီးမြှင့်ခြင်းနှင့် အပြစ်ဒဏ်ပေးခြင်းတို့သည် 'ကေယာမသ်'ဖြစ်ပေါ်ပြီးမှ ဆောင်ရွက်မည့်အရာများ ဖြစ်သည်။ တတိယအာယသ်တော်တွင် တင်ပြထားသည်မှာ ကုဖွ်ရ်နှင့် အခြားအကုသိုလ်များ၏ ပြစ်ဒဏ်သည် 'ကေယာမသ်'ဖြစ်ပေါ်လာပြီးမှ ရရှိမည်ဖြစ်သည်။ သို့သော် အချို့သော အကုသိုလ်များ၏ အပြစ်ဒဏ်သည် ဒွန္နယာလောက၌လည်း ရရှိသွားတတ်သည်။ အာယသ်တော် (၃) ပုဒ်စလုံး၏ အတိုချုံးဖွဲ့ဆိုချက်မှာ ဤသို့ဖြစ်သည်။ တစ်ဖန် (ကုဖွ်ရ်ငြင်းဆန်မှုပြုပြီးသော်လည်း ထိုသူတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ပါလျှင်) မုချကေန် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ကုဖွ်ရ် ငြင်းဆန်မှုတွင် နစ်မွန်းနေပြီးနောက် (အီမာန်သက်ဝင် ယုံကြည်ကာ) ဟီဂျ်ရသ်ပြုသော၊ တစ်ဖန် 'ဂျီဟားဒ်'ပြုသော သူတို့အတွက် ၎င်းနောက် (မိမိအီမာန်အပေါ်) မြဲမြံမှုရှိကြသော သူတို့အတွက် အသင်တမန်တော်ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် (၎င်းတို့ကို) ထို ('အမလ်'ကျင့်ကြံမှုများကို ပြုကျင့်ပြီး) နောက် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အသျှင်၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသည်။) ဆိုလိုသည်မှာ အီမာန်နှင့် 'အမလေဆွာလေဟာ'၏ 'ဗရ်ကသ်'ကြောင့် 'ဂိုနာဟ်'အကုသိုလ်များအားလုံးကို ပလပ်လိုက်မည်ဖြစ်သည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်ဖြင့် ထိုသူတို့ကို သုခဘုံတွင် အလွန်မြင့်မားသော အဆင့်အတန်းများကို ရရှိကြမည်။ ကုဖွ်ရ် ငြင်းဆန်မှု၏ ယခင် အကုသိုလ်များသည် အီမာန်သက်ဝင်ယုံကြည်သည်နှင့်ပင် ပလပ်သွားမည် ဖြစ်သည်။ 'ဂျီဟားဒ်'ပြုခြင်း စသည့် 'အမလေဆွာလေ' တို့သည် အပြစ်များကို ပလပ်ရန် ကန့်သတ်ချက်တစ်ခု မဟုတ်ပေ။ သို့သော် ကောင်းသော ကျင့်ကြံမှုများသည်

သုခဘုံ၏ အဆင့်အတန်းများကို ရရှိရာတွင် အကြောင်းခံဖြစ်မည်။ ထို့ကြောင့် ယင်းကျင့်ကြံမှုများကို တွဲ၍ တင်ပြထားခြင်းဖြစ်သည်။ ၄င်းနောက် တင်ပြပါအကျိုးစဝါးဗ် ချီးမြှင့်မှုနှင့် ပြစ်ဒဏ်ပေးမှုတို့သည် ထိုနေ့တွင် ဆောင်ရွက်မည်ဖြစ်သည်။) အကြင်နေ့တွင် လူတိုင်းသည် မိမိဘက်ကိုသာ အသားပေး ပြောဆိုကြလေမည်။ (အခြားသူတို့ကို မေးမြန်းလိမ့်မည်မဟုတ်။)

၄င်းနောက် လူတိုင်းသည် မိမိတို့၏ ကျင့်ကြံမှုများအတွက် အပြည့်အဝ အစားရရှိကြလေမည်။ (ဆိုလိုသည်မှာ ကောင်းကျိုးများ၏ အစား ရရှိမှုတွင် လျော့ပေါ့လိမ့်မည်မဟုတ်။ အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်ဖြင့် ပို၍ပင် ရကောင်းရနိုင်လိမ့်မည်။ ၄င်းနောက် မကောင်းမှုများ၏ အစားကိုလည်း သာပို၍ ပေးလိမ့်မည်မဟုတ်။ အသျှင်မြတ်၏ ကရုဏာတော်ဖြင့် လျော့နည်းသွားနိုင်စရာ အကြောင်းသာ ရှိသည်။ ထိုဗျာဒိတ်တော်၏ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ ယင်းဗျာဒိတ်တော်မှာ) ၄င်းတို့သည် ညှဉ်းပန်းနှိပ်စက်ခြင်း ခံကြရမည်မဟုတ်။ (ထို့နောက် တွင် တင်ပြထားသည်မှာ အမှန်စင်စစ် ကုဖ္ဖရ်ငြင်းဆန်မှုနှင့် အခြားသော 'ဂိုနာဟ်'အကုသိုလ်များ၏ ပြည့်ပြည့်ဝဝ ပြစ်ဒဏ်ကို 'ဟရှ်ရ်'နေ့ နောက်ပိုင်းမှ ပေးမည်ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ ဒွန္နယာ လောကတွင်လည်း ယင်းဆိုးကျိုးများသည် 'အဇာဗ်'အပြစ်ဒဏ်၏ ပုံသဏ္ဍာန်ဖြင့် ရောက်ရှိလာတတ်၏။) ၄င်းနောက် အလ္လာဟ်အသျှင်မြတ်သည် မြို့ရွာတစ်ခုတွင် နေထိုင်ကြသောသူများ၏ အံ့ဩဖွယ်ရာကောင်းသော ဖြစ်ရပ်တစ်ခုကို တင်ပြသည်မှာ ထိုသူတို့သည် (အလွန်တရာ) အေးချမ်းသာယာစွာဖြင့် နေထိုင်ခဲ့ကြသည်။ (၄င်းနောက်) ထိုသူတို့၏ စားသောက်ဖွယ်ရာများ၊ အဝတ်အစားများသည် လေးဘက်လေးယံမှ အလွန်ပင် ချောင်လည်စွာဖြင့် ၄င်းတို့ထံ ရောက်ရှိနေခဲ့ကြသည်။ (ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များအပေါ် ကျေးဇူးမတင်ရှိသည့်အပြင်) ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'တော်များကို တန်ဖိုးမထားခဲ့ပေ။ (ဆိုလိုသည်မှာ ကုဖ္ဖရ်၊ ရှရစ်က်နှင့် ပြစ်မှုဒုစရိုက်များတွင် နစ်မွန်းနေခဲ့ကြသည်။) ထိုအပေါ် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့ကို ၄င်းတို့၏ လုပ်ရပ်များကြောင့် မိုးခေါင်ရေရှားမှုဒဏ်နှင့် ကြောက်မက်ဖွယ်ရာ (ဖြစ်ရပ်) တစ်ခုကို မြည်းစမ်းစေခဲ့သည်။ (ဥစ္စာဓနကြွယ်ဝမှုကို ရုပ်သိမ်းလိုက်ပြီး မိုးခေါင်ရေရှားခြင်းနှင့် ငတ်မွတ်ခေါင်းပါးခြင်းတို့တွင် နစ်မွန်းစေခဲ့ပြီး၊ ၄င်းနောက် ရန်သူများ၏ ကြောက်မက်ဖွယ်ရာ လွှမ်းမိုးမှုကို ပြုစေကာ ၄င်းတို့၏ ရပ်ရွာများသည် အေးချမ်းသာယာမှုကိုလည်း ရုပ်သိမ်းလိုက်လေသည်။)

၄င်းနောက် (ထိုပြစ်ဒဏ်ခတ်မှု တွင် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အလျှင်စလို ပြုလုပ်ခဲ့ခြင်းမရှိပေ။ သို့သာမက ပထမဦးစွာ သတိပေးနှိုးဆော်ရန်နှင့် ပြုပြင်ရန်အတွက်) ၄င်းတို့ထံပါးသို့ ၄င်းတို့ အနက်မှပင် တမန်တော်တစ်ပါးလည်း (အသျှင်မြတ်၏ ဘက်တော်မှ) ရောက်ရှိလာခဲ့သည်။ (ထိုတမန်တော်၏ ဖြောင့်မတ်မှန်ကန်မှုအကြောင်းကို မျိုးနွယ်တူများဖြစ်သည့်အတွက် ၄င်းတို့သည် ကောင်းစွာ သိရှိကြသည်။) တစ်ဖန် ထို (တမန်တော်) ကို (လည်း) ၄င်းတို့သည် လိမ်လည်သည်ဟု ပြောဆိုခဲ့သည်။ ထို့ကြောင့် 'အဇာဗ်'ပြစ်ဒဏ်သည် ၄င်းတို့အပေါ် ကျရောက်ခဲ့လေသည်။ ထိုအချိန်တွင် ၄င်းတို့သည် အလွန်တရာ ညှဉ်းပန်းနှိပ်စက်မှုကို လက်ကိုင်ထားသူများ ဖြစ်နေခဲ့ကြသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

နောက်ဆုံးအာယသ်တော်တွင် ငတ်မွတ်ခေါင်းပါးမှုနှင့် ကြောက်ရွံ့စိုးရိမ်မှု အရသာကို မြည်းစမ်းစေရန်အတွက် ပို၍ لباس ဟူသော စာသားဖြင့် သုံးနှုန်းထားပေသည်။ အကြောင်းမှာ ငတ်မွတ်ခေါင်းပါးခြင်း ဝတ်ရုံနှင့် ကြောက်ရွံ့ထိတ်လန့်မှု ဝတ်ရုံကို မြည်းစမ်းစေခြင်း ဖြစ်သည်။ အမှန်စင်စစ် ဝတ်ရုံဆိုသည်မှာ မြည်းစမ်းရသော အရာမဟုတ်ပေ။ သို့သော် ဤနေရာတွင် لباس ဟူသော စာသားကို သုံးနှုန်းထားခြင်းမှာ ထိုငတ်မွတ်မှုနှင့် ကြောက်ရွံ့မှုသည် ဝတ်ရုံကဲ့သို့ ၎င်းတို့ကို အမြဲတစေ လွှမ်းခြုံထားသည်ဟု ပမာပေး ပြောဆိုခြင်းဖြစ်သည်။ ခန္ဓာကိုယ်တွင် အဝတ်အစားသည် အမြဲတစေ အရေးတကြီး ရှိတတ်သကဲ့သို့ ငတ်မွတ်မှုနှင့် ထိတ်လန့်မှုတို့သည်လည်း ၎င်းတို့၏ ကိုယ်ခန္ဓာကိုယ်တွင် အမြဲတစေ ရှိနေခဲ့သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ဤအာယသ်တော်တွင် တင်ပြထားသော ဥပမာသည် အချို့သဖ်စီးရ် ပညာရှင်များထံတွင် သီးခြား ရပ်ရွာတစ်ခုနှင့် ပတ်သက်ခြင်းမဟုတ်ဘဲ အများအတွက် ရည်ညွှန်းပြောဆိုထားသော ဥပမာတစ်ခု ဖြစ်သည်ဟု ဆိုကြသည်။ ၎င်းနောက် ပညာရှင်အများစုက ထိုအကြောင်းအရာကို မက္ကာဟ်မြို့တော်၏ အကြောင်းအရာ ဖြစ်သည်ဟု သတ်မှတ်ကြသည်။ ထိုမက္ကာဟ်မြို့တွင် ခုနှစ်နှစ်တိုင်တိုင် မိုးခေါင်မှုနှင့် ကြုံခဲ့ရသည်။ တစ်ဖန် မက္ကာဟ်မြို့၏ ခေါင်းဆောင်များသည် တမန်တော်မြတ် ﷺ ကို လျှောက်ထားကြသည်။ ငြင်းဆန်မှုနှင့် အမိန့်မနာခံမှုတို့ကို ကျူးလွန်သူများသည် အမျိုးသားများဖြစ်သည်။ အမျိုးသမီးများနှင့် ကလေးများသည် အပြစ်မဲ့သူများ ဖြစ်သည်။ ထိုသို့ လျှောက်ထားခဲ့သောကြောင့် တမန်တော်မြတ် ﷺ သည် ၎င်းတို့အတွက် မဒီနာမြို့မှ ရိက္ခာပစ္စည်းများ ပို့ဆောင်ပေးခဲ့သည်။ *[မဇ္ဇဟရီးကျမ်း]*

၎င်းနောက် အဗူဆွဖ်ယာန် ؓ သခင်သည် ကာဖိရ်ဘဝက တမန်တော်မြတ် ﷺ အား လျှောက်ထားခဲ့သည်မှာ 'အသင်တမန်တော်သည် ဆွေမျိုးမပြတ်ရန်နှင့် ခွင့်လွှတ်ကြင်နာတတ်ရန် သင်ကြားပေးသူတစ်ဦး ဖြစ်သည်။ ယခု အသင်၏ မျိုးနွယ်သည် ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရသည်။ အလ္လာဟ်အသျှင်မြတ်ထံ တော်ပါးတွင် ဆုမွန်ဒိုအာ တောင်းခံပေးလော့။ သို့မှသာ ဤမိုးခေါင်ရေရှားမှု ကင်းဝေးသွားမည် ဖြစ်သည်။ ထိုလျှောက်ထားမှုအပေါ် တမန်တော်မြတ် ﷺ သည် ၎င်းတို့အတွက် ဒိုအာပြုပေးခဲ့သည်။ ထို့နောက် မိုးခေါင် ရေရှားမှုလည်း ကင်းဝေးသွားလေသည်။ *[ကုရ်သုဗီးကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

فَكُلُوا مِمَّا رَزَقَكُمُ اللَّهُ حَلَالًا طَيِّبًا وَاشْكُرُوا نِعْمَتَ اللَّهِ إِن كُنتُمْ إِيَّاهُ تَعْبُدُونَ ﴿١١٤﴾

၁၆ : ၁၁၄ ။ ။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့အား အလ္လာဟ်အသျှင်မြတ်သည် ချီးမြှင့်ပေးသနားတော်မူသော အရာများအနက် သန့်ရှင်းစင်ကြယ်သော စားသုံးခွင့် ပြုထားတော်မူသည့် အရာများကို စားသုံးကြလေကုန်။ ထို့ပြင် အသင်

တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်သူများ ဖြစ်ကြပါလျှင် ထိုအသျှင်မြတ်၏ ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ ကျေးဇူးတင်ရှိကြလေကုန်။

إِنَّمَا حَرَّمَ عَلَيْكُمُ الْمَيْتَةَ وَ
الدَّمَ وَلَحْمَ الْخِنْزِيرِ وَمَا أُهِلَّ لِغَيْرِ اللَّهِ بِهِ ۖ فَمَنِ
اضْطُرَّ غَيْرَ بَاغٍ وَلَا عَادٍ فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿١١٥﴾

၁၆ : ၁၁၅ ။ ။ ထိုအသျှင်မြတ်သည် အသေကောင် (များ)၊ (ယိုစီးသော) သွေး၊ ဝက်တိရစ္ဆာန်များ၏ အသားနှင့် အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြား (အရာ) ကို ရည်စူး (တသ လိုးဖြတ်) ထားသော အရာများကိုသာလျှင် 'ဟရာမ်' ဟူ၍ တားမြစ်တော်မူခဲ့လေသည်။ သို့ (တားမြစ်ထားတော်မူသော်) ငြားလည်း မလွဲမရှောင်သာ (အောင် အကြပ်အတည်းနှင့် တွေ့ကြုံနေ) သော လူတစ်ဦးသည် (တားမြစ်ထားသော အဟာရကို ခုံမင်) တပ်မက်သူ မဟုတ်၍လည်းကောင်း၊ (အစား) ကျူးလွန်သူမဟုတ်၍လည်းကောင်း၊ (အသက်မသေရုံမျှ စားသုံးခဲ့ပါလျှင်) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَلَا تَقُولُوا لِمَا تَصِفُ أَلْسِنَتُكُمُ الْكَذِبَ هَٰذَا
حَلَالٌ وَهَٰذَا حَرَامٌ لِّتَفْتَرُوا عَلَى اللَّهِ الْكَذِبَ ۚ إِنَّ
الَّذِينَ يَفْتَرُونَ عَلَى اللَّهِ الْكَذِبَ لَا يُفْلِحُونَ ﴿١١٦﴾

၁၆ : ၁၁၆ ။ ။ ထို့ပြင် အသင်တို့သည် မိမိတို့၏ နှုတ်၊ လျှာများက မုသားကို ပြောဆိုပြဋ္ဌာန်းခဲ့သောကြောင့် 'ဤသည် 'ဟလာလ်' (ခွင့်ပြုထားသော အရာ) ဖြစ်သည်။ ဤသည် 'ဟရာမ်' (တားမြစ်ထားသော အရာ) ဖြစ်သည်'ဟူ၍ မပြောဆိုကြကုန်လင့်။ ထိုသို့ ပြောဆိုကြလျှင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ လီဆယ်စွပ်စွဲ၍ မုသားပြောဆိုကြသည်သာ ဖြစ်ပေမည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်အပေါ်၌ မုသားပြောဆို စွပ်စွဲကြသော သူတို့သည် အောင်မြင်ကြမည် မဟုတ်ပေ။

مَتَاعٌ قَلِيلٌ وَلَهُمْ عَذَابٌ أَلِيمٌ ﴿١١٧﴾

၁၆ : ၁၁၇ ။ ။ (ဤမျက်မှောက်ဘဝ၏ စည်းစိမ်ချမ်းသာခြင်းသည်) အနည်းငယ်မျှသော အကျိုးခံစားမှုပင် ဖြစ်၏။ နောက်ဆုံးတွင်မူ ၎င်းသူတို့၌ ပြင်းပြနာကျင်ဖွယ်ဖြစ်သော အပြစ်ဒဏ်သည် ရှိပေမည်။

وَعَلَى الَّذِينَ
هَادُوا حَرَّمْنَا مَا قَصَصْنَا عَلَيْكَ مِن قَبْلُ ۖ وَمَا
ظَلَمْنَاهُمْ وَلَٰكِن كَانُوا أَنفُسَهُمْ يَظْلِمُونَ ﴿١١٨﴾

၁၆ : ၁၁၈ ။ ။ ထို့ပြင် အသင့်အား ငါအသျှင်မြတ်သည် ယခင်က ထုတ်ဖော်မိန့်ကြားတော်မူခဲ့သော အရာများကို ငါအသျှင်မြတ်သည် 'ယဟူဒီ' ဖြစ်ခဲ့သော သူတို့အပေါ်၌ 'ဟရာမ်' ဟူ၍ တားမြစ်တော်မူခဲ့လေသည်။ စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အား နှိပ်စက်ကလူ ပြုတော်မူခဲ့သည် မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့သည် မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင်ပင် နှိပ်စက်ကလူ ပြုလျက် ရှိခဲ့ကြကုန်သည်။

ثُمَّ إِنَّ رَبَّكَ لِلَّذِينَ عَمِلُوا السُّوءَ بِجَهَالَةٍ ثُمَّ تَابُوا مِنْ
بَعْدِ ذَٰلِكَ وَأَصْلَحُوا إِنَّ رَبَّكَ مِنْ بَعْدِهَا لَغَفُورٌ رَحِيمٌ ﴿١١٩﴾

၁၆ : ၁၁၉ ။ ။ ထို့နောက် စေကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အကြင်သူတို့အဖို့ ၎င်းတို့သည် အသိပညာ ကင်းမဲ့သောကြောင့် မကောင်းမှုကို ကျူးလွန်မှုခဲ့ကြကုန်၏။ ထို့နောက် ၎င်းတို့သည် ဝန်ချတောင်းပန်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် (မိမိတို့အခြေအနေကိုလည်း) ပြုပြင်ခဲ့ကြကုန်၏။ စေကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ထို (သို့ ဝန်ချတောင်းပန်ပြီး) နောက်တွင် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤထက်အလျှင် ရှေးအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်' တော်များပေါ် ကာဖိရ်များ၏ ကျေးဇူးကန်းမှုနှင့် ၎င်းတို့၏ ပြစ်ဒဏ်သင့်မှုအကြောင်းများကို တင်ပြထားပေသည်။ ယခု ဤအာယသ်တော်များတွင် ဦးစွာပထမ မွတ်စ္စလင်မ်များကို ကျေးဇူးမကန်းရန် သွန်သင်ထားလေသည်။ အသျှင်မြတ် ချီးမြှင့်ထားသော 'ဟလာလ်နေ့အ်မသ်' တော်များနှင့် ပတ်သက်ပြီး ကျေးဇူးတရား သိတတ်ကာ သုံးစွဲရမည်။ ဆက်လက်၍ မိန့်တော်မူသည်မှာ ကာဖိရ်၊ မုရှ်ရစ်က်များ၏ အသျှင်မြတ် ချီးမြှင့်ထားသော 'နေ့အ်မသ်' တော်များကို ကျေးဇူးကန်းပုံတစ်မျိုးမှာ အသျှင်မြတ် ချီးမြှင့်ထားသော 'ဟလာလ်နေ့အ်မသ်' တော် အမြောက်အမြားကို မိမိတို့ဘက်မှ 'ဟရာမ်' ဟု သတ်မှတ်လိုက်ကြသည်။ အသျှင်မြတ် သတ်မှတ်ထားသော 'ဟရာမ်' အရာများကိုလည်း 'ဟလာလ်' ဟု ပြောဆိုကြသည်။ မွတ်စ္စလင်မ်တို့အနေနှင့် ဤကဲ့သို့ မပြုရန် သတိပေးနှိုးဆော်ထားပေသည်။ အရာဝတ္ထုတစ်ခုကို 'ဟလာလ်' သတ်မှတ်ခြင်းနှင့် 'ဟရာမ်' သတ်မှတ်ခြင်းတို့မှာ ၎င်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သာလျှင် လုပ်ပိုင်ခွင့်ရှိသည်။ မိမိဘက်မှ ဤသို့ ပြုခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ လုပ်ပိုင်ခွင့်တွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ၎င်းနောက် ထိုအသျှင်မြတ်နှင့်ပတ်သက်ပြီး လုပ်ကြံပြောဆိုခြင်းဖြစ်သည်။ နောက်ဆုံးတွင် မိန့်တော်မူထားသည်မှာ အကြင်သူတို့သည် မသိနားမလည်ဘဲ အထက်ပါအပြစ်များကို ကျူးလွန်ခဲ့သော် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်' ကရုဏာတော်မှ မျှော်လင့်ချက် မကင်းကြလေနှင့်။ အကယ်၍ 'သောဗ်ဟ်' ပြုကာ စစ်မှန်စွာ အီမာန်သက်ဝင် ယုံကြည်မည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် အပြစ်ဒုစရိုက်အားလုံးကို ခွင့်လွှတ်တော်မူမည်။ အာယသ်တော်များ၏ သဖ်စီးရ်အချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ချီးမြှင့်ထားသော ‘ဟလာလ်’သန့်ပြန့်သည့်အရာများကို (‘ဟရာမ်’ဟု မသတ်မှတ်လေနှင့်။ ယင်းသည် မုရှ်ရစ်က်တို့၏ ပညာမဲ့သော အစဉ်အလာတစ်ခု ဖြစ်သည်။ သို့သာမက) ထိုအရာများကို စားသုံးကြကုန်။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ‘နေ့အ်မသ်’တော်များနှင့် ပတ်သက်ပြီး ကျေးဇူးသိကတ်ကြကုန်။ အကယ်၍ အသင်တို့သည် (မိမိတို့၏ အဆိုအရ) ထိုအသျှင်မြတ်၏ ခဝပ်ကိုးကွယ်မှုကိုသာလျှင် ပြုကြသည်ဆိုသော် အသင်တို့အပေါ် (အသင်တို့ ‘ဖွရဓ်’ဟု ပြောဆိုနေကြသည့် အရာများအနက်မှ အလ္လာဟ်အသျှင်မြတ်သည်) အသေသားကိုသာလျှင် ‘ဟရာမ်’ဟု သတ်မှတ်သည်။ ၄င်းနောက် သွေးကို၊ ၄င်းနောက် ဝက်သား (စသည်တို့) ကို၊ ၄င်းနောက် အသျှင်မြတ်မှအပ အခြားအရာများ၏ အမည်ကို ကိုင်၍ သတ်ဖြတ်ထားသော သားကောင်များကို (သာလျှင် ‘ဟရာမ်’ပြုထားပေသည်။) တစ်ဖန် အကြင်သူတစ်ဦးတစ်ယောက်သည် (ငတ်မွတ်ခြင်းကြောင့်) လုံးဝ မခံစားနိုင်တော့ပါလျှင် အရသာခံစားလိုသည့် ရည်ရွယ်ချက်မပါဘဲ ၄င်းနောက် (လိုအပ်သည့်) အတိုင်းအတာထက် မကျော်လွန်ဘဲ (ထိုအရာ များကို စားသုံးခဲ့ပါလျှင် ထိုသူကို) အလ္လာဟ်အသျှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူမည့်အသျှင် ဖြစ်တော်မူသည်။ ၄င်းနောက် ထိုအရာများနှင့်ပတ်သက်ပြီး အသင်တို့၏ လိမ်လည်ပြောဆိုမှုများဖြင့် (၄င်းစကားရပ်အပေါ် မည်သည့်မှန်ကန်သော အထောက်အထားမျှမရှိဘဲ) ထိုအရာသည် ‘ဟလာလ်’ ဖြစ်သည်။ ၄င်းနောက် ထိုအရာသည် ‘ဟရာမ်’ဖြစ်သည်ဟု မပြောဆိုကြလေနှင့်။ (နှစ်ပါရာ၏ လေးချိုးတစ်ချိုးအနီးတွင် ပါရှိသော အာယသ်တော်တွင် ၄င်းတို့၏ လိမ်လည်ပြောဆိုခြင်းများကို တင်ပြခဲ့ပြီးဖြစ်သည်။) ထိုလုပ်ရပ်၏ ရလဒ်သည် အလ္လာဟ်အသျှင်မြတ်ကို လိမ်လည်စွပ်စွဲခြင်းပင် ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ထိုသို့ မိန့်ဆိုခဲ့သည်မဟုတ်။ သို့သာမက ယင်းနှင့်ဆန့်ကျင်ကာ မိန့်ဆိုထားသည်။) မုချဧကန် အလ္လာဟ်အသျှင်မြတ်အပေါ် လိမ်လည်ပြောဆိုကြသော သူများသည် အောင်မြင်မှု ရရှိကြမည်မဟုတ်။ (လောကနှင့် တမလွန်နှစ်ဌာနစလုံးတွင် ဖြစ်စေ၊ သို့မဟုတ် တမလွန်တွင်သာ ဖြစ်စေ) ဤသည် (လောက၏) ရက်အနည်းငယ်မျှသော စံစားမှုသာဖြစ်သည်။ (ထို့နောက် သေဆုံးပြီးလျှင်) ၄င်းတို့သည် ကြောက်မက်ဖွယ်ရာကောင်းသော ပြစ်ဒဏ်ကို ခံရပေမည်။

၄င်းနောက် (ထိုမုရှ်ရစ်က်များသည် အီဗ်ရာဟီမ် عليه السلام သခင်၏ လမ်းစဉ်ကို လိုက်ကြသူများဖြစ်သည်ဟု ကြွေးကြော်လေသည်။ အမှန်စင်စစ် ထိုတမန်တော်၏ ရှရီအသ်တွင် ဤအရာများကို ‘ဟရာမ်’ ပြုမထားပေ။ အကြင်အရာများကို ၄င်းတို့က ‘ဟရာမ်’ဟု သတ်မှတ်ထားကြသည်။ တစ်ဖန် ခေတ်ကာလအတန်ကြာပြီးမှ ထိုအရာများနှင့် ပတ်သက်ပြီး) ငါအသျှင်မြတ်သည် ယဟူဒီများအပေါ်တွင်သာ ယင်းအရာများကို ‘ဟရာမ်’ဟု သတ်မှတ်ခဲ့သည်။ ထိုအကြောင်းအရာကိုလည်း ငါအသျှင်မြတ်သည် အသင်တမန်တော်မှတစ်ဆင့် (စူရာဟ်အန်အာမ်တွင်) ယခင်က တင်ပြခဲ့ပြီးဖြစ်သည်။ (၄င်းနောက် ထို ‘ဟရာမ်’ သတ်မှတ်ရာတွင်လည်း) ငါအသျှင်မြတ်သည် ၄င်းတို့အပေါ် (မည်သည့်နည်းနှင့်မျှ) အတိုင်းထက်အလွန် မပြုလုပ်ခဲ့ပေ။ သို့သော် ၄င်းတို့ကိုယ်၌ပင် မိမိကိုယ်မိမိ (တမန်တော်များကို ဆန့်ကျင်ကာ) အတိုင်းထက်

အလွန် ပြုခဲ့ကြသည်။ (ထို့ကြောင့် သိရှိရသည်မှာ သန့်ပြန့်ကောင်းမွန်သော အရာများကို တမင်ရည်ရွယ်ကာ မည်သည့်အခါကမျှ 'ဟရာမ်'ပြုခဲ့ခြင်းမရှိပေ။ ၎င်းနောက် အီဗ်ရဟီမ် ﷺ ၏ ရှရီအသ်တွင်လည်း ယာယီလိုအပ်ချက်ကြောင့် 'ဟရာမ်'ပြုခဲ့သော အရာဟူ၍မရှိ။ အသင်တို့သည် ဤစကားများကို မည်သည့်နေရာမှ ဆွဲယူဖန်တီးခဲ့ကြလေသနည်း။) တစ်ဖန် အသင်တမန်တော်ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် မသိနားမလည်၍ မကောင်းမှု ကျူးလွန်ခဲ့ကြသူများကို (မည်သည့်မကောင်းမှုကိုမဆို) ကျူးလွန်ခဲ့ပါသော် တစ်ဖန် ထိုသို့ ကျူးလွန်ပြီး 'သောင်ဗာဟ်'ပြုခဲ့သော် (နောင်တွင် မိမိတို့၏) ကျင့်ကြံမှုများကို မှန်ကန်အောင် ပြုလုပ်မည်ဆိုပါက အသင်၏ အသျှင်သခင်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသော အသျှင်၊ မဟာမကရုဏာတော်ရှင် ဖြစ်တော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြပါအကြောင်းအရာများတွင် သတ်မှတ်ချက်သည် 'အီဇာဖီသာ' ဖြစ်၍ 'ဟကီကီ' မဟုတ်ခြင်း

အာယသ်တော်တွင် إِنَّمَا ဟူသော စာသားအရ သိရှိရသည်မှာ 'ဟရာမ်'အရာဝတ္ထုများသည် ဤလေးမျိုးသာလျှင် ရှိသည်။ ယင်းတို့ကို အာယသ်တော်တွင် တင်ပြထားသည်။ ၎င်းနောက် ထို့ထက်ပို၍ ရှင်းလင်းစွာ အောက်ပါအာယသ်တော်တွင် တင်ပြထားသည်ကို သိရှိရပေသည်။

قُلْ لَا أَجِدُ فِيمَا أُوحِيَ إِلَيَّ مُحَرَّمًا

အကြောင်းမှာ ထိုအရာများမှအပ အခြားမည်သည့်အရာများမှ 'ဟရာမ်'မဟုတ်ပေ။ အမှန်စင်စစ် ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်များ၏ ရှင်းလင်းချက်အရ အွမ္မသ်ထုတစ်ရပ်လုံး တစ်ညီတစ်ညွတ်တည်း ထောက်ခံထားသည်မှာ အခြား 'ဟရာမ်'အရာများလည်း မြောက်မြားစွာ ရှိသည်ဟူ၍ ဖြစ်သည်။ ထိုစေ့ဒက၏ အဖြေမှာ အာယသ်တော်များ၏ သီကုံးရေးသားမှု၊ အကြောင်းအရာ ဆက်စပ်မှုတို့ကိုပင် အာရုံစူးစိုက်မည်ဆိုလျှင် သိရှိနိုင်သည်။ အကြောင်းမှာ ဤနေရာတွင် 'ဟရာမ်'၊ 'ဟလာလ်' အကြောင်းအရာအားလုံးကို တင်ပြလိုသည်မဟုတ်။ အမှောင်ခေတ်၏ မုရှ်ရစ်ကဲများသည် မိမိတို့ဘက်မှ မြောက်မြားစွာသော အရာများကို 'ဟရာမ်'ပြုထားခြင်း အကြောင်းအရင်းကိုသာ တင်ပြလိုခြင်းဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ထိုအရာများ 'ဟရာမ်'ဖြစ်ခြင်းကို မိန့်ဆိုခဲ့သည်မဟုတ်။ ဤနေရာတွင် အဓိက ဆိုလိုရင်းမှာ အသင်တို့ 'ဟရာမ်'ပြုထားသော အရာများအနက်မှ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး တွင် ဤအရာလေးခုသာလျှင် 'ဟရာမ်'ဖြစ်သည်ဟူ၍ မိန့်ဆိုခြင်းဖြစ်သည်။ ဤအာယသ်တော်၏ ဖွင့်ဆို ချက်အပြည့်အစုံ၊ ၎င်းနောက် 'ဟရာမ်'အရာလေးခု၏ ပညတ်ချက်အကျယ်ကို မအ်ရီးဖွုလ်ကုရ်အာန်၊ အတွဲ - ၂၊ စူရာဟ်ဗကရာဟ်၏ အာယသ်တော် (၁၇၃) တွင် တင်ပြခဲ့ပြီးဖြစ်သည်။

နားမလည်၍ပြုသော အကုသိုလ်ဖြစ်စေ၊ သို့မဟုတ် သိရှိနားလည်၍ ပြုသော အကုသိုလ်ဖြစ်စေ 'သောင်ဗာဟ်' ပြုခြင်းဖြင့် အကုသိုလ်များ ပလပ်မည်ဟူသည်မှာ ကန့်သတ်ချက်မရှိခြင်း

ثُمَّ اِنَّ رَبَّكَ لِلَّذِيْنَ عَمِلُوا السُّوْءَ بِجَهَالَةٍ

အထက်ပါအာယသ်တော်တွင် جهل ဟူသော စာသားကို မသုံးဘဲ جهالت ဟူသည့် စာသားကို အသုံးပြုထားတော်မူသည်။ جهل ဟူသော စာသားသည် علم နှင့် ဆန့်ကျင်ဘက် အဓိပ္ပာယ်တွင် လာရှိပေသည်။ ၄င်းနောက် နားမလည်ခြင်း၊ သဘောမပေါက်ခြင်းဟု အဓိပ္ပာယ်ရသည်။ ၄င်းနောက် جهالت ဟူသော စာသားကို အသိဉာဏ်ကင်းမဲ့သော လုပ်ရပ်များတွင် သုံးနှုန်းလေ့ရှိသည်။ သိလျက်နှင့် ပင်ဖြစ်စေ၊ ထို့ကြောင့် သိရှိလိုက်ရသည်မှာ 'သောင်ဗာဟ်' ပြုခြင်းဖြင့် အကုသိုလ်များ ပလပ်သွားခြင်းသည် မသိ၍ဖြစ်စေ၊ မတော်တဆဖြစ်စေ စသည့် ကန့်သတ်ချက်များ မရှိပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

اِنَّ اِبْرٰهِيْمَ كَانَ اُمَّةً قَانِتًا لِّلّٰهِ حَنِيْفًا ۗ وَلَمْ يَكُ مِنَ الْمُشْرِكِيْنَ ﴿١٢٠﴾

၁၆ : ၁၂၀ ။ ။ ဧကန်စင်စစ် (နဗီတမန်တော်) အိဗ်ရာဟီမ်သည် အလွန် အတုယူထိုက်သော ရှေ့ဆောင်ရှေ့ရပ်၊ အလ္လာဟ်အရှင်မြတ် (၏ အမိန့်တော်များ) ကို (တသွေမတိမ်း) လိုက်နာသူ၊ တစ်စိတ်တစ်လက်တည်း ဖြောင့်မတ်တည်ကြည်သူ ဖြစ်ခဲ့လေသည်။ ထို့ပြင် ယင်း (နဗီတမန်တော်) အိဗ်ရာဟီမ်သည် တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်သူ (မုရှ်ရစ်က်) တို့အနက်မှ အပါအဝင် မဖြစ်ခဲ့ပေ။

شَاكِرًا لِّاَنْعُمِهٖ ؕ اِجْتَبٰىهُ وَهَدٰىهُ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿١٢١﴾

၁၆ : ၁၂၁ ။ ။ ထိုအရှင်မြတ်၏ ကျေးဇူးတော်များကို အလွန်သိတတ်၍ ကျေးဇူးတင်ရှိသူ ဖြစ်ခဲ့၏။ ထိုအရှင်မြတ်သည် ယင်း (နဗီတမန်တော်) အိဗ်ရာဟီမ်အား ရွေးချယ်တော်မူ၍ ဖြောင့်မတ်မှန်ကန်သော တရားလမ်းသို့လည်း ပို့ဆောင်တော်မူခဲ့၏။

وَاٰتَيْنٰهُ فِى الدُّنْيَا حَسَنَةً ؕ وَاِنَّهٗ فِى الْاٰخِرَةِ لَمِنَ الصّٰلِحِيْنَ ﴿١٢٢﴾

၁၆ : ၁၂၂ ။ ။ ထို့ပြင် ငါအရှင်မြတ်သည် ၄င်း (နဗီတမန်တော်) အိဗ်ရာဟီမ်အား ဤမျက်မှောက်လောက၌လည်း၊ ကောင်းမြတ်ခြင်းကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ၄င်းပြင် ဧကန်စင်စစ် ယင်း (နဗီတမန်တော်) အိဗ်ရာဟီမ်သည် တမလွန်ဘဝ၌ အမှန်ပင် သူတော်စင်တို့အနက်မှ အပါအဝင် ဖြစ်ပေမည်။

ثُمَّ أَوْحَيْنَا إِلَيْكَ أَنِ اتَّبِعْ مِلَّةَ إِبْرَاهِيمَ حَنِيفًا ۖ وَمَا كَانَ مِنَ الْمُشْرِكِينَ ﴿١٢٣﴾

၁၆ : ၁၂၃။ ။ ထို့နောက် ငါအသျှင်မြတ်သည် အသင်၏ထံသို့ '(နဗီတမန်တော်) အီဗ်ရာဟီမ်၏ လမ်းစဉ်ကို လိုက်နာပါလေ'ဟု အမိန့်ချမှတ်တော်မူခဲ့လေသည်။ (အမှန်စင်စစ်) ယင်း (နဗီတမန်တော် အီဗ်ရာဟီမ်) သည် ဖြောင့်မတ်တည်ကြည်သူ ဖြစ်ခဲ့၏။ ၎င်းပြင် တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်သူ (မုရှ်ရစ်က်) တို့အနက်မှလည်း အပါအဝင် မဖြစ်ခဲ့ပေ။

إِنَّمَا جُعِلَ السَّبْتُ عَلَى الَّذِينَ اخْتَلَفُوا فِيهِ ۚ وَإِنَّ رَبَّكَ لَيَحْكُمُ بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُوا فِيهِ يَخْتَلِفُونَ ﴿١٢٤﴾

၁၆ : ၁၂၄။ ။ 'စဗ်သ်' (ဥပုသ်) နေ့ (ကို ရိုသေလေးစားရန် အမိန့်တော်) သည် ထို 'စဗ်သ်' (ဥပုသ်) နေ့နှင့် စပ်လျဉ်း၍ သဘောကွဲလွဲခဲ့ကြကုန်သော သူတို့အပေါ်၌သာလျှင် (အတည်) ပြုလုပ်ခြင်း ခံခဲ့ရလေသည်။ ၎င်းပြင် စကန်အမှန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် ၎င်းတို့ သဘောကွဲလွဲလျက် ရှိခဲ့ကြသော အရာနှင့် စပ်လျဉ်း၍ အမှန်ပင် စီရင်ဆုံးဖြတ်တော်မူပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အာယသ်တော်၏ ဆက်စပ်မှု

ဤထက်အလျှင် ရှေးအာယသ်တော်များတွင် ရှုရစ်က်နှင့် ကုဖွ်ရ်၏ အခြေခံလမ်းစဉ်များ၊ ဆိုလိုသည်မှာ 'သောင်ဟီးဒ်'တရားကို ငြင်းဆန်ခြင်းနှင့် 'ရိစာလသ်'ကို ငြင်းဆန်ခြင်းတို့အပေါ် ကန့်ကွက်မှု၊ ၎င်းနောက် ကုဖွ်ရ်နှင့် ရှုရစ်က်၏ အချို့သောကဏ္ဍများ၊ ဆိုလိုသည်မှာ 'ဟရာမ်'ကို 'ဟလာလ်'သတ်မှတ်ခြင်း၊ 'ဟလာလ်'ကို 'ဟရာမ်'သတ်မှတ်ခြင်းတို့အပေါ် မှားယွင်းသော လုပ်ရပ်ဖြစ်ကြောင်း အကျယ်တဝင့် တင်ပြထားလေသည်။ ၎င်းနောက် ကျမ်းတော်မြတ်ကုရ်အာန်၏ ဦးစွာပထမ မိန့်ဆိုခြင်းခံရသော တစ်ဆင့်ခံမဟုတ်ဘဲ မိန့်မြွက်ခံရသော မက္ကာဟ်မြို့မှ မုရှ်ရစ်က်များသည် ကုဖွ်ရ်ပြုလုပ်ခြင်းနှင့် ရုပ်တုများကို ကိုးကွယ်နေပါလျက် ကြွေးကြော်ကြသည်မှာ ကျွန်ုပ်တို့သည် တမန်တော်အီဗ်ရာဟီးမ် ﷺ ၏ သွန်သင်ညွှန်ကြားမှုများကိုသာ လုပ်ဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်လေးပိုဒ်တွင် ၎င်းတို့၏ ကြွေးကြော်မှုများကို ကန့်ကွက်ထားသည်။ ၎င်းနောက် ၎င်းတို့ လက်ခံနိုင်လောက်သော စကားရပ်များဖြင့် ၎င်းတို့၏ အသိဉာဏ် ကင်းမဲ့သော အတွေးအခေါ်များကို မှားယွင်းကြောင်း ဤသို့ တင်ပြထားသည်။ အကြောင်းမှာ တင်ပြပါ အာယသ်တော်ငါးပိုဒ်အနက်မှ ပထမအာယသ်တော်တွင် တမန်တော်အီဗ်ရာဟီးမ် ﷺ သည်

ဒွန္နယာလောကရှိ မျိုးနွယ်စု များအားလုံး၏ လက်ခံကြည်ညိုခြင်းခံရသော ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း မိန့်ဆိုထားသည်။ ထိုအချက် သည်ပင် 'နဗူဝသ်' နှင့် 'ရေစာလသ်'၏ မြင့်မားသော အဆင့်အတန်းဖြစ်သည်။ ထို့ကြောင့် တမန်တော် အီဗ်ရာဟီမ် ﷺ သည် အလွန်ထွတ်မြတ်သော နဗီရစူလ်တစ်ပါးဖြစ်ကြောင်း သိရှိရသည်သည်။ တစ်ဖန်

مَاكَانَ مِنَ الْمُشْرِكِيْنَ

ဟူသော ဝါကျဖြင့် ထိုတမန်တော်သည် ပြည့်ဝသော 'သောင်ဟီးဒ်' တရားကို လိုက်နာကျင့်သုံးသူ တစ်ဦးဖြစ်ကြောင်း တင်ပြထားပေသည်။

၄င်းနောက် ဒုတိယအာယသ်တော်တွင် ထိုတမန်တော်၏ ကျေးဇူးတရား သိတတ်မှု၊ ၄င်းနောက် ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်တွင် ရှိနေခဲ့ကြောင်း တင်ပြမိန့်ဆိုကာ ထိုမုရှ်ရစ်က်များကို သတိပေးတော်မူသည်မှာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတရားကို မသိတတ်ဘဲ မိမိကိုယ်မိမိ ထိုတမန်တော်၏ နောက်လိုက်ဟူ၍ မည်သို့ ဆိုလေသနည်း။

တတိယအာယသ်တော်တွင် ထိုတမန်တော်သည် လောကီလောကုတ္တရာတွင် အောင်မြင်သွားကြောင်းနှင့် လိုအင်ဆန္ဒ ပြည့်ဝခဲ့ကြောင်း တင်ပြထားသည်။

၄င်းနောက် စတုတ္ထအာယသ်တော်တွင် တမန်တော်မြတ် ﷺ ၏ 'နဗူဝသ်' နှင့် 'ရီစာလသ်'ကို အတည်ပြုသတ်မှတ်ပြီး တမန်တော်မြတ် ﷺ သာလျှင် တမန်တော်အီဗ်ရာဟီမ် ﷺ ၏ လမ်းစဉ်အပေါ်တွင် မှန်ကန်တိကျစွာ ရှိနေကြောင်း တင်ပြမိန့်ဆို၍ သွန်သင်ထားသည်မှာ အကယ်၍ အသင်တို့သည် မိမိတို့၏ ကြွေးကြော်မှုတွင် မှန်ကန်ပါသည်ဟုဆိုလျှင် တမန်တော်မိုဟမ္မဒ် ﷺ အပေါ် အီမာန်သက်ဝင် ယုံကြည်ခြင်း မရှိဘဲ ကိုယ်တော်မြတ် ﷺ ၏ အမိန့်ကို မနာခံဘဲ ထိုကြွေးကြော်မှုသည် မှန်ကန်နိုင်သည်ဟု မဆိုနိုင်ပေ။

ပဥ္စမအာယသ်တော်တွင်

إِنَّمَا جُعِلَ السَّبْتُ

ဟူသော စာသားဖြင့် ရည်ညွှန်းမိန့်ဆိုထားသည်မှာ တမန်တော်အီဗ်ရာဟီးမ် ﷺ ၏ သာသနာတွင် သန့်ပြန့်သော အရာများ 'ဟရာမ်' မဖြစ်ခဲ့ပေ။ ယင်းအရာများကို အသင်တို့သည် မိမိတို့ကိုယ်တိုင် 'ဟရာမ်' သတ်မှတ်ခဲ့ကြသည်။ တင်ပြပါအာယသ်တော်များ၏ သဖ်စီးရ်အနှစ်ချုပ်မှာ ဤသို့ ဖြစ်သည်။

မုချကေန် အီဗ်ရာဟီးမ် ﷺ သည် (၄င်းကို အသင်တို့လည်း လက်ခံကြသည်။) ကြီးမားသော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ (ဆိုလိုသည်မှာ အလွန်ထွတ်မြတ်သော နဗီတစ်ပါးဖြစ်ပြီး ကြီးမားသော အုမ္မသ်ထု၏ လမ်းပြရှေ့ဆောင်တစ်ဦးဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို အပြည့်အဝ နာခံသူလည်း ဖြစ်သည်။ (ထိုတမန်တော်၏ မည်သည့်ယုံကြည်ချက်မျှ၊ သို့မဟုတ် မည်သည့်ကျင့်ကြံမှုမျှ မိမိစိတ်အလိုကို လိုက်ကာ ပြုကျင့်ခဲ့သူဟူ၍ မရှိ။ တစ်ဖန် အသင်တို့သည် ၄င်းကို ဆန့်ကျင်၍ မိမိတို့၏ စိတ်အလိုကိုလိုက်ကာ အလ္လာဟ်အသျှင်မြတ် သတ်မှတ်ထားသော 'ဟလာလ်' ကို 'ဟရာမ်၊ ၄င်းနောက်

'ဟရာမ်'ကို 'ဟလာလ်'ဟူ၍ အဘာယ်ကြောင့် သတ်မှတ်ကြသနည်း။ ၄င်းနောက် ထိုတမန်တော်သည်) တစ်ပါးတည်းသော (ကိုးကွယ်ရာအသျှင်) ဘက်သို့သာ ချဉ်းကပ်လေသည်။ (၄င်းနောက် တစ်ပါးတည်းသော အသျှင်ဘက်သို့သာ ချဉ်းကပ်သည်ဟူသော အလိုသဘောမှာ) ထိုတမန်တော်သည် တုပနှိုင်းယှဉ်ခြင်းပြုသူများထဲမှ မဟုတ်ခဲ့ပေ။ (ထို့နောက် အသင်တို့သည် တုပနှိုင်းယှဉ်ခြင်းကို အဘာယ်ကြောင့် ပြုလေသနည်း။ ၄င်းနောက် ထိုတမန်တော်သည်) အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို (လွန်စွာ) ကျေးဇူးသိတတ်သူဖြစ်သည်။ (တစ်ဖန် အသင်တို့သည် ရှရစ်ကဲနှင့် ကုဖွ်ရ်၌ နစ်မွန်း၍ အဘာယ်ကြောင့် ကျေးဇူးကန်းလေသနည်း။ အချုပ်ဆိုသော် အီဗ်ရာဟီမ် عليه السلام ၏ ဂုဏ်ပုဒ်များနှင့် လမ်းစဉ်သည် ဤသို့ ရှိသည်။ ၄င်းနောက် ထိုတမန်တော်သည် နှစ်သက်တော်မူခြင်းခံရသူတစ်ဦး ဖြစ်သည်။)

၁၂၁ အလ္လာဟ်အသျှင်မြတ်သည် ၄င်းကို နှစ်သက်ရွေးချယ်တော်မူခဲ့သည်။ ထို့နောက် ၄င်းကို ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်သို့ ပို့ဆောင်ခဲ့သည်။ ၄င်းနောက် ငါအသျှင်မြတ်သည် ၄င်းကို လောကတွင်လည်း ကောင်းကျိုးများ ချီးမြှင့်ခဲ့သည်။ (ဥပမာ- 'နဗူဝသ်'နှင့် 'ရိစာလသ်'အတွက် ရွေးချယ်ခံရခြင်း၊ ၄င်းနောက် လမ်းမှန်ပေါ်တွင် ရှိနေခြင်း စသည်တို့ဖြစ်သည်။) ထို့နောက် ၄င်းသည် တမလွန်တွင်လည်း (အဆင့်အတန်းမြင့်မားသော) လူရည်မွန်များထဲမှ ဖြစ်လိမ့်မည်။ (ထို့ကြောင့် အသင်တို့သည် ထိုတမန်တော်၏ လမ်းစဉ်ကိုသာ ရွေးချယ်သင့်သည်။ ၄င်းနောက် ထိုလမ်းစဉ်သည် ယခု တမန်တော်မိုဟမ္မဒ် ﷺ ၏ လမ်းစဉ်ကို လိုက်နာခြင်းဖြင့်သာ ရရှိနိုင်သည်။ ထိုအကြောင်းအရင်းကို တင်ပြရမည်ဆိုသော်) တစ်ဖန် ငါအသျှင်မြတ်သည် အသင်တမန်တော်ပေါ်သို့ ဝဟီဗျာဒိတ်တော်များ ပို့ချခဲ့သည်။ အကြောင်းမှာ အသင်တမန်တော်သည် တစ်ပါးတည်းသော (ကိုးကွယ်ရာအသျှင်) ဘက်သို့သာ ချဉ်းကပ်ခဲ့သော အီဗ်ရာဟီးမ် عليه السلام သခင်၏ လမ်းစဉ်အပေါ် လျှောက်လှမ်းနိုင်ရန် ဖြစ်သည်။ (တမန်တော်မြတ် ﷺ ၏ ခေတ်ကာလတွင် ရှိကြသောသူတို့သည် တစ်နည်းမဟုတ် တစ်နည်း ရှရစ်ကဲတုဖက်နှိုင်းယှဉ်ခြင်းများကို ပြုလုပ်နေပါလျက် တမန်တော် အီဗ်ရာဟီမ် عليه السلام ၏ လမ်းစဉ်ကို လိုက်ကြသူများဟူ၍ ကြွေးကြော်ခဲ့ကြသည့်အတွက်ကြောင့် ထပ်မံ၍ ရှင်းလင်းမိန့်ဆိုသည်မှာ) ၄င်းသည် တုဖက်နှိုင်းယှဉ်သော သူများထဲမှ မဟုတ်ပေ။ (သို့မှသာ ရုပ်ထုကိုးကွယ်သူများနှင့်အတူ ယဟူဒီ၊ နသွ်ရာနီများ၏ မျက်မှောက်ခေတ်လမ်းစဉ်များကိုလည်း ငြင်းပယ်ရာရောက်မည် ဖြစ်သည်။ ၄င်းတို့၏ လမ်းစဉ်များသည် တုဖက်နှိုင်းယှဉ်ခြင်း မကင်းကြပေ။ ၄င်းနောက် ထိုသူတို့သည် သန့်ပြန့်သော အရာများကို 'ဟရာမ်'ဟု သတ်မှတ်သည့် အသိဉာဏ်ကင်းမဲ့သော၊ တုဖက်နှိုင်းယှဉ်သော အစဉ်အလာတွင် နစ်မွန်းနေခဲ့ကြသည်။ ထို့ကြောင့် မိန့်တော်မူသည်မှာ) စနေနေ့၏ ထွတ်မြတ်မှုသည် (ဆိုလိုသည်မှာ စနေနေ့တွင် ငါးမဖမ်းရန် တားမြစ်ထားမှုသည်လည်း သန့်ပြန့်သောအရာများကို 'ဟရာမ်' ဟု သတ်မှတ်ခြင်းတစ်မျိုး ဖြစ်သည်။ ထိုအကြောင်းအရာကို) အကြင်သူများအပေါ်၌သာ အရေးတကြီး သတ်မှတ်ခဲ့သည်။ ၄င်းတို့သည် ထိုအကြောင်းအရာတွင် (လိုက်နာရန်) ဆန့်ကျင်ခဲ့ကြသည်။

(အကြောင်းမှာ အချို့က လိုက်နာ၍ ကျင့်သုံးခဲ့သည်။ အချို့က ဆန့်ကျင်ခဲ့ကြသည်။ ၄င်းတို့မှာ ယဟူဒီများဖြစ်သည်။ သန့်ပြန့်သော အရာများကို 'ဟရာမ်'ဟုသတ်မှတ်သည်။ ဤအကြောင်းအရင်းသည်

အခြားအခြားသော အကြောင်းရင်းများကဲ့သို့ ယဟူဒီဘာသာဝင်များတွင်သာ သီးခြားသတ်မှတ်ထားခဲ့ပေသည်။ အိဗ်ရာဟီးမ် ﷺ ၏ ရှရီအသ်တွင် ဤအရာများသည် 'ဟရာမ်'မဖြစ်ခဲ့ပေ။ ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်၏ ပညတ်တော်များကို ဆန့်ကျင်ခြင်းနှင့် ပတ်သက်ပြီး မိန့်ဆိုထားသည်မှာ) မုချကေန်အသင်တမန်တော်၏ အသျှင်သခင်သည် 'ကေယာမသ်'နေ့တွင် ၄င်းတို့အကြား ကွဲလွဲမှုများကို ဆုံးဖြတ်တော်မူမည်။ အကြင်စကားရပ်များနှင့် ပတ်သက်ပြီး (လောကတွင်) ၄င်းတို့အကြား ကွဲလွဲမှုများ ရှိနေခဲ့ကြသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

أُمَّةٌ ဟူသော စာသားသည် အဓိပ္ပာယ်အချို့အတွက် သုံးနှုန်းရသည်။ ယင်း၏ ကျော်ကြားသော အဓိပ္ပာယ်မှာ အုပ်စုမျိုးနွယ်စုဟူ၍ ဖြစ်သည်။ အိဗ်နေအဗ္ဗားစ်သခင်က ဤနေရာတွင် ထိုအဓိပ္ပာယ်ကိုပင် ဆင့်ပြန်ထားသည်။ အလိုသဘောမှာ တမန်တော်အိဗ်ရာဟီးမ် عليه السلام သည် အမွှသ်တစ်ခု၊ ၄င်းနောက် မျိုးနွယ်စု တစ်စု၏ အရည်အချင်းများနှင့် ဂုဏ်ဒြပ်များကို ပိုင်ဆိုင်သူတစ်ဦးဖြစ်သည်။ أُمَّةٌ ၏ အခြားအဓိပ္ပာယ်တစ်ခုမှာ မျိုးနွယ်စုတစ်စု၏ ရှေ့ဆောင်၊ ၄င်းနောက် အရည်အချင်းပြည့်ဝသူဟူ၍လည်း လာရှိပေသည်။ အချို့သော သဖ်စီးရ်ပညာရှင်များသည် ဤနေရာတွင် ဤအဓိပ္ပာယ်ကိုပင် ကောက်နုတ်တင်ပြထားသည်။ ၄င်းနောက် قَانِتًا ၏ အဓိပ္ပာယ်မှာ အမိန့်နာခံသူဟူ၍ ဖြစ်သည်။ တမန်တော်အိဗ်ရာဟီးမ် عليه السلام သည် ထိုအရည်အချင်းနှင့် ပတ်သက်ပြီး ထူးခြားပြောင်မြောက်သူတစ်ဦး ဖြစ်သည်။ ၄င်း၏ ရှေ့ဆောင်လမ်းပြဖြစ်ကြောင်းကို ပြောရမည်ဆိုလျှင် လောကတစ်ခွင်လုံးတွင် ကျော်ကြားသော ဘာသာသာသနာဝင်များအားလုံးလိုလို ထိုတမန်တော်ကို ယုံကြည်ကိုးစားကြသည်။ ထိုတမန်တော့်သာသနာ၏ နောက်လိုက်ခြင်းဖြင့် ဂုဏ်ယူလေ့ရှိကြသည်။ ယဟူဒီများ၊ နဆ္ဆရာနီများနှင့် မွတ်စ္စလင်မ်များသည် ၄င်းကို အလေးထား ဂုဏ်ပေးလေ့ရှိသည့်အပြင် အာရဗ်ကမ္ဘာ၏ မုရှ်ရစ်ကဲများသည်လည်း ရုပ်တုဆင်းတုများကို ယုံကြည်ကိုးကွယ်ကြပါလျက် ထိုတမန်တော်၏ လမ်းစဉ်အပေါ် လိုက်နာခြင်းကို ဂုဏ်ယူကြသည်။ ၄င်းနောက် ထိုတမန်တော်သည် အမိန့်နာခံရာတွင် မည်မျှ ထူးခြားပြောင်မြောက်ခဲ့သည်ဆိုသော် ၄င်းကို စမ်းသပ်ခဲ့သည့် အကြောင်းအရာများဖြင့် ရှင်းလင်းစွာ သိရှိနိုင်သည်။ ထိုစမ်းသပ်မှုများကို အလ္လာဟ်အသျှင်မြတ်၏ အဆွေတော်ဖြစ်သော ထိုခလီလွလ္လာဟ်သည် အောင်မြင်စွာ ဖြတ်သန်းခဲ့သည်။ နမ္မရူဒ်ဘုရင်၏ မီးပုံရှို့မှု၊ ၄င်းနောက် မိမိ၏ မိသားစုကို လွင်တီးခေါင်ပြင်တွင် ထားခဲ့ရန် အမိန့်ပညတ်ချက်ကို လိုက်နာမှု၊ တစ်ဖန် မျှော်လင့်ချက်များစွာ ထားရှိပြီးမှ ရရှိလာသော သားတော်ကို ကုရ်ဗာနီပြုရန် အသင့်ဖြစ်မှု စသည်တို့သည် ၄င်း၏ ထူးခြားပြောင်မြောက်သော အရည်အချင်းများ ဖြစ်သည်။ ထိုအရည်အချင်းများကြောင့်ပင် အလ္လာဟ်အသျှင်မြတ်သည် ၄င်းကို ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်တော်မူခဲ့သည်။

တမန်တော်မြတ်အား တမန်တော်အီဗ်ရာဟီးမ်၏ လမ်းစဉ်အပေါ် လိုက်နာကျင့်သုံးရန် အမိန့်ချမှတ်ခြင်း

အလ္လာဟ်အသျှင်မြတ်သည် တမန်တော်အီဗ်ရာဟီးမ် عليه السلام ကို ချီးမြှင့်ခဲ့သော ရှရီအသ်တရားတော်နှင့် ပညတ်ချက်များအား တမန်တော်များ၏ အချုပ်ဖြစ်သော မိုဟမ္မဒ် ﷺ သခင်၏ ရှရီအသ်တွင်လည်း အချို့သော ပညတ်ချက်များမှအပ မြောက်မြားစွာကို သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သည်။ အမှန်စင်စစ် တမန်တော်မြတ် ﷺ သည် နဗီများ၊ ရစူလ်များအားလုံးထက် ပိုမို မြင့်မြတ်သူတစ်ဦး ဖြစ်သည်။ သို့သော် ဤနေရာတွင် ပိုမိုမြင့်မြတ်သူကို သာမန်မြင့်မြတ်သူ၏ နောက်လိုက်စေခြင်းတွင် အမြော်အမြင်နှစ်ရပ်ရှိသည်။ ပထမတစ်ရပ်မှာ ထိုတမန်တော်၏ ရှရီအသ်သည် လောကတွင် ယခင်က ကျရောက်ခဲ့ပြီးဖြစ်သည်။ ၎င်းနောက် ထိုရှရီအသ်သည် အများသူငှာ သိရှိကာ ကျော်ကြားခဲ့ပြီးဖြစ်သည်။ တစ်ဖန် နောက်ဆုံး ရှရီအသ်သည်လည်း ထိုကျော်ကြားသော ရှရီအသ်နှင့် ကိုက်ညီမည်ဖြစ်သည်။ ထို့ကြောင့် ဤအကြောင်းအရင်းကိုပင် اتَّبِعْ ၊ နောက်လိုက်ခြင်းဟူ၍ သုံးနှုန်းထားခြင်းဖြစ်သည်။ ဒုတိယအမြော်အမြင်တစ်ရပ်မှာ အလ္လာမဟ်ဇမဟ်ရှရီ (ရဟ) သခင်၏ အဆိုအရ ဤနောက်လိုက်စေခြင်း၊ အမိန့်သည်လည်း ထိုခလီလွလ္လာဟ်သခင်၏ ဂုဏ်ပြုခံရမှုများအနက်မှ ထူးခြားသော ဂုဏ်ပြုမှုတစ်ခု ဖြစ်သည်။ ထိုထူးခြားမှုဘက်သို့ ثُمَّ ဟူသော စာသားဖြင့် ရည်ညွှန်းမိန့်ဆိုထားသည်။ အလိုသဘောမှာ တမန်တော်အီဗ်ရာဟီးမ် عليه السلام ၏ ဂုဏ်ပုဒ်များနှင့် အရည်အချင်းများကို တစ်ဖက်တွင် ထားရှိကာ ဂုဏ်ပုဒ်အားလုံးကို သာပို၍ လွှမ်းမိုးစေနိုင်သည့် ထူးခြားချက်တစ်ခုမှာ အလ္လာဟ်အသျှင်မြတ်သည် အားလုံးထက် သာပိုမွန်မြတ်သော မိမိ၏ အချစ်တော် တမန်တော်မြတ် ﷺ ကို တမန်တော်အီဗ်ရာဟီးမ် عليه السلام ၏ လမ်းစဉ်ကို လိုက်ရန် မိန့်ဆိုထားခြင်းပင် ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

ادْعُ إِلَىٰ سَبِيلِ رَبِّكَ بِالْحِكْمَةِ
وَالْمَوْعِظَةِ الْحَسَنَةِ ۖ وَجَادِلْهُم بِالَّتِي هِيَ أَحْسَنُ ۚ إِنَّ
رَبَّكَ هُوَ أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِ ۖ وَهُوَ أَعْلَمُ بِالْمُهْتَدِينَ ﴿١٢٥﴾

၁၆ : ၁၂၅ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ လမ်းတော်သို့ (လူတို့အား) ဉာဏ်ပညာဖြင့်လည်းကောင်း၊ ကောင်းမြတ်သော ဆုံးမဩဝါဒဖြင့်လည်းကောင်း ဖိတ်ခေါ်ပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့အား အကောင်းဆုံးသော နည်းဖြင့် အချေအတင် ပြောဆို (ဆွေးနွေး) ပါလေ။ ကေန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည်သာလျှင် မိမိ၏ လမ်းတော်မှ လွဲမှားသွားခဲ့သောသူအား အသိဆုံး ဖြစ်တော်မူပေသည်။ ထိုနည်းတူစွာ အသျှင်မြတ်သည်ပင် တရားလမ်းမှန်ကို ရရှိကြကုန်သော သူတို့အားလည်း အသိဆုံး ဖြစ်တော်မူပေသည်။

وَإِنْ عَاقَبْتُمْ فَعَاقِبُوا بِمِثْلِ مَا عُوقِبْتُم بِهِۦ ۖ وَلَئِن صَبَرْتُمْ لَهُوَ خَيْرٌ لِّلصَّٰبِرِينَ ﴿١٢٦﴾

၁၆ : ၁၂၆ ။ ။ ၎င်းပြင် အကယ်၍ အသင်တို့သည် တုန့်ပြန်လက်စားချေ (လို) ခဲ့ကြသည်ရှိသော် မိမိတို့ (အား) ဒုက္ခပေးခြင်း ခံကြသည်နှင့် ညီတူညီမျှပင် တုံ့ပြန်လက်စားချေကြလေကုန်။ သို့ရာတွင် အကယ်၍ အသင်တို့သည် သည်းခံခဲ့ကြပါလျှင် ကေန်မလွဲ ယင်းသည်းခံမှုသည် သည်းခံခြင်းတရား ထားရှိကြသူတို့အဖို့ အကောင်းဆုံးပင် ဖြစ်၏။

وَٱصْبِرْ وَمَا صَبْرُكَ إِلَّا بِٱللَّهِ ۚ وَلَا تَحْزَنْ عَلَيْهِمْ وَلَا تَكُ فِى ضَيْقٍ مِّمَّا يَمْكُرُونَ ﴿١٢٧﴾

၁၆ : ၁၂၇ ။ ။ သို့ရာတွင် (အို၊ နဗီတမန်တော်) အသင်သည် သည်းခံ (မြဲ သည်းခံ) လျက်ပင် ရှိပါလေ။ စင်စစ် အသင်၏ သည်းခံမှုသည် အလ္လာဟ်အသျှင်မြတ်၏ အကူအညီကြောင့်ပင် ဖြစ်ပေသည်။ ထို့ပြင် အသင်သည် ၎င်းတို့အတွက် ပူဆွေးခြင်း မရှိပါလေနှင့်။ ထို့ပြင် အသင်သည် ၎င်းတို့၏ လျှို့ဝှက်ကြံစည်မှုများကြောင့် စိတ်ဆင်းရဲခြင်းလည်း မရှိပါလေနှင့်။

إِنَّ ٱللَّهَ مَعَ ٱلَّذِينَ ٱتَّقَوا۟ وَّٱلَّذِينَ هُم مُّحْسِنُونَ ﴿١٢٨﴾

၁၆ : ၁၂၈ ။ ။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် (ပြစ်မှုဒုစရိုက်များမှ) ရှောင်ကြဉ်ကြကုန်သော သူတို့နှင့်အတူလည်းကောင်း၊ ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူကြကုန်သော သူတို့နှင့်အတူလည်းကောင်း ရှိတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အာယသ်တော်များ၏ ဆက်စပ်မှု

ဤထက်အလျင် ရှေးအာယသ်တော်များတွင် တမန်တော်မြတ် ﷺ ၏ 'နဗူဝသ်'နှင့် 'ရိစာလသ်' ကို အတည်ပြုထားသည့် အဓိကအကြောင်းအရင်းမှာ တမန်တော်မြတ် ﷺ ၏ အမွှသ်သည် ပညတ်ချက်များကို လိုက်နာကျင့်သုံးကာ 'ရိစာလသ်'နှင့် ပတ်သက်သော ဝတ္တရားများကို ကျေပွန်ရန်ဖြစ်သည်။ ဤအာယသ်တော်တွင်မူ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်ကို 'ရိစာလသ်'၏ တာဝန်ဝတ္တရားများ ကျေပွန်ရန်နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် သွန်သင်ထားပေသည်။ ထိုသွန်သင်မှုများ၏ ဝေါဟာရတွင် အီမာန်ရှင်များအားလုံးလည်း ပါဝင်ပေသည်။ ဖွင့်ဆိုချက်အနှစ်ချုပ်မှာ ဤသို့ ဖြစ်သည်။

အသင်တမန်တော်သည် မိမိ၏ အရှင်သခင်၏ လမ်းစဉ် (ဆိုလိုသည်မှာ အစ္စလာမ်သာသနာ) ဘက်သို့ (လူအများကို) အမြော်အမြင်ဖြင့်၊ ၎င်းနောက် ကောင်းမွန်သော ဆုံးမစကားများဖြင့် ဖိတ်ခေါ်လော့။ (အမြော်အမြင်ဖြင့်ဟူသော အဓိပ္ပာယ်မှာ ထိုဖိတ်ခေါ်မှုလမ်းစဉ်ကို ဆိုလိုပေသည်။ အကြင်လမ်းစဉ်တွင် ဖိတ်ခေါ်ခြင်းခံရသောသူများ၏ အခြေအနေများကို ထောက်ထား၍ ဖိတ်ခေါ်ခံရသူများ၏ နှလုံးသား

တွင် ထိရောက်စူးရှစေမည့် တွေးခေါ်ကြံဆမှုများကို ရွေးချယ်ခြင်းဖြစ်သည်။ ၄င်းနောက် ဆုံးမသြဝါဒ ဟူသည်မှာ ကောင်းကျိုးလိုလားသော စိတ်ထက်၊ ၄င်းနောက် ညာတာထောက်ထားသော စိတ်ဓါတ်ဖြင့် ပြောဆိုခြင်းကို ခေါ်ဆိုပေသည်။ ၄င်းနောက် ကောင်းမွန်သော ဆုံးမစကားဆိုသည်မှာ ပြောဆိုမည့် ခေါင်းစဉ်သည်လည်း သိမ်မွေ့ရမည်။ စိတ်နာဖွယ်ရာ ရှုံ့ချသော စကားရပ်များ မဖြစ်စေရ။) အသင်တမန်တော်၏ အရှင်သခင်သည် ထိုသူတို့ကိုလည်း ကောင်းစွာ သိရှိတော်မူသည်။ အကြင်သူတို့သည် ထိုအသျှင်မြတ်၏ လမ်းမှ ပျောက်သွားကြလေပြီ။ ၄င်းနောက် ထိုအသျှင်မြတ်သည်သာလျှင် လမ်းမှန်ပေါ် လျှောက်လှမ်းကြသူများကိုလည်း ကောင်းစွာ သိရှိတော်မူသည်။ ၄င်းနောက် (တစ်ခါတစ်ရံ အကယ်၍ ဖိတ်ခေါ်ခြင်းခံရသူတို့သည် ပညာရေးနှင့် သက်ဆိုင်သော အငြင်းအခုံပြုမှုများကို ကျော်လွန်၍ ကိုယ်ထိလက်ရောက် ဒုက္ခပေးလာမည်ဆိုပါက ထိုသို့သော အခြေအနေမျိုးတွင် တမန်တော်မြတ် ﷺ နှင့် တမန်တော်မြတ် ﷺ ၏ နောက်လိုက်များကို ကလဲ့စားချေရန်လည်း ခွင့်ပြုထားပေသည်။ ၄င်းနောက် ခန္တီတရားထားရန်လည်း ခွင့်ပြုထားပေသည်။) အကယ်၍ (ပထမပုံသဏ္ဍာန်ကို ရွေးချယ်ကာ ဆိုလိုသည်မှာ) ကလဲ့စားချေကြမည် ဆိုပါက အသင်တို့ ပြုကျင့်ခံခဲ့ရသည့် အတိုင်းအတာမျှသာ ကလဲ့စားချေကြကုန်။ (ထို့ထက် မပိုပါစေနှင့်)

၄င်းနောက် အကယ်၍ (ဒုတိယပုံသဏ္ဍာန်ကို ရွေးချယ်ကာ ဆိုလိုသည်မှာ ဒုက္ခ၊ သုခများအပေါ် ခန္တီတရား ထားရှိမည်ဆိုပါက ထိုခန္တီတရား ထားရှိကြသူများအတွက် အလွန်ပင် ကောင်းမွန်သော အချက်ဖြစ်လိမ့်မည်။ (အကြောင်းမှာ ဆန့်ကျင်သူများအပေါ်ဝယ် လွန်စွာ ထိရောက်လှသော လုပ်ရပ်တစ်ခု ဖြစ်သကဲ့သို့ တွေ့မြင်ကြသူများအဖို့လည်း ထိရောက်မှု ရှိလှပေသည်။ ၄င်းနောက် တမလွန်တွင်လည်း ကြီးမားသော အကျိုးကျေးဇူးကို ရထိုက်သူဖြစ်မည်။) ၄င်းနောက် (သည်းခံခြင်းသည် အမှန်စင်စစ် အားလုံးအတွက် မွန်မြတ်သော လုပ်ရပ်ဖြစ်သည်။ သို့သော် တမန်တော်မြတ် ﷺ ၏ ထွတ်မြတ်မှုအရ တမန်တော်မြတ် ﷺ ကို သီးခြားမိန့်တော်မူသည်မှာ အသင်တမန်တော်သည် ကလဲ့စားချေသည့် နည်းလမ်းကို မရွေးချယ်လေနှင့်။ သို့သာမက) အသင်တမန်တော် သည်းခံလော့။ ၄င်းနောက် အသင်၏ သည်းခံခြင်းသည် အလ္လာဟ် အသျှင်မြတ်၏ သီးခြား 'သောင်ဖီးက်' စွမ်းအားပေးမှုတစ်ရပ် ဖြစ်သည်။ (ထို့ကြောင့် အသင်တမန်တော် စိတ်အေးချမ်းစွာ နေလော့။ အကြောင်းမှာ ခန္တီတရားထားရှိမှုတွင် အသင် အခက်အခဲ ရှိလိမ့်မည် မဟုတ်ပေ။) ၄င်းနောက် ထိုသူများနှင့် ပတ်သက်ပြီး (ဆိုလိုသည်မှာ ထိုသူတို့၏ အီမာန်သက်ဝင် ယုံကြည်မှု မရှိသည့်အပေါ် သို့မဟုတ် မွတ်စ္စလင်မ်များကို အနှောင့်အယှက်ပေးသည့်အပေါ်) သောက မရောက်လေနှင့်။ ၄င်းနောက် ထိုသူတို့၏ ကြံစည်မှုများနှင့် ပတ်သက်ပြီး စိတ်ဓါတ်မကျလေနှင့်။ (၄င်းတို့၏ ဆန့်ကျင်သော အကြံအစည်များကြောင့် အသင်ဒုက္ခရောက်လိမ့်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အသင်တမန်တော်သည် ကျေးဇူးတရား ကြီးမားခြင်း၊ ၄င်းနောက် သက္ကဝါတရားတို့ကို ပိုင်ဆိုင်သူတစ်ဦးဖြစ်သည်။ ၄င်းနောက်) အလ္လာဟ်အသျှင်မြတ်သည် ဤကဲ့သို့သောသူများနှင့်အတူ ရှိလေသည်။ (ဆိုလိုသည်မှာ ထိုသူတို့ကို ကူညီတော်မူသည်။) အကြင်သူတို့သည် ရှောင်ကြဉ်ခြင်းတရားကို လက်ကိုင်ထားကြသည်။ ၄င်းနောက် ကောင်းကျိုး ကျင့်ကြံသူများ ဖြစ်ကြသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

'ဒါအ်ဝသ်သဗ်လီးက်' ၏ စည်းမျဉ်းစည်းကမ်းများနှင့် ပြည့်ဝသော လမ်းညွှန်မှုများအကြောင်း

ဤအာယသ်တော်တွင် 'ဒါအ်ဝသ်သဗ်လီးက်' ပြည့်ဝသော လမ်းညွှန်မှုနှင့် စည်းမျဉ်းစည်းကမ်းများ အကြောင်းကို အချို့သော စာသားများဖြင့် ရှင်းလင်းတင်ပြထားပေသည်။ သဖ်စီးရ်ကုရ်သုဗီကျမ်းတွင် ရေးသားထားသည်မှာ ဟဇရသ်အိဗ်နေဟိုင်က်ရာနီ (ရဟ) သခင်၏ နောက်ဆုံး ကွယ်လွန်သည့်အချိန် ရောက်လာသောအခါ မိတ်ဆွေအပေါင်းက 'ကျွန်ုပ်တို့ကို နောက်ဆုံး မှာတမ်းစကားများ ပြောကြားပေးပါ' ဟု လျှောက်ထားကြလေသည်။ သခင်ကြီးက ပြောကြားသည်မှာ 'မှာတမ်းစကားဆိုသည်မှာ လူများသည် ဥစ္စာပစ္စည်းနှင့် ပတ်သက်၍သာ ပြောဆိုလေ့ရှိကြသည်။ ထိုဥစ္စာပစ္စည်းသည် ကျွန်ုပ်ထံတွင် မရှိပေ။ သို့သော် ကျွန်ုပ်သည် အသင်တို့အား အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များ (အထူးသဖြင့် 'စူရာဟ်နဟလ်'၏ နောက်ဆုံးအာယသ်တော်) နှင့် ပတ်သက်ပြီး မှာတမ်းလိုပါသည်။ ထိုအာယသ်တော်များတွင် မိန့်မြွက်ထားတော်မူသည်မှာ 'အသင်တို့ မြဲမြဲစွာ ရပ်တည်ကြကုန်။' ယင်းအာယသ်တော်များမှာ တင်ပြပါအာယသ်တော်များသာ ဖြစ်သည်။'

دَعْوَةٌ ဟူသော စာသား၏ လုံးချင်းအဓိပ္ပာယ်မှာ ဖိတ်ခေါ်ခြင်းဖြစ်သည်။ နဗီတမန်တော်များ၏ ပထမဦးဆုံး အပ်နှင်းခံရသော တာဝန်မှာ လူအများကို အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဖိတ်ခေါ်ရန်ဖြစ်သည်။ တစ်ဖန် 'နဗူဝသ်'နှင့် 'ရိစာလသ်'၏ သွန်သင်ညွှန်ကြားမှုများသည် ထို 'ဒါအ်ဝသ်'၏ ဖွင့်ဆိုချက်များပင် ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင်လည်း တမန်တော်မြတ် ﷺ ၏ သီးခြားဂုဏ်ပုဒ်တစ်ခုအဖြစ် အလ္လာဟ် အသျှင်မြတ်ဘက်သို့ ဖိတ်ခေါ်သူဟု တင်စားသုံးနှုန်းထားလေသည်။

وَدَاعِيًا اِلَى اللهِ بِاِذْنِهٖ وَسِرَاجًا مُّنِيْرًا ، يٰقَوْمَنَا اَجِيْبُوْا دَاعِىَ اللهِ (احقاف)

အထက်ပါအာယသ်တော်၌ အွမ္မသ်ထုတစ်ရပ်လုံးတွင်လည်း တမန်တော်မြတ် ﷺ ၏ လမ်းစဉ်အပေါ် လျှောက်လှမ်းသည့်အနေဖြင့် 'ဒါအ်ဝသ်အေလလ္လာဟ်'ကို 'ဖွရ်ဇ်'တာဝန်တစ်ရပ်ဟု သတ်မှတ်ထားသည်။ 'စူရာဟ်အာလ်လေအိမ်ရာန်'တွင် မိန့်ဆိုထားသည်မှာ-

وَلْتَكُنْ مِّنْكُمْ اُمَّةٌ يَّدْعُوْنَ اِلَى الْخَيْرِ وَيَاْمُرُوْنَ بِالْمَعْرُوْفِ وَيَنْهَوْنَ عَنِ الْمُنْكَرِ

'အသင်တို့အနက်မှ အုပ်စုတစ်စု ရှိရမည်။ ၎င်းတို့သည် ကောင်းနိုးရာရာများဘက်သို့ သာသနာ့ ဖိတ်ခေါ်မှု ပြုရမည်။' ဆိုလိုသည်မှာ ကောင်းရာ ညွှန်ကြားရမည်။ ၎င်းနောက် မကောင်းမှုများကို တားမြစ်ရမည်။ အခြားအာယသ်တော်တစ်ပိုဒ်တွင်လည်း မိန့်တော်မူထားသည်မှာ-

وَمَنْ اَحْسَنُ قَوْلًا مِّمَّنْ دَعَا اِلَى اللهِ

ထိုသူထက်ပို၍ ကောင်းမွန်သော စကားများကို ပြောဆိုသူ မည်သူရှိပါအံ့နည်း။ အကြင်သူသည် လူအများကို အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်ခဲ့၏။

ကျမ်းတော်မြတ်တွင် ထိုလမ်းစဉ်ကို တစ်ခါတစ်ရံ 'ဒါအ်ဝသ်အေလလ္လာဟ်' ဟူ၍ သုံးနှုန်းထားပြီး တစ်ခါတစ်ရံ 'ဒါအ်ဝသ်အေလလ်ခိုင်ရ်' ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ 'ဒအ်ဝသ်အေလာစဘီလိလ္လာဟ်' ဟူ၍လည်းကောင်း သုံးနှုန်းထားပေသည်။ အားလုံး၏ အလိုသဘောမှာ တစ်ခုတည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်ခြင်းဟူသည်မှာ သာသနာဘက်သို့ ဖိတ်ခေါ်ခြင်းနှင့် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ဘက်သို့ ဖိတ်ခေါ်ခြင်းသာလျှင် ဖြစ်လေသည်။

اِلٰى سَبِيۡلِ رَبِّكَ

ဤစာသားများတွင် အလ္လာဟ်အသျှင်မြတ်၏ သီးခြားဂုဏ်တော်တစ်ရပ်အနေနှင့် رب ဟူသော စာသားဖြင့် သုံးနှုန်းထားပြီး၊ တစ်ဖန် ထိုစာသားကို တမန်တော်မြတ်ဘက်သို့ ရည်ညွှန်းဆက်နွယ်မှု ပြုထားတော်မူပေသည်။ ထို့ကြောင့် သိရှိရသည်မှာ 'ဒါအ်ဝသ်' ဟူသော အလုပ်သည် မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ဂုဏ်ဒြပ်တော်နှင့် သွန်သင်ညွှန်ကြားမှုတို့ဖြင့် ပတ်သက်လေသည်။ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်မှ တမန်တော်မြတ်ကို သွန်သင်ညွှန်ကြားခဲ့သကဲ့သို့ 'ဒါအ်ဝသ်' ပေးရမည်ဖြစ်သည်။ အလိုသဘောမှာ ဖိတ်ခေါ်ခံရသူ၏ အခြေအနေအရပ်ရပ်ကို ထောက်ထားပြီး ဖိတ်ခေါ်ခံရသူအပေါ် ဝန်မပိရလေအောင် နည်းလမ်းများကို ရွေးချယ်ကျင့်သုံးရမည်ဖြစ်သည်။ ဖိတ်ခေါ်မှုကို ပိုမို၍ ထိရောက်မှုရှိစေရန်နှင့် دَعْوَةٌ ဟူသော စာသား၏ အနက်အဓိပ္ပာယ်သည်လည်း ဤသို့ပင် ညွှန်ကြားနေသည်။ အကြောင်းမှာ တမန်တော်တစ်ပါး၏ တာဝန်သည် အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်များကို ပို့ချခြင်း၊ ဖတ်ရွတ်ပြခြင်းမျှသာ မဟုတ်ပေ။ သို့သာမက လူသားများကို ပညတ်ချက်များအပေါ် ကျင့်ကြံမှုပြုရန်လည်း 'ဒါအ်ဝသ်' ပေး ဖိတ်ခေါ်သူသည် ဖိတ်ခေါ်ခံရသူ၊ ရှုံ့ရှာမှုန်းတီးသွားလောက်အောင် (သို့) ၎င်းကို လှောင်ပြောင်သရော်သည့်ပုံစံဖြင့် မည်သူမျှ 'ဒါအ်ဝသ်' ပေး ဖိတ်ခေါ်လေ့ မရှိပေ။

بِالْحِكْمَةِ ဤစာသားသည် ကျမ်းတော်မြတ်ကုရ်အာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးဖြင့် သုံးနှုန်းထားပေသည်။ ဤနေရာတွင် အချို့သော သဖ်စီးရ်ပညာရှင်များက حكمت ၏ အဓိပ္ပာယ်ကို ကုရ်အာန်ဟူ၍လည်းကောင်း၊ အချို့က ကုရ်အာန်နှင့် ဟဒီးစ်တော်များဟူ၍လည်းကောင်း၊ အချို့က ခိုင်မာတိကျသော သာသနာ့အထောက်အထားများဟူ၍လည်းကောင်း ဖွင့်ဆိုထားကြပေသည်။ ၎င်းနောက် ရူးဟွလ်မအာနီကျမ်းတွင် ဗဟာရ်မိုဟီးသ်ကျမ်းကို ကိုးကား၍ حكمت ၏ အကျယ်ဖွင့်ဆိုမှုကို ဤသို့ တင်ပြထားသည်။

اَنَّهَا الْكَلَامُ الصَّوَابِ الْوَاقِعُ مِنَ النَّفْسِ اَجْمَلُ مَوْقِعٍ

ဆိုလိုသည်မှာ حكمت ဟူသည် ထိုမှန်ကန်သော စကားကို ခေါ်ဆိုပေသည်။ အကြင်စကားသည် လူသား၏ နှလုံးသားဝယ် သက်ဆင်းသွားလေသည်။ ဤဖွင့်ဆိုချက်တွင် ပညာရှင်များ၏ အဆိုအားလုံး

ပါဝင်သွားလေသည်။ 'ရူးဟွလ်ဗယားန်' ကျမ်းရှင်ကလည်း အလားတူ အလိုသဘောမျိုးကို ဤသို့ တင်ပြထားလေသည်။ **حكمت** ဆိုသည်မှာ ထိုအမြော်အမြင်ကို ခေါ်ဆိုပေသည်။ အကြင်အမြော်အမြင်ဖြင့် လူသားသည် အခြေအနေအရပ်ရပ်ကို လေ့လာထောက်ထားပြီး ယင်းနှင့် သင့်လျော်သော စကားကို ခေါ်ဆိုခြင်းဖြစ်သည်။ ပြောဆိုခံရသူအပေါ် ဝန်မပိနိုင်သော ကာလဒေသနက်ကိုလည်း ရွေးချယ်ရမည်ဖြစ်သည်။ သိမ်မွေ့သင့်သည့် နေရာတွင် သိမ်မွေ့ကာ ကြမ်းတမ်းရမည့်နေရာတွင် ကြမ်းတမ်းစွာ ပြောဆိုရမည်။ ၎င်းနောက် ပွင့်လင်းစွာ တင်ပြခြင်းဖြင့် ပြောဆိုခံရသူသည် အရှက်ရမည်ဟု ထင်မှတ်ရသော နေရာမျိုးတွင် အရိပ်အမြွက်ဖြင့် ပြောဆိုတင်ပြရမည်။ သို့မဟုတ် ပြောဆိုခံရသူ အရှက်မရနိုင်သော၊ ၎င်းနောက် ၎င်း၏ နှလုံးသားထဲရှိ မိမိ၏ ဆုံးဖြတ်ချက်ပေါ်တွင်သာ ရပ်တည်နေသော ဝါဒဆွဲလမ်းစဉ်များ ပပျောက်သွားနိုင်သော ခေါင်းစဉ်မျိုးကို ရွေးချယ်ပြောဆိုရမည်ဖြစ်သည်။

اَلْمَوْعِظَةُ ، موعظه နှင့် **وعظ** ၏ အဘိဓါန်အဓိပ္ပာယ်မှာ ကောင်းကျိုးကို လိုလားသော စကားတစ်ခွန်းကို ပြောဆိုခံရသူ၏ နှလုံးသားသည် လက်ခံသွားလောက်အောင် နူးညံ့ပျော့ပျောင်းသွားသည့်အထိ ပြောဆိုခြင်းကို ခေါ်ဆိုပေသည်။ ဥပမာ- ဖိုသူ၏ နှလုံးသားက လက်ခံမည့် စဝါးဗ်များနှင့် အကျိုးကျေးဇူးများကို တင်ပြမည်။ ၎င်းနောက် မပြုလုပ်လျှင် 'အဇားဗ်'ပြစ်ဒဏ်နှင့် ဆိုးကျိုးများ သက်ရောက်မည့်အကြောင်း ပြောဆိုရမည်။ *[ကာမူစ်အဘိဓါန်နှင့် မွတ်ဖ်ရဒါသ်ရာဂိဗ်]*

اَلْحَسَنَة ၏ အဓိပ္ပာယ်မှာ ပြောဆိုတင်ပြမည့် အကြောင်းအရာများသည်လည်း ပြောဆိုခံရသူ၏ နှလုံးသား တည်ငြိမ်အေးချမ်းမှု ရရှိမည့်အကြောင်းအရာများ ဖြစ်ရမည်။ ၎င်း၏ ဒွိဟသံသယများ ကင်းဝေးသွားရမည်။ ပြောဆိုခံရသူသည် ကျွန်ုပ်၏ ကောင်းကျိုးအတွက်သာလျှင် ပြောဆိုနေသည်။ အခြားမည်သည့် ရည်ရွယ်ချက်မှ ဤစကားရပ်တွင် မပါရှိနိုင်ဟု သိရှိခံစားရလောက်အောင် ပြောဆိုတင်ပြရပေမည်။

مَوْعِظَه ဟူသော စာသားတွင် ကောင်းကျိုးလိုလားသည့် စကားကို ထိရောက်သော ပုံသဏ္ဌာန်ဖြင့် ပြောဆိုရမည်ဟူသော အချက်မှာ ရှင်းလင်းစွာ သိရှိပြီးဖြစ်သည်။ သို့သော် ကောင်းကျိုးလိုလားသော စကားသည် တစ်ခါတစ်ရံ စိတ်နာစေတတ်သော အကြောင်းအရာပါရှိလာတတ်သည်။ (သို့) ပြောဆိုခံရသူသည် ကျွန်ုပ်ကို သေးသိမ်အောင် ပြုမူပြောဆိုနေပါသလောဟု သဘောပေါက်နိုင်သည့် အကြောင်းအရာများလည်း ပါရှိလာတတ်သည်။ ထို့ကြောင့် ထိုနည်းလမ်းများကို စွန့်လွှတ်ကာ ပြောဆိုရန်အတွက် **حسن** ဆိုသော စာသားကို တွဲ၍ မိန့်ဆိုထားပေသည်။ *[ရူးဟွလ်မအာနီကျမ်း]*

وَجَادِلْهُمْ بِالَّتِىْ هِىَ اَحْسَنُ

جادل ဟူသော စာသားသည် **مُجَادَلَةٌ** မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဤနေရာတွင် 'မိုဂျာဒလာ'၏ အဓိပ္ပာယ်မှာ စစ်ထိုးခြင်းဖြစ်သည်။ ၎င်းနောက် **بِالَّتِىْ هِىَ اَحْسَنُ** ၏ အလိုသဘောမှာ

အကယ်၍ 'ဒါအ်ဝသ်'ပေး ဖိတ်ခေါ်ရာတွင် စကားစစ်ထိုးရန်၊ အငြင်းအခုန်ပြုလုပ်ရန် လိုအပ်လာပါက ထိုငြင်းခုံမှုကိုလည်း ကောင်းမွန်သော နည်းလမ်းများဖြင့် ပြုလုပ်ရပေမည်။ ရှုးဟွလ်မအာနီကျမ်းတွင် တင်ပြထားသည်မှာ ကောင်းမွန်သော နည်းလမ်းဆိုသည်မှာ စကားပြောဆိုရာတွင် နူးညံ့သိမ်မွေ့မှုရှိခြင်းကို ခေါ်ဆိုပေသည်။ တစ်ဖက်လူ လွယ်ကူစွာ နားလည်သဘောပေါက်နိုင်သော အထောက်အထားများကိုသာ တင်ပြရမည်။ အထောက်အထားတွင်လည်း ထင်ရှားကျော်ကြားသော အကြောင်းအရာများကိုသာ တင်ပြရမည်။ သို့မှသာ တစ်ဖက်လူ၏ သံသယများ ကင်းဝေးမည်ဖြစ်သည်။ ၎င်းသို့မှသာ ဖွတ်တာရှတ် လုပ်တတ်သော လမ်းစဉ်ကို ရှောင်ရှားနိုင်မည် ဖြစ်သည်။ ၎င်းနောက် ကျမ်းတော်မြတ်ကုရ်အာန်၏ အခြားအာယသ်တော်များတွင် သက်သေသာဓကအနေဖြင့် တင်ပြထားသည်မှာ-

احسا ن فِی المجا د لة

သည့် မွတ်စ္စလင်မ်များအတွက်သာ သီးခြားသတ်မှတ်ထားသည်မဟုတ်။ ယှူဒီကျမ်းရ ပုဂ္ဂိုလ်များနှင့် ပတ်သက်၍လည်း ကျမ်းမြတ်ကုရ်အာန်တွင် သီးခြားမိန့်ဆိုထားသည်။

وَلَا تُجَا دِ لُوْا اَهْلَ الْكِتَا بِ اِلَّا بِا الَّتِىْ هِىَ اَحْسَنُ

အခြားအာယသ်တော်တစ်ပိုဒ်တွင်လည်း ဟဇရတ်မူစာ (عليه السلام) နှင့် ဟဇရတ်ဟာရူးန် (عليه السلام) သခင်တို့ကို မိန့်ဆိုထားသည်မှာ-

قُوْلَا لَهٗ قَوْلًا لَّيِّنًا

ဖိရ်အောင်နဲကဲ့သို့ ဆိုးသွမ်းသော ကာဖိရ်တစ်ဦးကိုပင် အထက်တင်ပြခဲ့သည့်အတိုင်း နူးညံ့သိမ်မွေ့စွာ ဆက်ဆံရန် ဖြစ်သည်။

'ဒါအ်ဝသ်' ၏ စည်းမျဉ်းစည်းကမ်းများအကြောင်း

အထက်ပါအာယသ်တော်တွင် 'ဒါအ်ဝသ်'နှင့် ပတ်သက်ပြီး အချက်သုံးချက် တင်ပြထားပေသည်။ ပထမတစ်ချက်မှာ 'ဟိက်မသ်'ဖြစ်၍ ဒုတိယတစ်ချက်မှာ 'မောင်အိဇ္ဇာဟာစနာ'ဖြစ်ပြီး၊ တတိယတစ်ချက်မှာ مُجَادَلَةٌ بِاالَّتِىْ هِىَ اَحْسَنُ ဖြစ်သည်။ အချို့သော သဖ်စီးရ်ပညာရှင်များက တင်ပြသည်မှာ ဤအချက်သုံးချက်သည် ဖိတ်ခေါ်ခံရသူများ၏ အမျိုးအစားသုံးမျိုးအပေါ် မူတည်၍ တင်ပြထားခြင်းဖြစ်သည်။ 'ဟိက်မသ်'အမြော်အမြင်နှင့် 'ဒါအ်ဝသ်'ပေးခြင်းသည် ပညာရှင်များအတွက်ဖြစ်ပြီး 'မောင်အိဇ္ဇာ'နှင့် 'ဒါအ်ဝသ်'ပေးခြင်းသည် သာမန်လူများအတွက် ဖြစ်သည်။ ၎င်းနောက် 'မုဂျာဒလာ'သည် ဒွိဟသံသယရှိသူများအတွက် ဖြစ်သည်။ သို့မဟုတ် ရန်ငြိုးထား၍သော်လည်းကောင်း၊ တစ်ဖက်သတ်ဆန်၍သော်လည်းကောင်း စကားကို လက်မခံ ငြင်းဆန်တတ်သူများအတွက် ဖြစ်သည်။

ကျွန်ုပ်၏ ဆရာသခင်ကြီး ဟာကီမွလ်အွမ္မသ် ထာနဝီ (ရဟ) သခင်က 'ဗယာနွလ်ကုရ်အာန်' သဖ်စီးရ်ကျမ်းတွင် ရေးသားထားသည်မှာ တင်ပြပါအကြောင်းအရာသုံးမျိုးသည် ဖိတ်ခေါ်ခံရသူများ၏ သီးခြားအုပ်စု သုံးစုအပေါ် မူတည်၍ တင်ပြထားသည်ဟု ဆိုသည်မှာ အာယသ်တော်၏ ဆက်စပ်မှုအရ မနီးစပ်ပေ။

ထင်ရှားသောအချက်မှာ အထက်ပါစည်းမျဉ်းစည်းကမ်းများသည် လူတိုင်းအတွက် အတန်းစား အားလုံးအတွက် ပြုကျင့်ရမည့် စည်းကမ်းများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ဒါအ်ဝသ်'ပေး ဖိတ်ခေါ် ရာတွင် ဦးစွာပထမ ဉာဏ်အမြော်အမြင်နှင့်တကွ တစ်ဖက်လူ၏ အခြေအနေအရပ်ရပ်ကို လေ့လာရမည်။ တစ်ဖန် သင့်လျော်သော စကားကို ရွေးချယ်ရမည်။ တစ်ဖန် ထိုစကားရပ်တွင် ကောင်းကျိုးလိုလားသော၊ ညာတာထောက်ထားသော အရည်အချင်းများနှင့်တကွ တစ်ဖက်လူ စိတ်တည်ငြိမ်အေးချမ်းသွားနိုင်သော အထောက်အထားများကို တင်ပြပြောဆိုရမည်။ ပြောဆိုသည့် ပုံသဏ္ဌာန်မှာလည်း ကရုဏာသက်စွာဖြင့်၊ ၎င်းနောက် နူးညံ့သိမ်မွေ့စွာဖြင့် ပြောဆိုရမည်။ ယင်းကြောင့် ပြောဆိုခံရသူသည် ဤသို့ ယုံကြည်သွား ရမည်။ ၎င်းသည် ကျွန်ုပ်၏ ကောင်းကျိုးအတွက်သာ ပြောဆိုနေခြင်းဖြစ်သည်။ ကျွန်ုပ်ကို အရှက်ရစေရန် နှင့် ကျွန်ုပ်၏ အဆင့်အတန်းကို နှိမ့်ချရန် ပြောဆိုနေခြင်းမဟုတ်ပေ။

ရှုးဟွလ်မအာနီကျမ်းရှင်၏ အထောက်အထားတင်ပြချက်မှာ အကယ်၍ ဤအချက်သုံးချက်သည် 'ဒါအ်ဝသ်'၏ အဓိကစည်းကမ်းချက်များဟု ဆိုလျှင် အာယသ်တော်တွင် ဤအချက်သုံးချက်ကို **عطف** နှင့်တကွ ဤသို့ တင်ပြထားပေလိမ့်မည်။

بِالْحِكْمَةِ وَالْمَوْعِظَةِ الْحَسَنَةِ وَالْجِدَالِ الْاَحْسَنِ

သို့သော် ကျမ်းတော်မြတ်ကုရ်အာန်တွင် **حكمت** နှင့် **موعظت** ကို **عطف** နှင့်အတူ ဥပဒေ တစ်ခုတွင်သာ တင်ပြထား၏။ ထို့ပြင် **مجادله** အတွက် သီးသန့်ဝါကျတစ်ခုဖြစ်သော

جَادِلْهُمْ بِالَّتِىْ هِىَ اَحْسَنْ

ကို ရွေးချယ်သုံးနှုန်းထား၏။ ၎င်းဖြင့် သိရှိရသည်မှာ **مجادفى العلم** သည် အမှန်စင်စစ် **دعوت الى الله** ၏ စည်းကမ်းချက်မဟုတ်ပေ။ သို့သာမက 'ဒါအ်ဝသ်'လမ်းစဉ်တွင် ကြုံကြိုက်ရတတ် သော အခြေအနေဖြစ်ရပ်များနှင့် စပ်လျဉ်း၍ လမ်းညွှန်မှုတစ်ခု ဖြစ်လေသည်။ ပမာဆိုသော် ၎င်းနောက်မှ တင်ပြထားသော အာယသ်တော်တွင် 'ဆွဗရ်'သည်းခံခြင်းတရားထားရန် မိန့်မြွက်ထား၏။ အဘယ်ကြောင့် ဆိုသော် 'ဒါအ်ဝသ်' လမ်းစဉ်အပေါ် လျှောက်လှမ်းရာ၌ လူအများ၏ ငြင်းပယ်မှုကို သည်းခံခြင်းသည် အရေးကြီး လိုအပ်ပေသည်။

အချုပ်ဆိုရသော် 'ဒါအ်ဝသ်'၏ အဓိကစည်းမျဉ်းစည်းကမ်းမှာ နှစ်ချက်သာရှိသည်။ **حكمت** နှင့် **موعظت** ဖြစ်သည်။ မည်သည့် 'ဒါအ်ဝသ်'ဖိတ်ခေါ်မှုတွင်မှ ဤအချက်နှစ်ချက်ကို စွန့်လွှတ်၍

မရပေ။ ပညာရှင်များကို ဖိတ်ခေါ်သည်ဖြစ်စေ၊ သာမန်အရပ်သားများကို ဖိတ်ခေါ်သည်ဖြစ်စေ၊ တစ်ခါတစ်ရံ ဖိတ်ခေါ်ရာတွင် ဤသို့သောသူများနှင့်လည်း ကြုံကြိုက်ရတတ်သည်။ အကြောင်းသူတို့သည် ဒွိဟသံသယများတွင် နစ်မွန်း၍ ဖိတ်ခေါ်သူနှင့် ငြင်းခုံနေကြသည်။ ဤသို့သော အခြေအနေမျိုးတွင် مجادله ပြုရန် ညွှန်ကြားထားခြင်းဖြစ်သည်။ သို့သော် بالتى هِىَ اَحسَنُ ဟူသော စည်းကမ်းချက်ကို သတ်မှတ်ကာ ညွှန်ကြားထားသည်မှာ ထိုစည်းကမ်းချက်များ မပါဝင်ပေ။ مجادله သည် ရှရီအသ်တရားတော်တွင် မည်သို့မျှ အကျုံးဝင်လိမ့်မည်မဟုတ်။

'ဒါအ်ဝသ်အေလလ္လာဟ်'နှင့် ပတ်သက်၍ တမန်တော်များ၏ လမ်းစဉ်

'ဒါအ်ဝသ်အေလလ္လာဟ်' သည် အမှန်စင်စစ် နဗီတမန်တော်များ၏ တာဝန်တစ်ရပ် ဖြစ်လေသည်။ အွမ္မသ်ထုံ၏ အာလင်မ်ပညာရှင်များသည် တမန်တော်မြတ်၏ ကိုယ်စားလှယ်များဖြစ်သည့်အတွက် ထိုတာဝန်ကို ထမ်းဆောင်ကြလေသည်။ ထို့ကြောင့် ထိုတာဝန်နှင့် ပတ်သက်သော စည်းကမ်းနည်းလမ်းများကို ပညာရှင်များထံတွင် သင်ယူရန် အရေးကြီးလှပေသည်။ ထိုလမ်းစဉ်များအပေါ်တွင် မရှိသော 'ဒါအ်ဝသ်' ဖိတ်ခေါ်မှုသည် 'ဒါအ်ဝသ်'မဖြစ်ဘဲ 'အဒါဝသ်'ဖြစ်လိမ့်မည်။ ('အဒါဝသ်'ဟူသည် ရန်ငြိုးကို ခေါ်ဆိုသည်) ၎င်းနောက် ပြဿနာအမျိုးမျိုး ပေါ်ပေါက်ရန် အကြောင်းခံဖြစ်ပေလိမ့်မည်။

နဗီတမန်တော်များ၏ 'ဒါအ်ဝသ်'လမ်းစဉ်နှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများတွင် ညွှန်ကြားမှုတစ်ခုဖြစ်သော ကျမ်းမြတ်ကုရ်အာန်ဝယ် မူစာ عليه السلام နှင့် ဟာရူးန် عليه السلام တို့၏ အကြောင်းအရာ၌ တင်ပြထားသည့်အချက်မှာ-

فَقُوْلَا لَهٗ قَوْلًا لَّيِّنًا لَّعَلَّهٗ يَتَذَكَّرُ اَوْ يَخْشٰى

အလိုသဘောမှာ ဖိရ်အောင်နကို နူးညံ့သိမ်မွေ့စွာ ပြောဆိုလော့။ ထိုသူ သဘောပေါက်ကောင်းပေါက်သွားလိမ့်မည်။ (သို့) ကြောက်ရွံ့သွားလိမ့်မည်။ ဤစည်းကမ်းချက်သည် အမှန်တရားဘက်သို့ ဖိတ်ခေါ်သူတိုင်း၊ အမြဲတစေ ကျင့်သုံးရမည့် စည်းကမ်းချက်တစ်ခု ဖြစ်သည်။ အကြောင်းမှာ ဖိရ်အောင်နကဲ့သို့ ဆိုးသွမ်းသော ကာဖိရ်တစ်ဦးဘက်သို့၊ ၎င်းနှင့် ပတ်သက်ပြီး ကာဖိရ်အဖြစ်နှင့် သေဆုံးမည်ဆိုသည်ကို အလ္လာဟ်အသျှင်မြတ်၏ အသိဉာဏ်တော်တွင် ရှိပြီးဖြစ်သော်လည်း အလ္လာဟ်အသျှင်မြတ်သည် ၎င်းဘက်သို့ မိမိ၏ 'ဒါအီ'ဖိတ်ခေါ်သူကို စေလွှတ်စဉ် နူးညံ့သိမ်မွေ့စွာ ပြောဆိုရန် ညွှန်ကြားကာ စေလွှတ်ခဲ့သည်။ မျက်မှောက်ခေတ်တွင် ကျွန်ုပ်တို့ 'ဒါအ်ဝသ်'ပေး ဖိတ်ခေါ်နေသော သူများသည် ဖိရ်အောင်နထက်ပင် ပို၍ ဆိုးသွမ်းကြသူများ မဟုတ်ပေ။ ၎င်းနောက် ကျွန်ုပ်တို့အနက်မှလည်း မည်သူတစ်ဦးတစ်ယောက်မျှ မူစာ عليه السلام ၊ ဟာရူးန် عليه السلام တို့နှင့် တန်းတူရည်တူ 'ဒါအီ'၊ 'ဟာဒီ'ဟူ၍ မရှိပါ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်က ထိုတမန်တော်နှစ်ဦးကို ကြမ်းတမ်းစွာ ဆက်ဆံပြောဆိုရန် ပုံကြီးချဲ့ရန် တစ်ဖက်လူကို ရှုံ့ချရန် စသည့် မပေးခဲ့သော အခွင့်အရေးများကို ကျွန်ုပ်တို့အတွက် အဘယ်မှာ ရရှိနိုင်လိမ့်မည်နည်း။

ကျမ်းတော်မြတ်ကုရ်အာန်တွင် နဗီတမန်တော်များ၏ 'ဒါအ်ဝသ်သဗ်လီးက်'များအကြောင်းနှင့် ကာဖိရ်များ၏ ငြင်းခုန်မှုအကြောင်းများဖြင့် ပြည့်နှက်နေလေသည်။ သို့သော်လည်း မည်သည့်နေရာတွင်မှ အလ္လာဟ်အသျှင်မြတ်၏ တမန်တော်တစ်ပါးပါးသည် အမှန်တရားကို ဆန့်ကျင်၍ ၎င်းတို့ကို ရှုံ့ချပြောဆိုသူများအား ကြမ်းတမ်းစွာ ပြန်လည်ဖြေကြားခဲ့သည်ဟူ၍ မတွေ့ရှိနိုင်ပေ။ ဥပမာအချို့ကို တင်ပြရသော် 'စူရာဟ်အအ်ရားဖ်'၏ သတ္တမရူကူအ်၊ အာယသ်တော် (၅၉) မှ (၆၇) အထိ တမန်တော်နှစ်ပါးဖြစ်သော နူးဟ် ﷺ ၊ ဟူးဒ် ﷺ တို့နှင့် ၎င်းတို့၏ အွမ္မသ်များအကြား ငြင်းခုံကြပုံ၊ ၎င်းနောက် ကြမ်းတမ်း၍ အခြေအမြစ်မရှိသော စွပ်စွဲချက်များကို ပြန်လည်ဖြေကြားခဲ့ပုံမှာ ဖတ်ရှုလေ့လာသင့်သော အကြောင်းအရာ တစ်ခု ဖြစ်သည်။

ဟဇရသ်နူးဟ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ အလွန်ထွတ်မြတ်သော နဗီတစ်ပါးဖြစ်ပြီး၊ ၎င်း၏ အသက်ရှည်ခြင်းနှင့် ပတ်သက်ပြီး ဒွန္နယာလောကတွင် ကျော်ကြားခဲ့သည်။ နှစ်ပေါင်း (၉၅၀) တိုင်အောင် မိမိမျိုးနွယ်စုကို 'ဒါအ်ဝသ်'ပေး ဖိတ်ခေါ်ကာ သွန်သင်ညွှန်ကြားမှုများတွင် နေ့၊ ည ကြိုးပမ်းခဲ့လေသည်။ သို့သော် ထိုဆိုးသွမ်းသော မျိုးနွယ်စုအနက်မှ အချို့သောသူများမှအပ မည်သူမှ ၎င်း၏ စကားကို လက်မခံခဲ့ပေ။ အခြားသူများကို မဆိုထားနှင့်။ ထိုတမန်တော်၏ သားတော်တစ်ပါးနှင့် ဇနီးမယား ပင်လျှင် ကာဖိရ်များနှင့်အတူ လက်တွဲခဲ့သည်။ ထိုတမန်တော်၏ နေရာတွင် မျက်မှောက်ခေတ်ရှိ မိမိကိုယ်မိမိ 'ဒါအ်ဝသ်'ပေး ဖိတ်ခေါ်သူဟု ကြွေးကြော်သူများ ရှိနေခဲ့ပါလျှင် ထိုမျိုးနွယ်စုကို မည်သည့်ပုံသဏ္ဍာန်ဖြင့် ပြောဆိုဆက်ဆံကြမည်ကို စဉ်းစားသင့်ပေသည်။ တစ်ဖန် ထိုတမန်တော်၏ ညာတာထောက်ထားသော ကောင်းကျိုးကို လိုလားသော ဖိတ်ခေါ်မှု၏ အဖြေကို ၎င်း၏ မျိုးနွယ်စုက မည်သို့ ပြန်လည်ဖြေကြားခဲ့သည်ကို လေ့လာကြည့်သော်

إِنَّا لَنَرَاكَ فِي ضَلَٰلٍ مُّبِينٍ

အလိုသဘောမှာ ကျွန်ုပ်တို့သည် အသင် ထင်ရှားစွာ လမ်းမှားနေသည်ကို တွေ့မြင်နေရသည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်၏ တမန်တော်က ဆိုးသွမ်းသော မျိုးနွယ်စုများ၏ လမ်းမှားမှုနှင့် ဆိုးသွမ်းမှုတို့ကို အရှက်တကွဲ ဖြစ်စေမည့်အစား ဤသို့ ပြန်လည်ဖြေကြားခဲ့လေသည်။

يَٰقَوْمِ لَيْسَ بِي ضَلَٰلَةٌ وَلَٰكِنِّي رَسُولٌ مِّن رَّبِّ الْعَٰلَمِينَ

အလိုသဘောမှာ အို၊ ကျွန်ုပ်၏ ညီနောင်တို့၊ ကျွန်ုပ်သည် လမ်းမှားနေခြင်းမဟုတ်။ ကျွန်ုပ်သည် စကြဝဠာကြီးကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်သခင်၏ တမန်တော်တစ်ပါး ဖြစ်သည်။ (အသင်တို့ အကျိုးရှိမည့် စကားရပ်များကို တင်ပြနေခြင်းဖြစ်သည်။)

ထိုတမန်တော်၏နောက် ပွင့်တော်မူခဲ့သော အလ္လာဟ်အသျှင်မြတ်၏ ရစူလ် ဟဇရသ်ဟူးဒ် ﷺ ကိုလည်း ၎င်း၏ မျိုးနွယ်ဝင်များသည် 'မုအ်ဂျေဇာဟ်'တော်များကို မြင်တွေ့ကြပါလျက် ရန်ငြိုးထားကာ

ပြောဆိုကြသည်မှာ အသင်တို့သည် မိမိ၏ ကြွေးကြော်မှုနှင့် ပတ်သက်၍ မည်သည့်အထောက်အထားမျှ မပြသခဲ့ပေ။ ၎င်းနောက် ကျွန်ုပ်တို့သည် အသင်၏ ပြောဆိုမှုကြောင့် မိမိတို့၏ ကိုးကွယ်ရာအရှင်များ (ရုပ်တုများ) ကို စွန့်လွှတ်လိမ့်မည်မဟုတ်။ အသင်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ ပြောကြားလိုသည်မှာ အသင်သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာအရှင်များ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့်အတွက် အသင် ရူးသွပ်သွားပြီဟု ပြောကြားလိုပါသည်။ ၎င်းတို့၏ စကားများကို ကြားပြီး ဟူးဒ် (عليه السلام) က ဤသို့ ပြန်လည်ဖြေကြားလေသည်။

اِنِّىٓ اُشۡهِدُ اللّٰهَ وَاشۡهَدُوۡٓا اَنِّىۡ بَرِىۡٓءٌ مِّمَّا تُشۡرِكُوۡنَ

အလိုသဘောမှာ ကျွန်ုပ် အလ္လာဟ်အသျှင်မြတ်ကို သက်သေထူပါ၏။ ၎င်းနောက် အသင်တို့လည်း သက်သေထူလော့။ ၎င်းနောက် ကျွန်ုပ်သည်လည်း ထိုရုပ်တုများနှင့် မည်သို့မျှ မပတ်သက်ပေ။ ၎င်းနောက် ယင်းတို့ကို မနှစ်မြို့ပေ။ ၎င်းရုပ်တုများကို အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် တုဖက်နိုင်းယှဉ်သူဟူ၍ ထင်မှတ်ထားကြသည်။

၎င်းနောက် စူရာဟ်အအ်ရားဖ်တွင် တင်ပြထားသည်မှာ ၎င်း၏ မျိုးနွယ်စုက ၎င်းကို ပြောကြားခဲ့သည်။

اِنَّا لَنَرٰىكَ فِىۡ سَفَاهَةٍ وَّاِنَّا لَنَظُنُّكَ مِنَ الۡكٰذِبِيۡنَ

အလိုသဘောမှာ ကျွန်ုပ်တို့သည် အသင့်ကို အသိဉာဏ်ကင်းမဲ့နေသည်ဟု ယူဆသည်။ ၎င်းနောက် ကျွန်ုပ်တို့ ထင်မြင်ယူဆသည်မှာ အသင်သည် မုသားပြောဆိုသူများအနက်မှ ဖြစ်သည်။

မျိုးနွယ်စု၏ စိတ်ထိခိုက်ဖွယ်ရာ စကားကို ကြားရသော်လည်း အလ္လာဟ်အသျှင်မြတ်၏ တမန်တော် ဟူးဒ် (عليه السلام) သည် ၎င်းတို့ကို မည်သို့မျှ မကောင်းမပြောဆိုခဲ့။ ၎င်းတို့ လမ်းလွဲနေသည်ဟု၊ ထို့နောက် လိမ်လည်နေသည်၊ အလ္လာဟ်အသျှင်မြတ်အပေါ် လုပ်ကြံပြောဆိုသည်ဟူ၍ မည်သည့်စကားကိုမျှ မပြောဆိုခဲ့ပေ။ ဤသို့သာ ဖြေကြားခဲ့လေသည်။

يٰقَوۡمِ لَيۡسَ بِىۡ سَفَاهَةٌ وَّلٰـكِنِّىۡ رَسُوۡلٌ مِّنۡ رَّبِّ الۡعٰلَمِيۡنَ

အို၊ ငါ၏ မျိုးနွယ်စုမှ ပုဂ္ဂိုလ်တို့ ကျွန်ုပ်တွင် မည်သည့်အသိဉာဏ်ကင်းမဲ့မှု၊ ချို့တဲ့မှုမျှ မရှိပေ။ ကျွန်ုပ်သည် စကြဝဠာကြီးကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ တမန်တော်တစ်ပါးပင် ဖြစ်သည်။

[စူရာဟ်အအ်ရားဖ်]

တမန်တော်ဟာဇရသ်ရှိအိုင်ဗ် (عليه السلام) ကလည်း အခြားသော အလ္လာဟ်အသျှင်မြတ်၏ တမန်တော်များ၏ လမ်းစဉ်အတိုင်း မိမိမျိုးနွယ်ကို ဖိတ်ခေါ်မှုပြုခဲ့လေသည်။ ၎င်းနောက် ထိုမျိုးနွယ်စုတွင် ကြီးမားသော ချို့ယွင်းချက်တစ်ခုရှိခဲ့သည်။ ၎င်းမှာ အလေးခိုးခြင်း ဓလေ့ဖြစ်သည်။ ထိုဓလေ့ကို စွန့်လွှတ်ရန် သွန်သင်ခဲ့လေသည်။ ထိုအခါ မျိုးနွယ်ဝင်များက လှောင်ပြောင်ကြသည်။ နှိမ့်ချကာ ပြောဆိုကြသည်မှာ-

يٰشُعَيْبُ اَصَلٰوتُكَ تَأْمُرُكَ اَنْ نَتْرُكَ مَا يَعْبُدُ اٰبَائُنَا اَوْ اَنْ نَفْعَلَ

فِيْ اَمْوَالِنَا مَا نَشٰٓؤُا اِنَّكَ لَاَنْتَ الْحَلِيْمُ الرَّشِيْدُ

အို၊ ရှုအိုက်ဗ်၊ အသင်၏ ဝတ်ပြုမှုသည် ကျွန်ုပ်တို့အား အမိန့်ပေးနေပါသလော။ အကြောင်းမှာ ကျွန်ုပ်တို့သည် မိမိတို့ဘိုးဘွားများ၏ ကိုးကွယ်ရာသခင်များကို စွန့်လွှတ်ရန်၊ ၎င်းနောက် ကျွန်ုပ်တို့ ပိုင်ဆိုင်သော ပစ္စည်းများနှင့် ပတ်သက်ပြီး မိမိတို့ဆန္ဒနှင့် ကြိုက်နှစ်သက်သကဲ့သို့ မပြုလုပ်ရန်၊ မုချကေန် အသင်သည် ဉာဏ်ကြီးရှင် ဘာသာသာသနာ ကိုင်းရှိုင်းသူတစ်ဦး ဖြစ်လေသည်။

ရှုအိုက်ဗ် عليه السلام ၏ မျိုးနွယ်စု၏ ပြစ်တင်ဝေဖန်မှုတစ်ခုမှာ အသင် ဝတ်ပြုနေသော ဝတ်ပြုမှုသည်ပင် အသင့်အား အသိဉာဏ်ကင်းမဲ့သော လုပ်ရပ်များလုပ်ရန် သင်ကြားပေးနေသလော။ အခြားပြစ်တင်မှု တစ်ခုမှာ ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းများနှင့် ပတ်သက်၍ ရောင်းဝယ်ဖောက်ကားရာ ကိစ္စတွင် အသင်နှင့် အလ္လာဟ်အသျှင်မြတ် အဘယ်ကြောင့် ပါဝင်ပတ်သက်နေရသနည်း။ ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုတွင် မိမိအလို ရှိရာကို ပြုခွင့်ရှိသည်။ တတိယလှောင်ပြောင်သော စကားရပ်မှာ အသင်သည်ပင် ဉာဏ်ကြီးရှင်တစ်ဦးနှင့် သာသနာကိုင်းရှိုင်းသူတစ်ဦး ဖြစ်သည်။

သိရှိရသည်မှာ ဘာသာတရားကင်းမဲ့သော အရောင်းအဝယ်ကို ကိုးကွယ်သူများသည် မျက်မှောက် ခေတ်တွင်မှ ပေါ်ထွန်းလာသည်မဟုတ်။ ရှေးယခင်ခေတ်ကတည်းက ၎င်းတို့၏ အကြီးအကဲများလည်း ရှိခဲ့သည်။ ထိုအကြီးအကဲများ၏ အတွေးခေါ်သည်လည်း မျက်မှောက်ခေတ်အမည်ခံ မွတ်စ္စလင်မ်များ၏ အတွေးအခေါ်နှင့် တစ်တန်းတစ်စားတည်းပင် ဖြစ်သည်။ ပြောဆိုကြသည်မှာ ကျွန်ုပ်တို့သည် မွတ်စ္စလင်မ် များ ဖြစ်ကြသည်။ အစ္စလာမ်သာသနာကို လက်ခံယုံကြည်ကြသူများ ဖြစ်ကြသည်။ သို့သော် အသက်မွေးဝမ်း ကျောင်းမှုကိစ္စများတွင် ကျွန်ုပ်တို့သည် ဆိုရှယ်လစ်ဝါဒကို ရွေးချယ်ထားကြသည်။ ယင်းအမှုကိစ္စတွင် အစ္စလာမ်သာသနာက မည်သို့ ပါဝင်ပတ်သက်လေသနည်း။

ညှဉ်းပန်းနှိပ်စက်သော မျိုးနွယ်စု၏ ထိုလှောင်ပြောင်မှုနှင့် စိတ်ထိခိုက်ဖွယ်ရာ စကားများကို ကြားပြီး အလ္လာဟ်အသျှင်မြတ်၏ တမန်တော်က မည်သို့ အဖြေပေးသည်ကို နားထောင်ပါလော့။

قَالَ يٰقَوْمِ اَرَءَيْتُمْ اِنْ كُنْتُ عَلٰى بَيِّنَةٍ مِّنْ رَّبِّيْ وَرَزَقَنِيْ مِنْهُ رِزْقًا حَسَنًا

وَمَآ اُرِيْدُ اَنْ اُخَالِفَكُمْ اِلٰى مَآ اَنْهٰىكُمْ عَنْهُ ؕ اِنْ اُرِيْدُ الْاِصْلَاحَ مَا اسْتَطَعْتُ

وَمَا تَوْفِيْقِيْٓ اِلَّا بِاللّٰهِ ؕ عَلَيْهِ تَوَكَّلْتُ وَاِلَيْهِ اُنِيْبُ

'အို၊ ကျွန်ုပ်၏ မျိုးနွယ်ဝင်အပေါင်းတို့၊ အသင်တို့ပင် ပြောကြားလော့။ အကယ်၍ ကျွန်ုပ်သည် မိမိ၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ဘက်တော်မှ အထောက်အထားများအပေါ် ရပ်တည်ကာ ၎င်းနောက် ထိုအသျှင်မြတ်က မိမိဘက်တော်မှ ကျွန်ုပ်အား ကောင်းမွန်သော ရတနာတစ်ပါး (ဆိုလိုသည်

မှာ 'နဗူဝသ်') ကို ချီးမြှင့်ထားသည်ဟုဆိုလျှင် ကျွန်ုပ်သည် ယင်းတာဝန်များကို အဘယ်ကြောင့် မပို့ချ ရမည်နည်း။ ၎င်းနောက် ကျွန်ုပ်ကိုယ်တိုင်လည်း အသင်တို့ကို ပို့ချသော ထိုပညတ်ချက်များကို ဆန့်ကျင်ခဲ့ သည် မဟုတ်ပေ။ ကျွန်ုပ်သည် မိမိတတ်နိုင်သမျှ ပြုပြင်မှုကိုသာ လိုလားသူဖြစ်သည်။ အနည်းနှင့်အများ ပြုပြင်မှုများနှင့် 'အမလ်'ကျင့်ကြံမှုစွမ်းအားတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှုဖြင့် သာ ရရှိခြင်းဖြစ်သည်။ ကျွန်ုပ်သည် ထိုအသျှင်မြတ်ကိုသာလျှင် အားကိုးအားထားပါသည်။ ၎င်းနောက် ကိစ္စအဝဝနှင့် ပတ်သက်ပြီး ထိုအသျှင်မြတ်ဘက်သို့သာ ချဉ်းကပ်ပါသည်။'

တမန်တော်မူစာ عليه السلام ကို ဖိရ်အောင်နိထံသို့ စေလွှတ်စဉ်တွင် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ နူးညံ့သိမ်မွေ့စွာဖြင့် ပြောဆိုရမည်ဟု ညွှန်ကြားခဲ့လေသည်။ ထိုအမိန့်ကို ပြည့်ပြည့်ဝဝ လိုက်နာခဲ့ပါလျက် ဖိရ်အောင်နိသည် တမန်တော်မူစာ عليه السلام အား ဤသို့ ပြောကြားခဲ့လေသည်။

قَالَ اَلَمۡ نُرَبِّكَ فِيۡنَا وَلِيۡدًا وَّلَبِثۡتَ فِيۡنَا مِنۡ عُمُرِكَ سِنِيۡنَ ۝

وَفَعَلۡتَ فَعۡلَتَكَ الَّتِىۡ فَعَلۡتَ وَاَنۡتَ مِنَ الۡكٰفِرِيۡنَ

'အသင်ပါတကား။ ကျွန်ုပ်သည် အသင့်အား ငယ်စဉ်အခါက မွေးမြူစောင့်ရှောက်ခဲ့သည် မဟုတ် ပါသလော။ ၎င်းနောက် အသင်သည် ထိုအသက်အရွယ်တွင် နှစ်ပေါင်းကြာရှည်စွာ ကျွန်ုပ်တို့ထံတွင် နေထိုင်ခဲ့သည် မဟုတ်ပါသလော။ ၎င်းနောက် အသင်သည် ပြုခဲ့သမျှကိုလည်း ပြုခဲ့ပြီးလေပြီ။ (ဆိုလို သည်မှာ ကိဗ်သီတစ်ဦးကိုလည်း သတ်ဖြတ်ခဲ့လေသည်။) ၎င်းနောက် အသင်သည် အလွန်တရာ ကျေးဇူး ကန်းသူတစ်ဦး ဖြစ်လေသည်။

အထက်ပါစကားရပ်များတွင် ဖိရ်အောင်နိသည် တမန်တော်မူစာ عليه السلام အပေါ် မိမိ၏ ကျေးဇူးကြီး ငယ်များကို ဂုဏ်ဖော်ခဲ့လေသည်။ 'ငယ်ရွယ်စဉ်တွင် အသင့်အား ကျွန်ုပ် မွေးမြူစောင့်ရှောက်ခဲ့သည်'ဟု ဆိုသည်။ တစ်ဖန် ဂုဏ်ဖော်ပြန်သည်မှာ 'အသင် ကြီးပြင်းလာပြီးလည်း ကျွန်ုပ်ထံတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ပါသည်။' တစ်ဖန် ခြိမ်းခြောက်ပြန်သည်မှာ တမန်တော်မူစာ عليه السلام လက်မှ 'ကိဗ်တွီ'တစ်ဦး မတော်တဆ အသတ်ခံရသည့်အပေါ် ဒေါသပြကာ ပြောဆိုသည်မှာ 'အသင်သည် ငြင်းဆန်သူများထဲမှ ဖြစ်လေသည်။'

ဤနေရာတွင် ငြင်းဆန်သူများထဲမှဆိုကာ အဘိဓါန်အဓိပ္ပာယ်ကို ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ အလိုသဘောမှာ ကျေးဇူးကန်းသူဟူ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် အသင့်အပေါ် ကျေးဇူးတရား ထားရှိသည်။ ထို့နောက် အသင်သည် ကျွန်ုပ်တို့၏ လူတစ်ဦးကို သတ်ပစ်ခဲ့သည်။ ယင်း သည် ကျေးဇူးတရား မသိတတ်ခြင်းဖြစ်သည်။ ၎င်းနောက် ကာဖိရ်ဟူသော စာသားကို သုံးနှုန်း၍ ဝေါဟာရ အဓိပ္ပာယ်ကိုလည်း ဆိုလိုခြင်းဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဖိရ်အောင်နိသည် မိမိကိုယ်မိမိ ကိုးကွယ်ရာအရှင်ဟု ကြွေးကြော်ခဲ့သည်။ ထို့ကြောင့် ၎င်း၏ ကိုးကွယ်ရာအရှင်ဖြစ်ကြောင်းကို ငြင်းဆန် သူအား ကာဖိရ်ဟု ဆိုခြင်းဖြစ်သည်။

ယခု ဤနေရာတွင် တမန်တော်မူစာ عليه السلام ၏ အဖြေကိုလည်း နားဆင်ကြလေကုန်။ ယင်းအဖြေသည် တမန်တော်များ၏ ‘ဒါအ်ဝသ်’ဖိတ်ခေါ်မှုလမ်းစဉ်နှင့် တမန်တော်ကြီးများ၏ ကိုယ်ကျင့်တရား စံနမူနာတစ်ခုလည်း ဖြစ်သည်။ အကြောင်းမှာ ထိုအဖြေတွင် ဦးစွာပထမ မိမိ၏ အားနည်းချက်နှင့် ကျူးလွန်ခဲ့သော အပြစ်ကို ဝန်ခံထားပေသည်။ ဆိုလိုသည်မှာ အီစ်ရာအီလီမျိုးနွယ်ဝင်တစ်ဦးနှင့် ရန်ဖြစ်နေသော ‘ကိဗ်တွီ’လူမျိုးတစ်ဦးကို ဖယ်ရှားရန်အတွက် မိမိလက်သီးနှင့် တစ်ချက် ထိုးခဲ့လေသည်။ ယင်းထိုးချက်ကြောင့် ‘ကိဗ်တွီ’လူမျိုး သေဆုံးသွားခဲ့သည်။ ဤလုပ်ရပ်သည် တမင်ရည်ရွယ်၍ သတ်ဖြတ်ခဲ့သည် မဟုတ်သကဲ့သို့ သာသနာ့လိုအပ်ချက်ကြောင့် သတ်ဖြတ်ခဲ့ခြင်း မဟုတ်ပေ။ သို့သာမက မူစာ عليه السلام ၏ ရှရီအသ်တရားတော်အရလည်း ထိုသူသည် သတ်ဖြတ်သင့်သူတစ်ဦး မဟုတ်ပေ။ ထို့ကြောင့် ဦးစွာပထမ ဝန်ခံမိန့်ဆိုခဲ့သည်မှာ–

فَعَلْتُهَا اِذًا وَّاَنَا مِنَ الضَّآ لِّيْنَ

အလိုသဘောမှာ ကျွန်ုပ်သည် ဤလုပ်ရပ်ကို မသိနားမလည်သည့်အချိန်တွင် လုပ်ခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဤလုပ်ရပ်သည် ‘နဗူဝသ်’ဘွဲ့ ချီးမြှင့်ခြင်း မခံရမည့်အလျင်က ပြုခဲ့ခြင်းဖြစ်သည်။ ထိုအခါက ကျွန်ုပ်သည် ဤလုပ်ရပ်နှင့် ပတ်သက်ပြီး အလ္လာဟ်အရှင်မြတ်၏အမိန့်ကို မသိသေးသောကြောင့်ဖြစ်သည်။ ထို့နောက် မိန့်ဆိုသည်မှာ–

فَفَرَرْتُ مِنْكُمْ لَمَّا خِفْتُكُمْ فَوَهَبَ لِىْ رَبِّىْ حُكْمًا وَّجَعَلَنِىْ مِنَ الْمُرْسَلِيْنَ

တစ်ဖန် ကျွန်ုပ်သည် ကြောက်ရွံ့မှုကြောင့် အသင်တို့ထံမှ ထွက်ပြေးခဲ့သည်။ တစ်ဖန် ကျွန်ုပ်ကို ကျွန်ုပ်၏ အရှင်သခင်သည် အတွေးအခေါ် အမြော်အမြင်များ ချီးမြှင့်ခဲ့သည်။ ၄င်းနောက် ကျွန်ုပ်ကို မိမိ၏ တမန်တော်များထဲတွင် ပါဝင်စေခဲ့သည်။

ထို့နောက် ဖိရ်အောင်န်၏ ဂုဏ်ဖော်မှုကို ပြန်လည် ဖြေကြားခဲ့သည်မှာ အသင်၏ ကျေးဇူးတရားများကို ဂုဏ်ဖော်ခြင်းသည် မှန်ကန်မှု မရှိပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်အား မွေးမြူစောင့်ရှောက်ရသော အကြောင်းအရင်းသည် အသင်၏ ညဉ်းပန်းနှိပ်စက်မှုများနှင့် ရန်ငြိုးထားခဲ့မှုများ၏ ရလဒ်သာလျှင် ဖြစ်သည်။ အကြောင်းမှာ အသင်သည် အီစ်ရာအီလီကလေးငယ်များကို သတ်ဖြတ်ရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်၏ မိခင်ကြီးသည် မတတ်သာသည့်အဆုံး ကျွန်ုပ်အား မြစ်ထဲတွင် မျှောခဲ့ခြင်းဖြစ်သည်။ သို့ဖြင့် ကျွန်ုပ်သည် အသင့်အိမ်သို့ ရောက်ရှိလာရခြင်းဖြစ်သည်။ *[ရူဟုလ်မအာနီ]*

وَتِلْكَ نِعْمَةٌ تَمُنُّهَا عَلَىَّ اَنْ عَبَّدْتَّ بَنِىْٓ اِسْرَآءِيْلَ

(မွေးမြူစောင့်ရှောက်ခြင်းကို ဂုဏ်ဖော်ခြင်းသည်) ဤသည် အသင့်အနေနှင့် ကျွန်ုပ်အပေါ် ကျေးဇူးရှိခဲ့သော ‘နေအ်မသ်’တော်တစ်ရပ် ဖြစ်သည်။ အကြောင်းမှာ အသင်သည် ဗနီအီစ်ရာအီလီများကို ဆိုးရွားသော သေးသိမ်မှုတွင် ထားရှိခဲ့ခြင်းကြောင့် ဖြစ်သည်။

ထို့နောက်တွင် ဖိရ်အောင်န်က မေးမြန်းခဲ့သည်မှာ-

وَمَا رَبُّ الْعٰلَمِيْنَ

ဆိုလိုသည်မှာ 'ရဗ်ဗုလ်အာလမီးန်'ဆိုသည်မှာ မည်သူနည်း။ ၄င်းနောက် မည်သို့ ရှိသနည်း။ တမန်တော်မူစာ ﷺ က ဖြေကြားသည်မှာ ထိုအသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီ၊ ၄င်းနောက် ထိုနှစ်ခုအကြား ရှိရှိခဲ့သမျှသော အရာခပ်သိမ်းကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်သခင် ဖြစ်တော်မူသည်။ ထိုစကားရပ်အပေါ် ဖိရ်အောင်န်သည် လှောင်ပြောင်သည့်သဘောဖြင့် ရှေ့မှောက်တွင် ရှိနေကြသူများကို ပြောကြားသည်မှာ-

اَلَا تَسْمَعُوْنَ

'အသင်တို့ ကြားကြပါ၏လော။ အဘယ်မျှ အသိဉာဏ်နည်းပါးသော စကားများကို ပြောဆိုနေပါသနည်း။'

မူစာ ﷺ က ပြန်လည် ဖြေကြားသည်မှာ-

رَبُّكُمْ وَرَبُّ اٰبَآئِكُمُ الْاَوَّلِيْنَ

'အသင်တို့နှင့် အသင်တို့၏ ဘိုးဘွားဘီဘင်တို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည်လည်း ထိုအသျှင်မြတ်သည်သာလျှင် ဖြစ်သည်။'

ထိုအခါ ဖိရ်အောင်န်က တုန်လှုပ်သွားကာ ပြန်လည် ပြောကြားသည်မှာ-

اِنَّ رَسُوْلَكُمُ الَّذِیْٓ اُرْسِلَ اِلَيْكُمْ لَمَجْنُوْنٌ

ဆိုလိုသည်မှာ အသင်တို့ဘက်သို့ အလ္လာဟ်ဘက်တော်မှ စေလွှတ်ခံရသော ရစူလ်တမန်တော်ဟု ကြွေးကြော်သောသူသည် မလွဲဧကန် သူရူးတစ်ယောက်သာ ဖြစ်သည်။

ရူးသွပ်သူတစ်ယောက်ဟု စွပ်စွဲခံရသော်လည်း တမန်တော်မူစာ ﷺ သည် ဖိရ်အောင်န်ကို ရူးသွပ်သူဟူ၍လည်းကောင်း၊ မိမိကိုယ်မိမိ ဉာဏ်ကြီးရှင်ဟူ၍လည်းကောင်း စွပ်စွဲပြောဆိုမည့်အစား ဖိရ်အောင်န်၏ စကားကိုပင် အလေးထားခြင်း မပြုခဲ့ပေ။ သို့သာမက စကြဝဠာကြီးကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အခြားဂုဏ်တော်တစ်ရပ်ကို ဆက်လက်၍ တင်ပြလေသည်။

رَبُّ الْمَشْرِقِ وَالْمَغْرِبِ وَمَا بَيْنَهُمَا اِنْ كُنْتُمْ تَعْقِلُوْنَ

ထိုအသျှင်သခင်သည် အရှေ့အရပ်နှင့် အနောက်အရပ်ကို၊ ၄င်းနောက် ထိုအကြားရှိ အရာများကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အကယ်၍ အသင်တို့ အသိဉာဏ် ရှိကြပါလျှင် နားလည်နိုင်ကြမည်ဖြစ်သည်။

ဤသည် ဖိရ်အောင်န်၏ နန်းတော်တွင် ဖိရ်အောင်နှင့် တမန်တော်မူစာ ﷺ တို့အကြား ပြောဆိုခဲ့သော ရှည်လျားလှသည့် ငြင်းခုံပြောဆိုမှုတစ်ရပ် ဖြစ်သည်။ ထိုအကြောင်းရာကို 'စူရာဟ်ရှိအ်ရာအ်'၏ တတိယရှုကူအ်တွင် တင်ပြထားလေသည်။ အလ္လာဟ်အသျှင်မြတ် လက်ခံတော်မူသော တမန်တော်မူစာ ﷺ ၏ ပြောဆိုမှုများကို အစမှအဆုံးကို လေ့လာကြည့်ပါက မိမိစွမ်းပကားများကို ထုတ်ဖော်ခဲ့ခြင်းမရှိသကဲ့သို့ ဖိရ်အောင်န်၏ မကောင်းပြောဆိုမှုများကိုလည်း ပြန်လည်ဖြေကြားခဲ့ခြင်း မရှိပေ။ ၎င်း၏ ကြမ်းတမ်းသော ပြောဆိုမှုများကိုလည်း ကြမ်းတမ်းစွာ မတုန့်ပြန်ခဲ့ပေ။ သို့သာမက ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံသော ဂုဏ်တော်များအကြောင်းကိုသာ တစိုက်မတ်မတ် ပြောဆိုနေခဲ့သည်။ ၎င်းနောက် 'သဗ်လီးဂ်'ပို့ချမှုကိုသာ ဆက်လက်ပြုလုပ်ခဲ့သည်။

ဤသည် နဗီတမန်တော်များ၏ အတိုချုံးတင်ပြထားသော 'မုဂျာဒလာ'နမူနာများ ဖြစ်သည်။ ယင်း 'မုဂျာဒလာ'ကို ရန်လိုသော တဖောက်ကန်းပြုတတ်သော မျိုးနွယ်ဝင်များ ရင်ဆိုင်ပြောဆိုခဲ့ခြင်းများ ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် သွန်သင်ညွှန်ကြားထားသော

مُجَادَلَةٌ بِالَّتِي هِيَ اَحْسَنُ

ဟူသော အမိန့်၏ လက်တွေ့ရှင်းလင်းမှုများ ဖြစ်သည်။

'ဒါအ်ဝသ်'၊ 'သဗ်လီးဂ်'ပို့ချမှုများတွင် နဗီတမန်တော်များ ကျင့်သုံးခဲ့သော 'မုဂျာဒလာ'အပြင် ကာလဒေသနှင့်ကို လိုက်၍ လျော်ကန်သော စကားများကို ပြောဆိုခြင်း၊ ယင်းသို့ ပြောဆိုရာတွင်လည်း အမြော်အမြင်နှင့် ပြည့်စုံသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြောဆိုခြင်း၊ ခေါင်းစဉ်ကို ရွေးချယ်ရာတွင်လည်း အမြော်အမြင်အကျိုးအကြောင်းနှင့် ကိုက်ညီသော ခေါင်းစဉ်များကို အလေးထား တင်ပြခြင်း၊ ၎င်းနောက် နဗီတမန်တော်များ ရွေးချယ်ကျင့်သုံးခဲ့သော 'ဒါအ်ဝသ်အိလလ္လာဟ်'ကို လက်သင့်ခံစေမည့် ထိရောက်စူးရှမည့်၊ ၎င်းနောက် တည်မြဲစေမည့် နည်းလမ်းစည်းကမ်းများသည် 'ဒါအ်ဝသ်'ဖိတ်ခေါ်မှု၏ အဓိကကျသော အသက်သွေးကြောများဖြစ်သည်။ ထိုရှင်းလင်းတင်ပြချက်များသည် နဗီတမန်တော် ﷺ ၏ သွန်သင်ညွှန်ကြားမှုများတွင် ပြည့်နှက်နေပေသည်။ ဥပမာဖြင့် အချို့အကြောင်းအရာများကို တင်ပြမည် ဖြစ်သည်။

တမန်တော် ﷺ သည် 'ဒါအ်ဝသ်'၊ 'သဗ်လီးဂ်'ဖိတ်ခေါ်မှုနှင့် တရားဒေသနာပြောကြားရာတွင် ကြားနာသူများ ဝန်မပိစေရန် အထူးပင် သတိထားလေ့ရှိသည်။ ဆွဟာဗာကြီးများသည် တမန်တော်မြတ် ﷺ အား ချစ်မြတ်နိုးကြသူများ ဖြစ်ကြသည့်အတွက် မည်သည့်အခါမျှ တမန်တော်မြတ် ﷺ ၏ ဩဝါဒတော်များကို ကြားနာလျက် ငြီးငွေ့သွားသည်ဆိုသည်မှာ မဖြစ်နိုင်သော ကိစ္စရပ်တစ်ခု ဖြစ်သည်။ ထိုသို့သော မိတ်ဆွေများနှင့် ပတ်သက်၍ပင် တမန်တော်မြတ် ﷺ ၏ ဓလေ့တော်မှာ နေ့စဉ်နေ့တိုင်း တရားဒေသနာများ ဟောကြားလေ့မရှိပေ။ ရက်သတ္တပတ်တွင် ရက်အချို့သာ ဟောကြားလေ့ရှိသည်။ သို့မှသာ လူတို့၏ စီးပွားရေး စသည်တို့တွင် အနှောင့်အယှက် ဖြစ်နိုင်မည် မဟုတ်ပေ။ ထို့နောက် စိတ်ငြီးငွေ့ခြင်းကိုလည်း ခံစားရမည်မဟုတ်ပေ။

ဆွဟီးဟ်ဘိုခါရီကျမ်းတွင် အစ်ဗ္ဗလ္လာဟ်ဗင်နိမဆ်အုဒ် ﷺ သခင်၏ ဆင့်ပြန်ချက်တစ်ခု လာရှိသည်မှာ တမန်တော်မြတ် ﷺ သည် ရက်သတ္တပတ်၏ အချို့သောရက်များတွင်သာ တရားဒေသနာများ ဟောကြားလေ့ရှိသည်။ ကျွန်ုပ်တို့ မငြီးငွေ့စေရန် ဖြစ်သည်။ အခြားသူများကိုလည်း ဤသို့ပင် ညွှန်ကြားလိမ့်မည်ဖြစ်သည်။ ဟဇရသ်အနတ်စ် ﷺ သခင်က ဆင့်ပြန်သည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်။ ၎င်းမှာ-

يَسِّرُوا وَلَا تُعَسِّرُوا بَشِّرُوا وَلَا تُنَفِّرُوا

လူအများကို လွယ်ကူစေကာ မခက်ခဲစေပါနှင့်။ ထို့နောက် ၎င်းတို့ကို အလ္လာဟ်အသျှင်မြတ်၏ ကရုဏာသတင်းကောင်းကို ပါးကြလော့။ မျှော်လင့်ချက် ကင်းစေခြင်း၊ သို့မဟုတ် မုန်းတီးစေခြင်းမှာ မဖြစ်ပါစေနှင့်။

အစ်ဗ္ဗလ္လာဟ်ဗင်နိအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုခဲ့သည်မှာ အသင်တို့သည် ရဗ္ဗာနီပညာရှင်များ၊ အမြော်အမြင်ရှင်များ၊ ၎င်းနောက် ဓမ္မသတ်ပညာရှင်များ ဖြစ်သင့်သည်။ ဘိုခါရီကျမ်းတွင် ယင်းဟဒီးစ်ကို ဆင့်ပြန်ပြီးနောက် ရဗ္ဗာနီဟူသော စာသားကို ဖွင့်ဆိုထားသည်မှာ အကြင်သူသည် 'ဒါအီဝသ်'၊ 'သဗ်လီးဂ်' ဖိတ်ခေါ်မှုတွင်သော်လည်းကောင်း၊ သာသနာ့ပညာရှင်များ သင်ကြားပို့ချရာတွင်လည်းကောင်း အခြေခံစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဦးစွာပထမ လွယ်ကူသော အကြောင်းအရာများကို သင်ပြရမည်။ လူတို့သည် ထိုအကြောင်းအရာများကို နေသားတကျ ဖြစ်သွားသောအခါမှ ပထမပိုင်းတွင် သင်ကြားရန် ခက်ခဲသောပညတ်ချက်များကို အဆင့်ဆင့် သင်ကြားပို့ချသူကို ရဗ္ဗာနီပညာရှင်ဟု ခေါ်ဆိုသည်။ မျက်မှောက်ခေတ်တွင် တရားဒေသနာ ဟောကြားခြင်းနှင့် 'သဗ်လီးဂ်' လုပ်ငန်းစဉ်များတွင် ထိရောက်မှု အလွန်နည်းပါးလှသည်။ ထိုသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ အများအားဖြင့် ထိုသာသနာ့အလုပ်ကို ဆောင်ရွက်သူတို့သည် အခြေခံစည်းမျဉ်းစည်းကမ်းများကို အလေးမထားသောကြောင့် ဖြစ်သည်။ ရှည်လျားလှသော ဟောကြားမှုများ၊ အချိန်အခါမဟုတ်သော ဆုံးမသြဝါဒစကားများ၊ တစ်ဖက်လူ၏ အခြေအနေများကို မလေ့လာမသိရှိဘဲ အလုပ်တစ်ခုကို အဓမ္မစေခိုင်းခြင်းတို့သည် ၎င်းတို့၏ အစဉ်အလာဖြစ်နေကြသည်။

တမန်တော်မြတ် ﷺ သည် ဖိတ်ခေါ်မှုနှင့် ပြုပြင်မှုလုပ်ငန်းများတွင် အထူးအလေးထားတော်မူသော အချက်တစ်ချက်မှာ ဖိတ်ခေါ်ခံရသူကို အရှက်ရစေမည့် ကိစ္စများမှ ရှောင်ကြဉ်ခြင်းဖြစ်သည်။ ထို့အတွက်ကြောင့်ပင် တစ်ဦးတစ်ယောက်ကို အကုသိုလ်ဒုစရိုက် လုပ်ငန်းများတွင် နစ်မွန်းနေသည်ကို တွေ့မြင်ရပါက ၎င်းကို တိုက်ရိုက်ပြောဆိုဆုံးမလေ့မရှိဘဲ ထိုင်ဝိုင်းရှိလူများအားလုံးကို ရည်ညွှန်း၍သာ ဆုံးမတော်မူလေ့ရှိသည်။

مَابَالُ اَقْوَامٍ يَفْعَلُوْنَ كَذَا

လူတို့သည် မည်သည့်လုပ်ရပ်များကို ကျူးလွန်ကာ မည်သို့ ဖြစ်ကုန်ကြသနည်း။ ဤသို့ အများကို ရည်ညွှန်းမိန့်ဆိုခြင်းဖြင့် မိမိသွန်သင်ဆုံးမလိုသော သူကိုလည်း သွန်သင်ပြီးသား ဖြစ်သွားလေသည်။ ထို့နောက် စိတ်နှလုံးအတွင်းမှ အရှက်ရကာ ထိုလုပ်ရပ်ကို စွန့်လွှတ်ရန် သောကဝင်သွားလေသည်။

အများအားဖြင့် နဗီတမန်တော်များ၏ လေ့တော်မှာ ဟောကြားမည့်လူကို အရက်ရစေခြင်းမှ ရှောင်ကြဉ်လေ့ ရှိကြသည်။ ထို့ကြောင့် တစ်ခါတစ်ရံ ဟောကြားခံရသူ ကျူးလွန်လိုက်သည့် အပြစ်ကို မိမိဘက်သို့ ရည်ညွှန်းပြီး ပြုပြင်ပြောဆိုလေ့ ရှိသည်။ စူရာဟ်ယာစီးန်တွင် လာရှိသည်မှာ-

وَمَا لِيَ لَا أَعْبُدُ الَّذِي فَطَرَنِي

အလိုသဘောမှာ ကျွန်ုပ် မည်သို့ ဖြစ်သွားလေသနည်း။ အကြောင်းမှာ မိမိ၏ မွေးမြူဖန်ဆင်းတော်မူသော 'အေဗာဒသ်' ကို မပြုလုပ်တော့ပေ။ အမှန်စင်စစ် ထိုတမန်တော်များသည် အချိန်တိုင်း 'အေဗာဒသ်' ခဝပ်ကိုးကွယ်မှုတွင် နစ်မွန်းနေပါလျက် ခဝပ်ကိုးကွယ်မှု မပြုသောသူများကို ဆိုဆုံးမရန်အတွက် ဤသို့ မိန့်ဆိုခြင်းဖြစ်သည်။ ထိုလုပ်ရပ်ကို မိမိဘက်သို့ ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။

၄င်းနောက် 'ဒါအ်ဝသ်' ဟူသော အဓိပ္ပာယ်မှာ အခြားသူများကို မိမိဘက်သို့ ဖိတ်ခေါ်ခြင်း ဖြစ်သည်။ အခြားသူများ၏ အားနည်းချက်များကိုသာ တင်ပြရန်မဟုတ်။ ၄င်းနောက် ဤသို့ 'ဒါအ်ဝသ်' ဖိတ်ခေါ်မှုသည် ပြောဆိုသူနှင့် ကြားနာသူတို့နှစ်ဦး ဆက်စပ်မှုရှိမှသာလျှင် ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ကျမ်းတော်မြတ်ကုရ်အာန်တွင် နဗီတမန်တော်များ၏ 'ဒါအ်ဝသ်' ပေး ဖိတ်ခေါ်မှုအကြောင်းများကို တင်ပြသည့်အခါ များသောအားဖြင့် يَقَوْمِ ဟူသော စာသားဖြင့် အစပြုလေ့ရှိသည်။ ထိုဖိတ်ခေါ်မှုတွင် ညီနောင်သားချင်း ဆက်နွယ်မှုကို အကြောင်းပြု၍ အစပြုကာ ဆက်လက်ပြီး ပွဲပြင်ဆုံးမသော စကားရပ်များကို ပြောဆိုခြင်းဖြစ်သည်။

တမန်တော်မြတ် ﷺ သည် ရောမဘုရင် ဟိရက်လ်ထံ 'ဒါအ်ဝသ်' သဝဏ်လွှာကို ပို့ခဲ့စဉ်အခါက သဝဏ်လွှာတွင် ဦးစွာပထမ ရောမဘုရင်ကို عَظِيمُ الرُّومِ ဟူသော ဂုဏ်ပုဒ်ဖြင့် တင်စားထားပေသည်။ ယင်းသည် ပြုပိုင်သော ဂုဏ်ပေးမှုတစ်ခု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုစာသားတွင် ဘုရင်ကြီး၏ မြင့်မြတ်မှု ကို အသိအမှတ်ပြုထားခြင်းလည်း ဖြစ်သည်။ သို့သော် ထိုမြင့်မြတ်မှုသည် ရောမသားများအတွက် ဖြစ်သည်။ မိမိအတွက်မဟုတ်။ ထို့နောက် အီမာန်ဘက်သို့ ဖိတ်ခေါ်ခြင်းကို အောက်ပါခေါင်းစဉ်ဖြင့် ရေးသားခဲ့လေသည်။

يَاأَهْلَ الْكِتَابِ تَعَالَوْا إِلَى كَلِمَةٍ سَوَاءٍ بَيْنَنَا وَبَيْنَكُمْ أَنْ لَا نَعْبُدَ إِلَّا اللهَ

အို၊ အဟ်လေကိတာဗ်အပေါင်းတို့၊ ထို 'ကလေမာဟ်' ဘက်သို့ အလျင်အမြန် လာရောက်ကြကုန်။ အကြင် 'ကလေမာဟ်' သည် ကျွန်ုပ်တို့နှင့် အသင်တို့အကြား ဆက်နွယ်မှုရှိသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သည့်အရာကိုမှ ခဝပ်ကိုးကွယ်ခြင်း မပြုကြဟူသော အချက်ဖြစ်သည်။

[စူရာဟ်အာလေအိမ်ရာန်]

အထက်ပါအာယသ်တော်တွင် ဦးစွာပထမ နှစ်ဦးနှစ်ဖက်တွင် ဆက်စပ်မှုရှိသော 'သောင်ဟီးဒ်' တရားအကြောင်းကို တင်ပြထားသည်။ အကြောင်းမှာ 'သောင်ဟီးဒ်' ယုံကြည်ချက်သည် ကျွန်ုပ်တို့နှင့် အသင်တို့အကြား တူညီသော အကြောင်းအရာတစ်ခု ဖြစ်သည်။ ထို့နောက်တွင်မှ အီဆာအီတို့၏ မှားယွင်းမှုတို့ကို နှီးဆော်ထားလေသည်။

တမန်တော်မြတ် ﷺ ၏ သွန်သင်ညွှန်ကြားမှုများကို လေ့လာမည်ဆိုပါက သွန်သင်မှုတိုင်း၊ သာသနာ့ ဖိတ်ခေါ်မှုတိုင်းတွင် အထက်ပါစည်းမျဉ်းစည်းကမ်းများကိုသာ တွေ့မြင်နိုင်မည် ဖြစ်သည်။ မျက်မှောက် ခေတ်တွင်မူ ဦးစွာပထမ ပြောဆိုရမည်ဆိုလျှင် 'ဒါအ်ဝသ်'ဖိတ်ခေါ်မှုနှင့် 'အိဆ်လာဟ်'ပြုပြင်ပြောင်းလဲမှု တို့တွင် ကောင်းရာညွှန်၍ မကောင်းရာ တားမြစ်မှုတို့တွင် လူတို့သည် စိတ်ဝင်စားမှုပင် မရှိကြတော့ချေ။ ၄င်းနောက် ဤလုပ်ငန်းတွင် ပါဝင်နေကြသူများလည်း ငြင်းခုံခြင်းများ၊ တစ်ဖက်သားကို အပြစ်တင် ပြောဆိုမှုများ၊ ဝေဖန်မှုများ၊ ၄င်းနောက် တစ်ဖက်သားကို သေးသိမ်စေမှုများကိုပင် 'ဒါအ်ဝသ်သဗ်လီးဂ်' ဟု ထင်မှတ်နေကြသည်။ ယင်းတို့သည် စွန္နသ်တော်နှင့် ဆန့်ကျင်သည့်အတွက် မည်သည့်အခါမျှ ထိရောက် အကျိုးရှိလိမ့်မည်မဟုတ်ပေ။ ထိုသို့ ပြုလုပ်နေကြသူများသည် ကျွန်ုပ်တို့၏ အစ္စလာမ်သာသနာကို လွန်စွာ အကျိုးပြုနေကြသည်ဟု ထင်မှတ်နေကြသည်။ အမှန်စင်စစ် ၄င်းတို့သည် လူအများ အစ္စလာမ်သာသနာကို ရွံရှာမုန်းတီးအောင် ပြုလုပ်နေသော အကြောင်းခံများပင် ဖြစ်သည်။

မျက်မှောက်ခေတ် 'မုဂျာဒလာ' ပြုခြင်း၏ သာသနာဆိုးကျိုးများနှင့် လောကီဆိုးကျိုးများအကြောင်း

အထက်ပါအာယသ်တော်များ၏ သဖ်စီးရ်တွင် သိရှိပြီးဖြစ်သည်မှာ ရှရီအသ်၏ အဓိကရည်ရွယ် ချက်မှာ အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဖိတ်ခေါ်ခြင်းဖြစ်သည်။ ယင်းတွင် အခြေခံစည်းမျဉ်းစည်းကမ်းနှစ်ခု ရှိသည်။ حكمت နှင့် موعظة حسنة ဖြစ်သည်။ مجادلة ပြုလုပ်ရန် လိုအပ်လာလျှင်လည်း احسن ဟူသော သတ်မှတ်ချက်ဖြင့် ပြုပိုင်ခွင့်ပေးထားသည်။ သို့သော် 'မုဂျာဒလာ'သည် အမှန်စင်စစ် 'ဒါအ်ဝသ်'လုပ်ငန်းစဉ်၏ သီးခြားကဏ္ဍတစ်ခု မဟုတ်ပေ။ သို့သာမက ဖိတ်ခေါ်မှုကို ငြင်းဆန်သူများအတွက် စီမံမှုတစ်ခုသာ ဖြစ်သည်။ ထို 'မုဂျာဒလာ'ပြုရာတွင် ကျမ်းတော်မြတ်ကုရ်အာန်က بِالَّتِي هِيَ أَحْسَنُ ဟူသော သတ်မှတ်ချက်ထားကာ ညွှန်ကြားထားသည်မှာ ယင်းလုပ်ရပ်ကို နူးညံ့သိမ်မွေ့စွာ ကောင်းကျိုး လိုလားသော စိတ်ဓါတ်ဖြင့်၊ ၄င်းနောက် ညာတာထောက်ထားသောပုံစံဖြင့် ပြုရမည်ဖြစ်သည်။ ၄င်းနောက် ရှင်းလင်းပြတ်သားသော အထောက်အထားများကို ကြားနာသူများ၏ အခြေအနေအရ သင့်မြတ်လျော်ကန် စွာ တင်ပြရမည်ဖြစ်သည်။ တစ်ဖက်သားကို ရှုံ့ချမှု၊ သေးသိမ်စေမှုများကို လုံးဝ ရှောင်ရှားရမည်။ ထိုနည်း တူစွာ أَحْسَن ဖြစ်ရန်အတွက် အရေးကြီးသည်မှာ ထိုစကားရပ်များသည် ဟောကြားသူအတွက်လည်း ဒုက္ခမဖြစ်စေရ။ ဆိုလိုသည်မှာ 'မုဂျာဒလာ'ကြောင့် ဟောကြားသူတွင် နိမ့်ကျသော ကိုယ်ကျင့်တရားများ၊ မနာလိုဝန်တိုမှုများ၊ ရန်ငြိုးများ၊ မာန်မာနထောင်လွှားမှုများ၏ နေရာရလိုမှုများ စသည်တို့ မဖြစ်ပေါ်စေရ။ ယင်းတို့သည် အတွင်းပိုင်းဆိုင်ရာ ကြီးလေးသော အပြစ်များဖြစ်သည်။ ၄င်းနောက် မျက်မှောက်ခေတ် တွင် 'မုဂျာဒလာ'ပြုသူများ၊ 'မုနာဇရာ'ပြုသူများတွင် ရှားရှားပါးပါး အလ္လာဟ်အသျှင်မြတ်၏ ဗန္ဒာဟ် တစ်ဦးတစ်ယောက်သည် တင်ပြပါ ဆိုးကျိုးများမှ လွတ်ကင်းသည်ဟုဆိုလျှင် ဖြစ်နိုင်ဖွယ်ရာရှိမည်။ များသော အားဖြင့် ထိုဆိုးကျိုးများမှ လွတ်ကင်းရန်မှာ ခဲယဉ်းလှပေသည်။

အေမာမ်ဂဇာလီ (ရဟ) သခင်ကြီးက မိန့်ဆိုခဲ့သည်မှာ အရက်သေစာ သောက်သုံးခြင်းသည် الخبائث ၏ ဖြစ်သကဲ့သို့ အကြောင်းမှာ သူကိုယ်တိုင်လည်း ကြီးမားသော အပြစ် 'ဂိုနာဟ်' ဖြစ်သကဲ့သို့ အခြားကြီးမားသော ရုပ်ပိုင်းဆိုင်ရာ အကုသိုလ်များ၏ အကြောင်းခံလည်း ဖြစ်သည်။ ထိုနည်းတူစွာ သာသနာရေးရာ ငြင်းခုံပြောဆိုမှုများတွင်လည်း တစ်ဖက်သားအပေါ် လွှမ်းမိုးလိုစိတ်သည် အဓိကရည်ရွယ်ချက် ဖြစ်လာမည်။ ၎င်းနောက် မိမိ၏ ပညာမြင့်မားမှုကို အခြားသူများအပေါ် ထုတ်ဖော်လိုမည်ဆိုလျှင် ယင်းလုပ်ရပ်သည်လည်း နာမ်ပိုင်းဆိုင်ရာ الخبائث ၏ ဖြစ်သည်။ ထိုလုပ်ရပ်၏ ရလဒ်ကြောင့် မြောက်မြားစွာသော နာမ်ပိုင်းဆိုင်ရာ ရောဂါဆိုးများ ပေါ်ပေါက်လာတတ်သည်။ ဥပမာ- မနာလိုဝန်တိုစိတ်၊ ရန်ငြိုး၊ မာန်မာန၊ အတင်းအဖျင်း ပြောဆိုခြင်း၊ သူတစ်ပါး၏ ပြောဆိုမှုများကို တရားမျှတစွာ သမာသမတ်ရှိကာ အာရုံစိုက် နားထောင်မည့်အစား အဖြေပေးရန်သာ သောကဖြစ်နေခြင်း၊ မိမိလုပ်ရပ်များကို မှန်ကန်သည်ဟု တင်ပြရန် ကုရ်အာန်နှင့် ဟဒီးစ်တော်များ၏ အဓိပ္ပာယ်ကို မည်သို့ပင် ပြောင်းလဲရပါစေ၊ ပြောင်းလဲပစ်ရန် အသင့်ရှိနေခြင်း စသည်တို့ ဖြစ်သည်။

ထိုပျက်စီးဆိုးသွမ်းမှုများတွင် ဂုဏ်သရေရှိသော သာသနာ့ပညာရှင်များသာလျှင် နစ်မွန်းလေ့ ရှိသည်။ အကယ်၍ ထိုအကြောင်းကိစ္စများသည် ၎င်းတို့၏ နောက်လိုက်များထံ ရောက်ရှိသွားမည်ဆိုလျှင် အခမ္ဘ လုပ်ဆောင်ရန် အဆင့်၊ ခိုက်ရန်ဖြစ်ပွားသည့်အဆင့်ထိပင် ရောက်ရှိသွားတတ်ပေသည်။ အေမာမ်ရှာဖေအီ (ရဟ) သခင်ကြီးက မိန့်ဆိုသည်မှာ ပညာဆိုသည်မှာ ပညာရှင်များအကြား ဆက်နွယ်ပေးသော တော်စပ်မှု တစ်ခုပင် ဖြစ်သည်။ အကြင်သူများသည် အိလ်မ်ပညာကိုပင်လျှင် ရန်ငြိုးထားမှုပြုလုပ်လိုက်လျှင် ထိုသူတို့ သည် အခြားသူများကို မိမိ၏ လမ်းစဉ်နောက်လိုက်ရန် မည်သို့ 'ဒအ်ဝသ်' ပေးဖိတ်ခေါ်မည်နည်း။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ သူတစ်ပါးကို လွှမ်းမိုးရန်သာ ဖြစ်သည်ဟုဆိုလျှင် တစ်ဖန် ၎င်းတို့အချင်းချင်း တစ်ဦးနှင့် တစ်ဦး ချစ်ခင်လေးစားမှုရှိရန် မည်သို့ မျှော်မှန်းနိုင်တော့မည်နည်း။ ၎င်းနောက် လူသားတစ်ဦးသည် အကယ်၍ မုနာဖစ်က်များ၏ အကျင့်စရိုက်တွင် နစ်မွန်းနေမည်။ ထို့နောက် မုအ်မင်န်မွတ်သကီများ၏ အကျင့်သီလမှ လက်မဲ့ဖြစ်နေမည်ဆိုလျှင် ထို့ထက်ပို၍ ဆိုးရွားမှုသည် အဘယ်မှာ ရှိတော့မည်နည်း။

အေမာမ်ဂဇာလီ (ရဟ) သခင်က မိန့်ဆိုသည်မှာ သာသနာ့ပညာရပ်များတွင် နစ်မွန်းနေသူတစ်ဦး၊ ၎င်းနောက် အမှန်တရားဘက်သို့ ဖိတ်ခေါ်မှုတွင် နစ်မွန်းနေသူတစ်ဦးသည် မှန်ကန်သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုကျင့်ကာ ပျက်စီးစေနိုင်သော အန္တရာယ်များကို ရှောင်ရှားမည်ဆိုပါက အမြဲတစေ အောင်မြင်မှုကို ရရှိမည်ဖြစ်သည်။ သို့မဟုတ် ထိုအဆင့်မှ နိမ့်ကျသွားလျှင် အမြဲတစေ ဆိုးရွားသော အခြေအနေမျိုးနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဤအခြေအနေနှစ်ခုကြား အလယ်အလတ်တန်း အခြေအနေတွင် ရှိနေရန်မှာ ခဲယဉ်းလှပေသည်။ အဘယ်ကြောင့်ဆိုသော် အကျိုးမပြုသော သာသနာ့ပညာသည် 'အဇာဗ်' သာလျှင် ဖြစ်သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

اَشَدُّ النَّاسِ عَذَابًا يَوْمَ الْقِيَامَةِ عَالِمٌ لَمْ يَنْفَعْهُ اللّٰهُ بِعِلْمِهٖ

အလိုသဘောမှာ 'ကေယာမသ်'နေ့တွင် အားလုံးထက် သာပို၍ ပြင်းထန်သော 'အဇားဗ်'ကို ခံရမည့်သူမှာ ထိုအာလင်မ်ဖြစ်သည်။ အကြင်အာလင်မ်ကို အလ္လာဟ်အသျှင်မြတ်က ၎င်း၏ အိလ်မ်ပညာဖြင့် အကျိုးမခံစားစေခဲ့ပေ။ အခြားဆွဟီးဟ်ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ-

لَاتَتَعَلَّمُوْا الْعِلْمَ لِتُبَاهُوا بِهِ الْعُلَمَاءَ وَلِتُمَارُوْا بِهِ السُّفَهَاءَ وَلِتَصْرِفُوْا بِهِ وُجُوْهَ النَّاسِ اِلَيْكُمْ فَمَنْ فَعَلَ ذٰلِكَ فَهُوَ فِى النَّارِ

သာသနာ့ပညာကို အခြားပညာရှင်များနှင့် ရင်ဆိုင်ယှဉ်ပြိုင်ရာတွင် ဂုဏ်သိက္ခာရရှိရန် ရည်ရွယ်ချက်ဖြင့် မသင်ယူလေနှင့်။ သို့မဟုတ် ပညာနည်းပါးသူများနှင့် အတိုက်အခံပြုရန်လည်း မသင်ကြားကြလေနှင့်။ သို့မဟုတ် ထိုပညာ၏ အကြောင်းခံဖြင့် လူအများ၏ အာရုံစူးစိုက်မှုကို ခံယူရန်လည်း မသင်ကြားကြလေနှင့်။ ဤသို့ ပြုလုပ်သူသည် ငရဲမီးပုံထဲတွင် ရှိမည်။ *[အိဗ်နေမာဂျာဟ်ကျမ်း]*

ထို့ကြောင့် ဓမ္မသတ်ပညာရှင်များနှင့် အမှန်တရားပေါ် ရပ်တည်သူများ၏ လမ်းစဉ်သည် ဤသာသနာ့ပညာရေးရာတွင် ဓမ္မသတ်များနှင့် ပတ်သက်ပြီး ငြင်းခုံခြင်း၊ အငြင်းပွား ခိုက်ရန်ဖြစ်ခြင်းတို့ကို လုံးဝမပြုပိုင်ဟု ထင်မှတ်ကြသည်။ အမှန်တရားကို ဖိတ်ခေါ်ရာတွင် ဤမျှခန့် ပြုလုပ်ရုံဖြင့် လုံလောက်ပေသည်။ အကြောင်းမှာ မှားယွင်းနေသည်ဟု ယူဆရသူတစ်ဦးကို နူးညံ့သိမ်မွေ့စွာဖြင့်၊ ကောင်းကျိုးကို လိုလားသော အကြောင်းအရာများ၊ အထောက်အထားများနှင့်တကွ ၎င်း၏ မှားယွင်းမှုကို အသိပေးလိုက်ခြင်း ဖြစ်သည်။ ထို့နောက် မှားယွင်းနေသူက လက်ခံလိုက်မည်ဆိုလျှင် ကောင်းကျိုးတစ်ရပ် ဖြစ်မည်။ (သို့) စိတ်ငြိမ်စွာ နေလိုက်ရမည်ဖြစ်သည်။ ပြဿနာရှာခြင်း၊ မကောင်းပြောဆိုခြင်းများကို လုံးဝ ရှောင်ကြဉ်ရမည် ဖြစ်သည်။

အေမာမ်မာလစ်က် (ရဟ) သခင်က မိန့်ဆိုထားသည်မှာ-

كَانَ مَالِكٌ يَقُوْلُ الْمِرَاءُ وَالْجِدَالُ فِى الْعِلْمِ يَذْهَبُ بِنُوْرِ الْعِلْمِ عَنْ قَلْبِ الْعَبْدِ وَقِيْلَ لَهٗ رَجُلٌ لَهٗ عِلْمٌ بِالسُّنَّةِ يُجَادِلُ عَنْهَا قَالَ لَا وَلٰكِنْ يُخْبِرُ بِالسُّنَّةِ فَاِنْ قُبِلَ مِنْهُ وَاِلَّا سَكَتَ

အေမာမ်မာလစ်က် (ရဟ) သခင်က မိန့်ဆိုခဲ့သည်မှာ ပညာနှင့် ပတ်သက်ပြီး ပြဿနာလုပ်ခြင်း၊ အငြင်းအခုံလုပ်ခြင်းသည် အိလ်မ်၏ 'နူးရ်'ရောင်ခြည်ကို လူသား၏ နှလုံးသားထဲမှ ဆွဲထုတ်ပစ်မည့်အရာဖြစ်မည်။ တစ်ဦးတစ်ယောက်က လျှောက်ထားမည်မှာ အကယ်၍ လူတစ်ဦးသည် စွန္နသ်တော်များနှင့် ပတ်သက်သည့် ပညာရပ်ရှိနေ၍ ထိုစွန္နသ်တော်များကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ငြင်းခုံမှုပြုနိုင်ပါသလောဟု မေးမြန်းရာ သခင်ကြီးက မပြုနိုင်ပါဟု ဆိုလေသည်။ သို့သာမက တစ်ဖက်သားကို မှန်ကန်သည့်စကား အသိပေးပြောကြားလိုက်ရမည်။ တစ်ဖန် ၎င်းက လက်ခံလိုက်မည်ဆိုလျှင် ကောင်းမည်ဖြစ်သည်။ (သို့) စိတ်ငြိမ်စွာ နေလိုက်ရမည်။ *[အောင်ဂျဇွလ်မဆာလစ်ကျမ်း]*

မျက်မှောက်ခေတ်တွင် 'ဒါအ်ဝသ်'ဖိတ်ခေါ်မှုနှင့် ပြုပြင်ပြောင်းလဲမှုများတွင် ပြည့်ပြည့်ဝဝ ထိရောက်မှု မရှိခြင်း၏ အကြောင်းအရင်းနှစ်ခု ရှိသည်။ တစ်ခုမှာ ပျက်စီးနေသော ပတ်ဝန်းကျင်နှင့် 'ဟရာမ်'ကိစ္စရပ်များ များပြားလာမှုကြောင့် အများအားဖြင့် လူတို့၏ နှလုံးသားသည် မာကျောခက်ထန်ကာ တမလွန်ကို မေ့လျော့နေကြသည်။ ၎င်းနောက် အမှန်တရားကို လက်ခံနိုင်သော 'သောင်ဖီးက်'စွမ်းအားလည်း နည်းပါးသွားလေသည်။ ၎င်းနောက် အချို့သည် ဤကဲ့သို့သော ဖြစ်ရပ်ဆိုးများနှင့် ကြုံနေရသည်။ အကြင်ဖြစ်ရပ်ဆိုးများနှင့် ပတ်သက်ပြီး တမန်တော်မြတ် ﷺ က ကြိုတင်သတိပေးထားခဲ့သည်။ အကြောင်းမှာ လောက၏ နောက်ဆုံးခေတ်သမယတွင် မြောက်မြားစွာသော သူတို့၏ နှလုံးသားများသည် ပြောင်းပြန်ဖြစ်သွားကြလိမ့်မည်။ ကောင်းမှုနှင့် မကောင်းမှုကို ခွဲခြားနိုင်မှု၊ ၎င်းနောက် ပြုပိုင်၊ မပြုပိုင်ခြင်းကို ခွဲခြားသိရှိနိုင်သော အရည်အချင်းများသည် ၎င်းတို့၏ နှလုံးသားထဲမှ ကွယ်ပျောက်သွားကြလိမ့်မည်။

၎င်းနောက် ဒုတိယအကြောင်းအရင်းတစ်ခုမှာ ကောင်းရာညွှန်ကြား မကောင်းရာမြစ်တားသည့် တာဝန်ဝတ္တရားများနှင့် အမှန်တရားဘက်သို့ ဖိတ်ခေါ်သော တာဝန်ဝတ္တရားများကို အများအားဖြင့် ပေါ့လျော့နေကြသည်။ သာမန်လူများကို မဆိုထားနှင့်။ အိုလမာပညာရှင်များနှင့် လူကောင်းသူမွန်များပင် ဤလိုအပ်ချက်နှင့် ပတ်သက်ပြီး အာရုံစူးစိုက်မှု လွန်စွာ နည်းပါးသွားလေသည်။ မိမိတို့၏ ကျင့်ကြံမှုများကို မှန်ကန်အောင် ပြုလုပ်ရုံဖြင့် လုံလောက်သွားပြီဟု ထင်မှတ်နေကြသည်။ ၎င်းတို့၏ သားသမီးများ၊ ဇနီးမယားများ၊ ညီနောင်သားချင်းများ၊ အပေါင်းအသင်း ရောင်းရင်းများ မည်သို့ပင် 'ဂိုနာဟ်'အကုသိုလ်များတွင် နစ်မွန်းနေကာမူ ၎င်းတို့ကို ပြုပြင်ထိန်းသိမ်းရန် သောကမရှိသည့်အပြင် တာဝန်တစ်ရပ်ဟုပင် မထင်မှတ်ကြတော့ပေ။ စေန်စင်စစ် ကုရ်အာန်နှင့် ဟဒီးစ်တော်များ၏ ထင်ရှားပြတ်သားသော အထောက်အထားများအရ လူတိုင်းသည် မိမိတို့၏ မိသားစုဝင်များ၏ ဆက်နွယ်ပတ်သက်မှုရှိသူများကို ပြုပြင်ထိန်းသိမ်းရန် 'ဖွရဒ်'တာဝန်ဟု သတ်မှတ်ထားပေသည်။

قُوٓا۟ أَنفُسَكُمْ وَأَهْلِيكُمْ نَارًا

၎င်းနောက် အကယ်၍ အချို့သူတို့သည် 'ဒါအ်ဝသ်'ပေး ဖိတ်ခေါ်မှုနှင့် ပြုပြင်ဆုံးမမှု တာဝန်များကို အာရုံစူးစိုက်မှု ရှိနေပါလျှင်လည်း ထိုအချို့သော သူတို့သည် ကျမ်းမြတ်ကုရ်အာန်၏ သွန်သင်မှုများနှင့် နဗီတမန်တော်များ၏ 'ဒါအ်ဝသ်'ဖိတ်ခေါ်မှုဆိုင်ရာ အခြေခံစည်းမျဉ်းစည်းကမ်းများဟု မသိနားမလည်ကြပေ။ ထိုစည်းမျဉ်းများကို နားမလည်သည့်အတွက်ကြောင့် ကာလ၊ ဒေသကို မထောက်ထားဘဲ လိုရာစွဲ၍ ပြောဆိုတတ်ကြသည်။ ၎င်းနောက် ကျွန်ုပ်တို့သည် မိမိတို့တာဝန်ကို ကျေပွန်ကြသူများ ဖြစ်သည်ဟု ထင်မှတ်နေကြသည်။ အမှန်စင်စစ် ၎င်းတို့၏ လုပ်ရပ်သည် နဗီတမန်တော်များ၏ စုန္နသ်တော်များနှင့် ဆန့်ကျင်နေသည့်အတွက် လူအများကို သာသနာနှင့် သာသနာ့ပညတ်ချက်များအပေါ် လိုက်နာကျင့်သုံးခြင်းမှ အဝေးသို့ တွန်းပို့နေခြင်းသာလျှင် ဖြစ်သည်။

အထူးသဖြင့် အခြားသူများကို အမှားထောက်ရန် လိုအပ်လာသည့်အခါ အမှားထောက်သည်ဟု အမည်တပ်ကာ ရှုံ့ချခြင်း၊ ပြောင်လှောင်သရော်ခြင်းတို့အထိ လုပ်ဆောင်လေ့ရှိကြသည်။ အေမာမ်ရှာဖေအီ (ရဟ) သခင်ကြီးက မိန့်ဆိုခဲ့သည်မှာ အကြင်သူတစ်ဦးတစ်ယောက်ကို အမှားအယွင်းတစ်ခုနှင့် ပတ်သက်ပြီး

သတိပေးလိုလျှင် အကယ်၍ အသင်သည် ထိုသူ့ကို သီးခြားနှစ်ကိုယ်တည်းရှိသောအခါ နူးညံ့သိမ်မွေ့စွာဖြင့် ရှင်းပြခဲ့ပါက ယင်းသည် နဆွီဟာသ်ဆုံးမသြဝါဒစကား ဖြစ်သည်။ အကယ်၍ အသင်သည် လူအများရှေ့တွင် ပြောင်ပြောင်တင်းတင်း အရှက်ခွဲမည်ဆိုပါက ယင်းသည် အရှက်ခွဲခြင်းဖြစ်သည်။ မျက်မှောက်ခေတ်တွင် တစ်ဦးနှင့်တစ်ဦး အားနည်းချက်များကို သတင်းစာများ၊ စာစောင်များဖြင့် လူအများရှေ့မှောက်အသိပေးခြင်းပင် သာသနာ၏ 'ခစ်သ်မဟ်'ပြုခြင်းဟု မှတ်ယူနေကြသည်။ အလ္လာဟ်အသျှင်မြတ် ကျွန်ုပ်တို့အား မိမိ၏ သာသနာနှင့် စစ်မှန်သော သာသနာ့ဖိတ်ခေါ်မှုများ၏ အတွေးအခေါ် အမြော်အမြင်များ၊ ၎င်းနောက် နည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် 'သောင်ဖီးက်'စွမ်းအား ပေးသနားတော်မူပါစေ။ **(အာမီးန်)**

အထက်ပါအကြောင်းအရာများသည် 'ဒါအ်ဝသ်'ဖိတ်ခေါ်မှု၏ စည်းမျဉ်းစည်းကမ်းများအကြောင်း တင်ပြခဲ့ခြင်း ဖြစ်သည်။ ထို့နောက် အာယသ်တော်များတွင် မိန့်တော်မူထားသည်မှာ-

اِنَّ رَبَّكَ هُوَ اَعۡلَمُ بِمَنۡ ضَلَّ عَنۡ سَبِيۡلِهٖ وَهُوَا عَلَمُ بِالۡمُهۡتَدِيۡنَ

ဤဝါကျသည် သာသနာဘက်သို့ ဖိတ်ခေါ်သူများအား နှစ်သိမ့်ရန် မိန့်တော်မူခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အထက်ပါအာယသ်တော်များ၏ အစတွင် ပါရှိသော 'ဒါအ်ဝသ်'၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးပါလျက် ဖိတ်ခေါ်ခံရသူသည် အမှန်တရားကို လက်မခံခဲ့လျှင် လူ့သဘာဝအလျောက် ဝမ်းနည်းပူဆွေးလေ့ရှိသည်။ တစ်ခါတစ်ရံ ဤပူဆွေးခြင်းသည် အလွန်အမင်း ခံပြင်းလာသောကြောင့် 'ဒါအ်ဝသ်'၏ အကျိုးရလဒ်များကို မတွေ့ရှိရသဖြင့် လူသားသည် မျှော်လင့်ချက်ကင်းမဲ့မှုများနှင့်ကြုံတွေ့ရတတ်သည်။ ၎င်းနောက် ထိုလမ်းစဉ်ကို စွန့်လွှတ်တတ်ကြသည်။ ထို့ကြောင့် ဤဝါကျတွင် မိန့်တော်မူထားသည်မှာ အသင်တမန်တော်၏ တာဝန်သည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမှန်တရားဘက်သို့ ဖိတ်ခေါ်ခြင်းသာ ဖြစ်သည်။ ဆက်လက်၍ ထိုဖိတ်ခေါ်မှုကို လက်ခံခြင်း၊ လက်မခံခြင်းနှင့်ပတ်သက်၍ အသင်တမန်တော်နှင့် မည်သို့မျှ မသက်ဆိုင်သကဲ့သို့ အသင့်အပေါ် တာဝန်လည်း မရှိပေ။ ဤတာဝန်သည် အလ္လာဟ်အသျှင်မြတ်၏ တာဝန်သာ ဖြစ်သည်။ မည်သူက လမ်းမှားမည်၊ မည်သူက လမ်းမှန်ရောက်မည်ကို ထိုအသျှင်မြတ်သာလျှင် သိရှိတော်မူသည်။ အသင်တမန်တော်အနေနှင့် ထိုကိစ္စကို သောကမထားလေနှင့်။ မိမိ၏ တာဝန်ကိုသာ ဆက်လက်ဆောင်ရွက်နေလော့။ စိတ်ဓါတ်မကျလေနှင့်။ မျှော်လင့်ချက်လည်း မကင်းလေနှင့်။ ထို့ကြောင့် သိရှိရသည်မှာ ဤဝါကျသည်လည်း 'ဒါအ်ဝသ်'လုပ်ငန်း၏ ပြည့်ဝသော စည်းမျဉ်းစည်းကမ်းများအနက်မှ တစ်ခုသာလျှင် ဖြစ်သည်။

အမှန်တရားကို ဖိတ်ခေါ်သူသည် တစ်ဦးတစ်ယောက်က ဒုက္ခပေးလာပါက လက်စားချေပိုင်ခွင့် ရှိသော်လည်း သည်းခံခြင်းသည် သာ၍ပို၍ မွန်မြတ်ခြင်း

ထို့နောက် ဆက်လက်၍ အာယသ်တော်သုံးပိုဒ်တွင် အမှန်တရားဘက်သို့ ဖိတ်ခေါ်သူများအတွက် အရေးကြီးသော ညွှန်ကြားချက်တစ်ရပ် ပါရှိသည်။ ယင်းမှာ တစ်ခါတစ်ရံ စိတ်နှလုံးမာကျောသော

'ဂျာဟင်လိ'ပညာမဲ့များနှင့် ကြုံတွေ့ရတတ်သည်။ အကြောင်းမှာ ၎င်းတို့ကို မည်သို့ပင် နူးညံ့ပျော့ပြောင်းစွာ ကောင်းကျိုးကို လိုလားစွာ နားချသော်လည်း ၎င်းတို့သည် ကြမ်းတမ်းစွာ ပြန်လည်ဆက်ဆံတတ်သည်။ ကြမ်းတမ်းသော စကားရပ်များဖြင့် တုန့်ပြန်ကာ ဒုက္ခပေးတတ်သည်။ တစ်ခါတစ်ရံ ထိုထက်ပို၍ ကိုယ်ထိလက်ရောက် စော်ကားတတ်ကြသည်။ သတ်ဖြတ်ရန်ပင် ဝန်မလေးတတ်ကြပေ။ ဤသို့သော အခြေအနေမျိုးတွင် အမှန်တရားကို ဖိတ်ခေါ်သူများအနေနှင့် မည်သို့ ပြုရမည်နည်း။

ထို့ကြောင့် وَاِنْ عَاقَبْتُمْ ဟူသော အာယသ်တော်တွင် အမှန်တရားဘက်သို့ ဖိတ်ခေါ်သူများကို ဥပဒေအရ အခွင့်အရေးတစ်ခု ပေးထားသည်။ အသင်တို့အပေါ် ညှဉ်းပန်းနှိပ်စက်သူများကို ပြန်လည်လက်စားချေနိုင်သည်။ သို့သော် ညှဉ်းပန်းနှိပ်စက်ခံရသည့် အတိုင်းအတာထက် သာပို၍ လက်စားချေရန်လည်း ကန့်သတ်ထားသည်။ တစ်ဖက်လူ ကျူးလွန်ခဲ့သည့် အတိုင်းအတာမျှသာ လက်စားချေရမည်။ သာပို၍ လက်စားချေခွင့် မရှိပေ။

၎င်းနောက် အာယသ်တော်များ၏ နောက်ဆုံးအပိုဒ်တွင် အကြံပြုထားသည်မှာ အသင်တမန်တော်သည် လက်စားချေပိုင်ခွင့်ရှိသော်လည်း ခန္တီတရားထားကာ လက်စားချေမှု မပြုခဲ့လျှင် သာပို၍ ကောင်းမွန်ပေလိမ့်မည်။

အထက်ပါအာယသ်တော်များ ကျရောက်လာခြင်းအကြောင်းအရင်းနှင့် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာကြီးများဘက်မှ အမိန့်တော်များကို လိုက်နာကျင့်သုံးခြင်းအကြောင်း

ဝူလမ်ဟူးရ်ညဖ်စီးရ်ပညာရှင်များထဲတွင် ဤအာယသ်တော်များသည် မဒနီအာယသ်တော်များဖြစ်သည်။ 'အူဟူဒ်'စစ်ပွဲတွင် ဆွဟာဗာကြီး (၇၀) 'ရှဟီးဒ်'ဖြစ်သွားခြင်းနှင့် ဟဇရသ်ဟမ်ဇာဟ် ؓ သခင် 'ရှဟီးဒ်' ပြုခံရကာ ခန္ဓာကိုယ်အစိတ်အပိုင်းများ ဖြတ်တောက်ခံရခြင်းနှင့် ပတ်သက်၍ ကျရောက်လာသော အာယသ်တော်များ ဖြစ်သည်။ ဆွဟီးဟ်ဘိုခါရီကျမ်း၏ ဆင့်ပြန်ချက်များတွင်လည်း ဤအတိုင်းပင် လာရှိသည်။ ဒါရ်ကွသ်နီကျမ်းတွင် အိဗ်နေအဗ္ဗားစ် ؓ သခင်မှတစ်ဆင့် ဆင့်ပြန်ထားသည်မှာ 'အူဟူဒ်'စစ်ပွဲတွင် မုရှ်ရစ်က်များ လှည့်ပြန်သွားသောအခါ ဆွဟာဗာကြီးများထဲမှ အပါး (၇၀) ၏ ရုပ်ကလာပ်များကို တွေ့ရှိခဲ့ရသည်။ ထိုထဲတွင် တမန်တော်မြတ် ﷺ ၏ ဘကြီးတော် ဟဇရသ်ဟမ်ဇာဟ် ؓ သခင်လည်း ပါဝင်ပေသည်။ မုရှ်ရစ်က်များသည် ၎င်းနှင့်ပတ်သက်၍ လွန်စွာ ကြီးမားသော အငြိုးအတေးထားခဲ့ကြသည်။ ထို့ကြောင့် ဘကြီးတော်ကို သတ်ဖြတ်ကြပြီးနောက် ဒေါသအမျက်ဖြင့် ရုပ်ကလာပ်ကို နှာခေါင်း၊ နားရွက်နှင့် အခြားအစိတ်အပိုင်းများကိုပါ ဖြတ်တောက်ပစ်ကြသည်။ ဝမ်းဗိုက်ကိုလည်း ခွဲခဲ့ကြသည်။ တမန်တော်မြတ် ﷺ သည် ယင်းဖြစ်ရပ်ကိုမြင်ကာ လွန်စွာ စိတ်မကောင်းဖြစ်ခဲ့ရသည်။ ၎င်းနောက် တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'ကျွန်ုပ်သည် ဟမ်ဇာဟ်၏အစား မုရှ်ရစ်က်အပါး (၇၀) ကိုလည်း ၎င်းတို့က ဟမ်ဇာဟ်ကို ပြုလုပ်သကဲ့သို့ ၎င်းတို့၏ အစိတ်အပိုင်းများကို ဖြတ်တောက်ပစ်မည်။' ဤအကြောင်းအရာနှင့် ပတ်သက်၍ وَاِنْ عَاقَبْتُمْ ဟူသော အာယသ်တော် သုံးပိုဒ်ကျရောက်ခဲ့သည်။ *[သဖ်စီးရ်ကုရ်သုဗီ]*

အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ ထိုကာဖိရ်ညှဉ်းပန်းနှိပ်စက်သူများသည် အခြားသော ဆွဟာဗာများကိုလည်း ထိုနည်းအတိုင်းပင် အစိတ်အပိုင်းများ ဖြတ်တောက်ကြသည်ဟု လာရှိထားသည်။
[သိရ်မီဇီကျမ်းနှင့် အဟ်မဒ်ကျမ်း]

ဤအကြောင်းအရာတွင် တမန်တော်မြတ် ﷺ သည် ပူဆွေးသောက ပြင်းထန်မှုကြောင့် အစိတ်အပိုင်းများ ဖြတ်ခံရသော သာဝကကြီးများ၏ အရေအတွက်ကို မထောက်ရှုတော့ဘဲ မုရှ်ရိစ်က်အပါး (၇၀) ကို ကိုယ်ခန္ဓာအစိတ်အပိုင်းများ ဖြတ်တောက်ပစ်မည်ဟု ဆန္ဒပြုခဲ့သည်။ ယင်းဆန္ဒသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ထိုတရားမျှတသော စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှု မရှိခဲ့ပေ။ အကြင် စည်းမျဉ်းများကို တမန်တော်မြတ် ﷺ ၏ အကြောင်းခံဖြင့် ဒွန္နယာလောကတွင် တည်တံ့စေမည်ဟု အလိုတော်ရှိခဲ့လေသည်။ ထို့ကြောင့် သတိပေးခဲ့သည်မှာ လက်စားချေခွင့် ရှိသည်။ သို့သော် ညှဉ်းပန်းနှိပ်စက်ခံရသော အတိုင်းအတာမျှသာ လက်စားချေရမည်။ အတိုင်းအတာမဲ့ အချို့သော ဆွဟာဗာများအစား အပါး (၇၀) ကို လက်စားချေခြင်းသည် မှန်ကန်မှု မရှိပေ။ ဒုတိယတစ်ချက်မှာ တမန်တော်မြတ် ﷺ အား မြင့်မားသော ကိုယ်ကျင့်တရားပိုင်ရှင်တစ်ယောက်အဖြစ် စံထားရန် ရည်ရွယ်ချက်လည်း ရှိတော်မူသည်။ ထို့ကြောင့် မိန့်မြွက်ညွှန်ကြားလေသည်မှာ မျှမျှတတ လက်စားချေခွင့် ရှိသည်။ သို့သော် ထိုလက်စားချေခြင်းကို စွန့်လွှတ်၍ အပြစ်ရှိသူများကို ကျေးဇူးပြုမည်ဆိုလျှင် သာပို၍ ကောင်းမွန်ပေလိမ့်မည်။ ထိုသို့ ညွှန်ကြားမှုအပေါ် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ယခု ကျွန်ုပ်တို့သည် 'ဆွဗရ်' သည်းခံတရားကိုသာလျှင် ထားရှိမည်ဖြစ်သည်။ တစ်ဦးတစ်ယောက်ကိုမျှ လက်စားမချေတော့ပေ။' ၎င်းနောက် မိမိကျိန်တွယ်ထားသော 'ကစမ်' ကို 'ကဖာရဟ်' ပေးဆောင်လိုက်လေသည်။ *[မဇ္ဇဟရီကျမ်း]*

မက္ကာဟ်မြို့တော်ကို အောင်နိုင်ခဲ့သောအခါက ထိုမုရှ်ရိစ်က်များသည် ရှုံးနိမ့်၍ တမန်တော်မြတ် ﷺ နှင့် သာဝကကြီးများ၏ လက်တွင်း၌ ရှိနေခဲ့သည်။ ဤအခွင့်အရေးသည် တမန်တော်မြတ် ﷺ 'အူဟူးဒ်' စစ်ပွဲတွင် ရည်ရွယ်တော်မူခဲ့သော ကိစ္စကို အကောင်အထည်ဖော်ရန် အခွင့်အရေးပင် ဖြစ်သည်။ သို့သော် အထက်ပါအာယသ်တော်များ ကျရောက်လာသည့်အချိန်မှစ၍ တမန်တော်မြတ် ﷺ သည် မိမိ၏ ဆန္ဒကို စွန့်လွှတ်ကာ 'ဆွဗရ်' သည်းခံတရားသာလျှင် ထားရှိတော့မည်ဟု ဆုံးဖြတ်ခဲ့လေသည်။ ထို့ကြောင့် မက္ကာဟ်မြို့ကို အောင်နိုင်သောအခါလည်း အထက်ပါအာယသ်တော်များ၏ ညွှန်ကြားမှုနှင့်အညီ 'ဆွဗရ်' သည်းခံတရားကို ထားရှိတော်မူခဲ့လေသည်။ ထို့ကြောင့်ပင် အချို့သော ဆင့်ပြန်ချက်များတွင် တင်ပြထားသည်မှာ ဤအာယသ်တော်များသည် မက္ကာဟ်မြို့ကို အောင်နိုင်စဉ်အခါက ကျရောက်ခဲ့သော အာယသ်တော်များ ဖြစ်သည်ဟု ဆိုသည်။ ထိုစဉ်အခါက ဤအာယသ်တော်များသည် ထပ်မံကျရောက်ခဲ့သည်ဟု ဆိုလျှင်လည်း ဖြစ်နိုင်ဖွယ်ရှိသည်။ ဆိုလိုသည်မှာ ပထမ 'အူဟူးဒ်' စစ်ပွဲတွင် ကျရောက်ခဲ့ပြီးသော်လည်း တစ်ဖန် မက္ကာဟ်မြို့တော်ကို အောင်နိုင်သည့် အချိန်တွင်လည်း ထပ်မံကျရောက်ခဲ့ခြင်း ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

ဖမ္မသတ် ။ ။ ဤအာယသ်တော်တွင် လက်စားချေရာ၌ ညီမျှမှုရှိရမည့် ဥပဒေကို တင်ပြထားသည်။ ထို့ကြောင့် ဖမ္မသတ်ပညာရှင်များက မိန့်ဆိုသည်မှာ အကြင်သူတစ်ဦးသည် လူတစ်ယောက်ကို သတ်ဖြတ်ခဲ့ပါက ယင်း၏အစား လူသတ်တရားခံကို ပြန်လည်သတ်ဖြတ်ရမည်။ အကြင်သူသည် ဒဏ်ရာအနာတရ

ဖြစ်အောင် ပြုလုပ်ခဲ့ပါက ၎င်းကိုလည်း ဤမျှခန့် ဒဏ်ရာရအောင် ပြန်လည်အပြစ်ပေးရမည်။ ၎င်းနောက် အကြင်သူတစ်ဦးသည် ခြေလက်များ ဖြတ်တောက်၍ တစ်ဖန် သတ်ဖြတ်ခဲ့သော် အသတ်ခံရသူ ဘက်မှ တရားလိုများကို အခွင့်အရေးပေးရမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည်လည်း တရားခံကို မသတ်မီအလျင် ခြေလက်များ ဖြတ်တောက်ပစ်၍ တစ်ဖန် သတ်ပစ်ရမည်။

ထိုနည်းတူစွာ အကယ်၍ တစ်ဦးတစ်ယောက်သည် ခဲနှင့် ပစ်ပေါက်၍ တစ်ဦးတစ်ယောက်ကို သတ်ဖြတ်ခဲ့သော် သို့မဟုတ် မြှားဖြင့် ပစ်ခတ်၍ ဒဏ်ရာရစေကာ သတ်ဖြတ်ခဲ့သော် ထိုအခြေအနေမျိုးတွင် သတ်ဖြတ်ခဲ့သည့် တိကျမှန်ကန်သော ပုံသဏ္ဍာန်ကို သတ်မှတ်၍ မရသောကြောင့် အဘယ်ကြောင့်ဆိုသော် အကြိမ်ပေါင်းမည်မျှ ရိုက်နှက်ပစ်ခတ်၍ သေသွားသည်ဆိုသည့် အကြောင်းအရင်းကို အတိအကျ သတ်မှတ်၍ မရသောကြောင့်သော်လည်းကောင်း၊ ထို့နောက် အသတ်ခံရသူသည် မည်မျှ ဒုက္ခခံစားခဲ့ရသည်ကို သတ်မှတ်၍မရသောကြောင့်သော်လည်းကောင်း ဤသို့သော ကိစ္စရပ်များတွင် မျှမျှတတ တိတိကျကျ လက်စားချေရန်မှာ မဖြစ်နိုင်ပေ။ ထို့ကြောင့် တရားခံကို ဓါးဖြင့်သာ အဆုံးစီရင်ရမည်ဖြစ်သည်။

[ဂျဆ်ဆွားစ်ကျမ်း]

ဓမ္မသတ် ။ ။ အာယသ်တော် ကျရောက်လာသော အကြောင်းအရင်းသည် အမှန်စင်စစ် ကိုယ်ခန္ဓာကို ဒုက္ခပေးခြင်း၊ ၎င်းနောက် ကိုယ်ခန္ဓာကို ဆုံးရှုံးနစ်နာစေခြင်းများနှင့် ပတ်သက်လေသည်။ သို့သော် စာသားများ၏ အဓိပ္ပာယ်သည် ကျယ်ဝန်းမှုရှိသောကြောင့် ထိုပညတ်ချက်တွင် ဥစ္စာပစ္စည်း ဆုံးရှုံး စေသည့် အကြောင်းကိစ္စများလည်း ပါဝင်သွားမည် ဖြစ်သည်။ ထို့ကြောင့် ဓမ္မသတ်ပညာရှင်များက ပြောကြားသည်မှာ အကြင်သူတစ်ဦးသည် တစ်ဦးတစ်ယောက်၏ ဥစ္စာပစ္စည်းကို အဓမ္မ သိမ်းယူခဲ့ပါက အသိမ်းခံရသူကိုလည်း မိမိဥစ္စာပစ္စည်းများနှင့်အညီ ပြန်လည်သိမ်းပိုက်ခွင့် ရှိသည်။ သို့မဟုတ် ခိုးယူခွင့် ရှိသည်။ သို့သော် သတ်မှတ်ချက်တစ်ခု ရှိသည်မှာ ပြန်လည်သိမ်းပိုက်ခိုးယူသည့် ပစ္စည်းမှာ မိမိ၏ ရပိုင် ခွင့် အမျိုးအစားများထဲမှ ဖြစ်ရမည်။ ဥပမာ– ငွေကြေးသိမ်းပိုက်ခံရသူသည် အစားယူရာတွင် သိမ်းပိုက်ခံရသော ပမာဏနှင့်အညီ ငွေကြေးကိုသာ ပြန်လည်သိမ်းပိုက်ခွင့်၊ သို့မဟုတ် ခိုးယူခွင့်ရှိသည်။ ကောက်ပဲ သီးနှံနှင့် အဝတ်အထည် များ လုယူသိမ်းပိုက်ခံရလျှင်လည်း ညီမျှသော ပမာဏဖြင့် ကောက်ပဲသီးနှံ၊ အဝတ်အထည်များကို ယူပိုင်ခွင့် ရှိသည်။ သို့သော် မတူညီသော အမျိုးအစားများကို ပြန်လည်သိမ်းယူပိုင်ခွင့်မရှိ။ ဥပမာ– ငွေကြေးအစား၊ အဝတ်အထည်များ ပြန်လည်သိမ်းယူခြင်း၊ သို့မဟုတ် အခြားအသုံးအဆောင် ပစ္စည်းများကို အဓမ္မယူပိုင်ခွင့် မရှိပေ။ အချို့သော ဓမ္မသတ်ပညာရှင်များကမူ မည်သည့်ပစ္စည်းကိုမဆို ပြန်လည် သိမ်းယူခွင့် ပြုထားပေ သည်။ ရပိုင်ခွင့်ရှိသည့် အမျိုးအစားထဲမှဖြစ်စေ၊ သို့မဟုတ် အခြားအမျိုးအစားထဲမှဖြစ်စေ ဤဓမ္မသတ် နှင့် ပတ်သက်၍ ကုရ်သုဗီးကျမ်းတွင် အကျယ်တဝင့် ရေးသားဖော်ပြထားပေသည်။ အခြား ဖေကာဟ် ဓမ္မသတ်ကျမ်းများတွင်လည်း အကျယ်တဝင့် လေ့လာနိုင်ပေသည်။

وَاِنْ قَبْتُمْ ဟူသော အာယသ်တော်တွင် အများနှင့်သက်ဆိုင်သော ဥပဒေတစ်ရပ်ကို တင်ပြထား ပေသည်။ ၎င်းမှာ အများမွတ်စ္စလင်မ်များအတွက် ညီတူညီမျှ လက်စားချေခြင်းသည် ပြုပိုင်၍ ‘ဆွဗရ်’ သည်းခံ

တရား ထားရှိခြင်းသည် သိုပို၍ မွန်မြတ်သည်ကို တင်ပြထားပေသည်။ ရှေ့တွင် ဆက်လက်၍ တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ ကို သီးခြားရည်ရွယ်ပြီး 'ဆွဗရ်'ပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ထားလေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ ၏ ဂုဏ်သရေနှင့် မြင့်မားသော အဆင့်အတန်းအရ အခြားသူများနှင့်ယှဉ်လျှင် 'ဆွဗရ်'သည်းခံတရား ထားရှိခြင်းသည် သာ၍ လျော်ကန်မှု ရှိပေသည်။ ထို့ကြောင့် မိန့်ဆိုထားသည်မှာ-

وَاصْبِرْ وَمَا صَبْرُكَ اِلَّا بِاللّٰهِ

အလိုသဘောမှာ အသင်တမန်တော်သည် လက်စားချေရန် ရည်ရွယ်မှုပင် မပြုလေနှင့်။ 'ဆွဗရ်' သည်းခံတရားကိုပင် လက်ကိုင်ထားလော့။ တစ်ဆက်တည်း တင်ပြမိန့်ဆိုသည်မှာ အသင်၏ 'ဆွဗရ်'တရား ထားရှိခြင်းသည်လည်း အသျှင်မြတ်၏ ကူညီစောင်မမှုဖြင့်သာ ရရှိမည်ဖြစ်သည်။ ဆိုလိုသည်မှာ အသင့်အား 'ဆွဗရ်'ပြုရန် လွယ်ကူစေမည် ဖြစ်သည်။

နောက်ဆုံးအာယသ်တော်တွင် တစ်ဖန် အများနှင့် သက်ဆိုင်သော အကြောင်းအရင်းတစ်ခုဖြစ်သည့် အလ္လာဟ်အသျှင်မြတ်၏ အကူအညီရရှိမည့် အကြောင်းအရာများကို တင်ပြထားပေသည်။

اِنَّ اللّٰهَ مَعَ الَّذِيْنَ اتَّقَوْا وَّالَّذِيْنَ هُمْ مُّحْسِنُوْنَ

ယင်း၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ အကူအညီသည် ထိုသူများနှင့်အတူ ရှိမည်။ အကြင်သူများတွင် အရည်အချင်းနှစ်ရပ်ရှိမည်။ ပထမအရည်အချင်းမှာ 'သက္ကဝါ'တရားဖြစ်ပြီး ဒုတိယအရည်အချင်းများမှာ 'အဲဟ်စန်'ဖြစ်သည်။ 'သက္ကဝါ'၏ အလိုသဘောမှာ ကောင်းကျိုးကျင့်ကြံမှု ဖြစ်သည်။ ၄င်းနောက် 'အဲဟ်စန်'၏ အလိုသဘောမှာ ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများနှင့် ကောင်းမွန်စွာ ဆက်ဆံခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အကြင်သူများသည် ရှရီအသ်တရားတော်နှင့်အညီ ကောင်းမွန်သော ကျင့်ကြံမှုများကို ပြုကြပြီး အခြားသူများကိုလည်း ကောင်းမွန်စွာ ဆက်ဆံမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသို့သော သူများနှင့်အတူ ရှိမည်။ ၄င်းနောက် ထင်ရှားသော အချက်မှာ အလ္လာဟ်အသျှင်မြတ်၏ အကူအညီကို ရရှိထားသူအား မည်သူက နှောင့်ယှက်နိုင်မည်နည်း။

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၁၄]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِن كُنتُمْ لَا تَعْلَمُونَ

معارف القرآن

''အသင်တို့ မသိကြပါမူ

တတ်သိသူများအား မေးမြန်း ကြလေကုန်။''